# မာတိကာ


**ပြည်ထောင်စုဝန်ကြီး၏ ဥယျောဇဉ်** ..... XI

**ကျေးဇူးတင်လွှာ** ..... XIII

**မြန်မာဝေါဟာရ အဓိပ္ပါယ်ဖွင့်ဆိုချက်များ** ..... XV

**ဌာနအမည်နှင့် အတိုကောက်အသုံးအနှုန်းများ** ..... XVII

**အပိုင်း ၁ – မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ** ..... ၁

**အခန်း ၁။ နိဒါန်း** ..... ၃

**အခန်း ၂။ နောက်ခံသမိုင်း** ..... ၉

**အခန်း ၃။ အဓိကအကြောင်းကိစ္စရပ်များ** ..... ၁၅

၃.၁ ။ စိုက်ပျိုးရေးဆိုင်ရာ အသွင်ကူးပြောင်းမှု အခြေအနေနှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ၏နောက်ဆက်တွဲ အကျိုးဆက်များ ..... ၁၅

၃.၂ ။ ပေါင်းစည်းထားသော တန်ဖိုးကွင်းဆက်များ၏ ဖွံ့ဖြိုးတိုးတက်မှု ..... ၁၇

၃.၂.၁ ။ လုပ်ကွက်ငယ်တောင်သူများ၏ ဘဝမြှင့်တင်ရေး ..... ၁၇

၃.၂.၂ ။ စိုက်ပျိုးစီးပွားလုပ်ငန်းနှင့် တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှု ..... ၁၉

၃.၃ ။ အမယ်စုံ စိုက်ပျိုးရေး ..... ၂၀

၃.၃.၁ ။ ဆန်စပါးကို အားသွန်ခွန်စိုက်၊ စိုက်ပျိုးခြင်းဆိုင်ရာအကြောင်းကိစ္စများ ..... ၂၀

၃.၃.၂ ။ အမယ်စုံ လုပ်ငန်းများ နှင့် လယ်ယာပြင်ပကဏ္ဍ ဖွံ့ဖြိုးမှုတို့၏ လွှမ်းခြုံမှု နယ်ပယ် ..... ၂၁

၃.၄ ။ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ..... ၂၃

၃.၄.၁ ။ မြေယာ ..... ၂၃

၃.၄.၂ ။ ကျေးလက်ဘဏ္ဍာရေး ..... ၂၆

၃.၄.၃ ။ သုတေသနနှင့် တိုးချဲ့ပညာပေးခြင်း ..... ၂၉

၃.၄.၄ ။ တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် သမဝါယမအသင်းများ ..... ၃၀

၃.၄.၅ ။ မူဝါဒသုံးသပ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း နှင့် စောင့်ကြည့် ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း ..... ၃၁

၃.၅ ။ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု ..... ၃၂

၃.၆ ။ ဘတ်ဂျက်နှင့်မူဝါဒ မမျှတခြင်း ..... ၃၃

**အခန်း ၄။ မူဝါဒများနှင့် မဟာဗျူဟာများ** ............ ၃၇
၄.၁ ။ စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော မူဝါဒများနှင့် မဟာဗျူဟာများ ............ ၃၇
၄.၂ ။ မြန်မာ့စိုက်ပျိုးရေး မူဝါဒ ............ ၄၀

**အခန်း ၅။ မြန်မာ့စိုက်ပျိုးရေး၏ လက်ရှိဆောင်ရွက်နေသော ဖွံ့ဖြိုးရေး မိတ်ဖက်အစီအစဉ်များ** ............ ၄၃
၅.၁ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့၏ အဓိကကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု ............ ၄၃
၅.၂ ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှု ............ ၄၅
၅.၃ ။ သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ............ ၄၆

**အခန်း ၆။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏ အခြေခံမူများနှင့် ချဉ်းကပ်မှုနည်းလမ်းများ** ............ ၄၉
၆.၁ ။ အခြေခံမူများ ............ ၄၉
၆.၂ ။ ချဉ်းကပ်မှုနည်းလမ်းများ ............ ၅၀

**အခန်း ၇။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏ အနာဂတ်လားရာ မျှော်မှန်းချက်၊ မဟာဗျူဟာမူဘောင်နှင့် အကျိုးသက်ရောက်မှုများ** ............ ၅၃
၇.၁ ။ အနာဂတ်လားရာမျှော်မှန်းချက် ............ ၅၃
၇.၂ ။ မဟာဗျူဟာမူဘောင် ............ ၅၃
၇.၃ ။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)၏ အကျိုးသက်ရောက်မှုများ ............ ၅၅

**အခန်း ၈။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)၏ ရည်မှန်းချက်များနှင့် ထပ်ဆင့်ရလဒ်များ၊ ချက်ချင်းရလဒ်များနှင့် လုပ်ငန်းဆောင်တာများ** ............ ၅၉
၈.၁ ။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ ရည်မှန်းချက်များ ............ ၅၉
၈.၂ ။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ ထပ်ဆင့်ရလဒ်များနှင့် ချက်ချင်းရလဒ်များ ............ ၆၀
၈.၃ ။ မဏ္ဍိုင် (၁) – ကောင်းမွန်သော စီမံအုပ်ချုပ်မှု ............ ၆၃
၈.၃.၁ ။ ထပ်ဆင့်ရလဒ် ၁.၁ – စီမံကိန်းရေးဆွဲခြင်း ............ ၆၅
၈.၃.၂ ။ ထပ်ဆင့်ရလဒ် ၁.၂ – မူဝါဒ ............ ၆၇
၈.၃.၃ ။ ထပ်ဆင့်ရလဒ် ၁.၃ – စောင့်ကြည့် ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း ............ ၆၈
၈.၃.၄ ။ ထပ်ဆင့်ရလဒ် ၁.၄ – စာရင်းအင်းအချက်အလက်များ ............ ၆၉
၈.၃.၅ ။ ထပ်ဆင့်ရလဒ် ၁.၅ – အသင်းအဖွဲ့များနှင့် အုပ်စုများ ............ ၆၉
၈.၃.၆ ။ ထပ်ဆင့်ရလဒ် ၁.၆ – မြေယာအခွင့်အရေးများ ............ ၇၁
၈.၃.၇ ။ ထပ်ဆင့်ရလဒ် ၁.၇ – ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း ............ ၇၇
၈.၃.၈ ။ ထပ်ဆင့်ရလဒ် ၁.၈ – စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု ............ ၇၈
၈.၃.၉ ။ ထပ်ဆင့်ရလဒ် ၁.၉ – စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြန်လည်ဖွဲ့စည်းခြင်း ............ ၇၉

၈.၄ ။ မဏ္ဍိုင် (၂) – ကုန်ထုတ်စွမ်းအား ..... ၈၁
၈.၄.၁ ။ ထပ်ဆင့်ရလဒ် ၂.၁ – သုတေသနပြုလုပ်ခြင်း ..... ၈၂
၈.၄.၂ ။ ထပ်ဆင့်ရလဒ် ၂.၂ – တိုးချဲ့ပညာပေးရေး ..... ၈၆
၈.၄.၃ ။ ထပ်ဆင့်ရလဒ် ၂.၃ – ပညာရေး ..... ၈၈
၈.၄.၄ ။ ထပ်ဆင့်ရလဒ် ၂.၄ – ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲခြင်း ..... ၈၉
၈.၄.၅ ။ ထပ်ဆင့်ရလဒ် ၂.၅ – သီးနှံသွင်းအားစုများ ..... ၉၃
၈.၄.၆ ။ ထပ်ဆင့်ရလဒ် ၂.၆ – စက်မှုလယ်ယာလုပ်ငန်း ..... ၉၇
၈.၄.၇ ။ ထပ်ဆင့်ရလဒ် ၂.၇ – တိရစ္ဆာန်မွေးမြူရေးနှင့် ငါးလုပ်ငန်း ..... ၉၈
၈.၄.၈ ။ ထပ်ဆင့်ရလဒ် ၂.၈ – စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ..... ၁၀၁
၈.၄.၉ ။ ထပ်ဆင့်ရလဒ် ၂.၉ – ကြံ့ကြံ့ခံနိုင်မှု ..... ၁၀၃
၈.၅ ။ မဏ္ဍိုင် (၃) ဈေးကွက်အချိတ်အဆက်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းအား ..... ၁၀၄
၈.၅.၁ ။ ထပ်ဆင့်ရလဒ် ၃.၁ – စီးပွားရေးပတ်ဝန်းကျင် ..... ၁၀၆
၈.၅.၂ ။ ထပ်ဆင့်ရလဒ် ၃.၂ – ဉာဏပစ္စည်းမူပိုင်ခွင့် ..... ၁၀၈
၈.၅.၃ ။ ထပ်ဆင့်ရလဒ် ၃.၃ – အရည်အသွေးစနစ် ..... ၁၀၉
၈.၅.၄ ။ ထပ်ဆင့်ရလဒ် ၃.၄ – ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပါဝင် စီမံကိန်းရေးဆွဲခြင်း ..... ၁၁၀
၈.၅.၅ ။ ထပ်ဆင့်ရလဒ် ၃.၅ – ကျေးလက်ဒေသ အခြေခံအဆောက်အအုံ ..... ၁၁၁
၈.၅.၆ ။ ထပ်ဆင့်ရလဒ် ၃.၆ – စိုက်ပျိုးစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း ..... ၁၁၄
၈.၅.၇ ။ ထပ်ဆင့်ရလဒ် ၃.၇ – စားသောက်ကုန် အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှု ..... ၁၁၇
၈.၅.၈ ။ ထပ်ဆင့်ရလဒ် ၃.၈ – ငွေရေးကြေးရေးဝန်ဆောင်မှုများ ..... ၁၁၉
၈.၅.၉ ။ ထပ်ဆင့်ရလဒ် ၃.၉ – ကုန်သွယ်မှုချောမွေ့စေခြင်းနှင့် ပို့ကုန်တိုးမြှင့်လာစေရေး ..... ၁၂၁

**အခန်း ၉။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) အကောင်အထည်ဖော်ခြင်း** ..... ၁၂၅
၉.၁ ။ အကောင်အထည်ဖော်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းအတွက် အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းယန္တရားများ ..... ၁၂၅
၉.၁.၁ ။ အမျိုးသားစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (NADSCC)နှင့် ဆပ်ကော်မတီများ ..... ၁၂၆
၉.၁.၂ ။ အမျိုးသားစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရေး ကော်မတီ (NADSIC)နှင့် ဆပ်ကော်မတီများ ..... ၁၂၇
၉.၁.၃ ။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရေး ပံ့ပိုးမှုယူနစ် (ADSISU) ..... ၁၂၈
၉.၂ ။ မဟာဗျူဟာမဏ္ဍိုင်အလိုက် အဓိကရလဒ်များ ..... ၁၂၉
၉.၃ ။ အချိန်တိုအတွင်း ရရှိနိုင်သည့် အောင်မြင်မှုများ ..... ၁၃၀

**အပိုင်း ၂ – မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (၂၀၁၈–၁၉ခုနှစ်မှ ၂၀၂၂–၂၃ခုနှစ်) ..... ၁၃၃**
**အခန်း ၁။ ဌာနအသီးသီး၏ တာဝန်များ** ..... ၁၃၅
**အခန်း ၂။ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်** ..... ၁၃၇
၂.၁ ။ နိဒါန်း ..... ၁၃၇

၂.၂ ။ စိုက်ပျိုးရေးဆိုင်ရာ ဘဏ္ဍာငွေများတွင် ပြောင်းလဲလာမှုများ ........ ၁၃၈
၂.၃ ။ လက်ရှိကာလ ဘဏ္ဍာရေးဖွံ့ဖြိုးမှု (၂၀၁၆-၁၇ ခုနှစ် မှ ၂၀၁၇-၁၈ခုနှစ်) ........ ၁၄၁
၂.၄ ။ စိုက်ပျိုးရေးဘတ်ဂျက်အတွက် နှစ်လတ် ရှုမြင်သုံးသပ်ချက် ........ ၁၄၅
၂.၅ ။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)အတွက် ငါးနှစ်တာ ရင်းနှီးမြှုပ်နှံမှု အစီအစဉ် ........ ၁၄၉
၂.၅.၁ ။ ထပ်ဆင့်ရလဒ်များအလိုက် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် ........ ၁၅၅
၂.၆ ။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စီမံကိန်းနှင့် အခြားသော ငွေလုံးငွေရင်းနှင့် သာမန် အသုံးစရိတ်များ ........ ၁၆၅
၂.၇ ။ အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံကိန်းအတွက် ရန်ပုံငွေရင်းမြစ်များ ........ ၁၆၈
၂.၈ ။ ဘဏ္ဍာငွေ စနစ်တကျ အသုံးပြုနိုင်မှုစွမ်းရည် ........ ၁၆၉
၂.၉ ။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် အခြေခံမှုများ ........ ၁၇၀
**အခန်း ၃။ အန္တရာယ်ကျရောက်နိုင်ခြေများနှင့် လျော့ပါးစေရေးဆောင်ရွက်ချက်များ** ........ ၁၇၅
**အခန်း ၄။ စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း** ........ ၁၇၉
၄.၁ ။ နိဒါန်း ........ ၁၇၉
၄.၂ ။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)အား စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း ........ ၁၇၉
၄.၃ ။ ထပ်ဆင့်ရလဒ်များနှင့် ချက်ချင်းရလဒ်များကို စောင့်ကြည့်လေ့လာခြင်း ........ ၁၈၀

# ဇယားများ

ဇယား(၁) ၂၀၁၆–၂၀၁၇ခုနှစ် စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ငွေလုံးငွေရင်းဘတ်ဂျက် (ကျပ်ငွေ ဘီလီယံဖြင့်) ............ ၃၃
ဇယား(၂) အလှူရှင် ငွေကြေးထောက်ပံ့မှု (၂၀၁၀ –၂၀၁၅)နှင့် အလှူရှင် ရင်းနှီးမြှုပ်နှံမှု ခန့်မှန်းချက် ............ ၄၄
ဇယား(၃) စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏ အကျိုးသက်ရောက်မှုပြ အညွှန်းကိန်းများ ............ ၅၅
ဇယား(၄) စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏ မဟာဗျူဟာမြောက် အစိတ်အပိုင်းများအတွက်လျာထားချက်များ ............ ၅၉
ဇယား(၅) စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)၏ မဏ္ဍိုင်များ၊ ရည်မှန်းချက်များနှင့် ထပ်ဆင့်ရလဒ်များ ............ ၆၁
ဇယား(၆) ထပ်ဆင့်ရလဒ် ၁.၁ – စီမံကိန်းရေးဆွဲခြင်းဆိုင်ရာချက်ချင်းရလဒ်များ ............ ၆၇
ဇယား(၇) ထပ်ဆင့်ရလဒ် ၁.၂ – မူဝါဒဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၆၇
ဇယား(၈) ထပ်ဆင့်ရလဒ် ၁.၃ – စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၆၈
ဇယား(၉) ထပ်ဆင့်ရလဒ် ၁.၄ – စာရင်းအင်းအချက်အလက်များဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၆၉
ဇယား(၁၀) ထပ်ဆင့်ရလဒ် ၁၅ –အသင်းအဖွဲ့များနှင့် အုပ်စုများဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၇၀
ဇယား(၁၁) ထပ်ဆင့်ရလဒ် ၁.၆ – မြေယာအခွင့်အရေးများဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၇၆
ဇယား(၁၂) ထပ်ဆင့်ရလဒ် ၁.၇ – ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၇၈
ဇယား(၁၃) ထပ်ဆင့်ရလဒ် ၁.၈ – စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှုဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၇၉
ဇယား(၁၄) ထပ်ဆင့်ရလဒ် ၁.၉ – စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြန်လည်ဖွဲ့စည်းခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၈၀
ဇယား(၁၅) ထပ်ဆင့်ရလဒ် ၂.၁ – သုတေသနပြုလုပ်ခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၈၄
ဇယား(၁၆) ထပ်ဆင့်ရလဒ်၂.၂ – တိုးချဲ့ပညာပေးခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၈၇
ဇယား(၁၇) ထပ်ဆင့်ရလဒ်၂.၃ – ပညာရေးဆိုင်ရာချက်ချင်းရလဒ်များ ............ ၈၉
ဇယား(၁၈) ထပ်ဆင့်ရလဒ် ၂.၄ – ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ ............ ၉၀

ဇယား(၁၉) ထပ်ဆင့်ရလဒ် ၂.၅ – သီးနှံသွင်းအားစုများဆိုင်ရာချက်ချင်းရလဒ်များ ...... ၉၄
ဇယား(၂၀) ထပ်ဆင့်ရလဒ် ၂.၆ – စက်မှုလယ်ယာလုပ်ငန်းဆိုင်ရာ ချက်ချင်းရလဒ်များ ...... ၉၇
ဇယား(၂၁) ထပ်ဆင့်ရလဒ် ၂.၇ – တိရစ္ဆာန်မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ချက်ချင်းရလဒ်များ ...... ၉၉
ဇယား(၂၂) ထပ်ဆင့်ရလဒ် ၂.၈ – စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများဆိုင်ရာ ချက်ချင်းရလဒ်များ ...... ၁၀၁
ဇယား(၂၃) ထပ်ဆင့်ရလဒ် ၂.၉ – ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ချက်ချင်းရလဒ်များ ...... ၁၀၃
ဇယား(၂၄) ထပ်ဆင့်ရလဒ် ၃.၁ – စီးပွားရေး ပတ်ဝန်းကျင်ဆိုင်ရာ ချက်ချင်းရလဒ်များ ...... ၁၀၆
ဇယား(၂၅) ထပ်ဆင့်ရလဒ် ၃.၂ – ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ချက်ချင်းရလဒ်များ ...... ၁၀၈
ဇယား(၂၆) ထပ်ဆင့်ရလဒ် ၃.၃ – အရည်အသွေးစနစ်ဆိုင်ရာချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ ...... ၁၀၉
ဇယား(၂၇) ထပ်ဆင့်ရလဒ် ၃.၄ – ပူးပေါင်းပါဝင်သော စီမံကိန်းရေးဆွဲခြင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ ...... ၁၁၁
ဇယား(၂၈) ထပ်ဆင့်ရလဒ် ၃.၅ – ကျေးလက်အခြေခံအဆောက်အအုံဆိုင်ရာ ချက်ချင်းရလဒ်များ ...... ၁၁၃
ဇယား(၂၉) ထပ်ဆင့်ရလဒ် ၃.၆ – စိုက်ပျိုးစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ ချက်ချင်းရလဒ်များနှင့်လုပ်ဆောင်မှုများ ...... ၁၁၅
ဇယား(၃၀) ထပ်ဆင့်ရလဒ် ၃.၇ – စားသောက်ကုန် အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ ချက်ချင်းရလဒ်များနှင့်လုပ်ဆောင်မှုများ ...... ၁၁၈
ဇယား(၃၁) ထပ်ဆင့်ရလဒ် ၃.၈ – ငွေကြေးဝန်ဆောင်မှုများဆိုင်ရာ ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ ...... ၁၂၀
ဇယား(၃၂) ထပ်ဆင့်ရလဒ် ၃.၉ – ကုန်သွယ်မှုချောမွေ့စေခြင်းနှင့် ပို့ကုန်တိုးမြှင့်ခြင်းဆိုင်ရာ ချက်ချင်းရလဒ် များနှင့်လုပ်ဆောင်မှုများ ...... ၁၂၂
ဇယား(၃၃) စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏အဓိကရလဒ်များ ...... ၁၃၀
ဇယား(၃၄) စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာဆောင်ရွက်ရန် ပထမနှစ်အတွင်း အလျင်အမြန် အောင်မြင်စေရေး အကောင်အထည်ဖော်ရမည့်အချက်များ ...... ၁၃၁
ဇယား(၃၅) စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ၂၀၁၂–၁၃မှ၂၀၁၇–၁၈ ခုနှစ် ဘဏ္ဍာရေးရန်ပုံငွေ ...... ၁၄၀
ဇယား(၃၆) ၂၀၁၂–၁၃ခုနှစ်မှ ၂၀၁၇–၁၈ခုနှစ် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနရှိ ဌာနများအလိုက် ဘဏ္ဍာငွေဝေစုများ၏ စုစုပေါင်းနှင့်ဖွံ့ဖြိုးမှု အခြေပြဇယား ...... ၁၄၁
ဇယား(၃၇) စိုက်ပျိုးရေးကဏ္ဍ ဘဏ္ဍာရေးဆိုင်ရာ ပြင်ဆင်သတ်မှတ်ချက်များ ...... ၁၄၂
ဇယား(၃၈) လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ကဏ္ဍခွဲများ၏ ဂျီဒီပီဖွံ့ဖြိုးမှု ...... ၁၄၃
ဇယား(၃၉) စုစုပေါင်း စိုက်ပျိုးရေးဘတ်ဂျက်မှ မွေးမြူရေးနှင့် ရေလုပ်ငန်းများသို့ခွဲဝေမှုရာခိုင်နှုန်း ...... ၁၄၄
ဇယား(၄၀) စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ဘဏ္ဍာငွေ အသုံးပြုမှုနှင့် စိုက်ပျိုးရေး (GDP)တို့အချိုးကျအခြေပြဇယား ...... ၁၄၄
ဇယား(၄၁) စိုက်ပျိုးရေးကဏ္ဍ ဘတ်ဂျက်အား (GDP) ၏ရာခိုင်နှုန်းအဖြစ် အခြေပြဇယား ...... ၁၄၆
ဇယား(၄၂) ၂၀၁၈–၁၉ မှ ၂၀၂၂–၂၃ ခုနှစ်အထိ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန ဘတ်ဂျက်အတွက် ရန်ပုံငွေ ရရှိနိုင်မှုခန့်မှန်းတွက်ချက်ခြင်း ...... ၁၄၇

ဇယား(၄၃) ADS ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အားမဏ္ဍိုင်အလိုက် အကျဉ်းချုပ်တင်ပြခြင်း ...... ၁၄၉
ဇယား(၄၄) ADS ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နှင့် ရရှိနိုင်သော ရင်းနှီးမြှုပ်နှံမှု
ဘတ်ဂျက်တို့အကြားကွာဟချက် ...... ၁၅၀
ဇယား(၄၅) ၂၀၁၈–၁၉ မှ ၂၀၂၂–၂၃ အထိ ဌာနအလိုက် ရင်းနှီးမြှုပ်နှံမှု
အစီအစဉ် (ကျပ်သန်းပေါင်း) ...... ၁၅၁
ဇယား(၄၆) မဏ္ဍိုင်(၁)၏ ထပ်ဆင့်ရလဒ်များတွင် နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု (ကျပ်သန်းပေါင်း) ...... ၁၅၆
ဇယား(၄၇) မဏ္ဍိုင်(၂)၏ ထပ်ဆင့်ရလဒ်များတွင် နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု (ကျပ်ငွေသန်းပေါင်း) ...... ၁၅၉
ဇယား(၄၈) မဏ္ဍိုင်(၃)၏ ထပ်ဆင့်ရလဒ်များတွင် နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု (ကျပ်ငွေသန်းပေါင်း) ...... ၁၆၃
ဇယား(၄၉) ADS အကောင်အထည်ဖော် ဆောင်ရွက်ခြင်းစီမံကိန်းနှင့်
စိုက်ပျိုးရေးဆည်မြောင်းဝန်ကြီးဌာန၏ ဘဏ္ဍာငွေအခြေပြဇယား ...... ၁၆၆
ဇယား(၅၀) ADS ရင်းနှီးမြှုပ်နှံမှု အစီအစဉ်–ရန်ပုံငွေရင်းမြစ်များ ...... ၁၆၈
ဇယား(၅၁) စိုက်ပျိုးရေးကဏ္ဍနှင့် ADS အကောင်အထည်ဖော်ခြင်းအတွက် အလှူရှင်များ၏
ထည့်ဝင်ပံ့ပိုးငွေခန့်မှန်းဇယား (အမေရိကန်ဒေါ်လာသန်းပေါင်း) ...... ၁၆၉
ဇယား(၅၂) ၂၀၁၆–၂၀၁၇ခုနှစ်အတွက် စိုက်ပျိုးရေးဆည်မြောင်းဝန်ကြီးဌာန၏ ဘတ်ဂျက်နှင့်
အမှန်တကယ် ကုန်ကျစရိတ်များ ...... ၁၇၀
ဇယား(၅၃) အန္တရာယ်ကျရောက်နိုင်ခြေများနှင့် လျော့ပါးစေရေးဆောင်ရွက်ချက်များ ...... ၁၇၅
ဇယား(၅၄) ရည်မှန်းချက် (၁) ကောင်းမွန်သောစီမံအုပ်ချုပ်မှုအတွက် ထပ်ဆင့်ရလဒ်အညွှန်းကိန်းများ ...... ၁၈၁
ဇယား(၅၅) ရည်မှန်းချက် (၂) ထုတ်ကုန်တိုးခြင်းဆိုင်ရာ ထပ်ဆင့်ရလဒ် ရလဒ်အညွှန်းကိန်းများ ...... ၁၈၆
ဇယား(၅၆) ရည်မှန်းချက် (၃) ယှဉ်ပြိုင်နိုင်စွမ်းအားဆိုင်ရာ ထပ်ဆင့်ရလဒ်အညွှန်းကိန်းများ ...... ၁၉၂



# ရုပ်ပုံကားချပ်များ


ပုံ-၁။ မူဝါဒမှ မဟာဗျူဟာသို့ ..... ၅
ပုံ-၂။ ၂၀၁၆-၁၇ခုနှစ် စိုက်၊မွေးဆည်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ(ကျပ်ငွေဘီလီယံဖြင့်) ..... ၃၄
ပုံ-၃။ ၂၀၁၆-၁၇ခုနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ (ကျပ်ငွေဘီလီယံဖြင့်) ..... ၃၄
ပုံ-၄။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏ မဟာဗျူဟာမူဘောင် ..... ၅၄
ပုံ-၅။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစကြံများ ..... ၁၁၂
ပုံ-၆။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)အကောင်အထည်ဖော်ရေး အစီအစဉ် ..... ၁၂၆
ပုံ-၇။ စိုက်ပျိုးရေးဘဏ္ဍာငွေ၏ ဝေစုများ (၂၀၁၂-၁၃ခုနှစ်မှ - ၂၀၁၇-၁၈ခုနှစ်အထိ) ..... ၁၄၀
ပုံ-၈။ အခွန်ငွေရရှိမှုနှင့် (GDP)ရာခိုင်နှုန်း ..... ၁၄၅
ပုံ-၉။ ပြည်ထောင်စုဘဏ္ဍာငွေရရှိမှုနှင့် GDP ၏ ရာခိုင်နှုန်း ..... ၁၄၅
ပုံ-၁၀။ ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက်အား ခွဲခြမ်းတင်ပြခြင်း(၂၀၁၆-၂၀၁၇ခုနှစ် ဘဏ္ဍာရေးနှစ်) ..... ၁၅၂
ပုံ-၁၁။ ADS ၏ ဘတ်ဂျက်အား ခွဲခြမ်းတင်ပြခြင်း ..... ၁၅၃
ပုံ-၁၂။ မဏ္ဍိုင် (၁) တွင် ထပ်ဆင့်ရလဒ်များအလိုက် နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေထားရှိမှု (ကျပ်သန်းပေါင်း) ..... ၁၅၈
ပုံ-၁၃။ မဏ္ဍိုင် (၂) တွင် ထပ်ဆင့်ရလဒ်များအလိုက် နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေထားရှိမှု (ကျပ်သန်းပေါင်း) ..... ၁၆၂
ပုံ-၁၄။ မဏ္ဍိုင် (၃) တွင် ထပ်ဆင့်ရလဒ်များအလိုက်နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေထားရှိမှု (ကျပ်သန်းပေါင်း) ..... ၁၆၅
ပုံ-၁၅။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန ဘဏ္ဍာငွေ၊ ADSနှင့် ADS မဟုတ်သော ရန်ပုံငွေလမ်းကြောင်းများခန့်မှန်းတွက်ချက်မှု ..... ၁၆၇
ပုံ-၁၆။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန ဘဏ္ဍာငွေ၊ ADS နှင့် ADS မဟုတ်သော လုပ်ငန်းရပ်များအား ပေါင်းစပ်ပြီးသော ခန့်မှန်းတွက်ချက်မှု ကိုးကားချက်များ ..... ၁၆၇


2016
Nutritious seeds for a sustainable

# ပြည်ထောင်စုဝန်ကြီး၏ ဥယျောဇဉ်

မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)၏ (၃၀)ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှရရှိပြီး စုစုပေါင်းလူဦးရေ၏ (၆၈)ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပေါ် မှီခိုအသက်မွေးနေကြရသည့်အတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှာ နိုင်ငံတော်အစိုးရ၏ ပဓါနကျသည့် တာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။

လယ်ယာကဏ္ဍမူဝါဒ၏ အနာဂတ်လားရာမျှော်မှန်းချက် Vision မှာ 'သက္ကရာဇ် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် စားနပ်ရိက္ခာနှင့် အာဟာရဓာတ် ပြည့်ဝဖူလုံပြီး အထွက်နှုန်းမြင့်မားကာ ရာသီဥတုဒဏ်ခံနိုင်စွမ်း ရှိသည့် စိုက်ပျိုးရေးကဏ္ဍမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်ကို ယှဉ်ပြိုင်ကာ ကျေးလက်နေ လုပ်ကွက်ငယ်တောင်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်' ဖြစ်ပါသည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အနာဂတ်လားရာ မျှော်မှန်းချက်များ ပြည့်မီရေးအတွက် မူဝါဒ၊ လုပ်ငန်းစဉ်နှင့် မဟာဗျူဟာများ စနစ်တကျရေးဆွဲ ဆောင်ရွက်ခြင်းအားဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို စီးပွားဖြစ်ကျယ်ပြန့်စွာဆောင်ရွက်နိုင်ခြင်း၊ ထုတ်လုပ်မှုစွမ်းအားမြင့်မားလာခြင်း၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်လာစေခြင်း၊ နိုင်ငံတကာဈေးကွက်သို့ အဆင့်မြင့် လယ်ယာထွက်ကုန်များ ချိတ်ဆက်တင်ပို့ရောင်းချနိုင်ခြင်း၊ ကျေးလက်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခြင်းမှသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အပံ့ပြုနိုင်မည်ဟု ယုံကြည်ပါသည်။

စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာသည် (၁) ပတ်သက်ဆက်နွယ်သူ အများအပြားမှ လတ်တလောရေးသားပြုစုထားသည့် မြောက်များစွာသော စီမံကိန်းများ၊ မဟာဗျူဟာစာတမ်းများ၊ လမ်းပြမြေပုံများနှင့် ချဉ်းကပ်နည်းလမ်းများ အားလုံးကို ဆက်စပ်ပေါင်းစည်းပြီး စာတမ်းတစ်စောင်ပြုစုရေး၊ (၂) လယ်ယာကဏ္ဍမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းလည်ပတ်နိုင်သော စနစ်တကျ ချဉ်းကပ်နည်းလမ်းများ၊ (၃) မူဝါဒများ၊ အစီအစဉ်များ၊ စီမံချက်များ၊ လုပ်ဆောင်ချက်များကို ပေါင်းစပ်ညှိနှိုင်းရေးနှင့် (၄) ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ အပြန်အလှန် ဆက်စပ်ပြောဆိုနိုင်ရေး နှင့် လယ်ယာကဏ္ဍသို့ နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများအား ဟန်ချက်ညီစေရေး – အစရှိသည့် လိုအပ်ချက်များကို တုံ့ပြန်သွားမည် ဖြစ်ပါသည်။

လယ်ယာကဏ္ဍ အနာဂတ်လားရာ မျှော်မှန်းချက်ရောက်ရှိရေးအတွက် ကျင့်သုံးမည့် အဓိကမဟာဗျူဟာမှာ အစိုးရ၊ တောင်သူလယ်သမားနှင့် ပုဂ္ဂလိက စိုက်ပျိုးစီးပွားရေးလုပ်ငန်းရှင်များအကြားတွင် ရေရှည်ပူးပေါင်းဆောင်ရွက်မှု အခြေခံအုတ်မြစ်ကို တည်ဆောက်၍ ယင်းအပေါ်မှ ကောင်းမွန်သော စီမံအုပ်ချုပ်ရေးမဏ္ဍိုင်၊ ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးမဏ္ဍိုင်၊ ယှဉ်ပြိုင်စွမ်းအားမြင့်မားရေးမဏ္ဍိုင်ဟူသော မဏ္ဍိုင်ကြီး(၃)ရပ်ဖြင့် မဟာဗျူဟာမှ အစီအစဉ် (Programme)၊ အစီအစဉ် (Programme) မှ စီမံကိန်း (Projects)၊ စီမံကိန်း (Projects) မှ လုပ်ငန်းစီမံချက်များ (Action Plan)၊ လုပ်ငန်းစီမံချက်များ(Action Plan) မှ လုပ်ငန်းဆောင်ရွက်ချက်များ(Activities) ဟူ၍ ကွင်းဆက်အဆင့်ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာ့လယ်ယာကဏ္ဍအတွက် ပြည့်စုံစွာရေးဆွဲနိုင်ခဲ့သည့် ထူးခြားသောဝိသေသကို ဖော်ဆောင်သည့် မဟာဗျူဟာအဖြစ် မှတ်တမ်းတင်ရပေမည်။

မဟာဗျူဟာတွင် ပါဝင်သော စီမံကိန်းနှင့် စီမံချက်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ဆက်စပ် ဝန်ကြီးဌာနများနှင့် တွဲဖက်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၏ ဒေသန္တရစီမံကိန်းများကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ ဆိုင်ရာ တောင်သူလယ်သမားနှင့် စိုက်ပျိုးစီးပွားလုပ်ငန်းရှင် အဖွဲ့အစည်းများ သုံးပွင့်ဆိုင် ပူးပေါင်း ဆောင်ရွက်ခြင်း အစ ရှိသော လုပ်ငန်းစဉ်များသည် မဟာဗျူဟာ၏ အရေးကြီးသော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိ ခြင်း၊ အားလုံးပါဝင်ခြင်း၊ စောင့်ကြည့်၊ ထိန်းကျောင်းစိစစ်သုံးသပ်ခြင်းတို့သည် ဝန်ကြီးဌာနအတွက် အရေးကြီး သော ကျင့်စဉ်များ ဖြစ်လာပေလိမ့်မည်။

ကွင်းဆက်အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်ကြသူအားလုံးတို့၏ ဆန္ဒထက်သန်မှု၊ ပေါင်းစည်း ညီညွတ်မှု၊ ဟန်ချက်ညီမှု၊ ပွင့်လင်းမြင်သာမှု၊ စွမ်းရည်ထက်မြက်မှု၊ ကြိုးစားအားထုတ်မှုတို့သည် ဤမဟာဗျူဟာ၏ မျှော်မှန်းချက်ရောက်ရှိရေးအတွက် အဆုံးအဖြတ်ပေးမည့် မှတ်ကျောက်များပင်ဖြစ်ပါသည်။

ဤမဟာဗျူဟာကို တစ်နှစ်ကျော်ခန့် အချိန်ယူရေးဆွဲခဲ့ရာတွင် ဝန်ကြီးဌာနအတွင်း အကြိမ်ကြိမ် ညှိနှိုင်းပြင်ဆင်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးနှင့် နေပြည်တော်ကောင်စီအပါအဝင် ၁၇ နေရာ၌ တောင်သူလယ်သမား၊ ပုဂ္ဂလိက၊ ပညာရှင် ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ အမှုထမ်း၊ အရာထမ်း တို့ပါဝင်သော ပြည်နယ်/တိုင်းဒေသကြီးများအဆင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပ၍ ပြည်သူတို့၏သဘောထား ရယူခြင်း၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပါမောက္ခများ၏ အကြံဉာဏ်များကိုရယူခြင်း၊ ဖွံ့ဖြိုးရေးမိတ်ဖက် များနှင့် အရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ် ညှိနှိုင်းပြင်ဆင်ခဲ့ခြင်းကြောင့် အားလုံးပါဝင်ရေး ဆွဲသော မဟာဗျူဟာတစ်ရပ် ဖြစ်ပေသည်။ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့်  ပတ်သက်ဆက်နွှယ်သူများအားလုံး အထူးအားဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလ သမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ နှင့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့တို့အား ပါဝင်ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာသည် ကာလတို၊ ကာလလတ်နှင့် ကာလရှည် စသည့် ကာလအပိုင်းအခြားသုံးခုအတွင်း မြန်မာ့လယ်ယာ၊ သား၊ ငါး၊ ကျေးလက်၊ သမဝါယမကဏ္ဍ ခွဲများအားလုံးကို ပြုပြင်ပြောင်းလဲ တိုးတက်စေပြီး၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အပံ့ ပြုနိုင်ပါစေကြောင်း လေးနက်စွာ ဆန္ဒပြုအပ်ပါသည်။



ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ကျေးဇူးတင်လွှာ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (၂၀၁၈–၂၀၁၉ ခုနှစ် မှ ၂၀၂၂–၂၀၂၃ ခုနှစ်) ကို အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့နှင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တို့၏ နည်းပညာအကူအညီဖြင့် ပြုစုရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ မဟာဗျူဟာ ရေးဆွဲရာတွင် ဒုတိယကာလတို ငါးနှစ်လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များ (၂၀၁၆ ခုနှစ်)၊ အမျိုးသား စီးပွားရေးမူဝါဒ (၂၀၁၆ခုနှစ်)၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲရေး မူဘောင်၊ အမျိုးသား အဆင့်ဘက်စုံ ဖွံ့ဖြိုးရေး အနာဂတ်လားရာ မျှော်မှန်းချက်၊ အမျိုးသားအဆင့်ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့် အမျိုးသားပို့ကုန် မြှင့်တင်ရေး မဟာဗျူဟာ စသည့် မူဘောင်များအတွင်းမှ ရေးဆွဲထားခြင်း ဖြစ်သဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြု အကျိုးရှိစေမည် ဖြစ်ပါသည်။

မဟာဗျူဟာရေးဆွဲရာတွင် အမျိုးသားအဆင့် အစည်းအဝေးများကို ရန်ကုန်နှင့် နေပြည်တော်တွင်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဒေသခံပြည်သူများထံမှ အကြံပြုဆွေးနွေးပွဲ များကို တိုင်းဒေသကြီး၊ ပြည်နယ် (၁၇) နေရာတွင်လည်းကောင်း ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ ၂၀၁၇ခုနှစ် ဇွန်လအထိ အကြိမ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူတို့၏ သဘောထားအမြင်နှင့် ဆန္ဒများထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ထိုအစည်းအဝေးများတွင် အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူလယ်သမားများ၊ အရပ်ဖက် လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါသည်။ ရေးဆွဲပြုစုပြီးသော မူကြမ်းအပေါ် နိုင်ငံတကာနှင့် ပြည်တွင်း ကျွမ်းကျင်သူများ၏ သုံးသပ်အကြံပြုချက်များနှင့်အညီ ပြန်လည်ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ အနာဂတ်လားရာ မျှော်မှန်းချက် ပြည့်မီရေး အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးကို အတူတကွ အလေးပေး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ အောင်မြင်စွာ ဆောင်ရွက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိတ်ဖက်အဖွဲ့အစည်းများထံမှ ပံ့ပိုးကူညီမှု များရရှိအောင် ကြိုးပမ်းဆောင်ရွက်ရတော့မည်ဖြစ်ပါသည်။ မိမိတို့အတူတကွ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် နောင်လာမည့် (၅)နှစ် အတွင်း အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှု စနစ်ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေကာ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေမည်ဖြစ်ပြီး နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုမည်ဟူသော မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ အနာဂတ်လားရာ မျှော်မှန်းချက်ကို ဖြည့်ဆည်း ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသော မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ထုတ်ပြန်နိုင်ရေးကို ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ဖွံ့ဖြိုးမှု

မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပကျွမ်းကျင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများတို့မှ ကိုယ်စားလှယ်များ အားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# မြန်မာဝေါဟာရအဓိပ္ပါယ်ဖွင့်ဆိုချက်များ

| | |
|---|---|
| Activities | လုပ်ဆောင်ချက်များ |
| Agri-business | စိုက်ပျိုးစီးပွားရေးလုပ်ငန်း |
| Agricultural diversification | အမယ်စုံ စိုက်ပျိုးရေး |
| Agricultrural Extension | တိုးချဲ့ပညာပေးရေး၊ စိုက်ပျိုးရေးပညာပေးခြင်း |
| Agriculture | စိုက်ပျိုးရေး (သီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍခွဲများ ပါဝင်သည်။)<br>"စိုက်ပျိုးရေးဦးစီးဌာန"နှင့်"စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း"များဆိုသောအသုံး အနှုန်းသည် "သီးနှံစိုက်ပျိုးရေး" ကိုသာ ဆိုလိုပါသည်။ လတ်တလောအားဖြင့် လယ်ယာကဏ္ဍ (Agriculture Sector) ဟူသော ဝေါဟာရသည် အဆိုပါ လုပ်ငန်းကဏ္ဍခွဲများကို ပေါ်လွင်စေမှုမရှိဟု ယူဆသူများက "စိုက်ပျိုးရေး၊ သစ်တော၊ တိရစ္ဆာန်မွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းကဏ္ဍ" ဟု အရှည်ရေးသားကြသည်။ ဗဟိုစာရင်းအင်းအဖွဲ့ 'Myanmar Standard Industrial Classification' စာအုပ်မထွက်မီ ဤစာအုပ်တွင် လယ်ယာ ကဏ္ဍ (Agriculture Sector) ကို "လယ်ယာ၊ သား၊ ငါးကဏ္ဍ" သို့မဟုတ် "စိုက်ပျိုးရေးကဏ္ဍ" အတွက် ရည်ညွှန်းသုံးနှုန်းထားပါသည်။ |
| Agriculture Sector | လယ်ယာကဏ္ဍ (သီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍခွဲများ ပါဝင်သည်။) |
| Agri-food | စိုက်ပျိုးစားသောက်ကုန် |
| Approach | ချဉ်းကပ်မှု နည်းလမ်း |
| Depertment of Agri-business and Market Information (DABMI) | စိုက်ပျိုးစီးပွားရေးနှင့် ဈေးကွက်သတင်းဦးစီဌာန |
| Disadvantaged groups | အားနည်းချို့တဲ့သော အုပ်စုများ |
| Indicator | အညွှန်းကိန်း |

| | |
|---|---|
| Interest groups | အကျိုးတူ အုပ်စုများ |
| Investment Plan (IP) | ရင်းနှီးမြှုပ်နှံမှု အစီအစဉ် |
| Land Use Right | လယ်ယာမြေ လုပ်ကိုင်ခွင့် |
| Land Holder Right | မြေယာ လက်ဝယ်ထားရှိပိုင်ခွင့် |
| Monitoring and Evaluation | စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း |
| MTEF<br>Mid-Term Expenditure Frame Work | နှစ်လတ်ရသုံးငွေမူဘောင် |
| Outcomes | ထပ်ဆင့်ရလဒ် |
| Outputs | ချက်ချင်းရလဒ် |
| Smallholder | လုပ်ကွက်ငယ် |
| Stakeholder | ပတ်သက်ဆက်နွယ်သူများ |
| Public Expenditure | ပြည်သူအတွက်အသုံးစရိတ် |
| Vision | အနာဂတ်လားရာမျှော်မှန်းချက် |

# ဌာနအမည်နှင့်
# အတိုကောက် အသုံးအနှုန်းများ

| | | | |
|---|---|---|---|
| (၁) | စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန | – | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဝန်ကြီးရုံး | – | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးရုံး |
| (၃) | စိုက်ဦးစီး | – | စိုက်ပျိုးရေးဦးစီးဌာန |
| (၄) | ဆည်/ရေ | – | ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန |
| (၅) | လယ်၊စီ၊အင်း | – | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| (၆) | စက်မှုလယ်ယာ | – | စက်မှုလယ်ယာဦးစီးဌာန |
| (၇) | စိုက်တက္ကသိုလ် | – | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် |
| (၈) | စိုက်သုဦးစီး | – | စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| (၉) | မွေးကုဦးစီး | – | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| (၁၀) | ငါးဦးစီး | – | ငါးလုပ်ငန်းဦးစီးဌာန |
| (၁၁) | ကျေးလက်ဦးစီး | – | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၁၂) | မွေး/ဆေးတက္ကသိုလ် | – | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် |
| (၁၃) | သမဦးစီး | – | သမဝါယမဦးစီးဌာန |
| (၁၄) | အသေးစားစက်မှုဦးစီး | – | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန |
| (၁၅) | လယ်ဘဏ် | – | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| (၁၆) | စိုက်စီးပွားဦးစီး | – | စိုက်ပျိုးစီးပွားရေးနှင့် ဈေးကွက်သတင်းဦးစီးဌာန |

# အပိုင်း ၁

# မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ



# အခန်း ၁။ နိဒါန်း

၁။ လွန်ခဲ့သော ခုနစ်နှစ်တာကာလ (၂၀၁၁ – ၂၀၁၇) အတွင်းတွင် မြန်မာနိုင်ငံသည် နိုင်ငံရေးနှင့် စီးပွားရေး ဖြေလျှော့မှုဖြစ်စဉ်တွင်ပါဝင်လာခဲ့ပြီး နိုင်ငံ၏စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းတွင် အသွင်ကူးပြောင်းမှုများ ပေါ်ပေါက်လာခဲ့သည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသည် စီးပွားရေးအရ အရေးပါသောနိုင်ငံ တစ်နိုင်ငံအဖြစ် အာဆီယံနိုင်ငံများတွင်သာမက အခြားဒေသများနှင့် ကမ္ဘာ့စီးပွားရေးတွင်ပါ ကျယ်ပြန့်စွာ ထိုးဖောက်ဝင်ရောက် လာနိုင်ပါမည်။

၂။ ဆယ်စုနှစ်ပေါင်းများစွာ တံခါးပိတ်မူဝါဒကျင့်သုံးခဲ့ပြီး စီပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းလိုက်ပြီး နောက် မြန်မာနိုင်ငံသည် ကမ္ဘာ့စီးပွားရေးတွင် တက်ကြွစွာပြန်လည်ပါဝင်လာနိုင်ခဲ့သည်။ ထို့အတူ အခြေခံ သဘာဝသယံဇာတကြွယ်ဝမှု၊ လုပ်အားအလျှံပယ်ရှိမှု၊ မဟာဗျူဟာကျ တည်ရှိနေမှုတို့က မြန်မာနိုင်ငံအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသော နေရာတစ်ခုဖြစ်လာစေခဲ့ပါသည်။ ၂၀၁၀–၁၁ ခုနှစ်မှ ၂၀၁၆–၁၇ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ) သည် နှစ်စဉ် ၈%ကျော် တိုးတက်လျက်ရှိသည်။ ထိုကာလအတွင်း စိုက်ပျိုးရေးဆိုင်ရာ[၁] ဂျီဒီပီသည် ပျမ်းမျှ ၃.၂% တိုးတက်ခဲ့သည်။ မြန်မာနိုင်ငံသည် နှစ်ချင်းသီးနှံများ (ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက် များအပါအဝင်) စိုက်ပျိုးခြင်းအပြင် စက်မှုသီးနှံများဖြစ်သော ရာဘာ၊ ကြံ၊ ဝါ၊ ဆီအုန်း၊ ကော်ဖီ၊ လက်ဖက်စသည်တို့ကိုလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရေလုပ်ငန်း (ဥပမာ – ပုဇွန်မွေးမြူရေး)နှင့် မွေးမြူရေးလုပ်ငန်း (ဥပမာ – ကျွဲနွား မွေးမြူရေး၊ ကြက်၊ ဘဲမွေးမြူရေး)များကိုပါ လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံသည် မြေဩဇာ ကောင်း မွန်၍ ကျယ်ပြောသော စိုက်ပျိုးဂေဟမြေဧရိယာများ (အရှေ့တောင်အာရှကုန်းမြေနိုင်ငံများတွင် အကြီးဆုံးသော မြေဧရိယာပိုင်ဆိုင်မှု)၊ ရေအရင်းအမြစ်၊ သစ်တောများနှင့် ကီလိုမီတာ ၂၀၀၀ ကျော် ရှည်လျားသော ကမ်းရိုး တန်းအစရှိသည့် သဘာဝသယံဇာတများလည်း ပေါကြွယ်ဝသည့်နိုင်ငံ ဖြစ်သည်။ စုစုပေါင်း စိုက်ပျိုးမြေဧရိယာ၏ ၁၆.၂% သည် ရေသွင်းစိုက်ပျိုးမြေဧရိယာများ ဖြစ်သည်။

၃။ ကနဦး ရင်းနှီးမြှုပ်နှံမှု များအား ခရီးသွားလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကပြုလုပ်ခဲ့ကြသော်လည်း ယခုအခါတွင် မြန်မာနိုင်ငံ ၏ စိုက်ပျိုးရေးနှင့် စိုက်ပျိုးကုန်ထုတ်လုပ်ငန်း[၂] ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်ဝင်စားမှုကြီးထွား လျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့သည် ဂျီဒီပီ၏ ၃၀%နီးပါး ခန့်ရှိပြီး အလုပ်အကိုင်

---

၁ ဤမဟာဗျူဟာစာတမ်းတွင် 'စိုက်ပျိုးရေး'ဟူသည့် ဝေါဟာရသည် ယေဘုယျအားဖြင့် သီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ခွဲများအား ဆိုလိုခြင်းဖြစ်သည်။ အချို့သောဖော်ပြချက်များဖြစ်သည့် 'စိုက်ပျိုးရေးဦးစီးဌာန' (သို့) 'စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ' စသည့် အသုံးအနှုန်းများတွင်မူ 'သီးနှံစိုက်ပျိုးရေး'ကိုသာဆိုလိုခြင်းဖြစ်သည်။

၂ ၎င်းလုပ်ငန်း၌ ဓါတ်မြေဩဇာထုတ်လုပ်ခြင်းနှင့် မျိုးစေ့ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းများပါဝင်ပြီး နှစ်ခုလုံးသည် သီးနှံစိုက်ပျိုး ထုတ်လုပ်ရာတွင် ကာလရှည်ကြာစွာ အခက်ခဲကြုံစေခဲ့သော ကိစ္စရပ်များဖြစ်သည်။ ထို့အပြင် တိရစ္ဆာန်အစာထုတ်လုပ်ခြင်းလုပ်ငန်းတွင်လည်း ရင်းနှီးမြှုပ်နှံမှုများတိုးပွားလာခဲ့သည်။ (မြန်မာ့စီးပွားရေးစောင့်ကြည့် အစီရင်ခံစာ၊ ဒီဇင်ဘာ ၂၀၁၆ ခုနှစ်၊ ကမ္ဘာ့ဘဏ်)

အားလုံး၏ ၅၆% သည် ထိုလုပ်ငန်းများ တွင် လုပ်ကိုင်လျက်ရှိသည်။ ထို့အပြင် ပြည်ပပို့ကုန်များ၏ ၂၅% ခန့်ရှိပြီး ၂၀၁၆ – ၂၀၁၇ ခုနှစ်တွင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ ဆန်၊ ပုစွန်၊ မွေးမြူရေးထွက်ကုန်များနှင့် ရာဘာ စသည့်ထုတ်ကုန်များတင်ပို့မှုကြောင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၂.၉ ဘီလီယံကျော် ရရှိခဲ့သည်။ ယခင်ကဆိုလျှင် ဆန်စပါးတစ်မျိုးတည်းကိုသာ အဓိကစိုက်ပျိုးရေး ပို့ကုန်အဖြစ် တင်ပို့နိုင်ခဲ့သော်လည်း မကြာသေးမီကာလမှစ၍ ပဲမျိုးစုံတင်ပို့ရောင်းချခြင်းမှ ပြည်ပပို့ကုန် ပျမ်းမျှဝင်ငွေ ပိုမိုရရှိလာခဲ့သည်။

၄။ အရှေ့တောင်အာရှရှိ “ဗီယက်နမ်နှင့် တရုတ်ကဲ့သို့နိုင်ငံများ” စီးပွားရေးအသွင်ကူးပြောင်းမှုများ ကြုံတွေ့ခဲ့ပြီးဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်စီးပွားရေးသည် သိသာထင်ရှားသော စီးပွားရေးအကျိုးအမြတ်များကိုရရှိစေမည့် ပြုပြင်ပြောင်းလဲမှုများကို လျင်မြန်စွာတုံ့ပြန်နိုင်ဖွယ်ရှိပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်နိုင်မှု အလားအလာမှာ ကြီးမားလျက်ရှိသော်လည်း တစ်ချိန်တည်းမှာပင် များစွာသော စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရပါသည်။ အဆိုပါစိန်ခေါ်မှုများအနက် ကျေးလက်နှင့် နယ်စပ်ဒေသအခြေခံအဆောက်အအုံနည်းပါးခြင်း၊ မြေယာပြဿနာများဖြေရှင်းရန်ရှိခြင်း၊ စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားနှင့် စိုက်ပျိုးစားသောက်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းနည်းပါးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ရန်ပုံငွေပံ့ပိုးမှုမလုံလောက်ခြင်းနှင့် အရင်းအမြစ်များမလုံလောက်ခြင်း၊ တိုးချဲ့ပညာပေးခြင်းနှင့် စိုက်ပျိုးရေးအသိပညာပေးစနစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန) [၃] ဌာနအတွင်းနှင့် ဌာနပြင်ပရှိ အခြားသောပတ်သက်ဆက်နွယ်သူများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် လိုအပ်နေခြင်းနှင့် သဘာဝဘေးအန္တရာယ်များ (ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းဒဏ်ခံရခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း)နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံရလွယ်ခြင်းတို့ ပါဝင်သည်။

၅။ အမျိုးသားအဆင့် နယ်ပယ်အသီးသီးတွင် မူဝါဒများ၊ စီမံကိန်းများနှင့် ဦးစားပေးလုပ်ငန်းစဉ်များ လျင်မြန်စွာ ဖြစ်ထွန်းလျက်ရှိသည်နှင့်အားလျော်စွာ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန အနေဖြင့်လည်း – (က) ကဏ္ဍခွဲ အသီးသီးမှ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအား ညှိနှိုင်းပေါင်းစည်း၍ ၎င်း၏အနာဂတ်လားရာ မျှော်မှန်းချက်အား ပြည်နယ်၊ တိုင်းဒေသကြီးနှင့် အမျိုးသားအဆင့်ရည်ရွယ်ချက်များနှင့်ကိုက်ညီစွာ ရေးဆွဲခြင်း၊ (ခ) ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ အခန်းကဏ္ဍအား သတ်မှတ်ရေးဆွဲ၍ ထိုသတ်မှတ်ချက်နှင့်အညီ ပြန်လည်ဖွဲ့စည်းခြင်း၊ (ဂ) ပြန်လည်ဖွဲ့စည်းထားသည့် အခန်းကဏ္ဍ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်နှင့် ရည်မှန်းချက်ပန်းတိုင်များနှင့်ကိုက်ညီစွာ စိုက်ပျိုးရေးကဏ္ဍ၏ ဘတ်ဂျက်အား ရေးဆွဲခြင်းနှင့် (ဃ) ရလဒ်များအား စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ရန်နှင့် သက်ဆိုင်ရာစီမံခန့်ခွဲသူများထံ အစီရင်ခံတင်ပြနိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းစသည်တို့အား အရေးတကြီး ဆောင်ရွက်ရန် လိုအပ်ပါသည်။


၆။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(IP)သည် (က) သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူအသီးသီးမှ လက်ရှိ ရေးဆွဲပြုစုထားသော စီမံကိန်းများ၊ မဟာဗျူဟာများ၊ လမ်းပြမြေပုံများ၊ ချဉ်းကပ်မှုနည်းလမ်းများ စသည်တို့ကို ပေါင်းစည်းရန်၊ (ခ) စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများအား အကောင်အထည်ဖော်ရန်အတွက် စနစ်တကျချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းတစ်ခု ပေါ်ပေါက်လာစေရန်နှင့် ထိုနည်းလမ်းသည် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်နှင့် ချိတ်ဆက်မှုရှိစေရန်၊ (ဂ) လုပ်ဆောင်ချက်များ၊ စီမံချက်များ၊ စီမံကိန်းများ၊ အစီအစဉ်များ (ပရိုဂရမ်များ)နှင့် မူဝါဒများအကြား ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်ရန်နှင့် (ဃ) ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် အပြန်အလှန် ဆွေးနွေးမှုများပြုလုပ်နိုင်ရန်နှင့် သက်ဆိုင်ရာကဏ္ဍများတွင် ပြည်ပအကူအညီများ ရရှိနိုင်ရန် အစရှိသော လိုအပ်ချက်များအား တုန့်ပြန်ဆောင်ရွက်နိုင်ပေမည်။

---

၃ ၂၀၁၅ခုနှစ်တွင် စိုက်ပျိုးရေးနှင့်ဆည်မြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သမဝါယမစသည့် ဝန်ကြီးဌာနသုံးခုအား ပေါင်းစပ်ဖွဲ့စည်း ခြင်းမှပေါ်ပေါက်လာခဲ့သည်။

၇။ **စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် ပေါင်းစည်းထားသော မဟာဗျူဟာစာတမ်း တစ်ခုဖြစ်ပြီး အစိုးရမှဦးဆောင်ကာ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများအကြား တိုင်ပင်ဆွေးနွေးမှုများကို အခြေခံ၍ရေးဆွဲထားခြင်းဖြစ်သည်။ ဤမဟာဗျူဟာ သည် မကြာသေးမီက ရေးဆွဲပြုစုထားသည့် စိုက်ပျိုးရေးမူဝါဒအပေါ်တွင် အခြေခံထားပြီး နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ကာလအလိုက် ဦးစားပေးလုပ်ငန်းများအား ရှင်းလင်းစွာချမှတ်နိုင်ရန် ရည်ရွယ်ရေးဆွဲ ထားပါသည်**။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူ အသီးသီးမှပြီး မြောက်အောင် မြင်အောင် ဆောင်ရွက်ရမည့် ရလဒ်များ၊ ၎င်းတို့၏ လုပ်ငန်းအချိန်ဇယားနှင့် လုပ်ဆောင်ချက်များကိုသတ်မှတ်ဖော်ပြထားပါသည်။ လိုအပ်သည့် အရင်းအမြစ်များ (ဘဏ္ဍာငွေ၊ ရုပ်ဝတ္ထုပစ္စည်း၊ လူ)နှင့် ရန်ပုံငွေ ရင်းမြစ်များအား ပတ်သက်ဆက်နွယ်နေသူများထံသို့ သတင်းအချက်အလက်များ မျှဝေနိုင်ရန်အတွက် လုပ်ဆောင်ချက် တစ်ခုစီတိုင်း၏ ကုန်ကျစရိတ်အား တွက်ချက်ထားပြီး ရန်ပုံငွေရင်းမြစ်များကို ဖော်ပြထားပါသည်။

ပုံ ၁- မူဝါဒမှမဟာဗျူဟာသို့




၈။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ် သြဂုတ်လမှစ၍ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) နှင့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့(LIFT) တို့၏ ပါဝင်ပံ့ပိုးကူညီမှုဖြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) နှင့် ရင်း နှီးမြှုပ်နှံမှုအစီအစဉ် (IP) (၅)နှစ်တာကာလအတွက် (၂၀၁၈–၁၉ ခုနှစ်မှ ၂၀၂၂–၂၃ ခုနှစ်အထိ) ပြင်ဆင်ရေး ဆွဲခဲ့ပါသည်။

၉။ ၂၀၁၆ ခုနှစ် စက်တင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းတွင် ADS ရေးဆွဲရေးအဖွဲ့မှ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား မူကြမ်းငါးခုအထိ ရေးဆွဲပြုစုခဲ့ပါ သည်။ ထိုသို့ရေးဆွဲရာတွင် ပတ်သက်ဆက်နွယ်နေသူ အသီးသီးထံမှ ရရှိသောအကြံပြုချက်များအပေါ် အခြေခံ၍ မူကြမ်းတစ်ခုစီအား ပြန်လည်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(A&RD SWG)[4] နှင့် အစိုးရဌာနမှ ကိုယ်စားလှယ် များသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ အတွင်းအစည်းအဝေး ၆ ကြိမ် တိုင်တိုင် ကျင်းပဆွေးနွေးခဲ့ပါသည်။ ပိုမိုကောင်းမွန်စေရေးအတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ မှ မတ်လအတွင်း တွင် အကြံသဘောထားရယူရေး ဆွေးနွေးပွဲများကို ပဲခူး၊ မန္တလေးနှင့် ပုသိမ်မြို့တို့တွင် ကျင်းပခဲ့ပါသည်။ လူထုသဘောထားအမြင် ရယူရေးအလုပ်ရုံ ဆွေးနွေးပွဲများ၏ ဒီဇိုင်းနှင့်ကျင်းပဆောင်ရွက်ရန် နည်းလမ်းများ ကို ပြည်နယ်နှင့်တိုင်းဒေသကြီးမှ ဌာနကိုယ်စားလှယ်အရာထမ်းများ၊ စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင် ရွက်ရေးအဖွဲ့၏ အဖွဲ့ဝင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာနတွင် ငါးရက်တာ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီး

---

၄ ၂၀၁၇ အောက်တိုဘာလတွင် A&RD SWG (Agriculuture and Rural Development Sector Working Group) ကို A&RD SCG (Agriculuture and Rural Development Sector Coordination Group) ပြောင်းလဲဖွဲ့စည်းခဲ့သည်။

မြှုပ်နှံမှု အစီအစဉ်နှင့်စပ်လျဉ်းသော အလုပ်ရုံဆွေးနွေးပွဲများအား နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏မြို့ (၁၇)ခုတို့၌ ၂၀၁၇ ခုနှစ် မေလမှ ဇွန်လအတွင်း ကျင်းပခဲ့ပြီး ပါဝင်သူစုစုပေါင်း ၃၇၆၃ ဦးတို့၏ အကြံပြုချက်များနှင့် သဘောထားအမြင်များကို ရယူနိုင်ခဲ့ပါသည်။ ပါဝင်တက်ရောက် ဆွေးနွေးသူများမှာ တောင်သူလယ်သမား ၉၄၉ ဦး၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ၇၂၆ဦး၊ ပုဂ္ဂလိက ကဏ္ဍ စိုက်ပျိုးစီးပွားလုပ်ငန်းကိုယ်စားလှယ် ၃၃၂ ဦး၊ လွှတ်တော်ကိုယ်စားလှယ် ၉၉ ဦး၊ အစိုးရဌာနများမှ ကိုယ်စားလှယ် ၁၄၅၆ ဦး၊ မီဒီယာများမှ ၇၂ ဦးနှင့် ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးထားသော အဖွဲ့များမှ ကိုယ်စားလှယ် ၁၂ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးပွဲများမှ ရယူနိုင်ခဲ့သော အားလုံးပါဝင်သည့် ပြည်သူတို့၏ သဘောထားအမြင်နှင့် ဝေဖန်အကြံပြုချက်များ၊ တွေ့ရှိချက်များအား ထည့်သွင်း၍ ADS စတုတ္ထမူကြမ်းကို ပြုစုခဲ့ပါသည်။ စတုတ္ထမူကြမ်းအား အမျိုးသားအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ မဟာဗျူဟာ နယ်ပယ်မှ ပုဂ္ဂိုလ်ငါးဦး၏ သုံးသပ်အကြံပြုချက်များအရ ပဉ္စမမူကြမ်းနှင့် ဤစာတမ်းတို့အား မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။












FARMER
CHANNEL
STUDIO

# အခန်း ၂။ နောက်ခံသမိုင်း

၁၀။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁.၇ သန်းခန့် နေထိုင်လျက်ရှိပြီး တိုင်းရင်းသားလူမျိုးစုအများအပြား ရှိပါသည်။ ၆၇၆၅၇၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းသောမြေဧရိယာရှိပြီး အဓိကစိုက်ပျိုးဂေဟဇုန်(၃)ခုဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသ၊ အလယ်ပိုင်းအပူပိုင်းဇုန်နှင့် တောင်ပေါ်ဒေသများတည်ရှိပါသည်။ မြန်မာနိုင်ငံသည် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄) ခုတို့ဖြင့် ဖွဲ့စည်းထားပြီး တရားဝင်အသိ အမှတ်ပြုထားသော တိုင်းရင်းသား လူမျိုးစု(၁၃၅)စု[၅] ရှိပါသည်။ တောင်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင် လူဦး ရေ ၂၂ သန်းခန့် နေထိုင်လျက်ရှိပြီး လယ်သမားများသည် အထူးသဖြင့် မိုးရာသီကာလတွင် ဆန်စပါး စိုက် ပျိုးထုတ်လုပ်ခြင်းတွင် အဓိက ပါဝင်လုပ်ဆောင်ကြပါသည်။ အလယ်ပိုင်း အပူပိုင်းဇုန်တွင် လူဦးရေ ၁၉ သန်းခန့် နေထိုင်လျက်ရှိပြီး မိုးနည်းရပ်ဝန်းဒေသဖြစ်သည်နှင့် အားလျော်စွာ နှစ်အလိုက် မိုးရေချိန် (၆၀၀) မီလီ မီတာခန့်သာရရှိကြသည်။ လယ်သမားများသည် အများအားဖြင့် မြစ်ဝှမ်းတစ်လျှောက်တွင် နေထိုင်ကြပြီး ဆန်စပါး၊ ဆီထွက်သီးနှံများနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရန်အတွက် မိုးရေနှင့် ရေသွင်းစိုက်ပျိုးရေးအပေါ်တွင် မှီခိုနေရသည်။ ရေသွင်းစိုက်ပျိုးရာတွင် သိုလှောင်ထားသော မြေပေါ် ရေနှင့် ရေလှိုင်တွင်းများမှ ရေပေးဝေမှု နှစ်ခု လုံးအားအသုံးပြုကြသည်။ တောင်ပေါ်ဒေသတွင် လူဦးရေ ၆.၅ သန်းခန့် နေထိုင်ကြပြီး ရှမ်းပြည်နယ်မှာ အကြီး ဆုံးပြည်နယ်ဖြစ်သည်။ တောင်သူလယ်သမားများသည် မိုးကောင်းသောက်စပါး၊ သစ်ပင်သီးနှံအမျိုးမျိုး၊ ဥယျာဉ်ခြံသီးနှံများ၊ ပြောင်းဖူးနှင့် ပဲအမျိုးမျိုး စသည်တို့အား စိုက်ပျိုးလုပ်ကိုင်ကြသည်။ မွေးမြူရေးထုတ်ကုန် လုပ်ငန်းအား ဇုန်သုံးဇုန်လုံးတွင် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရပြီး ငါးလုပ်ငန်းကိုမူ အဓိကအားဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် လုပ်ကိုင်ကြသည်။

၁၁။ လူဦးရေ၏ ၇၂% ခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး ဆင်းရဲနွမ်းပါးသူများ၏ ၈၅%မှာ ယင်းဒေသမှဖြစ်ကာ ကျေးလက်အိမ်ထောင်စုများ၏ ၂၄%မှာ ထိခိုက်လွယ်သော အနေအထားတွင် ရှိသည်။ မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (IHLCS) အရ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၅.၆% ခန့်ရှိပြီး အလုပ်လုပ်နေသူအားလုံး၏ ၆၆.၉%မှာလည်း တစ်နေ့လျှင် အမေရိကန်ဒေါ်လာ (၂) ဒေါ်လာနှုန်းဖြင့် လုပ်ကိုင်နေရကြသည့် ဆင်းရဲသော အလုပ်သမားများ ဖြစ်သည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင်အားလုံး၏ ၅၆%မှာ စိုက်ပျိုးရေးကဏ္ဍမှဖြစ်ပြီး ထိုသို့စိုက်ပျိုးရေးလုပ်ငန်း၊ အမဲလိုက်ခြင်းနှင့် သစ်တောလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေသူများ၏ ၅၄.၂% မှာ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း အောက်တွင်ရှိနေကြသည်။ တစ်ဦးချင်းပျမ်းမျှဝင်ငွေမှာ အမေရိကန်ဒေါ်လာ[၆](၁၂၀၅) သာရှိသဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ စာရင်းဝင်နိုင်ငံပေါင်း (၁၈၀) အနက်အဆင့် (၁၆၅)၌ ရောက်ရှိနေပါသည်။[၇]

---

၅ ၁၂၅,၈၇၀ စတုရန်းကီလိုမီတာ (စုစုပေါင်းမြေဧရိယာ၏ ၁၈.၆%)အား စိုက်ပျိုးရေးလုပ်ငန်းအတွက်အသုံးချထားသည်။

၆ အမေရိကန်ဒေါ်လာနှင့် ဒေါ်လာကို ဤစာတမ်းတွင်လဲလှယ်သုံးစွဲပါသည်။

၇ အမည်ခံအခြေပြု – နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund)

၁၂။ ၂၀၁၅ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှု အညွှန်းကိန်း (HDI) တန်ဖိုးမှာ ၀.၅၅၆ ဖြစ်၍ လူသားဖွံ့ဖြိုးမှုဆိုင်ရာအဆင့်တွင် အလယ်အလတ်အဆင့်သို့ ရောက်ရှိလာခဲ့ပြီး လေ့လာခဲ့သောစာရင်းဝင်နိုင်ငံပေါင်း ၁၈၈ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့် ၁၄၅[၈] သို့ တိုးတက်ရောက်ရှိလာခဲ့သည်။ အဆိုပါ ရမှတ် သည် လူသားဖွံ့ဖြိုးမှုဆိုင်ရာ အလယ်အလတ်အဆင့်တွင်ရှိနေသော နိုင်ငံများအတွက် ပျမ်းမျှရမှတ် ၀.၆၃၁ မှတ်ထက် လျော့နည်းလျက်ရှိပြီး အရှေ့အာရှနှင့်ပစိဖိတ်ဒေသအတွက် ပျမ်းမျှရမှတ် ၀.၇၂၀ မှတ် အောက်တွင် ရောက်ရှိနေပါသည်။ လူနေမှုဘဝနှင့်ကျန်းမာရေးဆိုင်ရာအခြေခံ အချက်အလက်စစ်တမ်း (၂၀၁၅–၂၀၁၆)အရ (၆)လမှ (၁၁)လအရွယ် ကလေးငယ်များ၏ ၇၆.၄%၊ (၁၂)လမှ (၂၃)လအရွယ် ကလေးငယ်များ၏ ၇၄.၈% နှင့် မျိုးဆက်ပွားအရွယ် အမျိုးသမီးများ၏ ၄၆.၆% တွင် သွေးအားနည်း ရောဂါဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိခဲ့သည်။ အသက်(၅)နှစ်အောက်ကလေးများ၏ ၂၉.၂%တွင် ကိုယ်ခန္ဓာ ကြီးထွားဖွံ့ဖြိုးမှုနှေးကွေးခြင်း (ပုညှက်ခြင်း)၊ ၇%တွင် ပိန်လှီခြင်းနှင့် ၁၈.၉%တွင် ကိုယ်အလေးချိန် မပြည့်ခြင်းတို့ကို တွေ့ရှိရပါသည်။ (၆)လမှ (၂၃)လအရွယ်ကလေးငယ်များ၏ ၁၆%သာ အနိမ့်ဆုံးလက်ခံနိုင်သည့် အစာအာဟာရ (Minimum Acceptable Diet – MAD) ကို စားသုံးလျက်ရှိသည်။ ၎င်းသည် ကလေးငယ်များအားအစာကျွေးသည့်အကြိမ်ရေနှင့် ကလေးငယ်များစားသုံးသည့် အစာအုပ်စုအရေအတွက် နှစ်ခုလုံးအား တိုင်းတာခြင်းဖြစ်သည်။

၁၃။ စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၃၀% နီးပါးခန့်ရှိပြီး စက်မှုလုပ်ငန်းမှာ ၂၅% ခန့်နှင့် ဝန်ဆောင်မှုလုပ်ငန်းများမှာ ၄၅% ခန့်ရှိသည်။ အရှေ့တောင်အာရှ ဒေသတွင်းရှိ အခြားနိုင်ငံများမှာကဲ့သို့ပင် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုအများစုသည် စိုက်ပျိုးရေးကဏ္ဍနှင့် သဘာဝ သယံဇာတ ကဏ္ဍများနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဆက်နွယ်လျက်ရှိသည်။

၁၄။ ပြည်ပပို့ကုန်တန်ဖိုး စုစုပေါင်း၏ ၂၅% ခန့်မှာလည်း စိုက်ပျိုးရေးကဏ္ဍမှဖြစ်သည်။ ယခုအခါတွင် ပဲမျိုးစုံမှာ အကြီးဆုံးသော စိုက်ပျိုးရေးပို့ကုန်ဖြစ်ပြီး ၂၀၁၅–၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာဘီလီယံ ၁.၁၅ ဝင်ငွေ ရရှိခဲ့သည်။ ဆန်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားစိုက်ပျိုးရေးပို့ကုန်များမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ မှ ၅၀၀ အတွင်း ဝင်ငွေရရှိခဲ့သည်။

၁၅။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းသည် မြန်မာ့စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် လွှမ်းမိုးနေဆဲဖြစ်ပြီး ၂၀၁၆–၁၇ခုနှစ်တွင် မက်ထရစ်တန်ချိန် ၂၈.၂သန်းခန့်ထွက်ရှိခဲ့သည်။ ၎င်းသည် ရိတ်သိမ်းခဲ့သော ဧရိယာစုစုပေါင်း၏ ၄၅.၇% ရှိပြီး မြန်မာနိုင်ငံတွင် စိုက်ပျိုးသော အဓိကသီးနှံများ ထုတ်လုပ်မှုပမာဏ၏ ၅၃.၄%ရှိသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆန်စပါးဖူလုံမှုနှုန်းမှာ ၁၆၈%ခန့် ရှိမည်ဟု ခန့်မှန်းထားသော်လည်း မန္တလေးတိုင်းတွင် ၆၆%၊ မကွေးတိုင်းတွင် ၉၈% နှင့် ချင်းပြည်နယ်တွင် ၆၉% အသီးသီးသာ ရှိကြသည်။

၁၆။ အခြားအဓိကသီးနှံတို့တွင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ရာဘာတို့ပါဝင်သည်။ စိုက်ပျိုးရာသီဥတုဇုန်အမျိုးမျိုးရှိသဖြင့် ဤနိုင်ငံတွင် ကြံ၊ ပြောင်းဖူး၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုး (ယင်းတို့အနက် အချို့ကို အထူးသဖြင့်တရုတ်နိုင်ငံသို့တင်ပို့သည်)၊ ဆီအုန်း၊ ကော်ဖီနှင့် လက်ဖက်တို့ကိုလည်း စိုက်ပျိုးထုတ်လုပ်ပါသည်။

၁၇။ မြန်မာတို့၏ စားသောက်မှုပုံစံတွင် ပမာဏအားဖြင့် ဆန်ပြီးလျှင် ငါးမှာ ဒုတိယအများဆုံး စားသုံးသဖြင့် ငါးသည်မြန်မာလူမျိုးတို့အတွက် အရေးကြီးဆုံးသော တိရစ္ဆာန်ပရိုတိန်းရင်းမြစ်ပင်ဖြစ်သည်။ ထို့အပြင် ငါးမွေးမြူရေးကဏ္ဍမှ နှစ်စဉ် ကန်ဒေါ်လာ သန်း ၃၀၀ ကျော်အား နိုင်ငံခြားကုန်သွယ်မှု ပိုငွေအဖြစ် ရရှိနေသည်။ ၎င်းသည် ကမ်းရိုးတန်းဒေသတွင် အလုပ်အကိုင်ရရှိနိုင်သည့် အရေးပါသောရင်းမြစ်တစ်ခုလည်း ဖြစ်ပြီး ထိုလုပ်ငန်းတွင် လူဦးရေ ၂.၆ သန်းခန့် လုပ်ကိုင်လျက်ရှိကာ တစ်နှစ်ပတ်လုံးအလုပ်အကိုင်ရရှိစေသည်။

---

၈ လူသားဖွံ့ဖြိုးမှုဆိုင်ရာ အညွှန်းကိန်း ၂၀၁၇ခုနှစ် မတ်လ၂၁ရက် အစီရင်ခံစာ

၁၈။ မွေးမြူရေးနှင့်ရေလုပ်ငန်းသည် စိုက်ပျိုးရေးဆိုင်ရာ စုစုပေါင်း ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု တန်ဖိုး၏ ၂၆% ခန့်ရှိသည်။ မွေးမြူရေးကဏ္ဍတွင် နွားကောင်ရေ ၁၆.၆ သန်း၊ ကျွဲကောင်ရေ ၃.၆ သန်း၊ ဝက်ကောင်ရေ ၁၆.၅ သန်း၊ သိုးနှင့် ဆိတ်အကောင်ရေ ၈.၈ သန်း၊ ကြက်ငှက်အကောင်ရေ ၃၁၉ သန်းနှင့် ဘဲအကောင်ရေ ၂၉ သန်းခန့်ရှိပြီး ထိုကဏ္ဍမှာ ကြီးထွားလာလျက်ရှိပါသည်။ အထူးသဖြင့် မြို့ပြဒေသတွင် တစ်ဦးချင်းပျမ်းမျှဝင်ငွေမှာ လျင်မြန်စွာမြင့်တက်လာသည်နှင့်အမျှ တိုးမြင့်လာနိုင်သော ပြည်တွင်းဝယ်လိုအားကို ပြည့်မီစေရန်အတွက် မွေးမြူရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဟု မျှော်လင့်နိုင်ပါသည်။ မကြာသေးမီက နှစ်နိုင်ငံအစိုးရအကြား ပြုလုပ်ခဲ့သော သဘောတူညီချက်အရ တရုတ်နိုင်ငံသို့ နှစ်စဉ် ကျွဲ၊ နွား တိရစ္ဆာန်ကောင်ရေ (၁)သန်းအထိ တင်ပို့သွားရန်ရှိပြီး ၎င်းသည် အာဆီယံဒေသတွင်းရှိ မဟာမဲခေါင်ဒေသ (Greater Mekong Sub- Region, GMS)အတွက် အသားတင်ပို့မှုတွင်လည်း အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။

၁၉။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍမှာ ကုန်ထုတ်စွမ်းအား နည်းပါးခြင်း၊ မညီမျှခြင်းနှင့် မတည်ငြိမ်မှု မြင့်မားခြင်းတို့ ကြုံတွေ့နေရသည်။ ဖွံ့ဖြိုးရန်အလားအလာရှိသော်လည်း စိုက်ပျိုးရေးကဏ္ဍသည် ကျေးလက်လမ်းများကဲ့သို့သော အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုမလုံလောက်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ တိုးချဲ့ပညာပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်း၊ ဝန်ဆောင်မှုများအားနည်းခြင်းစသည်တို့၏ အကျိုးဆက်များကို ဆယ်စုနှစ်ပေါင်းများစွာခံစားခဲ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ဆည်မြောင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၌ အဓိကထားရင်းနှီးမြှုပ်နှံခဲ့ပြီး အထူးသဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းအတွက် မြေပေါ်ရေပေးသွင်းနိုင်ရန် ရေကာတာများ၊ ရေလှောင်ကန်များနှင့် ပင်မတူးမြောင်းစနစ်များ တည်ဆောက်ခဲ့ကြသည်။ သို့သော်လည်း များစွာသော လယ်သမားများအတွက် ရေရရှိရေးမှာ မသေချာသောအနေအထားတွင် ရှိနေသေးသည်။ ကဏ္ဍခွဲအချို့တွင် သီးနှံအထွက်တိုးတက်သော်လည်း လယ်ယာထွက်ကုန် သီးနှံပေါက်ဈေးများမှာ အများအားဖြင့် နည်းပါးပြီး (မူဝါဒကြောင့်သော်လည်းကောင်း သို့မဟုတ် ဖွဲ့စည်းပုံကြောင့်သော်လည်းကောင်း) အတက်အကျမြန်လျက်ရှိသည်။ (ဈေးကွက်အဆက်အသွယ်အားနည်းမှုကြောင့် သို့မဟုတ် ပြည်ပဝယ်လိုအား မတည်ငြိမ်မှုကြောင့်) လယ်ယာမြေများ ခွဲဝေပေးရာတွင် မျှတမှု မရှိခြင်းနှင့် စိုက်ပျိုးရေးလုပ် ငန်းတွင် ရာသီအလိုက်သာ လုပ်သားလိုအပ်ချက်ရှိခြင်းတို့ကြောင့် ကျေးလက်ဝင်ငွေများမှာ တန့်နေခြင်း (သို့မဟုတ်) ကျဆင်းလာခြင်း၊ မြေယာမဲ့မှုများ တိုးပွားလာခြင်းနှင့် ကျေးလက်နေပြည်သူများတွင် ကြွေးမြီ ပမာဏမြင့်မားလာခြင်းတို့ဖြင့် ကြုံတွေ့နေရသည်။ အကျိုးဆက်အနေဖြင့် ကျေးလက်ဒေသတွင် ဆင်းရဲနွမ်းပါးမှု ပိုမိုကျယ်ပြန့်လာခဲ့သည်။

၂၀။ စားနပ်ရိက္ခာမဖူလုံမှုမှာ ဝေးလံခေါင်သီသော တောင်တန်းဒေသများတွင် ပြဿနာတစ်ရပ်ဖြစ်သည်။ (အာရှဖွံ့ဖြိုးရေးဘဏ်၊ ၂၀၁၂ခုနှစ်) သို့သော် ပိုမိုဖွံ့ဖြိုးသော မြစ်ဝကျွန်းပေါ်ဒေသတွင်လည်း နာဂစ်မုန်တိုင်းကျပြီး နောက်ပိုင်း၌ ဤပြဿနာနှင့် ကြုံတွေ့နေရကြောင်း အချို့သောသတင်းရင်းမြစ်များမှသိရှိရသည်။ (စတိုင်းဘာဂ့် ၂၀၁၀ခုနှစ်၊ ဒါပိစ်နှင့်အခြား ၂၀၁၀ခုနှစ်) လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းကို အမီလိုက်ရန် ဖိအားသက်ရောက်မှုများရှိသဖြင့် ကြွေးမြီယူခြင်း ပိုမိုများပြားလာပြီး အလုပ်အကိုင်ရှာဖွေရန် အိမ်နီးချင်း နိုင်ငံများသို့ ရွှေ့ပြောင်းသွားလာခြင်းကို အားပေးသကဲ့သို့ ဖြစ်လျက်ရှိသည် (ဒါပိစ်နှင့် အခြား ၂၀၁၀ခုနှစ်)။

၂၁။ ဤနောက်ခံအခြေအနေများအရ မြန်မာ့စိုက်ပျိုးရေးနှင့် သဘာဝ သယံဇာတကဏ္ဍ၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများ (SWOT) သုံးသပ်ချက်ကို ဖော်ပြချက် (၁) တွင် ဖော်ပြထားပါသည်။

ဖော်ပြချက် ၁။ မြန်မာ့စိုက်ပျိုးရေးနှင့် သယံဇာတ ကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ ခြိမ်းခြောက်မှု သုံးသပ်ချက် (SWOT)

| အားသာချက်များ | အားနည်းချက်များ |
| --- | --- |
| • သဘာဝသယံဇာတကြွယ်ဝခြင်း (ရေ၊ မြေ၊ သစ်တော၊ ကမ်းရိုးတန်း)။<br>• စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သစ်တောလုပ်ငန်းတို့နှင့် ကိုက်ညီသော စိုက်ပျိုး-ဂေဟနယ်မြေ အမျိုးမျိုးရှိခြင်း။<br>• မြေယာ/လုပ်အားအချိုး အတန်အသင့်မြင့်မားခြင်း။<br>• အချို့ကုန်ပစ္စည်းများ ပိုလျှံခြင်း (ဆန်၊ ပဲအမျိုးမျိုး၊ သစ်သီး၊ ပြောင်း၊ ငါး၊ ပုစွန်၊ ကျွဲနွား စသည်)<br>• ပြည်တွင်းဈေးကွက် ကြီးထွားလာခြင်း<br>• နယ်မြေဒေသတွင်း ပေါင်းစည်းမှုနှင့် ဆက်သွယ်ဆောင်ရွက်မှု အားကောင်းလာခြင်း၊ အထူးသဖြင့် အာဆီယံနှင့် မဲခေါင်ဒေသ။<br>• တရုတ်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများသို့ ကုန်တင်ပို့ရန်အတွက် မဟာဗျူဟာမြောက်သော တည်နေရာတွင် တည်ရှိနေခြင်း။<br>• ရေရရှိနိုင်မှု မြင့်မားခြင်းနှင့် မဖော်ထုတ်ရသေး သော ရေသွင်းစိုက်ပျိုး နိုင်ချေရှိသည့် နယ်မြေများ ရှိခြင်း။ | • လုပ်သားအင်အား၊ မြေယာကုန်ထုတ်စွမ်းအားနှင့် ကုန်ထုတ်စွမ်းအား ကြီးထွားမှုနှုန်း နည်းပါးခြင်း။<br>• သုတေသနပြုလုပ်ခြင်း၊ တိုးချဲ့ပညာပေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းတို့တွင် ရန်ပုံငွေမလုံလောက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်းနှင့် အမျိုးသမီး၊ အမျိုးသား တောင်သူလယ်သမားများ၏ လိုအပ်ချက်များ၊ တောင်းဆိုချက်များအား တုန့်ပြန်နိုင်စွမ်း နည်းပါးခြင်း ။<br>• စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနအတွင်းရှိ ဦးစီးဌာနများမှာ အပြည့်အဝ ပေါင်းစည်းရန် လိုအပ်နေသေးခြင်းနှင့် မူဝါဒဆိုင်ရာ ဦးစားပေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဘတ်ဂျက်ပြင်ဆင်ရေးဆွဲမှု ပြုလုပ်ရန် လိုအပ်ခြင်း။<br>• တောင်သူများမှ မျိုးစေ့များ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ စသည့် အရည်အသွေး ပြည့်မီသော သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် အခြေခံ အဆောက်အဦများနှင့် တိရစ္ဆာန်များ ကျန်းမာရေးအတွက် ဆေးဝါးများနှင့် ဝန်ဆောင်မှု များအား အချိန်မီရရှိနိုင်ရေးတွင် အကန့်အသတ် ရှိနေခြင်း။<br>• လုပ်ကွက်ငယ် တောင်သူများမှ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများသို့ လက်လှမ်းမမီခြင်း။<br>• စပါးမှတစ်ပါး အမယ်စုံစိုက်ပျိုးနိုင်မှု နည်းပါးခြင်း။<br>• အမျိုးသမီးနှင့် အမျိုးသား လုပ်ကွက်ငယ် တောင်သူများမှ မြေယာလုပ်ပိုင်ခွင့် အာမခံချက်ရှိမှုနည်းခြင်း။ ၎င်းသည် မြေယာမှတ်ပုံတင်ခြင်း၊ မြေအသုံးချမှု အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် ပိုင်ဆိုင်ခွင့်သတ်မှတ်ခြင်း လုပ်ငန်းများတွင် ရန်ပုံငွေမလုံလောက်ခြင်းနှင့် ထိရောက်မှုမရှိခြင်းတို့ကြောင့် ပို၍ခက်ခဲလျက်ရှိသည်။<br>• စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုမှာ အကန့် အသတ်ဖြင့်သာရှိခြင်း။<br>• ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး အခြေခံ အဆောက်အအုံများ အားနည်းခြင်း။<br>• စိုက်ပျိုးရေးကဏ္ဍတွင် ကျားမရေးရာ တန်းတူညီမျှမှု မရှိခြင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးများရရှိမှု မလုံလောက်ခြင်း။<br>• အဖွဲ့အစည်းများသည် အဓိကကျသော စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များဖြစ်သည့် စီမံကိန်းရေးဆွဲခြင်း၊ မူဝါဒချမှတ်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း၊ အကာအကွယ်ပေးခြင်း စသည်တို့အား ဆောင်ရွက်နိုင်မှု အားနည်းခြင်း။<br>• ရေအရင်းအမြစ်များနှင့် ဆည်မြောင်းစနစ်များအား ထိရောက်စွာ အသုံးမချနိုင်ခြင်း။<br>• စာရင်းအင်းဆိုင်ရာစနစ်များ အားနည်းခြင်း။<br>• စိုက်ပျိုးကုန်ထုတ်လုပ်ငန်းမှ တန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှု နည်းပါးခြင်း။ |

| အခွင့်အလမ်းများ | ခြိမ်းခြောက်မှုများ |
| --- | --- |
| • မြန်မာနိုင်ငံ၏ မြို့ပြဒေသတို့တွင် ဘေးကင်းသော၊ အဆင်ပြေလွယ်ကူသော အသင့်စား အစားအစာများ ဝယ်လိုအားတိုး မြင့်လာခြင်း။<br>• မြန်မာနိုင်ငံမှ အားသာချက်ရှိထားသော ထုတ်ကုန်များအား ပြည်ပသို့တင်ပို့ရန် တောင်းဆိုမှု တိုးမြင့်လာခြင်း။<br>• မဲခေါင်ဒေသ၊ အာဆီယံဒေသများနှင့် ဒေသ အတွင်း ပေါင်းစည်းဆောင်ရွက်များတိုး လာခြင်းနှင့် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာ (ICT)ဆိုင်ရာနှင့် စီးပွားရေးလမ်းကြောင်းများအလိုက် ဆက်သွယ်ဆောင်ရွက်မှု တိုးလာခြင်းတို့ကြောင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှု ကြီးထွားလာခြင်း။<br>• ဆန်၊ ပဲမျိုးစုံ၊ သစ်သီးဝလံ၊ ဟင်းသီး ဟင်းရွက် များ၊ ငါး၊ ပုစွန်၊ ကျွဲနွား တိရစ္ဆာန်၊ ပြောင်း၊ ပီလောပီနံ စသည်တို့အား ပြိုင်ဆိုင်တင်ပို့နိုင်ရန် အလားအလာ မြင့်မားခြင်း။ | • မြေယာသိမ်းယူမှုများ  ဆက်လက် ပြုလုပ်နေခြင်းကြောင့် မညီမျှမှုများအား ပိုမိုဆိုးရွားစေပြီး လူမှုရေးနှင့် စီးပွားရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်စေခြင်း။<br>• သဘာဝ သယံဇာတများအား ရေရှည်ခံအောင် မသုံးစွဲနိုင်သဖြင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးလာကာ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလာနိုင်ခြင်း။<br>• သဘာဝဘေးအန္တရာယ်များ ကျရောက်မှု အကြိမ်ရေနှင့် ပြင်းထန်မှုတို့ မြင့်တက်လာခြင်း။<br>• ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားနှင့် စိုက်ပျိုးနိုင်သော မြေဧရိယာပေါ်တွင် အကျိုးသက်ရောက်မှုများ ရှိခြင်း။<br>• ဈေးကွက်အတွင်း အနည်းငယ်သာရှိသော ကုန်စည်လက်ကားဆိုင်များကို အားထားနေရသောကြောင့် ဈေးနှုန်း မတည်ငြိမ်မှုများ တိုးပွားလာခြင်း။<br>• လူသားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မှုများ မလုံလောက်ခြင်းကြောင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ခြင်းနှင့် ဘဏ္ဍာငွေ အသုံးပြုနိုင်စွမ်းများ လျော့နည်းလျက်ရှိခြင်း။<br>• ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်မှာ နှေးကွေး လျက်ရှိခြင်းနှင့် လူမှုစီးပွားရေးဆိုင်ရာ မတည်ငြိမ်မှုများ တိုးပွားလာခြင်း။<br>• အရှေ့တောင်အာရှနိုင်ငံများ စီးပွားရေး အသိုက်အဝန်း (AEC) အတွင်းရှိ အာဆီယံ အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်မှုနည်းခြင်း။ |



ယနေ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ယခင်ကဝန်ကြီးဌာန (၃)ခုကို တပေါင်းတစည်းတည်း ဖွဲ့စည်း ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ယနေ့ ဝန်ကြီးဌာန၏ တာဝန်သည် သီးနှံစိုက်ပျိုးမှု တစ်ခုကိုသာ ရည်ရွယ်ချက်ထား ဦးတည်ခြင်း မဟုတ်တော့ဘဲ သား၊ ငါး၊ ရေထွက် ပစ္စည်းအပါအဝင် တန်ဖိုး မြှင့် လယ်ယာထွက်ကုန် အမယ်စုံနှင့် လယ်ယာမိသားစု အိမ်တွင်းမှုထုတ်ကုန်များ အရည်အသွေးမီ ထုတ်လုပ်ရေး နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး တို့ကိုပါ ရှေးရှု၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျား၊ မ တန်းတူ အသေးစား လုပ်ကွက်ငယ်တောင်သူများကို အဓိက ဦးတည်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခြင်းသည် ဆင်းရဲနွမ်းပါးမှုကိုလျော့ချ၍ တန်းတူညီမျှမှုကို ဖော်ဆောင်ပေးရုံသာမက စီးပွားရေးစွမ်းဆောင်ရည်ကိုပါမြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွင် အသေးစားလုပ်ကွက်ငယ် တောင်သူလယ်သမားအားလုံးကို ကျား၊မ မခွဲခြားဘဲ ဦးစားပေး သတ်မှတ်ထားသည်၊ အထူးသဖြင့် အမျိုးသမီး လယ်ယာလုပ်သားနှင့် တောင်သူ အိမ်ထောင်စုဝင် အမျိုးသမီးများသည် သီးနှံ စိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်း အများစုကို ဆောင်ရွက်ရသူများဖြစ်၍ ၎င်းတို့၏ ဖွံ့ဖြိုးရေးဦးတည် ဆောင်ရွက်ရန် အရေးကြီးပါသည်။ ကျား၊ မ တန်းတူ အသေးစား လုပ်ကွက်ငယ်တောင်သူများကို အဓိကဦးတည်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခြင်းသည် ဆင်းရဲနွမ်းပါးမှုကိုလျော့ချ၍ တန်းတူညီမျှမှုကို ဖော်ဆောင်ပေးရုံသာမက စီးပွားရေး စွမ်းဆောင်ရည်ကိုပါ မြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွင် အသေးစားလုပ်ကွက်ငယ် တောင်သူလယ်သမားအားလုံးကို ကျား၊မ မခွဲခြားဘဲ ဦးစားပေးသတ်မှတ်ထားသည်၊ အထူးသဖြင့် အမျိုးသမီး လယ်ယာ လုပ်သားနှင့် တောင်သူ အိမ်ထောင်စုဝင် အမျိုးသမီးများသည် သီးနှံ စိုက်ပျိုး ထုတ်လုပ်မှု လုပ်ငန်းအများစုကို ဆောင်ရွက်ရသူများ ဖြစ်၍ ၎င်းတို့၏ ဖွံ့ဖြိုးရေးဦးတည် ဆောင်ရွက်ရန် အရေးကြီးပါသည်။

နိုင်ငံနှင့်အဝှမ်း သိမ်းဆည်းမြေ ပြဿနာများကို ဖြေရှင်းခြင်းသည် စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန၏ အဓိက ဦးစားပေး လုပ်ငန်း ဖြစ်ပါသည်။ သိမ်းဆည်းမြေပြဿနာကို ဝိုင်းဝန်းဖြေရှင်း၍ ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုကို ချမှတ်ကျင့်သုံးနိုင်စေခြင်းဖြင့် ပြည်ထောင်စုဝန်ကြီးဌာန၏ ပုံရိပ်တိုးတက်လာစေသလို အစိုးရ၏ ကောင်းမွန်သောပုံရိပ်ကိုပါ ဖော်ဆောင်ပေးနိုင်ပါလိမ့်မည်။

# အခန်း ၃။ အဓိကအကြောင်းကိစ္စရပ်များ

## ၃.၁။ စိုက်ပျိုးရေးဆိုင်ရာ အသွင်ကူးပြောင်းမှု အခြေအနေနှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ နောက်ဆက်တွဲ အကျိုးဆက်များ

၂၂။ စိုက်ပျိုးရေးကဏ္ဍအတွက် စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန၏ အဓိကအခန်းကဏ္ဍမှာ စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံရေးတွင် အာမခံချက်ပေးနိုင်ရန်၊ ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိစေရန်နှင့် အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုအား လျှော့ချနိုင်ရန်၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရန်၊ စိုက်ပျိုးမြေများနှင့် လုပ်အား၊ ကုန်ထုတ်စွမ်းအား တိုးတက်လာစေရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အား အထောက်အကူပြုနိုင်ရန်တို့ဖြစ်ပါသည်။ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန၏ အခန်းကဏ္ဍမှာ သီးနှံစိုက်ပျိုးရေးတစ်မျိုးတည်းကိုသာ ဦးတည်ဆောင်ရွက်နေရာမှ တန်ဖိုးမြင့် ထွက်ကုန်များရရှိရန်အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းတို့ကိုပါတွဲဖက်၍ အမယ်စုံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ကျေးလက်ဒေသ၏ လယ်ယာပြင်ပကဏ္ဍ ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ခြင်းအထိ တဖြည်းဖြည်းတိုးတက် ပြောင်းလဲလာစေရန်ဖြစ်သည်။ ယင်းတို့သည် စိုက်ပျိုးရေးဆိုင်ရာ အသွင်ကူးပြောင်းမှုဖြစ်စဉ်အတွက် အဓိကကျသော အပိုင်းများဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအစိုးရ၏ စိုက်ပျိုးရေးကဏ္ဍ ခေတ်မီတိုးတက်စေရေး ရည်မှန်းချက်များကိုလည်းပြည့်မီစေပြီး ကျား၊ မ၊ လုပ်ခ၊ လစာကွာဟမှုအား လျှော့ချနိုင်ရန်နှင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှုအား မြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။

၂၃။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် လာမည့်(၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို စိုက်ပျိုးရေးမူဝါဒ၏ လမ်းညွှန်ချက်များနှင့်အညီ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် မဟာဗျူဟာတစ်ခုပင်ဖြစ်သည်။ ယင်းကာလအတွင်းတွင် တန်ဖိုးမြင့်ခြင်းနှင့်ထောက်ပံ့ဖြည့်ဆည်းရေး ကွင်းဆက်များ ပါဝင်သော စိုက်ပျိုးစီးပွားရေးလုပ်ငန်း (Agribussiness) များသည် စိုက်ပျိုးထုတ်လုပ်ခြင်း ကဏ္ဍတစ်ခုတည်းသာပါဝင်သော စိုက်ပျိုးရေးလုပ်ငန်း (Primary Industry) ထက် ကြီးထွားမှု ပိုမိုမြန်ဆန်လာနိုင်သည်ဟု မျှော်မှန်းထားသည်။ စိုက်ပျိုးရေးနှင့် အခြားစီးပွားရေးကဏ္ဍများအကြား ခိုင်မာစွာချိတ်ဆက်ထားမှုများသည် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရာတွင် အဓိက ကျလျက်ရှိသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးကိုအခြေခံသော လယ်ယာပြင်ပလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စီးပွားရေးတစ်ရပ်လုံး ခိုင်မာစွာ ကြီးထွားလာစေရန်၊ ပို၍မျှတသော ကျေးလက်စီးပွားရေးဖြစ်ထွန်းစေရန်နှင့် အလုပ်အကိုင် ပေါ်ပေါက်လာစေရန်တို့အတွက် အခြေခံဖြစ်ပါသည်။

၂၄။ ဤအခြေအနေတွင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် စိုက်ပျိုးရေးကဏ္ဍတစ်ရပ်လုံးအား ခြုံငုံသုံးသပ်၍ ကုန်ထုတ်ကဏ္ဍများ (သီးနှံများ၊ မွေးမြူရေး၊ ရေလုပ်ငန်း)ကို သာမက ကုန်ချောပြုလုပ် ပြင်ဆင်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုနှင့် အခြားဝန်ဆောင်မှုများ (သိုလှောင်ခြင်း၊ ထောက်ပံ့ပို့ ဆောင်ခြင်း၊ ဘဏ္ဍာရေး၊ ဈေးကွက်တင်ခြင်း၊ သုတေသန၊ ပညာပေးခြင်း)ကိုလည်း အလေးထား၍ ထည့်သွင်းသွားမည်ဖြစ်သည်။ ထို့ပြင် ငွေကြေးအရ ရေရှည်တည်တံ့နိုင်မည့် တောင်သူလယ်သမားအဖွဲ့အစည်းများ ပေါ်ထွက်လာခြင်းအား မြှင့်တင်အားပေးမည့် အကြောင်းအချက်များကိုလည်း ထည့်သွင်းလုပ်ဆောင်သွားမည် ဖြစ်သည်။

၂၅။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် အခြေခံစိုက်ပျိုး၊ မွေးမြူထုတ်လုပ်သည့် လုပ်ငန်းမှ ဝင်ငွေပိုမိုရရှိနိုင်သည့် ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍတို့ကို အလေးထားဆောင်ရွက်ရန်ဟူသော မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာ အသွင်ကူးပြောင်းရေးမူဘောင်ကို ထည့်သွင်းစဉ်းစား ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေးကိုအခြေခံသော လူ့အဖွဲ့အစည်းမှသည် ဝန်ဆောင်မှုများနှင့် စက်မှုလုပ်ငန်းတို့မှ ဝင်ငွေအများဆုံးရရှိသည့် လူ့အဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲရန်ဟူသော မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ အသွင်ကူးပြောင်းရေး မူဘောင်ကို သုံးသပ်ဆင်ခြင်ကာ ရေးဆွဲခဲ့သည်။ ယင်းဖြစ်စဉ်သည် မြန်မာလူထုအတွက် စားနပ်ရိက္ခာ ထုတ်လုပ်ပုံနှင့် ဖြန့်ဖြူးပုံစနစ်များ၊ ကျေးလက်ဒေသ၏ လယ်ယာပြင်ပ ကဏ္ဍအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်သားအင်အားနှင့် မြေယာကုန်ထုတ်စွမ်းအား၊ ကုန်သွယ်ရေး၊ အလုပ်အကိုင်ရရှိမှုနှင့် လူငယ်များ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်မှု၊ စိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသမီးတို့၏ အခန်းကဏ္ဍနှင့် များပြား၍ ပိုမိုပြင်းထန်လာသော ရာသီဥတုပြောင်းလဲမှုဖြစ်ရပ်များတွင် သဘာဝ သယံဇာတစီမံခန့်ခွဲမှုစသည်တို့အပေါ်တွင် ကြီးမားသော အကျိုးဆက်များရှိနေပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် စိုက်ပျိုးရေးဆိုင်ရာ အသွင်ကူးပြောင်းမှုဖြစ်စဉ်ကို မြန်ဆန်လာစေမည့်အပြင် မြန်မာ့လူမှုအဖွဲ့အစည်း၏ မျှော်မှန်းချက်များ၊ ကန့်သတ်ချက်များနှင့်အညီ ပုံဖော်ရေးဆွဲထားသည်။

၂၆။ ဤအသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် အရာများစွာသည် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လျက်ရှိသည်။ (တင်မာ,(Timmer)၂၀၀၇ခုနှစ်) ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး(GDP)နှင့် လုပ်သားအင်အားတွင် စိုက်ပျိုးရေးကဏ္ဍမှ ပါဝင်မှုအချိုးမှာ ကျဆင်းလျက်ရှိသည်။ သို့သော်တစ်ချိန်တည်းမှာပင် စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားနှင့် စိုက်ပျိုးရေးဆိုင်ရာ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးတို့မှာ တိုးတက်လာသည်။ ထို့ကြောင့် စုစုပေါင်း ဂျီဒီပီတွင် ပါဝင်မှုအချိုးမှာ လျော့နည်းနေသော်လည်း စိုက်ပျိုးရေးဆိုင်ရာ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု တန်ဖိုးမှာကြီးထွားလျက်ရှိသည်။

၂၇။ စိုက်ပျိုးရေးဆိုင်ရာ အသွင်ကူးပြောင်းမှု ဖြစ်စဉ်နှင့် ကြုံတွေ့နေကြသည့် နိုင်ငံများ၏ အတွေ့အကြုံများမှ ရရှိခဲ့သောသင်ခန်းစာများကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြထားပါသည်။ (ဂိုလက်တီ (Goletti) ၂၀၁၁ ခုနှစ်)

(က) အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် အရှိန်မြှင့်တင်ရန်။ အထူးသဖြင့် သုတေသန၊ ပညာရေးနှင့် တိုးချဲ့ပညာပေးလုပ်ငန်း (REE) ဟူသော သတင်းသုတတြိဂံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် စိုက်ပျိုးရေးကုန်ထုတ်စွမ်းအားကို မြှင့်တင်ရာတွင်၊ အထူးအားဖြင့် စွန့်ဦးတီထွင်မှုအား ဒေသတွင်းရင်းမြစ်များစွာထံမှ လက်လှမ်းမီရယူနိုင်ပါက ကြီးမားသော အကျိုးသက်ရောက်မှုများရှိနိုင်သည်။

(ခ) ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မှုကို အခြေခံပြီး အားလုံးပါဝင်စေသော စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရန်။ စီးပွားရေး၊ လူမှုရေးနှင့် ပထဝီဝင်အနေအထားအရ မညီမျှမှုများကို ပြေလျော့စေမည့် စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ပိုမိုတည်ငြိမ်သော ကြီးထွားဖွံ့ဖြိုးမှု မြင့်မားလာစေမည်။

(ဂ) ယှဉ်ပြိုင်နိုင်စွမ်းရှိသော တန်ဖိုးကွင်းဆက်များတွင် လုပ်ကွက်ငယ်တောင်သူများ ပါဝင်လာစေရန်နှင့် ၎င်းတို့၏အသင်းအဖွဲ့များအား ပေါင်းစည်းပါဝင်စေရန်။ လုပ်ကွက်ငယ် တောင်သူတို့မှာ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ၏ ကျောရိုးသဖွယ်ဖြစ်သည်။ လုပ်ကွက်ငယ် တောင်သူများအား ဖွဲ့စည်းထားသော တန်ဖိုးကွင်းဆက်များအတွင်းရှိ စိုက်ပျိုးစားသောက်ကုန်လုပ်ငန်းများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်တိုးမြှင့်လာနိုင်ပြီး မြန်မာနိုင်ငံရှိ တိုးပွားလာသော မြို့ပြလူဦးရေနှင့် ပြည်ပနိုင်ငံများ၏ ဝယ်လိုအားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

(ဃ) ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရန်၊ ကျေးလက်ဒေသစိုက်ပျိုးစီးပွား

လုပ်ငန်းများနှင့် မြန်မာနိုင်ငံ၏ ကျေးလက်စီးပွားရေးကို အားဖြည့်ပေးမည့် ဒေသတွင်း စီးပွားဝန်းကျင်များအား မြှင့်တင်ပေးရန်။

၂၈။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)ရေးဆွဲပြင်ဆင်ချိန်တလျှောက်တွင်ကျင်းပခဲ့သောတိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် မြန်မာနိုင်ငံအနေဖြင့် လျင်မြန်သော၊ ရေရှည်တည်တံ့သော၊ အားလုံးပူးပေါင်းပါဝင်သော စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်မြစ်ချဆောင်ရွက်လိုပါက ထည့်သွင်းစဉ်းစားရမည့် အဓိကဦးစားပေး မူဝါဒဆိုင်ရာကိစ္စရပ်များနှင့် ရွေးချယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများမှာ အောက်ပါအတိုင်း ထွက်ပေါ်လာပါသည်။

## ၃.၂။ ပေါင်းစည်းထားသော တန်ဖိုးကွင်းဆက်များ၏ ဖွံ့ဖြိုးတိုးတက်မှု

### ၃.၂.၁။ လုပ်ကွက်ငယ်တောင်သူများ၏ ဘဝမြှင့်တင်ရေး

၂၉။ လယ်မြေပိုင်ဆိုင်သူ၏ ၈၀%မှာ (၁၀)ဧကအောက်ကိုသာ ပိုင်ဆိုင်ကြသဖြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် အမျိုးသားနှင့် အမျိုးသမီးလုပ်ကွက်ငယ် တောင်သူများအား၊ အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အလုပ်တာဝန်အများဆုံး လုပ်ဆောင်နေကြရသော လုပ်ကွက်ငယ်တောင်သူများ၏ အမျိုးသမီး အိမ်ထောင်စုဝင်များအား လျစ်လျူမရှုနိုင်ပေ။ ဒေသဆိုင်ရာအတွေ့အကြုံများအရ အမျိုးသားနှင့် အမျိုးသမီး လုပ်ကွက်ငယ်တောင်သူတို့အား အလေးပေးခြင်းသည် ဆင်းရဲနွမ်းပါးမှုလျော့ချခြင်းနှင့် မညီမျှမှုတို့ကို လျော့ချခြင်းတို့ကိုသာမက ထိရောက်မှုရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေနိုင်သည့် အကျိုးသက်ရောက်မှုရှိစေနိုင်ပါသည်။

၃၀။ အထူးအထွက်တိုး စပါးစိုက်ပျိုးရာတွင် ဥပမာအားဖြင့် အာရှတိုက်အတွင်း၌ ပြည်တွင်းစားသုံးမှုအတွက်ဖြစ်စေ၊ ပြည်ပသို့တင်ပို့ရန်ဖြစ်စေ အောင်မြင်ခဲ့သည့်ဖြစ်ရပ်များမှာ အကြီးစားစိုက်ပျိုးမှုများမှမဟုတ်ပဲ လုပ်ကွက်ငယ်စိုက်ပျိုးရေးမှသာ ဖြစ်ကြောင်းတွေ့ရသည်။ လွန်ခဲ့သောနှစ်(၂၀)အတွင်း အချို့သောပြောင်းလဲမှုအများဆုံးဖြစ်သည့် ဆန်စပါးဈေးကွက်များ အားလုံးသည် (ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် တရုတ်) လုပ်ကွက်ငယ် ဆန်စပါးဆိုင်ရာ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာခြင်းအပေါ်တွင် အခြေပြုဖြစ်ပေါ်လာသည်။ (၁၉၆၀)ပြည့်လွန်ကာလများရှိ မြစိမ်းရောင်တော်လှန်ရေးကာလ အစောပိုင်းနှစ်များမှ စစ်တမ်းများ၌ လယ်စပါး စိုက်ပျိုးမှုတွင် သိသာထင်ရှားသော အရွယ်အစားရှိသည့် စီးပွားရေးလုပ်ငန်းများမရှိကြောင်း အခိုင်အမာတွေ့ရှိရသည်။ အမှန်စင်စစ် လယ်မြေအရွယ်အစားနှင့် အထွက်နှုန်းမှာ ပြောင်းပြန်အချိုးကျနေကြောင်း လေ့လာမှုစစ်တမ်းအများအပြားတွင်တွေ့ရှိရသည်။

၃၁။ ၁၉၆၀ အစောပိုင်းနှစ်များမှစတင်၍ မြန်မာနိုင်ငံမှ ဆန်စပါးတင်ပို့မှုများသည် သိသိသာသာ အံ့သြဖွယ်ရာကျဆင်းသွားခဲ့ပြီး (ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ဆန်တင်ပို့သူအဖြစ်မှ) ယင်းသည် ထိုစဉ်က အစိုးရ၏ စပါးဝယ်ယူမှု မူဝါဒနှင့် ပြည်ပပို့ကုန် ကုန်သွယ်ရေးထိန်းချုပ်မှုတို့၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်သည်။ ဆန်စပါးတင်ပို့မှု ကျဆင်းလာသော်လည်း ယင်းနှင့်ဆန့်ကျင်စွာပင်(၁၉၉၀)ပြည့်နှစ်၌ ပြည်တွင်းပြည်ပ ကုန်သွယ်ရေး လွတ်လပ်ခွင့်ရရှိပြီးနောက် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှုမှာ လျင်မြန်စွာ တိုးတက်လာခဲ့သည်။ ယင်းသည် လုပ်ကွက်ငယ်လုပ်ငန်းများ၏အောင်မြင်မှုပင်ဖြစ်ပြီး ဈေးနှုန်းများ၊ ပံ့ပိုးမှုများနှင့် မူဝါဒတို့မှန်ကန်စွာချမှတ်နိုင်ရန် အဓိကလိုအပ်ကြောင်းကို အထင်အရှားပြသနေသည်။ ယခုအခါတွင် ပဲမျိုးစုံမှာ ဤနိုင်ငံ၏ အကြီးမားဆုံးသော စိုက်ပျိုးရေးပို့ကုန်ဖြစ်ပြီး(၂၀၁၅–၁၆)ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၁.၁) ဘီလီယံတန်ဖိုး အထိ ပြည်ပသို့တင်ပို့နိုင်ခဲ့သည်။ လုပ်ကွက်ငယ် စိုက်ပျိုးရေးကိုအခြေခံသော ချဉ်းကပ်မှု နည်းလမ်းများသည် အားလုံးပါဝင်သောဖွံ့ဖြိုးမှုကိုဖြစ်စေသောကြောင့် သာတူညီမျှမှုအမြင်အရ အဓိကကျသကဲ့သို့ အကျိုးရှိမှုအမြင်အရလည်း အကျိုးအကြောင်းညီညွတ်မှုရှိခြင်းကို ဤနေရာတွင် အလေးထားဖော်ပြလိုသည်။

၃၂။ အခြားကဏ္ဍခွဲများတွင်လည်း လုပ်ကွက်ငယ်စိုက်ပျိုးရေး၏လွှမ်းခြုံမှုနှင့် အလားအလာကို သေချာစွာ

ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးသည် (အဓိကအားဖြင့် မြေပဲ၊ နှမ်းနှင့် နေကြာ) စိုက်ပျိုးမြေဧရိယာအရ ပဲမျိုးစုံကဲ့သို့ပင် အရေးပါပြီး လုပ်ကွက်ငယ်တောင်သူများကသာ အများဆုံးလုပ်ကိုင်ကြသည်။ လွန်ခဲ့သော(၁၀)နှစ်အတွင်း ပိုမိုကျယ်ပြန့်လာပြီး ထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း (၃၀၀) ကျော်ရှိသည့်ရာဘာကဲ့သို့သော အခြားသီးနှံများစိုက်ပျိုးရာတွင်လည်း လုပ်ကွက်ငယ်စိုက်ပျိုးရေးအခြေပြု ချဉ်းကပ်မှုနည်းလမ်းသည် ဇာကန်မုချဖြစ်နိုင်ချေရှိသည်။ ယင်းကို ယခင်က မလေးရှားနိုင်ငံတွင်လည်းကောင်း၊ လတ်တလောတွင် ဗီယက်နမ်နိုင်ငံတွင်လည်းကောင်း မြင်တွေ့ခဲ့ရသည်။ သို့သော် ဤသို့ အောင်မြင်ရန်မှာ လုပ်ကွက်ငယ်တောင်သူများသို့ နှစ်လတ်ချေးငွေများထုတ်ချေးနိုင်မည့် ကောင်းမွန်စွာ လည်ပတ်လျက်ရှိသောငွေကြေးစနစ်များနှင့် (အခြားနိုင်ငံများတွင်အောင်မြင်ပြီး) ထပ်တူညီသည့် နည်းစနစ်များနှင့် သက်ဆိုင်သောပိုမိုကောင်းမွန်သည့် နည်းပညာများအား လက်လှမ်းမီနိုင်ခြင်းကဲ့သို့သော သင့်လျော်သည့်ပံ့ပိုး ဝန်ဆောင်မှုများအပေါ်တွင် မှီတည်နေသည်။ ကြံနှင့် ဆီအုန်းစိုက်ပျိုးခြင်းကဲ့သို့သော အခြားကဏ္ဍခွဲများတွင်လည်း စိုက်ပျိုးထုတ်လုပ်သည့် အစီအစဉ်များနှင့် အကျိုးတူလယ်ယာလုပ်ငန်းများမှတစ်ဆင့်လုပ်ကွက် ငယ်တောင်သူများအား ပါဝင်လာစေနိုင်သည်။ သို့သော် ကြံသကြားနှင့် စားအုန်းဆီ စားသုံးခြင်း၏ အာဟာရဆိုင်ရာ အကျိုးသက်ရောက်မှုများအား ထည့်သွင်းစဉ်းစား၍ လုပ်ဆောင်သင့်သည်။[၉]

၃၃။ အရှေ့တောင်အာရှနှင့် တောင်ပိုင်းအာရှဒေသများမှ အတွေ့အကြုံအရ အသေးစား/ လုပ်ကွက်ငယ် တိရစ္ဆာန်မွေးမြူရေး၊ ငါးမွေးမြူရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းများအား တန်ဖိုးကွင်းဆက်များဖြင့် ထိရောက်စွာချိတ်ဆက်နိုင်သည်။ အရည်အသွေးမြင့်သော တိရစ္ဆာန်ပရိုတင်းဓာတ်အတွက် ဝယ်လိုအားမြင့်မားလာခြင်းသည် ပြောင်းနှင့်ပဲပုပ်ကဲ့သို့သော စားသောက်ကုန်သီးနှံများ စိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်အစာများ ပြင်ဆင် ထုတ်လုပ်ခြင်းတို့ကို အားပေးလျက်ရှိသည်။ ရေလုပ်ငန်းသည် ယခင်ကပင် အရေးကြီးသည့် ပြည်ပပို့ကုန် ကဏ္ဍတစ်ခုဖြစ်ပြီး နိုင်ငံ၏ရှည်လျားသော ကမ်းရိုးတန်းတည်ရှိခြင်းကြောင့် အလားအလာကောင်းများဖြစ်ထွန်းနိုင်သည့်အပြင် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အလားအလာများစွာရှိနေသည်။ လက်ဖက်၊ ကော်ဖီ၊ ကိုကိုးအစရှိသည့် ငွေပေါ်သီးနှံများ စိုက်ပျိုးခြင်းမှာလည်း အထူးသဖြင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု အမြင့်မားဆုံးဖြစ်သော နိုင်ငံ၏တောင်ပေါ်ဒေသအချို့တွင် အလားအလာကောင်းများကို ဆောင်ကျဉ်းပေးနိုင်မည်ဖြစ်သည်။ အမှန်စင်စစ် လျင်မြန်စွာစီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော အခြေအနေတွင် အဆိုပါ ကုန်ပစ္စည်းများကို မြို့ပြဒေသများမှ ဝယ်လိုအားတောင့်တင်းလာခြင်းသည် အသေးစားလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများအားဒေသတွင်းစီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လာစေနိုင်ပြီး ဒေသတွင်း ဈေးကွက်များနှင့် ကုန်သွယ်မှုစနစ်များသို့ ၎င်းတို့၏ ကုန်ပစ္စည်းများ ယူဆောင်လာနိုင်မည်ဖြစ်သည်။

၃၄။ လုပ်ကွက်ငယ်/အသေးစား ထုတ်လုပ်ရေးလုပ်ငန်းများသည် ထိရောက်မှုရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်နေရာတိုင်းတွင် စီးပွားရေးအရ အောင်မြင်စွာဆောင်ရွက်နိုင်ချေရှိလာပါမည်။ ကျေးလက်ဒေသဆင်းရဲ နွမ်းပါးမှုကိုတိုက်ဖျက်ရန်နှင့် ကျေးလက်ဝင်ငွေများတိုးမြင့်လာစေရန် အရေးတကြီးလိုအပ်ချက်များဖြည့်ဆည်းရန်အတွက် လုပ်ကွက်ငယ်/ အသေးစားစိုက်ပျိုးရေးလုပ်ငန်းများအားမြှင့်တင်ခြင်းအား ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါမည်။

---

၉ မြန်မာနိုင်ငံတွင်ကိုယ်အလေးချိန်ပုံမှန်ထက်မြင့်မားခြင်းနှင့် အဝလွန်ခြင်းဖြစ်ပွားမှုမှာ အလျင်အမြန်တိုးတက်လျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြုလုပ် ခဲ့သော ၂၀၁၄ခုနှစ် စစ်တမ်းအရ အမျိုးသားများ၏ ၁၄.၁ %နှင့် အမျိုးသမီးများ၏ ၃၀.၈ %မှာ ကိုယ်အလေးချိန်ပုံမှန်ထက်မြင့်မားလျက်(သို့) အဝလွန်လျက်ရှိကြောင်း တွေ့ရသည်။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၂)သည် အာဟာရချို့တဲ့မှုပုံစံအမျိုးမျိုးအား အဆုံးသတ်နိုင်ရန်ရည်ရွယ်ထားပါသည်(အာဟာရမပြည့်ဝခြင်း၊ ကျော်လွန်ခြင်း)။ မြန်မာနိုင်ငံတွင်ရောဂါဖြစ်ပွားမှုပုံစံများ ပြောင်းလဲလျက်ရှိပြီး နှလုံးရောဂါကဲ့သို့ မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုမှာ တိုးပွားလျက်ရှိကာ ယခုအခါတွင်အဖြစ်အများရောဂါ ၅ခုအဖြစ် ထိပ်ဆုံးမှနေရာယူလျက်ရှိသည်။ သုတေသန (ရဲဆန်းနှင့်အခြား၊ ၂၀၁၅ခုနှစ်) မှတွေ့ရှိရပါသည်။ 'စားအုံးဆီသည် ပြည့်ဝဆီ ပေါကြွယ်ဝစွာပါဝင်သည့် အစားအစာရင်းမြစ်တစ်ခုဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စားအုန်းဆီစားသုံးမှုများခြင်းကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားမှုသည် လျင်မြန်စွာတိုးပွားလျက်ရှိသည်။ ဤရလဒ်များသည် စားအုံးဆီစားသုံးမှုအားလျော့ချ၍ ပြည့်ဝဆီအနည်းငယ်သာပါဝင်သော ဟင်းသီးဟင်းရွက်ဆီများ အား အစားထိုးစားသုံးရန် ထောက်ခံပံ့ပိုးပေးလျက်ရှိသည်။

## ၃.၂.၂။ စိုက်ပျိုးစီးပွားလုပ်ငန်း နှင့် တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှု

၃၅။ အစိုးရနှင့်စိုက်ပျိုးရေးကဏ္ဍမှ အခြားသောပတ်သက်ဆက်နွယ်သူများမှ လုပ်ကွက်ငယ်တောင်သူများနှင့် အသေးစားလုပ်ငန်းရှင်များသည် မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ၏ အဓိက အခန်းကဏ္ဍတွင်ရှိရန် အရေးကြီးကြောင်း ထောက်ပြထားသော်လည်း ယင်းသည် စိုက်ပျိုးစီးပွားရေး လုပ်ငန်း (Agribussiness) အား ချန်လှပ်ထားမည်ဟု မဆိုလိုပါ။

၃၆။ စိုက်ပျိုးစီးပွားရေးလုပ်ငန်း၏ အဓိကအကျဆုံး အခန်းကဏ္ဍမှာ ထောက်ပံ့ဖြည့်ဆည်းရေး ကွင်းဆက် (supply chain) ပေါ်ပေါက်လာရန်နှင့် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ဖြစ်သည်။ ထွက်ကုန်ပိုင်းတွင် သို လှောင်ခြင်း၊ ပြင်ဆင်ထုတ်လုပ်ခြင်း၊ ဈေးကွက်တင်ခြင်းစသည့် သမရိုးကျလုပ်ငန်းစဉ်များအပြင် ထုတ်ပိုးခြင်း၊ အရည်အသွေးမြှင့်တင်ခြင်း၊ ကုန်အမှတ်တံဆိပ် ရိုက်နှိပ်ခြင်း၊ ထောက်ပံ့ပို့ဆောင်ခြင်း၊ ဈေးကွက်နယ်ပယ် ချဲ့ထွင်ခြင်း စသည့် တန်ဖိုးမြှင့်တင်လုပ်ငန်းများလည်းပါဝင်သည်။ သွင်းအားစုပိုင်းတွင် ကုန်ထုတ်လုပ်မှု သွင်းအားစုများ၊ အထူးသဖြင့် ဓာတ်မြေဩဇာများနှင့် စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ၊ မျိုးစေ့များ၊ တိရစ္ဆာန် အစာများ၊ ရေပေးသွင်းရေးကိရိယာများ၊ လက်တွန်းထွန်စက်များ၊ လယ်ထွန် စက်ကြီးများ၊ ခြွေလှေ့စက်များ၊ ရိတ်သိမ်းစက်များပံ့ပိုးပေးခြင်း၊ တိုးချဲ့ပညာပေးလုပ်ငန်းများနှင့် ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီမှု များပြား၊ တိုးမြှင့်လာစေခြင်း စသည်တို့ပါဝင်သည်။

၃၇။ လုပ်ကွက်ငယ်စိုက်ပျိုးရေးသည် စိုက်ပျိုးကုန်ထုတ်လုပ်ရေးမဟာဗျူဟာ၏ အဓိကဖြစ်သောကြောင့် လုပ်ကွက်ငယ်တောင်သူတို့ကို ထောက်ပံ့ရေးကွင်းဆက်နှင့်ထိရောက်စွာချိတ်ဆက်ရမည်။ ရုပ်ပိုင်းဆိုင်ရာ ဆက် သွယ်မှုများဖြစ်သည့် လမ်း၊ တံတားများ၊ မြစ်ကြောင်းများ၊ မိုဘိုင်းဖုန်း၊ အင်တာနက်တို့ဖြင့် ဆက်သွယ်ရုံသာမက ထောက်ပံ့ဖြည့်ဆည်းရေး ကွင်းဆက်တွင် လုပ်ကွက်ငယ်တောင်သူများ၏ အာဘော်များပါရှိစေရန်နှင့် ဖြစ်ပေါ် လာသော တန်ဖိုးတိုးမြှင့်မှုမှ အကျိုးခံစားခွင့်ရရှိရန်လည်း အရေးကြီးသည်။ အားလုံးပါဝင်စေသော စိုက်ပျိုး စီးပွားရေးလုပ်ငန်းသည် လုပ်ကွက်ငယ်တောင်သူများ၏ စွမ်းဆောင်ရည်များ တိုးတက် အားကောင်းလာကာ သာတူညီမျှ ခွဲဝေခံစားနိုင်သော ကန်ထရိုက်စာချုပ်များအား ညှိနှိုင်းလာစေနိုင်ရန်နှင့် ဆောင်ရွက်နိုင်စေရန် ဆိုလို သည်။

၃၈။ အားလုံးပူးပေါင်းပါဝင်သော တန်ဖိုးကွင်းဆက်ဖြစ်ထွန်းရေးတွင် အချက်အချာကျသော အကြောင်းအချက် တစ်ခုမှာ အကျိုးကျေးဇူးများကို မျှတစွာခွဲဝေမည့် စီမံအုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်သည်။ ထောက်ပံ့ဖြည့်ဆည်း ရေးကွင်းဆက်ဆိုင်ရာကုမ္ပဏီများတွင် ယင်းတို့ကိုယ်တိုင် ရင်းနှီးမြှုပ်နှံသူများဖြစ်နိုင်သည့် အားကောင်းသော တောင်သူအဖွဲ့အစည်းများသည် ပံ့ပိုးရေးကွင်းဆက်မှတစ်ဆင့် အကျိုးကျေးဇူးများကို မျှဝေနိုင်ရေးဆောင်ရွက် နိုင်မည်။ တစ်ချိန်တည်းမှာပင် ကုမ္ပဏီကြီးများနှင့် တောင်သူငယ်များအကြား ဘက်ညီမှုနှင့် အကျိုးစီးပွား များကိုထိန်းညှိပေးနိုင်ရန်နှင့် စိုက်ပျိုးစီးပွားရေးလုပ်ငန်း၏ လူမှုပတ်ဝန်းကျင် တာဝန်ခံမှုနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဘေးကင်းလုံခြုံစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် သင့်လျော်သော လုပ်ထုံးလုပ်နည်းမူဘောင် တစ်ရပ်လည်း လိုအပ်ပါသည်။ တန်ဖိုးကွင်းဆက်များပေါင်းစည်းခြင်းမှ အကောင်းဆုံးအကျိုးဖြစ်ထွန်းမှုများကို ရယူနိုင်ရန် လုပ်ကွက်ငယ် တောင်သူများအနေဖြင့် ၎င်းတို့၏ ထောက်ပံ့ဖြည့်ဆည်းရေးကွင်းဆက် ချိတ်ဆက် မှုများအား တိုးပွားလာစေရန်၊ နည်းပညာပိုင်းဆိုင်ရာထိရောက်မှု တိုးတက်လာစေရန်နှင့် ညှိနှိုင်းဆောင် ရွက် နိုင်စွမ်းအားတိုးမြှင့်လာစေရန် လုပ်ဆောင်သင့်သည်။ မြန်မာနိုင်ငံ၏ ကျေးရွာအများအပြားတွင် လူမှု အရင်းအနှီး အတန်အသင့်ရှိနေပြီး လုပ်ကွက်ငယ် တောင်သူလယ်သမားအသင်းအဖွဲ့များအနေဖြင့် မူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထောက်အပံ့များကို လိုအပ်လျက်ရှိသည်။ ၎င်းတို့တွင် (က) တန်ဖိုးကွင်းဆက်များဖြစ် ထွန်းနိုင်ရေးအတွက် ကောင်းမွန်စွာစီမံခန့်ခွဲနိုင်သော စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံရေးသဘော မဆောင် သော တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုလုပ်ဆောင်ရန်၊ (ခ) ကုန်ကျစရိတ် လျှော့နည်း သက်သာစေရေးအတွက် ဒေသတွင်း၌ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်၊ (ဂ) ပြည်သူလူထုထံသို့ ရေရှည်ဆောင်ရွက်ပါမည့် ကတိကဝတ်ရယူပြီး ရေတို ကာလအလိုက် ထောက်ပံ့မှု များပံ့ပိုးသွားရန်နှင့်တစ်ပြိုင်

တည်းမှာပင် လုံးဝဥဿုံမှီခိုမှုမှ ရှောင်ရှားနိုင်စေရန်၊ (ဃ) ဒေသခံအစိုးရ အဖွဲ့အစည်းများ၏ ခိုင်မာသော ထောက်ပံ့မှုကိုရယူနိုင်ရန်နှင့် (င) ဒေသတွင်း အားကောင်းသော နည်းပညာပံ့ပိုး မှုများနှင့် အသစ်အဆန်း တီထွင်ရာတွင် အားဖြည့်ပေးမှုများ ရရှိနိုင်ရန်တို့ပါဝင်ပါသည်။

## ၃.၃။ အမယ်စုံ စိုက်ပျိုးရေး

### ၃.၃.၁။ ဆန်စပါးကို အားသွန်ခွန်စိုက်၊ စိုက်ပျိုးခြင်းဆိုင်ရာအကြောင်းကိစ္စများ

၃၉။ ဆန်စပါးသည် အဓိက အစားအစာအဖြစ် အရေးပါခြင်းနှင့် ဆန်စပါးတင်ပို့မှုသည် သမိုင်းကြောင်းအရ အရေးပါခြင်းတို့ကြောင့် ဆန်စပါးတင်ပို့ခြင်းကို အလျင်အမြန်တိုးချဲ့နိုင်ရေးမှာ အစိုးရ၏ဦးစားပေးလုပ်ငန်း ဖြစ်သည်။ ထို့ပြင် ယင်းဦးစားပေးလုပ်ငန်းအား ပြည်တွင်းပြည်ပပုဂ္ဂလိက ကဏ္ဍမှလည်း အပင်မျိုးသစ်များ မျိုးစေ့ ထောက်ခံချက်ပေးခြင်း၊ စပါးကြိတ်ခွဲခြင်း၊ ဈေးကွက်တင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းစနစ်တို့ကို ခေတ်မီအောင် ပြုပြင်ဆောင်ရွက်ခြင်းမှတစ်ဆင့် အကောင်အထည်ဖော်ရန် အထူးစိတ်ဝင်စားလျက်ရှိသည်။ အမျိုးသား အဆင့်တွင် ဆန်တင်ပို့မှုများ တိုးတက်လာပါက လက်ရှိတွင် ပဲမျိုးစုံတင်ပို့မှုအပေါ် အားထားနေရသော အဖြစ်မှ စိုက်ပျိုးရေးအခြေခံပို့ကုန်အမျိုးမျိုးတင်ပို့နိုင်ရန် အထောက်အကူဖြစ်စေပါသည်။ ပို့ကုန် ကုန်သွယ်ရေး ဆိုင်ရာ ဖြေလျော့မှုများကြောင့် နိုင်ငံခြားတင်ပို့မှုမှာ တစ်ရှိန်ထိုး တိုးပွားလာပါသည်။

၄၀။ ပြည်တွင်းကုန်ထုတ်စွမ်းအား တိုးတက်လာရန်နှင့် သီးနှံ မျိုးသန့်မျိုးပြားအလိုက် တပြေးညီ စိုက်ပျိုး အသုံးပြုခြင်းနှင့် ခေတ်မီသောကြိတ်ခွဲရေးနှင့် ဈေးကွက်တင်ရေးစနစ်များတွင်ရင်းနှီးမြှုပ်နှံခြင်းတို့ မှတစ်ဆင့် အရည်အသွေးမြင့်တင်နိုင်စွမ်း အလားလာများစွာရှိနေသည်မှာ မှန်သော်လည်း ယှဉ်ပြိုင်မှု လွန်စွာပြင်းထန် နေသော ယနေ့ခေတ် ကမ္ဘာ့ဆန်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် လိုအပ်ချက်များစွာ ရှိနေသည်။ ထိုင်းနိုင်ငံသည် အရည်အသွေးမြင့် ဆန်တင်ပို့ရာတွင် ဦးဆောင်နေဆဲဖြစ်ပြီး ဗီယက်နမ်နှင့်အိန္ဒိယတို့သည်လည်း ယခုအခါတွင် အဓိက ဆန်တင်ပို့သည့်နိုင်ငံများဖြစ်သည်။ ပါကစ္စတန်သည်(အလယ်အလတ်)အရည်အသွေးမီဆန်ကို ဈေး နည်းနည်းဖြင့် အစိုးရချင်းသဘောတူစာချုပ်ချုပ်ဆိုကာ တင်ပို့လျက်ရှိသည်။ ဈေးကွက်သို့ ကမ္ဘောဒီယားနှင့် ဘရာဇီးလ်တို့လည်း အသစ်ဝင်ရောက်လာသည်။

၄၁။ ဆန်တင်ပို့သော ဈေးကွက်တွင် မြန်မာနိုင်ငံသည် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဈေးကွက်အတွင်း ပို့ကုန်မှာယူမည့်ပမာဏကိုပြည့်မီအောင် မိမိတွင် စဉ်ဆက်မပြတ်တင်ပို့သွားနိုင်သည့် ဆန်စပါးပိုလျှံမှုများ ရှိကြောင်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဈေးကွက်အတွင်း ယုံကြည်မှုရှိလာစေရေး လုပ်ဆောင်ရန်လိုအပ်သည့်အပြင် ဈေးနှုန်းမှာလည်း ထိုင်းနိုင်ငံနှင့်ဗီယက်နမ်တို့က သဘော်တင်ပြီးဈေးနှုန်း FOB စနစ်ဖြင့် ကမ်းလှမ်းသည့် ဈေးနှုန်းများကို ယှဉ်ပြိုင်နိုင်စွမ်းရှိရမည်။ ထိုသို့ ဖြစ်ရန်အတွက် လုပ်ကွက်ငယ် အခြေပြုကုန်ထုတ်လုပ်ရေးအား မျိုးကောင်းမျိုးသန့်များ၊ (အထူးသဖြင့် တည် နေရာအလိုက် တပြေးညီဖြစ်သော သီးနှံမျိုးကောင်းမျိုးသန့်)နှင့် အရည်အသွေးမီ သွင်းအားစုများကိုအချိန်မီ ပေးသွင်းခြင်း၊ ချေးငွေများအားလက်လှမ်းမီရယူနိုင်စေခြင်း၊ ဓာတ်မြေသြဇာနှင့် အခြားသော စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများနှင့်ရေတို့ကို ထိရောက်စွာသုံးစွဲခြင်းစသည်တို့ဖြင့် အားဖြည့်ပေးရန်အတွက် များပြားသော ရင်းနှီးမြှုပ်နှံမှုများ လိုအပ်သည်။ ထို့ပြင် ကြိတ်ခွဲခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ထုတ်ပိုးခြင်းနှင့် ကုန် အမှတ်တံဆိပ်တည်ဆောက်ခြင်း စသည်တို့တွင်လည်း ကျယ်ပြန့်စွာ ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ ဝယ်လို အားက မောင်းနှင်၍ ပုဂ္ဂလိက ကဏ္ဍမှ ဦးဆောင်သော ရင်းနှီးမြှုပ်နှံမှုဖြစ်မှသာ နိုင်ငံပိုင်ကဏ္ဍတွင် အလွန်အကျွံ ရင်းနှီးမြှုပ်နှံမည့် အန္တရာယ်လျော့နည်းသည့်အပြင် စပါးကြိတ်ခွဲထုတ်လုပ်ရာတွင်လည်း သင့်လျော်သော နည်း ပညာကိုရွေးချယ်နိုင်မည်ဖြစ်သည်။

၄၂။ ဆန်စပါးတွင် အားထားရသော ဈေးကွက်ရှိသည်ဟု တောင်သူတို့က မြင်ကြသော်လည်း စပါးစိုက်ပျိုး မှု၏ အကျိုးအမြတ်မှာ အထူးသဖြင့် မိုးစပါးတွင် နည်းပါးလျက်ရှိသည်။ လယ်မြေအရွယ်အစားသေးငယ်

သဖြင့် ဆန်စပါးကို အင်တိုက်အားတိုက် စိုက်ပျိုးကာ ဝင်ငွေတိုးအောင်ထုတ်လုပ်ရန်မှာ အကန့်အသတ်ရှိသည်။ ထိုကြောင့် အခြားလယ်ယာနှင့် လယ်ယာပြင်ပလုပ်ငန်းတို့က ဆန်စပါးထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်လာနိုင်သည်။ ထို့ကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကဲ့သို့သော ဒေသများတွင် ဆန်စပါးသည် လယ်ယာ သီးနှံပုံစံစနစ်များတွင် ပဓာနကျ အရေးပါနေဦးမည်ဖြစ်သော်လည်း အခြားဒေသများတွင်မူ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကဲ့သို့သော ငွေပေါ်သီးနှံများ စိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတို့အား တောင်သူတို့က ထည့်သွင်းစဉ်းစားလာနိုင်သည်။ ထို့ကြောင့် ဆန်စပါးကိုသာ အားသွန်ခွန်စိုက် စိုက်ပျိုးခြင်းကို ဦးတည်မည့်အစား ဆန်စပါးကို အခြေခံသော သီးနှံပုံစံစနစ်တွင် ဒေသအလိုက် အခြား နည်းလမ်းများကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အာဟာရဖြည့်ဆန်ထုတ်လုပ်ခြင်းဖြင့် ဆန်စပါးတန်ဖိုးမြှင့်တင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ပြီး သံဓာတ်၊ ဗီတာမင် အေဓာတ်၊ နှင့် ဗီတာမင်ဘီဓာတ်များအပါအဝင် ပုံမှန်အားဖြင့် ချို့တဲ့လျက်ရှိသောဗီတာမင်နှင့် သတ္တုဓာတ်များ စားသုံးလာနိုင်ခြင်းမှတစ်ဆင့် အာဟာရပြည့်ဝကောင်းမွန်လာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

၄၃။ ရေသွင်းရေထုတ်နှင့် မြေယာဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် အကန့်အသတ်ဖြင့်သာ တိုးတက်နေသည်။ လယ်သမားများမှ အခိုင်အမာတောင်းဆိုမှုများ ပြုလုပ်ကြသော်လည်း မြစ်ဝကျွန်းပေါ် ဒေသနေရာအများစုရှိ စပါးစိုက်ကွင်းတို့သည် ခြောက်သွေ့သောနွေရာသီတွင် ယာသီးနှံများစိုက်ပျိုးရန်အတွက် ပြုပြင်ရန်လွန်စွာ ခက်ခဲလျက်ရှိသည်။ ထို့ကြောင့် အမယ်စုံစိုက်ပျိုးနိုင်ရန် အခွင့်အလမ်းများတွင် ကန့်သတ်မှုများရှိနေပြီး လယ်သမားများမှာ ဆန်စပါးဗဟိုပြုစိုက်ပျိုးခြင်းကိုသာ လုပ်ကိုင်နေရသည်။ ဆန်စပါးအား ဗဟိုပြုထားသည့် မူဝါဒမှ အမယ်စုံသီးနှံစိုက်ပျိုးခြင်းစနစ်ကို ပြောင်းလဲရန်အတွက် အထူးသဖြင့် မြေပြန့်လွင်ပြင်ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ရေစီမံခန့်ခွဲမှု၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အထူးလိုအပ်လျက်ရှိသည်။ ရေနုတ်မြောင်းများနှင့် ပိုမိုကောင်းမွန်သော ရေထိန်းချုပ်ရေးစနစ်များရှိသည့် အထက်မြန်မာနိုင်ငံတွင်မူ လယ်သမားများသည် အမြတ်ပိုမိုသောသီးနှံများ (ဥပမာ – ဥယျာဉ်ခြံစိုက်ပျိုးရေးထွက်ကုန်များ)၊ ပြောင်းလဲစိုက်ပျိုးလာနိုင်သည်။

### ၃.၃.၂။ အမယ်စုံလုပ်ငန်းများနှင့် လယ်ယာပြင်ပကဏ္ဍဖွံ့ဖြိုးမှုတို့၏ လွှမ်းခြုံမှုနယ်ပယ်

၄၄။ စိုက်ပျိုးရေးကဏ္ဍ ရှေ့သို့ချီတက်ရန်အတွက် ကဏ္ဍခွဲတိုင်းရှိ ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ ဈေးကွက်တင်ခြင်း၊ ကြိတ်ခွဲပြုပြင်ခြင်းတို့ တိုးတက်ထွန်းကားရန် လိုအပ်ပါသည်။ ငွေပေါ်သီးနှံ (ဥပမာ– ဆီထွက်သီးနှံ၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ကြံ၊ ရာဘာ၊ ပီလောပီနံ၊ အစေ့အဆန်များ) စိုက်ပျိုး ထုတ်လုပ်မှုကို တန်ဖိုးမြှင့်ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ချိတ်ဆက်လိုက်ပါက လယ်ယာပြင်ပကဏ္ဍသည်လည်း ဖွံ့ဖြိုးလာမည်။ ထို့အတူစိုက်ပျိုးရေးဖြင့် ကျေးလက်ဒေသဝင်ငွေတိုးတက်လာပါက ဆောက်လုပ်ရေး၊ လက်လီရောင်းချမှုနှင့် ဝန်ဆောင်မှုစသည့် နယ်ပယ်များလည်း ထွန်းကားလာပြီး လယ်ယာပြင်ပကဏ္ဍကို ထပ်မံအားဖြည့်ပေးနိုင်မည်ဖြစ်သည်။ တောင်သူမိသားစုများ လုပ်ငန်းရွေးချယ်ရန် ဆုံးဖြတ်ရာတွင် လယ်ယာပြင်ပကဏ္ဍမှ အခွင့်အလမ်းများသည် အရေးပါလာခဲ့သည်။ ထိုင်းနှင့်မလေးရှားနိုင်ငံတို့မှ အထောက်အထားများအရ တစ်ချိန်ကျလျှင် လယ်ယာစိုက်ပျိုးခြင်းမှ သွေဖီလာခြင်းဖြစ်စဉ်သည် ပေါ်ပေါက်လာမည်။ ထိုအခါ လယ်ယာပြင်ပလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းထက် ဝင်ငွေရရှိမှုတွင်ပို၍ အရေးပါလာမည်ဖြစ်သည်။ လယ်ယာပြင်ပလုပ်ငန်းသည် အထူးသဖြင့် လူငယ်မျိုးဆက်များကို ဆွဲဆောင်လျက်ရှိပြီး လယ်တောတွင် မနေတော့ဘဲ မြို့ကြီးများသို့ ရွှေ့ပြောင်းနိုင်ဖွယ်ရှိသည်။ (Vokes ၂၀၁၃)

၄၅။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသများမှ ပြင်ပသို့ရွှေ့ပြောင်းလုပ်ကိုင်လာကြခြင်းမှာ ယခင်အစိုးရမူဝါဒများ၏ သက်ရောက်မှုဆိုးကျိုးများနှင့် (၂၀၀၆) ခုနှစ်တွင် ကျပ်ငွေတန်ဖိုးလျော့ကျခဲ့သဖြင့် စိုက်ပျိုးရေးမှ အမြတ်ငွေလျော့နည်းလာခြင်းတို့ကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံသား(၄) သန်း ကျော်သည် အိမ်နီးချင်းနိုင်ငံများတွင် အလုပ်လုပ်နေကြရာ အထူးသဖြင့် ထိုင်းနိုင်ငံတွင် လုပ်ကိုင်နေကြသည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာပါက အများအပြားပြန်လာကြမည် ဖြစ်သည့်တိုင်၊ နယ်မြေအတွင်းရှိ အခြားနိုင်ငံများ၏ အတွေ့အကြုံအရ စိုက်ပျိုးရေးလုပ်ငန်းအား စွန့်

ခွာသွားသူများကို ပြန်လာရန်ဆွဲဆောင်ဖို့ခက်ခဲလှသည်။ ထိုသို့ရွှေ့ပြောင်းလုပ်ကိုင်မှုသည် ကျေးလက်ဒေသ လုပ်အားရရှိမှုကို ရိုက်ခတ်လာသဖြင့် စက်မှုလယ်ယာအသွင်သို့ ကူးပြောင်းလာကြသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍမှာ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများဦးဆောင်ပါဝင်လုပ်ကိုင်မှု များပြားလာခဲ့သည်။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသအသွင် ကူးပြောင်းရေးဖြစ်စဉ်မှာ အစောပိုင်းအဆင့်၌သာ ရှိနေသေးသော်လည်း နိုင်ငံအတွင်းရှိ တောင်သူလယ်သမားတို့၏ ပျမ်းမျှအသက်မှာ တဖြည်းဖြည်း ကြီးရင့်လာနေခြင်းနှင့် ကြုံတွေ့နေရသည်။

၄၆။ လုပ်ကွက်ငယ်တောင်သူတို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသော ခိုင်မာသည့် စိုက်ပျိုးစီးပွားရေးစနစ်သည် ကျေးလက်ဒေသလယ်ယာပြင်ပစီးပွားရေးကို ကြီးထွားလာစေမည်။ ထိုသို့ဖြစ်ရန် ကျေးလက်ဒေသ လမ်းများနှင့် လျှပ်စစ်မီးရရှိရေးတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု၊ သတင်းဆက်သွယ်ရေးနှင့် ဈေးကွက်အခြေခံအဆောက်အအုံများ (ဈေးနေရာများ၊ သိုလှောင်ရုံများ၊ ဒိုင်များ၊ ထုပ်ပိုးရုံများ)တွင် အစိုးရနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်ပါသည်။ ပံ့ပိုးမှုပေးနိုင်သော မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်နှင့် လူမှုအရင်းအနှီး တိုးတက်ကောင်းမွန်ခြင်းတို့ကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (SMEs) အစုအဖွဲ့သည် ယင်းတို့၏ လယ်ယာအခြေပြုလုပ်ငန်းများနှင့် ထောက်ပံ့ဖြည့်ဆည်းရေး ကွင်းဆက်အတွင်းရှိ ပိုမိုကြီးမားသော စိုက်ပျိုးစီးပွားရေး လုပ်ငန်းကြီးများနှင့် ကောင်းစွာဆက်စပ် ပေါင်းစည်းထားပြီး အားလုံးပါဝင်သော ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လှုံ့ဆော်ပေးနိုင်မည် ဖြစ်သည်။

၄၇။ ဆင်းရဲနွမ်းပါးသော ကျေးလက်ဒေသများတွင် လယ်ယာပြင်ပ အလုပ်အကိုင်အများစုမှာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပြီး ယင်းကဏ္ဍသို့ ဝင်ရောက်ရာတွင် အဟန့်အတားနည်း၍ အလွယ်တကူဝင်ရောက်နိုင်ပါသည်။ ကြိတ်ခွဲပြုပြင်မှုဆိုင်ရာ ထုတ်လုပ်ခြင်းလုပ်ငန်းမှအပ လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းကြီးများ ဖွံ့ဖြိုးမှုနည်းပါးခြင်းကြောင့်လည်း ဖြစ်သည်။ ထို့ပြင် ကြိတ်ခွဲပြုပြင်မှုလုပ်ငန်းများသည် တွက်ချေကိုက်ရန်အတွက် ကုန်ကြမ်းအလုံအလောက်ရှိရန် လိုအပ်သကဲ့သို့ စက်ရုံအရွယ်အစားကြီးရန်လည်းလိုအပ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင် အဆိုပါသတ်မှတ်ချက်များဖြည့်ဆည်းရန် မလိုအပ်သေးပေ။ ထို့ကြောင့် လယ်ယာကဏ္ဍတွင် အလားအလာကောင်းသော ဝန်ဆောင်မှု အမျိုးအစားများမှာ–

- **အထက်လွှာ** – မြေအောက်ရေတွင်း တူးဖော်ခြင်းနှင့် ထိန်းသိမ်းခြင်း ဝန်ဆောင်မှုများ။
- **အထက်လွှာ** – စက်ကိရိယာ မောင်းနှင်ခြင်း၊ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများပေးခြင်း။
- **အထက်လွှာ** – မြေယာပြင်ဆင်ခြင်းနှင့် ဓာတုဆေးဝါး သုံးစွဲခြင်းအတွက် ရွှေ့လျား လုပ်သားအဖွဲ့များမှ သင့်လျော်သော ဘေးကင်းစေသည့်ကိရိယာများနှင့် စက်များဖြင့် လုပ်ဆောင်ကြသည်။
- **အထက်လွှာ** – လယ်သမား–မှ–လယ်သမားသို့ (F2F) နှင့် စီးပွားရေးလုပ်ငန်းမှ လယ်သမားသို့(E2F) ပုဂ္ဂလိက အကြံပေးဝန်ဆောင်မှုများ။
- **အထက်အလယ်လွှာ** – ရိတ်သိမ်းချိန်လွန်အဆင့်တွင် စပါးနှင့်ပဲအမျိုးမျိုးအတွက် အခြောက်ခံခြင်း၊ ရွေးခြယ်မှုပြုလုပ်ခြင်း၊ သန့်စင်ခြင်းဝန်ဆောင်မှုများ။
- **အောက်အလယ်လွှာ** – ဟင်းသီးဟင်းရွက်များ အရွယ်အစားခွဲခြားခြင်း၊ နွားနို့နှင့် ငါးဒိုင်သို့ စုဆောင်းခြင်းစသည်။
- **အလယ်လွှာ** – သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ။

## ၃.၄။ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု

### ၃.၄.၁။ မြေယာ

၄၈။ လုပ်ကွက်ငယ် တောင်သူတို့ကဖြစ်စေ၊ စိုက်ခင်းကြီးများကဏ္ဍမှ ကုမ္ပဏီကြီးများကဖြစ်စေ စိုက်ပျိုးရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံလိုပါက လုံခြုံစိတ်ချရသော(သို့မဟုတ်) အငြင်းပွားမှုမရှိသော မြေယာလုပ်ပိုင်ခွင့်ရရှိရန်မှာ လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ၁၉၅၃ ခုနှစ်၌ နိုင်ငံတော်သည် မြေယာအားလုံး၏ မူရင်းပိုင်ရှင်ဟု ပြဋ္ဌာန်းထားသည်။ မြေပိုင်ခွင့်ကို နိုင်ငံတော်သို့ ၁၉၅၃ ခုနှစ်ကပင် အပ်နှင်းထားပြီးဖြစ်သည်။ တောင်သူများသည် သီးစားချထားခြင်းခံရခြင်းဖြင့် မြေကိုအသုံးပြုခွင့်ရှိသော်လည်း ဥပဒေအရ မဝယ်နိုင် (သို့) မရောင်းနိုင်ကြပေ။ အပေါင်ပစ္စည်းအဖြစ်လည်း အသုံးမပြုနိုင်ပေ။ ဤစနစ်သည် တောင်သူများကို မြေယာလုပ်ကိုင်ခွင့် အာမခံချက်ခွင့်ပြုပေးထားသော်လည်း တစ်ဖက်သတ်နိုင်ထက်စီးနင်းပြုခွင့်၊ သိမ်းယူခွင့်မှာ မြေပိုင်ရှင်ဖြစ်နေသော နိုင်ငံတော်တွင်ရှိနေသည်။ တကယ့်လက်တွေ့တွင် မြေအရောင်းအဝယ်၊ လက်လွှဲပြောင်းမှုများ ရှိကြနေသည်။ လူနေမှုအဆင့်အတန်းကို အမီလိုက်ရန် ဖိအားပေးမှုနှင့် အကြွေးထူမှုတို့ကြောင့် မဖြစ်မနေ ရောင်းချနေကြရသည်။ (၂၀၁၂)ခုနှစ် မတ်လတွင် လွှတ်တော်မှ မြေယာဥပဒေ အသစ် (၂)ခုကို အတည်ပြုခဲ့သည်။ လယ်ယာမြေ ဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲမှု ဥပဒေ (မြေလွတ်၊ မြေလပ်၊မြေရိုင်း) တို့ဖြစ်သည်။[၁၀]

၄၉။ လယ်ယာမြေဥပဒေသည် အခြေခံဥပဒေပါ လုပ်ပိုင်ခွင့်ကို အခြေခံထားပြီး တောင်သူများ မိမိတို့၏မြေများကို မြေအသုံးချခွင့်အဖြစ် မှတ်ပုံတင်ရန်၊ မြေအသုံးချခွင့်လက်မှတ် (LUC) ထုတ်ပေးရန် လုပ်ငန်းစဉ် (အဆင့်အမျိုးမျိုးအတွက် စီမံကိန်းအမျိုးမျိုး) ပြဋ္ဌာန်းချက်တစ်ခုဖြစ်သည်။ နိုင်ငံတော်သည် မြေအားလုံး၏ ပိုင်ရှင်အဖြစ် ဆက်လက်တည်ရှိနေသော်လည်း မြေယာအသုံးပြုခွင့် လက်မှတ်ရသော လယ်ယာမြေကို ပေါင်နိုင်၊ ရောင်းနိုင်၊ လွှဲပြောင်းနိုင်ရန် ခွင့်ပြုထားသည်။ မြန်မာနိုင်ငံကို ဈေးကွက်အခြေခံစနစ်အဖြစ်သို့ ဦးတည်နေစေသော အခြားပြုပြင်ပြောင်းလဲမှုများနှင့် ညီညွတ်သော်လည်း လယ်ယာမြေဥပဒေသည် လုပ်ကွက်ငယ်တောင်သူများအား မြေအသုံးချခွင့် အာမခံချက်မပေးနိုင်မည်ကို ကြောင့်ကြမှုများတိုးပွားနေသည်။ ပထမအနေဖြင့် ဤဥပဒေသည် လယ်ယာမြေအတွက်သာ အကျုံးဝင်သည်။ လယ်ယာမြေဆိုသော ဝေါဟာရကိုလည်း ကျဉ်းမြောင်းစွာ အနက်ဖွင့်ထားပြီး သီးနှံနှင့် သစ်တောရောနှောစိုက်ခင်းများ၊ ရွှေ့ပြောင်းတောင်ယာ ကဲ့သို့သော စိုက်ပျိုးရေးလုပ်ငန်းများ မပါဝင်ပေ။ ယင်းအတွက် စာရင်းမြေပုံများ ထုထောင်ရန် လိုအပ်ပြီး လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန်လည်း လိုအပ်နေသည်။ ထို့အပြင် လယ်ယာမြေဥပဒေသည် စားနပ်ရိက္ခာနှင့်အာဟာရပြည့်ဝရေးကို ပံ့ပိုးပေးသော ငါးမွေးကန် ကွဲ၊ နွားစားကျက်ခင်းစသည့် မြေအမျိုးစားများကို လွှမ်းမိုးမှုမရှိသေးချေ။ ဒုတိယအနေဖြင့် မြေအသုံးချခွင့် လက်မှတ်သည် သီးနှံအမျိုးအစားအလိုက် ထုတ်ပေးထားခြင်းဖြစ်သောကြောင့် ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပါကမြေအသိမ်းခံရခြင်း၊ မြေမဲ့ယာမဲ့ဖြစ်ခြင်း၊ အသက်မွေးဝမ်းကြောင်းမှု ဆုံးရှုံးခြင်းနှင့် ကြုံရဖွယ်ရှိသည်။ လယ်ယာမြေဥပဒေတွင် သီးနှံနှင့်မြေယာအသုံးချခွင့်တောင်းခံနိုင်သော စီမံအုပ်ချုပ်ရေး ယန္တရားပါဝင်သော်လည်း အထူးသဖြင့် စပါးစိုက်လယ်မြေကို ပြောင်းလဲစိုက်ပျိုးခွင့်လျှောက်ထားပါက လွန်စွာခိုင်မာသော သက်သေခံစာရွက်စာတမ်းများတင်ပြရန်လိုအပ်ပြီး အဆင့်များစွာကျော်ဖြတ်ရမည့် နှေးကွေးကြန့်ကြာသောလုပ်ငန်းများဖြစ်နေသည်။ ကြီးမြင့်လာနေသော မြေဈေးကွက်သည် မြေယာကို ထိရောက်စွာအသုံးချရန် ပံ့ပိုးနေသော်လည်း ကြွေးမြီများကြောင့် ရောင်းချရခြင်းကိုလည်းဖြစ်စေနိုင်သည်။ အခြားဥပဒေတစ်ရပ်ဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေသည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဟု အမျိုးအစားခွဲခြားထားသောမြေများကို

---

၁၀ ဤမဟာဗျူဟာရေးဆွဲနေစဉ် နောက်ဆုံးအဆင့်တွင် အထက်ပါမြေယာဥပဒေနှစ်ခုကို ပြင်ဆင်ထုတ်ပြန်ရန် လွှတ်တော်နှစ်ရပ်၌ ဆွေးနွေးနေကြပြီးဖြစ်ပါသည်။

ယာယီအသုံးပြုခွင့်ပေးရန်အတွက် အသုံးပြုနိုင်ပါသည်။ အဆိုပါမြေအမျိုးအစား ခွဲခြားသတ်မှတ်မှုများကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်မထားခြင်းနှင့် ကိုလိုနီအစိုးရဌာနက တိုင်းတာခဲ့သော ခေတ်ဟောင်းကွင်းမြေပုံ အများစုကိုသာ အသုံးပြုနေခြင်းကြောင့် ရိုးရာဓလေ့အရပိုင်ဆိုင်ခွင့်ရှိသော်လည်း လယ်ယာမြေဥပဒေအရ ယင်းတို့၏မြေများကိုရယူရန် အခက်အခဲရှိနေသည်။ နိုင်ငံတော်အကျိုးအတွက် မြေသိမ်း၊ ယာသိမ်းကိစ္စများကို ဆောင်ရွက်ခဲ့ရာတွင်(၁၈၉၄)ခုနှစ် မြေသိမ်းဥပဒေအရ လုပ်ငန်းစဉ်များကို မကျင့်သုံးဘဲ လျော်ကြေးမပေးသော မြေသိမ်းဆည်းမှုများကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ မကြာသေးခင် နှစ်များအတွင်းတွင် အကြီးစားမြေယာချထားရေး စီမံချက်များအတွက် စိုက်ပျိုးစီးပွားရေး ကုမ္ပဏီကြီးများက တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ မြေယာများသိမ်းဆည်းနေကြောင်း သတင်းများစွာထွက်ပေါ်ခဲ့သည်။

၅၀။ မြေယာသိမ်းဆည်းမှုဆိုင်ရာ စိန်ခေါ်မှုများမှာ မထူးဆန်းတော့ပဲ ဥပဒေနှင့် မညီညွတ်သော မြေသိမ်းဆည်းမှုသည် တရားမဝင်သော လုပ်ရပ်တစ်ခု မဟုတ်တော့ပေ။ အမှန်စင်စစ် ဥပဒေဟောင်းများ (၁၈၉၄–ခုနှစ် မြေသိမ်းမှုဥပဒေ၊ ၁၉၉၁–ခုနှစ် စိုက်ပျိုးမြေ၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှုညွှန်ကြားချက်) နှင့် ဥပဒေသစ် (၂၀၁၂–ခုနှစ် လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ) တို့သည် အစိုးရနှင့် ပုဂ္ဂလိကတို့၏ အကျိုးအတွက် တရားဝင်မြေသိမ်းဆည်းရန် အားပေးထားရာ ရောက်နေသည်။ ယင်းဥပဒေများကို ကျင့်သုံးရာတွင် လုပ်ပိုင်ခွင့်ရရှိသူသည် လုပ်ထုံးလုပ်နည်းများနှင့် မညီညွတ်လျှင် တရားမဝင်မြေသိမ်းဆည်းမှုခံရနိုင်သည်။ တရားဝင်နှင့်တရားမဝင် အလေ့အကျင့်များ ရှိနေစဉ်တွင်ပင် စီးပွားရေးကို လွတ်လပ်ခွင့်ပေးခြင်း၊ အစိုးရ (ရေအားလျှပ်စစ်လုပ်ငန်း)၊ ပုဂ္ဂလိက (စိုက်ပျိုးရေးနှင့် သတ္တုတူးဖော်ခြင်း)[၁၁] ရင်းနှီးမြှုပ်နှံမှုတို့ကို အားပေးခြင်းတို့ကြောင့် မြေသိမ်းဆည်းမှုသည် ပိုမိုဆိုးရွားလာသည်။ အမှန်စင်စစ် လွှတ်တော်မြေသိမ်းဆည်းမှု စုံစမ်းရေးကော်မရှင်တွင် မှတ်တမ်းတင်ထားသော တိုင်ကြားမှုအများစုမှာ ၂၀၁၂–ခုနှစ် မတိုင်မီကာလနှင့် သက်ဆိုင်ကြသည်။ မြေသိမ်းဆည်းသည့် အလေ့အထများကြောင့် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း မြေယာအငြင်းပွားမှုများ များစွာပေါ်ပေါက်လာခဲ့ပြီး မြေယာနေရာချထားခြင်းခံရသော အကျိုးခံစားခွင့်ရှိသူများနှင့် လုပ်ကွက်ငယ်တောင်သူများအကြား ပြဿနာများဖြစ်ပေါ်ခဲ့ကြသည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခဲ့သော ပုဂ္ဂလိကများကို မြေအများအပြားချပေးခဲ့သော်လည်း အကောင်အထည်နှင့်ပြနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုများမရှိသေးပေ။ အမှန်စင်စစ်မှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေအရ ချပေးခဲ့သည့် မြေများ၏ ၂၀% မှ ၂၅% မျှကိုသာစာချုပ်ပါအတိုင်း အသုံးပြုထားကြသည်။ ဤသို့ အငြင်းပွားတောင်းဆိုမှုများ ဖြစ်နေချိန်တွင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ချမှတ်ရန်ခဲယဉ်းသည်။ အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူများအတွက် ဖြစ်သည်။ မြေယာသိမ်းဆည်းခြင်းကဲ့သို့သော မြေယာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အားနည်းနေခြင်းကြောင့် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးမှုဖြစ်စဉ်ကိုသာမက မြန်မာ့လူမှုအဖွဲ့အစည်းနှင့် အမျိုးသားရင်ကြားစေ့ရေး နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များအပေါ်၌ ပိုမို၍ အကျိုးသက်ရောက်လျက်ရှိသည်။ ဤသို့အဆုံးမသတ်နိုင်သည့် ပဋိပက္ခများရှိနေသော အခြေအနေတွင် ရေရှည်တည်တံ့မည့် စီးပွားရေး တိုးတက်မှုအားမရရှိနိုင်ပေ။ ထို့ကြောင့် မြေယာလိုအပ်ချက်ကို ကိုင်တွယ်ဖြေရှင်းရာတွင် စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်း၏ ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်ကို အချက်အလက်တစ်ခု အဖြစ်သာမက ၂၁ရာစု ပင်လုံ ညီလာခံတွင် အသိအမှတ်ပြုဆွေးနွေးထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအဖြစ်ပါ ကျယ်ပြန့်စွာ ထည့်သွင်း စဉ်းစားကြရမည်။

၅၁။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်နှင့် လူမှုပတ်ဝန်းကျင်အပေါ် အပြုသဘော မဆောင်သည့် အမျိုးမျိုးသော မြေယာကိစ္စများကြောင့်ဖြစ်ပေါ်လာသော ကြောင့်ကြမှုများကို ဖြေရှင်းရန် အစိုးရသည် (၂၀၁၆)ခုနှစ် ဇန်နဝါရီလတွင်ပြည့်စုံသောအမျိုးသားမြေအသုံးချမှု မူဝါဒ (NLUP) ကို ပြဌာန်းခဲ့သည်။ ဤ

---

၁၁ ADS ၏လူထုသဘောထား အကြံပြုချက်များရယူရေး အလုပ်ရုံဆွေးနွေးပွဲများတွင် ကချင်ပြည်နယ်မှ ဆွေးနွေးပွဲတက်ရောက်သူများက ရွှေနှင့် ကျောက်စိမ်း တူးဖော်မှုများကြောင့် ရေစီးကြောင်းများပြောင်းလဲလာကာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများအား ပိုမိုခက်ခဲစေသည်ဟု တင်ပြဆွေးနွေးခဲ့ကြသည်။

မူဝါဒရေးဆွဲရေးဖြစ်စဉ်တွင် ယခင်က မရှိခဲ့ဖူးသော အစိုးရနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်း နှစ်ဖက်လုံးမှ စီမံပြုလုပ်ခဲ့သည့် ဘက်ပေါင်းစုံမှ ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်များ ပြုလုပ်ခဲ့ပြီး မြန်မာ့သမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ်[၁၂] ပေါ်လွင်လာခဲ့သည်။ ဤအမျိုးသား မြေအသုံးချမှု မူဝါဒသည် ထပ်မံရရှိလာသော သတင်းအချက်အလက်များကိုပေါင်းစပ်၍ သင့်လျော်ကောင်းမွန်အောင် ဖြည့်စွက်ပြင်ဆင်သွားနိုင်သည့် မူဝါဒအရှင်တစ်ခုဖြစ်သည်။ ဤမူဝါဒသည် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် အလေ့အကျင့်ကောင်းများစွာကို လိုက်နာကာ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားသော တာဝန်ခံယူမှုရှိသည့် မြေယာအုပ်ချုပ်စီမံမှုလမ်းညွှန်များ (VGGT) နှင့်အညီ ဖြစ်သည်။

၅၂။ အမျိုးသားမြေအသုံးချမှု မူဝါဒတွင် ကိစ္စရပ်များစွာပါဝင်ပြီး ယင်းတို့မှာ (က) အမျိုးသား မြေအသုံးချမှု ကောင်စီအပါအဝင် အဖွဲ့အစည်းနှင့် ဥပဒေမူဘောင်၊ ဥပဒေသစ်ရေးဆွဲခြင်းနှင့် လက်ရှိဥပဒေများကို သဟဇာတဖြစ်စေရန်စီစဉ်ခြင်း၊ (ခ) မြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်း၊ (ဂ) မြေယာစီမံခန့်ခွဲခြင်း ဝန်ဆောင်မှုများ အားကောင်းစေခြင်းနှင့် (ဃ) မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများ ဖြေရှင်းဆုံးဖြတ်ခြင်းတို့ ပါဝင်သည်။ ဤမူဝါဒတွင် ပါဝင်သော အခြေခံမူများ၊ လမ်းညွှန်ချက်များကို အမျိုးသားဥပဒေတစ်ရပ်အဖြစ် ပြုစုပြောင်းလဲရေးဆွဲရန်ကိုလည်းစဉ်းစားခဲ့သည်။ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေနှင့် မြေသိမ်းဥပဒေတို့ပေါင်းစပ်ထားသော ဤလွှမ်းခြုံဥပဒေတွင် ပါဝင်ရမည့် ကိစ္စရပ်တိုင်းကို ဥပဒေအဖြစ် ဖော်ထုတ်မည်ဖြစ်သည်။ ထိုသီးသန့်ဥပဒေတစ်ခုမှာ မြေယာပိုင်ခွင့် ဥပဒေဖြစ်ပြီး မြေနှင့်ပစ္စည်း ပိုင်ဆိုင်ခွင့်၏ သဘာဝနှင့် ယင်းကိုရယူရန်နှင့် လွှဲပြောင်းရန်နည်းများကိုလည်း အသိအမှတ်ပြုမည်ဖြစ်သည်။ ဤဥပဒေသည် လူထုအကျိုးနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတို့အတွက် မြေရယူခြင်းဆိုင်ရာကိစ္စရပ်များအပြင် လုပ်ကွက်ငယ်တောင်သူတို့၏ လုပ်ပိုင်ခွင့်အာမခံချက်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်သည်။ လက်ရှိလိုအပ်ချက်အရ ဥပဒေပြင်ဆင်ချက်များမှာ ဤမူဘောင်နှင့် အံဝင်ရန် လိုအပ်သည်။ မြေယာပိုင်ဆိုင်ခွင့် ဥပဒေသစ်တွင် ရိုးရာဓလေ့အရ မြေယာပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကိုလည်း ကိုင်တွယ်ရန်လိုအပ်သည်။ ယင်းအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သလို စာရင်းမြေပုံ မထုတ်ထောင်ရသေးသော ဒေသများ၌ အခက်အခဲကြုံတွေ့ရသဖြင့် စာရင်းမြေပုံ ထုတ်ထောင်ရန် လိုအပ်ပါသည်။ အထူးသဖြင့် တိုင်းရင်းသားပြည်နယ်များတွင် ဖြစ်ပေါ်နေသည်။ ရိုးရာမြေအသုံးချမှု၊ တစ်ခါတစ်ရံ ဘုံအသုံးချမှု၊ ရွှေ့ပြောင်းတောင်ယာနှင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးမှုကို အသိအမှတ်ပြုခြင်း၊ ရေးသားမှတ်တမ်းတင်ခြင်းနှင့်မှတ်ပုံတင်ခြင်းတို့သည် လုပ်ကွက်ငယ်တောင်သူများ၏ မြေယာအခွင့်အရေးများကို အကာအကွယ်ပေးရုံမျှသာမက အမျိုးသားရင်ကြားစေ့ရေး အားထုတ်မှုကိုပါ အောင်မြင်စေနိုင်ပါသည်။

၅၃။ တောင်သူကို မြေအသုံးချခွင့်၊ လွှဲပြောင်းခွင့်၊ အမွေဆက်ခံခွင့်၊ လဲလှယ်ခွင့်နှင့် ပေါင်နှံခွင့်တို့ကိုပေးမည့် သင့်လျော်သော ဥပဒေမှာ မရှိမဖြစ် လိုအပ်နေသကဲ့သို့ ဤဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးသည်လည်း တန်းတူအရေးကြီးလှပါသည်။ ထိုသို့ဖြစ်ရန် သင့်လျော်သော အဖွဲ့အစည်း အင်စတီကျူးရှင်း လိုအပ်သည့်အပြင် အမျိုးသားအဆင့်တွင်သာမက ဒေသအဆင့်တို့တွင်ပါ မြေစီမံခန့်ခွဲရေးအလုပ်များ၊ ဝန်ဆောင်မှုများဖြစ်သော မြေတိုင်းခြင်း၊ လက်ရှိ ကြေးတိုင်အချက်အလက်တို့ကို ခေတ်မီစေခြင်း၊ ကြေးတိုင်မဆင်းရသေးသော နယ်မြေတို့အတွက် အချက်အလက်အသစ်များကိုရယူခြင်း၊ မြေပိုင်ဆိုင်ခွင့်၊ အချက်အလက်စီမံခန့်ခွဲခြင်းနှင့် မြေယာအငြင်းပွားမှုများ ဖြေရှင်းခြင်းစသည်တို့ကို ဆောင်ရွက်နိုင်စွမ်းလည်း လိုအပ်သည်။ မြေပိုင်ခွင့်ရှိသူများ မြေယာစီမံခန့်ခွဲသူများ အပါအဝင် ပတ်သက်ဆက်နွယ်သူများအားလုံး

---

[၁၂] ယင်းဖြစ်စဉ်တွင် ၁၄လအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လူထုသဘောထားရယူရေးဆွေးနွေးပွဲများ၊ ကျွမ်းကျင်သူများ၏ ဆွေးနွေးပွဲများ၊ အမျိုးသား အဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ကြိမ်၊ ရေးသားအကြံပြုချက် ၉၀၉ချက်ကို တင်ပြနိုင်ခြင်းတို့ပြုလုပ်ခဲ့ပြီး အပြီးသတ်စာတမ်းတွင် ယင်းအချက်များကို ထည့်သွင်း ပြုစုခဲ့ပါသည်။

သည်လည်း ဥပဒေကိုလိုက်နာရန်လိုအပ်သည်။ ကောင်းမွန်သောဥပဒေများ ရှိသော်လည်း တရားဥပဒေ သက်ရောက်မှု အားနည်းပါက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးနိုင်မည်မဟုတ်ပေ။ မြေအသုံးချမှု စီမံကိန်း ရေးဆွဲခြင်း ဆိုင်ရာ ဥပဒေမူဘောင်ကို သတ်မှတ်မည့် ဥပဒေတစ်ရပ်မရှိသေးသဖြင့် မူကြမ်းရေးဆွဲရန်လိုအပ်သည်။ အဆို ပါ ဥပဒေတွင် မြေစီမံကိန်းရေးဆွဲရာ၌အသုံးပြုနိုင်သည့် နည်းကိရိယာများ (အဆင့်အမျိုးမျိုးအတွက် စီမံကိန်း အမျိုးမျိုး၊ ဒေသအတွင်း လိုက်လျောညီထွေဖြစ်စေသည့် လုပ်ဆောင် ချက်စီမံကိန်းများ)၊ ဌာန အလိုက်တာဝန်များ၊ လူထု ပါဝင်ဆောင်ရွက်ရန်လိုအပ်မှု၊ ပါဝင်ဆောင်ရွက်ခွင့်၊ သတင်းမျှဝေခြင်းနှင့် အခြား အခြေခံမူများကို ပြဋ္ဌာန်း ထားသင့်သည်။[၁၃]

၅၄။ USAID , SDC , EU , DFID , LIFT (ယင်း၏မိတ်ဖက်များ) အပါအဝင် အလှူရှင်အချို့တို့သည် အမျိုးသားအဆင့် မြေအသုံးချမှု မူဝါဒတစ်ရပ် ရေးဆွဲရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ရှေ့ပြေးအစီအစဉ်လုပ်ဆောင်မှုများ မဟာဗျူဟာမြောက်ဆောင်ရွက်ချက်များဖြင့် ထောက်ပံ့ လျက်ရှိသည်။ ဤရှေ့ပြေး အစီအစဉ်များတွင် ဆောင်ရွက်ဆဲ မြေပိုင်ဆိုင်လုပ်ပိုင်ခွင့် အာမခံရေး၊ မြေအရင်း အမြစ် စီမံခန့်ခွဲခြင်းတို့နှင့် သက်ဆိုင်သောဥပဒေချင်း သဟဇာတဖြစ်စေခြင်း၊ အမျိုးသားအဆင့် မြေအသုံး ချမှု စာရင်းကောက်ယူခြင်း၊ အားလုံးပူးပေါင်းပါဝင်သော မြေအသုံးချမှု စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်ကို ရေးသားပြုစုခြင်း၊ မြေမှတ်ပုံတင်ရေးစနစ်ကို ခေတ်မီစေခြင်း၊ ကျေးလက်အဆင့်တွင် မြေပိုင်ဆိုင်ခွင့်အာမခံ ရေး၊ ဒေသအဆင့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ် ယန္တရားများကို ရေးသားပြုစုခြင်းနှင့် အစိုးရက စီမံ ခန့်ခွဲမည့် ပြည်သူများဝင်ရောက်ကြည့်ရှုနိုင်သော ဒေတာဘေ့စ်တစ်ရပ်ကို ရေးသားပြုစုခြင်း မြေအသုံးချမှု တည်နေမှုအားလုံးကို မြေပုံတစ်လွှာစီစုစည်းထားသော (မြန်မာမြေပုံတစ်ချပ်တည်း)တို့ ယေဘုယျအားဖြင့် ပါဝင်သည်။ ဤမူဝါဒအကောင်အထည်ဖော်ရေး ရှေ့ပြေးအစီအစဉ် လုပ်ဆောင်မှုများသည် အချင်းချင်း အပြန် အလှန်အမှီသဟဲပြုနေကြသည်။ အချိန်ကြာလာသောအခါ တိုးချဲ့လာနိုင်မည့်အပြင် ရှေ့ပြေးလုပ်ဆောင်မှု အားလုံးသည် မြန်မာမြေပုံတစ်ချပ်တည်း အယူအဆဖြစ်ထွန်းရေးကို အထောက်အပံ့ ပြုမည်ဖြစ်သည်။

### ၃.၄.၂။ ကျေးလက်ဘဏ္ဍာရေး

၅၅။ ကျေးလက်ကဏ္ဍသို့ ငွေကြေးထောက်ပံ့ပေးနေသော တစ်ခုတည်းသောအဖွဲ့အစည်းမှာ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) ဖြစ်ပါသည်။ ယင်းသည် ကူးသန်းရောင်းဝယ်ရေး ဘဏ်တစ်ခု မဟုတ်ဘဲ တောင်သူများအား အထောက်အပံ့ချေးငွေများ ထုတ်ပေးသည့် ဌာနဆိုင်ရာဘဏ်ဖြစ်သည်။ ချေးငွေအများစုမှာ စပါးစိုက်တောင်သူများအတွက် ရာသီအလိုက်ထုတ်ချေးခြင်းဖြစ်ပြီး စိုက်ပျိုးစရိတ်၏ ၅၀%ကို ကာမိစေသည်။ သို့သော် တောင်သူလယ်သမား မိသားစုများ၊ ကျေးလက်နေမိသားစုများမှာ အသေးစားငွေကြေးဌာနများ၊ တရားမဝင်ကုန်သည်များ၊ ဈေးဆိုင်ရှင်များ၊ ငွေချေးသူများထံမှ အတိုးနှုန်း ကြီးမားစွာဖြင့် ချေးငွေရယူခြင်းမှ မလွတ်မြောက်နိုင်သေးပေ။

၅၆။ မြန်မာ့စီးပွားရေးဘဏ် (MEB) နှင့် သမဝါယမဘဏ် (CB) တို့မှ အသေးစားစီးပွားရေးလုပ်ငန်း များနှင့် ကုန်သည်များအား ချေးငွေများ ထုတ်ချေးပေးရာ၊ ယင်းတို့ကပြန်လည်၍ တောင်သူလယ်သမားများအား ချေးငွေများပေးကြသည်။ ယင်းတို့သည် မြန်မာ့စီးပွားရေးဘဏ်သို့မဟုတ် သမဝါယမဘဏ်မှ အတန်ငယ် သက်သာသော အတိုးနှုန်းဖြင့် ငွေချေးယူခဲ့ပြီး တောင်သူကိုပြန်ချေးပေးရာတွင်မူရင်းအတိုးနှုန်းထက်များစွာ မြင့်မားသည်။ ဤသို့ အတိုးနှုန်းကွာခြားရခြင်းမှာ ကျေးလက်စီးပွားရေးတွင် ငွေရင်းငွေနှီး မလုံလောက်ခြင်း၊ အပေါင်ပစ္စည်းမပေးရခြင်း၊ ကြွေးဆုံးနိုင်ခြေမြင့်မားခြင်းနှင့် အုပ်ချုပ်မှုစရိတ်ကြီးမြင့်ခြင်းတို့ကြောင့်ဟု အကြောင်း ပြနိုင်သော်လည်း ကုန်သည်များသည် အစိုးရမှ ပံ့ပိုးသော လျော့ပေါ့နှုန်းထားဖြင့် ချေးယူထားသောငွေကြောင့်

---

၁၃ ဤမဟာဗျူဟာ ရေးဆွဲခြင်းအပြီးသတ်ကာကတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့ရက်စွဲဖြင့် အမျိုးသား မြေအသုံးချမှု ကောင်စီကို ဖွဲ့စည်းလိုက်ပြီဖြစ်ပါသည်။

အကျိုးရှိနေခြင်းသည် တရားမဝင်ချေးငွေကဏ္ဍတွင် ခေါင်းပုံဖြတ်မှု ရှိနေကြောင်းကိုလည်း ညွှန်ပြနေသည်။ အကြောင်းမှာ တောင်သူတို့သည် ငွေချေးသူများကို ဈေးဆစ် နိုင်သောအခြေအနေမရှိကြခြင်းကြောင့်ပင်ဖြစ်သည်။ ထိုနည်းတူ အတိုးနှုန်းကြီးသောကြောင့် ဝင်ငွေနည်းသော ကျေးလက်နေပြည်သူတို့မှာ ဆင်းရဲတွင်းမှ လွတ်မြောက်ရန်ခက်ခဲရုံမျှမက မဖြစ်နိုင်သည့် အခြေအနေ မှာပင်ရှိကြသည်။

၅၇။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍလျင်မြန်စွာ တိုးတက်စေရန်အတွက် ကာလတို ရာသီပေါ် ချေးငွေ သာမက၊ ကာလလတ်၊ ကာလရှည်ချေးငွေတို့ကိုပါ ကျေးလက်ချေးငွေအနေဖြင့် အမြန်တိုးချဲ့နိုင်ရန် လိုအပ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(MADB)တွင် ကျယ်ပြန့်သော ဘဏ်ခွဲကွန်ရက်တစ်ခု ရှိပြီး မြန်မာနိုင်ငံရှိ မြို့နယ်အားလုံး၏ ၆၀% အား လွှမ်းခြုံထားသော်လည်း ဤသို့သော အစိုးရအဖွဲ့ အစည်းဆိုင်ရာ ဘဏ်လုပ်ငန်းသည် စွန့်စားရနိုင်ချေများနှင့် ပြည့်နှက်လျက်ရှိကာ ယင်းအားတိုးချဲ့လုပ်ဆောင်ခြင်းကို ကျေးလက်ဒေသ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ မဟာဗျူဟာတစ်ရပ်အဖြစ် မထောက်ခံပါ။ ချေးငွေများ ပိုမိုလိုအပ်လာခြင်းကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပုဂ္ဂလိကဘဏ်များ အပါအဝင် အခြားဘဏ်များကို ကျေးလက်ကဏ္ဍသို့ လုပ်ငန်းတိုးချဲ့ဆောင်ရွက်စေရန် လိုအပ်မည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်တွင် အတိုးနှုန်းအမြင့်ဆုံးသတ်မှတ်ချက်ကို ဖယ်ရှားပေးခြင်း အပါအဝင် ဘဏ္ဍာရေးကဏ္ဍပြုပြင် ပြောင်းလဲမှုများနှင့် ထိုသို့သောချေးငှားမှုများအား အမြတ်အစွန်းပိုမိုရရှိရန် လုပ်ဆောင်ခြင်းဖြင့် အရှိန်အဟုန်မြှင့်တင်နိုင်မည်ဖြစ်သည်။ ပုဂ္ဂလိကဘဏ်များတွင်လည်း တောင်သူငယ်များ အများအပြားပါဝင်သော ဖောက်သည်ထုကြီးကို ဝန်ဆောင်မှုပေးရာတွင် ကုန်ကျစရိတ်နှင့်စွန့်စားရနိုင်ချေများ လျှော့နည်းစေရန်အတွက် ဒစ်ဂျစ်တယ် နည်းပညာသုံး ငွေရေးကြေးရေး ဝန်ဆောင်မှုများကိုအသုံးပြုနိုင်မည့် အခွင့်အလမ်းလည်းရှိလာပါသည်။ တစ်ချိန်တည်းမှာပင် ပုဂ္ဂလိကဘဏ်များမှ စိုက်ပျိုးစီးပွားရေးကုမ္ပဏီများနှင့်ကုန်ပစ္စည်း ပေးသွင်းသူများအား ချေးငွေပိုမိုထုတ်ချေးပေးခြင်းဖြင့် ဤကဏ္ဍကို ယေဘုယျ ကူညီပံ့ပိုးပေးနိုင်ပါသည်။ လယ်ယာသုံးစက်ကိရိယာများအား အငှားဝယ်စနစ်ဖြင့်ဝယ်ယူရေးအား ပံ့ပိုးရန် အလှူရှင်များ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်သောအကြွေးဆုံးအရံငွေ(Loan Loss Reserve)လုပ်ငန်း၏ လတ်တလော အတွေ့အကြုံမှ စိုက်ပျိုးရေးကဏ္ဍအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာစေနိုင်မည့် နည်းလမ်းတစ်ခုအား သိရှိခဲ့ရသည်။ အခြားနည်းလမ်းများအနက် (က) အမျိုးသားအဆင့် ချေးငွေအာမခံ ရန်ပုံငွေ တစ်ရပ်ထူထောင်ခြင်း၊ (ခ) ပုဂ္ဂလိကဘဏ်ချေးငွေများ၏ ရာခိုင်နှုန်းတစ်ခုအား စိုက်ပျိုးရေးကဏ္ဍသို့ လျှော့ဈေးနှုန်းထားဖြင့် ပြန်လည်ငွေကြေးပံ့ပိုးပေးမည့် အလှူရှင်များမှထောက်ပံ့သော အဖွဲ့အစည်းတစ်ရပ်၊ (ဂ) ငွေအရင်းအနှီး (ရှယ်ယာ) လိုအပ်ချက်များ လျှော့နည်းသော ငွေကြေးလည်ပတ်မှုအခြေပြုဘဏ္ဍာရေး ထောက်ပံ့မှုဖွံ့ဖြိုးလာစေရန်အတွက် အလှူရှင်တစ်ဦးမှ ပုဂ္ဂလိကဘဏ်တစ်ခုတွင် အစုစပ်ပါဝင်သူအဖြစ် နေရာယူခြင်း၊(သို့မဟုတ်)(ဃ)လုပ်ကွက်ငယ်တောင်သူများ၏ ရာသီအလိုက်သွင်းအားစု ကုန်ကျစရိတ်များ အား ဒစ်ဂျစ်တယ်နည်းပညာသုံး ငွေကြေးထောက်ပံ့မှုပြုလုပ်ခြင်းကိုအာမခံချက်ပေးနိုင်ရန် လျော်ကြေးငွေ ပေးအပ်သည့်ရှင်းတမ်း(Compensation Balance)တစ်ခုအား အသုံးပြုခြင်းတို့ပါဝင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း တန်ဖိုးကွင်းဆက်များဆိုင်ရာ ငွေကြေးပံ့ပိုးမှုအတွက် စီးပွားဖြစ်တွက်ချေကိုက်သော ထွက်ကုန်များ ထုတ်လုပ်နိုင်ရန် ပုဂ္ဂလိကဘဏ်လုပ်ငန်းကဏ္ဍကို ထောက်ပံ့မှုများပြုလုပ်သင့်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနမှ ယခင်ဌာနဖြစ်သော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပြီးဖြစ်ပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် စိုက်ပျိုးရေး နှင့် ကျေးလက်ကဏ္ဍ၏ လိုလားချက်အား ပိုမိုဖြည့်ဆည်းပေးနိုင်မည့် ငွေကြေးဝန်ဆောင်မှုစနစ်ကို ဒီဇိုင်းရေးဆွဲနေဆဲ ဖြစ်ပါသည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနသည် အဆိုပါငွေကြေးဝန်ဆောင်မှုစနစ်ကို ပြုပြင်ပြောင်းလဲရေးတွင် အထောက်အကူပြုပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ထို့အပြင် အကြွေးထောင်ချောက်တွင် နစ်နေသော တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများကို ငွေကြေးအဝင်အထွက် စီမံခန့်ခွဲမှု စွမ်းရည်ကောင်းရန်နှင့် အကြွေးဆပ်နိုင်မှုစွမ်းအား ကောင်းမွန်လာရေးအတွက်ပါ စိုက်၊ မွေး၊ ဆည်ဝန် ကြီးဌာနက အားဖြည့်ကူညီရန်လိုအပ်ပါသည်။

၅၈။ အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းသည် အမျိုးသမီးများအပါအဝင် ပိုမိုဆင်းရဲနွမ်းပါးသော၊ ပို၍ထိခိုက်လွယ်သောအုပ်စုများ၏ လိုအပ်ချက်များကို ဖြည့်တင်းပေးရန်နှင့် လယ်ယာပြင်ပစီးပွားရေး လုပ်ငန်းများကို ထောက်ပံ့ပေးရန် အထူးအရေးကြီးသော အခန်းကဏ္ဍ၌ရှိနေပါသည်။ (၁၉၉၀) ပြည့်နှစ်နှောင်းပိုင်း အချိန်လောက်ကပင် မြန်မာနိုင်ငံတွင် ပြည်ပမှထောက်ပံ့သော အသေးစားချေးငွေ/ အသေးစားငွေကြေး စီမံချက်များမှာ အောင်မြင်မှုရရှိနေပြီးဖြစ်သည်။ ယင်းတို့သည် ဂရာမင်းပုံစံ (Grameen Model)ကို အခြေခံကြသည်။ အသေးစားချေးငွေလုပ်ငန်းတွင် အစိုးရရော၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများကပါ ပါဝင်ဆောင်ရွက်နေကြသည်။ ရေရှည်တည်တံ့သော အသေးစားငွေကြေး ဝန်ဆောင်မှုလုပ်ငန်းပုံစံများကို ဆောင်ရွက်ခြင်းသည် ခက်ခဲပြီးအငြင်းပွားစရာများသော လုပ်ငန်းနယ်ပယ်တစ်ခု ဖြစ်နေကြောင်းကို တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် မကြာသေးမီကတွေ့ခဲ့ရသည်။ ရေရှည်တည်တံ့ရေးကို အာမခံချက်ပေးနိုင်ရန် အသေးစား ငွေရေးကြေးရေးလုပ်ငန်း(MFI)မှ ရယူသောအတိုးနှုန်းသည် မြင့်မားနေတတ်သည်။ ငွေကြေးဝန်ဆောင်မှုများအား လက်လှမ်းမီနိုင်ရေးကကုန်ကျစရိတ်ထက် ပိုအရေးကြီးနေသော ငွေကြေးပြတ်လပ်နေသည့် ချေးငှားသူများအတွက် ယင်းအတိုးနှုန်းသည် ပြဿနာတစ်ရပ်မဟုတ်သော်လည်း ထိုအတိုးနှုန်းများကို နိုင်ငံရေးအရ လက်ခံနိုင်ဖွယ်မရှိပေ။ ထို့ပြင် MFI ဖွံ့ဖြိုးတိုးတက်မှုအတွက် အသေးစိတ်အစီအစဉ်လည်း ရေးဆွဲထားခြင်း မရှိပေ။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ထိရောက်စွာဖွံ့ဖြိုးစေရန် အတွက်အခြေခံ အနေအထားများတွင် ဗဟိုဘဏ်မှ MFI စီမံခန့်ခွဲမှုအား ကြီးကြပ်ခြင်းအပါအဝင် အသေးစား ငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာ ဥပဒေတစ်ရပ်၊ ပုဂ္ဂလိကဘဏ်များနှင့် MFI များအကြား စီးပွားရေးအရ ထိရောက်သော ဆက်ဆံမှုများနှင့် ပုဂ္ဂလိက MFI ကဏ္ဍတစ်ခုပေါ်ပေါက်လာစေရန် အလှူရှင်များနှင့်အစိုးရတို့မှ ရေရှည်ပံ့ပိုးမှုများပြုလုပ်သွားမည့် ကတိကဝတ်စသည်တို့ပါဝင်သည်။ အခြားသော အလားအလာရှိသည့် ငွေကြေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများအဖြစ် မိုဘိုင်း ငွေလွှဲခြင်း၊ ငွေပေးချေခြင်းနှင့် ဘဏ်လုပ်ငန်း၊ လက်ကျန်ငွေအနည်းငယ်သာ လိုအပ်သောငွေစုစာရင်း၊ (Credit Plus) ချဉ်းကပ်မှုနည်းလမ်းများ၊ ပုဂ္ဂိုလ်ချင်း (P2P) ငွေချေးခြင်းတို့ရှိနေပြီဖြစ်ပြီး ငွေသွင်းငွေထုတ် ကုန်ကျစရိတ်များလျှော့ချနိုင်ရန် နည်းပညာများလည်း တိုးတက်လာပြီ ဖြစ်သည်။ (အာရှဖွံ့ဖြိုးရေးဘဏ် ၂၀၁၂ခုနှစ်)

၅၉။ ဖွံ့ဖြိုးတိုးတက်မှုနယ်မြေတွင် ကနဦးလုပ်ငန်းဆောင်ရွက်မှုအဆင့်သာ ရှိသေးသော်လည်း သီးနှံနှင့် မွေးမြူရေး အာမခံထားခြင်းကို စတင်မိတ်ဆက်လုပ်ဆောင်ခြင်းသည် မြန်မာ့ကျေးလက် ငွေကြေးကဏ္ဍ၏ အရေးပါသော လုပ်ငန်းတစ်ခုဖြစ်သည်။ (၂၀၀၈) ခုနှစ်နှင့် (၂၀၁၀) ခုနှစ်တို့တွင် ကျရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းများနှင့် (၂၀၁၅)ခုနှစ်တွင် ရေကြီးမှုများနှင့် မြေပြိုမှုများတွင် တွေ့ခဲ့ရသည့်အတိုင်း သဘာဝဘေးကျရောက်နိုင်မှု အန္တရာယ်မှာ မြင့်မားပြီး မြန်မာနိုင်ငံတွင် ပိုမိုများပြားလာသော ရာသီဥတု ပြောင်းလဲမှု အန္တရာယ်များကြောင့် ထိခိုက်လွယ်လျက်ရှိသည်။ (၂၀၁၇)ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု အန္တရာယ်ကျ ရောက်နိုင်ချေ အညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ချက်တွင် ဒုတိယအမြင့်ဆုံးနေရာ၌ (ဟွန်ဒူးရပ်စ်နိုင်ငံ၏နောက်၌)ရှိသည်။ အဆိုပါရာသီဥတုအန္တရာယ်နှင့် ရာသီဥတု ပြောင်းလဲမှုအကြိမ်အရေအတွက် ပိုမိုကျရောက်လာနိုင်မှုသည် သီးနှံနှင့်မွေးမြူရေးအာမခံဆိုင်ရာ ကုန်ကျစရိတ်နှင့်ရှုပ်ထွေးမှုများကို မြင့်တက်လာစေနိုင်သည်။ ထို့ကြောင့် အာမခံထားမည့်သူအတွက် ထောက်ပံ့ငွေ အများအပြား၊ ပုံမှန်အားဖြင့် စုစုပေါင်း ကုန်ကျစရိတ်၏ ၆၀% မှ ၇၀%၊ ပံ့ပိုးပေးနိုင်မှသာလျှင် အာမခံထားနိုင်မည်ဖြစ်သည်။ ဥပမာအနေဖြင့် နီပေါနိုင်ငံတွင် ဤသို့သော ထောက်ပံ့ငွေ (၆၀%)ပံ့ပိုးခြင်းအား တဖြည်းဖြည်းတိုးမြှင့် ဆောင်ရွက်လျက်ရှိသည်။ သို့သော် ဤအခြေအနေတွင် ပုဂ္ဂလိက ကဏ္ဍမှ ကမ်းလှမ်းလာသည့် အာမခံပြုလုပ်ထားသော ထွက်ကုန်များသည် အရှုံးကို ကာမိစေရန်အတွက် သမရိုးကျပုံစံများသာဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် မကြာသေးမီက အမျိုးသားအဆင့် စိုက်ပျိုးရေးဆိုင်ရာ အာမခံအစီအစဉ်ကို စတင်ရန်ကြိုးစားအားထုတ်မှုသည် ဆိုးရွားစွာ ပြိုလဲခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပြုတင်ပြလာသော စိုက်ပျိုးရေးဆိုင်ရာ အာမခံအစီအစဉ်တိုင်းအား သတိဖြင့်ချဉ်းကပ်သင့်ပြီး အဆိုပါချဉ်းကပ်မှုတစ်ခုချင်းစီအတွက် ငွေကြေးနှင့် စီးပွားရေးဆိုင်ရာအကျိုးကျေးဇူးများကို သေချာစွာဆန်းစစ်လေ့လာသင့်သည်။

## ၃.၄.၃။ သုတေသန နှင့် တိုးချဲ့ပညာပေးရေး

၆၀။ မြန်မာ့စိုက်ပျိုးရေးသုတေသနနှင့်တိုးချဲ့ပညာပေးရေးသည် (အကျိုးအမြတ်အပေါ် ဦးစားပေးခြင်း မရှိဘဲ) သီးနှံတစ်မယ်ချင်းအလိုက် အထွက်တိုးရေးအပေါ်တွင်သာ ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုအနည်းငယ်သာရှိသည်။ (ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ၂၀၀၄ခုနှစ်)၊ သီးနှံသုတေသနများကို ဌာနများက သီးခြားစီဆောင်ရွက်နေကြသည် (ဥပမာ –စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန)။ သို့သော် မွေးမြူရေးနှင့်ရေလုပ်ငန်းတွင် သုတေသနအဖွဲ့အစည်း အခြေပြုခြင်းမှာလည်းအနည်းငယ်သာရှိသည်။ စက်မှုလယ်ယာ၊ ဆည်မြောင်း၊ကျေးလက် ဒေသဆိုင်ရာသုတေသနလုပ်ငန်းစဉ်အချို့ရှိသော်လည်း သုတေသနအဖွဲ့အစည်းမှဘောင်အတွင်းသို့ မရောက်လာသေးပေ။ တိုးချဲ့ပညာပေးရေးတွင်လည်း တောင်သူတို့၏လိုအပ်ချက်များအပေါ်တွင် ဦးတည်ထားသော အားလုံးပါဝင်ဆောင်ရွက်သည့်နည်းလမ်းများကို အနည်းငယ်သာအသုံးပြုသည်။ သုတေသနနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းတို့အကြား ညှိနှိုင်းဆောင်ရွက်မှုမှာ အလွန်အားနည်းလျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းတို့တွင် ရန်ပုံငွေမှာ အထူးပင်ချို့တဲ့လျက်ရှိသည်။ ၎င်းတို့၏ လက်ရှိဘတ်ဂျက်မှာ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ စုစုပေါင်းဘက်ဂျက်၏ ၁% ခန့်သာရှိပြီး စိုက်ပျိုးရေးဆိုင်ရာပြည်တွင်း အသားတင်ထုတ်ကုန် တန်ဖိုး၏ ၀.၁% ထက်ပင် လျော့နည်းနေသေးသည်။

၆၁။ သုတေသနနှင့် တိုးချဲ့ပညာပေးရေးတို့မှာလည်း သီးနှံအထွက်တိုးရေး တစ်မျိုးတည်းကိုသာ ဦးတည်ချက်ထားလုပ်ဆောင်နေရပြီး တောင်သူတို့အတွက် သေရေးရှင်ရေးတမျှ အရေးပါသောထုတ်လုပ်မှုကုန်ကျစရိတ်၊ အကျိုးအမြတ်ရနိုင်ချေ၊ ရောဂါများနှင့်ပိုးမွှားများ၊ ရေစီမံခန့်ခွဲမှု၊ အလုံးစုံစိုက်ပျိုးထုတ်လုပ်မှု ဝင်ငွေနှင့် စိုက်ပျိုး–ဂေဟဇုန်များနှင့် သင့်လျော်မှုရှိ/မရှိ စသည်တို့သည် အနည်းအကျဉ်းသာရှိနေသေးသည်။ ထို့ကြောင့် တိုးတက်သောနည်းပညာများကို အသုံးပြုနိုင်စွမ်းမှာလည်း အကန့်အသတ်ဖြင့်သာ ရှိနေသည်။ သုတေသနနှင့်တိုးချဲ့ပညာပေးရေးနှစ်ခုလုံးအား လယ်ယာစိုက်ပျိုးရေးစနစ် ချဉ်းကပ်မှုနည်းလမ်းများနှင့် ကိုက်ညီစေရန် အဓိကထား၍ ပြန်လည်ပြုပြင်အသက်သွင်းရန် လိုအပ်ပါသည်။ ယင်းအတွက်ခေတ်မီသော စိုက်ပျိုးစီးပွားရေးလုပ်ငန်း၌ စိုက်ပျိုးရေးဆိုင်ရာသုတေသနနှင့် တိုးချဲ့ပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရနှင့်ပုဂ္ဂလိကအခန်းကဏ္ဍများအား ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားရန် လိုအပ်ပါသည်။ ထို့အပြင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေး တက္ကသိုလ်နှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့တွင် လုပ်ဆောင်နေသော သုတေသနအချို့မှာ ထပ်တူကျနေသည်လည်း ရှိနိုင်ပါသည်။ အမျိုးသားအဆင့် သုတေသနပရိုဂရမ် ညှိနှိုင်းဆွေးနွေးပွဲနှင့် ဦးစားပေးလုပ်ငန်းများ၊ ၎င်းအလိုက် ရန်ပုံငွေခွဲဝေချထားခြင်းစသော လုပ်ငန်းများကိုလည်း ဌာနများအချင်းချင်း ဆက်စပ်ပေါင်းစည်း၍ဆောင်ရွက်မှုလည်း အားနည်းနေသည်။

၆၂။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသန အကြံပေးအဖွဲ့ (CGAIR)၏ လက်ရှိသုတေသနဗဟုသုတများကိုအခြေခံ၍ ပြောင်းလဲနိုင်မည့်သုတေသနကို အာရုံစိုက်နိုင်သည်။ အမျိုးသားအဆင့် ဖွဲ့စည်းပုံအောက်၌ နိုင်ငံ၏သုတေသနဆိုင်ရာ စီမံအုပ်ချုပ်မှုများအား ပြန်လည်ဖွဲ့စည်းရမည်ဖြစ်သည်။ သုတေသနလုပ်ငန်းများ ထပ်တူကျနေပါက ပေါင်းစပ်၍ (မလိုအပ်သည်များကို) ဖယ်ရှားခြင်း၊ လိုအပ်သည့်နေရာများတွင် သုတေသနဆိုင်ရာ စွမ်းဆောင်ရည်အသစ်များအားဖန်တီးခြင်းနှင့် သုတေသန စီမံကိန်းရေးဆွဲရာတွင် လယ်ယာစိုက်ပျိုးရေးစနစ် ချဉ်းကပ်မှုနည်းလမ်းများနှင့် ကိုက်ညီစေရန်ဌာနများအချင်းချင်း ချိတ်ဆက်ခြင်းတို့ကိုဆောင်ရွက်ရမည်။ သုတေသနဆိုင်ရာဘတ်ဂျက်မှာလည်း အလွန်နည်းပါးလျက်ရှိခြင်းကြောင့်စီမံအုပ်ချုပ်သူများအနေဖြင့် သုတေသနရန်ပုံငွေပံ့ပိုးမှုအတွက် နိုင်ငံတကာမှ စိုက်ပျိုးစီးပွားရေး လုပ်ငန်းများအပါအဝင် အစိုးရနှင့်ပုဂ္ဂလိကမိတ်ဖက်ပြု၍ လုပ်ဆောင်နိုင်မည့်အခွင့်အလမ်းများအား ရှာဖွေသင့်သည်။ ထို့ပြင်ကျန်ရှိနေသော သုတေသနဌာနများမှ ထပ်တိုးလုပ်ဆောင်မည့်သုတေသန၊ ပစ္စည်းကိရိယာများနှင့် ဝန်ထမ်းများအား မက်လုံးပေးထောက်ပံ့မှုများအတွက် ဝင်ငွေရရှိနိုင်ချေကိုလည်း ရှာဖွေသင့်သည်။ ဗီယက်နမ်နိုင်ငံသည် ဤပုံစံအား လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုခန့်ကပင်အောင်မြင်စွာ စတင်နိုင်ခဲ့သည်။

၆၃။ တိုးချဲ့ပညာပေးရေးနှင့်စပ်လျဉ်း၍ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ အခန်းကဏ္ဍအား ထိရောက်မှု နည်းပါးသည့် ယခင်ပညာပေးဝန်ဆောင်မှုများအဖြစ်မှ တောင်သူအခြေပြုသည့် စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ ပညာပေး ဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သော တိုးချဲ့ပညာပေး စနစ်တစ်ခုလုံး၏ ပံ့ပိုးကူညီသူ အဖြစ်သို့ပြန်လည်၍ ပြောင်းလဲသတ်မှတ်သင့်သည်။ ထိုအထဲတွင် လယ်သမား–မှ–လယ်သမားသို့ (F2F) နှင့် စီးပွားရေးလုပ်ငန်း–မှ–လယ်သမားသို့ (E2F) အကြံပေးဝန်ဆောင်မှုများအား ချဲ့ထွင်ရန်နှင့် အဖွဲ့အစည်း ဖွဲ့စည်းရန်အတွက် ရှင်းလင်းတိကျသော အခန်းကဏ္ဍများနှင့် အခွင့်အလမ်းများအားဖော်ထုတ်ရန် ပါဝင်ပါသည်။ တိုးချဲ့ပညာပေးရေးလုပ်ငန်း အကောင်အထည်ဖော်ခြင်းအား ဒေသနှင့် မြို့နယ်အဆင့်များသို့ ခွဲဝေပေးသင့်ပြီး ရုံးချုပ်တိုးချဲ့ပညာပေးဝန်ထမ်းများမှ ဒေသအလိုက် စီမံခန့်ခွဲလျက်ရှိသော တိုးချဲ့ပညာပေးဌာနများသို့ စွမ်း ဆောင်ရည် မြှင့်တင်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့် ထိန်းကျောင်းခြင်း စသည့် ဝန်ဆောင်မှု များအား ပြုလုပ်ပေးရမည်ဖြစ်သည်။ ဒေသဆိုင်ရာ/ မြို့နယ်တိုးချဲ့ပညာပေးလုပ်ငန်းဖွဲ့စည်းပုံများနှင့် နည်း ပညာဖြန့်ဝေသည့်စနစ်များ၏ သဘောသဘာဝများကို ဒေသအာဏာပိုင်များကလွှမ်းခြုံမှုအားကောင်းပြီးတောင်သူ အခြေပြုစိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ပညာပေး မူဘောင်တို့ကို သတ်မှတ်သင့်သည်။ လယ်သမားများအတွက် ၎င်းတို့နှစ်သက်ရာ ဝန်ဆောင်မှုပေးသူထံမှ အလိုရှိသော နည်းပညာ ဝန်ဆောင်မှုများကို လက်ခံပေးချေနိုင်ရန် အထောက်အထားပြေစာစနစ် (Voucher System) စတင်ဆောင်ရွက်ခြင်းအား လေ့လာသင့်သည်။

### ၃.၄.၄။ တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် သမဝါယမအသင်းများ

၆၄။ လုပ်ကွက်ငယ်တောင်သူအများစုရှိနေသော စိုက်ပျိုးရေးလောကတွင် တောင်သူလယ်သမားအဖွဲ့ အစည်းများနှင့် သမဝါယမအဖွဲ့အစည်းများသည် တောင်သူများကို ဈေးသက်သာသော သွင်းအားစုများ၊ ပညာပေးရေးနှင့် ချေးငွေအပါအဝင် အထောက်အပံ့ဝန်ဆောင်မှုများ၊ သွင်းအားစုဈေးကွက်နှင့် ထွက်ကုန် ဈေးကွက်များတွင်ပါ ဈေးဆစ်၊ ဈေးခေါ်နိုင်စွမ်း၊ လုပ်ကွက်ငယ်တောင်သူတို့ကို တန်ဖိုးကွင်းဆက်အတွင်း ထိရောက်စွာ ပေါင်းစည်းပါဝင်နိုင်စွမ်း စသည်တို့ လက်လှမ်းမီလာစေရေး ဆောင်ရွက်ပေးနိုင်သည်။ အစိုးရက ထူထောင်ပေးသော တောင်သူအဖွဲ့အစည်းများသည် ထိုင်ဝမ်နှင့်ကိုရီးယားတွင် စိုက်ပျိုးရေး အသွင်ကူး ပြောင်းရာ၌ အဓိကပါဝင်ခဲ့ကြသည်။ မည်သည့်နေရာတွင်မဆို အထက်မှအောက်သို့ အမိန့်ညွှန်ကြားချက် ဖြင့်ဖွဲ့စည်းထားသောအဖွဲ့အသင်းများနှင့် သမဝါယမများသည် မအောင်မြင်တတ်ကြပေ။ မြန်မာနိုင်ငံတွင် သမဝါယမအသင်း ဥပဒေသည် နိုင်ငံတကာစံနှုန်းများဖြစ်သည့် သမဝါယမဆိုင်ရာသီးခြား ရပ်တည်မှု၊ စီမံအုပ်ချုပ်မှု၊ စည်းမျဉ်းများစသည်တို့နှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ကြရပါမည်။ သမဝါယမ လုပ်ငန်းများတွင် ယေဘုယျအားဖြင့် ပြည်သူလူထု၏ ယုံကြည်မှု လျော့နည်းလျက်ရှိသည့်အပြင် ကျေးလက် သမဝါယမချေးငွေများမှာလည်း မြေပိုင်ရှင်များကိုသာ ချေးနိုင်သောကြောင့်၎င်းတို့၏ဆက်နွယ်မှုများကို လယ်ယာပြင်ပကျေးလက်အိမ်ထောင်စုများသို့ ရောက်ရှိနိုင်ရန် ကန့်သတ်မှုများရှိနေသည်။ ထို့ပြင် သမဝါယမ လုပ်ငန်းများ၌ အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှုမှာလည်း အလွန်နည်းပါးနေပါသည်။ ထို့ကြောင့် နိုင်ငံတကာ သမဝါယမအခြေခံမှုများအား မြန်မာနိုင်ငံသမဝါယမအသင်းဥပဒေအတွင်းသို့ ထည့်သွင်း ပေါင်းစည်းရန် စောင့်ဆိုင်းနေစဉ်တွင် အောက်ခြေအဆင့်ရှိ ရပ်ရွာအဖွဲ့အစည်းများ၊ သုံးစွဲသူအုပ်စုများ၊ ကိုယ်ထူကိုယ်ထအုပ်စုများနှင့် အသင်းအဖွဲ့များကိုအောက်ခြေမှအထက်သို့ ဖွဲ့စည်းဆောင်ရွက်ရန်အားပေး ခြင်းသည်သာ လုပ်နိုင်စွမ်းရှိပြီးရေရှည်တည်တံ့သော တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် သမဝါ ယမ အသင်းများဖြစ်ထွန်းမည့် အကောင်းဆုံးနည်းလမ်းဖြစ်လာဖွယ်ရှိပါသည်။ ဤအဖွဲ့အစည်းအမျိုးမျိုးကို (NGO)အဖွဲ့အစည်းများက စွမ်းဆောင်ရည်တည်ဆောက်ပေးရန်လည်း အရေးကြီးပါသည်။ ဆိုင်ကလုန်း နာဂစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌(NGO)များ အလျင်အမြန်တိုးပွားလာသည်။ ဤနယ်ပယ်တွင် (INGO) အစိုးရ မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကလည်းထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်သည်။

## ၃.၄.၅။ မူဝါဒသုံးသပ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း

၆၅။ မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ရည်မှန်းချက်ကြီးမားစွာဖြင့် စတင်လျက်ရှိရာ လုပ်ငန်းများမှာ စိန်ခေါ်မှုများနှင့်ပြည့်နှက်နေပြီး ခက်ခဲရှုပ်ထွေးလှသည်။ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်စီးပွားရေးကဏ္ဍတွင်ဖြစ်သည်။ မူဝါဒနှင့်စီမံကိန်းရေးဆွဲရာတွင်လည်း သီးနှံထွက်ကုန်အမျိုးအစား/ ကဏ္ဍခွဲကိုဦးတည်ရာမှ စိုက်ပျိုးထုတ်လုပ်မှုစနစ်/ ကျေးလက်အိမ်ထောင်စုတို့ကို ဦးတည်ရန်လည်းကောင်း၊ ရည်မှန်းချက်များကို တစ်ဖက်သတ်ချမှတ်သည့်စနစ်မှ ဈေးကွက်ဝယ်လိုအားနှင့် ကုန်ထုတ်စွမ်းအားအလားအလာ၊ ထုတ်လုပ်သူတို့ကြုံတွေ့ရသည့် အဟန့်အတားများကို ထည့်သွင်းစဉ်းစားထားသည့် သဘာဝကျသော ထွက်ကုန်ရည်မှန်းချက်များချမှတ်သည့်စနစ်သို့လည်းကောင်း ပြောင်းလဲရန်လိုအပ်သည်။ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် အသေးစား (သို့မဟုတ်) အကြီးစားပုဂ္ဂလိက ကဏ္ဍမှ မောင်းနှင်စေလိုပါက စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန် ကုန်ကျစရိတ်လျော့ချခြင်းနှင့် ဖြစ်သင့်သော ဈေးနှုန်းမက်လုံးများ အပါအဝင် စွမ်းဆောင်နိုင်ခွင့်ရှိသော ပတ်ဝန်းကျင် တစ်ရပ်ကို ဖန်တီးရမည်။ ဆန်စပါးကဏ္ဍ၏ မူဝါဒမှာလည်း အထူးပင်ခက်ခဲပါသည်။ အကြောင်းမှာ ဆန်စပါးသည် ပင်မအစားအသောက်အဖြစ် အရေးကြီးသည့်အပြင် ထုတ်လုပ်သူနှင့်စားသုံးသူတို့၏ အကျိုးနှင့် ထုတ်ကုန်ဈေးကွက်အခွင့်အလမ်းတို့ကိုပါ စဉ်းစားကာ ချိန်ညှိရန် လိုအပ်သောကြောင့်ဖြစ်သည်။

၆၆။ စီမံကိန်းရေးဆွဲရာတွင်လည်း ဗဟိုဦးစီးစနစ်ကို ပို၍လျှော့ချကာ အားလုံးပူးပေါင်းပါဝင်စေခြင်းဖြင့် ဒေသအလိုက် တောင်သူများပိုမိုအကျိုးရှိလာနိုင်စေရန်နှင့် ဝေးလံခေါင်သီသောတောင်တန်းဒေသတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

၆၇။ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)သည် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ကို ကောင်းမွန်သော အခြေခံများဖြင့် ကူညီပံ့ပိုးလျက်ရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)တွင် ဒေသတွင်းလိုက်လျောကိုက်ညီမည့် လုပ်ဆောင်ချက်စီမံကိန်းများ(LAPA)[၁၄]ရေးဆွဲခြင်းလည်းပါဝင်ပြီး ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့်ပေါင်းစည်းသွားမည်ဖြစ်သည်။ ခိုင်မာသောအချက်အလက်များ၊ စာရင်းအင်းများ မရှိခြင်းသည် ထိရောက်သော မူဝါဒဆန်းစစ်လေ့လာခြင်း၊ မဟာဗျူဟာရေးဆွဲခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းတို့ကို အဓိက အဟန့်အတား ဖြစ်စေသည်။ ယင်းတို့ကို ချက်ချင်း အာရုံစိုက်ရန်လိုအပ်သည်။ မူဝါဒနှင့်စီမံကိန်းတို့၏ရလဒ်များကို ထိရောက်စွာစောင့်ကြည့်စစ်ဆေးခြင်းသည်လည်း မူဝါဒအား အသေးစိတ်ပြန်လည်ချိန်ညှိရာတွင် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်။ စိုက်ပျိုးရေးနှင့် ကျေးလက်ကဏ္ဍအတွက် မူဝါဒနှင့် စီမံကိန်းများရေးဆွဲခြင်းစနစ်ကို ပြန်လည်ဦးတည်အားဖြည့်ရန်အတွက် ကျယ်ကျယ်ပြန့်ပြန့်စွမ်းဆောင်ရည်တည်ဆောက်ပေးရန် ဦးစားပေးရမည်။ မူဝါဒအား စနစ်တကျစောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း (M&E) တို့မှာ မရှိသလောက် နည်းပါးသည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံတွင်လည်း ကျွမ်းကျင်စွာနှင့် အမှီအခိုကင်းစွာ ရေးသားထားသည့် စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်းဆိုင်ရာ အစီရင်ခံစာများအား ပုံမှန်ပြုစုဖြန့်ဝေသွားမည့်မူဝါဒ (သို့မဟုတ်) စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း ဌာနခွဲများလွန်စွာနည်းပါးနေပါ သည်။

၆၈။ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ကဏ္ဍများအတွက် မူဝါဒနှင့်စီမံကိန်းရေးဆွဲခြင်းစနစ် ပြန်လည်အသက်ဝင်ပြီး အားကောင်းလာစေရန်မှာ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည်။ ထို့အတွက် စွမ်းဆောင်ရည်ဖွံ့ဖြိုး တိုးတက်မှုနှင့် အရင်းအမြစ်များအား ခွဲဝေနေရာချထားမှုတို့ကို ကျယ်ပြန့်စွာလုပ်ဆောင်ရန် လိုအပ်ပါသည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏စီမံကိန်းဦးစီးဌာနတွင် မူဝါဒနှင့် စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်းဆိုင်ရာ

---

၁၄ နီပေါနှင့်ပါကစ္စတန် နှစ်နိုင်ငံလုံးတွင် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် block ထောက်ပံ့ငွေကို အကောင်အထည်ဖော်ရေးအတွက် ခွဲဝေသတ်မှတ်ထားကြသည်။

ယူနစ်တစ်ရပ်ကိုထူထောင်ပြီးဖြစ်သော်လည်း အဆိုပါယူနစ်အား အင်အားတောင့်တင်းစေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်နေပါသည်။

## ၃.၅။ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု

၆၉။ လမ်းနှင့်ဆည်မြောင်းဟူသော အခြေခံအဆောက်အအုံတို့တွင် ရင်းနှီးမြှုပ်နှံမှုအချို့ရှိနေသော်လည်း မြန်မာ့ကျေးလက်အခြေခံအဆောက်အအုံမှာ ခြုံ၍ပြောရလျှင် အားနည်းလှသည်။ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များမှာ အလွန်ကြီးမားလျက်ရှိသည်။ သို့သော် အစိုးရနှင့်ဖွံ့ဖြိုးရေးမိတ်ဖက်များထံမှ ရင်းနှီးမြှုပ်နှံမှုများအပြင် ပုဂ္ဂလိက ကဏ္ဍမှလည်း အထူးသဖြင့် မိုဘိုင်းဖုန်း၊ စွမ်းအင်နှင့် ဆိပ်ကမ်းစသည့်နယ်ပယ်တို့တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းနှင့် အစိုးရ–ပုဂ္ဂလိကပူးတွဲလုပ်ဆောင်ခြင်းတို့ဖြင့်တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ ထို့အပြင် ပြည်သူလူထုမှလည်း လူထုအခြေပြုဖွံ့ဖြိုးတိုးတက်ရေး (CDD) ၏ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများမှတစ်ဆင့်လည်း ပါဝင်ဆောင်ရွက်နိုင်ပါမည်။ ဘဏ္ဍာငွေအား လျာထားချက်အတိုင်း အသုံးပြုနိုင်မှုစွမ်းရည်မှာ အားနည်းနေသေးသော်လည်း နောက်(၅)နှစ်တာကာလအတွင်းတွင် သိသာသော တိုးတက်ပြောင်းလဲမှုရှိလာနိုင်သည်ဟု မျှော်မှန်းထားပါသည်။

၇၀။ စိုက်ပျိုးရေးကဏ္ဍ၏ရှုထောင့်မှရှုမြင်ပါက ဦးစားပေးလုပ်ငန်းများတွင် ဆက်သွယ်ဆောင်ရွက်နိုင်မှုပုံစံများအားလုံး၊ ကျေးရွာများမှလယ်ကွင်းများဆီသို့နှင့်လယ်ကွင်းများမှဈေးသို့သွားသော လမ်းကြောင်းများအပါအဝင်လမ်းများ၊ တံတားများ၊ မိုဘိုင်းဖုန်းများနှင့် အင်တာနက်တို့ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များ အလျှံအပယ်ရှိသောကြောင့် ဆည်မြောင်းလုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်းသည် တဖြည်းဖြည်းများပြားလာနေသော ရာသီဥတုပြောင်းလဲမှုဝန်းကျင်အတွင်း[15]တွင် ကုန်ထုတ်လုပ်မှုဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ရန်နှင့် နိုင်ငံ၏ဆန်စပါးအရေးသာမှုကို ပြန်လည်တည်ဆောက်ရန်အပြင် အခြားများပြားလှသော သီးနှံကုန်စည်များအတွက် အခွင့်အရေးများချဲ့ထွင်နိုင်ရန် အရေးကြီးလာပါသည်။ ရေစီမံခန့်ခွဲမှုနှင့် အသုံးချရေးဆိုင်ရာဥပဒေနှင့် ထိန်းသိမ်းရေးမူဘောင်ကိုလည်း ပိုမိုကောင်းမွန်အောင် ပြုပြင်ရန်လိုအပ်ပါသည် (အာရှဖွံ့ဖြိုးရေးဘဏ်၊၂၀၁၂ခုနှစ်)။ လယ်ယာကဏ္ဍသာမက လယ်ယာပြင်ပကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသတွင် လျှပ်စစ်ဓာတ်အားရရှိရေးကို တိုးချဲ့ဆောင်ရွက်ရန် အရေးကြီးပါသည်။ ကျေးလက်ဒေသ အသေးစားအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးတွင် ဆင်းရဲနွမ်းပါးသူကို ဦးစားပေးသည့် လူထုအခြေပြုဖွံ့ဖြိုးတိုးတက်ရေး(CDD) ချဉ်းကပ်မှုနည်းလမ်းများသည် အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှုများကို ဖြစ်ပေါ်စေမည့်အပြင် မိမိတို့သာပိုင်ဆိုင်ပြီး ကိုယ်တိုင်တာဝန်ယူလုပ်ဆောင်ရမည်ဆိုသည့် စိတ်ဓာတ်မျိုးကို အားပေးဖော်ဆောင်နိုင်မည် ဖြစ်သည်။

၇၁။ အသစ်တည်ဆောက်ပြီးသော အခြေခံအဆောက်အအုံတို့ကို ထိရောက်စွာအသုံးချရန်နှင့်ထိန်းသိမ်းရန် (O&M) ကိုလည်း ဦးစားပေးသင့်သည်။ ထိုသို့ဖြစ်ရန် ရန်ပုံငွေအလုံအလောက်ချမှတ်ပေးရန်အပြင်ဒေသခံများအပါအဝင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန်လည်းလိုအပ်သည်။ ပြည်သူ့ရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော အခြေခံအဆောက်အအုံများဖြစ်သည့် ဆည်မြောင်းစနစ်များ၊ ကျေးလက်လမ်းများ၊ တံတားများကို အသုံးပြုခြင်းထိန်းသိမ်းခြင်းတို့အား အစိုးရဌာနမှအများအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သော်လည်း ငွေကြေးနှင့်လူအင်အား အရင်းအမြစ်များမလုံလောက်မှုကြောင့် ထိရောက်မှုတွင် အကန့်အသတ်များရှိနေသေးသည်။ တောင်သူအုပ်စုများနှင့် ရပ်ရွာလူထုတို့၏ ပါဝင်ဆောင်ရွက်မှုကို ၎င်းတို့ပါဝင်ဆောင်ရွက်မှုကို ထိရောက်မှုရှိစေမည့် အဖွဲ့အစည်းဆိုင်ရာလုပ်ဆောင်ချက်များသည်ကျေးလက် ဒေသအခြေခံအဆောက်အအုံအား ထိရောက်စွာအသုံးချရန်နှင့် ထိန်းသိမ်းရန်အတွက် လိုအပ်ပါသည်။

---

၁၅ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးပျက်ပြားနိုင်မှု အမြင့်မားဆုံးနိုင်ငံများတွင် ၁၉၉၅ခုနှစ် မှ ၂၀၁၃ခုနှစ်အတွင်း အဆင့်၂ တွင်ကျရောက် နေသည်။ (ကရက်ဖ် နှင့်အခြား ၂၀၁၅ ခုနှစ်)

## ၃.၆။ ဘတ်ဂျက်နှင့်မူဝါဒ မမျှတခြင်း


၇၂။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ဌာနများ ဘတ်ဂျက်ခွဲဝေပုံကို ဇယား(၁)၊ ပုံ–၂ နှင့် ပုံ–၃ တွင် ဖော်ပြထားသည်။ ဦးစီးဌာနသုံးခုမှာ အရင်းအနှီးဘတ်ဂျက်၏ ၉၅%ကို အသုံးပြုလျက်ရှိကြပြီး ယင်းတို့မှာ – ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (၄၉%)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံ ခန့်ခွဲရေးဦးစီးဌာန (၃၅%)၊ စက်မှုလယ်ယာဦးစီးဌာန (၁၁%)တို့ဖြစ်သည်။ ထို့ကြောင့် သုတေသန၊ တိုးချဲ့ပညာပေးရေး၊ အသိပညာပေးခြင်း၊ စီမံကိန်းရေးဆွဲရေး၊ မြေယာမှတ်တမ်းများနှင့် စာရင်းဇယားများ၊ ရေလုပ်ငန်းနှင့် မွေးမြူရေးဆိုင်ရာ လုပ်ငန်းများသည် အရင်းအနှီးဘတ်ဂျက်၏ ၅% ကိုသာရရှိကြသည်။

၇၃။ ဤသို့အရင်းအမြစ်များ ခွဲဝေမှုမမျှတခြင်းကြောင့်မြေယာပြဿနာများကိုင်တွယ်ဖြေရှင်းရေး၊ တောင်သူလယ်သမားအဖွဲ့အစည်းများဖြစ်ထွန်းရေး၊ အထွက်နှုန်းတိုးရေးနှင့်အမယ်စုံသီးနှံစိုက်ပျိုးရေးဖြင့် တန်ဖိုးမြှင့်တင်ရေးစသည့် အစိုးရ၏အဓိကရည်မှန်းချက်အချို့ကို အောင်မြင်စွာအကောင်အထည် ဖော်နိုင်ရန်ခဲယဉ်းလျက်ရှိသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် နောင်လာမည့် ဘတ်ဂျက်ပြင်ဆင်မှုများအတွက် လမ်းညွှန်ချက်တစ်ရပ်ကိုပံ့ပိုးကာ ဤကဲ့သို့သော မမျှတမှုများကို ပြန်လည်ပြုပြင်နိုင်မည် ဖြစ်ပါသည်။


ဇယား ၁။ ၂၀၁၆-၁၇ ခုနှစ် စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန၏ ငွေလုံးငွေရင်း ဘတ်ဂျက် (ကျပ်ငွေ ဘီလီယံဖြင့်)

| စဉ် | ဦးစီးဌာန/အဖွဲ့အစည်း | ဆောက်လုပ်ရေး | ယန္တရားနှင့် စက်ပစ္စည်း | အခြား | စုစုပေါင်း | ဘဏ္ဍာငွေ ခွဲတမ်းများ |
|---|---|---|---|---|---|---|
| ၁ | ဝန်ကြီးရုံး | ၀.၀၂၃ | ၀.၂၆၅ | ၀.၀၀၈ | ၀.၂၉၅ | ၀.၀% |
| ၂ | စီမံကိန်းဦးစီးဌာန | ၀.၀၀၀ | ၀.၂၅၇ | ၀.၀၀၀ | ၀.၂၅၇ | ၀.၀% |
| ၃ | စိုက်ပျိုးရေးဦးစီးဌာန | ၅.၁၁၃ | ၆.၇၆၇ | ၁၃.၄၁၆ | ၂၅.၂၉၆ | ၃.၅% |
| ၄ | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန | ၂၂၅.၂၅၂ | ၉.၁၉၃ | ၁၈.၁၇၅ | ၂၅၂.၆၂၁ | ၃၄.၉% |
| ၅ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | ၀.၁၁၉ | ၀.၃၃၆ | ၀.၀၂၆ | ၀.၄၈၀ | ၀.၁% |
| ၆ | စက်မှုလယ်ယာဦးစီးဌာန | ၀.၉၁၇ | ၇၆.၈၀၀ | ၃.၈၀၈ | ၈၁.၅၂၆ | ၁၁.၃% |
| ၇ | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | ၁.၃၁၄ | ၀.၂၁၀ | ၁.၃၈၂ | ၂.၉၀၆ | ၀.၄% |
| ၈ | စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ၂.၉၂၄ | ၁.၅၄၈ | ၀.၁၅၃ | ၄.၆၂၅ | ၀.၆% |
| ၉ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၁.၂၃၂ | ၀.၂၇၉ | ၀.၀၂၆ | ၁.၅၃၇ | ၀.၂% |
| ၁၀ | ငါးလုပ်ငန်းဦးစီးဌာန | ၁.၂၂၆ | ၀.၂၂၉ | ၀.၁၃၃ | ၁.၅၈၇ | ၀.၂% |
| ၁၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | ၂၈၃.၂၇၇ | ၂.၆၂၃ | ၆၄.၀၈၂ | ၃၄၉.၉၈၂ | ၄၈.၄% |
| ၁၂ | မွေးမြူရေးနှင့်ကုသရေးတက္ကသိုလ် | ၀.၇၆၀ | ၀.၁၈၃ | ၀.၀၀၀ | ၀.၉၄၃ | ၀.၁% |
| ၁၃ | သမဝါယမဦးစီးဌာန | ၀.၀၇၁ | ၀.၁၃၈ | ၀.၃၄၅ | ၀.၅၅၄ | ၀.၁% |
| ၁၄ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦး စီးဌာန | ၀.၀၃၈ | ၀.၁၇၃ | ၀.၀၀၈ | ၀.၂၂၀ | ၀.၀% |
| ၁၅ | လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၀.၀၀၀ | ၀.၀၂၄ | ၀.၀၀၀ | ၀.၀၂၄ | ၀.၀% |
| | စုစုပေါင်း | ၅၂၂.၂၆၅ | ၉၉.၀၂၄ | ၁၀၁.၅၆၁ | ၇၂၂.၈၅၀ | ၁၀၀.၀% |

(ရင်းမြစ် - စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန)




ပုံ ၂ ။ ၂၀၁၆-၁၇ ခုနှစ်၊ စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ (ကျပ်ငွေ ဘီလီယံဖြင့်)




ပုံ ၃ ။ ၂၀၁၆-၁၇ ခုနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ (ကျပ်ငွေဘီလီယံဖြင့်)

၇၄။ ယခင် ဝန်ကြီးဌာနသုံးခုကို ပေါင်းစည်းပြီး (စိုက်ပျိုးရေးနှင့်ဆည်မြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သမဝါယမ) ဖွဲ့စည်းလိုက်သောဝန်ကြီးဌာန (စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန)သည် စိုက်ပျိုးရေး၏အဓိကကဏ္ဍဖြစ်သော ကောက်ပဲသီးနှံများ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းတို့သာမကပဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသောလုပ်ငန်းများဖြစ်သည့် ကျေးလက်ဒေသအခြေခံအဆောက်အအုံ (ကျေးလက် စွမ်းအင်၊ သောက်သုံးရေ)၊ ချေးငွေနှင့် သမဝါယမတို့ကိုပါ လွှမ်းခြုံဆောင်ရွက်လျက်ရှိသည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနသည် စိုက်ပျိုးရေးကဏ္ဍ၏ သဘောသဘာဝများဖြစ်သော (သီးနှံ၊ မွေးမြူရေး၊ ရေလုပ်ငန်းအပါအဝင်)နှင့်ဆက်သွယ်မှု (ဥပမာ– လမ်းများ၊ လျှပ်စစ်ဓာတ်အား)တို့ကိုပေါင်းစပ်၍ လယ်ယာလုပ်ငန်းနှင့် လယ်ယာပြင်ပလုပ်ငန်းများ ချိတ်ဆက်မှုအားကောင်း

လာပြီး ဖွံ့ဖြိုးစည်ပင်သော ကျေးလက်စီးပွားရေးတစ်ရပ် ဖြစ်ပေါ်လာစေရန် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဤအချက်သည် တောင်သူများ၏ ဝင်ငွေတိုးမြင့်လာစေခြင်းအတွက် အရေးကြီးသည်သာမက ဝမ်းစာမလုံလောက်သော တောင်သူများနှင့်လယ်ယာမဲ့များအတွက် အလုပ်အကိုင်နှင့် ဝင်ငွေရလမ်း အမျိုးမျိုးကိုလည်း ရရှိစေနိုင်သည်။

၇၅။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန အသုံးစရိတ်စုစုပေါင်း၏ ၈၀%ကျော်သည် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုသော ရုပ်ဝတ္ထုပစ္စည်း (hardware) အတွက်ဖြစ်ပြီး ယင်းတို့တွင် ကျေးလက်လမ်းများ၊ ကျေးလက်စွမ်းအင်၊ ဆည်မြောင်းစနစ်များ၊ သောက်သုံးရေ၊ အဆောက်အအုံများ၊ ကိရိယာများ၊ စက်များနှင့် ထောက်ပံ့ပစ္စည်းများပါဝင်သည်။ ၎င်းတို့သည် အများအားဖြင့် လိုအပ်သောအရာများဖြစ်သော်လည်း ယင်းတို့နှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာကိစ္စနှစ်ရပ်ရှိပြီး စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) တွင် ထည့်သွင်းဆွေးနွေးထားပါသည်။ ပထမကိစ္စရပ်မှာ ရုပ်ဝတ္ထုပစ္စည်း ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ငန်းဆောင်ရွက်မှု (software) ဖွံ့ဖြိုးရေးနှင့် ပေါင်းစည်းလုပ်ဆောင်ရန် လိုအပ်နေခြင်းနှင့် ဆက်စပ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှု(software) ဖွံ့ဖြိုးရေးတွင် လူထုကိုစည်းရုံးလှုံ့ဆော်ခြင်း၊ စီမံကိန်းရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်စေခြင်း၊ တောင်သူလယ်သမားအဖွဲ့အစည်းများ ဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှုတို့ပါဝင်သည်။ ထိုသို့ပေါင်းစည်းခြင်းဖြင့် ဦးစီးဌာနများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာနိုင်ပြီး ရင်းနှီးမြှုပ်နှံမှု၏ထိရောက်မှုနှင့် အကျိုးသက်ရောက်မှုများလည်း တိုးတက်လာနိုင်ပါသည်။ [၁၆]ဒုတိယကိစ္စရပ်မှာ ပုံသေပိုင်ပစ္စည်းများကို ထိရောက်သော စီမံခန့်ခွဲမှုရှိစေရေးဖြစ်သည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုထိရောက် အားကောင်းလာစေရန် – (က) ရင်းနှီးမြှုပ်နှံမှု၏ ခန့်မှန်းရလဒ်နှင့် အမှန်ရလဒ်တို့ကို သုံးသပ်အကဲဖြတ်ခြင်း၊ (ခ) မျှော်မှန်းထားသော ဝန်ဆောင်မှုများကိုပေးရာတွင် အခြေခံအဆောက်အအုံ၏ လုပ်ငန်းစွမ်းဆောင်ရည်အား စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း၊ (ဂ) အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဒီဇိုင်းရေးဆွဲခြင်း၊ အသုံးပြုခြင်းနှင့်ထိန်းသိမ်းခြင်း၊ စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်တို့တွင် အကျိုးခံစားခွင့်ရှိသူများနှင့် ပတ်သက်ဆက်နွယ်သူများကို ပါဝင်စေခြင်းစသည့် အချက်များအတိုင်း ဆောင်ရွက်သင့်ပါသည်။



၁၆ စိုက်သုဦးစီး၊ စိုက်ဦးစီးနှင့် ဆည်/ရေဦးစီးဌာနတို့၏ ပိုမိုပေါင်းစည်းခြင်းအားဖြင့် ရေပေးသွင်းခြင်းအစီအစဉ်များ၏ ပိုမိုကောင်းမွန်သောအကျိုးဆက်များ ဖြစ်ပေါ်လာစေနိုင်မည်။ ဥပမာ (၁) ဈေးကွက်နှင့်ကျေးလက်လမ်းများ ဆက်သွယ်မှုပိုမိုကောင်းမွန်လာခြင်း (၂) ကန်ထရိုက်လယ်ယာနည်းလမ်း ဆက်သွယ်မှုများဖြင့် ဈေးကွက်၏ဝယ်လိုအားအပေါ်မူတည်သည့်သီးနှံကုန်ပစ္စည်းများ ထုတ်လုပ်နိုင်လာပြီး လုပ်ကွက်ငယ်တောင်သူများနှင့် စီးပွားရေးလုပ်ငန်းများအကြား ချိတ်ဆက်မှုများတိုးတက်လာခြင်း(၃)တိုးချဲ့ပညာပေးလုပ်ငန်းဆောင်ရွက်မှုများတလျောက် သီးနှံ၊ မွေးမြူရေးလုပ်ငန်းများတွင် ရေကိုကောင်းမွန်စွာအသုံးပြု စီမံခန့်ခွဲနိုင်စွမ်းတိုးတက် လာခြင်း (၄) ရေပေးသွင်းခြင်းစနစ်နှင့် လုပ်ငန်းဆောင်ရွက်မှု၊ ထိန်းသိမ်းမှုအဖွဲ့အစည်းများကို ဆန်စပါးဗဟိုပြုစိုက်ပျိုးခြင်းသာမက အမယ်စုံ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ခြင်း။



# အခန်း ၄။ မူဝါဒများနှင့် မဟာဗျူဟာများ

## ၄.၁။ စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော မူဝါဒများနှင့် မဟာဗျူဟာများ

၇၆။ မြန်မာနိုင်ငံစိုက်ပျိုးရေး မူဝါဒနှင့်စီမံကိန်းရေးဆွဲရာတွင် မူဝါဒများ၊ စီမံချက်များ၊ ရေးဆွဲရပြီး ယင်းတို့တွင်– အမျိုးသားစီးပွားရေးမူဝါဒ၊ စီးပွားရေးနှင့် လူမှုရေးပြုပြင် ပြောင်းလဲရေးမူဘောင် (FESR) အမျိုးသားအဆင့်ဘက်စုံဖွံ့ဖြိုးရေး အနာဂတ်လားရာမျှော်မှန်းချက်(MCDV)၊ အမျိုးသားအဆင့်ဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်း (NCDP)၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အမျိုးသားထုတ်ကုန် မဟာဗျူဟာ(NES)စသည်တို့ ပါဝင်သည်။ ယင်းတို့သည်ယေဘုယျကိစ္စများကိုသာ ကိုင်တွယ်ခြင်းဖြစ်ပြီး စိုက်ပျိုးရေး တစ်မျိုးတည်းကို ဦးတည်ခြင်းမဟုတ်သော်လည်း စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော သက်ရောက်မှုများ ပါရှိသည်။

၇၇။ ၂၀၁၆ ခုနှစ်အမျိုးသားစီးပွားရေးမူဝါဒသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား မျှတမှန်ကန်စွာခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းပါသည်။ ၎င်းတွင်မူဝါဒ ၁၂ရပ်ပါဝင်ပြီးဖော်ပြပါအချက်များကို ကိုယ်တွယ်ဖြေရှင်းသွားမည် ဖြစ်သည် – (က) ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင်ဆောင်ရွက်ရေး၊ (ခ)နိုင်ငံပိုင်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများထိရောက်အောင်မြင်စေရေး၊ (ဂ) လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ (ဃ) အခြေခံစီးပွားရေးအဆောက်အအုံများလျင်မြန်စွာ တိုးတက်လာစေရေး၊ (င) အလုပ်အကိုင် အခွင့်အလမ်း များဖော်ထုတ် ပေးရေး၊ (စ) စားနပ်ရိက္ခာဖူလုံစေရေးနှင့် ကဏ္ဍပေါင်းစုံဘက်ညီစွာတိုးတက် လာစေရေး၊ (ဆ) စီးပွားရေးအခွင့်အရေးများ ရရှိစေရေး၊ (ဇ) ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိလာစေရေး၊ (ဈ) သဘာဝပတ်ဝန်းကျင် ရေရှည်ထိန်းသိမ်းနိုင်ရေး၊ (ည) အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ် ထူထောင်ရေး၊ (ဋ) ဉာဏပစ္စည်းမူပိုင်ခွင့်အားကာကွယ်စောင့်ရှောက်ရေးနှင့် (ဌ) လုံလောက်သောစီးပွားဝန်းကျင် ပေါ်ပေါက်လာရေး စသည်တို့ဖြစ်ပြီး စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)တွင် အဆိုပြုထားသောလုပ်ဆောင်ချက်များသည် အဆိုပါမူဝါဒရည်ရွယ်ချက်များနှင့် အခိုင်အမာကိုက်ညီလျက် ရှိပါသည်။

၇၈။ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်(FESR)ကို ၂၀၁၂ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ယင်းတွင်စားနပ်ရိက္ခာဖူလုံမှု၊ စိုက်ပျိုးရေးတိုးတက်မှု၊ တောင်သူများ၊ လယ်ယာလုပ်သားများ၊ မှီခိုသူအိမ်ထောင်စုဝင်များ၏လူမှုဖူလုံရေးနှင့် ဝင်ငွေတို့ကို ကောင်းမွန်စေမည့် ပြုပြင်မှုများနှင့် မဟာဗျူဟာများ ပါဝင်သည်။ ယင်းမူဘောင်သည် တိုးချဲ့ပညာပေးခြင်း၊ အစိုးရချေးငွေတိုးမြှင့်ပေးခြင်း၊ ထောက်ပံ့ရေးကွင်းဆက်များတွင် အတားအဆီးများကိုဖယ်ရှားခြင်း၊ ဝယ်လိုအားကမောင်းနှင်သော ဈေးကွက်အထောက်အပံ့ယန္တရားများသို့ ဦးတည်ဆောင်ရွက်ခြင်းတို့ဖြင့် ကုန်ထုတ်စွမ်းအားကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ထားပါသည်။ ဥပမာအားဖြင့် ဆန်စပါးကဏ္ဍတွင် အထွက်တိုးစေရေးလုပ်ငန်းကိုမျိုးစေ့အရည်အသွေးမြှင့်တင်ခြင်း၊ကောင်းမွန်သော စိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစုကိုအကျိုးရှိစွာသုံးစွဲခြင်း၊ ဘက်စုံပိုးမွှားကာကွယ်ခြင်း စသည်တို့ဖြင့် ဆောင်ရွက်ရန်အဆိုပြုထားပါသည်။

၇၉။ အမျိုးသားအဆင့် ဘက်စုံဖွံ့ဖြိုးရေးအနာဂတ်လားရာမျှော်မှန်းချက် (MCDV)ကို ၂၀၁၁ ခုနှစ်မကူးမီက ဂျပန်နိုင်ငံ၏ နည်းပညာအကူအညီနှင့်စတင်ရေးဆွဲခဲ့ပြီး ၎င်းသည် (NCDP) စီမံကိန်းရေးဆွဲရေးအတွက် အထောက်အပံ့ ဖြစ်စေခဲ့သည်။ အမျိုးသားအဆင့် ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်း (NCDP)ကို ၂၀၁၁ခုနှစ်ကရေးဆွဲခဲ့ပြီး (၂၀၁၁ မှ ၂၀၃၁) ခုနှစ်အထိ (၅)နှစ် စီမံကိန်းများ အဆင့်ဆင့်ပါဝင်သည်။ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးရေရှည်မျှော်မှန်းချက်မှာ – မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍကိုမှီခိုနေရသော ကျေးလက်လူထု၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းတို့ကို အိမ်နီးချင်းနိုင်ငံများထက်ပိုမိုက၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်စေရန်ဖြစ်သည်။ ဤမျှော်မှန်းချက်ကို(၂၀၃၁)ခုနှစ်တွင် ရောက်ရှိရန်အတွက် ဖော်ပြပါရလဒ်များကို ဆောင်ရွက်နိုင်ရမည်။ (က)အထူးပြုစားသောက်ကုန်များနှင့် စိုက်ပျိုးရေးအခြေခံတန်ဖိုးမြင့် ထုတ်ကုန်များ၏ ဈေးကွက်ဝေစုကို ပြည်တွင်းရောပြည်ပမှာပါ အများဆုံး ရရှိစေရန်၊ (ခ)ကျေးလက် လူထု စားနပ်ရိက္ခာဖူလုံစေရန်၊ (ဂ) သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်မည့် သယံဇာတများအား ရေရှည်တည်တံ့အောင် အသုံးပြုခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုရယူနိုင်မည့်လမ်းကြောင်းအား ဖော်ဆောင်ရန်တို့ဖြစ်ပါသည်။

၈၀။ ရေတိုကာလတွင်ကဏ္ဍအလိုက်ရည်မှန်းချက်များ၌ (က) စိုက်ပျိုးရေးကဏ္ဍ၏ ကုန်ထုတ်လုပ်မှုနှုန်းကို အရှိန်အဟုန်မြှင့်ရန်၊ (ခ) ကျေးလက်ဒေသရှိ စိုက်ပျိုးရေးအခြေပြုအသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုနှုန်းတိုးတက်စေရန်၊ (ဂ)တိုးတက်သောနည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်ရန်၊ (ဃ) ပြည်တွင်းနှင့် ထုတ်ကုန်ဈေးကွက်ကို ပိုမိုလက်လှမ်းမီစေရန်နှင့် ဈေးကွက်သတင်း အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်စေရန်၊ (င) စိုက်ပျိုးရေးကဏ္ဍတွင် သုတေသနနှင့် အသုံးချသုတေသနလုပ်ငန်း ဖွံ့ဖြိုးစေရန်၊ (စ) တန်ဖိုးကွင်းဆက်တွင် လုပ်ငန်းကုန်ကျစရိတ်များကို အတတ်နိုင်ဆုံးလျှော့ချရန်တို့ပါဝင်ပါသည်။

၈၁။ အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) အား (၂၀၁၅) ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းသည် မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးကဏ္ဍများဖြစ်သော ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ရေလုပ်ငန်း၊ သစ်တောထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့် အဝတ်အထည်၊ ဆန်၊ ရာဘာ၊ ခရီးသွားလုပ်ငန်းစသည်တို့ဖြင့် ဆောင်ရွက်မည့်လိုအပ်ချက်များနှင့် ဦးစားပေးများကို ဖော်ပြသော ၅–နှစ်သက်တမ်းရှိလမ်းပြမြေပုံဖြစ်သည်။ ဤမဟာဗျူဟာသည် ပို့ကုန်ကဏ္ဍတစ်ခုချင်းအလိုက် ရည်မှန်းထားသောရင်းနှီးမြှုပ်နှံမှုများကို ထောက်ခံတင်ပြထားသည့်အပြင် စီးပွားရေးလောကရှိ အဟန့်အတားများကိုလည်း ကဏ္ဍအချင်းချင်းဆောင်ရွက်မှုဖြင့် ကိုင်တွယ်ထားသည်။ ယင်းတို့တွင် ငွေကြေးလက်လှမ်းမီမှု၊ ကုန်သွယ်ရေးသတင်းနှင့် ဈေးကွက်မြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့်ပို့ဆောင်ရေး၊ အရည်အသွေးစီမံခန့်ခွဲမှုတို့ ပါဝင်သည်။ ဤမဟာဗျူဟာသည် စီးပွားရေးနှင့်ကုန်သွယ်ရေး အထောက်အကူပြုဌာနများဖြင့် တီထွင်ဆန်းသစ်နိုင်စွမ်းတိုးမြှင့်ရန်လည်းရည်ရွယ်သည်။

၈၂။ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ (MIL) သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်ရန်ရည်ရွယ်ထားပါသည်။ ၂၀၁၂ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ၂၀၁၃ ခုနှစ်နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကိုပေါင်းစည်းထားသော ဤမြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် အခွန်လျှော့ပေါ့မှု ပုံစံအမျိုးမျိုးပါဝင်ပါသည်။ ထိုဥပဒေသစ်အရ နိုင်ငံခြားသားရင်းနှီးမြှုပ်သူသည် နိုင်ငံသားရင်းနှီးမြှုပ်နှံသူကဲ့သို့ အလားတူ အခွင့်အရေးများရနိုင်ရန် အချက်များစွာ သတ်မှတ်ပြင်ဆင်ပြဋ္ဌာန်းထားပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ (MIL)နှင့် အညီ စိုက်ပျိုးစီးပွားရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံရာတွင် အသေးစားတောင်သူများပါ အတူတကွ အကျိုးဖြစ်ထွန်းရေးကိစ္စရပ်များ ပါဝင်စေရေးကို အားပေးမည်ဖြစ်သည်။

၈၃။ မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် အမျိုးသားအဆင့်ရေမူဝါဒ (NWP)သည် ရေဝေရေလဲဒေသများ၊ မြစ်များ၊ ကန်များနှင့် ရေလှောင်ကန်များ၊ မြေအောက်ရေအောင်းသော မြေလွှာများနှင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေများအသုံးချမှုအတွက် ပထမဆုံးသော ရေမူဝါဒဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များ အသုံးချမှု

စီမံခန့်ခွဲရေးအတွက် တစ်နိုင်ငံလုံးခြုံငုံ၍တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အစည်း တစ်ခုမှမရှိသေးပေ။ ဥပဒေများနှင့် အဖွဲ့အစည်းများဆိုင်ရာစနစ်တစ်ခုနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေနှင့်ဆိုင်သော အခြေခံမူဘောင်(Myanmar Water Framework Directive)အပါအဝင် လုပ်ငန်းစဉ်တစ်ခုရေးဆွဲခြင်းတို့အတွက် အမျိုးသားအဆင့်ရေမူဝါဒမှ မူဘောင်တစ်ခုချမှတ်ပေးရန် လိုအပ်ပါမည်။ ၎င်းမူဘောင်သည် ဥပဒေရေးရာနှင့်အုပ်ချုပ်ရေးဆိုင်ရာအင်အားကိုအသုံးချရာတွင် ယေဘုယျအခြေခံမူများမှ လွှမ်းခြုံထားနိုင်ရန် ထုတ်ပြန်ချက်ပင်ဖြစ်သည်။

၈၄။ လွန်ခဲ့သောနှစ်နှစ်အတွင်းတွင် စိုက်ပျိုးရေးနှင့်ဆက်နွယ်သောမဟာဗျူဟာနှင့် စီမံကိန်းအချို့ကိုရေးဆွဲခဲ့ရာအောက်ပါတို့ပါဝင်ပါသည် – ၂၀၁၆–၂၀၁၇ မှ ၂၀၂၀–၂၀၂၁ အထိ ငါးနှစ်စီမံကိန်း (Five Year Plan 2016-2017 to 2020-2021) ၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများမူဘောင် (the Framework for Economic and Social Reforms) ၊ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာ မြန်မာနိုင်ငံအမျိုးသားလုပ်ငန်းစီမံချက် (the National Comprehensive Development Plan) ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးမဟာဗျူဟာ (Myanmar Climate Smart Agriculture Strategy) ၊ မြန်မာနိုင်ငံဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (Myanmar Rice Sector Development Strategy) ၊ ဆန်အိုးမှသည် စားဖွယ်စုံခြင်းတောင်းဆီသို့ စက္ကူဖြူစာတမ်း (White Paper from Rice Bowl to Food Basket) ဟင်းသီးဟင်းရွက်များဆိုင်ရာစက္ကူဖြူစာတမ်း၊ (White Paper on Vegetables) ၊ အစားအစာတန်ဖိုးကွင်းဆက်လမ်းပြမြေပုံ ( Food Value Chain Road Map)၊ လယ်ယာ၊ သားငါးကဏ္ဍ၌ စွမ်းအားပြည့်ဘက်စုံပေါင်းစပ်စိုက်ပျိုးခြင်း (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ) (အပြီးသတ် အစီရင်ခံစာ၂၀၁၆ JICA) ( Intensive agriculture promotion program in the Republic of the Union of Myanmar (Final report, 2016, JICA))နှင့် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ဒုတိယကာလတို ငါးနှစ် လယ်ယာကဏ္ဍမူဝါဒနှင့်လုပ်ငန်းစဉ်များ (၂၀၁၆၊ အောက်တိုဘာ) (Agricultural Policy and Thrusts for Second Five Year Short Term Plan of MoALI (October 2016)တို့ ဖြစ်ပါသည်။ ဤစာတမ်းများကို ပြန် လည်သုံးသပ်ကြည့်ရာတွင် အဓိကကောက်ချက်သုံးချက်ကို တွေ့ရှိရပါသည် –

- ယင်းတို့သည်ယေဘုယျအားဖြင့် အမြင်တူညီကြသည်။ ၎င်းတို့သည် စိုက်ပျိုးရေးကဏ္ဍအပေါ်တွင် တူညီသောမျှော်မှန်းချက်များရှိပြီး စားနပ်ရိက္ခာဖူလုံမှု၊ တောင်သူဝင်ငွေတိုးစေမှု၊ ထုတ်ကုန်ပြည်ပတင်ပို့နိုင်မှုတို့တွင်ကဏ္ဍမှ ပံ့ပိုးပေးမှုများအပေါ် အလေးထားမျှော်မှန်းကြသည်။ ၎င်းတို့သည် လုပ်ကွက် ငယ်တောင်သူများနှင့် မြေပြဿနာများဖြေရှင်းရေးကို ဦးစားပေးခြင်း၊ ဈေးကွက်အချိတ်အဆက် များနှင့် တန်ဖိုးကွင်းဆက်တို့ကိုအလေးပေးခြင်းနှင့် ဆန်စပါးကိုဗဟိုပြုနေသော ချဉ်းကပ်မှုမှစွန့်ခွာ၍ အမယ်စုံစိုက်ပျိုးလုပ်ကိုင်မှု(မွေးမြူရေးနှင့်ရေလုပ်ငန်းတို့အပါအဝင်)ကိုအဆိုပြုဆောင်ရွက်နေကြသည်။ စနစ်ကိုခေတ်မီအောင်ပြုလုပ်ရန်၊ စက်မှုလယ်ယာကိုအရှိန်မြှင့်ရန်နှင့် မြန်မာ့ထွက်ကုန် များတင်ပို့မှု ကြီးထွားလာစေခြင်းမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်၏ အသိအမှတ်ပြုမှုကိုရရှိရန် လိုအပ်လျက်ရှိကြောင်း စာတမ်းများတွင်ယူဆထားကြသည်။ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အားမြှင့်တင်ရန် စာတမ်းများအားလုံးတွင် ဖော်ပြထားသည်။
- အချို့သောကိစ္စရပ်များ အပေါ်တွင်ကွဲပြားသောချဉ်းကပ်မှုနည်းလမ်းများရှိကြသည်။ ဥပမာဆိုသော် စိုက်ပျိုးရေးဆိုင်ရာအခန်းကဏ္ဍတွင် ကျပ်ကျပ်တည်းတည်း ရုန်းကန်လှုပ်ရှားနေရသော တောင်သူများနှင့် လယ်မြေမဲ့ဖြစ်နေသောတောင်သူများ၏ လိုအပ်ချက်များကို ကိုယ်တွယ်ဖြေရှင်းရမည့်ကိစ္စရပ်များဖြစ်သည်။ အထူးသဖြင့်(က) စိုက်ပျိုးရေးကုန်ထုတ်စွမ်းအား တိုးမြင့်လာခြင်းဖြင့် ကျေးလက်ဒေသအလုပ်အကိုင်ပိုမိုရနိုင်ဖွယ်ရှိ၊မရှိ (သို့မဟုတ်) လယ်ယာပြင်ပစီးပွားရေးလုပ်ငန်း ကြီးထွားဖွံ့ဖြိုးမှုကြောင့် ကျေးလက်ဒေသလုပ်သားအင်အားကိုဆွဲထုတ်ယူနိုင်ပြီး လယ်ယာကဏ္ဍတွင် လုပ်သားအင်အားလျော့နည်းလာနိုင်ဖွယ်ရှိ/ မရှိ (အရှေ့တောင်အာရှနိုင်ငံများ၏ အတွေ့အကြုံများအရ ဤသို့

ရှုပ်ထွေးသောကိစ္စရပ်အတွက် အဖြေတစ်ခုတည်းမရှိနိုင်ပေ)၊ (ခ) မြေယာ၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ မျိုးစေ့များနှင့်အစိုးရမှဈေးနှုန်းလျှော့ချ၍ပံ့ပိုးခြင်း၊ အတိုးသက်သာသော ချေးငွေတို့အား ဖြန့်ဝေပေးခြင်း(သို့မဟုတ်)အကာအကွယ်ပေးမည့် ကွန်ရက်များထူထောင်ခြင်းဖြင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးသူများအား အကျိုးဖြစ်ထွန်းစေသည့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မှု ရှိ/မရှိ၊ (ဂ) စက်မှုကုန်ကြမ်းသီးနှံများကို အားပေးမြှင့်တင်ရာတွင် ဤစက်မှုလုပ်ငန်းကို နိုင်ငံခြားယှဉ်ပြိုင်မှုများမှ အကာအကွယ်ပေးမည့် စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒတစ်ခုချမှတ်ပေးရန်လို၊မလိုနှင့် (ဃ) ရေတိုနှင့်ရေရှည် ဘဏ္ဍာငွေပံ့ပိုးမှုအား စိုက်ပျိုးရေးကဏ္ဍမှ လက်လှမ်းမီရရှိနိုင်မှု တိုးတက်လာရန်အတွက် အသင့်တော်ဆုံးသော နည်းလမ်းများမှာ သဲသဲကွဲကွဲ မရှိသေးချေ။

- အဆိုပါစာတမ်းတိုင်းတွင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရေးဆွဲပြင်ဆင်ခြင်းအတွက် အချက်အချာကျသောအပိုင်းများ ပါဝင်ခြင်းမရှိပေ။ အချို့နေရာများတွင် ရင်းနှီးမြှုပ်နှံမှုမပါဝင်ပဲ လစ်ဟာနေပြီးအခြားသောနေရာများတွင်မူ တာဝန်ဝတ္တရားသတ်မှတ်ချက်ပြဇယား၊ လျာထားချက်များနှင့်အညွှန်းကိန်းများပါဝင်သော ထိန်းကျောင်းလေ့လာ အကဲဖြတ်ရေးမူဘောင်(သို့မဟုတ်) အန္တရာယ်ကျရောက်နိုင်ခြေကို စီမံခန့်ခွဲခြင်းအပိုင်းစသည်တို့မပါဝင်ပေ။

၈၅။ ဤသို့ပြုစုထားပြီးဖြစ်သော စာတမ်းများကို အခြေခံကာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အား ရေးဆွဲထားခြင်းဖြစ်ပြီး ကွာဟမှုများကိုဖြည့်စွက်ဖြေရှင်းကာ အဆိုပြုချက်များကို ဆက်စပ်ပေါင်းစည်းပြီး စာတမ်းတစ်စောင်အဖြစ် စုစည်းထားခြင်း ဖြစ်သည်။ ယင်းတွင် –

(က) အခြေခံမှုများ

(ခ) အနာဂတ်လားရာ မျှော်မှန်းချက်

(ဂ) ထပ်ဆင့်ရလဒ်များနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းဆောင်တာ စာရင်းများ

(ဃ) ရင်းနှီးမြှုပ်နှံမှုအစီအစဉ်

(င) တာဝန်ယူဆောင်ရွက်ရမည့် ဌာနများ ဇယား

(စ) စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ရေးမူဘောင်

(ဆ) အန္တရာယ်ကျရောက်နိုင်ခြေများနှင့် ဘေးအန္တရာယ်လျော့ပါးစေရေးဆောင်ရွက်ချက်များ

(ဇ) စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအစဉ်များစသည်တို့ပါဝင်ပါသည်။ ဤသို့ရေးဆွဲရာတွင် ဝန်ကြီးဌာန၏ လမ်း၏ညွှန်ချက်နှင့်အတူ ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ အပါအဝင်ပတ်သက် ဆက်နွယ်သူများမှ ပါဝင်ပူးပေါင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

## ၄.၂။ မြန်မာ့စိုက်ပျိုးရေး မူဝါဒ

၈၆။ စိုက်၊ မွေး၊ ဆည်ဝန်ကြီး ဌာနသည်၏ ဒုတိယ ငါးနှစ်စီမံကိန်းအား အကောင်အထည်ဖော်ရာတွင် လမ်းညွှန်မှုပေးနိုင်ရန် စိုက်ပျိုးရေးမူဝါဒ(၂၀၁၆ခုနှစ်)ကိုပြုစုခဲ့ပါသည်။ ဤမူဝါဒတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ပါဝင်ပါသည်။

- ဒုတိယငါးနှစ်စီမံကိန်းကာလအတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ဘေးကင်းလုံခြုံမှုတိုးတက်ကောင်းမွန်စေပြီး မျှတသောအာဟာရကို ပိုမိုစားသုံးလာနိုင်စေရန်။
- တောင်သူတိုင်းမိမိတို့၏အခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်စေရန်နှင့် စီးပွားရေးဖွံ့ဖြိုး

တိုးတက်မှု၏ အကျိုးကျေးဇူးများကို ခံစားနိုင်စေရန်။

- အသိပညာအသစ်များ လုပ်ငန်းတူလုပ်ကွက်ငယ် တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများနှင့် ရေလုပ်သားများအား အခြေခံ၍ အစုအဖွဲ့များ(သို့)သမဝါယမများ ဖွဲ့စည်းခြင်း (ယင်းတို့တွင်အမျိုးသမီးများ မဖြစ်မနေပါဝင်ဆောင်ရွက်ရမည်)၊ အသိပညာများဖလှယ်ခြင်းကို အခြေပြု၍ စိုက်ပျိုးရေးကဏ္ဍ တစ်ရပ်လုံး ၏လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်။
- လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွားအခြေအနေ တိုးတက်ကောင်းမွန်လာစေရန်ကျေးလက်လမ်းများဆောက်လုပ်ရေး၊ ကျေးလက်ဒေသအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ မြေအသုံးချမှု စီမံခန့်ခွဲရေးနှင့် အသေးစားစက်မှု ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမည့် စီမံကိန်းတစ်ခုအား သတ်မှတ်ရေးဆွဲရန်။
- သီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များ ပိုမိုတိုးတက်ကောင်းမွန်လာရန်နှင့် သမဝါယမ ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန်အတွက် လိုအပ်နေသော နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများအား ပြည်တွင်းပြည်ပ မှ အရင်းအမြစ်များထံမှ ရယူနိုင်ရန်။
- ပြင်ပဈေးကွက်များသို့ တင်ပို့ရန်အတွက်အရည်အသွေးမြင့် သီးနှံသားငါးထွက်ကုန်များကို ထုတ်လုပ်မှုမြှင့်တင်ရန်။
- အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းမှု ပညာရေးတို့တွင်ပါဝင်သည့် ထိရောက်သော စိုက်ပျိုးရေးအခြေပြု စက်မှုလက်မှုလုပ်ငန်းများ ပေါ်ပေါက်လာစေရန်။
- စိုက်ပျိုးရေးကဏ္ဍအတွက် ပြည်တွင်းပြည်ပမှ အရင်းအနှီးများကို လက်လှမ်းမီရရှိနိုင်မှု တိုးမြှင့်လာစေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများတွင် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပတ်သက်ဆက်နွယ်နေသူများ အားလုံးမှတက်ကြွစွာ အပြည့်အဝပါဝင်ဆောင်ရွက်စေရန်။








USAID
IFDC


IRRI
Donor Roundtable Meeting on
Rice-based Food Security and Growth in Myanmar

# အခန်း ၅။ မြန်မာ့စိုက်ပျိုးရေး၏ လက်ရှိဆောင်ရွက်နေသော ဖွံ့ဖြိုးရေးမိတ်ဖက်အစီအစဉ်များ

## ၅.၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့၏ အဓိက ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု

၈၇။ ဇယား (၂) တွင် (၂၀၁၀–၂၀၁၅) စီမံကိန်းကာလအတွင်း ဖွံ့ဖြိုးရေးမိတ်ဖက်တို့၏ ရန်ပုံငွေပံ့ပိုးမှုဖြင့်ဆောင်ရွက်ခဲ့သော စီမံချက်များအား အမျိုးအစား(၄)မျိုးဖြင့် အကျဉ်းချုံးဖော်ပြထားပါသည်။ဇယားရေးဆွဲချိန်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနဆိုင်ရာ ကိန်းဂဏန်းများ ပါဝင်ခြင်းမရှိသော်လည်း[၁၇] စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနရှိ ကျန်ဌာနများအားလုံးအတွက် (၂၀၁၆–၂၀၂၂) စီမံကိန်းကာလအတွင်း အလှူရှင်များ၏ပံ့ပိုးမှုဖြင့်ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားသော စီမံချက်များအားလည်း ဖော်ပြထားပါသည်။

၈၈။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သမဝါယမတို့မှအပ ဖွံ့ဖြိုးရေးမိတ်ဖက်များမှ စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ (၂၀၁၀–၂၀၁၅) ကာလတွင် အမေရိကန်ဒေါ်လာ သန်း (၁၃၁.၃၅၂) ရှိခဲ့ရာမှ (၂၀၁၆–၂၀၂၂) ကာလအတွင်း အမေရိကန်ဒေါ်လာသန်း (၄၉၉.၆၀၅) အထိ ၂၈၀% တိုးတက်လာမည်ဟု မျှော်မှန်းထားသည်။ (၂၀၁၀–၂၀၁၅) အကြားကာလတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမှာ အများဆုံးဖြစ်ကာ အမေရိကန်ဒေါ်လာ (၆၃.၄၆၃) သန်းရှိပြီး ရင်းနှီးမြှုပ်နှံမှုအားလုံး၏၄၈.၃% ရှိသည်။ အခြေခံအဆောက်အအုံတွင် ဆည်မြောင်းကဏ္ဍ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးအတွက် အမေရိကန်ဒေါ်လာ(၆၀.၂၁၂)သန်း အသုံးပြုခဲ့ပြီး အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၄၅.၇%ရှိသည်။ ဤကာလတွင် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည် မြင့်တင်ရေးအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃၀%နီးပါး အသုံးပြုခဲ့သည်။ ကျန်ရင်းနှီးမြှုပ်နှံမှုတို့တွင် မူဝါဒ၊ စည်းမျဉ်းများနှင့် စီမံအုပ်ချုပ်မှုနှင့် ထုတ်လုပ်မှုတိုးမြှင့်ရေးတို့က အညီအမျှ နီးပါးရယူထားသည်။ (၂၀၁၆–၂၀၂၂) ကာလတွင် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမှာ ဆက်လက်၍ ကြီးစိုးနေမည်ဟု မျှော်မှန်းထားပြီး အမေရိကန်ဒေါ်လာ (၂၆၉.၀၉၁)သန်းအထိတိုးမြှင့်လာနိုင်ကာ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၅၃.၉%ထိရှိနိုင်သည်။ ယင်းတွင် ကန်ဒေါ်လာ(၂၄၈.၉၃၄)သန်းမှာ ဆည်မြောင်းကဏ္ဍ ပြန်လည်ပြုပြင် တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးအတွက် သုံးစွဲမည်ဖြစ်သည်။

၈၉။ (၂၀၁၆–၂၀၂၂) ကာလအတွင်းတွင် ကျန်ရှိနေသေးသည့်အမျိုးအစားများ (၃) ခုတွင်လည်း ရင်းနှီးမြှုပ်နှံမှုသည် သိသာစွာတိုးတက်မည်ဟုမျှော်လင့်သည်။ သို့သော် ကိန်းဂဏန်းအရတွင်မူ ၎င်းတို့သည် ဆည်မြောင်းကဏ္ဍ၏ ကိန်းဂဏန်းအောက်သိသာစွာ လျော့နည်းနေဆဲဖြစ်သည်။ (၂၀၁၆–၂၀၂၂) ကာလတွင် ထုတ်လုပ်မှုတိုးမြှင့်ရေး၌ ရင်းနှီးမြှုပ်နှံမှုမှာ ၃၁၃% မြင့်တက်လာမည်ဟု မျှော်မှန်းထားပြီး ကန်ဒေါ်လာ (၁၈.၆၃၀) သန်းမှ (၇၇.၀၅) သန်းအထိ၊ အသိပညာပေးခြင်း၊ တိုးချဲ့ပညာပေးလုပ်ငန်းနှင့် လယ်ယာအဖွဲ့အစည်းများ၏

[၁၇] ယင်းကိန်းဂဏန်းများတွက်ချက်စဉ်ကာလတွင် ကျေးလက်ဦးစီးနှင့် သမဦးစီး၏ဌာနဆိုင်ရာအချက်အလက်များ မပါဝင်သေးပါ။

စွမ်းဆောင်ရည်မြှင့်တင်ရေး၌ ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၂% မြင့်တက်လာမည်ဟု မျှော်မှန်းထားပြီး ကန်ဒေါ်လာ (၈၉.၄၀၁) သန်းအထိ၊ မူဝါဒ၊ စည်းမျဉ်းများနှင့် စီမံအုပ်ချုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုများမှာ ၂၃၀% မြင့်တက်လာမည်ဟု မျှော်မှန်းထားပြီး ကန်ဒေါ်လာ (၆၄.၀၆၄) သန်းအထိ အသီးသီးရှိလာမည်ဖြစ်သည်။

၉၀။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍခွဲများတွင် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ စီမံကိန်းများတည်နေရာ ပထဝီအနေအထားနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်မှပြုလုပ်ခဲ့သော လေ့လာသုံးသပ်ချက်အရ စစ်ဆေးလေ့လာခဲ့သောစီမံချက် (၁၀၃)ခုအနက် ဖြန့်ကျက်တည်ရှိမှုမှာ – နိုင်ငံတစ်ဝှမ်း – ၂၁.၁% ၊ မန္တလေးတိုင်းဒေသကြီး – ၁၃.၀%၊ စစ်ကိုင်းတိုင်းဒေသကြီး – ၁၂.၄%၊ မကွေးတိုင်းဒေသကြီး – ၁၀.၇%၊ ဧရာဝတီတိုင်းဒေသကြီး – ၈.၉%၊ ရခိုင်ပြည်နယ် – ၇.၁%၊ ရှမ်းပြည်နယ် – ၇.၁%၊ ပဲခူးတိုင်းဒေသကြီး – ၅.၉%၊ ချင်းပြည်နယ် – ၅.၉%၊ ရန်ကုန်တိုင်းဒေသကြီး – ၄.၁%၊ နေပြည်တော် – ၃.၆% နှင့် ကျန်ရှိသောပြည် နယ်နှင့်တိုင်းဒေသကြီးငါးခုမှာ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ၏ ၁% အောက်စီသာရှိကြသည်။ ဤသုံးသပ်ချက်မှ ဖွံ့ဖြိုးရေးစီမံချက်များ၏ ရင်းနှီးမြှုပ်နှံမှုသည် အလယ်ပိုင်းအပူပိုင်းဇုန်ဒေသတွင် စုစည်းလျက်ရှိနေကြောင်း ရှင်းလင်းစွာဖော်ပြနေပြီး မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီး (၃)ခုပေါင်းတွင် စီမံချက်များ၏ ၃၆% ရှိနေသည်။

ဇယား ၂။ အလှူရှင်ငွေကြေးထောက်ပံ့မှု ၂၀၁၀-၁၅ ခုနှစ်နှင့် အလှူရှင် ရင်းနှီးမြှုပ်နှံမှုခန့်မှန်းချက် ၂၀၁၆-၂၂ ခုနှစ်ထိ ရာခိုင်နှုန်း

| ရင်းနှီးမြှုပ်နှံမှုအမျိုးအစားနှင့် အစီအစဉ် | ၂၀၁၀-၁၅ (ကန်ဒေါ်လာသန်း) | ၂၀၁၆-၂၂ (ကန်ဒေါ်လာသန်း) | (%) ၂၀၁၆-၂၀၂၂ သာ |
|---|---|---|---|
| ၁။ အခြေခံအဆောက်အအုံ | ၉၆၀,၅၀၄ | ၁၅,၀၈၆,၈၀၅ | ၅.၆% |
| ဆည်မြောင်းအသစ် | ၆၀,၂၁၂,၇၉၀ | ၂၄၈,၉၃၃,၇၃၇ | ၉၂.၅ |
| လက်ရှိဆည်မြောင်း မွမ်းမံပြုပြင် | ၁,၀၃၁,၅၇၇ | ၁,၁၃၂,၁၆၃ | ၀.၄% |
| စိုက်ပျိုး- ကြိတ်ခွဲပြုပြင်မှု | ၁,၂၅၈,၁၅၂ | ၃၉၃,၂၁၇ | ၁.၅% |
| အခြား | ၆၃,၄၆၃,၀၂၃ | ၂၆၉,၀၉၁,၉၂၂ | ၁၀၀% |
| စုစုပေါင်းခွဲ | ၄၈.၃% | ၅၃.၉% | |
| ၂။ ထုတ်လုပ်မှု တိုးမြှင့်ရေး | | | |
| မျိုးစေ့ ကဏ္ဍခွဲ | ၂,၅၅၅,၁၃၁ | ၈,၁၂၀,၃၈၄ | ၁၀.၅% |
| မြေဆီလွှာ စီမံခန့်ခွဲရေး/ဓါတ်မြေသြဇာ | ၂,၈၈၈,၅၄၆ | ၇,၈၇၉,၈၇၁ | ၁၀.၂% |
| သီးနှံကာကွယ်ရေး | - | ၁,၀၀၄,၆၀၈ | ၁.၄% |
| ရေစီမံခန့်ခွဲရေးစနစ်များ | ၂,၄၄၆,၇၃၄ | ၅,၁၃၂,၉၈၅ | ၆.၇% |
| ရာသီဥတုလိုက်လျောညီစိုက်ပျိုးရေး | ၁၁၃,၄၆၉ | ၂၀,၂၄၉,၉၆၉၊ | ၂၆.၃% |
| အခြား | ၈၇၀,၂၀၄ | ၁၃,၉၅၇,၃၄၂ | ၁၈.၁% |
| စုစုပေါင်းခွဲ | ၁၈,၆၃၀,၃၂၄ | ၇၇,၀၅၀,၄၄၃ | ၁၀၀% |
| စုစုပေါင်းချုပ်တွင် စုစုပေါင်းခွဲ၏ %၊ | ၁၄.၄%၊ | ၁၅.၄%၊ | |

| ရင်းနှီးမြှုပ်နှံမှုအမျိုးအစားနှင့် အစီအစဉ် | ၂၀၁၀-၁၅ (ကန်ဒေါ်လာသန်း) | ၂၀၁၆-၂၂ (ကန်ဒေါ်လာသန်း) | (%) ၂၀၁၆-၂၀၂၂ သာ |
|---|---|---|---|
| ၃။ တိုးချဲ့ပညာပေးရေး၊ နှင့် လယ်ယာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ရေး | | | |
| စိုက်ပျိုးပညာပေးခြင်း | ၈,၄၉၂,၉၅၂ | ၂၅,၇၄၉,၉၈၂ | ၂၈.၈% |
| မွေးမြူရေးဝန်ဆောင်မှုလုပ်ငန်း | ၄၉၉,၀၈၈ | ၁၂,၉၂၈,၅၂၁ | ၁၄.၅% |
| ငါးမွေးမြူရေးနှင့် ရေလုပ်ငန်း | ၃,၉၅၇,၄၅၉ | ၁၆,၅၄၅,၉၈၄ | ၁၈.၅% |
| တက္ကသိုလ် သင်ရိုးညွှန်းတမ်းပြုစုရေး | ၇၂၅,၀၀၀ | ၃,၃၅၅,၉၁၃ | ၃.၇% |
| စိုက်ပျိုးကုန်ထုတ် သမဝါယမအသင်းများ | ၁,၅၅၃,၁၇၀ | ၂,၆၄၄,၆၉၀ | ၃.၀% |
| ရေအသုံးချသူအဖွဲ့များ | ၇၀၁,၅၅၂ | ၉,၅၈၁,၁၄၄ | ၁၀.၇% |
| ကဏ္ဍအသင်းအဖွဲ့များ/ကုန်သွယ်ရေး အသင်းအဖွဲ့များ၊ စိတ်ဝင်စားသူ အုပ်စုများ | ၁,၅၀၉,၀၅၉ | ၁,၄၇၈,၄၃၇ | ၁.၆% |
| အခြား | ၁၂,၇၂၇,၈၁၀ | ၁၇,၁၁၇,၂၆၁ | ၁၉.၂% |
| စုစုပေါင်းခွဲ | ၂၁၉,၆၀၆,၀၉၁ | ၈၉,၄၀၁,၉၃၀ | ၁၀၀% |
| စုစုပေါင်းချုပ်တွင် စုစုပေါင်းခွဲ၏ %၊ | ၂၂.၅% | ၁၇.၉% | |
| ၄။ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ စီမံခန့်ခွဲရေး | | | |
| မြေယာလုပ်ပိုင်ခွင့် ၊ စီမံခန့်ခွဲမှု၊ | ၈,၄၁၄,၅၉၅ | ၂,၆၇၅,၂၉၉ | ၄.၂% |
| ရေစီမံခန့်ခွဲမှု၊ | ၇၄၀,၅၆၁ | ၆၆၁,၉၄၇ | ၁.၀% |
| ရေသယံဇာတအရင်းအမြစ် စီမံခန့်ခွဲရေး၊ | ၇၄၆,၃၈၂ | ၅၁,၀၇၄,၀၇၄ | ၇၉.၇% |
| သန့်ရှင်းရေးနှင့် အပင်များ ပိုးမွှားရောဂါ၊ ဓာတုဆေးကင်းစင်ရေး | ၇၀၅,၂၀၇ | ၉၄၈,၉၅၇ | ၁.၅% |
| အစားအသောက်ဘေးကင်းရေး၊ | ၇၀၅,၂၀၇ | ၉၄၈,၉၅၇ | ၁.၅% |
| ကျားမ ဆိုင်ရာ | ၆၄၈,၈၆၀ | ၆၄၆,၃၇၀ | ၁.၀% |
| စိုက်ပျိုးရေးမူဝါဒ၊ တန်ဖိုးကွင်းဆက်များ၊ သွင်းအားစုနှင့် အခြား | ၇,၆၉၁,၈၇၂ | ၇,၁၀၈,၆၇၄ | ၁၁.၁% |
| စုစုပေါင်းခွဲ၊ | ၁၉,၆၅၂,၆၈၄ | ၆၄,၀၆၄,၂၇၈ | ၁၀၀.၅% |
| စုစုပေါင်းချုပ်တွင် စုစုပေါင်းခွဲ၏ %၊ | ၁၅.၀% | ၁၂.၈% | |
| စုစုပေါင်းချုပ်၊ | ၁၃၁,၃၅၂,၁၂၂ | ၄၉၉,၁၀၈,၅၇၃ | |

ဖစ်မြစ်။ ကမ္ဘာ့ဘဏ်၊ အလျှူရှင်ပေါင်းစပ်ညှိနှိုင်းရေးရုံး။

## ၅.၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှု

၉၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်း (သို့မဟုတ်)လယ်ယာလုပ်ငန်း (သီးနှံ၊ မွေးမြူရေး၊ ရေလုပ်ငန်း) တို့သည် အပြန်အလှန် အထောက်အကူပြုသော လုပ်ငန်းများဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် စိုက်ပျိုးကုန်ထုတ်လုပ်မှုတွင် အချက်အချာကျသောအခြေခံအဆောက်အအုံ၊ ဝန်ဆောင်မှု၊ ဈေးကွက်၊ ဝင်ငွေ၊ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များအတွက် အာမခံသည်။ ထို့အတူစိုက်ပျိုးရေးဖွံ့ဖြိုးမှုကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အလုပ်အကိုင်များ၊ အထောက်အကူပြု စီးပွားရေးများ၊ ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများဖြင့် ထောက်ပံ့သည်။ အစွန်အဖျားကျသော နယ်မြေဒေသများတွင် လယ်ယာ

လုပ် ငန်းသည် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အခြေခံအသိုက်အအုံကို ထောက်ပံ့ပေးလျက်ရှိသော အရေးအကြီးဆုံး အကြောင်းအချက်ဖြစ်သည်။ ထိုကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးတို့သည် အပြန် အလှန်အားဖြည့်ပြီး အကျိုးဖြစ်ထွန်းနေသည်။ လယ်ယာလုပ်ငန်းများ၊ အထောက်အကူပြုစီးပွားရေး လုပ်ငန်း များကို ကောင်းမွန်စေခြင်းဖြင့် လယ်ယာလုပ်ငန်းအများစုတည်ရှိရာ ကျေးလက်ဒေသတို့၏ ရေရှည်ဖွံ့ဖြိုးမှုကို အာမခံသည်။ ဤသို့အပြန်အလှန် အထောက်အကူပြုမှုကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန၏လက်အောက်တွင်ထည့်သွင်းခြင်းမှာ အပြန်အလှန် အကျိုးပြုရာရောက်သည်။

၉၂။ မြန်မာနိုင်ငံအစိုးရသည် ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ အထောက်အပံ့ဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် အရင်းအမြစ်အများအပြားကို ထည့်ဝင်ခဲ့သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား ယခင်က စိုက်ပျိုးရေးကဏ္ဍ၏ အချိန်ကာလသတ်မှတ်ချက်ဖြင့် သုံးသပ်ရန်မဖြစ်နိုင်ပေ။ ကျေးလက်ဒေသဖွံ့ဖြိုး တိုး တက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များအား စုံလင်စွာမှတ်တမ်းတင် ခဲ့သည်။ စီမံချက်အစောဆုံး စတင်ခဲ့သောအချိန်မှာ (၂၀၁၄)ခုနှစ်တွင်ဖြစ်ပြီး အပြီးသတ်မည့်အချိန်မှာ (၂၀၂၂) ခုနှစ် ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များအတွက် ဘတ်ဂျက်စုစုပေါင်းမှာ ကန်ဒေါ်လာ(၇၈၃.၉၀၇)သန်းဖြစ်သည်။ ဤကိန်းဂဏန်းသည် စိုက်ပျိုးရေးစီမံချက်များအားလုံး၏ စုစုပေါင်း ဘတ်ဂျက်ထက် ကန်ဒေါ်လာ (၂၈၄) သန်းကျော်လွန်နေပါသည်။ အကြီးဆုံးစီမံကိန်း(၂)ခုမှာ ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၄၈၀ ဖြင့်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း (အခြေခံ အဆောက်အုံအဓိက)နှင့် အမေရိကန်ဒေါ်လာသန်း၉၀–ဖြင့်ဆောင်ရွက်သော လျှပ်စစ်မီးရရှိရေး စီမံကိန်းတို့ ဖြစ်သည်။ ကျန်စီမံချက် တို့တွင် (JICA)မှ ကန်ဒေါ်လာ၂၃.၄၁၈သန်းဖြင့် မြို့နယ်(၂၃)ခုအား ရေပေးရေးစီမံကိန်း အဆင့်(၁)၊ လူမှုရေး ဆိုင်ရာ သုတေသနလုပ်ဆောင်မှု (SPPRG) အဖွဲ့မှကန်ဒေါ်လာ ၀.၁၂–သန်းဖြင့် ဆောင်ရွက်သော ကျေးလက် ဒေသဖွံ့ဖြိုးရေးသုတေသနနှင့် လူမှုဖွံ့ဖြိုးရေး စီမံကိန်းတို့ ဖြစ်ပါသည်။

## ၅.၃။ သမဝါယမကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု

၉၃။ သမဝါယမကဏ္ဍတွင် ဆောင်ရွက်ဆဲစီမံချက် (၂)ခုသာရှိသည်။ ၎င်းတို့မှာ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်ရန် တရုတ်နိုင်ငံ EXIM ဘဏ်မှ ချေးငွေကန်ဒေါ်လာ သန်း (၄၀၀) ချေးယူခြင်းနှင့် စက်မှုလယ်ယာလုပ်ငန်းအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အငှားဝယ်စနစ် လုပ် ဆောင်ရန်ကန်ဒေါ်လာသန်း (၁၀၀) ချေးယူခြင်းတို့ဖြစ်သည်။ အစုအဖွဲ့ အာမခံမှုအပေါ်အခြေခံကာ ငွေချေးယူထားသော သမဝါယမအသင်းဝင်များသည် ချေးငွေကို တစ်ဦးချင်း သုံးစွဲနိုင်ခြင်းကိုသာ အဓိက ဦးတည်ချက်ထားပြီးသမဝါယမအသင်း၏ လုပ်ငန်းလည်ပတ်ရေးအတွက်ချေးယူခြင်း မဟုတ်သည်ကိုလည်း မကြာခဏ ကြုံတွေ့နေကြရပါသည်။









# အခန်း ၆။ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုမဟာဗျူဟာ (ADS) ၏ အခြေခံမူများနှင့် ချဉ်းကပ်မှုနည်းလမ်းများ

## ၆.၁။ အခြေခံမူများ

၉၄။ အမြင့်ဆုံးရည်မှန်းချက်ကို ထမြောက်စေမည့် အနာဂတ်လားရာမျှော်မှန်းချက် (Vision)၏ အကျိုးသက်ရောက်မှု၊ ထပ်ဆင့်ရလဒ်၊ ချက်ချင်းရလဒ် ဆောင်ရွက်ချက်များတို့ကိုမပြဋ္ဌာန်းမီ၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာရေးဆွဲရေး၏ အခြေခံမူများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။ ၎င်းတို့အားထိရောက်စွာကျင့်သုံးနိုင်ရန်အတွက် အခြေခံမူများအားလုံးတွင် အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှု တိုးတက်လာစေရန် လိုအပ်ပါသည်။

**(က) ပုဂ္ဂလိကနှင့် အစိုးရတို့၏ အခန်းကဏ္ဍကို ရှင်းလင်းစွာ အဓိပ္ပါယ်သတ်မှတ်နိုင်ရေး။**

တောင်သူများနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံနိုင်ရန်၊ အကျိုးပိုမိုဖြစ်ထွန်းလာစေရန်၊ စားသုံးသူတို့၏ ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လိုအပ်သည့် မူဝါဒများ၊ အဖွဲ့အစည်းများ၊ နိုင်ငံပိုင်အခြေခံ အဆောက်အအုံများနှင့် ဝန်ဆောင်မှုများအား အစိုးရမှဖြည့်ဆည်းပေးသည်။

**(ခ) လုပ်ကွက်ငယ်တောင်သူများ၏ အခွင့်အရေးနှင့် ၎င်းတို့၏ အာဘော်များ ဖော်ထုတ်ခွင့် ရရှိစေရေး။**

လုပ်ကွက်ငယ်တောင်သူတို့၏စိုက်ပျိုးမြေ၊ စားနပ်ရိက္ခာ၊ သတင်းအချက်အလက်တို့ကိုရပိုင်ခွင့်နှင့် စီမံကိန်းရေးဆွဲခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့တွင် ၎င်းတို့အာဘော်များပါဝင်လာနိုင်စေရေးတို့ကို ဥပဒေဖြင့်တရားဝင်အသိအမှတ်ပြုပြီး၊ ခိုင်မာသော တောင်သူလယ်သမားအဖွဲ့အစည်းများ ပေါ်ပေါက်လာရေးတွင် ထည့်သွင်းထားရမည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုတွင် လုပ်ကွက်ငယ်တောင်သူများပါဝင်စေမည်။ ထိုသို့ဖြစ်စေရန် အတွက်လုပ်ကွက်ငယ်တောင်သူတို့သည် အချင်းချင်းစည်းရုံးကာ ယင်းတို့၏ကိုယ်စားလှယ်များကို အစိုးရအဖွဲ့အစည်း အဆင့်ဆင့် (ကျေးရွာအုပ်စုမှပြည်ထောင်စုအဆင့်ထိ)နှင့် ထိတွေ့ဆောင်ရွက်ရန်အတွက် စေလွှတ်ရန်လိုအပ်သည်။ လုပ်ကွက်ငယ်တောင်သူများ၏ အခွင့်အရေးများနှင့် ပြောရေးဆိုခွင့်တို့တွင် အာမခံချက်ပေးနိုင်ရန် ခိုင်မာသောအရေးယူဆောင်ရွက်မှုများကို စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)တွင် ပြဋ္ဌာန်းရမည်။

**(ဂ) လုပ်ကွက်ငယ် တောင်သူများသည် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်မောင်းနှင်နေသူများ ဖြစ်စေရေး။**

လုပ်ကွက်ငယ်တောင်သူများအား လယ်ယာ၊ သား၊ ငါး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသော ဦးဆောင်မောင်းနှင်နေသူများအဖြစ် ဦးတည်သွားမည်။ ၎င်းတို့အတွက် အကောင်းဆုံးဖြစ်စေမည့် ထုတ်လုပ်မှုများကို ရွေးချယ်ဆုံးဖြတ်နိုင်ရန်အတွက် သွင်းအားစုများ၊ နည်းပညာများနှင့် ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များကို ပံ့ပိုးပေးသွားမည်။

**(ဃ) စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး။**

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်းသည် စားနပ်ရိက္ခာနှင့်အာဟာရ ဖူလုံရေးကိုလမ်းကြောင်း

အမျိုးမျိုးမှ ပံ့ပိုးပေးနိုင်ပြီး ၎င်းတို့တွင် လယ်ယာနှင့်ကျေးလက်အိမ်ထောင်စုများ၏ ဝင်ငွေတိုးတက်လာစေခြင်း၊ အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲစေရေး ပညာပေးခြင်း၊အိမ်တွင်းမှုသိပ္ပံ၊အိမ်ခြံတွင်း ဟင်းစိုက်ခင်းနှင့် အမယ်စုံစိုက်ပျိုးရေးကဲ့သို့သော အစပျိုးလုပ်ဆောင်မှုများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် အမျိုးသမီးများအားဘက်ပေါင်းစုံမှ ပါဝင်လာစေခြင်း (လိုအပ်ပါကအမျိုးသမီးများပါဝင်ဆောင်ရွက်ရန် အနည်းဆုံးအချိုးအား သတ်မှတ်ထားခြင်း)၊ လူထုအားစည်းရုံးလှုံ့ဆော်ခြင်းနှင့် အစုအဖွဲ့များ ဖွဲ့စည်းခြင်းတို့ပါဝင်ပါသည်။

### (င) အားလုံးပါဝင်စေခြင်း။

ဆင်းရဲနွမ်းပါးမှု၊ လူမှုရေးနှင့် ပထဝီဝင်အနေအထားကြောင့် ဖယ်ထားခံရမှု၊ လူငယ်များအစုအပြုံအလိုက် ပြောင်းရွှေ့သွားမှုတို့သည် စိုက်ပျိုးရေးဖွံ့ဖြိုးမှုနှင့်ရှုပ်ထွေးများပြားသော အချိတ်အဆက်များရှိကြသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးမှု၏ အကျိုးကျေးဇူးများကို တောင်သူများ၊ မြေပိုင်ရှင်များ၊ လယ်ယာလုပ်သားများနှင့် စီးပွားရေးသမားများစသည့် အုပ်စုအမျိုးမျိုးတို့ကိုခွဲဝေသင့်သည်။ ထိရောက်သော စိုက်ပျိုးရေးမဟာဗျူဟာတစ်ရပ်သည် စီးပွားဖြစ်တောင်သူငယ်များကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပြီး၊ ယင်းတို့က ဝမ်းစာမလုံလောက်သော တောင်သူများ၏ ကုန်ထုတ်စွမ်းအားကိုတိုးတက်စေပြီး မြေယာမဲ့တို့ကို အလုပ်အကိုင်များပေးနိုင်ကြလိမ့်မည်။

### (စ) ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းပါဝင်မှုနှင့် တာဝန်ခံယူမှု။

ဤမူများသည် မူဝါဒရေးဆွဲသည့် လုပ်ငန်းစဉ်၊ ဆက်သွယ်ရေး၊ ပတ်သက်ဆက်နွယ်သူချင်း ကမ်းလှမ်းခြင်း၊ အစိုးရဌာနအဆင့်ဆင့်တွင် ဤမူဝါဒများကို အကောင်အထည်ဖော်ရာ၌ စောင့်ကြပ်ကြည့်ရှုခြင်းဟူသော လုပ်ငန်းစဉ်အားလုံးကို လွှမ်းမိုးထားသင့်သည်။

### (ဆ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး။

စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်ခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို သက်ရောက်မှုများရှိကြသည့်အပြင် အခြားကဏ္ဍများကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကြောင့်လည်း စိုက်ပျိုးရေးကဏ္ဍကို သိသိသာသာထိခိုက်နိုင်သည်။ ဖွံ့ဖြိုးမှု၊ ဝင်ငွေရလမ်းဖန်တီးနိုင်မှုတို့နှင့် ရေတိုရေရှည်သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်သက်ရောက်မှုတို့ကို ချိန်ဆကာ စုပေါင်းဆုံးဖြတ်ရမည်။ နည်းလမ်းအသစ်များ၊ နည်းပညာအသစ်များ တင်သွင်းလာကာကုန်ထုတ်စွမ်းအားကို တိုးမြှင့်မည်ဆိုပါက မြေ၊ မြေဆီလွှာ၊ ရေနှင့်သစ်တောကဲ့သို့သော သဘာဝအရင်းအမြစ်များကို ရေရှည်သုံးစွဲနိုင်စေရန် ပြုလုပ်သင့်သည်။ မြန်မာနိုင်ငံတွင် ယခုအခါ စိုက်ပျိုး–ဂေဟ ချဉ်းကပ်မှုနည်းလမ်းအသစ်များကို ရှေ့ပြေးစမ်းသပ်လျက်ရှိရာ SRI အစိမ်းရောင်ရေစီမံခန့်ခွဲမှု၊ နိုက်ထရိုဂျင်သုံးစွဲမှု ထိရောက်ရေး၊ ထိန်းသိမ်းစိုက်ပျိုးရေး၊ သီးနှံသစ်တောရောနှော စိုက်ပျိုးရေးနှင့်အော်ဂဲနစ်စိုက်ပျိုးရေးတို့အပါအဝင်ဖြစ်သည်။ တောင်သူတို့၏ ဝင်ငွေတိုးတက်စေမည့် ရေရှည်တည်တံ့သောနည်းနာများ၊ ချဉ်းကပ်မှုနည်းလမ်းများ၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့် ကောင်းများကိုလိုက်နာကျင့်သုံးစေရန် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ကအားပေး မြှင့်တင်သွားမည်ဖြစ်သည်။

## ၆.၂။ ချဉ်းကပ်မှုနည်းလမ်းများ

၉၅။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် အောက်ဖော်ပြပါ ချဉ်းကပ်မှုနည်းလမ်းများကို အခြေခံ၍ လုပ်ဆောင်သွားမည်။

**(က) စိုက်ပျိုးရေး ကဏ္ဍခွဲများ အချင်းချင်းအကြားနှင့် စိုက်ပျိုးရေးကဏ္ဍနှင့် စိုက်ပျိုး–စားသောက်ကုန်ကဏ္ဍ အချင်းချင်းအချိတ်အဆက်။**

စိုက်ပျိုးရေးနှင့် စားသောက်ကုန်ကဏ္ဍခေတ်မီရေးသည် သီးနှံစိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း၊ တို့ကိုသာမကရေလုပ်ငန်းနှင့် သစ်တော/သီးနှံ–သစ်တောစသည်တို့ကိုပါ အကျုံးဝင်သင့်သည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနသည် ထုတ်လုပ်မှုအဆင့်ဆိုင်ရာ ကိစ္စရပ်များသာမက ပိုမိုကျယ်ပြန့်သောထွက်ကုန်ဈေးကွက်၊ ထောက်ပံ့ရေးကွင်းဆက်၊ ကုန်သွယ်ရေးနှင့် စီးပွားရေးဖြစ်နိုင်စွမ်းရှိသည့် အခြေအနေတို့ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ နယ်ပယ်တစ်ရပ်မှာ အောင်မြင်ပါက ကျန်နယ်ပယ်နှစ်ရပ်ကိုပါ မျှတစွာအာရုံ စိုက်သင့်သည်။

**(ခ) မူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေး ပေါင်းစပ်ညှိနှိုင်းမှု။**

စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနသည် သီးနှံသာမက မွေးမြူရေး၊ ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သမဝါယမတို့ကိုပါ လွှမ်းခြုံလာသဖြင့် ပေါင်းစပ်ညှိနှိုင်းမှုသည် အထူးပင်အရေးကြီးလာသည်။ ဝန်ကြီးဌာနအတွင်းရှိ ဦးစီးဌာနအချင်းချင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး၊ ဝန်ကြီးဌာနအချင်းချင်း၊ဝန်ကြီးဌာနနှင့် ပုဂ္ဂလိက ကဏ္ဍ၊ တောင်သူများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များစသည်ဖြင့် ပေါင်းစပ်ညှိနှိုင်းမည့်အဆင့်များရှိကြသည်။ ပေါင်းစပ်ညှိနှိုင်းခြင်းမှာ ခက်ခဲသည်။ အကြောင်းမှာသတင်းမျှဝေပေးရခြင်း၊ အထက်အောက်အဆင့်ဟူ၍ မကွဲပြားဘဲ အတူတကွအဖြေရှာရခြင်းတို့ကြောင့်ဖြစ်သည်။ ယခုရှိရင်းစွဲ အစိုးရစနစ် များအပေါ် အခြေပြုထားခြင်းကြောင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)သည် သိသာသည့်ရလဒ်ကို ဦးတည်သောထိရောက်သည့် ညှိနှိုင်းဆောင်ရွက်မှုကို ပြုလုပ်သင့်သည်။

**(ဂ) ပေါင်းစည်းထားပြီး ထိရောက်မှုရှိသော စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ဖွဲ့စည်း တည်ဆောက်ပုံ။**

ဝန်ကြီးဌာနသုံးခုကို တစ်ခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းလိုက်သော ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကို ပြန်လည်စဉ်းစားခွင့်ရစေသည်။ အနာဂတ်လားရာမျှော်မှန်းချက် အသစ်နှင့် တစ်သားတည်း ဖြစ်နိုင်ရန်အတွက် ဦးစီးဌာန၊ ဌာနခွဲအသစ်များ၊ လူသားအရင်း အမြစ်များ၊ လုပ်နည်းလုပ်ဟန်၊ နည်းကိရိယာများ၊ နည်းပညာများ၊ ဦးစားပေးအသစ်များနှင့် ကိုက်ညီမည့်ဘတ်ဂျက်လွှဲပြောင်းမှုများကို လိုအပ်မည်။

**(ဃ) မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်မှုအား စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်းအားဖြင့်တာဝန်ယူမှု၊ တာဝန်ခံမှုများပိုမိုဖြစ်ထွန်းစေရန်။**

အစိုးရသစ်၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို စိတ်နှစ်ဆောင်ရွက်ခြင်းကြောင့် ဤဝန်ကြီးဌာနသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့်မူဝါဒပြင်ဆင်မှုများကြောင့်စိုက်ပျိုးစားသောက်ကုန်ကဏ္ဍအစိတ်အပိုင်းများ၊ အကျိုးတူအုပ်စုများ (မြေယာမဲ့၊ လုပ်ကွက်ငယ်တောင်သူ၊ ကျေးလက်လယ်ယာပြင်ပစီးပွားရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးကွင်းဆက်အောက်ခြေမှ လုပ်ကိုင်သူများ၊ စားသုံးသူများ (ကျေးလက်ဒေသမှစားသုံးသူများအပါအဝင်)၊ ပြည်နယ်/ တိုင်းဒေသကြီးများအလိုက် ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက်လုံးသို့ သက်ရောက်မှုများကိုတိုင်းတာနိုင်ရန် အညွှန်းများကို ပြုစုသင့်သည်။ ဤသို့ဖြင့်မူဝါဒများကိုထိရောက်စွာ အကောင်အထည်ဖော်စေမည်၊ လိုလားသောရလဒ်များကို ရရှိစေမည်။ သို့မဟုတ်ပါက အလေအလွင့်နှင့်မရည်ရွယ်သော အကျိုးဆက်များကို ရှောင်ကြဉ်နိုင်ရန် ပြန်လည်ညှိနှိုင်းရမည်။

**(င) နယ်မြေဒေသအလိုက် စီမံကိန်းရေးဆွဲခြင်း။**

ပြည်သူလူထု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့သည် နိုင်ငံအသုံးစရိတ်များနှင့် စပ်လျဉ်း၍ စီမံကိန်း

ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပိုမိုတက်ကြွစွာ ပါဝင်လာကြသဖြင့် ဒေသတွင်း စီမံကိန်းများနှင့်အမျိုးသားအဆင့် စီမံကိန်းများအကြား ညှိနှိုင်းဆောင်ရွက်ရန်မှာပို၍ အရေးပါလာသည်။ မြန်မာနိုင်ငံသည် နိုင်ငံရေးလုပ်ငန်းစဉ်များက ပြဋ္ဌာန်းပေးခြင်း မရှိသေးသည့် ဗဟိုချုပ်ကိုင်မှုစနစ်ဖယ်ရှားရေးကို ပုံစံအမျိုးမျိုးဖြင့် စတင်ဆောင်ရွက်နေဆဲ ဖြစ်သည်။ အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များတွင် စွန့်ဦးတီထွင်မှုများ ပေါ်ပေါက်လာနိုင်ချေရှိပြီး ထိုဖြစ်စဉ်တွင် ပြည်သူလူထု၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ပို၍အရေးကြီးသော အခန်းကဏ္ဍအသစ်များမှ ပါဝင်လာနိုင်သည်ကိုလည်း စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သည်။



# အခန်း ၇။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏ အနာဂတ်လားရာ မျှော်မှန်းချက်၊ မဟာဗျူဟာမူဘောင်နှင့် အကျိုးသက်ရောက်မှုများ

## ၇.၁။ အနာဂတ်လားရာ မျှော်မှန်းချက်

၃၆။ စိုက်ပျိုးရေး မူဝါဒ၏ အနာဂတ်လားရာမျှော်မှန်းချက်ကို အခြေပြုကာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ADS ကို ပြုစုရေးသားသည်။

**"အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး တောင်သူများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုစေရန်"**

## ၇.၂။ မဟာဗျူဟာမူဘောင်

၃၇။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်တွင် နေထိုင်ကြသော သန်းပေါင်းများစွာသော မြန်မာလူထုကို ဆင်းရဲတွင်းမှလွတ်မြောက်စေမည့် အကောင်းဆုံးနည်းလမ်းမှာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအား အရှိန်အဟုန် တိုးမြှင့်ရေးပင်ဖြစ်သည်။ စိုက်ပျိုးရေးကိုအခြေခံသော ထွန်းကားမှုသည် အခြားသောစီးပွားရေးကဏ္ဍများမှ အဆင့်တူတိုးပွားမှုထက် ဆင်းရဲမှုကိုလျှော့ချရာတွင် နှစ်ဆမှသုံးဆအထိပို၍ ထိရောက်သည်။[၁၈] စိုက်ပျိုးရေး ကဏ္ဍတွင်ဖွံ့ဖြိုးတိုးတက်စေရန် လှုံ့ဆော်လိုပါက စိုက်ပျိုးရေးလုပ်ငန်းရှင်များကို စွမ်းဆောင်နိုင်ပြီးကောင်း မွန်သည့် ဝန်းကျင်တစ်ရပ်ဖန်တီးပေးခြင်း၊ ကုန်ထွက်တိုးစေမည့်အသိပညာနှင့် သွင်းအားစုတို့ကို ပိုမိုလက် လှမ်းမီအောင်ဖန်တီးပေးခြင်းတို့သည် အအောင်မြင်ဆုံးနည်းလမ်းဖြစ်ကြောင်း အာရှတိုက်စီးပွားရေးက သက်သေပြခဲ့ပြီး ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရေးအတွက် ကမ္ဘာ့ဈေးကွက် အတက်အကျကြောင့် သော်လည်းကောင်း၊ တစ်နှစ်ခန့် ရာသီဥတုဖောက်ပြန်သောကြောင့်သော်လည်းကောင်း၊ ပြင်ပအကူအညီမရလျှင် သော်လည်း ပပျောက်မသွားနိုင်မည့် တိုးတက်ပြောင်းလဲထားသော ဖွဲ့စည်းတည်ဆောက်ပုံကို အခြေခံရပါမည်။

၃၈။ စိုက်ပျိုးရေးမူဝါဒ၏ အနာဂတ်လားရာ မျှော်မှန်းချက်ကို ပြည့်မီစေရန်အလို့ငှာစိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှု မဟာဗျူဟာ (ADS) သည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုအားကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ကုန်ထုတ် စွမ်းအား၊ ယှဉ်ပြိုင်နိုင်စွမ်းအားရှိမှုစသည့် မဟာဗျူဟာမဏ္ဍိုင်(၃)ရပ်ဖြင့် အရှိန်အဟုန် မြှင့်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် လူမှုရေးနှင့် ပထဝီအနေအထားတို့အရအားလုံး ပါဝင်ဆောင်ရွက် နိုင်မှု၊ ပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမှု၊ ပွင့်လင်းမြင်သာမှု၊ အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများ ရှင်းလင်းစွာ အဓိပ္ပာယ် သတ်မှတ်ထားရှိမှု၊ လွတ်လပ်စွာရွေးချယ်ဖွဲ့စည်းထားသော တောင်သူလယ်သမားနှင့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများပေါ်ပေါက်လာစေရေးနှင့် ဈေးကွက်အခြေခံအဆောက်အအုံ၊ သတင်းအချက်အလက်အခြေခံ အဆောက်အအုံနှင့် စွမ်းအင်အခြေခံအဆောက်အအုံတို့နှင့် ချိတ်ဆက်မှုစသည်တို့ကို အားပေးမြှင့်တင်သွား


---

၁၈ ဖွံ့ဖြိုးတိုးတက်မှုအတွက်စိုက်ပျိုးရေး၊ ၂၀၀၈ခုနှစ် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ၊ ကမ္ဘာ့ဘဏ် ၂၀၀၈ ခုနှစ်။

ရန် ရည်ရွယ်ပါသည်။ အဆိုပါမဟာဗျူဟာမဏ္ဍိုင်သုံးခုကို အစိုးရ၊လယ်သမားများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကြား ပူးပေါင်းဆောင်ရွက်မှုအခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ရမည်ဖြစ်ပါသည်။

၉၉။ အစိုးရနှင့်ပုဂ္ဂလိကအခန်းကဏ္ဍများကို ရှင်းလင်းစွာ အဓိပ္ပာယ်သတ်မှတ်ပြီး ပွင့်လင်းမြင်သာမှုရှိသော၊ အားလုံးပါဝင်ဆောင်ရွက်နိုင်သော၊ စဉ်ဆက်မပြတ်သော၊ ကဏ္ဍပေါင်းစုံပါဝင်သော၊ ချိတ်ဆက်မှုများကိုအခြေခံသော ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ခြင်းဖြင့် စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝဖူလုံမှု၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျော့ချခြင်း၊ လုပ်ကွက်ငယ်တောင်သူများနှင့် ကျေးလက်နေအိမ်ထောင်စုများ၏ ဝင်ငွေမြင့်မားလာခြင်း၊ စိုက်ပျိုးရေးကုန်သွယ်မှုများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ပိုမိုခိုင်မာလာခြင်းစသည့်ရလဒ်များကို မျှော်မှန်းထားပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏ မဟာဗျူဟာမူဘောင်ကို ပုံ(၄) ဖြင့် ရှင်းလင်းဖော်ပြထားပါသည်။

ပုံ -၄ ။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ မဟာဗျူဟာမူဘောင်



၁၀၀။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)၏ မူဘောင်တွင်အကျိုးသက်ရောက်မှုများ၊ ရည်ရွယ်ချက်များ၊ ထပ်ဆင့်ရလဒ်များ၊ ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများဟူသောယုတ္တိကျသည့် အစီအစဉ်များ ပါရှိသည်။ ဤအစီအစဉ်ဖြင့် စိုက်ပျိုးရေးမူဝါဒ၏ အနာဂတ်လားရာမျှော်မှန်းချက်ကို ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်သည်။

## ၅.၃။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ အကျိုးသက်ရောက်မှုများ

၁၀၁။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) ၏ အကျိုးသက်ရောက်မှုများကို မျက်နှာစာ (၅)ခု ဖြင့် ပြနိုင်သည်။ ယင်းတို့မှာ -(က) စားနပ်ရိက္ခာနှင့်အာဟာရဖူလုံမှု တိုးတက်လာခြင်း၊ (ခ) ဆင်းရဲနွမ်းပါးမှု လျော့ချခြင်း၊ (ဂ) ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်လာခြင်း၊ (ဃ) ကျေးလက်အိမ်ထောင်စုများ၏ ဝင်ငွေပိုမိုမြင့်မားလာခြင်းနှင့် သာတူညီမျှမှုပို၍ရှိလာခြင်းနှင့် (င) လယ်သမားများ၏အခွင့်အရေးများ ပိုမိုခိုင်မာလာခြင်းတို့ဖြစ်သည်။ သက်ရောက်မှုတို့၏ အညွှန်းကိန်းများကို ဇယား(၃) တွင်ဖော်ပြထားသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုမီတွင် အခြေခံအချက်အလက် စစ်တမ်းကောက်ယူမှု အမြောက်အများကိုလည်း လုပ်ဆောင်သွားရန်လိုအပ်ပါသည်။

ဇယား ၃။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) ၏ အကျိုးသက်ရောက်မှုပြ အညွှန်းကိန်းများ

| အကျိုးသက်ရောက်မှုများ | အညွှန်းများ၊ | အခြေခံ မျဉ်း၊ | ရည်မှန်းချက် |
|---|---|---|---|
| စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု၊ | ငါးနှစ်အောက် ကလေးများ ပုညက်မှု (အသက်အလိုက် အရပ်) | ၂၉.၂% | ၁၂.၄% |
| | HFIAS[19] လျော့နည်းခြင်း (ကျား၊မ ခွဲခြားသတ်မှတ်ခြင်းမရှိ) | ၁၈.၉% | ၁၃% |
| | ငါးနှစ်အောက် ကလေးများ ချည့်နဲ့ခြင်း (အရပ်အလိုက် အလေးချိန်) | ၇% | ၂% |
| | ကိုယ်ဝန်ဆောင်အရွယ် အမျိုးသမီးများ နာတာရှည်အင်အားပြတ်လပ်မှု (ခန္ဓာကိုယ်ထုထည် အညွှန်းဖြင့် တိုင်းတာသည်) | X4 | X4*(၁-၅၀%) |
| | သွေးအားနည်းမှု | Y1 | Y1*(၁-၅၀%) |
| | ဗီတာမင်အေ ချို့တဲ့မှု | Y2 | Y2*(၁-၅၀%) |
| | အဝလွန်မှု | Y3 | Y3*(၁-၅၀%) |
| | ကျေးလက်ဆင်းရဲနွမ်းပါးမှုအချိုးအစား | ၂၀% | ၁၅% |
| ကျေးလက်ဆင်းရဲနွမ်းပါးမှု လျော့ကျခြင်း၊ | မြေယာမဲ့တောင်သူတို့၏ ဝင်ငွေ(ကျား) | X1 | ၄၀% တိုး |
| | ကျေးလက်ဆင်းရဲနွမ်းပါးမှုအချိုးအစား | ၂၀% | ၁၅% |
| | မြေယာမဲ့တောင်သူတို့၏ ဝင်ငွေ(ကျား) | X1 | ၄၀% တိုး |

၁၉ အိမ်ထောင်စုများ အစားအစာမဖူလုံမှု သတ်မှတ်ခြင်းစကေး (http://www.fao.org/fileadmin/user_upload/edfao-fsi4dm/doc-training/hfias.pdf)

| အကျိုးသက်ရောက်မှုများ | အညွှန်းများ၊ | အခြေခံ မျဉ်း၊ | ရည်မှန်းချက် |
|---|---|---|---|
| | မြေယာမဲ့တောင်သူတို့၏ ဝင်ငွေ(မ) | X2 | ၄၅% တိုး |
| စိုက်ပျိုးရေး စားသောက်ကုန်-ကုန်သွယ်မှု ယှဉ်ပြိုင်နိုင်စွမ်း ရှိခြင်း၊ | စိုက်ပျိုးစားသောက်ကုန် ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု | ၅၃၀သန်း | ၄၀% တိုး |
| | စိုက်ပျိုးရေးထုတ်ကုန် တိုးတက်မှုနှင့်တန်ဖိုး | ၂၀၀၀သန်း | ၄၀% တိုး |
| | စိုက်ပျိုးရေးတွင် တန်ဖိုးမြှင့်ခြင်း | ၅၀% | ၈၀% တိုး |
| | ကမ္ဘာ့စိုက်ပျိုးရေးထုတ်ကုန်တွင် မြန်မာ့စိုက်ပျိုးရေး ထုတ်ကုန်ဝေစု | X3 | ၃၀% တိုး |
| | လုပ်ကွက်ငယ်တောင်သူ(ကျား)တို့၏ဝင်ငွေ | X7 | ၅၀% တိုး |
| | လုပ်ကွက်ငယ်တောင်သူ(မ)တို့၏ဝင်ငွေ | X8 | ၆၀% တိုး |
| | တောင်သူအခွင့်အရေးကို ဥပဒေပြဌာန်းခြင်း | မရှိ | ဥပဒေအတည်ပြု |
| | လုပ်ကွက် ငယ်တောင်သူတို့ မြေယာလုပ်ပိုင်ခွင့်ကို စောင့်ရှောက်သည့် ပြည့်စုံသော မြေမူဝါဒ | မရှိ | ဥပဒေအတည်ပြု |
| | ADS၏ အဓိက အတိုင်ပင်ခံ အဖွဲ့များတွင် တောင်သူများ ကိုယ်စားလှယ်ပါဝင်မှု | မရှိ | ADS တွင် လယ်သမား အမြဲတမ်းကိုယ်စားလှယ်ပါဝင် |





စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနသည် တောင်သူလယ်သမားအဖွဲ့အစည်းများကို မြှင့်တင်အားပေး၊ တည့်မတ်ပေးခြင်းဖြင့် လယ်ယာကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်တွင် အရေးပါသော မောင်းနှင်အားကို ဖြစ်စေပါမည်။ မြန်မာ့ လယ်ယာကဏ္ဍသည် အသေးစားလုပ်ကွက်ငယ် တောင်သူများ အဓိက ပါဝင်နေသဖြင့် တောင်သူအဖွဲ့အစည်းနှင့် လယ်ယာ ကုန်ထုတ်လုပ်မှု သမဝါယမ အသင်းများသည် ချေးငွေ၊ သက်သာသော သွင်းအားစု နှင့် ဝန်ဆောင်မှုများကို ရယူနိုင်မှု၊ သွင်းအားစုနှင့် လယ်ယာထုတ်ကုန် ဈေးကွက်တွင် ဈေးခေါ်ဈေးဆစ် ညှိနှိုင်းနိုင်စွမ်းတို့ စွမ်းရည်တိုးမြင့်လာစေကာ၊ တန်ဖိုးမြင့် တန်ဖိုးကွင်းဆက်များထဲသို့ တောင်သူများအား ချိတ်ဆက်သွားနိုင်စေပါသည်။

မြန်မာ့ စိုက်ပျိုးရေးသည် ဝမ်းစာဖူလုံမှု စိုက်ပျိုးရေးမှ ပိုလျှံသီးနှံကို ရောင်းကုန်ဈေးကွက်သို့ တင်ပို့သော စီးပွားဖြစ် စိုက်ပျိုးရေးသို့ပြောင်းလဲခဲ့ပြီ ဖြစ်ပါသည်။ ထိုမှတစ်ဆင့် လယ်ယာစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးမှု (Agribusiness Development) အဆင့်သို့ တက်လှမ်းရန် လိုနေပါသေးသည်။ လယ်ယာစီးပွားရေးလုပ်ငန်း၏ အခရာကျသော အချက်မှာ ထုတ်ကုန်တန်ဖိုးကွင်းဆက်များ ဖွံ့ဖြိုးလာရေးပင်ဖြစ်သည်။

ထုတ်ကုန်မျက်နှာစာမှ ရှုမြင်သော် သိုလှောင်မှု၊ ကြိတ်ခွဲမှု၊ ရောင်းချမှုသာမက အချောကိုင်ပြုပြင်မှု၊ ထုတ်ပိုးမှု၊ ကုန်အမှတ်တံဆိပ်ဖြင့် ရောင်းချနိုင်မှု၊ သယ်ယူပို့ဆောင်၊ လက်လီ၊ လက္ကား ဈေးကွက်သို့ ဖြန့်ချိမှုတို့ ပါဝင်ပါသည်။

သွင်းအားစု မျက်နှာစာမှ ရှုမြင်သော် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့၊ မွေးမြူရေး အစားအစာ၊ ရေသွင်း ရေဖျန်းကိရိယာ၊ လက်ထွန်းလယ်ထွန်စက် မှ ကွန်ဘိုင်းရိတ်ခြွေစက်အပါအဝင် အစိုးရ၊ ပုဂ္ဂလိက၊ NGO တို့၏ တိုးချဲ့ပညာပေးရေးနှင့် ချေးငွေ ဝန်ဆောင်မှု လုပ်ငန်းများစွာ ပါဝင်ပါသည်။

စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာသည် အထက်ပါ တန်ဖိုးကွင်းဆက်များ တစ်လျှောက် လုပ်ကွက်ငယ်တောင်သူများ အပါအဝင်ဖွံ့ဖြိုးတိုးတက်အောင် ကြံဆဖော်ထုတ်ထား၍ ကောင်းမွန်သော စီမံခန့်ခွဲမှုကို အခြေခံ၍ ပါဝင်ပတ်သက်သူအားလုံးတန်ဖိုးကွင်းဆက်တလျှောက် အကျိုးအမြတ်ကို မျှတစွာ ခွဲဝေခံစားနိုင်ရေးကို ဦးတည်ထားပါသည်။

စိုက်ပျိုးရေး တီထွင်ဆန်းသစ်မှု မူဝါဒ၏ တစ်စိတ်တစ်ပိုင်းအဖြစ် သုတေသန၊ တိုးချဲ့ပညာပေးရေး နှင့် ပညာရေး ဝန်ဆောင်မှုများကို စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနအတွင်း တစည်းတပေါင်း ချိတ်ဆက်ပေးခြင်းသည် လုပ်ငန်းဆောင်တာများ အားလုံးဆက်စပ်မိကာ စဉ်ဆက်မပြတ်ပေါင်းစပ် ညှိနှိုင်းခြင်း၊ နောက်ကြောင်းပြန် စိစစ် သုံးသပ်ခြင်းယန္တရားများ ဖြစ်ထွန်းလာစေနိုင်သည်။ အဆိုပါ စိုက်ပျိုးရေး တီထွင် ဆန်းသစ်မှုကို အရှိန်အဟုန် မြှင့်တင်ရန် ဝန်ကြီးဌာန အတွင်း၌ အမျိုးသားအဆင့် စိုက်ပျိုးရေး သုတေသန နှင့် တိုးချဲ့ပညာပေးရေး စနစ် (NARES) ကို ဖော်ဆောင်ပေးရန် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၌ ထောက်ခံတင်ပြထားပါသည်။

NARES စနစ်အောက်၌ သုတေသန၊ တိုးချဲ့ပညာပေးရေးနှင့် ပညာရေး သုံးပွင့်ဆိုင် ပူးပေါင်းနိုင်သော ပုံစံတစ်မျိုးမျိုးဖြင့် စံပြကွက်ပူးပေါင်းလုပ်ဆောင်ခြင်း တွဲဖက်၍ သင်တန်းဖွင့်ခြင်း ထုတ်ကုန်လက်စွဲစာအုပ်များ၌ ပေါင်းစပ်ရေးသားခြင်း လုပ်ငန်းများကို ဆောင်ရွက်လာစေနိုင်မည်။ သုတေသနနှင့် တိုးချဲ့ပညာပေးဌာနတို့ ပူးပေါင်း၍ နှစ်စဉ်နည်းပညာပေါင်းကူးဖြန့်ဝေမှုတို့ကို ညှိနှိုင်းစည်းဝေးပွဲများ ကျင်းပဆောင်ရွက်နိုင်သည်။ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ၊ ချဉ်းကပ်မှုများအပါ် ဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ဟန်ချက်ညီညီ ပေါင်းစပ်ဆွေးနွေးခြင်း ရလဒ်များကို ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်နိုင်စေမည်။

# အခန်း ၈။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ ရည်မှန်းချက်များ၊ ထပ်ဆင့်ရလဒ်များ၊ ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်ချက်များ

## ၈.၁။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)၏ ရည်မှန်းချက်များ

၁၀၂။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)တွင် ကောင်းမွန်သောစီမံအုပ်ချုပ်မှု၊ ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု စသည့် မဟာဗျူဟာ၏ မဏ္ဍိုင်သုံးရပ်နှင့်ကိုက်ညီမှုရှိသော ရည်မှန်းချက် သုံးရပ်ရှိပါသည်–

- ရည်မှန်းချက် ၁။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ရှိသောအဖွဲ့အစည်းများ၏ ကောင်းမွန်သော စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် စွမ်းဆောင်ရည် မြင့်မားလာခြင်း။
- ရည်မှန်းချက် ၂။ ကုန်ထုတ်စွမ်းအားနှင့် တောင်သူများ၏ ဝင်ငွေတိုးတက်လာခြင်း။
- ရည်မှန်းချက် ၃။ ဈေးကွက်ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားများ တိုးတက်လာခြင်း။

၁၀၃။ မဟာဗျူဟာ၏ ရည်မှန်းချက် တစ်ခုစီတိုင်းအတွက် သတ်မှတ်ထားသော လျာထားချက်များအား အောက်ပါဇယားတွင် ဖော်ပြထားပါသည်။



ဇယား ၄။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ မဟာဗျူဟာမြောက် အစိတ်အပိုင်းများအတွက် လျာထားချက်များ

| ရည်မှန်းချက် | ညွှန်းကိန်း | လက်ရှိအခြေအနေ | လာမည့် ၅နှစ်အတွက် လျာထားချက် |
|---|---|---|---|
| စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအ တွက် တာဝန်ရှိသော အဖွဲ့အစည်းများ၏ ကောင်းမွန်သော စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ် နှင့် စွမ်းဆောင်ရည် မြင့်မားလာခြင်း | စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု | နှစ်စဉ် ပျမ်းမျှ တိုးတက်မှုနှုန်း၏ ၂% | နှစ်စဉ် ပျမ်းမျှ တိုးတက်မှုနှုန်း၏ ၄% |

| ရည်မှန်းချက် | ညွှန်းကိန်း | လက်ရှိအခြေအနေ | လာမည့် ၅နှစ်အတွက် လျာထားချက် |
|---|---|---|---|
| ကုန်ထုတ်စွမ်းအားနှင့် တောင်သူများ ၏ ဝင်ငွေ တိုးတက်လာခြင်း | မြေယာ ကုန်ထုတ် စွမ်းအား (စိုက်ပျိုးရေး ကဏ္ဍ စုစုပေါင်း ပြည်တွင်း ထုတ်ကုန် တန်ဖိုး (GDP) ÷ ရိတ်သိမ်းမြေ ဧရိယာ) | ကန်ဒေါ်လာ ၁,၂၀၀ ÷ ရိတ်သိမ်းမြေ ဧရိယာ | ၅၀%တိုးမြှင့်ရန် |
| | လုပ်သားကုန်ထုတ်စွမ်း အား (စိုက်ပျိုးရေးကဏ္ဍ စုစုပေါင်း ပြည်တွင်း ထုတ်ကုန်တန်ဖိုး ÷ စိုက်ပျိုးရေးကဏ္ဍ လုပ်သားအင်အား) | ကန်ဒေါ်လာ ၁,၆၀၀ ÷ လုပ်သား | ၅၀%တိုးမြှင့်ရန် |
| ဈေးကွက်ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားများ တိုးတက်လာခြင်း | စိုက်ပျိုး စီးပွားရေး လုပ်ငန်း (Agribusiness) ၏ စုစုပေါင်း ပြည်တွင်း ထုတ်ကုန်တန် ဖိုး | စုစုပေါင်း ပြည်တွင်း ထုတ်ကုန်တန်ဖိုး၏ ××% | စိုက်ပျိုးရေးကဏ္ဍ စုစုပေါင်း ပြည်တွင်း ထုတ်ကုန်တန်ဖိုး၏ ၂××% |
| | စိုက်ပျိုးရေး စားသောက်ကုန် တင်ပို့မှု | ကန်ဒေါ်လာ ၂၄၇၀ သန်း | ကန်ဒေါ်လာ ၃၈၆၅ သန်း |

## ၈.၂။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ ထပ်ဆင့်ရလဒ်များ

၁၀၄။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် ကောင်းမွန်သောစီမံအုပ်ချုပ်မှု၊ ကုန်ထုတ်စွမ်းအားနှင့် ဈေးကွက်တွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့နှင့် နီးနွယ်သောရည်မှန်းချက်များအား အောင်မြင်စွာရောက်ရှိရန်မှာ အောက်တွင် အသေးစိတ်ဖော်ပြထားသော ထပ်ဆင့်ရလဒ်များအားရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါထပ်ဆင့်ရလဒ်များသည် ခက်ခဲရှုပ်ထွေးမှု၊ အရင်းအမြစ်များချို့တဲ့မှု၊ အကောင်အထည်ဖော်ရန်လိုအပ်သော အချိန်ကာလအတိုင်းအတာတို့အပေါ်မူတည်ကာ အမျိုးမျိုးကွဲပြားမှုရှိပါသည်။ ထပ်ဆင့်ရလဒ်များတွင်မူဝါဒ၊ အဖွဲ့အစည်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်မှုများ လည်းရောနှော ပါဝင်ပြီး ထပ်ဆင့်ရလဒ်များ၊ ချက်ချင်းရလဒ်များ၊ လုပ်ဆောင်ချက်များ၊ တာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ စာရင်းဇယားတွင် အသေးစိတ်ဖော်ပြထားပါသည်။ တိကျသောလျာထားချက်များနှင့် အညွှန်းကိန်းများကို စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်းမူဘောင်တွင်ဖော်ပြမည်။

၁၀၅။ ရည်မှန်းချက်များ၊ ထပ်ဆင့်ရလဒ်များနှင့် ချက်ချင်းရလဒ်များသည် အများစု၏အောင်မြင်မှုရရှိအောင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ထိန်းချုပ်မှုအောက်တွင် ရှိနေပါသည်။ အချို့နေရာများတွင်မူ အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာပေါင်းစပ်ညှိနှိုင်းမှုများ လိုအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)၏ အောင်မြင်မှုအတွက်ပတ်သက်ဆက်နွယ်သူအားလုံး (အဓိကအားဖြင့် တောင်သူများနှင့် ပုဂ္ဂလိကကဏ္ဍ)၏ ပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးကြီးပါသည်။

ဇယား၅။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS) ၏ မဏ္ဍိုင်များ၊ ရည်မှန်းချက်များနှင့် ထပ်ဆင့်ရလဒ်များ

| မဏ္ဍိုင်များ | | |
|---|---|---|
| ကောင်းမွန်သောစီမံအုပ်ချုပ်မှု | ကုန်ထုတ်စွမ်းအား | ယှဉ်ပြိုင်နိုင်စွမ်းရှိမှု |
| စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အတွက် တာဝန်ရှိသော အဖွဲ့အစည်းများ၏ ကောင်းမွန်သော စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ် နှင့် စွမ်းဆောင်ရည် မြင့်မားလာခြင်း | ကုန်ထုတ်စွမ်းအားနှင့် တောင်သူများ၏ ဝင်ငွေ တိုးတက်လာခြင်း | စျေးကွက်ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားများ တိုးတက်လာခြင်း |
| ထပ်ဆင့်ရလဒ်များ | | |
| ၁.၁။ စီမံကိန်းရေးဆွဲခြင်း-ပြည်ထောင်စု အဆင့်နှင့် ပြည်နယ် /တိုင်း ဒေသကြီး အဆင့်တို့တွင် လူထု ပါဝင် ဆောင်ရွက်သည့် လုပ်ငန်း စဉ် များ အပေါ် အခြေခံသည့် ထိရောက်၍ ပေါင်းစည်းမှု ရှိသော စီမံကိန်း ရေးဆွဲခြင်း။ | ၂.၁။ စိုက်ပျိုးရေး သုတေသန - သီးနှံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ အတွက် ပိုမိုကောင်းမွန်သော သုတေသနစနစ် နှင့် လယ်သမားများနှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းပါဝင်သော သုတေသန တိုးချဲ့ ပညာပေးရေး ညှိနှိုင်းဆောင်ရွက်မှု စနစ်များ တိုးတက်ကောင်းမွန်လာခြင်း။ | ၃.၁။ စီးပွားဝန်ကျင် - စိုက်ပျိုး-စားသောက်ကုန် ထောက်ပံ့ ဖြည့်ဆည်း ရေး ကွင်းဆက် တစ်လျှောက်ရှိ စီးပွား ဝန်းကျင်၊ သတင်း အချက် အလက်နှင့် ရင်းနှီး မြှုပ်နှံမှုတို့ တိုးတက်လာခြင်း။ |
| ၁.၂။ မူဝါဒဆိုင်ရာ စွမ်းဆောင်ရည် - မူဝါဒ ရေးဆွဲနိုင်မှုနှင့်သုံးသပ်နိုင်မှု စွမ်းရည်များ တိုးတက်လာခြင်း။ | ၂.၂။ စိုက်ပျိုးရေး တိုးချဲ့ပညာပေးရေး - အစိုးရနှင့် ပုဂ္ဂလိကဆိုင်ရာ စိုက်ပျိုးရေး တိုးချဲ့ပညာပေးခြင်း စနစ်အား အသွင် ပြောင်းလဲ၍ ပိုမိုကောင်းမွန်သော ထုတ်ကုန် များ (သီးနှံ၊ မွေးမြူရေး၊ ရေလုပ်ငန်း) နှင့် လိုက်လျောညီထွေ ပြင်ဆင် အသုံးပြုနိုင် မည့် နည်းပညာတို့ကို ကျင့်သုံးစေခြင်းနှင့် စိုက်ပျိုးရေး သုတေသနနှင့် ပိုမိုချိတ်ဆက် လာနိုင်ခြင်း။ | ၃.၂။ ဉာဏပစ္စည်း မူပိုင်ခွင့် - စိုက်ပျိုး ရေးနှင့် စားနပ်ရိက္ခာ ကဏ္ဍ အတွက် ဉာဏပစ္စည်း မူပိုင်ခွင့်ဖြင့် အကာ အကွယ်ပေးခြင်း။ |
| ၁.၃။စောင့်ကြည့်ထိန်းကျောင်း စိစစ် သုံးသပ်ခြင်း- ဝက်ဘ် အခြေခံ သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ် (web-based Management Information System-MIS) အတွက် အချိန်နှင့် တပြေးညီ စောင့်ကြည့်ထိန်းကျောင်းစိစစ် သုံးသပ်ခြင်းလုပ်ငန်းစဉ်။ | ၂.၃။ပညာပေးခြင်းနှင့် သင်တန်းပို့ချခြင်း -ကျေးလက်ဒေသရှိ တောင်သူများနှင့် ကျေးလက်ဒေသ ပုဂ္ဂလိကကဏ္ဍတို့၏ ပြောင်းလဲ လာသော လိုအင်တို့ကို တုံ့ ပြန် ပေးမည့် 'လူသားအရင်းအနှီး' ကို စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ကဏ္ဍ တွင် တည်ဆောက်နိုင်ရန် အတွက် ထိ ရောက်သော ပညာသင်ကြားရေးနှင့် လေ့ ကျင့်ပေးရေးအား ဖွံ့ဖြိုးစေခြင်း (သို့မဟုတ် ပြန်လည်မွမ်းမံခြင်း)။ | ၃.၃။ အရည်အသွေး - ယုံကြည်အား ထားရသော အရည် အသွေးထိန်းစနစ် ထူထောင်ပေးခြင်းဖြင့် တောင်သူများ နှင့် အစား အစာ ကြိတ်ခွဲပြင်ဆင် သူများအား အရည်အသွေးမီ ထွက် ကုန်များ အတွက်စျေးကောင်းရရှိ စေရန် နှင့် အရည်အသွေး မြင့်တင် ထုတ်လုပ်လိုသော မက်လုံးများ ရလာ စေခြင်း။ |

| မဏ္ဍိုင်များ | | |
|---|---|---|
| ကောင်းမွန်သောစီမံအုပ်ချုပ်မှု | ကုန်ထုတ်စွမ်းအား | ယှဉ်ပြိုင်နိုင်စွမ်းရှိမှု |
| ၁၊၄။ စာရင်းအင်းအချက်အလက်များ - အထောက်အထား အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းအတွက် ခိုင်မာသော စာရင်းအင်းအချက်အလက် စနစ်များထူထောင်ခြင်း။ | ၂၊၄။ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး - ပိုမို တုန့်ပြန်မှုအားကောင်းပြီး အားထားရသော ဆည်မြောင်းနှင့် ရေနုတ်မြောင်း ဝန်ဆောင်မှုများ ပေးပို့ နိုင် ခြင်းနှင့် ပိုမိုထိရောက်မှုရှိပြီး ရေရှည်ခံသော ရေအသုံးချမှု စီမံခန့်ခွဲရေးစနစ်များ ပေါ်ထွန်းခြင်း။ | ၃၊၄။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ရေးဆွဲခြင်း - ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း များအား ကျား၊မ တန်းတူညီမျှမှုရှိစေခြင်း၊ လူထု ပူးပေါင်းပါဝင်မှုဖြင့် စီမံကိန်း ရေးဆွဲခြင်းနှင့် အကောင် အထည်ဖော်ခြင်း အတွက် ပိုမိုအားကောင်းသော မူဘောင် အား အဖွဲ့အစည်းများတွင် ထည့်သွင်းလုပ်ဆောင်ခြင်း။ |
| ၁၊၅။ အသင်းအဖွဲ့များ - ခိုင်မာသော တောင်သူနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် အဖွဲ့ချုပ်များ။ အစိုးရ တောင်သူ ပုဂ္ဂလိက စိုက်ပျိုးစီးပွားလုပ်ငန်းရှင်များဖြင့် သုံးပွင့်ဆိုင် ထုတ်လုပ်မှုဆိုင်ရာ စီမံခြင်း။ | ၂၊၅။ သီးနှံသွင်းအားစုများ - ပိုမိုတိုးတက်ကောင်းမွန်သော သီးနှံကုန်ထုတ်လုပ်မှု သွင်းအားစုများ နှင့် နည်းပညာများအား သီးနှံ စိုက်ပျိုးသူ တို့က ပိုမိုသုံးစွဲလာခြင်း။ | ၃၊၅။ ကျေးလက်ဒေသ အခြေခံ အဆောက်အအုံ - ကျေးလက်ဒေသ အခြေခံ အဆောက်အအုံများ ပိုမိုကောင်းမွန်လာပြီး လုပ်ကွက်ငယ် တောင်သူများ ပိုမိုအကျိုးရှိလာစေခြင်းနှင့် အမြတ်ပိုမိုရရှိလာခြင်း |
| ၁၊၆။ မြေယာ - တောင်သူများ၏ မြေယာပိုင်ဆိုင်ခွင့် ခိုင်မာခြင်းနှင့် လယ်ယာမြေနှင့် ပတ်သက်ပါဝင်နေသော ဌာနများ၏ စွမ်းဆောင်ရည် တိုးမြင့်လာခြင်း။ | ၂၊၆။ စက်မှုလယ်ယာ - စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်တွင် သင့်လျော်သော စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းအား တိုးချဲ့လုပ်ဆောင်ရန်။ | ၃၊၆။ တန်ဖိုးကွင်းဆက်များ - ဦးစားပေး ကုန်ပစ္စည်းများ ၏ တန်ဖိုးမြင့် ကွင်းဆက် များတွင် ပတ်သက် ဆက်နွယ်သူ တို့ ပိုမို ပါဝင်လာခြင်း နှင့် ယှဉ်ပြိုင်နိုင် စွမ်း တိုးတက်လာခြင်း |
| ၁၊၇။ ညှိနှိုင်းဆောင်ရွက်ခြင်း - စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ညှိနှိုင်း ဆောင်ရွက်မှုနှင့်အကောင်အထည်ဖော်မှုတို့ အတွက် စွမ်းဆောင်ရည်မြင့်မားလာခြင်း နှင့် ထိုလုပ်ငန်းစဉ်အား ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်ခန့်အပ်ထားပြီး ကျား၊မ သာတူညီမျှမှု ရှိသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားပြုသူများမှ ထိန်းကျောင်းပေးခြင်း။ | ၂၊၇။ မွေးမြူရေးနှင့် ငါးလုပ်ငန်း - တိရစ္ဆာန်နှင့် ငါး မွေးမြူရေး၊ မျိုးပွားခြင်း၊ မွေးမြူရေး ကုသရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ နည်းပညာများကို တိရစ္ဆာန်နှင့် ငါးမွေးမြူသူများ ပိုမိုသုံးစွဲလာနိုင်ခြင်း။ | ၃၊၇။ စားသောက်ကုန် ဘေးကင်းလုံခြုံမှု - စားသောက်ကုန် အရည်အသွေးနှင့် ဘေးကင်းမှုတို့ ပိုမိုတိုးတက်လာခြင်း |

| မဏ္ဍိုင်များ | | |
|---|---|---|
| ကောင်းမွန်သောစီမံအုပ်ချုပ်မှု | ကုန်ထုတ်စွမ်းအား | ယှဉ်ပြိုင်နိုင်စွမ်းရှိမှု |
| ၁၊၈။ စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံရေး - အားနည်းချို့တဲ့သော အုပ်စုများ၏ စားနပ်ရိက္ခာနှင့် အာဟာရ ပိုမိုဖူလုံလာခြင်း။ | ၂၊၈။ ရေရှည်တည်တံ့သော အလေ့အကျင့်ကောင်းများ - ရေရှည်တည်တံ့သော လယ်ယာစိုက်ပျိုးရေး၊ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (GAP)၊ ကောင်းမွန်သောမွေးမြူရေး ကျင့်စဉ်များ (GAHP)၊ ရေလုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Aquaculture Practices – GAqP) နှင့် ဓာတုကင်းလွတ် စိုက်ပျိုးရေး (Organic Agriculture – OA) အလေ့အကျင့်ကောင်းများ ထူထောင်ကာ လိုက်နာကျင့်သုံးခြင်း။ | ၃၊၈။ ငွေရေးကြေးရေး ဝန်ဆောင်မှုများ - တောင်သူများနှင့် စိုက်ပျိုး-စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှု အမျိုးမျိုးကို ပိုမို လက်လှမ်း မီခြင်း။ |
| ၁၊၉။ ပြန်လည်ပြုပြင်ဖွဲ့စည်းခြင်း - တောင်သူများ၊ စီးပွားရေး လုပ်ငန်းများ၊ အရပ်ဘက် လူမှုအဖွဲ့ အစည်းများကို ပို၍ထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက် လက်ရှိဌာနများကို ကောင်းမွန်စွာ ပေါင်းစည်းကာ စိုက်၊မွေး၊ဆည် ဝန်ကြီးဌာနအား ပြင်ဆင်ဖွဲ့စည်းခြင်း။ | ၂၊၉။ ကြံ့ကြံ့ခံနိုင်မှု - ရာသီဥတု ပြောင်းလဲမှု နှင့် ဘေးအန္တရာယ်တို့ကို တောင်သူများမှ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း တိုးတက်လာခြင်း။ | ၃၊၉။ ကုန်သွယ်ရေးနှင့် ပို့ကုန်များ - စိုက်ပျိုး-စားသောက်ကုန် နှင့် စိုက်ပျိုးရေး ထွက်ကုန်များ၏ ကုန် သွယ်ရေး ဖြစ်မြောက်စေခြင်း နှင့် ပို့ကုန် တိုးမြင့်လာခြင်း။ |

## ၈.၃။ မဏ္ဍိုင် (၁) – ကောင်းမွန်သော စီမံအုပ်ချုပ်မှု

၁၀၆။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)ရေးဆွဲခြင်း၊ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့တွင် ကောင်းမွန်သောစီမံအုပ်ချုပ်မှုဆိုသည်မှာ – မူဝါဒများကို ဒီဇိုင်းထုတ်နိုင်၊ ရေးဆွဲနိုင်၊ အကောင်အထည်ဖော်နိုင်သည့် အပြင်တာဝန်များကိုထမ်းဆောင်နိုင်သည့်အစိုးရ[၂၀]၏ စွမ်းဆောင်ရည်ဟု အဓိပ္ပာယ်ဖွင့်ထားသည်။ ဤကဲ့သို့ စွမ်းဆောင်ရည်များ အားနည်းပါက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည် မဟုတ်ပေ။ စီမံအုပ်ချုပ်မှုတွင်ပါဝင်သော အခြေခံအချက် [၂၁]တို့မှာ – တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပါဝင်ဆောင်ရွက်မှု၊ ခန့်မှန်းသုံးသပ်နိုင်မှုနှင့် ပွင့်လင်း မြင်သာမှုတို့ဖြစ်သည်။[၂၂]

၂၀ ကမ္ဘာ့ဘဏ်၊ ၁၉၉၂ ခုနှစ်၊ “စီမံအုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု” ကမ္ဘာ့ဘဏ်။

၂၁ အာရှဖွံ့ဖြိုးရေးဘဏ်၊ ၁၉၉၅ ခုနှစ်၊ “စီမံအုပ်ချုပ်မှု – ကောင်းမွန်သောဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှု”၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အောက်တိုဘာလ၊ ၁၉၉၅ ခုနှစ်။

၂၂ ဝန်ထမ်းခန့်ထားရာတွင် တိကျသော လုပ်ငန်းတာဝန်များအတွက်သာခန့်ထားခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်ကိုအခြေခံသော ရာထူးတိုးတက်ခြင်းဖြစ်စဉ်၊ ဦးစီးဌာနများအကြားနှင့် ဌာနခွဲများနှင့် ဦးစီးဌာနတို့အကြား ညှိနှိုင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေခြင်း၊ ဘတ်ဂျက်ခွဲဝေချထားပေးရာတွင် ပိုမိုပွင့်လင်းမြင်သာမှု ရှိခြင်းနှင့် အသိပညာကိုအခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်များ စသည်တို့ အပါအဝင်အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများအား ပြုပြင်ပြောင်းလဲပေးရန် လိုအပ် ပေလိမ့်မည်။

၁၀၇။ စိုက်ပျိုးရေးကဏ္ဍ၏ ခက်ခဲရှုပ်ထွေးမှုနှင့်ဌာနများအချင်းချင်း၊ အဆင့်အချင်းချင်း (ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးများ)၊ ပတ်သက်ဆက်နွယ်သူအချင်းချင်း (တောင်သူလယ်သမားများ၊ ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ) ပိုမိုပေါင်းစပ်ညှိနှိုင်းရန် လိုအပ်နေခြင်းအား စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)မှ အသိအမှတ်ပြုသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS)ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရသည် အချက်အချာကျသော လုပ်ငန်း တာဝန်အချို့ကို တောင်သူများ၊ ပုဂ္ဂလိက ကဏ္ဍ၊ လူမှုအဖွဲ့အစည်းနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များ၏ ပါဝင်မှုဖြင့် ထမ်းဆောင်နိုင်ရန် လိုအပ်သည်။ ယင်းတာဝန်တို့တွင် (က)ထိရောက်သော၊ ဘက်စုံပါဝင်သော စီမံကိန်း ရေးဆွဲခြင်းကို ဗဟိုအဆင့် (ပြည်ထောင်စုနှင့် ဒေသခံအဆင့် (ပြည်နယ်များ/တိုင်းဒေသကြီးများ၊ ခရိုင်များ၊ မြို့နယ်များ၊ ကျေးရွာအုပ်စုများ) နှစ်ခုလုံးတွင် ဆောင်ရွက်ခြင်း (ခ) မူဝါဒများကို သုံးသပ်ခြင်း၊ ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ (ဂ) စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း – ဝက်(ဘ်)(Web) အခြေပြု သတင်း အချက်အလက် စီမံခန့်ခွဲခြင်းစနစ် တည်ဆောက်ခြင်းနှင့် (ဃ) အထောက်အထား အခြေပြု ဆုံးဖြတ်မှုအတွက် ခိုင်မာသော စာရင်းအင်းနှင့် အချက်အလက် ကောက်ယူသည့် စနစ်တို့ပါဝင်သည်။ ထို့အပြင် စိုက်ပျိုးရေး ဖွံ့ဖြိုး တိုးတက်မှု မဟာဗျူဟာ (ADS) တွင် အားလုံးပါဝင်စေမှုရှိစေရန် (ကျား၊ မရေးရာ၊ ဝမ်းစာမလုံလောက်သော မြေယာမဲ့တောင်သူများ၊ ပထဝီဝင် အနေအထားအရ အခွင့်မသာသူများ) အတွက် မဟာဗျူဟာ (ADS)၏ စီမံ ကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများတွင် ပူး ပေါင်းဆောင်ရွက်မှုနှင့် တာဝန်ခံယူမှုတို့ ရှိစေမည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားသင့်သည်။ အစိုးရဌာန ဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများမှ ရွေးချယ်ထားသည့် အဖွဲ့ အစည်းများ၏ လူသားအရင်းအမြစ်များကို စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းသည် စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှု မဟာဗျူဟာ (ADS) ၏ စီမံအုပ်ချုပ်မှု တစ်ရပ်လုံးကို အားဖြည့်ပေးရာရောက်ပေမည်။

၁၀၈။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) ၏ ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် အောင်မြင်မှုကို မြေယာကိစ္စရပ်များအား ထိထိရောက်ရောက် ကိုင်တွယ်နိုင်ခြင်း ရှိ/မရှိ ဟူသောအချက်ဖြင့် စစ်ဆေးနိုင်သည်။ ဤကိစ္စရပ်သည် (က) ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသားမြေ အသုံးချမှုကောင်စီ သို့မဟုတ် အလားတူကို ဖွဲ့စည်းခြင်း၊ [၂၃](ခ) မကြာသေးမီက အတည်ပြုခဲ့သော အမျိုးသားမြေအသုံးချမှု မူဝါဒကို အခြေခံလျက် အား လုံးကိုလွှမ်းခြုံသော မြေဥပဒေတစ်ရပ်နှင့် တိကျသော၊ ပြည့်စုံသော မြေဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ မြေတိုင်း ပြီးသောနေရာများမှ ကြေးတိုင်အချက်အလက်များကို ခေတ်မီစေ ခြင်း၊ (ဂ) အိမ်ထောင်ဦးစီး ဇနီး မောင်နှံနှစ်ဦးလုံးအား မြေပိုင်ဆိုင်ခွင့်ရှိသူအဖြစ် ထားရှိရန်လိုအပ်ခြင်း၊ (ဃ) မြေတိုင်း ပြီးသောနေရာများမှကြေး တိုင်အချက်အလက်များကို ခေတ်မီနည်းပညာဖြင့် ဆောင်ရွက်စေခြင်း၊ အထူးသဖြင့် နယ်စပ်ဒေသများနှင့်ဝေး လံခေါင်ဖျားသော ဒေသများရှိ မြေတိုင်းတာနိုင်ခြင်း မရှိသေးသော ကွင်းမြေပုံများတွင် မပါဝင်သည့် မြေအသုံး ချခွင့်ဆိုင်ရာ အချက်အလက်သစ်များ ဖန်တီးခြင်း၊ (င) ကိန်းဂဏန်းအချက်အလက် စီမံခန့်ခွဲရေးစနစ်များကို ခေတ် မီစေခြင်း၊ (စ) မြေကွက်များ၏ ခေတ်မီ အချက်အလက်များအရ မြေအသုံးချခွင့် လက်မှတ်သစ်များ ထုတ်ပေးခြင်း၊ (ဆ) မြေနှင့် မြေအသုံးချမှုကို အမျိုးအစား ပြန်လည်ခွဲခြား သတ်မှတ်ခြင်း၊ (ဇ) မြေသိမ်းဆည်းမှု အပါအဝင် မြေ ယာနှင့်ဆိုင်သော ပဋိပက္ခများကို ဖြေရှင်းခြင်းနှင့် (ဈ) မြေယာလျော်ကြေးပေးခြင်းနှင့် ပြန်လည်ခွဲဝေပေးခြင်း တို့ပါဝင်သည်။ ဤသို့များပြားမြောင့်ရှုပ်ထွေးသော အလုပ်များကို ဆောင်ရွက်ရန်မှာ မြေစီမံခန့်ခွဲရေးတွင် တာဝန် ရှိသော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးမှသာ ဖြစ်နိုင်မည်။

၁၀၉။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) တွင် ပါဝင်သော မြေယာဆိုင်ရာကိစ္စရပ်များမှာနည်း ပညာတစ်ခုတည်းကြောင့်သာမဟုတ်ပဲ အခြေခံအားဖြင့် လူမှုစီးပွားရေးဆိုင်ရာ ဆက်ဆံရေးများကြောင့်ပေါ်ပေါက်

---

၂၃ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ရက်စွဲဖြင့် ပြည်ထောင်စုအစိုးရက အမျိုးသားမြေအသုံးချမှုကောင်စီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး။

လာခြင်းဖြစ်သည်။ မူဝါဒများနှင့်စီမံကိန်းများ ရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ခြင်းတို့တွင် အဓိကပတ်သက် ဆက်နွှယ်သူများ (တောင်သူများ၊ စီးပွားရေး လုပ်ငန်းများ၊ အရပ် ဘက်လူမှုအသင်းအဖွဲ့များ)၏ ပူးပေါင်းပါဝင်မှုမရှိပါက ယင်းပတ်သက်ဆက်နွှယ်သူ တို့၏ စွမ်းအားနှင့် အရင်း အမြစ်များမှာ အသုံးမပြုရပဲ ကျန်ရှိနေမည်ဖြစ်ပြီး ထို့ထက် ပိုဆိုးပါက ယင်းတို့သည် စိတ်ဝင်စားမှု လျော့နည်းလာခြင်း၊ ဆန့်ကျင်ခြင်းတို့ပါ ဖြစ်လာနိုင်သည်။

၁၁၀။ မြေယာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းသည့်အပြင် စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝ ဖူလုံရေးသည် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS)၏ အခြေခံကျသော စီမံအုပ်ချုပ်ရေး ဝတ္တရား တစ်ရပ်ဖြစ်ပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) သည် စားနပ်ရိက္ခာရပိုင်ခွင့်ကို အသိအမှတ်ပြုသည်။ အားနည်း ချို့တဲ့သော အုပ်စုများ၏ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု အခြေအနေကို သက်သာကောင်းမွန်အောင် လုပ်ပေး မည့် ယုံကြည်စိတ်ချရသော အစီအစဉ်များ မရှိပါက စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) နှင့် ယင်း၏ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး လုပ်ဆောင်ချက်များသည်လည်း ယုံကြည်စရာ ကောင်းတော့မည်မဟုတ်ပေ။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏ အနာဂတ်လားရာမျှော်မှန်းချက်တွင် မြန်မာပြည်သူပြည် သားတို့၏ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးကို ရှင်းလင်းစွာ ဖော်ပြထားပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး မှုပန်းတိုင် (၁) နှင့် (၂) တို့တွင်လည်း ထိုအချက်ကို ကတိပြု ဖော်ပြထားသည်။ ယင်းသည် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာ ဗျူဟာ (ADS) ၏ အစိတ်အပိုင်းအသီးသီးက ဖြည့်ဆည်းပေးနေသော ရေရှည် ရည်ရွယ်ချက်ပင်ဖြစ်သည်။ သို့ သော် ရေတိုကာလတွင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏ အောင်မြင်မှု အတိုင်းအတာကို အား နည်းချို့တဲ့ဆုံးသော အုပ်စုများ၏ လက်ငင်းလိုအင်ကို ဖြည့်ဆည်းပေးနိုင်သည့် အစိုးရ၏ စွမ်းဆောင်ရည်ကိုတိုင်း တာပါမည်။ ဤစိစစ်ဆေးချက်ကို တုံ့ပြန်ရန် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)၏ စီမံအုပ်ချုပ်မှု အပိုင်းတွင် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာ အစီအစဉ်တစ်ခုကို ထည့်သွင်းထားသည်။ မဏ္ဍိုင်(၁) ၏ ထပ်ဆင့် ရလဒ်များနှင့် ဆက်စပ်လျက်ရှိသော ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်ချက်များကို အောက်ပါအတိုင်း အသေးစိတ် ဖော်ပြထားပါသည်။

### ၈.၃.၁။ ထပ်ဆင့်ရလဒ် ၁.၁ – စီမံကိန်းရေးဆွဲခြင်း

၁၁၁။ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်အတွက် အဓိက တာ ဝန်များဖြစ်သော စီမံကိန်းရေးဆွဲခြင်း၊ မူဝါဒ ပြန်လည်သုံးသပ်ခြင်းနှင့် ရေးဆွဲခြင်း၊ စောင့်ကြည့် ထိန်းကျောင်း စိစစ် သုံးသပ်ခြင်းတို့ကို ထိရောက်မှုရှိပြီး ပညာသားပါပါ ဆောင်ရွက်ရမည်။ လောလောဆယ်တွင် ဝန်ကြီးဌာန၌ ဤအချက်အချာကျသော လုပ်ငန်းတာဝန်များအတွက် အရင်းအမြစ် အနည်းငယ်ကိုသာ ခွဲဝေထားသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ကို အကောင်အထည်ဖော်သော ပထမ (၂)နှစ်တာကာလတွင် ဤနယ် ပယ်များ၌ စွမ်းဆောင်ရည် သိသာစွာ တိုးမြင့်လာစေရန် အတွက် အထူးသဖြင့် လုပ်ငန်းဌာနတွင် အဖွဲ့ အစည်းဆိုင်ရာ ပြန်လည်ဖွဲ့စည်းခြင်းနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောလျင်စွာ ဆောင် ရွက်ရန် လိုအပ်ပါမည်။

၁၁၂။ ပထမဦးစွာဆောင်ရွက်ရမည့် လုပ်ငန်းမှာ ဌာနအသီးသီးမှ လက်ရှိစီမံကိန်းတို့ကို အသင့်သုံး ပုံစံဇယား များ (templates) နှင့် ဆောင်ရွက်မည့်နည်းလမ်းများအား မျှဝေခြင်းဖြင့် ပေါင်းစည်း ရန်ဖြစ်သည်။ ဝန်ကြီးဌာန သည် ဆာဗာ (server) သို့မဟုတ် (cloudspace) တစ်ခုကို ထူထောင်ရန် လိုအပ်ပြီး ယင်းတွင် စီမံကိန်းရေး ဆွဲခြင်း ဆိုင်ရာ သတင်းတို့ကို မျှဝေခြင်းဖြင့် ဌာနဆိုင်ရာ စီမံကိန်းများအား ပေါင်းစည်းနိုင်မည်ဖြစ်ပြီး ပုံတူများ ထပ်မံရေးဆွဲမိခြင်းမှ ရှောင်ကြဉ်နိုင်မည်ဖြစ်သည်။ အားလုံးပူးပေါင်းပါဝင်နိုင်သော စီမံကိန်း ရေးဆွဲခြင်းအတွက် နည်းလမ်းတစ်ခုအား ရေးသားပြုစုရန် လိုအပ်ပြီး ၎င်းအားသက်ဆိုင်ရာ ဦးစီးဌာနများမှ လိုက်နာကျင့်သုံးရမည် ဖြစ်သည်။

၁၁၃။ ဆက်လက်ဆောင်ရွက်ရမည်မှာ ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းများနှင့် ပြည်ထောင်စုအဆင့် စီမံကိန်းတို့ကို ပေါင်းစည်းရန်ဖြစ်သည်။ လောလောဆယ်တွင် ထိုသို့ပေါင်းစည်းခြင်းမှာ အားနည်းသည်ဆောင်

ရှက်သောအခါတွင်လည်း အမျိုးသား စီမံကိန်းရေးဆွဲရေး ကော်မရှင်ကသာ ပြုလုပ်သည်။ ဌာနအသီးသီးမှ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဝန်ထမ်းများသည် ၎င်းတို့၏ တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းများနှင့် ပြည်ထောင်စုစီမံကိန်းများအား ဟန်ချက်ညီစွာ ထိန်းညှိဆောင်ရွက်နိုင်စွမ်း ရှိသင့်ပါသည်။ ထိုသို့ပြုလုပ်မည်ဆိုပါက အထက်ပါအတိုင်း အချက်အလက် မျှဝေနိုင်မည့် ဆာဗာတစ်ခု လိုအပ်မည်ဖြစ်ပြီး ပြည်နယ်၊ တိုင်းဒေသကြီး စီမံကိန်းများနှင့် ပြည်ထောင်စု စီမံကိန်းတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ အလျင်အမြန် နှိုင်းယှဉ်ချက်ရန်နှင့် ပေါင်းစည်းနိုင်ရန် တို့အတွက် အထောက်အကူဖြစ်စေသည်။

၁၁၄။ စီမံကိန်းများကို ပံ့ပိုးမှုပေးခြင်းနှင့် တညီတညွတ်တည်း ဖြစ်စေခြင်းသည် အရေးကြီးသော်လည်း ၎င်းတို့အား အကောင်အထည်ဖော်မှုကို ပုံမှန်စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း မပြုလုပ်ပါက ယင်းတို့၏ အသုံးဝင်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိပါမည်။ စီမံကိန်း ရေးဆွဲပြင်ဆင်ခြင်းတွင် အရေးကြီးသော အပိုင်းမှာ လျာထားချက်များ၊ အညွှန်းကိန်းများကို သတ်မှတ်ခြင်း ဖြစ်ပြီး စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်းတို့ကို ဌာနစိတ်များမှ ယင်းအညွှန်းကိန်းများကို စွဲကိုင်၍ နောက်ကြောင်းလိုက်ကာ တွေ့ရှိချက်များကို အချိန်မှန်မှန် အစီရင်ခံရမည်ဖြစ်သည်။

၁၁၅။ စီမံကိန်းရေးဆွဲခြင်းမှာ အစိုးရ၏ အခြေခံလုပ်ဆောင်မှုတစ်ခုဖြစ်သော်လည်း ထိရောက်စေရန်အတွက် ပတ်သက်ဆက်နွှယ်သူတို့က ပူးပေါင်းပါဝင်ရန် လိုအပ်သည်။ စိုက်ပျိုးစီးပွားရေးကဏ္ဍတွင် တောင်သူများနှင့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းများမှာ ပင်မပတ်သက်ဆက်နွှယ်သူများဖြစ်သည်။ လောလောဆယ်တွင် တောင်သူများနှင့် စိုက်ပျိုးရေး လုပ်ငန်းများ၏ အမြင်ကို စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားစေသည့် ဌာန ဆိုင်ရာ လုပ်ထုံးလုပ်နည်း မရှိသေးပေ။ အမျိုးသား စီမံကိန်းရေးဆွဲရေး ကော်မရှင်မှဝန်ကြီးဌာန အသီးသီး၏ စီမံကိန်းတို့ကို ပေါင်းစပ်ညှိနှိုင်းရန် ကြိုးစားလျက်ရှိသည်။ နောင်တွင် ပြည်ထောင်စုအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ် အဆင့်များ၌ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ စီမံကိန်းရေးဆွဲမှုများတွင် အဓိကပတ်သက်ဆက်နွှယ်နေသူများ ပါဝင်ဆောင်ရွက်မှုရှိစေရန် လယ်ယာကဏ္ဍဆိုင်ရာစီမံကိန်း ရေးဆွဲရေးကော်မရှင် (Agricultural Planning Commission – APC) တစ်ရပ် ဖွဲ့စည်းဆောင်ရွက်မည့် နည်းလမ်းအား ထည့်သွင်းစဉ်းစားလာနိုင်ပါသည်။ လယ်ယာကဏ္ဍဆိုင်ရာ စီမံကိန်းရေးဆွဲရေး ကော်မရှင်တွင် အစိုးရဌာန များ (စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၊ အခြားသက်ဆိုင်သော ပြည်ထောင်စု ဝန်ကြီးဌာနများ (ဥပမာ–သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ စိုက်ပျိုးရေး ဝန်ကြီးဌာနများ)၊ တောင်သူလယ်သမား အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍရှိအဖွဲ့အစည်းများ စသည်တို့မှ ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်ပြီး ပုံမှန်တွေ့ဆုံကာ (ခြောက်လပတ်) စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ကို ထိရောက်စွာ အကောင် အထည်ဖော်ရေးအတွက် လိုအပ်သော စီမံကိန်းများနှင့် မူဝါဒများတို့အား ပြန်လည်သုံးသပ် ခြင်းနှင့် ဆန်းစစ်လေ့လာခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

၁၁၆။ လောလောဆယ်တွင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ စီမံကိန်းများကို အစိုးရအရာရှိများနှင့် ကျွမ်းကျင်သူ ပညာရှင် အနည်းငယ်စုတို့ကသာ ကိုင်တွယ်ဆောင်ရွက်ကြသည်။ ထို့ကြောင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ADS ကို အကောင်အထည်ဖော်ချိန်တွင် ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းပါ ဝင်မှုရှိရန် စီမံကိန်းများကို အင်တာနက်မှတစ်ဆင့် လူတိုင်းထံသို့ ရောက်ရှိစေမည်။ စီမံကိန်းစာတမ်း တစ်စောင်စီကိုလည်း ကျေးရွာအုပ်စုတိုင်းသို့ ရောက်ရှိစေရန် ရည်ရွယ်သည်။

၁၁၇။ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနသည် သတင်းအချက်အလက် လက်လှမ်းမီမှုနှင့် ဌာနဆိုင်ရာ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းလုပ်ဆောင်မှုတို့ ပိုမိုမြင့်မားလာရေးစေရန် အီလက်ထရွန်းနစ် အစိုးရစနစ်သို့ (e-government system) ဦးတည်သွားမည်ဖြစ်သည်။

ဇယား ၆။ ထပ်ဆင့်ရလဒ် ၁.၁ - စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု ထပ်ဆင့်ရလဒ် - ၁.၁။ | ချက်ချင်းရလဒ်များ |
|---|---|
| ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်တို့တွင် လူထု ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအပေါ် အခြေခံသည့် ထိရောက်၍ ပေါင်းစည်းမှု ရှိသော စီမံကိန်း ရေးဆွဲခြင်း။ | ၁.၁.၁။ ရေရှည်စီမံကိန်းများနှင့် နှစ်စဉ်လုပ်ငန်းစီမံချက်များ ဘတ်ဂျက်များကို ပေါင်းစည်းစေရန်။<br>၁.၁.၂။ စီမံကိန်းရေးဆွဲရာတွင် ပူးပေါင်းပါဝင်သောနည်းလမ်းများ သုံးစွဲရန်။<br>၁.၁.၃။ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းများကို ပြည်ထောင်စု စီမံကိန်းနှင့် ပေါင်းစည်းစေရန်။<br>၁.၁.၄။ လယ်ယာကဏ္ဍဆိုင်ရာ စီမံကိန်းရေးဆွဲရေးကော်မရှင်ဖွဲ့စည်းရေး၊ လည်ပတ်စေရေးနှင့် ADS ပေါင်းစပ်ညှိနှိုင်းရေး ယန္တရားတည်ထောင် နိုင်ရေး လေ့လာရန်။<br>လုပ်ဆောင်မှုများ<br>• E-government စနစ်ကို အကောင်အထည်ဖော်ရန် နှင့် ပြည်နယ်/ တိုင်းဒေသကြီးများ၏ စီမံကိန်းများကို အင်တာနက်တွင် ဖော်ပြပေးရန်<br>• စီမံကိန်းအကောင်အထည်ဖော်ခြင်းကို ပုံမှန်စောင့်ကြည့်ရန်။<br><br>၁.၁.၅။ လယ်ယာကဏ္ဍဆိုင်ရာစီမံကိန်းရေးဆွဲရေးကော်မရှင် ဖွဲ့သင့်၊ မသင့် အကဲဖြတ်ရန်။<br>၁.၁.၆။ စီမံကိန်းများကို အင်တာနက်တွင် ဖော်ပြပေးရန် |

## ၈.၃.၂။ ထပ်ဆင့်ရလဒ် ၁.၂ – မူဝါဒ

၁၁၈။ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနသည် စီမံကိန်းဦးစီးဌာန (Department of Planning – DOP) တွင်လယ်ယာကဏ္ဍဆိုင်ရာမူဝါဒယူနစ် (Agriculture Policy Unit) ဌာနစိတ်တစ်ခုကို ထူထောင်ထားပြီးဖြစ်သည်။ အဆိုပါဌာနစိတ်အား ထပ်မံအားဖြည့်ပေးရန် လိုအပ်ပြီး စီမံကိန်းဦးစီးဌာန၏ ဌာနခွဲတစ်ခုအဖြစ်သို့ တိုးမြှင့်ပေးသွားမည် ဖြစ်သည်။ ဤဌာနခွဲ၏ အနာဂတ်လားရာမျှော်မှန်းချက်မှာ မူဝါဒအသစ်များ ရေးဆွဲခြင်း၊ လက်ရှိမူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊ အကောင်အထည်ဖော်မှုများကို အကဲဖြတ်ခြင်းတို့တွင် ထောက်ပံ့ရန် ဖြစ်သည်။ ဤဌာနခွဲသည် လက်ရှိမူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ဆဲ မူဝါဒများ၊ မူဝါဒ အသစ်များကို တစ်သားတည်း ဖြစ်စေမည်။ ဤသို့ထူထောင်ရန် မူဝါဒသုံးသပ်ရေးနှင့် ရေးဆွဲရေးဆိုင်ရာ ဝန်ထမ်းတို့ကို စွမ်းဆောင်ရည်ပိုင်း မြှင့်တင်ပေးရန် လိုအပ်မည်။ ကနဦးတွင် ဤဌာနခွဲသည် နည်းပညာအထောက်အကူကို အတော်အတန် လိုအပ်မည်။ ဤဌာနခွဲသည် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ဦးစားပေး လုပ်ဆောင်ရန် လိုအပ်မှုတို့ကို မူဝါဒအရ စစ်တမ်းကောက်ရန်လည်း တာဝန်ရှိမည်။ အရေးပါသော လုပ်ဆောင်မှုတစ်ရပ်မှာ သီးခြားလွတ်လပ်သော မူဝါဒပြန်လည်သုံးသပ်မှုတို့ကိုပြုလုပ်ကာ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်တွင် သတင်းအချက်အလက် ပေးသွင်းရန် ဖြစ်သည်။

ဇယား ၇။ ထပ်ဆင့်ရလဒ် ၁.၂။ မူဝါဒဆိုင်ရာ လုပ်ဆောင်ချက်များနှင့် ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု ထပ်ဆင့်ရလဒ် - ၁.၂။ | ချက်ချင်းရလဒ်များ |
|---|---|
| မူဝါဒရေးဆွဲနိုင်စွမ်း၊ သုံးသပ်နိုင်မှု စွမ်းရည်များ တိုးတက်ကောင်းမွန်ခြင်း။ | ၁.၂.၁။ လက်ရှိမူဝါဒများကို ပြန်လည်သုံးသပ်ရန်နှင့် မူဝါဒအသစ်များကို ရေးဆွဲရန်အတွက် မူဝါဒဌာနခွဲကို ထူထောင်ရန်။<br>၁.၂.၂။ မူဝါဒဆိုင်ရာ လေ့လာမှုများ ဆောင်ရွက်ရန်။<br>၁.၂.၃။ လွတ်လပ်သော မူဝါဒ ပြန်လည်သုံးသပ်မှုများကို ပုံမှန်ဆောင်ရွက်ရန်။<br>၁.၂.၄။ တည်ရှိပြီးဖြစ်သော မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိစေရန်။ |

### ၈.၃.၃။ ထပ်ဆင့်ရလဒ် ၁.၃ – စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း

၁၁၉။ လက်ရှိတွင် စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနသည် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှု (သို့မဟုတ်) စိုက်ပျိုးရေး ကဏ္ဍ၏ အကျိုးရလဒ်များကို စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း (Monitoring and Evaluation – M&E) ပြုလုပ်နိုင်ရန် စီမံကိန်းဦးစီးဌာန လက်အောက်၌ ဌာနစိတ်တစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အခြားသော ဦးစီးဌာနအသီးသီးတွင်လည်း အလားတူဌာနစိတ်များထူထောင် သင့်သည်။ စီမံကိန်း ဦးစီးဌာနနှင့် အခြားဌာနများ၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်များပါ စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း အကဲဖြတ်ခြင်းဌာနများကို ထူထောင်ကာ စိတ်ချယုံကြည်ရသောဝန်ထမ်းများကို တာဝန်ပေးထားရန် မရှိမဖြစ် လိုအပ်သည်။ စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် ဝက်ဘ် (Web) အခြေခံ သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်ကိုပါ ပူးတွဲ ထူထောင်သင့်သည်။

၁၂၀။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) အား စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်းတွင် အညွှန်းကိန်းများ၊ အခြေခံ/ကနဦး တိုင်းတာချက်များ၊ စိစစ်အတည်ပြုရန် နည်းလမ်းများနှင့် အစီရင်ခံစာရေး သားခြင်းများပါဝင်သည့် မူဘောင်တစ်ရပ် လိုအပ်သည်။ အစိုးရနှင့်တောင်သူများ၊ပုဂ္ဂလိက ကဏ္ဍနှင့်ဖွံ့ဖြိုးရေး မိတ်ဖက်များပါဝင်သော စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း စစ်တမ်းကောက် အဖွဲ့များကို အချိန်အပိုင်း အခြားနှင့် ပုံမှန် ဖွဲ့စည်းသင့်သည်။ အထူးသဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ အဓိက စီမံကိန်းများနှင့် စီမံချက်များ အကောင်အထည်ဖော်ခြင်းကို ပြန်လည် သုံးသပ်ရမည် ဖြစ်သည်။

ဇယား ၈။ ထပ်ဆင့်ရလဒ် ၁.၃ - စောင့်ကြည့်ထိန်းကျောင်း စိစစ် သုံးသပ်ခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု<br>ထပ်ဆင့်ရလဒ် - ၁.၃။ | ချက်ချင်းရလဒ်များ |
|---|---|
| ဝက်ဘ် အခြေခံသော သတင်း အချက်အလက် စီမံခန့်ခွဲမှု စနစ်အား တည်ဆောက်နိုင်မည့် အချိန်နှင့် တပြေးညီဖြစ်ပြီး ထိရောက်သော စောင့်ကြည့်ထိန်းကျောင်း စိစစ် သုံးသပ်ခြင်း လုပ်ငန်းစဉ်များ | ၁၃.၁။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ စောင့်ကြည့်ထိန်းကျောင်း စိစစ် သုံးသပ်ခြင်း ဌာနစိတ်များ၏ စွမ်းဆောင်ရည် အားကောင်းလာစေရန်။<br>၁၃.၂။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)အား စနစ်တကျ စောင့်ကြည့်ထိန်းကျောင်း စိစစ် သုံးသပ်ခြင်းပြုလုပ်နိုင်မည့် နည်းလမ်းနှင့် စနစ်တို့အား ထူထောင်ရန်။<br>၁၃.၃။ အစိုးရ၊ တောင်သူများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များ ပါဝင်သော ပူးတွဲစောင့်ကြည့်ထိန်းကျောင်း စိစစ် သုံးသပ်ခြင်းအား လုပ်ဆောင်သွားရန်။<br>၁၃.၄။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) စောင့်ကြည့် ထိန်းကျောင်း စိစစ် သုံးသပ်ခြင်း ဆိုင်ရာ အစီရင်ခံစာများကို စီမံကိန်း ဦးစီးဌာနမှ ရေးသားပြုစုရန်နှင့် အွန်လိုင်း (အင်တာနက်)တွင် လွှင့်တင်သွားရန်။ |

၁၂၁။ စီမံကိန်းရေးဆွဲရာမှာကဲ့သို့ပင်စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်းတို့တွင်လည်း ပွင့်လင်းမြင်သာ မှုနှင့် သတင်းအချက်အလက် လက်လှမ်းမီမှုရှိရန် လိုအပ်ပါသည်။ စီမံကိန်းဦးစီးဌာနသည် စောင့်ကြည့်ထိန်း ကျောင်း စိစစ်သုံးသပ်ခြင်းဆိုင်ရာ အစီရင်ခံစာများကို သတ်မှတ်ကာလအလိုက်နှင့် နှစ်စဉ်ရေးသား ပြုစုသွားရန် နှင့် ဝက်ဘ် (Web) အခြေခံသော သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုကာ အွန်လိုင်း (အင်တာ နက်ဝက်ဘ်ဆိုဒ်) တွင် ပုံမှန်ဖြည့်သွင်းသွားရပါမည်။

### ၈.၃.၄။ ထပ်ဆင့်ရလဒ် ၁.၄ – စာရင်းအင်းအချက်အလက်များ

၁၂၂။ ခိုင်မာသော စာရင်းအင်းစနစ်တစ်ရပ်ကို အခြေခံကာ သတင်းအချက်အလက်ပြည့်စုံသော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။ လက်ရှိစာရင်းအင်းများသည် သီးနှံထုတ်လုပ်ရေး အတွက်သာရှိပြီး၊ အဓိကကျ သောကိစ္စများဖြစ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ လယ်သမားများ မြေယာလက်ဝယ်ထားရှိ လုပ်ပိုင်ခွင့် (Land Holder Right) နှင့် လုပ်ပိုင်ခွင့် (Tenure) အခွင့်အရေး၊ ကုန်ထုတ်လုပ်မှုစရိတ်၊ ဈေးနှုန်းများ၊ တန်ဖိုးကွင်းဆက်အဆင့်အမျိုးမျိုး၏ အခွန်များ၊ ရိတ်သိမ်းချိန်လွန် အလေအလွင့်များ၊ယဉ်ကျေးမှု အလေ့အထများ၊ တိရစ္ဆာန်မွေးမြူရေး နည်းစနစ်များ၊ ရေအသုံးချမှုနှင့် တောင်သူလယ်သမား အဖွဲ့အစည်းများ စသည်တို့တွင်အလေးထားမှု အနည်းငယ်သာရှိသည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနတွင် တိုးတက်ကောင်းမွန်သော စာရင်းအင်းစနစ်ရှိရန်အတွက် အချက်အလက်များကို တိုး၍ကောက်ယူရန် သာမက ကောက်ယူသည့်စနစ်ကိုလည်း ပိုမိုတိုးတက်လာစေရန် သတင်းအချက်အလက်များ၊ ဆက်သွယ်ရေးနှင့် နည်းပညာ (ICT)တို့အပေါ် အခြေခံသော ခေတ်မီပြီး ထိရောက်သည့် နည်းပညာများ (ဥပမာ – ဂြိုလ်တုပုံရိပ်)ကို အသုံးပြုရန် လိုအပ်သည်။ စိုက်ပျိုးရေးသန်းခေါင်စာရင်းအသစ် ကောက်ယူသင့်ပြီး ထိုသို့ကောက်ယူရာတွင် သီးနှံများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့ ပါဝင်စေရန်နှင့် မြေအသုံးချမှုနှင့် မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့် စသည်တို့၏ အသေးစိတ်သတင်းအချက်အလက်များပါ ကောက်ယူရန် လိုအပ်ပါသည်။ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန၏ စာရင်းအင်းဌာနခွဲသည် မူဝါဒအသစ်များ ရေးဆွဲခြင်းနှင့် စပ်လျဉ်းသော အခြေအနေများကို ဆန်းစစ်ရန် အချိန် အပိုင်းခြားအလိုက် ပုံမှန်စစ်တမ်းကောက်ရန် တာဝန် ယူဆောင်ရွက်သင့်သည်။

ဇယား ၉။ ထပ်ဆင့်ရလဒ် ၁.၄ - စာရင်းအင်းအချက်အလက်များဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင်၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု ထပ်ဆင့်ရလဒ် - ၁.၄။ | ချက်ချင်းရလဒ်များ |
|---|---|
| အထောက်အထား အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းအတွက် ခိုင်မာသော စာရင်းအင်းအချက်အလက် စနစ်များ။ | ၁၊၄၊၁။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း သန်းခေါင်စာရင်း ကောက်ယူခြင်း။<br>၁၊၄၊၂။ သတင်းအချက်အလက်များ၊ ဆက်သွယ်ရေးနှင့် နည်းပညာ (ICT) နှင့် ဂြိုဟ်တုပုံရိပ်ကို အသုံးပြုသည့် စိုက်ပျိုးရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ကောက်ယူမှုစနစ်။<br>၁၊၄၊၃။ မူဝါဒဌာနခွဲမှ ဖော်ထုတ်တွေ့ရှိသော အဓိကကိစ္စရပ်များကို နှစ်စဉ်စစ်တမ်းကောက်ယူမှုများ ဆောင်ရွက်သွားရန်။ |

### ၈.၃.၅။ ချက်ချင်းရလဒ် ၁.၅ – အသင်းအဖွဲ့များနှင့်အုပ်စုများ

၁၂၃။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အတွက်တောင်သူများ၊ စိုက်ပျိုးစားသောက်ကုန် လုပ်ငန်းများမှ ကိုယ်စားလှယ်များနှင့် ခိုင်မာစွာ မိတ်ဖက်ပြုရန် လိုအပ်သည်။ အစိုးရ၊ တောင်သူ၊ ပုဂ္ဂလိက ကဏ္ဍတို့သည် ကဏ္ဍနှင့် ကဏ္ဍခွဲများအလိုက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲခြင်း၊ စိုက်ပျိုးစက်မှုလုပ်ငန်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်းနှင့် စောင့်ကြည့် ထိန်းကျောင်းစိစစ်သုံးသပ်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

၁၂၄။ လက်ရှိတွင် လုပ်ကွက်ငယ်တောင်သူများနှင့် ပုဂ္ဂလိက ကဏ္ဍတို့အကြား အင်အားဟန်ချက် မကိုက်ညီပေ။ ပုဂ္ဂလိကကဏ္ဍမှာ အတန်အသင့် ဖွံ့ဖြိုးနေပြီဖြစ်ပြီး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် အခြားသော အသင်းအဖွဲ့များ/အဖွဲ့ချုပ်များ (ဥပမာ – အမျိုးသားအဆင့် ဆန်စပါး၊ ပဲ၊ နှမ်းကုန်သည်များ ရာဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကြံနှင့်သကြား ထုတ်လုပ်သူများနှင့် ကုန်သည်များအသင်း စသည်တို့) မှတစ်ဆင့် ၎င်းတို့၏ အာဘော်များကို ဖော်ထုတ်ခွင့် ရရှိနေပါသည်။ တောင်သူလယ်သမားများ၏ အဖွဲ့အစည်းများမှာမူ အခြေတည်စ အဆင့်တွင်သာရှိပြီး ဒေသအဆင့်မှ အမျိုးသား အဆင့်ထိ တက်လှမ်းနိုင်မည့် ဖွဲ့စည်းပုံလည်း မရှိသေးပေ။ ဤသို့သော ဖွဲ့စည်းပုံ တစ်ရပ်မှာ အောက်မှ အထက်

သို့သာ ပေါ်ထွက်လာရန်သင့်ပြီး အထက်မှ ချပေးခြင်း မဖြစ်သင့်ပေ။ ထိုသို့ ဖွဲ့စည်းနိုင်ရန် စိုက်ပျိုးရေး ဖွံ့ဖြိုးမှု တိုးတက်မှုမဟာဗျူဟာ (ADS) သည် တောင်သူလယ်သမား အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းထူထောင်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် ထောက်ပံ့သွားမည်ဖြစ်သည်။

၁၂၅။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနအောက်တွင် တောင်သူလယ်သမားရေးရာ အသင်းအဖွဲ့များကို နည်းဥပဒေအရ ထားရှိခွင့်ရလာလျှင် တောင်သူလယ်သမားအဖွဲ့အစည်းများရေးရာယူနစ် တစ်ခုကို (Farmer Organizations Affairs Unit –FOAU) သမဝါယမဦးစီးဌာနအောက်တွင် ယာယီဖွဲ့စည်းသင့်ပြီး တောင်သူလယ်သမား အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် မှတ်ပုံတင်ခြင်းကို ပံ့ပိုးပေးသင့်ပါသည်။ ဤတောင်သူလယ်သမား အဖွဲ့အစည်းများအားမှတ်ပုံတင်ခွင့်ပြုခြင်းဖြင့် စိုက်၊ မွေး ဆည်ဝန်ကြီး ဌာန အောက်ရှိအခြားသော ဌာနများ (ဥပမာ – စိုက်ပျိုးရေး တိုးချဲ့ပညာပေးဌာနခွဲ သို့မဟုတ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန)နှင့် ပိုမိုနီးကပ်စွာ ညှိနှိုင်းဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ တောင်သူလယ်သမား အဖွဲ့အစည်းများ ရေးရာယူနစ် (FOAU)သည် အစိုးရနှင့် တောင်သူလယ်သမား အဖွဲ့အစည်းများနှင့် စက်မှုလုပ်ငန်း အဖွဲ့အစည်းတို့၏ ပုံမှန်အစည်းဝေးပွဲများကို ကျင်းပပြုလုပ်သွားရန် ဦးစီး၍ပြုလုပ်ပေးရမည် ဖြစ်သည်။ စိုက်ပျိုးစီးပွားရေးနှင့် ဈေးကွက်သတင်းဦးစီးဌာန ဖွဲ့စည်းခွင့်ရလျှင် အထက်ပါလုပ်ငန်းရပ်များကို သမဝါယမဦးစီးဌာနမှ လွှဲပြောင်းတာဝန်ပေးအပ်နိုင်မည် ဖြစ်ပါသည်။ ဦးစား ပေး တန်ဖိုးကွင်းဆက်များနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော တန်ဖိုးကွင်းဆက်များ အလိုက် တန်ဖိုး ကွင်းဆက်ဆိုင်ရာ ပတ်သက်ဆက်နွယ်နေသူများနှင့် အစည်းအဝေးများ ပြုလုပ်သွားမည်ဖြစ်သည်။ ကဏ္ဍ အားလုံးနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့် တို့တွင် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

၁၂၆။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် တောင်သူလယ်သမား အဖွဲ့အစည်းများအား မြှင့်တင်သွားမည်ဖြစ်ပြီး လယ်သမားတစ်ဦးချင်း၏ ဈေးကွက်ရှာဖွေရေးအား ပံ့ပိုးပေးရာတွင် ရှိနေသောအားသာ ချက်နှင့် စိုက်ပျိုးရေး ထွက်ကုန်များအား ပထမအဆင့် ကြိတ်ခွဲပြင်ဆင်ရန်တွက် အခွင့်အလမ်းများ အပေါ်တွင် အားထားလုပ်ဆောင် သွားမည်။

ဇယား ၁၀။ ထပ်ဆင့်ရလဒ် ၁.၅ - အသင်းအဖွဲ့များနှင့်အုပ်စုများဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင်၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု ထပ်ဆင့်ရလဒ် - ၁.၅။ | ချက်ချင်းရလဒ်များ |
|---|---|
| နိုင်မာသော တောင်သူနှင့် စက်မှုလုပ်ငန်း ဆိုင်ရာ အသင်းအဖွဲ့များနှင့် အဖွဲ့ချုပ်များ။ | ၁၅၊၁။ တောင်သူလယ်သမား အသင်းအဖွဲ့များနှင့် ၎င်းတို့၏ အဖွဲ့ချုပ်များ ဖွဲ့စည်းတည်ထောင်ခြင်းအား အားပေးမြှင့်တင်ခြင်း။<br>၁၅၊၂။ ဈေးကွက်ရှာဖွေရေးနှင့် အရင်းအမြစ်များ အသုံးပြုရေးတွင် တောင်သူတို့၏ စွမ်းဆောင်ရည်အား မြှင့်တင်ပေးခြင်း နှင့် အစိုးရ၏မူဝါဒနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များတွင် ကိုယ်စားလှယ်အဖြစ် ပါဝင် စေနိုင်ခြင်း။<br>၁၅၊၃။ တောင်သူလယ်သမား အဖွဲ့အစည်းများအား ထိရောက်စွာ စီမံခန့်ခွဲ နိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့် သင်တန်းများပို့ချခြင်း။<br>၁၅၊၄။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အသီးသီးတွင် စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနနှင့် တောင်သူ လယ်သမား အဖွဲ့အစည်းများ နှစ်ပတ်လည်အစည်းဝေးပွဲများ ကျင်းပပြုလုပ်ခြင်း။<br>၁၅၊၅။ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနနှင့် စက်မှုလုပ်ငန်း အသင်းအဖွဲ့များ နှစ်ပတ်လည် အစည်းအဝေးပွဲများ ကျင်းပပြုလုပ်ခြင်း။<br>၁၅၊၆။ သမဝါယမအသင်းအဖွဲ့အဖြစ် ဖွဲ့စည်းထားခြင်း မရှိသော တောင်သူလယ်သမား အဖွဲ့အစည်းများ အား မှတ်ပုံတင်ရန် အတွက် သမဝါယမ ဦးစီးဌာနလက်အောက်တွင် ဌာနခွဲတစ်ခု ဖွင့်လှစ်ခြင်း။ |

## ၈.၃.၆။ ထပ်ဆင့်ရလဒ် ၁.၆ – မြေယာအခွင့်အရေးများ

၁၂၇။ မြေယာဆိုင်ရာကိစ္စရပ်များကို နှစ်လတ်ကာလအတွင်း (၅နှစ်) သင့်လျော်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် ချမှတ်ထားခြင်းသည် ဤလုပ်ဆောင်ချက်မှုများ၏ အဓိကရည်မှန်းချက်ဖြစ်သည်။ လွန်ခဲ့သောငါးနှစ်အတွင်း စိုက်ပျိုးမြေအပါအဝင် မြေယာကိစ္စနှင့်သက်ဆိုင်သော ဥပဒေများ၊ မူဝါဒများ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ လုပ်ဆောင်မှုများ ဖြစ်ပေါ်ခဲ့သည်။ မြေယာလုပ်ပိုင်ခွင့် အာမခံခြင်း၊မြေအမျိုးအစား သတ်မှတ်ခြင်း၊ မြေယာလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊ မြေယာသိမ်းဆည်းမှု အမြောက်အမြားကို ကိုင်တွယ်ခြင်း၊ မြေယာမဲ့တို့ကို မြေချပေးခြင်းနှင့် မြေပြန်လည် ခွဲဝေချထားခြင်း များ စသည့်ကိစ္စတို့သည် မည်သည့်နေရာဒေသတွင်မဆို ရှုပ်ထွေးသောလုပ်ငန်းများဖြစ်သည်။ မြေယာစီမံခန့်ခွဲမှုနှင့် တရားဥပဒေစိုးမိုးမှုတို့သည် လွန်ခဲ့သော နှစ်၅၀–အတွင်း ဆိုးရွားစွာ ကြုံခဲ့ပါသည်။ အစိုးရ ကိုယ်တိုင်ပင်လျှင် ဤဆိုးမွေကို ပြင်ဆင်နိုင်မည့် ထိရောက်သော အားထုတ်မှုများကို စတင်သည်မှာ မကြာသေးပေ။ များပြားရှုပ်ထွေးလှသော မြေယာကိစ္စရပ်များကို ဖြေရှင်းရန် ဆယ်စုနှစ်ပေါင်း များစွာ လိုအပ်သည်ဟုပြောသော်လည်း နှစ်များပေါင်းများစွာ ကြာမြင့် နိုင်ပါသည်။ လျှင်မြန်ပြီး ရေရှည်တည်တံ့သော စိန်ခေါ်မှု အားလုံးကို ADS အကောင်အထည်ဖော်သည့် အချိန်ကာလအတွင်း ဖြေရှင်းနိုင်မည် မဟုတ်သော်လည်း ရှင်းလင်းပြတ်သားသော လမ်းညွှန်ချက်နှင့် ပြဿနာဖြေရှင်းလိုစိတ်ကို ပြသရန်ဖြစ်နိုင်သည်။ ဖြစ်သင့်သော အချိန်အတိုင်းအတာအတွင်း၌ အချို့ရလဒ်များကို ရရှိမှသာ တိုးတက်မှုရှိနေပြီဖြစ်ကြောင်း လုပ်ကွက်ငယ်တောင်သူများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် လူမှုရေး အဖွဲ့အစည်းတို့က ယုံကြည်ကြပေမည်။ အစိုးရနှင့် မြန်မာပြည်သူတို့၏ မြေစီမံခန့်ခွဲမှုဆိုင်ရာ လူမှုရေး ပဋိညာဉ်တစ်ခု သည် ခေတ်သစ်မြန်မာနိုင်ငံနှင့် ADS အကောင်အထည်ဖော်သည့် အချိန်ကာလအတွင်းတွင် မရှိမဖြစ် လိုအပ်နေသည်။

၁၂၈။ တောင်သူတို့ မြေယာလုပ်ပိုင်ခွင့်ခိုင်မာရန်၊ စိုက်ပျိုးမြေနှင့် ပတ်သက်နေသော ဌာနဆိုင်ရာတို့၏ စွမ်းဆောင်ရည်တိုးမြင့်လာရန်အတွက် အောက်ပါတို့အပါအဝင် လုပ်ဆောင်မှုအချို့တို့ထမြောက်ရန် လိုအပ်သည် –

(က) အမျိုးသားမြေအသုံးချမှုကောင်စီ သို့မဟုတ် အလားတူအဖွဲ့ကို ဖွဲ့စည်း၍ ဘက်မလိုက်သော ဦးဆောင်မှုအောက်တွင် ကဏ္ဍအချင်းချင်း ဆက်သွယ်မည့် အဖွဲ့အစည်းတစ်ရပ်အဖြစ်ဖြင့် မြေယာပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန်ဖြစ်သည်။ ကဏ္ဍအလိုက် အားပြိုင်မှုများမှနေ၍ မြေယာအခြေပြုဆုံးဖြတ်ချက်ချမှတ်မှုတို့ကို တားဆီးနိုင်ရန်နှင့် လျော့ပါးစေရန် ဤကဏ္ဍအချင်းချင်း ဆက်သွယ်မည့်အဖွဲ့အစည်းတစ်ခုမှ ဆောင် ရွက်ရန်လိုအပ်ပါသည်။

(ခ) အမျိုးသားမြေအသုံးချမှု မူဝါဒပါလမ်းညွှန်မှုများကို အခြေခံကာ၊ အားလုံးပါဝင်စေသော၊ ပတ်သက်ဆက်နွယ်သူအများပါဝင်ပြီး လူထုတိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်ကို အသုံးပြု လျက် မြေယာကဏ္ဍဆိုင်ရာ လွှမ်းခြုံ ဥပဒေနှင့် သီးခြားဥပဒေများကို ရေးဆွဲရန်ဖြစ်သည်။ ဤအဖွဲ့ အစည်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့်ဘက်စုံပြီးပြည့်စုံသော မြေပြုပြင်ပြောင်းလဲမှု လုပ်ငန်း စဉ်တို့သည် တည်ငြိမ်ပြီး လူမှုရေးအရ လက်ခံဖွယ်ရှိသည့် အကောင်းဆုံးသော အာမခံချက်ပင်ဖြစ်သည်။

(ဂ) လုပ်ကွက်ငယ်တောင်သူတို့ လက်ဝယ်တွင်ရှိနေသော မြေတို့ကို အမည်ပေါက် မြေချထားပေးမှုဖြင့်မလိုအပ်သောကန့်သတ်ချက်များ ကိုဖယ်ရှားပေးရန်၊ ယင်းကို အောက်ပါအတိုင်း ဆောင်ရွက်ပါကဖြစ်မြောက်နိုင်သည်။

(၁) မြေအသုံးချမှု သတ်မှတ်သည့် စနစ်ကို လွယ်ကူအောင်ပြုလုပ်ကာ မြေအမျိုးအစား သတ်မှတ်ချက်ကို တိုးချဲ့ပြီး မြေယာလုပ်ပိုင်ခွင့်ကို အာမခံခြင်း (လယ်ယာမြေဥပဒေတွင် စိုက်ပျိုးမြေများကို ကျဉ်းမြောင်းစွာ အဓိပ္ပာယ် သတ်မှတ်ထားရာမှ ငါးမွေးမြူ ရေး၊ တိရစ္ဆာန် စားကျက်မြေနှင့် စက်မှုကုန်ကြမ်းသီးနှံများ အပါအဝင် မည်သည့်စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများအတွက်မဆို အသုံးပြုနိုင်မည့် စိုက်ပျိုးသော မြေများအထိ တိုးချဲ့ အကျုံးဝင်စေခြင်း၊ မြေအမျိုးအစားကိုလည်း စိုက်ပျိုးမြေ၊ သစ်တော မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း (VFV Land) နှင့် အခြား

မြေဟူ၍ အမျိုးအစား အုပ်စု လေးမျိုးကျယ်ပြန့်စွာ သတ်မှတ်ခြင်း)။

(၂) ကျေးလက်ဒေသအတွင်း မြေအမျိုးအစား ခွဲခြားခြင်းကိုတတ်နိုင်သမျှ ရိုးရှင်းလွယ်ကူစေရန် လိုအပ် သည်။ စိုက်ပျိုးမြေ၊ သစ်တောမြေ၊ မြေလွတ် မြေရိုင်းနှင့် အခြားမြေဟူ၍ မြေအမျိုးအစား အုပ်စုကြီးလေးခုသာ သတ်မှတ်ထားသင့်သည်။ မြေအမျိုး အစားအလိုက် မြေအသုံးချခွင့် ပြောင်းလဲလျှောက်ထားမှု ဆိုင်ရာဖြေလျှော့ရေး ကိစ္စရပ် များကို လတ်တလောတွင် လွှတ်တော်၌ ဆွေးနွေးသုံးသပ်နေကြသည်ဟု သိရှိရသည်။

(၃) တောင်သူများအတွက် သီးနှံများစိတ်ကြိုက် စိုက်ပျိုးခွင့်ရရှိနိုင်မည့် ဝန်းကျင်တစ်ခုဖန် တီးပေး ခြင်းဖြင့် ၎င်းတို့အနေဖြင့်ဈေးကွက်ပြောင်းလဲမှုများနှင့် အမျိုးမျိုးသော ထိတ်လန့်မှုများအား တုန့်ပြန်နိုင်မည်ဖြစ်ပြီး ယင်း အား ဆန်စပါးအပါအဝင် မည်သည့်သီးနှံကို စိုက်ပျိုးသည် ဖြစ်စေ မြေယာလုပ်ပိုင်ခွင့်ကို ရရှိစေခြင်းဖြင့် ထမြောက်အောင် လုပ်နိုင်သည်။ ဤကိစ္စ သည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) မှ ရာသီအလိုက် ငွေချေးခြင်းကို သက် ရောက်မှု ရှိလာနိုင်သည်။ တောင်သူတို့သည့် မိမိတို့မြေယာအား မည်သည့် စိုက်ပျိုးရေး လုပ်ငန်းအတွက်မဆို စိတ်ကြိုက်သုံးစွဲနိုင်ပါက ယင်းရာသီအလိုက်ချေးငွေကို (စပါးအပြင်) အခြားသီးနှံများစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့အတွက်လည်းသုံးနိုင်မည်ဖြစ်သည်။

(ဃ) လုပ်ကွက်ငယ်တောင်သူများကို လယ်ယာမြေလုပ်ပိုင်ခွင့်ကို မှတ်ပုံတင်ပြီးနောက် ၎င်းတို့၏ စိုက်ပျိုးမြေ အား လက်ရှိထားပိုင်ခွင့်နှင့် အသုံးချပိုင်ခွင့် ရှိစေရန် အာမခံချက်ပေးခြင်း၊ ယင်းကို ပြန်လည်ပြင် ဆင်ရေးသားမည့် အမျိုးသားမြေယာဥပဒေတွင် ထည့်သွင်းရေးဆွဲမည့် အောက်ပါအရေးယူ ဆောင်ရွက် မှုများဖြင့် ထမြောက်အောင် ဆောင်ရွက်နိုင်ပါသည်။

(၁) မြေယာအသုံးပြုခွင့်ဆိုင်ရာ ကန့်သတ်ချက်တစ်ခုကို လုပ်ကွက်ငယ်တောင်သူများအတွက် ဖြေ လျှော့ပေးခြင်း (ဥပမာ – တာဝန်ကျေစပါး စိုက်ပျိုးရခြင်း၊ မြေကို ပလပ်မထားဘဲ အဆက် မပြတ် စိုက် ပျိုးရခြင်း၊ လယ်ယာ စီးပွားရေးလုပ်ငန်းရှင် များနှင့် နှိုင်းယှဉ်ပါက ချထားပေးသော မြေသစ်ကို မြေရိုင်းဖော်စိုက်ပျိုးရာတွင် အချိန်အနည်းငယ်သာ ဆိုင်းထားပြီး စိုက်ပျိုးရခြင်း စသောကန့်သတ်ချက်များ)

(၂) အချို့ကန့်သတ်ချက်များဆက်လက်ရှိနေဦးမည်ဆိုပါက မြေအသုံးချပုံ ပြောင်းလဲ ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို လွယ်ကူစေခြင်း၊ ဗဟိုချုပ်ကိုင်မှုစနစ်ကိုဖယ်ရှား ပေးခြင်း။ (ဥပမာ – မြေယာလုပ်ပိုင်ခွင့်ချ ထားခြင်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဆင့်တွင် ပြီးစီး စေခြင်း)

(၃) မြေအသုံးချပုံနှင့် ပတ်သက်သော ကန့်သတ်ချက်များကို မလိုက်နာပါက မြေဆုံးရှုံးမှု၊ ရာဇဝတ် ကြောင်းဖြင့် စွဲဆိုမှုဟူသော အလွန်အကျူး အရေးယူမှုကို ပြန်လည် စဉ်းစားခြင်း။ (ဥပမာ– လူမှုရေးဆိုင်ရာ တရားမျှတမှုရှိစေရေးနှင့် သတ်မှတ် စည်းကမ်းချက်များနှင့်အညီ စီရင်ဆုံးဖြတ် ချက်တို့ကို ဟန်ချက်ညီစေခြင်း)

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေ သက်ရောက်စေခြင်းကို ဦးစားပေး သတ်မှတ်ရန်။ ယင်းကိစ္စအတွက် အောက်ပါလုပ်ဆောင်မှုများ လိုအပ်သည် –

(၁) စိုက်ပျိုးရေးအတွက် ချပေးထားသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းတို့ကို သတ်မှတ် ဧကကျော်လျှင် (၅၀ ဧက ထက်ပိုလျှင်)ပုံမှတ်ပုံအမျိုးအစားအရေအတွက်၊ အချက်အလက်အပြည့်အစုံဖြင့် မှတ် တမ်းတင် စာရင်းသွင်းထားရန်။

(၂) ဤမြေလွတ်၊ မြေလပ်၊ မြေရိုင်းတို့ကို လက်ရှိအသုံးပြုထားပုံအား ဂြိုဟ်တုပုံရိပ် နည်းပညာဖြင့် မြေပြင် ကွင်းဆင်းစစ်ဆေးခြင်းဖြင့် မှတ်တမ်းတင်စာရင်းသွင်း စာရင်းစစ်ရန်။

(၃) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လျှောက်ထားရယူသူသည် မြေအသုံးချမှု ဖွံ့ဖြိုးရေးအတွက် ချုပ် ဆိုထားသော စာချုပ်ပါ သဘောတူညီချက်များကို လိုက်နာခြင်းမရှိပါက ဖော်ပြပါ အကျိုး သက်ရောက်မှုများ ဖြေရှင်းဆောင်ရွက်ရန် ဖြစ်ပေါ်လာနိုင်သည် – (က) ရိုးရာဓလေ့အရ လုပ်ကိုင်နေသူများ၏ မြေယာအချို့ကို မြေယာချ ထားရာတွင် ပါဝင်သွားလျှင် ၄င်းမြေတို့ကို အမှန်တကယ်အသုံးမပြုပါက မူလပိုင် ခွင့်ရှိသူများဖြစ်သော ရိုးရာဓလေ့နှင့်အညီ လုပ်ကိုင် လျက်ရှိသော တောင်သူများကို ပြန်ပေးစေခြင်း။ (ခ) လုပ်ကွက် ငယ်တောင်သူများနှင့် မြေယာ မဲ့တောင်သူများထံသို့ မြေယာများ ထိရောက်စွာ ခွဲဝေချထား ပေးခြင်းနှင့် (ဂ) လူမှုရေး ဘုံမြေ အဖြစ် လုပ်ပိုင်ခွင့်များပေးခြင်း တို့ဖြစ်နိုင်သည်။)

(၄) ကျယ်ဝန်းသောမြေလွတ်မြေရိုင်းများကို လုပ်ငန်းရှင်များအား ချထားရာ၌ ကြိတ်ခွဲပြုပြင်မှု လယ် ယာအခြေခံ စက်ရုံများ တစ်ပါတည်း တည်ထောင်ထားရှိမှုအခြေအနေ၊ စက်ရုံအနီးဝန်းကျင်၌ လုပ်ကွက်ငယ် တောင်သူများအစုအဖွဲ့ကိုပါ မြေယာချ ထားမှုအခြေအနေ တွင်ပါဝင်မှုရှိမရှိ အပေါ် မူတည်၍ ရင်းနှီးမြှုပ်နှံသူများအား မြေယာ အကျယ်အဝန်း သတ်မှတ်ပေးသင့်သည်။ ဤသို့ဖြင့် လုပ်ကွက်ငယ် တောင်သူများ ပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်နိုင်မည်ဖြစ်သည်။

(စ) လက်မှတ်ထုတ်ပေးပြီး မြေယာပိုင်ဆိုင်မှုများ၏ လက်ရှိအချက်အလက်များကို ထည့်သွင်းရန်၊ မြေယာ လုပ်ပိုင်ခွင့် အာမခံခြင်းကိုအကြောင်းကြောင်းကြောင့် (အခြေခံမြေပုံ မရှိခြင်း၊ မြေလုပ်ပိုင်ခွင့် ချမှတ်ပေးရန် အရည်အချင်းမမှီခြင်း၊ ဝန်ဆောင်မှု မရှိခြင်းကြောင့်) မပါ ဝင်သေးသောနယ်မြေများသို့ တိုးချဲ့ခြင်း။ ခေတ်မီနည်း ပညာကိုအမှီပြုကာ ကြေးတိုင်သတင်း အချက်အလက် စီမံခန့်ခွဲခြင်းစနစ်ကို တည်ဆောက် ရန်နှင့် ကွက်စိပ်မြေပုံ စက္ကူအခြေပြု ကြေးတိုင် သတင်းအချက်အလက် စနစ်ကို ဒီဂျစ်တယ်စနစ်သို့ ဖြည်းဖြည်းချင်းပြောင်း လဲရန်၊ မြေယာစီမံခန့်ခွဲသူများကို နည်းပညာအသစ်များနှင့် အခြေခံမှုများကို အသုံးပြုနိုင်ရန် သင်တန်းပေးခြင်း (အထွေထွေနယ်နိမိတ်မှုကို သုံးစွဲခြင်းကဲ့သို့)။

(ဆ) မြေနှင့်သက်ဆိုင်သော ပဋိပက္ခများကို ကိုင်တွယ်ရာတွင် နည်းအမျိုးမျိုးကို မည်သို့အသုံး ပြုနိုင်သည်ကို ဖော်ပြမည့် ရှင်းလင်းတိကျသော ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင် တစ်ခုကို ရေးဆွဲရန်နှင့် ပြည့်စုံသော စနစ်တစ်ခုအဖြစ် ပေါင်းစည်းရန်။ အမျိုးသားမြေ အသုံးချမှုဝါဒ (NLUP)တွင် အောက် ပါနည်းများကို ဖော်ထုတ်ထားသည် – (၁) ဒေသအဆင့်တွင် တောင်သူအသင်းအဖွဲ့များ ပူးပေါင်း ပါဝင်မှုရှိသည့် အခြားသော နည်းလမ်းဖြင့် အငြင်းပွားမှု ဖြေရှင်းခြင်း (၂) အထူးတရားရုံးများ (၃) လွတ်လပ်သည့် အနညာတ ခုံသမာဓိနည်း (၄) ပုံမှန်တရားရုံးများနှင့် (၅) စီမံခန့်ခွဲရေးဖြင့် ဆုံးဖြတ် ခြင်းတို့ ဖြစ်သည်။ အဆိုပါနည်းတစ်ခုချင်းစီအတွက် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများ ရေးဆွဲ ပြုစုရန် လိုအပ်မည်။

(ဇ) မြေယာအခြေစိုက် ကန်ထရိုက်စိုက်ပျိုးသူ၊ သီးစားခံယူသူ၊ ထွက်ကုန်ပေါ်ပါက အကျိုးတူမျှဝေ စိုက် ပျိုးသူတို့အတွက်လည်း မြေယာလုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ ခိုင်မာမှုရှိသော မြေယာစီမံခန့်ခွဲမှု နည်း လမ်းများ ချမှတ်ပေးရန်လိုအပ်သည်။

(ဈ) ရိုးရာဓလေ့အရ မြေယာအသုံးပြုခွင့်များကို အသိအမှတ်ပြုရန်၊ မှတ်တမ်းတင်ရန်၊ မှတ်ပုံတင်ရန်နှင့် နယ်နိမိတ်ပိုင်းခြား၍ကာကွယ်ရန်။ (ယင်းသည်လယ်စပါးမစိုက်သော တောင်ပေါ်ဒေသများအပါအဝင် နိုင်ငံ၏ နေရာအများအပြားရှိ လူပုဂ္ဂိုလ် တစ်ဦးချင်း၊ အိမ်ထောင်စု၊ ရပ်ရွာများ၏အသက်မွေးမှုကို ကာကွယ်ရန် အချက်အခြာကျသည်။ ယင်းဒေသတို့တွင် အမျိုးမျိုးသော သီးနှံသစ်တော ရောနှောစိုက် ပျိုးရေးစနစ်များကို ဒေသဆိုင်ရာစံများ၊ ထုံးစံများဖြင့် စီမံခန့်ခွဲကာ တည်ထောင်ထားကြသည်။ ယင်း မြေများသည် ယခုအခါ တရားဝင် မြေယာသိမ်းဆည်းမှုဒဏ်ကို အထူးပင် မလွတ်ကင်းနိုင်ကြပေ။ အထူးသဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေနှင့် မြေယာသိမ်းဆည်းရေး ဥပဒေအရ ဖြစ်သည်။ ဤရိုးရာဓလေ့ အရ မြေလုပ်ပိုင်ခွင့်ကို အသိ အမှတ်ပြုခြင်းသည် မြန်မာ့ကျေးလက်နေ လူထုအများအပြား

၏ အသက်မွေးမှုအတွက် အဓိကကျရုံမျှသာမက အမျိုးသား ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်အတွက်လည်း အလွန်အရေးပါသည်။

(ည) မြေယာစီမံခန့်ခွဲရေး ဝန်ဆောင်မှုများ၊ အထောက်အပံ့အဖွဲ့အစည်းများကို ပိုမိုအားကောင်း စေရန် ကွင်းမြေပုံ တွင်ပါရှိသော သတင်းအချက်အလက်များကို ဖြည့်စွက်ရန်၊ ခေတ်မီစေ ရန်၊ မြေလုပ်ပိုင်ခွင့်များကို မှတ်ပုံတင်ရန်၊ ရိုးရာဓလေ့အရ မြေလုပ်ပိုင်ခွင့်များကို မှတ်ပုံတင်ရန်၊ မြေယာစီမံခန့်ခွဲရေးစနစ်များကို ထိန်းသိမ်းရန်၊ ကွင်း မြေပုံသစ်များကို ရေးဆွဲရန်၊ မြေနှင့် သက်ဆိုင်သော ပြဿနာများကို ဖြေရှင်းရန်၊ မြေသိမ်းဆည်းမှုကိစ္စရပ် များကို ကိုင်တွယ်ရန်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စာရင်းကောက်ရန်၊ စာရင်းစစ်ရန်၊ မြေခွဲဝေချ ထားခြင်း၊ ပြန်လည်နေရာချထားခြင်း စီမံကိန်းများကို အကောင်အထည်ဖော်ရန်နှင့် အခြားလုပ်ငန်းများကို ဆောင်ရွက် နိုင်မည့် စွမ်းဆောင်ရည်ကို အားဖြည့်ပေးရန် (ဥပမာ – မြန်မာတစ်ပြည်လုံးမြေပုံ တစ်ချပ်တည်းအား စာပိုဒ် ၅၄ တွင် ကြည့်ပါရန်)။ ဤဝန်ဆောင်မှုတို့အနက် အများအပြားမှာ တစ်ခါတရံလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (Department of Agriculture Land Management and Statistics - DALMS) နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) တို့၏ရှင်းရှင်းလင်းလင်း ခွဲခွဲခြားခြား ဆောင်ရွက်၍ ရသောအတူပူးတွဲဆောင်ရွက်ခြင်းမှ ဖြစ်ပေါ်လျက်ရှိသည်။ ယင်းအားအထူး ကော်မတီများနှင့် ကော်မရှင်အများအပြား၏ လုပ်ငန်းလည်ပတ်မှုမှ ထောက်ကူပေးထား သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (Ministry of Natural Resources and Environmental Conservation - MONREC) (မြေတိုင်းဦးစီး ဌာနရှိသည်) တို့မှာ ပံ့ပိုးလျက်ရှိသော အဖွဲ့အစည်းဖြစ်သည်။ မြေယာစီမံခန့်ခွဲရေး ဝန်ဆောင်မှုများ၏ ဖွဲ့စည်းပုံကိုလည်း လေ့လာစစ်ဆေးရန် လိုအပ်မည်။

(ဋ) တည်ဆဲဥပဒေအရ မှတ်ပုံတင်ရန် သတ်မှတ်ချက်မမီသော်လည်း လက်တွေ့အခြေအနေတွင် လုပ်ကွက်ငယ်တောင်သူများ၊ မိသားစုများ၏ စားဝတ်နေရေးလိုအပ်ချက်နှင့် ရေမြေသဘာဝ အခြေအနေနှင့်လျော်ညီစွာ မြေအသုံးချမှုများရှိနေသည်။ အောက်ပါအခြေအနေ အရပ်ရပ်တို့အတွက် မြေယာအသုံးပြုခွင့်များချမှတ်ပေးခြင်း သို့မဟုတ် ရပ်ရွာဘုံမြေ လုပ်ပိုင်ခွင့်များ အတွက် ထုတ်ပေးခြင်း တို့လိုအပ်မည်။

(၁) မွေးမြူရေးနှင့် ရေလုပ်ငန်း ကုန်ထုတ်လုပ်မှုနှင့် အသေးစား စိုက်ပျိုးကြိတ်ခွဲ လုပ်ငန်းတို့အတွက် အသုံးပြုသည့်မြေ။

(၂) မြေယာမှတ်ပုံတင်ခြင်းအတွက် အကျုံးဝင်စေသောစံနှုန်းကို လယ်ယာမြေမှ စိုက်ပျိုးမြေအဖြစ် တိုးချဲ့ခြင်း။ ယင်းတွင် သီးနှံသစ်တော ရောနှောစိုက်ခင်း၊ စားကျက်မြေ၊ ဓလေ့ထုံးတမ်းစံနှုန်းများနှင့် စည်းမျဉ်းများဖြင့် စီမံခန့်ခွဲသော ရွှေ့ပြောင်းတောင်ယာတို့ပါဝင်ပါသည်။ သီးနှံနှင့်သစ်တောရောနှောစိုက်ခင်းအတွက် အမျိုးသားမြေအသုံးချရေး ဥပဒေရေးရာများ ကိုင်တွယ်ချိန်တွင် စဉ်းစားရန်ကိစ္စဖြစ် ပေါ်လာသည်။

(၃) မြေလွတ်၊ မြေလပ်၊ မြေရိုင်းတို့ကို လုပ်ကွက်ငယ်တောင်သူများနှင့် မြေယာမဲ့ အိမ်ထောင်စုများသို့ ခွဲဝေချထားခြင်းနှင့် သိမ်းဆည်းမြေများ ပြန်လည်ပေးအပ်ခြင်း။ တည်ဆဲလယ်ယာမြေဥပဒေအရ ယင်းတို့ကို ပထမဦးစွာလယ်ယာမြေအဖြစ်သို့ပြောင်းပြီးမှသာ မြေအသုံးပြုခွင့်လက်မှတ်ကို (LUC) ထုတ်ပေးနိုင်မည် ဖြစ်သည်။)

(ဌ) မြေယာချထားမှု ဇရိယာအနည်းအများသည် စိုက်ပျိုးသီးနှံ၏ စီးပွားဖြစ်တွက်ချေ ကိုက်နိုင်သော အရွယ်အစားကို တုန့်ပြန်မှုအပေါ် အခြေခံ၍ သတ်မှတ်ချထားပေးနိုင်သည်။ (ဥပမာ–ကြံ၊ ကြိတ် ဝါးမှု၊ သကြားစက်မှုလုပ်ငန်းသည် စက်ရုံအရွယ်အစားကြီးလေ တွက်ချေကိုက်လေဖြစ်သည်။ မြေယာစုဖွဲ့မှုသည်စကေးအရွယ်အစားကြီးရန် လိုအပ်သည်။)

(ဍ) မြေယာစီမံခန့်ခွဲခြင်း၊ သက်ဆိုင်ရာ မြေဥပဒေပါ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ကိုလိုက်နာခြင်း၊

ပဋိပက္ခဖြေရှင်းမည့် နည်းလမ်းရွေးချယ်ခြင်း၊ လိုအပ်ပါက တရားစွဲခြင်း၊ လိုအပ်ပါက အယူခံဝင်ခြင်းတို့နှင့် စပ်လျဉ်း၍ မှန်ကန်စွာ ဆုံးဖြတ်နိုင်ရေးအတွက် အရေးကြီးသော အချက်အလက်များကို လူထုက အလွယ်တကူ လက်လှမ်းမီစေရန်။

(ဃ) အမျိုးသမီးများနှင့် အားနည်းချို့တဲ့သူများအပါအဝင် လူထုသို့ မြေစီမံခန့်ခွဲရေးဆိုင်ရာ ဝန်ဆောင်မှုကို ပိုမိုကောင်းမွန်စွာပေးအပ်ရန်။ ယင်းတွင် အောက်ပါတို့ကို ထူထောင်ရန် ပါဝင်သည်။

(၁) ခရီးနီးဝန်ဆောင်မှု ပေးအပ်သည့်စနစ်နှင့် (မြို့နယ်အဆင့်နှင့် အောက်လွှာ) ခရီးစရိတ်အပိုမကုန်ကျဘဲ လက်လှမ်းမီစေသည်။

(၂) လူထု၏ သီးခြားတောင်းဆိုချက်များကို တုံ့ပြန်သော၊ အသုံးပြုရ လွယ်ကူသော၊ ကန့်သတ်ချက်မရှိသော ဝန်ဆောင်မှု။

(၃) မြေသိမ်းဆည်းပေးခြင်း၊ မြေလွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ တိုင်ပင်ဆွေးနွေးမှု အကျိုး၊ မြေခွဲဝေချထားခြင်း၊ ပြန်လည်နေရာချထားခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ ဆုံးဖြတ် ချက်များတို့နှင့် သက်ဆိုင်သည့် သတင်းများကို လူထုကရလွယ်စေမည့် ပွင့်လင်းမြင်သာသော ဝန်ဆောင်မှု။

(၄) တရားဝင်အသိအမှတ်မပြုပဲ လုပ်ဆောင်နေသော မြေယာအငှားစာချုပ်များ၊ မြေယာငှားရမ်းခြင်း၊ မြေယာငှားရမ်းခွင့်၊ သူရင်းငှားလုပ်ကိုင်ခြင်း၊ အကြီးစားလယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွင်းသို့ မြေယာများအား ဝေစုအဖြစ်အပ်ထားခြင်း၊ လယ်သမားများအကြား မြေယာပေါင်းစည်းခြင်း (သို့မဟုတ်) လယ်သမားမှ လယ်သမားသို့ ဝယ်ယူရောင်းချခြင်း လုပ်ငန်းများအတွက် တရားဝင်စေရန် ဆောင်ရွက်မှု။

(ဏ) အထက်ဖော်ပြပါ ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းနိုင်မည့် အဖွဲ့အစည်းနှင့် ဥပဒေဆိုင်ရာ မူဘောင်သစ်ကို စောင့်ဆိုင်းနေစဉ် ကာလတွင် လတ်တလော အရေးတကြီး လိုအပ်ချက် များကို တုံ့ပြန်နိုင်မည့် လက်တွေ့ကျသော ကြားဖြတ်အရေးယူမှုများကို ကျင့်သုံးခြင်း။ ယင်းတွင်အောက်ပါတို့ပါဝင်နိုင်သည်–

(၁) လယ်ယာမြေဥပဒေ ညွှန်ကြားချက်များကို ပြင်ဆင်ကာ မြေအသုံးချမှုတွင် ပြောင်းလွယ် ပြင်လွယ်ဖြစ်စေခြင်း။ ဥပမာ။ သင့်တော်သော အရွယ်အစားရှိဧကအောက် လယ်ကိုစပါး စိုက်ပျိုးခြင်းအစား ငါးမွေးမြူရေးနှင့် အခြားဝင်ငွေရသီးနှံများ စိုက်ပျိုးခွင့်ပေးရန်။

(၂) ရိုးရာဓလေ့အရမြေယာလုပ်ပိုင်ခွင့်ကို အာမခံသော ကြားဖြတ်အရေးယူ ဆောင်ရွက်ချက်များ။

(၃) လွန်ခဲ့သောနှစ် (၃၀)ကျော်က International Institute for Applied Systems Analysis (IIASA) နှင့် FAO တို့မိတ်ဖက်ပြုရေးဆွဲခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုး–ဂေဟဗေဒဇုန်များ မူဝါဒများအရ စိုက်ပျိုးဂေဟ ဗေဒဇုန်များကို တည်ထောင် ရန်။ ယင်းသည် အထူးပြုသီးနှံနှင့် ထုတ်လုပ်မှု၊ သင့်လျော်သော လယ်ယာစနစ် အမျိုးအစား သုံးသပ်ချက် (သီးနှံနှင့် စိုက်ပျိုးရေး၊ ရေချိုးငါးကန်၊ ပုစွန်ကန်၊ သရက်အပါအဝင် သစ်သီးခြံ၊ စက်မှုကုန်ကြမ်းသီးနှံ စသောအခြား မြေအသုံးချမှု များပေါင်းစပ်ခြင်း)ကို စဉ်းစားသည်။ ယင်းသုံးသပ်ချက်တွင် ရနိုင်သော ရာသီဥတု အချက်အလက် (မိုးရေချိန်၊ နေ့အလင်းရောင်ရမှု၊ အပူချိန်၊ ကာဗွန်ဒိုင်အောက်ဆိုဒ် အခြေအနေ)၊ မြေဆီလွှာဆိုင်ရာ အချက်အလက် (မြန်မာနိုင်ငံ မြေဆီလွှာမြေပုံနှင့် အခြားခရိုင် မြေဆီလွှာမြေပုံများ)၊ သီးနှံတစ်ခုချင်း၏ လိုအပ်ချက်များ၊ အခြား ထုတ်လုပ်မှုစနစ်များ၏ သုံးသပ်ချက်များ (မွေးမြူရေး၊ ငါးကန်) သွင်းအားစုများ၏ အဆင့် (စက်မှုလယ်ယာ၊ မြေဩဇာ၊ ဆည်မြောင်း၊ ရေနုတ်မြောင်း) တို့ကို အခြေခံသည်။ စိုက်ပျိုး–ဂေဟ ဇုန်တစ်ခု ထူထောင်ရန်အတွက် လက်ရှိကိန်းဂဏန်း အချက်အလက်များကို တတ်နိုင်သရွေ့ စုဆောင်း၍ အခြေခံထွက် ပေါ်လာသော ရလဒ်ရမည်။ အချက်အလက်များများရလေ ထွက်ပေါ်လာမည့်

ရလဒ်များ ခိုင်မာလေဖြစ်သည်။ စိုက်ပျိုး–ဂေဟဇုန်တစ်ခုအဖြစ် အကျိုးရလဒ်တို့သည်မဟာဗျူဟာနှင့် ဒေသအလိုက် စီမံကိန်းရေးဆွဲခြင်း၊ သီးနှံနှင့် စိုက်ပျိုးရေးစနစ်များအလိုက်ရည်ရွယ်ချက်ချမှတ်နိုင်မည်၊ လက်ရှိ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ADSတွင် ထည့်သွင်းနိုင်မည်။ အသေးစိတ် အချက်အလက်များကို မှုတည်ကာ မိုးရာသီနှင့် ခြောက်သွေ့ရာသီ၊ အတွက်သီးနှံရွေးချယ်မှု၊ အထွက်နှုန်း ကောင်းရန် လိုအပ်သည့် သွင်းအားစုများ၊ မိုးသီးနှံများအတွက်လိုအပ်သည့် အရန်ရေသွင်း စနစ်များ၊ ခြောက်သွေ့ရာသီ သီးနှံများအတွက် ရေသွင်းစနစ်လိုအပ်ချက်များ၊ ဓာတ်မြေသြဇာ စသည်တို့ အတွက် ရည်မှန်းချက်အလိုက် ထောက်ခံတင်ပြချက်တို့ကို ဆောင်ရွက်မည်။ ဤသတင်း အချက်အလက်များသည် တိုးချဲ့ပညာပေးရေး စီမံကိန်းရေးဆွဲရန်အတွက်နှင့် ပုဂ္ဂလိက သွင်းအားစု ဝန်ဆောင်မှုပေးသူများ အတွက်အထောက်အကူဖြစ်စေသည်။

ဇယား ၁၁။ ထပ်ဆင့်ရလဒ် ၁.၆ - မြေယာအခွင့်အရေးများဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင်၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု<br>ထပ်ဆင့်ရလဒ် - ၁.၆။ | ချက်ချင်းရလဒ်များ |
|---|---|
| တောင်သူများ၏ မြေပိုင်ဆိုင်ခွင့် ခိုင်မာလာခြင်းနှင့် လယ်ယာမြေနှင့် ပတ်သက်ပါဝင်နေသော ဌာနများ၏ စွမ်းဆောင်ရည် တိုးမြင့်လာခြင်း။ | ၁၊၆၊၁။ မြေယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ရှေ့ဆက် ဆောင်ရွက်မည့် အမျိုးသား မြေအသုံးချမှုကောင်စီ သို့မဟုတ် အလားတူကို ဖန်တီးရန်။<br>၁၊၆၊၂။ အမျိုးသားမြေအသုံးချမှု မူဝါဒပါလမ်းညွှန်မှုများကို အခြေခံကာ၊ အားလုံးပါဝင်စေသော၊ ပတ်သက်ဆက်နွယ်သူအများပါဝင်ပြီး လူထုတိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်ကို အသုံးပြုလျက် မြေယာဆိုင်ရာ လွှမ်းခြုံဥပဒေနှင့် သီးခြားဥပဒေများကို ရေးဆွဲရန်။<br>၁၊၆၊၃။ လုပ်ကွက်ငယ်တောင်သူတို့၏ လက်ရှိမြေများကို မြေယာမှတ်ပုံတင်ခွင့်ချပေးခြင်းဖြင့် မြေပိုင်ခွင့်ကို ကန့်သတ်ထားသည့် အခြေအနေများကို ဖယ်ရှားရန်။<br>၁၊၆၊၄။ လယ်ယာမြေလုပ်ပိုင်ခွင့်ကို မှတ်ပုံတင်ပြီးနောက် လုပ်ကွက်ငယ် တောင်သူတို့၏ စိုက်ပျိုးမြေအား လက်ရှိထားပိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်ရှိစေရန်နှင့် အာမခံချက်ပေးရန်။<br>၁၊၆၊၅။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ သက်ရောက်ခြင်းကိုဦးစားပေးဆောင်ရွက်ရန်။<br>၁၊၆၊၆။ လက်မှတ်ထုတ်ပေးပြီးသော မြေယာ လက်ဝယ်ထားရှိ လုပ်ကိုင်ခွင့်ရသူများ၏ လက်ရှိ ဦးပိုင်များနှင့် ကွက်စိပ်ကွင်းမြေပုံဆိုင်ရာ ခေတ်မီသတင်းအချက်အလက်များကို မှတ်တမ်းဖြည့်သွင်းရန်။<br>၁၊၆၊၇။ မြေနှင့်သက်ဆိုင်သော ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ဖော်ပြထားသည့် ရှင်းလင်းတိကျသော ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ခုကို ရေးဆွဲရန်။<br>၁၊၆၊၈။ ဓလေ့ထုံးစံအရ မြေယာအသုံးပြုခွင့်များကို အသိအမှတ်ပြုရန်၊ အကာအကွယ်ပေးရန်နှင့် မှတ်ပုံတင်ရန်။<br>၁၊၆၊၉။ မြေယာစီမံခန့်ခွဲရေးဌာနများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်။<br>၊၆၊၁၀။ တည်ဆဲဥပဒေအရ မှတ်ပုံတင်ရန် သတ်မှတ်ချက် မမီသော်လည်း လက်တွေ့ အခြေအနေတွင် လုပ်ကွက်ငယ် တောင်သူများ၊ မိသားစုများ၏ စားဝတ်နေရေးလိုအပ်ချက်နှင့် ရေမြေသဘာဝ အခြေအနေအရပ်ရပ်တို့အတွက် မြေယာ အသုံးပြုခွင့်များ ချမှတ်ပေးခြင်း သို့မဟုတ် ရပ်ရွာဘုံမြေ လုပ်ပိုင်ခွင့်များအတွက် ထုတ်ပေးခြင်းတို့ လိုအပ်မည်။<br>၁၊၆၊၁၁။ သတင်းအချက်အလက်များကို ပြည်သူလူထုမှ အလွယ်တကူ လက်လှမ်းမီစေရန်။ |

| မဏ္ဍိုင်၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု ထပ်ဆင့်ရလဒ် - ၁.၆။ | ချက်ချင်းရလဒ်များ |
|---|---|
| | ၁၁၆၁၁၂။ အမျိုးသမီးများနှင့် အဆင်းရဲဆုံးသူများ အပါအဝင် အများပြည်သူ ထံသို့ မြေစီမံခန့်ခွဲရေးဆိုင်ရာ ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်း မွန်လာစေရန်။<br>၁၆၁၁၃။အထက်ဖော်ပြပါ ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းနိုင်မည့် အဖွဲ့အ စည်းနှင့် ဥပဒေဆိုင်ရာ မူဘောင်သစ်ကို စောင့်ဆိုင်းနေစဉ်ကာလတွင် လတ်တလော အရေးတကြီး လိုအပ်ချက်များကို တုံ့ပြန်နိုင်မည့် လက် တွေ့ကျသော ကြားဖြတ်အရေးယူမှုများကို ကျင့်သုံးရန်။ (ဥပမာ- ရွှေ့ ပြောင်းတောင်ယာ စိုက်ပျိုးသော တောင်ယာမြေအချို့ကို အမြဲတမ်း တောင်ယာစိုက်ပျိုးရေးစနစ်ဖြင့် ပြောင်းလဲကျင့်သုံးစေကာ ၄င်းမြေ ယာ များကို မြေယာလုပ်ကိုင်ခွင့် ချမှတ်ပေးခြင်း၊ ထုံးတမ်းစဉ်လာ ရိုးရာ ဘုံ မြေများတွင် စိုက်ပျိုးရာတွင် စာရင်းမြေပုံ တိုင်းတာဖော်ထုတ်၍ ရပ်ရွာ အခြေပြု ဘုံမြေယာသုံးစွဲခွင့် လက်မှတ်ထုတ်ပေးခြင်း<br>၁၆၁၁၄။ ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုး-ဂေဟ ဇုန်များ၏ အခြေခံမူများအရ စိုက်ပျိုး ဂေဟ ဇုန်များကို တည်ထောင်ရန်။<br>၁၆၁၁၅။ မွေးမြူရေးသမားများ၊ ရေလုပ်သားအဖွဲ့များနှင့် တောင်သူများ၏ မြေ အသုံးချမှုလုပ်ပိုင်ခွင့်များနှင့် စားကျက်မြေ အသုံးချမှု နှင့် စီမံခန့်ခွဲမှု အတွက် ရှင်းလင်းတိကျသော စည်းမျဉ်းများ ချမှတ်ရန်<br>၁၆၁၁၆။ စိုက်ပျိုးမြေအား တိရစ္ဆာန်မွေးမြူရေးနှင့် ငါးမွေးမြူရေးအတွက် အသုံး ပြုလိုသော လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများ အတွက် မြေအ သုံးချရေးနှင့် မြေအသုံးချပိုင်ခွင့်လက်မှတ် ထုတ်ပေး ရေးဆိုင်ရာ ကိစ္စ ရပ်များအား ရှင်းလင်း လွယ်ကူသော လုပ်ထုံးလုပ်နည်းများ ဖော်ထုတ် ရန်။ |

## ၈.၃.၇။ ထပ်ဆင့်ရလဒ် ၁.၇ – ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း

၁၂၉။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) ကို အကောင်အထည်ဖော်ရာတွင် စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာနအတွင်း၊ ဝန်ကြီးဌာနနှင့် အခြားအစိုးရအဖွဲ့အစည်းများအကြား၊ ပြည်ထောင်စုအဆင့်နှင့် တိုင်း ဒေသကြီး/ပြည်နယ်အဆင့်များအကြားနှင့် ဝန်ကြီးဌာနနှင့် အဓိကပတ်သက်ဆက်နွယ်နေသူများ အကြား အဆင့်တိုင်းတွင် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)ကို အကောင်အထည် ဖော်ရာတွင် ပိုမိုကောင်းမွန်ရေးအတွက် ဝန်ကြီးဌာနအတွင်းရှိ ဦးစီးဌာန အချင်းချင်းကို ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသည့် ဌာနစိတ်တစ်ခုကို စီမံကိန်း ဦးစီးဌာန(DOP) လက် အောက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) အား အကောင် အထည်ဖော်ဆောင်ရွက်မည့် အစောပိုင်းကာလများတွင် အဆိုပါ ညှိနှိုင်းဆောင်ရွက်ရေးဌာနစိတ်သည် နည်းပညာ ပံ့ပိုးမှုများ လိုအပ်မည်ဖြစ်သည်။

၁၃၀။ စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာနသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပြောဆို ဆက်ဆံမှု ပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန်အတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) အကောင်အထည်ဖော်မှုကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် နောက်ဆုံးရ အခြေအနေများကို ဖော်ပြ မည့် ဝက်ဘ်ဆိုဒ်တစ်ခုတွင် လွှင့်တင်ထားခြင်း၊ စီမံကိန်းဦးစီး ဌာန(DOP)၏ ပြန်ကြားရေး ဌာနများကို ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်တို့တွင် ဖွင့်လှစ်ခြင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှု မဟာဗျူဟာ (ADS) ၏ စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်းဆိုင်ရာ အစီရင်ခံစာတို့ကို အင်တာနက် ဝက်ဘ်ဆိုဒ်တွင် လွှင့်တင်ပြီး သတင်းအချက်အလက်မျှဝေခြင်း အပါအဝင်နည်းလမ်းအမျိုးမျိုးဖြင့် ဆောင် ရွက်နိုင်သည်။ ထို့ပြင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနသည် စားနပ်ရိက္ခာနှင့်အာဟာရ ဖူလုံရေး လုပ်ငန်းအဖွဲ့များနှင့်

နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ၎င်း၏ ဦးတည်စီမံကိန်းသည်အခြား အဖွဲ့အစည်း အသီးသီးမှ လုပ်ငန်းဆောင်ရွက်မှုများ၏ အကျိုးသက်ရောက်မှုအား ပိုမိုအားဖြည့်ပေးနိုင်ရန် နှင့် စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံရေးလုပ်ငန်းများတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ (NGOs) ပါဝင်ဆောင်ရွက်လာစေရန်ဖြစ်သည်။

ဇယား ၁၂။ ထပ်ဆင့်ရလဒ် ၁.၇ - ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင်၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု ထပ်ဆင့်ရလဒ် - ၁.၇။ | ချက်ချင်းရလဒ်များ |
|---|---|
| စိုက်/မွေး/ဆည် ဝန်ကြီးဌာန၏ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ညှိနှိုင်း ဆောင်ရွက်မှုနှင့် အကောင်အထည် ဖော်မှု တို့ အတွက် စွမ်းဆောင်ရည် မြင့်မား လာခြင်း နှင့် ထိုလုပ်ငန်းစဉ်အားလွတ်လပ်စွာ ရွေးချယ်ခန့်အပ်ထားပြီး ကျား/မသာတူညီမျှမှု ရှိသော အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ ကိုယ်စားပြုသူများမှ ထိန်းကျောင်းပေးခြင်း။ | ၁၇.၁။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) အကောင်အထည်ဖော်ရေးအတွက် စီမံကိန်း ဦးစီးဌာနအောက်တွင် ညှိနှိုင်းဆောင်ရွက်ရေးဌာနစိတ်ကို ထူထောင်ရန်။<br>၁၇.၂။ ညှိနှိုင်းဆောင်ရွက်ရေးဌာနစိတ်အား နည်းပညာပံ့ပိုးမှုများ ပြုလုပ်ရန်။<br>၁၇.၃။ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အတွက် ပံ့ပိုးမှုများပြုလုပ်ရန် -<br>- အာဆီယံနိုင်ငံများ နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များဖြင့် ဝန်ကြီးဌာန အဆင့် အစည်းအဝေးပွဲများ ပြုလုပ်ခြင်း<br>- စိုက်/မွေး/ဆည် ဝန်ကြီးဌာနရှိ နိုင်ငံတကာချေးငွေ/ ထောက်ပံ့ငွေ/ ထောက်ပံ့ငွေပံ့ပိုးမှု စီမံချက်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း<br>- နိုင်ငံတကာသင်တန်းများနှင့် အစည်းအဝေးများ တက်ရောက်ရန်အတွက်ဝတ်စုံနှင့် ခရီးစရိတ်များ ထောက်ပံ့ခြင်း<br>၁၇.၄။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS)ဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခုအား မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်လွှင့်ရန်နှင့် ထိန်းသိမ်း ပြုပြင်သွားရန်။<br>၁၇.၅။ စီမံကိန်းဦးစီးဌာန (DOP)တွင် ပြန်ကြားရေးဌာန လွှင့်တင်ထားခြင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်တို့တွင် ဖွင့်လှစ်ရန်။<br>၁၇.၆။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS)၏ စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း ဆိုင်ရာ အစီရင်ခံစာတို့ကို အင်တာနက် ဝက်ဘ်ဆိုဒ်တွင် လွှင့်တင် သတင်းမျှဝေရန်။ |

## ၈.၃.၈။ ထပ်ဆင့်ရလဒ် ၁.၈ – စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု

၁၃၁။ နိုင်ငံတော်အစိုးရမှ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးကို အလေးထားဆောင်ရွက်နေသော်လည်း အထူးသဖြင့် မြန်မာ့ကျေးလက်ဒေသများတွင် စားနပ်ရိက္ခာနှင့် အာဟာရမဖူလုံသော အိမ်ထောင်စုများနှင့် လူပုဂ္ဂိုလ်များ အမြောက်အမြား ရှိနေသေးသည်။ ယင်းတို့တွင် ဆင်းရဲနွမ်းပါးသူများ၊ ထိခိုက်လွယ်သူများ၊ မြေမဲ့ယာမဲ့များနှင့် အခြားဘေးဖယ်ခံထားရသူ အုပ်စုများ ပါဝင်သည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ လုပ်ငန်းစဉ်များအားလုံးသည် စားနပ်ရိက္ခာနှင့်အာဟာရဖူလုံစေရေးကိုတိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထောက်ပံ့ပေးလျက်ရှိပြီး၊ အထူးသဖြင့် ကုန်ထုတ် စွမ်းအား တိုးမြင့်ရေးလုပ်ငန်းများနှင့် ငွေကြေးနှင့် လယ်ယာပြင်ပ အလုပ်အကိုင်များသို့ လက်လှမ်းမီမှု တိုးတက်လာစေခြင်း တို့မှတစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ စားနပ်ရိက္ခာရပိုင်ခွင့်များကို အာမခံ ချက်ပေးနိုင်ရန် လိုအပ်သောကြောင့် ဤအချက်အား မဏ္ဍိုင်(၁) ကောင်းမွန်သောစီမံအုပ်ချုပ်မှုအောက်တွင် ထည့်သွင်းထားပါသည်။

၁၃၂။ ဤထပ်ဆင့်ရလဒ်တွင် အာဟာရနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးဆောင်ရွက်နေသော အခြားကဏ္ဍပေါင်းစုံမှ အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ကာ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံစေရေး လုပ်ငန်းများလုပ်ဆောင်ရန်အတွက် နည်းလမ်းများ (ဥပမာ – လုပ်အားတန်ဖိုးအလိုက် စားနပ်ရိက္ခာ ထောက်ပံ့ခြင်းစီမံကိန်းများ၊ အစားအစာ (သို့) သွင်းအားစု လက်မှတ်များ၊ ဝင်ငွေရရှိစေရေး ပံ့ပိုးမှုများ စသည်ဖြင့်) နှင့် ဦးတည်အုပ်စုများ (ဥပမာ – အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဝေးလံခေါင်သီသောဒေသများရှိ တိုင်းရင်းသားများ)အား သတ်မှတ်ဖော်ထုတ်သွားမည်ဖြစ်သည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနသည် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး လုပ်ငန်းအဖွဲ့များနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ၎င်း၏ဦးတည်စီမံကိန်းသည် အခြားအဖွဲ့အစည်း အသီးသီးမှ လုပ်ငန်းဆောင်ရွက်မှုများ၏ အကျိုးသက်ရောက်မှုအား ပိုမိုအားဖြည့်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားသော နိုင်ငံတော် စီမံချက်များမှလည်း ဤလုပ်ငန်းနယ်ပယ်မှ ရရှိခဲ့သော အတွေ့အကြုံများကို အခြေခံ၍ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ဇယား ၁၃။ ထပ်ဆင့်ရလဒ် ၁.၈ - စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှုဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင်၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု ထပ်ဆင့်ရလဒ် - ၁.၈။ | ချက်ချင်းရလဒ်များ |
|---|---|
| အားနည်းချို့တဲ့သော အုပ်စုများ၏ စားနပ်ရိက္ခာနှင့် အာဟာရ ပိုမိုဖူလုံလာခြင်း။ | ၁၈၁။ ရည်မှန်းထားသော စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး စီမံကိန်းအား ဒီဇိုင်းရေးဆွဲခြင်း။<br>၁၈၂။ ရည်မှန်းထားသော စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး စီမံကိန်းကို အကောင်အထည်ဖော်ရန်။<br>၁၈၃။ ကဏ္ဍပေါင်းစုံမှ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး ဆောင်ရွက်နေဆဲ အဖွဲ့များ နှင့် အာဟာရချို့တဲ့မှု နှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး လုပ်ငန်းဆောင်ရွက်နေသူများနှင့် ပေါင်းစပ်ညှိနှိုင်းရန်။ |

## ၈.၃.၉။ ထပ်ဆင့်ရလဒ် ၁.၉ – စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြန်လည်ဖွဲ့စည်းခြင်း

၁၃၃။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် မြန်မာ့စိုက်ပျိုးရေးကဏ္ဍခေတ်မီရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင်ပေးမည် ဖြစ်သည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနအနေဖြင့် တောင်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများကို တုန့်ပြန်နိုင်စွမ်းကောင်းပြီး စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ကို အထောက်အပံ့ပေးနိုင်မည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာရန်အတွက် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများကို သေချာစွာပေါင်းစည်းရန် လိုအပ်ပြီး လုပ်ငန်းတာဝန် အသစ်များကိုလည်း သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၁၃၄။ **ပိုမိုကျယ်ပြန့်သည့် မက်ခရို (macro) အဆင့်တွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ကဲ့သို့သော အဖွဲ့အစည်းများကို ရေရှည်တွင် သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်အောင် ဖွဲ့စည်းရန် လိုအပ်ပါသည်။**[၂၄] **စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနအတွင်းတွင်လည်း မူဝါဒ၊ စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း (ဦးစီးဌာနတစ်ခု**

၂၄ လတ်တလောတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (YAU) အားလူမှုရေးသိပ္ပံပညာဌာန (၎င်းအား ယခုအခါတွင် စိုက်ပျိုးရေးတက္ကသိုလ်၏ စိုက်ပျိုးရေးတိုးချဲ့ ပညာပေးဌာနအဖြစ် သတ်မှတ်ထားရှိသည်။) စိုက်ပျိုးရေးဇီဝနည်းပညာဌာန၊ အစားအသောက် သိပ္ပံနှင့် နည်းပညာဌာနနှင့် စိုက်ပျိုးရေးအဏုဇီဝဌာနတို့အပါအဝင်ဌာနအသစ်လေးခုဖြင့် တိုးချဲ့ဖွဲ့စည်းခြင်းနှင့် မွေးမြူရေးပညာဌာန၊စိုက်ပျိုးရေးအင်ဂျင်နီယာဌာန၊ဝိဇ္ဇာနှင့်သိပ္ပံဌာနများအပါအဝင် လက်ရှိရှိနေပြီးဖြစ်သော ဌာနများအား အဆင့်မြှင့်တင်၍ ပညာရပ်ဆိုင်ရာဌာနတိုင်းတွင် ပါမောက္ခများဦးဆောင်လာစေခြင်းတို့အား ပညာရေးဝန်ကြီးဌာနမှ ပိတ်ပင်ထားပါသည်။ ပညာရေးဝန်ကြီးဌာနမှ YAU နှင့် UVS တို့၏ဖွဲ့စည်းပုံဆိုင်ရာ အပိုင်းများတွင် တာဝန်ယူထားပြီး စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနမှ စီမံခန့်ခွဲခြင်းနှင့် ရန်ပုံငွေပံ့ပိုးခြင်း အပိုင်းများတွင် တာဝန်ယူထားပါသည်။

**စီတိုင်းတွင် ထည့်သွင်းရမည်)နှင့် တောင်သူလယ်သမား အဖွဲ့အစည်း တို့အတွက် ဌာနအသစ်များကိုထူထောင်ရမည်။ သုတေသနနှင့် တိုးချဲ့ပညာပေးရေး ညှိနှိုင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာရန်နှင့် မြေယာအသုံးချမှုအတွက် အဖွဲ့အစည်းကိုလည်း ထူထောင်သင့်သည်။ စိုက်ပျိုးရေး ဦးစီးဌာန သည် မူလဦးစီးဌာနနှစ်ခုကို ပေါင်းစပ်ထားခြင်းကြောင့်၊ တာဝန်များထပ်တူကျနေခြင်း၊ လုပ်ငန်းတာဝန်ခွဲဝေခြင်း၊ ဗဟိုဦးစီးစနစ်လျှော့ခြင်း၊ ထွက်ကုန်ဆိုင်ရာ ကိစ္စရပ်များနှင့် အကြောင်းအရာတိုင်းတွင် ပါဝင်သော ကိစ္စရပ်များအကြား ထိန်းညှိပေးခြင်းနှင့် ပွင့်လင်းမြင် သာမှုရှိခြင်းစသော အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်အများအပြားကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေသေးသည်။ ထိုအထဲတွင် ဖွဲ့စည်းရန် ရည်မှန်းထားသော စိုက်ပျိုးစီးပွားရေး နှင့် ဈေးကွက်သတင်းဦးစီးဌာန (DABMI) သို့တာဝန်ဝတ္တရားများ လွှဲပြောင်းပေးအပ်ခြင်းလည်း ပါဝင်ပါသည်။**

၁၃၅။ ယေဘုယျအားဖြင့် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ကောင်းမွန်သော စီမံအုပ်ချုပ်မှုတွင် ဦးစီးဌာနများအားလုံးထိရောက်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် တာဝန်ဝတ္တရားများအား ခွဲဝေပေးအပ်ခြင်းနှင့် ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချခြင်းတို့ကို လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်သည်။

ဇယား ၁၄။ ထပ်ဆင့်ရလဒ် ၁.၉- စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန ပြန်လည်ဖွဲ့စည်းခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင်၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု ထပ်ဆင့်ရလဒ် - ၁.၉။ | ချက်ချင်းရလဒ်များ |
|---|---|
| တောင်သူများ၊ စီးပွားရေး လုပ်ငန်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများကို ပို၍ထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက် လက်ရှိဌာနများကို ကောင်းစွာ ပေါင်းစည်းကာ စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန အား ပြင်ဆင်ဖွဲ့စည်းခြင်း။ | ၁၉၊၁။ ရေရှည်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကို သီးခြားလွတ်လပ်စွာရပ်တည်နိုင်စေရေး နှင့် အမြဲတမ်း အတွင်းဝန်သုံးဦးကို တစ်ဦးတည်းအဖြစ်ပေါင်းစည်းခြင်း၊ လက်ထောက်အတွင်းဝန်များ ခန့်အပ်ခြင်း အပါအဝင် စိုက်မွေးဆည်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းရေးအတွက် အခြားသောနည်းလမ်းတို့ကို သုံးသပ်အကဲဖြတ်ရန်။<br>၁၉၊၂။ မူဝါဒဆိုင်ရာ၊ စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်းဆိုင်ရာ၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS)ညှိနှိုင်းဆောင် ရွက်ရေးဆိုင်ရာ ဌာနစိတ်များကို စီမံကိန်းဦးစီးဌာန၏ အောက်တွင် ထူထောင်ရန်။<br>၁၊၁၉၊၃။ စိုက်၊မွေးဆည်ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနတိုင်းတွင် စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း ဆိုင်ရာ ဌာနစိတ်များကို ထူထောင်ရန်။<br>၁၉၊၄။ မဏ္ဍိုင် (၂) (ဥပမာ - အမျိုးသား စိုက်ပျိုးရေးသုတေသန ကောင်စီ (National Agriculture Research Council – NARC) နှင့် အမျိုးသား စိုက်ပျိုးရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေး စနစ် (National Agriculture Research and Extension System (NARES)) နှင့် မဏ္ဍိုင် (၃) (ဥပမာ - စိုက်ပျိုးစီးပွားရေးနှင့် ဈေးကွက်သတင်း ဦးစီးဌာန (Department of Agribusiness and Market Information) အောက်တွင် အကြံပြုထားသည့် အခြားသော ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ နည်းလမ်းများနှင့်ညှိနှိုင်းဆောင်ရွက်ရန်။<br>၁၉၊၅။ ရွေးချယ်ထားသော ပြင်ဆင်ဖွဲ့စည်းမှု နည်းလမ်းများကို အကောင်အထည်ဖော်ရန်။<br>၁၉၊၆။ ဝေးလံခေါင်သီသော ဒေသများတွင် အလုပ်လုပ်လျက်ရှိသော အစိုးရဝန်ထမ်းများအား ပံ့ပိုးမှုများပေးနိုင်ရန်အတွက် မူဝါဒကို သုံးသပ် အကဲဖြတ်ရန်။ |

## ၈.၄။ မဏ္ဍိုင် (၂) – ကုန်ထုတ်စွမ်းအား

၁၃၆။ မြေယာနှင့်လုပ်အားတို့မှ ကုန်ထုတ်စွမ်းအား တိုးတက်မှုသည် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ အုတ်မြစ်ပင်ဖြစ်သည်။ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်ရန်အတွက်သင့်လျော်သော နည်းပညာ၊ နည်းစနစ်များကို အသုံးပြုကာ ဈေးကွက်နှင့် တစ်သားတည်းဖြစ်အောင် ရေရှည်တွင် ထိထိ ရောက်ရောက်ထုတ်လုပ်ရန် လိုအပ်သည်။ စိုက်ပျိုးရေးထုတ်ကုန်တိုးရန် အောက်ပါတို့ကို ဆောင်ရွက်ရမည် – (က) ထိရောက်သော စိုက်ပျိုးရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေး၊ (ခ) သွင်းအားစုတို့ကို ထိထိရောက်ရောက် သုံးစွဲရေး၊(ဂ) သယံဇာတ(မြေ၊ ရေ၊ မြေဆီလွှာ၊ သစ်တော)တို့ကို ထိထိရောက်ရောက် ရေရှည်တည်တံ့အောင် သုံးစွဲရေး၊ (ဃ) ရာသီဥတု အပြောင်းအလဲနှင့် ကပ်ဘေးများကိုပိုမိုကြံ့ကြံ့ခံနိုင်ရေး။

၁၃၇။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) တွင် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ၊ သမဝါယမကဏ္ဍ၊ NGO များ၊ စွန့်ထွင်ဦးစီးပြုနေသော တောင်သူကြီးများ စသည်တို့ ပါဝင်ဆောင်ရွက်နေသောသူများအနက် အစိုးရကဏ္ဍသည်လည်း နည်းပညာပေါ်ထွက်လာရေးနှင့်ဖြန့်ဝေရေးတို့တွင်တာဝန်ယူဆောင် ရွက်နေသောကဏ္ဍကြီးတစ်ခု ဖြစ်သည်။ သို့သော်အစိုးရသည် ကျန်လုပ်ရှားသူများ၏ အားထုတ်မှုတို့ကို ပေါင်းစပ်ညှိနှိုင်းရခြင်း၊ မူဝါဒများနှင့် စီမံကိန်းများကို အကောင်အထည်ဖော်ရခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ထောက်လှမ်းစောင့်ကြည့်ရခြင်း၊ လုပ်ထုံးလုပ်နည်းများကို အတည်ပြုရခြင်း စသောအဓိကတာဝန်များကို ယူထားရသည်။ အဆိုပါလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် သုတေသနပြုလုပ်သူများနှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းများသည် ၎င်းတို့၏ အထက်မှအောက်သို့ ချဉ်းကပ်မှုနည်းလမ်းများအား ပြောင်းလဲပြီး ၎င်းတို့၏ အလုပ်သည် တောင်သူလယ်သမားများနှင့် ဈေးကွက်၏တောင်းဆိုမှုကို တုန့်ပြန် နိုင်စွမ်းရှိစေရန် ဆောင်ရွက်ရမည်။

၁၃၈။ အချို့လှုပ်ရှားသူများ (ဥပမာ၊ NGO များ၊ ပုဂ္ဂလိက ကဏ္ဍ)တို့သည် စိုက်ပျိုးရေး တိုးချဲ့ပညာပေးရေးတွင် ပါဝင်နေကြောင်းနှင့် ယင်းတို့၏ အနေအထားမှာလည်း ပို၍အရေးပါလာကြောင်းကို စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ADS က အသိအမှတ် ပြုပါသည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ တိုးချဲ့ပညာပေးဌာနတွင် လူသားအရင်းအမြစ်ကို လက်ရှိအခြေအနေအရ ဖွဲ့စည်းပုံ အပြည့်တိုးချဲ့ခန့်ထားရေး မလုပ်နိုင်သည့်တိုင် စွမ်းဆောင်ရည် မြှင့်တင်နိုင်သော CARTC နှင့်နေပြည်တော် အပါအဝင် နယ်မြေအလိုက် သင်တန်းကျောင်းများတွင် စွမ်းဆောင်ရည် တည်ဆောက်ပေးကာ စိုက်ပျိုးရေး တိုးချဲ့ပညာပေးတာဝန်ခံအဖြစ်သို့ပြောင်းလဲရန် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) က အားပေးလိုသည်။ ဤအခန်းကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိက ငွေကြေးပံ့ပိုးမှုပေးထားသော ဝန်ဆောင်မှုပေးသူများက ဝန်ဆောင် မှုများအား ကျေးရွာအဆင့် အထိရောက်ရှိအောင် ဆောင်ကျဉ်းပေးခြင်းကို အလေးထားလုပ်ဆောင်သွားမည် ဖြစ်သည်။

၁၃၉။ ကုန်ထုတ်စွမ်းအား တိုးတက်ရန်မှာ အရည်အသွေးပြည့်ဝသော သွင်းအားစုများကို အချိန်မီရရှိခြင်း အပေါ်တွင် မူတည်နေသည်။ ရေရှည်တွင် စိုက်ပျိုးရေးကဏ္ဍ၏ ကုန်ထုတ်စွမ်းအား တိုးတက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့သည် တိုးတက်လာသော နည်းပညာကို လက်လှမ်းမီမှုနှင့် လိုက်နာဆောင်ရွက်မှု၊ စုစုပေါင်းကုန် ထုတ်စွမ်းအား တိုးမြင့်လာစေရန် သယံဇာတနှင့် အခြားသွင်းအားစုများကို ထိရောက်စွာစီမံ ခန့်ခွဲမှုတို့အပေါ်မှီတည်နေသည်ဟု စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)က အသိအမှတ်ပြုသည်။

၁၄၀။ အရည်အသွေးပြည့်ဝသော သွင်းအားစုများကို အချိန်မီရရှိရန်မှာ အရည်အသွေး အာမခံစနစ်များ၊ ဥပဒေအာဏာတည်စေမည့် ဌာနများ၊ ပုဂ္ဂလိက ကဏ္ဍကသွင်းအားစုများကို ထောက်ပံ့ဖြန့်ဖြူးလာစေမည့် မက်လုံးများ ရှိရန်လိုသည်။ ယင်းသည်လည်း အဆင့်မီသွင်းအားစုများကို သုံးစွဲရန်နည်းစနစ်ကောင်းများ ကို စိုက်ကွက်များပေါ်တွင် လက်တွေ့သရုပ်ပြမည့် တိုးချဲ့ပညာပေးမှုများကို ပြန်၍မှီနေပြန်သည်။ စိုက်ပျိုးရေး သွင်းအားစုများနှင့် စက်မှုလယ်ယာ ဝန်ဆောင်မှုများပေးခြင်းကို ပုဂ္ဂလိက ကဏ္ဍကသာ အဓိကဆောင်ရွက်စေသင့်ပြီး အစိုးရကမူ ထိန်းကျောင်းခြင်း၊ ဥပဒေအာဏာ တည်စေခြင်းနှင့် သွင်းအားစုဈေးကွက် စနစ်တကျအလုပ်

လုပ်စေရန်လိုအပ်မည့် အများပြည်သူနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်းများကို ဖြည့်ဆည်းပေးခြင်းတို့ကိုသာ ဆောင်ရွက်သင့်သည်။

၁၄၁။ ရေနှင့် မြေဆီလွှာစီမံခန့်ခွဲရေး ကောင်းမွန်ရန်အတွက် ဆောင်ရွက်ရန်လည်း လိုအပ်ချက်များစွာ ရှိနေသေးသည်။ မြန်မာနိုင်ငံတွင် ဆည်မြောင်းစနစ်များအတွက် ရင်းနှီးမြှုပ်နှံမှုများကိုအတန်ပင်ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း ရန်ပုံငွေပေါ်မူတည်၍ ဆောင်ရွက်ရသော အခြေအနေကြောင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ပါသည်။ ဆည်မြောင်းစနစ်များကို ဒီဇိုင်းထုတ်ခြင်းနှင့် တည်ဆောက်မှုများတွင် မြောင်းမကြီး၊ ဒုတိယအဆင့်မြောင်း၊ တတိယအဆင့်မြောင်းတို့ကို နိုင်ငံတော်မှတည်ဆောက် ပေးထားပြီး လယ်ကြားမြောင်းများကို လယ်သမားက တာဝန်ယူဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။ တောင်သူလယ်သမားများ၏ စိတ်ပါဝင်စားစွာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆည်မြောင်းစနစ်များ ပိုမိုထိရောက်စေရန်အတွက် နည်းပညာအပြင် သက်ဆိုင်ရာအဖွဲ့အစည်းများ ပိုမိုအားကောင်းရန် လိုအပ်လျက်ရှိပါသည်။ ဤအချက်သည်ရေအသုံးပြုသူများ အသင်းအဖွဲ့တို့၏ အရေးပါသော အခန်းကဏ္ဍကို သိမြင်စေပြီး အဖွဲ့ဝင်လယ်သမားများ၏ စီမံခန့်ခွဲမှုအားကောင်းရေးကို မြှင့်တင်ရန်လိုအပ်နေကြောင်း ညွှန်းပြနေသည်။ ယင်းတို့တွင်–အတူပူးပေါင်း ပါဝင်သည့် ကောင်းမွန်သော လုပ်နည်းလုပ်ဟန်နှင့် လုပ်ဆောင်မှု စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း၊ ရေသုံးစွဲရေး ထိရောက်မှုကို တိုင်းတာခြင်း၊ အခြားရေသွင်းစနစ်များကို အကဲဖြတ်ခြင်း (မြစ်ရေတင်စနစ်၊ မြေအောက်ရေ၊ အစက်ချရေပေးနည်း၊ ရေဖြန်းနည်း)၊ အခြားရေအသုံးချမှုစီမံခန့်ခွဲနည်းစနစ်များ စိုတစ်လှည့် ခြောက်တစ်လှည့် ရေသွင်းခြင်း (Alternate Wetting and Drying - AWD, စွမ်းအားပြည့် ဆန်စပါးစိုက်ပျိုးခြင်း (System of Rice Intensification - SRI)၊ သီးနှံဂေဟ နည်းနာများနှင့် ဆန်စပါးအပြင် အမယ်စုံ စိုက်နည်းများတို့ ပါဝင်သည်။

၁၄၂။ လုပ်ကွက်ငယ်လယ်သမားတို့သည် ကိုယ်ပိုင်စက်ရေတွင်းများတူးရန်နှင့် ရေစုပ်စက်များအတွက် ငွေအမြောက်အမြားရင်းနှီးလာကြသည်။ ထိုသို့ဆောင်ရွက်ခြင်းမှာ အစိုးရ၏စီမံကိန်းများ၊ အသေးစားချေးငွေများကြောင့်မဟုတ်ဘဲ အလိုအလျောက် လုပ်ကိုင်လာကြခြင်း ဖြစ်သည်။ ယင်းဖြစ်စဉ်အား အလျင်အမြန် တိုးတက်လာသော အသေးစား စက်ရေတွင်းတူးလုပ်ငန်းများက ပံ့ပိုးပေးလျက်ရှိသည်။ မြေအောက်ရေဖြင့် စိုက်ပျိုးရေပေးဝေရာတွင် ရေလျှံတွင်းများနှင့် မြေအောက်ရေ အလျှံပယ်ထုတ်ယူနိုင်သော စက်ရေတွင်းများ တူးဖော်၍ ဖြည့်စွက်စိုက်ပျိုးရေ ပေးဝေခြင်းဆောင်ရွက်ပေးခြင်း၊ ရေချွေတာသော အစက်ချစနစ်နှင့် ရေဖြန်းစနစ်များဖြင့် ပေါင်းစပ်ဆောင်ရွက်သင့်သည်။ စီမံကိန်းအကြီးစားတစ်ခုအဖြစ်စတင်၍ သွင်းရေအား လက်လှမ်းမီမှု တိုးမြင့်လာစေရန် မြေအောက်ရေကို ရယူ၍ရေသွင်း စိုက်ပျိုးခြင်းအား အားပေးမြှင့်တင်ရန် လိုအပ်ပါသည်။

၁၄၃။ စိုက်ပျိုးမြေ၏ ၈၄% မှာဆည်မြောင်းရေ မရရှိကြပေ။ မိုးကောင်းသောက် လယ်မြေစနစ်ပေါ်တွင်၊ မြေဆီ၏လွှာနှင့် ရေစီမံခန့်ခွဲမှု နည်းပညာများကို ဖြစ်ထွန်းအောင် သုတေသနပြုကာ အထူးဂရုပြုဆောင်ရွက်ရန် များစွာလိုအပ်နေသည်။ ထို့ပြင် မြန်မာ့စိုက်ပျိုးရေး အသိပညာပေးခြင်းစနစ်သည်ရေစီမံခန့်ခွဲရေး အလေ့အကျင့်များဆိုင်ရာ နည်းလမ်းများနှင့် အကျွမ်းဝင်ရန် လိုအပ်ပြီးရေသုံးစွဲသူအုပ်စုများကို အကြံဉာဏ်နှင့် လမ်းညွှန်မှုများ ပေးနိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။

### ၈.၄.၁။ ထပ်ဆင့်ရလဒ် ၂.၁ – သုတေသနပြုလုပ်ခြင်း

၁၄၄။ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးသုတေသနစနစ်မှာ ရန်ပုံငွေ မလုံလောက်သည့်အပြင် တကွဲတပြား ဖြစ်နေသည်။ သီးနှံသုတေသနကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနကပါ လုပ်ဆောင်ကြသည်။ ဤဦးစီးဌာနနှစ်ခုနှင့် တက္ကသိုလ်တို့ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုကို ပိုကောင်းအောင် လုပ်ရမည်။ အထူးသဖြင့် သုတေသနစခန်းများနှင့် လုပ်ငန်းစီမံချက်များကို ကောင်းမွန်သော စီမံခန့် ခွဲနိုင်ရေး ဖြစ်သည်။ လက်ရှိ တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနကို ဆောင်ရွက်နေသော သုတေသနအဖွဲ့အစည်းစနစ် (Institutionalize Activity) ဟူ၍လည်း မည်မည်ရရ မရှိသေးပဲ မွေးကုဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မွေးဆေးတက္ကသိုလ် စသည်တို့အောက်တွင် အနည်းငယ်သာ ဆောင်ရွက်လျက်ရှိသည်။

သီးနှံများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့အား သုတေသန ပြုလုပ်ရန်အတွက် ညှိနှိုင်းဆောင်ရွက်မှုနှင့် လမ်းညွှန် မှုပေးနိုင်မည့် အမျိုးသား စိုက်ပျိုးရေး သုတေသန ကောင်စီ (NARC) တစ်ခု တည်ထောင်ခြင်းဖြင့် လက်ရှိ သုတေသနဆိုင်ရာ အားထုတ်မှုများ အကွဲကွဲ အပြားပြား ဖြစ်နေသည်ကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် နယ်ပယ်အသစ်များဖြစ်သည့် ရိတ်သိမ်းချိန်လွန် ကိစ္စရပ်များ၊ လယ်ယာစိုက်ပျိုးရေးစနစ်များ၊ တန်ဖိုးကွင်းဆက် စစ်တမ်းများ အပါအဝင် လူမှုစီးပွားရေးသုတေသန စသည်ဖြင့် သုတေသနနယ်ပယ်တိုးချဲ့ လုပ်ဆောင်ရာတွင် ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ဦးစီးဌာနတိုင်း သုတေသနအဖွဲ့အစည်းတိုင်းက ဦးစားပေးများကို သတ်မှတ်ပြီး သုတေသနပင်မစီမံကိန်းတွင် ပေါင်းစည်းပေးကာ တောင်သူတို့၏ လိုအင်များ၊ ဈေးကွက်၏ ဝယ်လိုအား၊ စိုက်ပျိုး–ဂေဟ အလိုက် ဆီလျော်ညီညွတ်မှု အခွင့်အလမ်းများ၊ စိုက်ပျိုးရေးကဏ္ဍ၏ အနာဂတ် လားရာမျှော်မှန်းချက်တို့နှင့် တစ်ပြေးညီဖြစ်စေရမည်။ အမျိုးသား စိုက်ပျိုးရေးသုတေသန ကောင်စီ (NARC) သည် အဖွဲ့အစည်း အသီးသီး မှ စီမံခန့်ခွဲလျက်ရှိသော စိုက်ပျိုးရေးသုတေသနစခန်းများ၏ စနစ်အား ပြန်လည် သုံးသပ်သွားမည်ဖြစ်ပြီး ၎င်းတို့အားပေါင်းစပ်ဖွဲ့စည်းရန်၊ ၎င်းတို့၏ စွမ်းဆောင်ရည်များကို တိုးမြှင့်၍ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးဂေဟဇုန်များ အားလုံးအား လွှမ်းခြုံနိုင်စေရန် လုပ်ဆောင်သွားမည်။

၁၄၅။ အခြေခံနှင့် အသုံးချသုတေသန (basic and applied research)[၂၅] တို့အပြင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုး တက်မှုမဟာဗျူဟာ(ADS) သည် သုတေသန လုပ်ဆောင်မှုများတွင် ပုဂ္ဂလိက ကဏ္ဍ ၊ စိုက်ပျိုးရေးဆိုင်ရာ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် တောင်သူတစ်ဦးချင်းစီ ပူးပေါင်းပါဝင်လာစေရန် လုပ်ဆောင်မှု သုတေသန (Action Research) အား ထောက်ပံ့မည့်အပြင် သုတေသနနှင့် တိုးချဲ့ပညာပေး လုပ်ငန်း တို့ကိုလည်း ကောင်းစွာ ပေါင်းစည်းနိုင်ရန် လုပ်ဆောင်သွားမည်။

၁၄၆။ လက်ရှိတွင် စိုက်ပျိုးရေးသုတေသန အများစုသည် သဘာဝသိပ္ပံပညာအပေါ်တွင် အခြေခံထားပြီး စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု၏ လူမှုစီးပွားရေးဆိုင်ရာ ရှုထောင့်များမှ သုတေသနပြုလုပ်ရန် လိုအပ်လျက် ရှိသည်။ ADS သည် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုတွင် မူဝါဒဆိုင်ရာလေ့လာမှုများပြုလုပ်ရန်အတွက် အဖွဲ့အစည်း တစ်ရပ်အား ထူထောင်သွားမည်။ တချိန်တည်းမှာပင် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကဏ္ဍ၌ အထူးပြုပညာရပ်၊ သုတေသနနှင့် မူဝါဒချမှတ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ အားကောင်းလာစေရန်နှင့် ပေါင်းစည်းနိုင်ရန် ADS က စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီကို ပြန်လည်ဖွဲ့စည်းရန် ထောက်ခံသည်။ ADS သည် ရှေ့တွင်ဖော်ပြခဲ့သော တကွဲတပြားဖြစ်နေသည့် ပြဿနာများ လျော့ပါးစေရန် သုတေသနစခန်းများတွင် လူမှုစီးပွားရေး ပညာရှင်များ အား (အထူးသဖြင့် စိုက်ပျိုးရေး ဘောဂဗေဒ၊ စိုက်ပျိုးစီးပွားရေး လုပ်ငန်းနှင့် ကျေးလက်ဒေသဆိုင်ရာ လူမှုဗေဒ/မနုဿဗေဒ) နှင့် ဇီဝဗေဒ ပညာရှင်များအား အတူတွဲ၍ လုပ်ကိုင်စေခြင်း၊ ဇီဝဗေဒ/ရူပဗေဒ သုတေသနကို တိုက်ရိုက် ဖြည့်စွက်ပေးမည့် လူမှုစီးပွားရေး သုတေသန စီမံကိန်း များ တည်ထောင်ခြင်းတို့ဖြင့် လုပ်ဆောင်သွားမည်။ လူမှုစီးပွားရေးနှင့် လယ်ယာ စိုက်ပျိုးရေး စနစ်များ သုတေသနတွင် သင့်လျော်သောနည်း ပညာအစုများကို အကောင်းဆုံးအသုံးပြုနိုင်ရန် အထူးအားဖြင့် ကျား/မရေးရာ အခန်းကဏ္ဍများကို ထည့်သွင်း စဉ်းစားသွားမည်ဖြစ်သည်။

၁၄၇။ အမျိုးသား စိုက်ပျိုးရေးသုတေသနကောင်စီ ထူထောင်ခြင်း၊ အခြားပြုပြင်ပြောင်းလဲခြင်းတို့ နှင့်အတူ စိုက်ပျိုးရေး သုတေသန လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး စီမံချက်ကိုလည်း ရေးဆွဲအကောင် အထည်ဖော်ကာ စိုက်ပျိုးရေးတွင် တီထွင်ဆန်းသစ်ရေးစနစ်ကို အထောက်အပံ့ပြုမည့် လူသား အရင်းအမြစ်ကို လုံလောက်စေရန် လုပ်ဆောင်သွားမည်။ အဆိုပါ လုပ်ငန်းစဉ်တွင် လူမှုရေးသိပ္ပံနယ်ပယ်အား အလေးပေးဆောင်ရွက်သွားမည်။

---

၂၅ လုပ်ဆောင်မှုသုတေသန (Action Research)သည် လုပ်ငန်းဆောင်ရွက်နေသူများအား စုံစမ်းမေးမြန်းပြီး စစ်တမ်းပြုသော စည်းစနစ်ကျသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ လုပ်ဆောင်မှုသုတေသန ပြုလုပ်ရခြင်း၏ ပင်မရည်ရွယ်ချက်မှာ “လုပ်ငန်းဆောင်ရွက်သူ” အား ၎င်း၏လုပ်ဆောင် ချက်များကို တိုးတက်ကောင်းမွန်အောင် (သို့မဟုတ်) ပြန်လည်ပြုပြင်နိုင်အောင် အကူအညီပေးနိုင်ရန်အတွက် ဖြစ်သည်။ ဤသုတေသနသည် PPP အတွက် အခွင့်အလမ်းများပေးနိုင်မည် ဖြစ်သည်။

စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းအပြင် သုတေသီများနှင့် သုတေသန အဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်အား အကဲဖြတ်သည့်စနစ်ကိုပါ ထူထောင်သွားမည်။

၁၄၈။ ပူးတွဲလုပ်ဆောင်နိုင်သောသုတေသန စီမံချက်များနှင့် လူသားအရင်းအမြစ် ဖလှယ်မှုများ မှတစ်ဆင့် နိုင်ငံတကာ စိုက်ပျိုးရေးသုတေသန အတိုင်ပင်ခံအဖွဲ့ (CGIAR)နှင့် နိုင်ငံတကာ သုတေသနဌာနများကိုပါ ချိတ်ဆက်၍ အားပေးမြှင့်တင်မည် ဖြစ်သည်။

၁၄၉။ သုတေသနစနစ်နှင့် နီးကပ်စွာချိတ်ဆက်မှုကို အားပေးမြှင့်တင်နိုင်ရန် ADS သည် အမျိုးသား စိုက်ပျိုး ရေးသုတေသနနှင့်တိုးချဲ့ပညာပေးရေးစနစ် (NARES) ထူထောင်ခြင်းအား ထည့်သွင်းစဉ်းစားမည် ဖြစ်သည်။ သုတေသနနှင့် တိုးချဲ့ပညာပေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် (NARES) အောက်တွင် တိကျသော လုပ်ဆောင်ချက်များစွာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့တွင် – ပူးတွဲသရုပ်ပြခြင်းများ၊ ပူးတွဲသင်တန်းပို့ချခြင်း၊ ပူးတွဲသုတေသန နှင့် ကုန်စည်ဆိုင်ရာ လက်စွဲစာအုပ်များကို ပူးတွဲရေးသားပြုစုခြင်းတို့ပါဝင်ပါသည်။ ထို့အပြင် သုတေသနတိုးချဲ့ပညာပေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်ပတ်လည် အစည်းဝေးပွဲများအား ပုံစံတကျ ပြုလုပ်သွားမည် ဖြစ်ပြီး ၎င်း NARES သည် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် နောင်တွင် ဆောင်ရွက်သွားမည့် သုတေသနနှင့် တိုးချဲ့ ပညာပေးရေး ချဉ်းကပ်မှုနည်းလမ်းများ၊ စီမံကိန်းများ၊ လုပ်ဆောင်ချက်များနှင့် ရလဒ်များအားဆွေးနွေးရန်၊ ဟန်ချက်ညီစေရန်နှင့် အားဖြည့်ပေးရန် လုပ်ဆောင်သွားမည်။

ဇယား ၁၅။ ထပ်ဆင့်ရလဒ် ၂.၁ - သုတေသနပြုလုပ်ခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင်၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု ထပ်ဆင့်ရလဒ် - ၂.၁။ | ချက်ချင်းရလဒ်များ |
|---|---|
| သီးနှံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများအတွက် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေး သုတေသနစနစ် | ၂.၁.၁။ အမျိုးသားစိုက်ပျိုးရေး သုတေသနကောင်စီ (NARC) ကို ထူထောင်ကာ သီးနှံ၊ မွေးမြူရေး၊ ရေလုပ်ငန်း ဈေးကွက်သွင်းအားစုဆိုင်ရာ သုတေသနများကို လမ်းညွှန်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းရန်။ အဆိုပါအတွက် မြန်မာ့စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်း အရပ်ဖက် အကယ်ဒမီ အဖွဲ့ဖွဲ့၍ လုပ်ငန်းများအား အကောင်အထည်ဖော်<br>၂.၁.၂။ ဈေးကွက်ဝယ်လိုအားနှင့် စားနပ်ရိက္ခာနှင့်အာဟာရဖူလုံရေးတို့နှင့် ကိုက်ညီသော ထိရောက်ကာ ရေရှည်တည်တံ့သည့် စိုက်ပျိုးထုတ် လုပ်မှုကို တိုးတက်စေမည့် သင့်လျော်သော နည်းပညာများ၊ နည်းနာ များ ထွက်ပေါ် လာရေး ရည်မှန်းချက်ဖြင့် အဖွဲ့အစည်း အသီးသီးက ဆောင်ရွက်မည့် ဦးစားပေး စိုက်ပျိုးရေးသုတေသနများနှင့် သုတေသန အစီအစဉ်များကို စုစည်းချမှတ်ပေးမည့် သုတေသန ပင်မစီမံချက်ကို ရေးဆွဲရန်။<br>၂.၁.၃။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒလေ့လာရေးအတွက် အဖွဲ့အစည်းထူထောင်ရန်။<br>၂.၁.၄။ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကဏ္ဍ၌ အထူးပြုပညာရပ်၊ သုတေသနနှင့် မူဝါဒ ချမှတ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ အားကောင်းလာစေရန်နှင့် ပေါင်းစည်းနိုင်ရန် စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီကို ပြန်လည်ဖွဲ့စည်းရန်။<br>၂.၁.၅။ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအမျိုးမျိုးနှင့် ကိုက်ညီသော သီးနှံများ၊ တိရစ္ဆာန်များ၊ ငါးလုပ်ငန်းများနှင့် အခြားသော ထွက်ကုန်များတွင် ပိုကောင်းသော မျိုးသစ်များ ရရှိရန် အလေးထား၍ ဇီဝဗေဒ၊ ဓာတု ဗေဒနှင့် ရူပဗေဒဆိုင်ရာ အခြေခံနှင့် အသုံးချ သုတေသနတို့ကို ဆောင်ရွက်ရန်။<br>၂.၁.၆။ ပထဝီဝင်အနေအထား၊ သီးနှံများ၊ ကုန်ထုတ်လုပ်မှုနည်းနာများနှင့် လယ်ယာ စိုက်ပျိုးရေးစနစ်များ အလိုက် လူမှုစီးပွားရေး သုတေသန၊ ကုန်ထုတ်လုပ်မှုစရိတ်နှင့် "ဈေးကွက်ရှာဖွေခြင်းဆိုင်ရာ စစ်တမ်းများ ဆောင်ရွက်ရန်။<br>၂.၁.၇။ ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းအား တိုးတက်စေရန် ရိတ်သိမ်း ချိန်လွန်နည်းပညာအပေါ်တွင် သုတေသနပြုလုပ်ရန်။ |

| မဏ္ဍိုင်၁ - ကောင်းမွန်သော စီမံအုပ်ချုပ်မှု ထပ်ဆင့်ရလဒ် - ၂.၁။ | ချက်ချင်းရလဒ်များ |
| --- | --- |
| | ၂၊၁၊၈။ ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အပါအဝင် သတင်းအချက်အလက်များ နှင့် သုတေသနရလဒ်များကို ကောက်နုတ်ခြင်း၊ ထုတ်ဝေခြင်းနှင့် မျှဝေခြင်းတို့ဆောင် ရွက် နိုင်မည့်စနစ်ကို တည်ထောင်ရန်။<br>၂၊၁၊၉။ သုတေသနလုပ်ဆောင်မှုများ၊ သုတေသနနှင့် တိုးချဲ့ပညာပေးမှုများကို ပေါင်းစည်းရာ တွင် တောင်သူများ၏ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက ကဏ္ဍကပါ ပါဝင် လာစေရန် လုပ်ဆောင်မှု သုတေသန ရန်ပုံငွေကို ထူထောင်ရန်။<br>၂၊၁၊၁၀။စိုက်ပျိုးရေးသုတေသန ဝန်ဆောင်မှုတို့၏ ဌာနဆိုင်ရာ၊ လူသားဆိုင်ရာ၊ အခြေခံအ ဆောက်အအုံ(ICT အပါအဝင်) ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည်ကို စိုက် ပျိုးရေးသုတေသနစီမံကိန်းပေါ်တွင် အခြေပြု၍ တည်ဆောက်နိုင်ရန်။ ယင်းတွင် -<br>• စိုက်ပျိုးရေး/သီးနှံသုတေသန ဝန်ဆောင်မှု<br>• မွေးမြူရေးသုတေသန ဝန်ဆောင်မှု (အသစ်)<br>• ရေလုပ်ငန်းနှင့် ငါးပုစွန်မွေးမြူရေး သုတေသန ဝန်ဆောင်မှု(အသစ်)<br>၂၊၁၊၁၁။ လက်ရှိ ရှိနေသော သုတေသနဌာနများ၏ စွမ်းဆောင်ရည်ကို အား ကောင်းလာစေပြီး၊ တိုင်းဒေသကြီးများ/ပြည်နယ်များ အားလုံးနှင့် သီး နှံများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့ အတွက် စိုက်ပျိုး ဂေဟဇုန်များ အားလုံးအား လွှမ်းခြုံနိုင်ရန် တိုးချဲ့ဆောင်ရွက်ရန်။<br>၂၊၁၊၁၂။ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံ နှစ်ခုလုံးတွင် ကာလတို၊ ကာလလယ်၊ ကာလရှည် သင်တန်းများ တက်ရောက်နိုင်မည့် သုတေသီများနှင့် ကျွမ်းကျင်ဝန်ထမ်းများအား၏ အရေအတွက် တိုးတက်လာစေရန် လုံလောက်သော အရင်းအမြစ်များ ပံ့ပိုးပေးခြင်း။<br>၂၊၁၊၁၃။ စိုက်ပျိုးရေးသုတေသန လုပ်ငန်း၏ လုပ်ငန်းစွမ်းဆောင်ရည်ကို အကဲ ဖြတ်မည့်စနစ် တစ်ခု ထူထောင်ရန်။<br>၂၊၁၊၁၄။ CGIAR မှတစ်ဆင့် အမျိုးသားစိုက်ပျိုးရေးသုတေသနအတွက် နိုင်ငံတကာမှ ဝန် ဆောင်မှု (International Service for National Agriculture Research) ကို အဓိက ပါဝင်စေလျက် နိုင်ငံတကာ စိုက် ပျိုးရေးသုတေသန မိတ်ဖက်အစီအစဉ်သစ် တစ်ခုကို ထူထောင်ရန်။<br>၂၊၁၊၁၅။ ညှိနှိုင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း တိုးချဲ့ပညာပေးရေးနှင့် သုတေသန စနစ်များအား အသေးစိတ် စစ်တမ်းကောက်ယူခြင်းကို ဆောင်ရွက်ရန်။<br>၂၊၁၊၁၆။ သုတေသနနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းအကြား ညှိနှိုင်းဆောင်ရွက်မှု လွယ်ကူ စေရန် အမျိုးသား စိုက်ပျိုးရေးသုတေသနနှင့် တိုးချဲ့ ပညာပေးရေးစနစ် (NARES) အား ထူထောင်ရန်။<br>၂၊၁၊၁၇။ အတွေ့အကြုံနှင့် သတင်းအချက်အလက်များ ဖလှယ်ရန်နှင့် သီးနှံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရန် သုတေသန-တိုးချဲ့ ပညာပေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်ပတ်လည် အစည်းဝေးပွဲများအား ကျင်းပပြုလုပ်ရန်။<br>၂၊၁၊၁၈။ ခေတ်မီသော လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သုတေသနရလဒ်များနှင့် တိုးချဲ့ပညာ ပေးရေး အကြံပြုချက်များအား ပူးတွဲဖော်ပြရန်အတွက် လယ်သမားများအား သင် တန်းပို့ချခြင်းလုပ်ငန်းနှင့် လိုက်လျောညီထွေရှိသော သုတေသနဌာများ တည်ထောင် ခြင်း/ပြန်လည်ထူထောင် ခြင်း။<br>၂၊၁၊၁၉။ သုတေသီများနှင့် ပညာပေးဝန်ထမ်းများမှ ကုန်စည်ဆိုင်ရာ လက်စွဲ စာအုပ်များ ရေး သားပြုစုခြင်း အပါအဝင် ပူးတွဲပြင်ဆင်ခြင်း၊ မြှင့်တင်ခြင်းနှင့် ဖြန့်ဝေခြင်းတို့ လုပ် ဆောင်ပြီး လယ်သမားများမှ လိုက်နာသုံးစွဲနိုင်ရန် တိုးတက်လာသော ကုန်ထုတ် လုပ်မှုနည်းပညာများအကြောင်း အသိပညာပေးရန်။ |

## ၈.၄.၂။ ထပ်ဆင့်ရလဒ် ၂.၂ – တိုးချဲ့ပညာပေးရေး

၁၅၀။ သုတေသနတွင် အဓိက အကြောင်းကိစ္စရပ်များမှာ ရန်ပုံငွေမလုံလောက်မှုနှင့် တကွဲတပြား ရှိနေမှုဖြစ်သကဲ့သို့ တိုးချဲ့ပညာပေးရေး၏ အဓိကအကြောင်းကိစ္စရပ်များမှာ ရန်ပုံငွေမလုံလောက်မှုနှင့် ချဉ်းကပ်မှုနည်းလမ်းတို့ ဖြစ်နေသည်။ သုတေသန–တိုးချဲ့ပညာပေးရေး ချိတ်ဆက်မှုများ အားနည်းခြင်းသည် လုပ်ငန်းနှစ်ရပ်လုံးအတွက် ပြဿနာဖြစ်သည်။ ယခင်က တိုးချဲ့ပညာပေးမှု အများစုမှာ စပါးအထွက်တိုးရေး အတွက်သာ ဦးတည်သည်။ အခြားထွက်ကုန်များ(ဆန်စပါးမဟုတ်သောသီးနှံများ၊ မွေးမြူရေး)တို့ အတွက်မှာ အကန့်အသတ်ဖြင့်သာ ရှိသည်။ စက်မှုကုန်ကြမ်း သီးနှံများဖြစ်သော ရာဘာ၊ ကြံ၊ ဝါဂွမ်း စသည်တို့နှင့် သက်ဆိုင်သော နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့လွှဲပြောင်းပေးလိုက်သဖြင့် ထိုထွက်ကုန်များအတွက် တိုးချဲ့ပညာပေးရေး အားထုတ်မှုများ၏ တစိတ်တပိုင်းကိုလည်း ပုဂ္ဂလိက ကဏ္ဍသို့လွှဲပြောင်း ပေးခဲ့ရသည်။ ထို့ကြောင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများ ဖြစ်သည့် (က) ပို၍ အမယ်စုံသော အစိုးရ–ပုဂ္ဂလိကစနစ်၊ (ခ) တန်ဖိုးမြှင့် ထွက်ကုန်၊ (ဂ) ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းနှင့် NGO များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ (ဃ) တောင်သူများ၏ လိုအပ်ချက်များနှင့် ဈေးကွက် တောင်းဆိုမှုများကို တုံ့ပြန်နိုင်စွမ်း၊ (င) သုတေသနနှင့် နီးကပ်စွာ ချိတ်ဆက်မှု စသည်တို့ အတွက် လိုအပ်သောတိုးချဲ့ပညာပေးမှုများကို ကောင်းစွာမကျွမ်းကျင် မတတ်မြောက်သော တိုးချဲ့ပညာပေး လုပ်သားများဖြင့် ဆောင်ရွက်နေကြရသည်။ ထို့ကြောင့် ဘက်ပေါင်းစုံတွင် ပြောင်းလဲမှု ဖြစ်စဉ်တစ်ရပ်လိုအပ်လျက်ရှိပြီး ယင်းတို့တွင် – မိမိအကြိုက်ကိုပေးခြင်းအစားတောင်သူ့အကြိုက်ကိုပေးခြင်း၊ အထက်မှ အောက်သို့ ဖွဲ့စည်းထားခြင်းအစား အောက်မှအထက်သို့ ဖွဲ့စည်းခြင်း၊ ထွက်ကုန်များကို ဦးတည်ထားရာမှ လယ်သမားများကို ဗဟိုပြုခြင်းသို့နှင့် ပြဿနာဖော်ပြခြင်းမှ ပြဿနာဖြေရှင်းခြင်းသို့ ဆောင်ရွက်ပေးရန် စသည်တို့ ပါဝင်ပါသည်။

၁၅၁။ ပုဂ္ဂလိက တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှုပေးသူများအား အားပေးမြှင့်တင်သည့်အနေဖြင့် ပြေစာစနစ် (vouchers) ကို အသုံးပြုကာ တောင်သူလယ်သမားများအား မိမိတို့နှစ်သက်သည့် ဝန်ဆောင်မှုပေးသူများကို ရွေးချယ်နိုင်မည့် နည်းလမ်းများ ပေးနိုင်သည်။ အဆိုပါလုပ်ငန်းကို ရှေ့ပြေးစမ်းသပ် အစီအစဉ်မှတစ်ဆင့် လုပ်ဆောင်သွားမည်။ ပုဂ္ဂလိက တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှု ပေးသူများသည် လယ်သမားများနှင့် စိုက်ပျိုး– စားသောက်ကုန် စီးပွားရေးလုပ်ငန်းများ အကြားရှိ လယ်ယာစိုက်ပျိုးရေး သဘောတူစာချုပ်၏ အစိတ်အပိုင်း တစ်ခု ဖြစ်လာမည်။

၁၅၂။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)သည် လက်ရှိချဉ်းကပ်မှုနည်းလမ်းကို ပူးပေါင်းပါဝင်သော ချဉ်းကပ်မှုနည်းလမ်းများအဖြစ်သို့ ပြောင်းလဲခြင်း၊ တောင်သူလယ်သမား အဖွဲ့အစည်းများကို ဖြစ်ထွန်းစေခြင်း၊ ဦးစီးဦးရွက်ပြုသည့် တောင်သူများအား ဆက်သွယ်ခြင်း ထုတ်လုပ်ရေးစနစ်ကို အမယ်စုံ လင်စေခြင်း၊ စိုက်ပျိုး–ဂေဟနှင့် ဆီလျော်မှု၊ ဈေးကွက်တောင်းဆိုမှု၊ မိုးရေကို အဓိက အသုံးပြုသော စိုက်ပျိုးရေး စနစ် တွင် ရေအခက်အခဲများ အပါအဝင် တောင်သူတို့၏ လိုအပ်ချက်များနှင့် ကန့်သတ် ချက်များ (အထူးသဖြင့် အမျိုးသမီး တောင်သူများ) အား ထည့်သွင်းစဉ်းစားခြင်း စသည်တို့ကို ရည်ရွယ်သော တိုးချဲ့ပညာပေးရေးမူဝါဒကို ရေးဆွဲမည်။ (ICT) နည်းပညာကြောင့် တောင်သူတို့ ဆက်သွယ်ရေးကို ရရှိလာသဖြင့် ယခင်က မရရှိခဲ့သောအသိပညာများ ရရှိရန် အခွင့်အလမ်းများ ရှိလာသည်။

၁၅၃။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)သည် အသိပညာ စနစ်များကို တိုးမြှင့်ကာ (ICT) နှင့် ပေါင်းစည်းခြင်းဖြင့် တိုးချဲ့ပညာပေးရေး လုပ်သားများက သက်ဆိုင်သော အသိပညာကို လက်လှမ်းမီလာကာ တောင်သူများသို့ ဆက်လက် ပေးအပ်စေမည်။

ဇယား ၁၆။ ထပ်ဆင့်ရလဒ် ၂.၂.၃- တိုးချဲ့ပညာပေးခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၂။ | ချက်ချင်းရလဒ်များ |
| --- | --- |
| အစိုးရနှင့် ပုဂ္ဂလိကဆိုင်ရာ စိုက်ပျိုးရေး တိုးချဲ့ပညာပေးခြင်း စနစ်အား အသွင်ပြောင်းလဲ၍ ပိုမိုကောင်းမွန်သော ထုတ်ကုန်များ (သီးနှံ၊ မွေးမြူရေး၊ ရေလုပ်ငန်း) နှင့် လိုက်လျောညီထွေ ပြင်ဆင် အသုံးပြုနိုင်မည့် နည်းပညာတို့ကို ပေးအပ်နိုင်ခြင်း နှင့် စိုက်ပျိုးရေး သုတေသနနှင့် ပိုမို ချိတ်ဆက်လာနိုင်ခြင်း။ | ၂.၂.၁။ စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန၏တာဝန်များ (သီးနှံ၊မွေးမြူရေး၊ ရေလုပ်ငန်း၊ သမဝါယမ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး) နှင့် စိုက်ပျိုးရေးဦးစားပေးများ၊ ADS၏ အနာဂတ်လားရာ မျှော်မှန်းချက်ဖြစ်သော စားနပ်ရိက္ခာဖူလုံရေး၊ လယ်သမားတို့၏ လူမှုစီးပွားရေး ကောင်းမွန်ရေး၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးမှု စသည်တို့ကို လွှမ်းခြုံသော အမျိုးသား တိုးချဲ့ ပညာပေးရေးမူဝါဒ နှင့် မဟာဗျူဟာကိုရေးဆွဲရန်၊ တိုးချဲ့ ပညာပေးရေးစနစ်ကို ပြန်သုံး သပ်ရန်။<br>၂.၂.၂။ ဈေးကွက်ဝယ်လိုအား၊ လယ်သမားတို့၏ လိုအပ်ချက်တို့နှင့် အညီ စိုက်ပျိုးကုန်ထုတ်မှု အမြဲတိုးတက်စေမည့် နည်းပညာ လွှဲပြောင်းပေးမှု တောင်သူလယ်သမား ပညာပေးမှု တို့အတွက် လုပ်ငန်း လမ်းညွှန်ချက်များ၊ တိုးချဲ့ပညာပေးရေး မူဝါဒများ၊ မဟာဗျူဟာ များ ကို အခြေခံ၍ တိုးချဲ့ပညာပေးရေး လုပ်ထုံးလုပ်နည်းများကို ပြုစုရေးသားကာ ပုံမှန် မှတ်တမ်းတင်ရန်။<br>၂.၂.၃။ တိုးချဲ့ပညာပေးလုပ်ငန်းအတွက် ဦးစားပေးများကို ဖော်ထုတ်ရန်၊ တိုးချဲ့ပညာပေးလုပ်ငန်း အစီအစဉ်များကို ကျေးရွာတစ်ခုချင်းစီ (သို့) ကျေးရွာအုပ်စု အဆင့်တွင် ရေးဆွဲရန် (ထိုမှ တစ်ဆင့် မြို့နယ်၊ ခရိုင်၊ ပြည်နယ် နှင့် ပြည်ထောင်စုအဆင့်ထိ စုပေါင်းသွားရန်)၊ လယ် သမားများ၊ လယ်သမား အဖွဲ့အစည်းများ နှင့် အခြား ပတ်သက်ဆက်နွယ်နေသူ များအား အဆင့်အားလုံး၌ တိုးချဲ့ပညာပေးရေး နှစ်စဉ်လုပ်ငန်းစီမံချက် ရေးဆွဲခြင်းတွင် ပါဝင်ဆောင်ရွက်စေရန်။<br>၂.၂.၄။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းတိုးချဲ့ပညာပေးရေးအဖွဲ့ အစည်းများနှင့် ဝန်ထမ်း များ၏ စွမ်းဆောင်ရည်ကို တည်ဆောက် အားဖြည့်ပေးရန်၊ သင်တန်း( ရေရှည်၊ဌာန တွင်း၊ အရည်အချင်းစစ်ဆေးခြင်းအပါအဝင်)နှင့် ခရီးသွားလာရေး၊ ဆက်သွယ်ရေး အထောက်အပံ့များကို ပေးရန်။<br>၂.၂.၅။ အာဟာရပြည့်ဝသော၊ အမြတ်ရနိုင်သော၊ သီးနှံ၊ သား၊ငါး၊ ထုတ်လုပ်ရေးကို အထူးအ လေးပေး ဖော်ထုတ်ထားသော ဦးစားပေးများ၊ ရနိုင်သော အရင်းအမြစ်များနှင့်အညီ ကျေးရွာ အဆင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အရင်းအမြစ်များ ကို လုံလောက်စွာ ထောက်ပံ့ရန်။<br>၂.၂.၆။ ကျား၊မ တန်းတူအခွင့်အရေး၊ လူမှုရေးတွင်အားလုံးပါဝင်ရေး၊ အာဟာရ စသည့် ကိစ္စရပ် များကို အလေးမူ၍ ကွင်းဆင်းဝန်ထမ်းကို အထူးလေ့ ကျင့်ပေးခြင်း အပါ အဝင်၊ လယ် သမားအစည်းအရုံးများ၊ လယ်သမားလေ့လာသင်ယူမှုကျောင်းများ၊ လယ်သမားဈေး ကွက်မြှင့်တင်ရေး ကျောင်းများ၊ ထိုကျောင်းများတွင် လယ်သမားများ ပါဝင်ဆောင် ရွက်နိုင်သော သင်ယူမှုနည်းစနစ်များကို ကွင်းဆင်းဝန်ထမ်းများကို သင်ကြားပေးရန်။<br>၂.၂.၇ လယ်သမားများအား အကျိုးပို၍ရှိစေသော ဘာသာရပ်များတွင် ကျွမ်းကျင်သူ အရေ အတွက်နှင့် စွမ်းဆောင်ရည်ကိုတိုးမြှင့်ပေးရန် - ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် သူ များ စုဆောင်းခြင်းနှင့် ပိုမိုခန့်အပ်ထားခြင်း၊ ၎င်းတို့၏ ဘာသာရပ်အလိုက် သင်တန်း ပို့ချခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် တိုးချဲ့ပညာပေးလုပ်ငန်းတွင် အထူးပံ့ပိုးမှုများ ပြု လုပ်ပေးခြင်းဖြင့် ဆောင်ရွက်သွားမည်။<br>၂.၂.၈။ အပြောင်းအလဲတွင် ပါဝင်လာနိုင်စေရန် တောင်သူလယ်သမား အဖွဲ့အစည်း များကို (အုပ်စုများ၊ အသင်းအဖွဲ့များ၊ သမဝါယမ၊ အဖွဲ့ချုပ်များ) အားဖြည့်ပေးရန်။ (ရန်ပုံငွေ အား မဏ္ဍိုင် ၁ အောက်ရှိ - ချက်ချင်းရလဒ် ၁.၅ တွင် ခွဲဝေပေးထားသည်။) |

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၂။ | ချက်ချင်းရလဒ်များ |
|---|---|
| | ၂.၂.၉။ လယ်သမားများနှင့် လယ်သမားအဖွဲ့အစည်းများမှ ဒေသအဆင့် (ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်) တိုးချဲ့ပညာပေးလုပ်ငန်းများ အတွက် နှစ်စဉ်လုပ်ငန်း အစီအစဉ်များ ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်နိုင် စေရန်။<br>၂.၂.၁၀။ သတင်းအချက်အလက် နှင့် အသိပညာစနစ်တစ်ရပ်ကို ထူထောင်ကာ လယ်သမားများကို အကြံပေးဝန်ဆောင်မှုများ ပေးနိုင်ရန်။<br>၂.၂.၁၁။ လယ်သမားများနှင့် အခြားပတ်သက်ဆက်နွယ်နေသူများမှ တောင်းခံသော သတင်းအချက်အလက်နှင့် အသိပညာတို့ကို ဘာသာရပ်အလိုက် ကျွမ်းကျင်သူများ နှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်စေခြင်းဖြင့် ကိုင်တွယ် ဖြေရှင်းရန်။<br>၂.၂.၁၂။ သီးနှံ၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ပျားမွေးမြူရေး နှင့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းများ၊ လုပ်ဆောင်ချက်များနှင့် အခြားနည်းလမ်းများဆိုင်ရာ လက်စွဲ စာအုပ်များ အပါအဝင် လယ်သမားများအတွက် ရိုးရှင်းလွယ်ကူမည့် နည်းပညာဆိုင်ရာ စာရွက်စာတမ်းများကို ပြုစုဖြန့်ဝေရန်။<br>၂.၂.၁၃။ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများ၊ ပညာပေးလုပ်သားများ နှင့် လယ်သမားများအား အသိပညာစနစ်၊ သရုပ်ပြမှုများ၊ နောက်ဆုံး ထွက်ရှိသော သီးနှံ/တိရစ္ဆာန်/ ရေလုပ်ငန်းဆိုင်ရာ လက်စွဲစာအုပ်များ၊ သုတေသနဌာနများ၊ ဖုန်းဝန်ဆောင်မှုဌာနများ၊ အသိပညာဌာနများ အပါအဝင် အကြံပေးဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးမည့် ICT နည်းပညာအား အားပေးမြှင့်တင်ရန်နှင့် အသုံးပြုသွားရန်။<br>၂.၂.၁၄။ လယ်သမားများမှ တိုးချဲ့ပညာပေးသူများကို ရွေးချယ်နိုင်ရန် တိုးချဲ့ပညာပေးရေးနှင့် အကြံပေးရေးဝန်ဆောင်မှုများအတွက် ဘောက်ချာစနစ်ကို ရှေ့ပြေးဆောင်ရွက်ရန်။<br>၂.၂.၁၅။ လယ်သမားများအတွက် ဈေးကွက်ရှာဖွေရေး သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ရန်။<br>၂.၂.၁၆။ ကျားမ ရေးရာ၊ လူမှုရေးတွင် အားလုံးပါဝင်စေရေး (Gender and Social Inclusion – GESI) နှင့် အာဟာရတို့အား အလေးထားစေရန် ကွင်းဆင်း ဝန်ထမ်းများအား သင်တန်းပေးရန်။ |

### ၈.၄.၃။ ထပ်ဆင့်ရလဒ် ၂.၃ – ပညာရေး

၁၅၄။ သုတေသနစနစ်ကဲ့သို့ပင် စိုက်ပျိုးရေး ပညာသင်ကြားရေးမှာလည်း ရန်ပုံငွေမလုံလောက်ကာ ဆက်စပ်ပေါင်းစည်းမှု အားနည်းနေသည်။ ပြောင်းလဲနေသော တောင်သူတို့၏ လိုအင်နှင့် ကျေးလက် ဒေသရှိ ပုဂ္ဂလိက ကဏ္ဍတို့၏ လိုအင်ကို တုံ့ပြန်နိုင်မည့် "လူသားအရင်းအနှီး" ကို တည်ဆောက်ရန် ပညာသင်ကြားရေးနှင့် လေ့ကျင့်ရေးကို ဖွံ့ဖြိုးအောင် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) က မြှင့်တင်မည်။ ထိုသို့ဆောင်ရွက်ရာတွင် – (က) ရေရှည်တွင် တက္ကသိုလ်စနစ် (University System) ကို ပေါင်းစည်းကာ စိုက်ပျိုးရေးနှင့်၊ မွေးမြူရေး လုပ်ငန်းအတွက် ကောလိပ်များဖွင့်ခြင်း၊ (ခ) ပေါင်းစည်းထားသော တက္ကသိုလ်တို့တွင် အစဉ်အလာသဘာဝ သိပ္ပံပညာရပ် အပြင်စိုက်ပျိုးရေးဘောဂဗေဒ၊လယ်ယာ စီးပွားရေးလုပ်ငန်းနှင့် ဈေးကွက်ရှာဖွေခြင်း၊ စိုက်ပျိုး– အင်ဂျင်နီယာ၊ ရေစီမံခန့်ခွဲခြင်း၊ အစား အသောက် နည်းပညာ၊ စိုက်ပျိုးရေး တိုးချဲ့ပညာပေးရေးနှင့် ဆက်သွယ်ရေးစသော ဘာသာရပ်တို့ကိုပါ ထည့်သွင်းသင်ကြားခြင်း၊[၂၆] (ဂ) အဓိကကျသော ကဏ္ဍအလိုက် ဘာသာရပ်များကို သုံးနှစ် ဒီပလိုမာ သင်တန်းများ ဖွင့်ပေးရန် အစိုးရစိုက်ပျိုးရေးသိပ္ပံများ (State Agricultural Institutes – SAI) ကို တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် ဖွင့်လှစ်ခြင်းနှင့် (ဃ) အထက်တန်းကျောင်း အဆင့် စိုက်ပျိုးရေးသင်တန်းကျောင်း နှင့် အခြားအသက်မွေးကျောင်းမှု သင်တန်းကျောင်း (အစိုးရ/ပုဂ္ဂလိက) များကို ပြန်လည်အသက်သွင်းခြင်း စသည်တို့လုပ်ဆောင်ရန် လိုအပ်ပါသည်။

---

၂၆ စိုက်ပျိုးရေးတက္ကသိုလ်တွင် ဘာသာရပ်ဌာနသစ်များ ဖွင့်လှစ်ခြင်း၊ ဌာနတစ်ချို့ကို အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းတို့ စတင်ဆောင်ရွက်နေပြီ။

ဇယား ၁၇။ ထပ်ဆင့်ရလဒ် ၂.၃ - ပညာရေးဆိုင်ရာ ချက်ချင်းရလဒ်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲခြင်း

| မဏ္ဍိုင်၂ - ကုန်ထုတ်စွမ်းအား<br>ထပ်ဆင့်ရလဒ် - ၂.၃။ | ချက်ချင်းရလဒ်များ |
|---|---|
| ကျေးလက်ဒေသရှိ တောင်သူများနှင့် ကျေးလက်ဒေသ ပုဂ္ဂလိက ကဏ္ဍတို့၏ ပြောင်းလဲလာသော လိုအင်တို့ကို တုံ့ပြန် ပေးမည့် 'လူသားအရင်းအနှီး' ကို စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကဏ္ဍတွင် တည်ဆောက်နိုင်ရန် အတွက် ထိရောက်သော ပညာသင်ကြားရေး နှင့် လေ့ကျင့် ပေးရေးအား ဖွံ့ဖြိုးစေခြင်း (သို့ မဟုတ်) ပြန်လည် မွမ်းမံခြင်း | ၂.၃.၁။ လက်ရှိ ရေဆင်းတက္ကသိုလ်တို့ကို ရေရှည်တွင် လွတ်လပ်သော တစ်ခုတည်းသော တက္ကသိုလ်အဖြစ်သို့ ပေါင်းစည်းကာ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အတွက် ကောလိပ်များဖြင့် ဘွဲ့ကြိုဘွဲ့ရ အတန်းများ သင်ကြားပေးရန်။<br>၂.၃.၂။ စိုက်ပျိုးရေးဘောဂဗေဒ၊ စိုက်ပျိုးစီးပွားရေးလုပ်ငန်းနှင့် ဈေးကွက်ရှာဖွေခြင်း၊ စိုက်ပျိုး-အင်ဂျင်နီယာ၊ ရေစီမံခန့်ခွဲခြင်း၊ အစားအသောက်နည်းပညာ၊ စိုက်ပျိုးရေး တိုးချဲ့ပညာပေးရေးနှင့် ဆက်သွယ်ရေးစသည့် တို့ အပါအဝင် ကဏ္ဍအလိုက် အဓိကဘာသာရပ်တို့ကို ရေဆင်းနှင့် အခြား တက္ကသိုလ်များတွင် သင်ကြားရန်။<br>၂.၃.၃။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးရှိ အစိုးရစိုက်ပျိုးရေးသိပ္ပံ (SAI) တို့တွင် သုံးနှစ်ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ကာကဏ္ဍအလိုက် အဓိကဘာသာရပ်များဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ စက်မှု၊ အစားအသောက်နည်းပညာ၊ လယ်ယာမြေစီမံခန့်ခွဲမှု၊ လယ်ယာစီးပွားရေး လုပ်ငန်းနှင့် ဈေးကွက်တင်ခြင်း တို့ကို သင်ကြားပေးရန်။ |

## ၈.၄.၄။ ထပ်ဆင့်ရလဒ် ၂.၄ – ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲခြင်း

၁၅၅။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန၏ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအများစုကို ရယူထားသည်။ ဤသို့ အမြောက်အမြားရင်းနှီးမြှုပ်နှံထားသော်လည်း တစ်နှစ်ပတ်လုံး ရေ ရရှိမှုမှာ အဓိကသီးနှံ(စပါး) အတွက်ရော၊ ကျန်သီးနှံများ အတွက်ပါ မလုံလောက်ပေ။ လက်ရှိဆည်မြောင်းစနစ် အများစုမှာလည်း စပါးအတွက်သာ ပုံစံရေးဆွဲဆောက် လုပ်ထားပြီး အမယ်စုံစိုက်ပျိုးရေးအတွက် လိုအပ်သော ဌာနဆိုင်ရာနှင့် အခြေခံအဆောက်အအုံများ မရှိသေးပေ။ ဆည်မြောင်း စနစ်များကို အမယ်စုံ စိုက်ပျိုးထုတ်လုပ်ရေးအတွက် ရည်ရွယ်၍ အဆင့်မြင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှုများကို တိုးတက်ဆောင်ရွက်သင့်ပါသည်။

၁၅၆။ ၈၄% မျှသော စိုက်ပျိုးမြေတို့မှာ ဆည်ရေမရရှိသော်လည်း မိုးကောင်းသောက်လယ်ယာစနစ်၊ မြေဆီလွှာနှင့် ရေအသုံးချမှုအလေ့အကျင့်များနှင့် နည်းပညာများကို သုတေသနပြုခြင်း၊ သရုပ်ပြရှင်းလင်းခြင်းနှင့် ဖြန့်ဝေခြင်းများအားလည်း လုံလောက်စွာ လုပ်ဆောင်နေခြင်း မရှိသေးပေ။ ထို့အပြင် ဧရာဝတီ၊ ပဲခူးနှင့် စစ်တောင်းမြစ်ဝှမ်း ဒေသများရှိ ရေနုတ်ခြင်းကိုသာ ဆောင်ရွက်ပေးရန်လိုသောကြောင့် မိုးကောင်းသောက်ဇရိယာ အမြောက်အမြားကို အသုံးချရာတွင် မြေများထုတ်လုပ်မှုစွမ်းအား နည်းလျက်ရှိသည်။

၁၅၇။ အမျိုးသားအဆင့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုမူဝါဒ (National Integrated Water Resources ManagementPolicy)၏ ရည်ရွယ်ချက်အရစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS)သည် ဆည်မြောင်းနှင့် ရေစီမံခန့်ခွဲရေးကဏ္ဍတွင် ဆက်လက်ရင်းနှီးမြှုပ်နှံမည်။ ဆည်မြောင်း စနစ်ကိုလည်း ထိရောက်မှုနှင့် သက်ရောက်မှု ပိုမိုရှိလာစေရန် ပြန်လည် ဦးတည်ပေးမည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ADS သည် (က) အမယ်စုံ လယ်ယာစိုက်ပျိုးရေးစနစ်များ ပိုမိုဖြစ်ထွန်းစေရန် စပါးနှင့် အခြားသီးနှံများအတွက် လယ်ယာကဏ္ဍ ရေအသုံးချရေး စီမံခန့်ခွဲမှုကို အလေးထားဆောင်ရွက်ခြင်း၊ (ခ) အခြေခံကျသော အသုံးပြုမှုနှင့် ထိန်းသိမ်းမှု လုပ်ငန်းများသာမက တဖြည်းဖြည်းနှင့် ဆည်မြောင်းစနစ် တစ်ခုလုံးကိုပါ စီမံခန့်ခွဲနိုင်ရန် ရေအသုံးချသူအသင်းအဖွဲ့များ (WUA) အားကောင်းလာပြီး စွမ်းဆောင်ရည် မြင့်တက်လာစေရန် ပံ့ပိုးပေးခြင်း၊ (ဂ)

ဆင်းရဲမှုနှိမ်းပါးမှု ပပျောက်ရေး၊ နိုင်ငံ၏ စိမ်းလန်းစိုပြေရေးနှင့် ရေရှည်ဖွံ့ဖြိုးရေးတို့အတွက် ဖြည့်ဆည်းပေးနိုင်ရန် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်ကို ဘက်စုံပေါင်းစည်းထားကာ အားလုံးပါဝင်စေသော စီမံခန့်ခွဲမှုဖြင့် တည်ဆောက် မျှဝေခန့်ခွဲနိုင်မည့် ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲမှုကို လိုက်နာကျင့်သုံးခြင်း၊ (ဃ) အထူးသဖြင့် ရေကြီးရေလျှံမှု အဖြစ်များသော ဒေသများအတွက် ရေနုတ်မြောင်း နှင့်ရေကြီးရေလျှံမှု ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ် ဖြေရှင်းခြင်း၊ (င) ရေနုတ်မြောင်းစနစ်များ ဆိုင်ရာ သုတေသန၊ တိုးချဲ့ပညာပေးရေးနှင့် ရင်းနှီးမြှုပ်နှံခြင်းတို့ ဆောင်ရွက်ခြင်းမှတစ်ဆင့် မိုးကောင်းသောက် လယ်မြေများကို သေချာစွာ အာရုံစိုက်ဆောင်ရွက်ပေးခြင်း၊ (စ) ရေရှည်တည်တံ့ပြီး ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျော ညီထွေဖြစ်မည့် မြေအောက်ရေ အသုံးချနိုင်မှု အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ခြင်း စသည်တို့ကို လုပ်ဆောင်သွားမည်။

ဇယား ၁၈။ ထပ်ဆင့်ရလဒ် ၂.၄ - ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲခြင်းဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား<br>ထပ်ဆင့်ရလဒ် - ၂.၄။ | ချက်ချင်းရလဒ်များ |
|---|---|
| ပိုမို တုန့်ပြန်မှုအားကောင်းပြီး အားထားရသော ဆည်မြောင်းနှင့် ရေနုတ်မြောင်း ဝန်ဆောင်မှုများ နှင့် ပိုမိုထိရောက်မှုရှိပြီး ရေရှည်ခံသော ရေအသုံးချမှု စီမံခန့်ခွဲရေး စနစ်များ။ | ၂။၄။၁။ မြန်မာနိုင်ငံ အမျိုးသားအဆင့် ရေမူဝါဒအတွက် လုပ်ထုံးလုပ်နည်းများကို ပြုစုခြင်း။<br>(က) မိုးကောင်းသောက်စိုက်ပျိုးရေး၊ ရေနုတ်မြောင်း၊ မြေအောက်ရေ၊ ရေအသုံး ချ သူများ အသင်းအဖွဲ့များ (WUA) နှင့် ဆည်ရေသွင်းဝန်ဆောင်မှု အခကြေးငွေ (Irrigation Service Fees – ISF) စသည်တို့အတွက် စည်းမျဉ်းများ အပါအဝင် အမျိုးသားရေးရာမူဝါဒကို အကောင်အထည်ဖော်မည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြုစုရန်။<br>(ခ) ရေအသုံးချမှု စီမံခန့်ခွဲရေး အလေ့အကျင့်များကို သုတေသနပြုလုပ်ရန်၊ စစ်တမ်းကောက်ရန်၊ သရုပ်ပြရန်၊ သင်တန်းပို့ချရန်၊ တိုးချဲ့ပညာပေးရန်၊ လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြုစုရန်။<br>၂။၄။၂။ မိုးကောင်းသောက် စိုက်ပျိုးရေးဆိုင်ရာ ရေစီမံခန့်ခွဲမှုအတွက် သင့်လျော်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်။<br>(က) မိုးကောင်းသောက်စနစ်များတွင် ရေအသုံးချမှု စီမံခန့်ခွဲရေးအတွက် သုတေသနနှင့် သင်တန်းများ ဆောင်ရွက်ရန်။<br>(ခ) မိုးကောင်းသောက်စနစ်များတွင် ရေအသုံးချမှု စီမံခန့်ခွဲရေးအတွက် သရုပ်ပြခြင်းနှင့် တိုးချဲ့ပညာပေးခြင်း စီမံကိန်းများ လုပ်ဆောင်ရန်။<br>(ဂ) မိုးကောင်းသောက်နယ်မြေများ၊ အထူးသဖြင့် မြစ်ဝ ကျွန်းပေါ်ဒေသများတွင် ရေနုတ်မြောင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဖြစ်နိုင်ခြေအား ဆန်းစစ်ရန်။<br>(ဃ) မြစ်ဝကျွန်းပေါ်ဒေသတွင် ရေနုတ်မြောင်းများတူးဖော်ရန်။<br>၂။၄။၃။ မြေအောက်ရေဖွံ့ဖြိုးရေး စီမံကိန်းထူထောင်ရန် -<br>(က) မြေအောက်ရေသုံးစွဲရေး အတွက် အရင်းအမြစ်များ ရရှိနိုင်ရန် ဇလဗေဒစစ်တမ်းများ ကောက်ယူရန်။<br>(ခ) ရေရှည်တည်တံ့နိုင်မည့် မြေအောက်ရေဖော်ထုတ်သုံးစွဲခြင်းအား အားပေးမြှင့်တင်မည့် စီမံကိန်းကို ရေးဆွဲရန် ။ |

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၄။ | ချက်ချင်းရလဒ်များ |
|---|---|
| | ၂၊၄၊၄။ ရေသွင်းစိုက်ပျိုးမြေဧက (၂၀၀) အောက်နည်းသော ကျေးရွာ ဆည်ရေကာတာ (Village Irrigated Dam) နှင့် ကျေးရွာရေတားတာ (Village Embankment) စနစ်များ (VE)ကို ပြန်လည်ထူထောင်ရန် နှင့် အဆင့်အဆင့်တိုးချဲ့ရန်<br>(က) ကျေးရွာဆည်စနစ်(×××ဧက)ကို ပြန်လည်ထူထောင်ရန်၊ (×××ဧက)ကိုအသစ်တည်ဆောက်ရန်။<br>(ခ) ကျေးရွာရေတားတာ(×××ဧက)ကို ပြန်လည်ထူထောင်ရန်၊ (×××ဧက)ကိုအသစ်တည်ဆောက်ရန်။<br>၂၊၄၊၅။ အသေးစား ဆည်ရေကာတာ စနစ်များ (ဧက ၅၀၀ မှ ၁၀၀၀ ထိ) ကို ပြန်လည်ထူထောင်ရန် (×××ဧက)။<br>၂၊၄၊၆။ အလတ်စား ကန်/ရေသွင်းချိုင့်များ ထူထောင်ခြင်း ( စိုက်ပျိုးရေအတွက်ရော သောက်သုံးရေအတွက်ပါ ရေကို သိုလှောင်ရန်၊ မြေအောက်ရေကို ရေပြန်သွင်းရန် အသုံးပြုသောချိုင့်များ) –<br>(က) ရှေ့ပြေးစီမံကိန်းဆောင်ရွက်ရန်၊ မြစ်ရေတင်စနစ်နှင့် သမရိုးကျမဟုတ်သော ရေပေးစနစ်(ဥပမာ- ရေဖျန်းစနစ်၊ ရေအစက် ချစနစ်)များနှင့်ပါ ချိတ်ဆက်၍ အစိုးရပုဂ္ဂလိက မိတ်ဖက်ဆောင်ရွက်ရန်။<br>၂၊၄၊၇။ သမရိုးကျ မဟုတ်သော ရေပေးစနစ်များထူထောင်ရန်( မြေဆွဲ အားသုံးရေပိုက်စနစ်၊ မိုးရေစုဆောင်းမှု၊ အငယ်စားရေတင် စနစ်၊ ရေအ စက်ချစနစ်၊ ရေဖြန်းစကြာစနစ် အပါအဝင်)၊ ယင်းတို့ကို အထူးသဖြင့် တောင်ကုန်းများနှင့် တောင်တန်းဒေသတွင် တန်ဖိုးမြင့် သီးနှံထုတ်လုပ်ရေးအတွက် တည်ဆောက်ရန်။<br>**ဆည်/ရေဦးစီး နှင့် ကျေးလက်ဦးစီးတို့ဆောင်ရွက်နိုင်သောကိစ္စရပ်များ**<br>၂၊၄၊၈။ ဆည်ရေသောက်စနစ်ကို ပြန်လည် ထူထောင်ရန် (ဧက ၁၀၀၀ ထက်များသော ဆည်များ ၂၀၀-ခန့်ရှိရာ ယင်းတို့အနက်၄၀%သာ ကောင်းမွန်သည်)၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးကို ပြီးစီးအောင်လုပ်ရန်၊ ထိရောက်မှုကို တိုးမြှင့်ရန်၊ လက်ရှိစနစ် များကို အရှိန်မြှင့်ရန်(ဧက ၈၀,၀၀၀ကို လွှမ်းခြုံနိုင်ရန် စုစုပေါင်းကုန်ကျစရိတ် ကန်ဒေါ်လာသန်း ၃၂၀ သုံး၍သော်လည်းကောင်း၊ ၁ဧကလျှင် ကန်ဒေါ်လာ ၄,၀၀၀ နှုန်းဖြင့်သော်လည်းကောင်း)<br>(က) ပျက်စီးနေသော မြစ်ရေတင်စနစ်များ နှင့် စက်ရေတွင်းများကို ပြင်ဆင်ရန်၊ လက်ရှိစနစ်ကိုအားဖြည့်ပေးမည့်စက်ရေတွင်းအသစ်များတူးဖော်နိုင်ရန် (ပြန်လည်ထူထောင်ရေး မပြီးစီးမီ ဆောက်လုပ်ရေးလုပ်ငန်းအသစ်များ မဆောင်ရွက်ရ။ လုပ်ငန်းဆောင်ရွက်မှုကို IWUMD နှင့် ရပ်ရွာလူထုမှ လုပ်ဆောင်မည်။)<br>(ခ) လက်ရှိ ဆည်မြောင်းစနစ်များ၏ ထိရောက်မှုကို စရိတ်မျှခံ သောစနစ်ဖြင့် တိုးချဲ့ရန်(ဥပမာ။ လယ်သမားများက လုပ်အားထည့်ဝင်ရန်) ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် - (၁) ရေလွှတ်ရာတွင် မလေလွင့်စေရန် ရေပေးမြောင်းများကို အုတ်စီခြင်း (သို့) အဆင့်မြှင့်ခြင်း (၂) ရေစီမံ ခန့်ခွဲမှုနှင့် ရေဖြန့်ဝေမှု တိုးတက်ရန် ထိန်းချုပ်အဆောက်အအုံများဆောက်ခြင်း (၃) မြေညှိခြင်း၊ ရေဖြန့်ဖြူးရေး ကွန်ရက်များ(ကွင်းမြောင်းများ)တည်ဆောက်ခြင်း (၄) အထူးလိုအပ်သော နေရာများတွင် ပိုက်ဖြင့်ရေပေးပို့ခြင်း (၅) WUA ရေအသုံးပြုသူအသင်းအဖွဲ့များကို ဆည်ရေသောက်စိုက်ပျိုးမြေ စီမံခန့်ခွဲခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်း။ |

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၄။ | ချက်ချင်းရလဒ်များ |
| --- | --- |
| | (ဂ) လက်ရှိဆည်မြောင်းစနစ်များဖြင့် ဆည်ရေသောက် လယ်မြေ ပိုများလာစေရန် ရေပေးမြောင်းကွန်ရက် တိုးချဲ့နိုင်ရေး ပံ့ပိုးပေးခြင်း။<br>(ဃ) ရေပေးမြောင်းတလျှောက်ရှိ လယ်သမားကိုယ်စားလှယ်များအား ဆည်ရေသောက်စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ပညာပေးခြင်းမှတစ်ဆင့် ရေဖြန့်ဖြူးမှု၊ သီးနှံကုန်ထုတ်စွမ်းအား၊ သာတူညီမျှမှု နှင့် WUAများ အားကောင်းလာမှု တို့အပါအဝင် ရေခွဲဝေပေးမှုနှင့် သီးနှံ စိုက်ပျိုးမှုအစီအစဉ်များ တိုးတက်ကောင်းမွန်လာခြင်း။<br>(င) ရေထိန်းတံခါးများ (headworks) ကို အသေဆောက်လုပ်ထားရန်နှင့် လယ်သမားများ စီမံခန့်ခွဲသည့် ဆည်မြောင်းစနစ်များ (FMIS)၏ မြောင်းများကို ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ရန်။<br>(၁) ရေဝေရေလဲဒေသများ စီမံခန့်ခွဲမှုကို ကောင်းမွန်အောင် ပြုလုပ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း။<br>(၂) ရေပြတ်လပ်မှုရှိသော ဆည်မြောင်းစနစ်များတွင် ရေပိုပေးရန်အတွက် ရေအမြဲတမ်းရှိသော မြစ်မှ ရာသီအလိုက်သာ ရေရှိသော မြစ်များသို့ ရေကို ပြောင်းရွှေ့ပေးနိုင်ရန် မြစ်ဝှမ်း အချင်းချင်း ရေပြောင်းပို့မှု(IBT)စနစ်များ တည်ဆောက်ခြင်း။ ၄င်းအား စီးပွားရေးအရ သင့်တော်ပါက ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းဖြင့် ဆောင်ရွက်သွားမည်။ IBT တည်ဆောက်လိုပါက သဘာဝပတ်ဝန်းကျင်သို့ သက်ရောက်နိုင်မှုများကို အပြည့်အဝသုံးသပ်ပြီး လျော့ပါးအောင်ဆောင်ရွက်ချက်များကို ပြုစုထားရမည်။<br>၂။၄။၉။ ဆည်မြောင်းစနစ်များနှင့် လယ်ယာသုံးရေ စီမံခန့်ခွဲမှုကို တိုးတက်အောင် ဆောင်ရွက်ရန်<br>(က) ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု (IWRM) မူဝါဒကို အမျိုးသားအဆင့် ရေမူဝါဒ မူဘောင်အတွင်းမှ ရေးဆွဲရန်။<br>(ခ) ရေအသုံးချသူအသင်းအဖွဲ့များ (WUAs) ကို စွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ လယ်သမားများကို အကြံဉာဏ်နှင့် ဖြစ်နိုင်ပါက ရန်ပုံငွေ ထောက်ပံ့ကာ၊ ယင်းတို့၏ ဆည်ရေသွင်းစနစ်များနှင့် အလေ့အကျင့်များအား တိုးတက်ကောင်းမွန်လာစေရန်။<br>(ဂ) ဆောင်ရွက်ဆဲ ဆည်မြောင်းစီမံခန့်ခွဲမှု လွှဲပြောင်းခြင်း (IMT) ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ရန် - ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန (IWUMD) မှ ရေသုံးစွဲသူအသင်းအဖွဲ့များ (WUA)များသို့ စီမံခန့်ခွဲမှုအား လွှဲပြောင်းပေးရန် (ဥပမာ - ရေတံခါးစောင့်များ ခန့်အပ်ရေးကိစ္စ)။<br>(ဃ) WUA (သို့မဟုတ်) WUA အဖွဲ့ချုပ်တစ်ခုထံသို့ အလတ်တန်းစား စီမံကိန်း (ဟက်တာ ၅,၀၀၀ မှ ၁၀,၀၀၀ အထိ)ကို တာဝန်နှင့် ပိုင်ဆိုင်မှု အပြည့်အဝ လွှဲအပ်ရန်။<br>(င) အလယ်အလတ်မှ အကြီးစား ဆည်မြောင်းစနစ်နှစ်ခုကို ဆည်မြောင်း စီမံခန့်ခွဲမှု လွှဲပြောင်းခြင်း ရှေ့ပြေးစီမံချက်အဖြစ် ရေးဆွဲရန် နှင့် အကောင်အထည်ဖော်ရန်။<br>(စ) ဖြစ်နိုင်ချေရှိသော ဆည်ရေသောက် နယ်မြေအတွင်း စံပြ ရေစီမံခန့်ခွဲမှု စနစ် တခုကို တည်ဆောက်ရန်။<br>(ဆ) သီးနှံအလိုက် အပြိုင်အဆိုင် ရေလိုသည့် နေရာများ၊ ရေကြောင့် ပဋိပက္ခဖြစ်သည့် နေရာများတွင် (IWRM) ကို စတင်ဆောင်ရွက်ရန်။ |

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၄။ | ချက်ချင်းရလဒ်များ |
|---|---|
| | (စ) (WUA)များကို ပိုင်ဆိုင်ခွင့် ပြောင်းလဲရေးအတွက် လိုက်လျောညီထွေဖြစ်စေမည့် တရားရေး အဆောက်အအုံ များကို အဆင်ပြေ ညီညွတ်အောင် ဆောင်ရွက်ပေးရန်။<br>၂၊၄၊၁၀ အသုံးပြုခြင်းနှင့်ထိန်းသိမ်းခြင်းအတွက် ရန်ပုံငွေနှင့် လမ်းညွှန်ချက်များ ထူထောင်ရန်-<br>(က) အစီအစဉ်များတွင် ပံ့ပိုးမှုများပေးနိုင်ဆောင် တည်ဆောက်သွားရန်။<br>(ခ) လယ်ခွန်ဆောင်ရာတွင် ရေခွန်ပြေစာပူးတွဲစေရေး ဥပဒေ ပြဌာန်းရန် ။<br>(ဂ) မြေအရောင်းအဝယ်မှတ်ပုံမတင်မီ ရေခွန်ပြေစာများကို နောက်ဆုံးချိန်ထိ ပေးသွင်းထားကြောင်း တင်ပြရသည့် စနစ်ကို တည်အောင် ဆောင်ရွက်ရန်။ |

## ၈.၄.၅။ ထပ်ဆင့်ရလဒ် ၂.၅ – သီးနှံသွင်းအားစုများ

၁၅၈။ ရိုးရိုးမျိုးများ (Open Pollinated Variety - OPV) နှင့် စပ်မျိုးများ (hybrid seeds) အား တောင်သူတို့မှ လိုအပ်နေခြင်းကို ပြည့်မီစေမည့် မျိုးစေ့ကဏ္ဍတစ်ရပ် ဖွံ့ဖြိုးရေးအတွက်စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) က ထောက်ပံ့မည်။ အစိုးရသည် လုပ်ထုံးလုပ်နည်း၊ ဥပဒေသက် ရောက်စေမှု၊ အရည်အသွေးအာမခံမှုတို့ကိုဆောင်ရွက်ပေးကာ မျိုးစေ့ကဏ္ဍတိုးပွားအောင် လှုံ့ဆော်မည့်အပြင် အဆင့်မီမျိုးစေ့များ အချိန်မီရရှိစေရန် အာမခံမည်။ ပုဂ္ဂလိက၊ သမဝါယမကဏ္ဍနှင့် ရပ်ရွာအခြေခံ မျိုးစေ့ထုတ်လုပ်မှုကိုလည်း တိုးတက်စေမည်။ ထို့ပြင် ထောက်ခံချက်လက်မှတ်ရရှိထားပြီးဖြစ်သော ပုဂ္ဂလိကစစ်ဆေးရေး အရာရှိများမှလည်း မျိုးစေ့သီးနှံများအား ဆန်းစစ်အကဲဖြတ်ခြင်းကို လုပ်ဆောင်သွားမည်။ မျိုးစေ့ ဝယ်လိုအားနှင့် ရောင်းလိုအား၊ မျိုးစေ့လက်ကျန် စသည်တို့နှင့် သက်ဆိုင်သောသတင်း စနစ်တစ်ခုကို တည်ဆောက်မည်။ ဇီဝမျိုးကွဲဆိုင်ရာ မူဝါဒတစ်ခု အကောင်အထည်ဖော်ရန်ထောက်ပံ့မည့်အပြင် မြန်မာနိုင်ငံ၏ဇီဝမျိုးကွဲ၊ မျိုးဗီဇ အရင်းအမြစ်ကို သုတေသနပြုခြင်း၊ စမ်းသပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ပြုစုရေးသားမည်။

၁၅၉။ ADS သည် ဓာတ်မြေဩဇာအသုံးပြုရာတွင် ထိရောက်မှုနှင့်ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများ (Integrated Pest Management – IPM) တိုးတက်လာစေရန် တိုးမြှင့် လုပ်ဆောင်သွားမည်။ ထို့ပြင် သရုပ်ပြခြင်းနှင့်အသိပညာပေးခြင်း လှုပ်ရှားမှုများနှင့် အော်ဂဲနစ် (Organic) နှင့် ဇီဝမြေဩဇာတို့တွင် ပုဂ္ဂလိက အခန်းကဏ္ဍ ပိုမိုပါဝင်လာခြင်းကို အားပေးမြှင့်တင်သွားမည်။

၁၆၀။ အစိုးရသည် ဓာတ်မြေဩဇာသုံးစွဲမှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ လက်ကျန် စသည်တို့ပါဝင်သော သတင်းစနစ်တစ်ခုကို ထူထောင်မည်။ ထိုစနစ်သည် (က) အရည်အသွေးအာမခံချက် ရှိစေရန် အားဖြည့်ပေးခြင်းနှင့် မြေဆီလွှာဌာနခွဲအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အားကောင်းလာစေခြင်း မှတစ်ဆင့် ဓာတ်မြေဩဇာ အရည်အသွေးစစ်ဆေးသည့်စနစ်ကို ခိုင်မာလာစေခြင်း၊ (ခ) ပိုးသတ်ဆေး ဓာတ်ခွဲခန်းများအား ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း အပါအဝင် ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေး ဆိုင်ရာ သတင်းအချက်အလက်များနှင့် အရည်အသွေးအာမခံသည့် စနစ်များ အားကောင်းလာစေခြင်းနှင့် (ဂ) ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများဆိုင်ရာ ဥပဒေတို့ကို အတည်ပြုခြင်းနှင့်ဓာတ်မြေဩဇာကို သေချာစွာ စစ်ဆေးရန်နှင့်အတူအပ၊ အရောအနှောနှင့် တံဆိပ်အတုများတပ်ထားသည့် ဓာတ်မြေဩဇာများ ဖြန့်ဖြူးခြင်းကို ကာကွယ်နိုင်ရန်အတွက် ကုန်အမှတ်တံဆိပ် ဥပဒေအသစ် တစ်ခုကို ရေးဆွဲခြင်းတို့ကိုလည်း လုပ်ဆောင်သွားမည်။

ဇယား ၁၉။ ထပ်ဆင့်ရလဒ် ၂.၅ - သီးနှံသွင်းအားစုများဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား<br>ထပ်ဆင့်ရလဒ် - ၂.၅။ | ချက်ချင်းရလဒ်များ |
|---|---|
| ပိုမိုတိုးတက်ကောင်းမွန်သော သီးနှံကုန်ထုတ်လုပ်မှု သွင်းအားစုများနှင့် နည်းပညာများအား သီးနှံစိုက်ပျိုးသူတို့က ပိုမိုသုံးစွဲလာခြင်း။ | မျိုးစေ့နှင့် စိုက်ပျိုးရေးပစ္စည်းများကို ရွေးချယ်ခြင်း<br>၂.၅.၁။ မျိုးစေ့မူဝါဒ ပြုပြင်ပြောင်းလဲရေးကို ဆက်လက်ဆောင်ရွက်ရန်နှင့် ပုဂ္ဂလိက ကဏ္ဍမှ ကုမ္ပဏီများကို မျိုးစေ့များ ဖွံ့ဖြိုးရန်၊ တင်သွင်းရန်၊ တင်ပို့ရန်၊ သင့်လျော်သော အသိအမှတ်ပြုမှု ဆောင်ရွက်ရန်။<br>၂.၅.၂။ ပြင်ဆင်ထားသော မျိုးစေ့ဥပဒေ မူကြမ်းရေးဆွဲခြင်း လုပ်ထုံးလုပ်နည်းများတွင် လူထု၏ သဘောထား မှတ်ချက်များ ပါဝင်စေရန်။<br>၂.၅.၃။ မျိုးပွားထုတ်လုပ်ထားသော မျိုးစေ့များကို အသိအမှတ်ပြု လက်မှတ် ထုတ် ပေးမှုကို အားဖြည့်ရန်နှင့် မျိုးစေ့ ဓာတ်ခွဲခန်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်။<br>၂.၅.၄။ အခြေခံမျိုးစေ့များကို ထုတ်လုပ်ရန်အတွက် မျိုးစေ့သုတေသနစခန်းများကို တိုးမြှင့်ပေးရန်၊ ဤ လုပ်ငန်းတွင် အောက်ပါတို့ ပါဝင်မည် -<br>(က) အစိုးရ သုတေသနအဖွဲ့အစည်းများ၊ သုတေသန စခန်းများ၊ တက္ကသိုလ်များ၊ ပုဂ္ဂလိက ကဏ္ဍ လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် ရန်ပုံငွေ တိုးပေးခြင်း။<br>(ခ) တစ်နိုင်တစ်ပိုင်ဝမ်းစာဖူလုံရေး စိုက်ပျိုးမှု ကြီးစိုးသော ဝေးလံသော ဒေသများရှိ အရည်အသွေးကောင်းမွန်သော မြေအမျိုးအစားများနှင့် သီးနှံအမျိုးမျိုး၏လွတ်လပ်စွာ ဝတ်မှုံကူးနိုင်သော OPV မျိုးများ၏ အရည်အသွေး ကောင်းများကို ထိန်းသိမ်းထားရန်။<br>(ဂ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် အချိတ်အဆက်ကောင်းများကို တိုးမြှင့်တည်ဆောက်ရန်။<br>(ဃ) ပုဂ္ဂလိက၊ သမဝါယမကဏ္ဍတို့ နှင့် ရပ်ရွာအခြေခံ မျိုးစေ့ထုတ်လုပ်ရေးများကို အဆင့်တိုးမြှင့်ပေးရန်။ ယင်းလုပ်ငန်းတွင် အောက်ပါတို့ ပါဝင်သည် -<br>- အဆင့်မီ စိုက်ပျိုးရေးပစ္စည်း ထုတ်လုပ်မည့် ပုဂ္ဂလိက ကဏ္ဍ၊ သမဝါယမအဖွဲ့အစည်းများ၊ ခြံများ၊ မျိုးဥယျာဉ်များနှင့် မိတ်ဖက်ဆောင်ရွက်မှုကို တိုးမြှင့်ခြင်း။<br>- ပုဂ္ဂလိကနှင့် သမဝါယမ မျိုးစေ့စိုက်ပျိုးသူများသို့ အခြေခံမျိုးစေ့များကို ထောက်ပံ့ရန်၊ အခြေခံမျိုးစေ့များ၊ စပ်မျိုး မျိုးစေ့များကို ထုတ်လုပ်ရန် ပုဂ္ဂလိက ကဏ္ဍသို့ ထမြောက်အောင် ကူညီရန်။<br>- အမျိုးသားအဆင့် မျိုးစေ့လိုအပ်ချက် နှင့် ပို့ကုန်တိုးမြှင့် ဖြည့်ဆည်းပေးရန် မျိုးစေ့ ထုတ်လုပ်ငန်းအား စက်မှုလုပ်ငန်းတစ်ခုအဖြစ် အားပေးမြှင့်တင်ရန်။<br>- ပုဂ္ဂလိက ကဏ္ဍမှ မျိုးစေ့ထုတ်လုပ်ရန် စိတ်ဝင်စားမှုလျော့နည်းသော သီးနှံများအတွက်နှင့် ဝေးလံခေါင်ဖျားသော ဒေသများတွင် ရပ်ရွာအခြေခံ မျိုးစေ့ထုတ်လုပ်ရေးနှင့် စိုက်ပျိုး-ဇီဝမျိုးစုံ မျိုးကွဲလုပ်ငန်းများ ဖြစ်ထွန်းအောင် ကူညီရန်။<br>- အရည်အသွေး အာမခံစနစ်များကို အားဖြည့်တည်ဆောက်သွားရန်၊ ယင်းတွင်အောက်ပါတို့ ပါဝင်မည် -<br>• စိုက်ပျိုးရေးပစ္စည်းများအား အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်သော အစိုးရအဖွဲ့အစည်းများနှင့် ဓာတ်ခွဲခန်း များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။<br>• လယ်ယာသွင်းအားစုများ၏ အရည်အသွေး စံနှုန်းများနှင့်အညီ စိုက်ခင်းများတွင် လိုက်နာစိုက်ပျိုးစေခြင်း။<br>• အစိုးရသာမက ပုဂ္ဂလိကကဏ္ဍမှလည်း အရည်အသွေး ထိန်းချုပ်ခြင်းနှင့်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း တို့ကို ဆောင်ရွက်နိုင်မည့် ပုဂ္ဂလိကမျိုးစေ့ ထောက်ခံချက်ပေးသော ဓာတ်ခွဲခန်းများအား အသိအမှတ်ပြုလာစေရန် သင်တန်းများပို့ချခြင်းနှင့် ပံ့ပိုးမှုများပေးခြင်း။<br>• တည်ဆဲ စံသတ်မှတ်ချက်များကို မလိုက်နာဘဲဆောင်ရွက်သော အဆင့်မမီ မျိုးစေ့များကို ဝယ်မိသည့် တောင်သူများကို လျော်ကြေးပေးရေး ဥပဒေအတည်ဖြစ်စေခြင်း။ |

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၅။ | ချက်ချင်းရလဒ်များ |
| --- | --- |
| | • အာဆီယံနိုင်ငံများအတွင်းရှိ အမျိုးသားမျိုးစေ့ကော်မတီများသို့ အထောက်အထားများ တင်သွင်းခွင့်ရနိုင်မည့် နည်းလမ်းများနှင့် သမဝါယမစီမံကိန်းများကို ဖော်ထုတ်ဆောင်ရွက်သွားရန်နှင့် မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော စစ်ဆေးမှုများ၏ အရည်အသွေးအား တူညီသည်ဟု လက်ခံစေခြင်း။<br>၂.၅.၅။ စပ်မျိုးထုတ်လုပ်ရေးကို ဖြစ်ထွန်းအောင် ကူညီရန်၊ ယင်းတွင် အောက်ပါတို့ပါဝင်မည် -<br>(က) လိုအပ်သော စစ်ဆေးမှုများပြုလုပ်ပြီး သင့်လျော်သော စပ်မျိုးတို့ကို တင်သွင်းခွင့်ပြုခြင်း။<br>(ခ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ သမဝါယမ ကဏ္ဍ များ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လျက် ဒေသစပ်မျိုး ထုတ်လုပ်ရေးကို အားပေးခြင်း။<br>၂.၅.၆။ အများပြည်သူမှ လက်လှမ်းမီရရှိနိုင်မည့် နောက်ဆုံးရသတင်း အချက်အလက်များ ပုံမှန်ဖြည့်သွင်းထားသော ဒေတာဘေ့စ်အပါအဝင် မျိုးစေ့ဝယ်လိုအားနှင့် ရောင်းလိုအားကို ပြသော သတင်းစနစ်တစ်ခုကို ထူထောင်ရန်။ ထိုစနစ်တွင် (၁) မျိုးစေ့ထုတ်လုပ်မှု၊ အဓိကသီးနှံများအတွက် မျိုးစေ့လက်ကျန်၊ ပျိုးဥယျာဉ်များ၊ မျိုးစေ့ထုတ်ဌာနများနှင့် သုတေသနစခန်းများ နှင့်စပ်လျဉ်းသော သတင်းအချက်လက်များကို အချိန်နှင့်တပြေးညီ ဖြန့်ဝေခြင်း၊ (၂) သီးနှံနှင့် နယ်မြေအလိုက် ခန့်မှန်း ဝယ်လိုအားနှင့် ပစ္စည်းပေးသွင်းသူများနှင့် စစ်ဆေးခြင်းများဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်မည်။<br>၂.၅.၇။ ဇီဝမျိုးစုံမျိုးကွဲ မူဝါဒနှင့် မျိုးထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းတို့ကို ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်။ ယင်းတွင် အောက်ပါတို့ ပါဝင်မည်<br>(က) စိုက်ပျိုးရေးနှင့်သက်ဆိုင်သော ဇီဝအရင်းအမြစ်များ အမျိုးမျိုးကို စုဆောင်းခြင်း၊ အမျိုး အစားခွဲခြင်း၊ အကဲဖြတ်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အားဖြည့်ခြင်း၊ နှင့် သိပ္ပံနည်းကျ အစီရင်ခံခြင်း၊ မှတ်တမ်းတင်ခြင်းကို ထောက်ပံ့ခြင်း - (မြန်မာ သီးနှံမျိုးဗီဇဘဏ်မှ အအေးခန်းသိုလှောင်ရေး ပစ္စည်းကိရိယာများအား သုတေသနဌာနများတွင် ဖြန့်ဝေပေးခြင်းဖြင့် ပံ့ပိုးပေးလျက်ရှိသည်။)<br>(ခ) စိုက်ပျိုးရေး-ဇီဝမျိုးစုံမျိုးကွဲများကို မှတ်ပုံတင်သည့်စနစ်ကို စတင် ဆောင်ရွက်ရန်၊ မြန်မာ့ဇီဝမျိုးစုံ မျိုးကွဲများနှင့် မျိုးဗီဇအရင်းအမြစ်များကို သုတေသနပြုရန်နှင့် လက်တွေ့ စမ်းသပ်ရန်အတွက် လုပ်ထုံးလုပ်နည်းများ နှင့် လမ်းညွှန်ချက်များ ရေးဆွဲရန်၊ ဇီဝမျိုးစုံမျိုးကွဲများ၊ မျိုးဗီဇအရင်းအမြစ်များ နှင့် လူ့ကျန်းမာရေးကို ဆိုးကျိုးသက်ရောက်စေသည့် မျိုးဗီဇပြုပြင်ထားသော မျိုးများ (Genetically Modified Organisms – GMO) များဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရန်။<br><br>မြေဆီလွှာ ကောင်းမွန်ရေး စီမံခန့်ခွဲမှု<br>၂.၅.၈။ ကုန်ထုတ်စွမ်းအားနှင့် ဓာတ်မြေဩဇာ အသုံးပြုရာတွင် ထိရောက်မှုရှိခြင်းအား ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ရာတွင် ပုဂ္ဂလိက ကဏ္ဍမှ ပိုမို ပါဝင်လာစေရန် အားပေးမြှင့်တင်ရမည်။ ယင်းတွင် အောက်ပါတို့ပါဝင်မည်-<br>(က) မြေဆီလွှာစစ်တမ်းကောက်ခြင်း နှင့် မြေပုံဆွဲခြင်း၊ ၁၉၆၀ပြည့် လွန်နှစ်များက ဆောင်ရွက်ခဲ့သည်ထက် များစွာအသေးစိတ်ကျကျ မြန်မာတစ်ပြည်လုံးကို လွှမ်းခြုံဆောင်ရွက်နိုင်ရန်။<br>(ခ) မြေဆီလွှာထိန်းသိမ်းစောင့်ရှောက်ရေး နည်းပညာများကို မြှင့်တင်ခြင်းနှင့် သရုပ်ပြခြင်း။<br>(ဂ) ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ဆောင်ရွက်မှုဖြင့် မြေဆီလွှာပိုမိုကောင်းမွန်ရေး နည်းပညာများကို မြှင့်တင်ခြင်းနှင့် သရုပ်ပြခြင်း။<br>(ဃ) လယ်သမားများအနေဖြင့် မြေဆီလွှာစစ်ဆေးခြင်းနှင့် အခြားဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူရာတွင် ငွေကြေးတတ်နိုင်ပြီး အချိန်နှင့်တပြေးညီ ရရှိစေရန် ဓာတ်ခွဲခန်းများအား အားဖြည့်ပေးခြင်း။<br>(င) ဓာတ်မြေဩဇာစစ်ဆေးရေးအပါအဝင် အရည်အသွေး အာမခံရေးစနစ်ကို အားဖြည့်ခြင်း။ |

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၅။ | ချက်ချင်းရလဒ်များ |
| --- | --- |
| | (စ) မြေဆီလွှာဌာနခွဲ ဝန်ထမ်းများ၊ ဌာနစိတ်များနှင့် အဆောက်အအုံများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးခြင်း။<br>(ဆ) ပုဂ္ဂလိက ကဏ္ဍ၏ပါဝင်မှုဖြင့် ပြည်တွင်းဓာတ်မြေသြဇာ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးကို အားပေးရန်၊ ယင်းတို့တွင် အောက်ပါတို့ပါဝင်သည် -<br>- ပြည်တွင်းထုတ်လုပ်မှု အခြေအနေကို စစ်တမ်း ကောက်ခြင်း။<br>- စည်ပင်သာယာအမှိုက်မှ ဇီဝလောင်စာ နှင့် စိုက်ပျိုးကုန်ကြိတ်ခွဲ ပြင်ဆင်ရေးမှ စွန့်ပစ်ပစ္စည်းများကို အခြေခံကာ ဇီဝမြေသြဇာ စီးပွားဖြစ် ထုတ်လုပ်မှု လုပ်ငန်းများ ဖြစ်ထွန်းလာခြင်း။<br>(ဇ) အစိုးရ၊ ပုဂ္ဂလိက မိတ်ဖက်အစီအစဉ်ဖြင့် ဓာတ်မြေသြဇာ အရန်သိုလှောင်ခြင်း။<br>(ဈ) ဓာတ်မြေသြဇာသုံးစွဲမှု၊ ဖြန့်ဖြူးမှု ဒေတာဘေ့စ် နှင့် စောင့်ကြည့်စစ်ဆေးခြင်း စနစ်ထူထောင်ရန်။ တရားဝင်နှင့် အလွတ်သဘော တင်သွင်းမှုပါ ပါဝင်စေရန် (အလွတ်သဘောတင်သွင်းမှုကို စစ်တမ်းကောက်ခြင်း ဖြင့်သိရှိနိုင်သည်)။<br><br>အပင်ရောဂါနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း<br>၂၊၅၊၉။ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများ (Integrated Pest Management – IPM)နှင့် ဇီဝထိန်းချုပ်မှုဖြင့် ပေါင်းသတ်နည်း တို့ကို ရေးသားထုတ်ဝေရန်နှင့် အားပေးရန်။<br>၂၊၅၊၁၀။ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေး ဓာတ်ခွဲခန်းများကို အားဖြည့်ရန်။<br>၂၊၅၊၁၁။ ပိုးသတ်ဆေးနှင့် အခြားအပင်ကာကွယ်ရေးပစ္စည်းများ၏ အရည်အသွေးအာမခံမှုကို ထူထောင်ရန်။ ယင်းတွင် အောက်ပါတို့ ပါဝင်သည်<br>(၁) သက်ဆိုင်သောအစိုးရအဖွဲ့အစည်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ကာ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အခြားထွက်ကုန်များ စစ်ဆေးရေးကို အားဖြည့်ပေးခြင်း။<br>(၂) တင်သွင်းသူများနှင့် ရောင်းချသူများမှ အရည်အသွေးစံချိန်များအတိုင်း လိုက်နာဆောင်ရွက်စေရန် ပြဋ္ဌာန်းခြင်း။ ယင်းတွင် အောက်ပါတို့ ပါဝင်သည်<br>• ဓာတ်မြေသြဇာဆိုင်ရာ ဥပဒေ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးဆိုင်ရာ ဥပဒေတို့ကို ပြဋ္ဌာန်းခြင်း<br>• ကုန်အမှတ်တံဆိပ်ဆိုင်ရာ ဥပဒေအသစ်တစ်ခု အတည်ပြုပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ခြင်း<br>• အတုအပ၊ အရောအနှောနှင့် တံဆိပ်အတုများတပ်ထားသည့် ကုန်ပစ္စည်းများ ဖြန့်ဖြူးခြင်းကို ကာကွယ်နိုင်ရန်အတွက် သေချာ စစ်ဆေးခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရန်<br>(၃) အရည်အသွေးထိန်းသိမ်းခြင်း နှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမှုကို အစိုးရရော ပုဂ္ဂလိက ကဏ္ဍမှပါ ဆောင်ရွက်နိုင်ရန် အားပေးခြင်း။<br>၂၊၅၊၁၂။ အပင်နှင့်တိရစ္ဆာန် ရောဂါမပျံ့နှံ့အောင်တားဆီးခြင်း - ဓာတ်ခွဲခန်းများ၊ သိုလှောင်ရုံ၊ မျိုးပွား/ စမ်းသပ်ကွက်များ အပါအဝင် နယ်စပ် နှင့် ကုန်းတွင်းပိုင်းထိန်းချုပ်ခြင်း အဆောက်အအုံများ ထူထောင်ခြင်း။<br><br>၂၊၅၊၁၃။ အရည်အသွေးထိန်းသိမ်းခြင်း နှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမှုကို အစိုးရရော ပုဂ္ဂလိက ကဏ္ဍမှပါ ဆောင်ရွက်နိုင်ရန် အားပေးခြင်း<br>၂၊၅၊၁၄။ ဓာတ်မြေသြဇာဆိုင်ရာ ဥပဒေ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးဆိုင်ရာ ဥပဒေတို့ကို ပြဋ္ဌာန်းခြင်း၊ အတုအပ၊ အရောအနှောနှင့် တံဆိပ်အတုများ တပ်ထားသည့် ကုန်ပစ္စည်းများ ဖြန့်ဖြူးခြင်းကို ကာကွယ်နိုင်ရန်နှင့် သေချာစိစစ်နိုင်ရန် ကုန်အမှတ်တံဆိပ်ဆိုင်ရာ ဥပဒေအသစ်တစ်ခု အတည်ပြု ပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ခြင်း။ |

### ၈.၄.၆။ ထပ်ဆင့်ရလဒ် ၂.၆ – စက်မှုလယ်ယာလုပ်ငန်း

၁၆၁။ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးရေး ဖြစ်စဉ်ကို စံများရေးဆွဲခြင်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာစေခြင်း၊ သင်တန်းပေးခြင်း၊ သရုပ်ပြခြင်းတို့အပြင် တောင်သူများ စက်ကိရိယာများကိုဝယ်ရာတွင် မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စေရန် ငွေကြေးအရ သုံးသပ်နိုင်ရန် ကူညီခြင်းဖြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)ကထောက်ပံ့မည်။ ရေရှည်တွင်ပုဂ္ဂလိက ကဏ္ဍမှပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အပိုပစ္စည်း ထောက်ပံ့ခြင်း အပါအဝင် စက်မှုလယ်ယာလုပ်ငန်း ဝန်ဆောင်မှုများပေးနိုင်ရန် အားပေးမှုများ ပြုလုပ်ရမည်။ ဤသို့လုပ်ဆောင်နိုင်ရန် လက်ရှိစက်မှုလယ်ယာဦးစီးဌာန၏ လုပ်ဆောင်လျက်ရှိသော လယ်ယာဝန်ဆောင်မှု လုပ်ငန်းများ၊ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် အရင်းအနှီးပစ္စည်းများကို ပုဂ္ဂလိက ကဏ္ဍသို့ တဖြည်းဖြည်းလွှဲပြောင်း ပေးရန်လိုသည်။

ဇယား ၂၀။ ထပ်ဆင့်ရလဒ် ၂.၆ - စက်မှုလယ်ယာလုပ်ငန်းဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင်၂ - ကုန်ထုတ်စွမ်းအား<br>ထပ်ဆင့်ရလဒ် - ၂.၆။ | ချက်ချင်းရလဒ်များ |
|---|---|
| စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်တွင် သင့်လျော်သော စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းအား တိုးချဲ့လုပ်ဆောင်ရန်။ | ၂၆၁။ မြေပြင်ဆင်ခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ရာတွင် စက်မှုလယ်ယာ စနစ်ကို တိုးမြှင့်ကျင့်သုံးနိုင်ရန် တောင်သူများမှ လယ်ကွက်များကို စက်မှုလယ်ယာ စနစ်ကျင့်သုံးနိုင်သော လယ်ယာမြေများ (လယ်ကြားလမ်း၊ ရေနုတ်မြောင်း၊ ရေသွင်းမြောင်း ကွန်ရက်များ၊ မြေညှိခြင်း အပါအဝင်) အဖြစ် ပြောင်းလဲဆောင်ရွက်ရာ၌ တောင်သူတို့ကို အားပေးရန်။ ရေသွင်းစိုက်ပျိုးသော ဒေသများတွင် ရေအသုံးပြုသူအသင်းအဖွဲ့(WUA)တို့ဖြင့် ဤလုပ်ဆောင်ချက်ကို ကူညီနိုင်သည်။<br>၂၆၂။ တောင်သူလယ်သမားများ၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများမှ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရာတွင် ဈေးငွေ ပိုမို ထုတ်ချေးနိုင်ရန် နှင့် "ဈေးကြီးသော စက်ကိရိယာများအား လယ်ယာများမှ မျှဝေအသုံးပြုခြင်း အပါအဝင် စက်ကိရိယာ အငှားစာချုပ်ချုပ်ဆိုခြင်း နှင့် ငှားရမ်းခြင်းအတွက် ရွေးချယ်မှုများ ရှိစေရန် ပုဂ္ဂလိက ငွေရေးကြေးရေး အဖွဲ့အစည်းများ (နှင့် အခြားသော သွင်းအားစု တင်သွင်းသူများနှင့် ဝယ်ယူသူများ စသည်တို့) အတွက် စွမ်းဆောင်နိုင်ခွင့်ရှိသော ပတ်ဝန်းကျင်အား ပိုမိုတိုးတက် ကောင်းမွန်စေရန်။<br>၂၆၃။ စက်မှုလယ်ယာဦးစီးဌာနအောက်ရှိ လုပ်ဆောင်လျက်ရှိသော လယ်ယာ ဝန်ဆောင်မှု လုပ်ငန်းများ၊ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် အရင်းအနှီး ပစ္စည်းများကို ပုဂ္ဂလိက ကဏ္ဍနှင့် တောင်သူ အဖွဲ့အစည်းများသို့ တဖြည်းဖြည်း လွှဲပြောင်းပေးစေရန်။<br>၂၆၄။ စက်ကိရိယာသုံးစွဲပုံ၊ ပြင်ဆင်ပုံ၊ ထိန်းသိမ်းပုံတို့ကို လယ်ယာအရောက် သင်တန်းပေးရန်နှင့်သရုပ်ပြရန်။<br>၂၆၅။ စိုက်ပျိုးရေးသုံး စက်ကိရိယာများကို ပြင်ဆင်ရန် ထိန်းသိမ်းရန်အတွက် ကျေးလက်ဒေသအလုပ်ရုံများ (workshop) ထွက်ပေါ်လာအောင် ကူညီရန်။<br>၂၆၆။ အပိုပစ္စည်းများကို အချိန်မီရစေရန် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်ရန်။<br>၂၆၇။ ဒေသအလိုက် စိုက်ပျိုးဂေဟစနစ် အမျိုးမျိုးတွင် ခြားနားသော စက်ကိရိယာများကို သုံးစွဲရန် တောင်သူတို့မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်ချနိုင်ရေးအတွက် ငွေကြေးဆိုင်ရာ သုံးသပ်မှုဆောင်ရွက်ရန်။ |

### ၈.၄.၇။ ထပ်ဆင့်ရလဒ် ၂.၇ တိရစ္ဆာန်မွေးမြူရေးနှင့် ငါးလုပ်ငန်း

၁၆၂။ တိရစ္ဆာန်မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍခွဲများ ဖွံ့ဖြိုးတိုးတက်စေရန် စတင်လုပ်ဆောင်ရမည်မှာ တိရစ္ဆာန်နှင့် ငါးမျိုးပွားခြင်း၊ မွေးမြူခြင်းနှင့် ကျန်းမာရေး ဝန်ဆောင်မှုများအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့၏ လုပ်ငန်းတာဝန်များကို ပိုင်းခြားသတ်မှတ်ခြင်းပင်ဖြစ်သည်။ အစိုးရသည် စားနပ်ရိက္ခာဘေးကင်းမှုနှင့်သန့်ရှင်းမှု စစ်ဆေးခြင်း၊ တိရစ္ဆာန် ကျန်းမာရေးနှင့်တိရစ္ဆာန် အစာထုတ်ကုန်ကို စမ်းသပ်စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်း၊ ရောဂါပျံ့နှံ့မှုနှင့် ကူးစက်ရောဂါ ဖြစ်ပွားမှု (enzootic, epizootic) နှင့် နယ်စပ်မှ ဖြတ်ကျော်ဝင်ရောက်လာသောရောဂါများ) ထုတ်ပြန်ကြေငြာချက်အား ပြဋ္ဌာန်းခြင်း၊ တိရစ္ဆာန်မှတ်ပုံတင်ခြင်းနှင့် တိရစ္ဆာန်ဖြတ်သန်းသွားလာမှုကို ထိန်းချုပ်ခြင်းတို့ကို စီမံဆောင်ရွက်သွားမည်ဖြစ်သည်။ ပုဂ္ဂလိကလုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးသူများသည် မျိုးဗီဇ ပစ္စည်းများနှင့် မွေးမြူရေး ဝန်ဆောင်မှုများပေးခြင်း၊ အတည်ပြုပြီး တိရစ္ဆာန်မွေးမြူရေးသုံး ဆေးဝါးများနှင့် နီးနွယ်သည့် ကျန်းမာရေးဝန်ဆောင်မှုများအား ထောက်ပံ့ ပေးခြင်း၊ အတည်ပြုပြီး တိရစ္ဆာန်အစာများနှင့် စားကျက်ပင်များ ထောက်ပံ့ပေးခြင်း၊ အာဟာရဆိုင်ရာ အကြံဉာဏ်များပေးခြင်းနှင့် တိရစ္ဆာန် မွေးမြူရေး ဝန်ဆောင်မှုများပေးခြင်းတို့ကို လုပ်ဆောင် သွားမည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တိရစ္ဆာန် မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး တို့ကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍသို့ နည်းပညာနှင့် လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်သွားမည်။ စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာနသည် မွေးမြူရေးနှင့် သီးနှံကုန်ထုတ် လုပ်ငန်းများ ပေါင်းစည်းခြင်းနှင့် တိရစ္ဆာန်အစာထုတ်လုပ်ခြင်း ဖွံ့ဖြိုးတိုး တက်ရေး တို့ကို အားပေး မြှင့်တင်သွားမည်။

၁၆၃။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် တိရစ္ဆာန်နှင့်ငါးမျိုးစိတ်များ၏ မျိုးရိုးဗီဇဖွံ့စည်းမှု မြှင့်တင်ရေးကို စနစ်တကျဆောင်ရွက်သွားမည်ဖြစ်သည်။ တိရစ္ဆာန်မျိုးဗီဇ အရင်းအမြစ် ဆိုင်ရာအမျိုးသား မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲကာ အထောက်အပံ့ပြုသော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်မည်။ အဆိုပါလုပ်ငန်းတွင် (က) နိုင်ငံတစ်ဝှမ်း မေထုန်မဲ့ တိရစ္ဆာန် သားစပ်ရေး (Artificial Insemination) အစီအစဉ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပံ့ပိုးပေးခြင်း၊ မေထုန်မဲ့သားစပ်ရန် ပြည်ပမှ တင်သွင်းလာသော အေးခဲမျိုးရည်များနှင့် ပြည်တွင်း၌ထုတ်လုပ်သော အေးခဲမျိုးရည်များကို အသုံးပြုသွားမည်။ (ခ) ပုဂ္ဂလိကနှင့် သမဝါယမကဏ္ဍတို့မှ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရန် ပံ့ပိုး ပေးခြင်းနှင့် ပုဂ္ဂလိကမွေးမြူရေးအသင်းအဖွဲ့များအား မျိုးရိုးအစဉ်အဆက်၊ထုတ်လုပ်နိုင်စွမ်းနှင့် ထိရောက်မှုတို့ကို စနစ်တကျ မှတ်တမ်းတင်စေခြင်းတို့အား ဆောင်ရွက်သွားမည်။

၁၆၄။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် (က) အမျိုးသားအဆင့် တိရစ္ဆာန်ကျန်းမာရေးနှင့် ရောဂါစူးစမ်းလေ့လာရေး စီမံကိန်း (National Animal Health and Disease Surveillance Plan) ရေးဆွဲအကောင်အထည်ဖော်ခြင်းအပါအဝင် တိရစ္ဆာန်နှင့် ရေနေသတ္တဝါ ကျန်းမာရေး သတင်းအချက်အလက်စနစ်ကို အားဖြည့်ပေးရန်၊ (ခ) နိုင်ငံတွင်း ထုတ်လုပ်သော ဆေးနှင့်ပြည်ပမှတင်သွင်းသောအားကိုး အားထားပြုနိုင်သည့် ကာကွယ်ဆေးများအား အလွယ်တကူ ရရှိစေရန်၊ (ဂ) တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်ပေး ကျေးလက်လုပ်သား အစီအစဉ်ကို တိုးချဲ့ရန်နှင့် (ဃ) လက်ရှိ ဖြစ်ပွားနေသောနှင့် ပေါ်ပေါက်လာနေသော တိရစ္ဆာန်ရောဂါခြိမ်းခြောက်မှုများအတွက် အရေးပေါ်စီမံချက်နှင့် အရေးယူ ဆောင်ရွက်မှုများ ရေးသားပြုစုရန်တို့ကို လုပ်ဆောင်သွား မည်ဖြစ်သည်။ ပုဂ္ဂလိကမှ တိရစ္ဆာနှင့် ငါးမွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများပေးရာတွင်အကျိုးအမြတ် မဖြစ်ထွန်းနိုင်သောအခါများတွင် အစိုးရဘက်မှ ၎င်းတို့ ဝန်ဆောင်မှုပေးနိုင်ရန် ပံ့ပိုးပေးခြင်း (နှစ်သက်ရာနည်းလမ်းဖြင့်) (သို့မဟုတ်) အခြားသော ဝန်ဆောင်မှု များပေးခြင်းတို့ ဆောင်ရွက်သွားမည်။

၁၆၅။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) သည် အမျိုးသားအဆင့် စားကျက်မြေများထိန်းသိမ်းရေး မဟာဗျူဟာ (National Forage Strategy) နှင့် စီမံကိန်း (၂၀၃၀ ခုနှစ်အထိ) ရေးဆွဲခြင်းအားထောက်ပံ့ပေး

သွားမည်။ ၎င်းတွင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနအောက်တွင် တိရစ္ဆာန်အစာနှင့် စားကျက်မြေဌာန၏ တည်နေရာအား သတ်မှတ်ပေးခြင်း၊ တိရစ္ဆာန် အာဟာရဆိုင်ရာ အသုံးချသုတေ သနကို လမ်းညွှန်ပေးခြင်း၊ စိုက်ပျိုးပြုပြင်ထားသော စားကျက်ခင်း၊ ကျွဲ၊ နွားအစာ၊ လွတ်ကျောင်းခြင်း နှင့်အစာကျွေးခြင်း ဆိုင်ရာကျင့်စဉ်များ တိုးတက်ကောင်းမွန်စေခြင်းတို့ ပါဝင်သည်။ ၎င်းသည် တိရစ္ဆာန် အစာ စမ်းသပ်ရေးဓာတ်ခွဲခန်း၏ စွမ်းဆောင်ရည်ကို အားကောင်းစေမည့်အပြင် အရည်အသွေးမီ အစာနှင့် အစာမျိုးဗီဇပစ္စည်းတို့ကို စစ်ဆေးခြင်း/မှတ်ပုံတင်ခြင်း၊ ယင်း၏ ပုဂ္ဂလိက ကဏ္ဍ ပြန့်ပွားစေခြင်းနှင့် လယ်ယာစိုက်ပျိုးရေး စနစ်များတွင် ပူးပေါင်းပါဝင်ခြင်းတို့အား ပံ့ပိုးပေးမည် ဖြစ်သည်။

၁၆၆။ ADS သည် အသေးစားမွေးမြူရေးနှင့်နို့ထွက်ကုန်ထုတ်လုပ်သူများကို အားပေး၍ ကျေးလက်ဒေသများတွင် မွေးမြူရေးဆိုင်ရာ ဝင်ငွေတိုးပွားစေရန်အတွက် အသက်မွေး ဝမ်းကျောင်းမှု၊ စွန့်ဦးတီထွင်မှုနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု တို့အပါအဝင် စွမ်းဆောင်ရည် မြှင့်တင်ပေးမှုများ ပြုလုပ်မည်ဖြစ်ပြီး အမျိုးသမီးများအတွက် အထူးအလေးထား လုပ်ဆောင်သွားမည်။

၁၆၇။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် အသေးစားထုတ်လုပ်သူများအတွက် ပင်မ သို့မဟုတ် အပိုဆောင်းဝင်ငွေရလမ်းအဖြစ် ပျားမွေးမြူရေး ပိုမိုအရေးပါစေရန် တိုးချဲ့ခြင်း ကိုထောက်ပံ့မည်။

၁၆၈။ ငါးလုပ်ငန်းကဏ္ဍတွင် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)သည် (က) ငါးနှင့်ပုစွန် သားပေါက်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုတို့အတွက် ငါးသားဖောက်လုပ်ငန်း အခြေခံ အဆောက်အအုံကို ပြန်လည်ဖွဲ့စည်းရန်၊ တိုးချဲ့ရန်နှင့် လိုအပ်ပါက ပုဂ္ဂလိကသို့ လွှဲပြောင်းပေးအပ်ရန်၊ (ခ) အထောက်အပံ့ ပြုမည့် ဓာတ်ခွဲခန်း ပါဝင်သော ငါးမွေးမြူရေး နည်းပညာ ဌာနများ ကွန်ရက်တစ်ခုကို တည်ဆောက်ရန် နှင့်ရေလုပ်ငန်းနှင့် အခြားရေပြင်ဆိုင်ရာ အသက်မွေးမှုအတွက် ဥပဒေနှင့် စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ မူဘောင်တစ်ရပ် ရေးဆွဲရန်နှင့် (ဂ) ငါးပုစွန်မွေးမြူရေး အကျိုးဖြစ်ထွန်းမှု၊ မြေယာ ဖွံ့ဖြိုးတိုးတက်မှု၊ လှောင်အိမ်နှင့် ငါးမွေးကန်စသည့် မွေးမြူရေးနည်းပညာ အစီအမံများကို အားပေးမြှင့်တင်ရန် ဆောင်ရွက်မည်ဖြစ်သည်။

ဇယား ၂၁။ ထပ်ဆင့်ရလဒ် ၂.၇ - တိရစ္ဆာန်မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား<br>ထပ်ဆင့်ရလဒ် - ၂.၇။ | ချက်ချင်းရလဒ်များ |
|---|---|
| ပိုမို တိုးတက်ကောင်းမွန် သော တိရစ္ဆာန် နှင့် ငါး မွေးမြူရေး၊ မျိုးပွားရေး နှင့် ကျန်းမာရေး ဝန်ဆောင်မှုများ နှင့် နည်း ပညာများကို မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများမှ ပိုမို အသုံးပြု လာနိုင်ခြင်း။ | တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း<br>၂.၇.၁။ မြန်မာ့တိရစ္ဆာန် မျိုးရိုးဗီဇအရင်းအမြစ် သတင်းစနစ်ကို ထူထောင်ရန် နှင့် ထိန်းသိမ်းရန်။<br>၂.၇.၂။ တိရစ္ဆာန် မျိုးဗီဇအရင်းအမြစ်ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့် လုပ်ငန်း စီမံချက်ကို ရေးဆွဲရန် - ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်တို့ အပါအဝင်။<br>၂.၇.၃။ နိုင်ငံတစ်ဝှမ်း မေထုံမွဲ့သားစပ်ရေး (Artificial Insemination - AI) အစီအစဉ်/ လုပ်ငန်းအား ဖော်ပြပါစစ်တမ်းများအပေါ် အခြေခံ၍ ထူထောင်သွားရန် (၁)မြန်မာနိုင်ငံ တွင် တိရစ္ဆာန်မျိုးမြှင့်တင်ရန် မျိုးဗီဇများ အသုံး ချခြင်း (၂) ပြည်တွင်း မျိုးရည်ထုတ်လုပ်ခြင်းမှ စီးပွားရေး အကျိုးအမြတ် ရရှိနိုင်မှုနှင့် (၃) မေထုံမွဲ့သားစပ်ရေးဆိုင်ရာ ပစ္စည်း ကိရိယာများ တင်သွင်းခြင်းနှင့် ဖြန့်ဝေခြင်းတို့ တွင် အစိုးရနှင့် ပုဂ္ဂလိက အခန်းကဏ္ဍများအား ရှင်းလင်းစွာ သတ်မှတ်ထားခြင်း။<br>၂.၇.၄။ အမျိုးသားအဆင့် တိရစ္ဆာန်ကျန်းမာရေးနှင့် ရောဂါစူးစမ်းလေ့လာရေး စီမံကိန်း (National Animal Health and Disease Surveillance Plan)၊ ၎င်းနှင့်ဆက်စပ်သော စူးစမ်းလေ့လာခြင်းနှင့် အစီရင်ခံစာရေးသားခြင်း လုပ်ငန်းများ အပါအဝင် တိရစ္ဆာန်နှင့် ငါးကျန်းမာရေး သတင်းအချက်အလက် စနစ်ကို အားဖြည့်ပေးရန်။ |

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၇။ | ချက်ချင်းရလဒ်များ |
|---|---|
| | ၂။၇။၅။ ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် အအေးခန်းသိုလှောင်မှု စီမံခန့်ခွဲခြင်းအား အားကောင်းစေခြင်း အပါအဝင် ကာကွယ်ဆေးများအားထုတ်လုပ်ခြင်း/ တင်သွင်း ခြင်းနှင့် ဖြန့်ဖြူးခြင်း။<br>၂။၇။၆။ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုပေး ကျေးလက်လုပ်သား အစီအစဉ် (Community Animal Health Worker – CAHW) အစီအစဉ်အား ဥပဒေပြဌာန်းပံ့ပိုးမှုဖြင့် နိုင်ငံတစ်ဝှမ်း ဖွဲ့စည်း ဆောင်ရွက်ခြင်း။<br>၂။၇။၇။ ပေါ်ပေါက်လာနေသော တိရစ္ဆာန်ရောဂါ ခြိမ်းခြောက်မှုများအတွက် အရေးပေါ်စီမံချက် ရေးဆွဲခြင်းနှင့် ငွေကြေးပံ့ပိုးပေးခြင်း။<br>၂။၇။၈။ တိရစ္ဆာန် ကောင်ရေအခြေခံစစ်တမ်း ကောက်ယူခြင်း။<br>၂။၇။၉။ တိရစ္ဆာန် စားကျက်မြေများ၊ ကျွဲနွားစာနှင့် အစာကျွေးစနစ်များဆိုင်ရာ စာရင်းနှင့် ဒေတာဘေ့စ် (database) များအား စုပေါင်းထားရှိခြင်း။<br>၂။၇။၁၀။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရှိ တိရစ္ဆာန် အစာစမ်းသပ်သည့် ဓာတ်ခွဲခန်း၏ အဆောက်အအုံ၊ လူသားအရင်းအမြစ် နှင့် ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည်ကို တိုးမြှင့် လာစေခြင်း။<br>၂။၇။၁၁။ အမျိုးသားအဆင့် တိရစ္ဆာန်အစာ မဟာဗျူဟာတစ်ရပ်အား ရေးဆွဲပြုစုခြင်း။<br>၂။၇။၁၂။ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ကောင်း မွန်သောကျင့်စဉ်များ ရေးသားပြင်ဆင်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်း။<br><br>၂။၇။၁၃။ ပျားမွေးမြူရေးလုပ်ငန်းအား ဝင်ငွေရလမ်းတစ်ခုအဖြစ် လုပ်ဆောင်နိုင်မည့် ဇီဝ- ဂေဟဆိုင်ရာ အလားအလာ နှင့် စွမ်းဆောင်ရည် တို့ကို ဆန်းစစ်ရန် စစ်တမ်းကောက်ယူခြင်းနှင့် ကွင်းဆင်းစမ်းသပ်ခြင်းတို့ အပါအဝင် လေ့လာမှုများပြုလုပ်ခြင်း။<br><br>ငါးလုပ်ငန်း<br>၂။၇။၁၄။ ငါးနှင့် ပုစွန်သားပေါက် ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုတို့အတွက် ငါးသားဖောက်လုပ်ငန်း အခြေခံ အဆောက်အအုံ (ငါးသားဖောက်ကန်များ နှင့် ငါးမွေးမြူရေးကန်များ)ကို ပြန်လည်ဖွဲ့စည်းရန် နှင့် လိုအပ်ပါက ပုဂ္ဂလိကသို့ လွှဲပြောင်းပေးအပ်ရန်။<br>၂။၇။၁၅။ မွေးမြူနိုင်သောငါးမျိုးစိတ်များကို ဖော်ထုတ်ခြင်း၊ စာရင်းသွင်းခြင်းနှင့် ငါးသယံဇာတ အရင်းအမြစ်ထိန်းသိမ်းခြင်း ဆောင်ရွက်ရန်။<br>၂။၇။၁၆။ ငါးမွေးမြူရေး နည်းပညာဌာနများ ကွန်ရက်ထူထောင်ရန် ( မော်လမြိုင်၊ ပုသိမ်၊ မြိတ်၊ ရန်ကုန် တက္ကသိုလ်များရှိ ပြည်ပအကူအညီ၊ အထောက်အပံ့ သုတေသနဌာနများ) နည်းတူ ထူထောင်ရန်၊ ဓာတ်ခွဲခန်းများ ထောက်ပံ့ပေးရန်။<br>၂။၇။၁၇။ ငါးဖမ်းခြင်းဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ရန်နှင့် ရရှိနိုင်ရန်၊ နှင့် မြေယာ ဖွံ့ဖြိုးမှု၊ လှောင်အိမ်နှင့် ငါးမွေးကန်စသည့် မွေးမြူရေးနည်းပညာများ အပါအဝင် ငါးလုပ်ငန်း လုပ်ဆောင်မှုများအား တည်ရှိပြီးဖြစ်သော ရေကန်များ (သို့) ရေလှောင်ကန်များနှင့် ပေါင်းစည်းခြင်းအား သင့်လျော်သော ဥပဒေမူဘောင်များအောက်မှ ဆောင်ရွက်နိုင်ရန်။<br>၂။၇။၁၈။ ရေလုပ်ငန်းဆိုင်ရာ ဥပဒေအသစ်တစ်ရပ် ရေးဆွဲရန်။ |

## ၈.၄.၈။ ထပ်ဆင့်ရလဒ် ၂.၉ – စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ

၁၆၉။ သီးနှံ၊ တိရစ္ဆာန်ကျန်းမာရေး၊ မြေဆီလွှာစီမံခန့်ခွဲမှု၊ အပင်နှင့်တိရစ္ဆာန် အာဟာရစီမံခန့်ခွဲမှု၊ အော်ဂဲနစ် လယ်ယာတို့တွင် အလေ့အကျင့်ကောင်းတို့ကို ကျင့်သုံးအောင် ကူညီရန်အတွက် စံများနှင့် တိုးချဲ့ပညာပေး မှုများ ရေးဆွဲရာတွင် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)က ထောက်ပံ့မည်။ မြန်မာနိုင်ငံ၏ရေမြေ သဘာဝကွဲလွဲမှုရှိသော ပတ်ဝန်းကျင်မှစိုက်ပျိုး–ဂေဟအခြေအနေများနှင့် ကိုက်ညီသောစံချိန်နှင့် အလေ့အကျင့် တို့ကို ရေးဆွဲမည်။ ကုန်ပစ္စည်းတို့ကို ယင်းဒေသများသို့ တင်ပို့ရန်ရှိပါက ဒေသအလိုက်စံများ(ဥပမာ၊ အာဆီယံ GAP) သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ စံများ(ဥပမာ၊ ကမ္ဘာလုံးဆိုင်ရာ GAP) တို့နှင့်လည်း ကိုက်ညီ သော အလေ့အကျင့်များကို ဖြစ်ထွန်းအောင် ကူညီမည်။ (၈၊၅၊၃ တွင် လည်းကြည့်ပါ။)

ဇယား ၂၂။ ထပ်ဆင့်ရလဒ် ၂၊၈ - စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၈။ | ချက်ချင်းရလဒ်များ |
|---|---|
| ရေရှည်တည်တံ့သော လယ်ယာစိုက်ပျိုးရေး၊ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (GAP)၊ မွေးမြူရေးဆိုင်ရာ ကောင်းမွန်သော ကျင့်စဉ်များ (GAHP) အား ထူထောင်ကာ လိုက်နာကျင့်သုံးခြင်း။ | ၂၊၈၊၁။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ (GAP) ဆိုင်ရာ အတွေးအမြင်များ၊ အခြေခံမှုများ၊ လမ်းညွှန်မှုများ၊ ဥပဒေများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများအား ညှိနှိုင်းခြင်း၊ ရေးဆွဲခြင်း၊ အကျယ်တဝင့်ရှင်းပြခြင်း၊ မှတ်တမ်းတင်ခြင်း နှင့် မြှင့်တင်ပေးခြင်း တို့ကို ဆောင်ရွက်ရန် (မွေးမြူရေးဆိုင်ရာ ကောင်းမွန်သော ကျင့်စဉ်များ (GAHP), ရေလုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAqP)၊ ဓာတုကင်းလွတ် စိုက်ပျိုးရေး (OA) တို့ အပါအဝင်)<br>• ဝန်ကြီးဌာနအတွင်း (GAP၊ GAHP၊ GAqP၊ OA) ကိစ္စများကို ပေါင်းစပ်ညှိနှိုင်းရန်၊ ဦးစီးဦးဆောင်ပြုရန်အတွက် (GAP) ဌာနခွဲ တစ်ခုကိုတည်ထောင်ရန်။<br>• မြန်မာ၊ အာဆီယံ၊ တစ်ကမ္ဘာလုံးဈေးကွက်သို့ ဦးတည်ချက်များဖြင့် (GAP)ဆိုင်ရာအတွေးအမြင်များ၊ လမ်းညွှန်မှုများ၊ ဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ သဘောတူညီချက်များကို မှတ်တမ်းတင်ခြင်း၊ မျှဝေခြင်း၊ ပြန့်နှံ့အောင်လုပ်ခြင်း တို့ကိုဆောင်ရွက်ရန်။<br>• (GAP)နှင့် အခြားစံနှုန်းများ၊ သဘောတူညီချက်များဆိုင်ရာ၊ အမျိုးသားဓာတ်ခွဲခန်းထူထောင်ခြင်း၊ သင်တန်းပေးခြင်း အပါအဝင်စစ်ဆေးရေးနှင့်လက်မှတ်ထုတ်ပေးရေးအတွက် စွမ်းဆောင်ရည်တည်ဆောက်ပေးရန် ။<br>• (GAP၊ GAHP၊ GAqP၊ OA) လိုက်နာမှုကို စောင့်ကြည့်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကြပ်မတ်ခြင်း၊ အာဏာတည်စေခြင်း၊ အထူးသဖြင့် အော်ဂဲနစ်စိုက်ပျိုးရေး၊ ပိုးသတ်ဆေး ကင်းဝေးရေးစံချိန်များ၊ ဘေးအန္တရာယ်ရှိသော ဓာတုဆေးဝါးများကို သီးနှံများတွင် သုံးစွဲခြင်း၊ မွေးမြူရေး ကုန်များထုတ်လုပ်ရာတွင် ပဋိဇီဝဆေးများကို သုံးစွဲခြင်း တို့ကို ထိန်းချုပ်ခြင်းများ ဆောင်ရွက်ရန်။<br>• (GAP၊ GAHP၊ GAqP၊ OA) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး ဆောင်ရွက်ရန်အတွက် ပံ့ပိုးမှုများပေးရန်။<br>၂၊၈၊၂။ (GAP)နှင့်(OA)နည်းနာကောင်းများဖြင့် ထုတ်လုပ်ထားသော ဆန်၊ ပဲ၊ ဟင်းသီးဟင်းရွက်၊ သစ်သီး၊ နို့ထွက်ကုန်၊ အသား၊ ပျားရည် နှင့်အခြားထုတ်ကုန်များကို ပိုမိုထုတ်လုပ်ရန်၊ တန်ဖိုးမြှင့်ရန်၊ ရောင်းချရန် စားသုံးရန် ။<br>• မြန်မာ့ GAP နှင့် OA ဆိုင်ရာ လယ်သမားအုပ်စုများ၊ သမဝါယမများ ဖွဲ့စည်းခြင်း အပါအဝင် ပတ်သက်ဆက်နွယ်နေသူများကို စွမ်းဆောင်ရည် တိုးတက်စေရန် နှင့် လုပ်ကိုင်နိုင်စွမ်းရှိစေရန်။ |

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၈။ | ချက်ချင်းရလဒ်များ |
|---|---|
| | • စိုက်၊မွေး၊ဆည် ဝန်ကြီးဌာနရှိ ဦးစီးဌာနများကိုလည်း (GAP) နှင့် (OA) ဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန်။<br>• ပုဂ္ဂလိက ကဏ္ဍ အထောက်အပံ့အပါအဝင် GAPနှင့်OA နည်းနာများ အသုံးချ သုတေသနဆောင်ရွက်ရန်။<br>• (GAP)နှင့်(OA)ဆိုင်ရာ တန်ဖိုးကွင်းဆက် သုံးသပ်ခြင်း၊ ထုတ်လုပ်မှု စရိတ် စစ်တမ်းကောက်ခြင်း တို့ကိုဆောင်ရွက် ရန်။<br>• ပုဂ္ဂလိက ကဏ္ဍအထောက်အပံ့အပါအဝင် (GAP)နှင့်(OA) နည်းနာဆိုင်ရာ နည်းပညာလွှဲပြောင်းရေးနှင့် သီးခြားတိုးချဲ့ ပညာပေးရေး အစီအစဉ်များ ကိုဆောင်ရွက်ရန်။<br>• အသေးစားနှင့်အလတ်စား မွေးမြူရေးလုပ်ငန်းများတွင် (GAHP) နည်းနာ များဖြစ်ထွန်းအောင်ထောက်ပံ့ရန် ။<br>• ငါးလုပ်ငန်း ထွက်ကုန်များ - လက်ရှိ ရှိနေသော ဓာတ်ခွဲခန်းများအား ISO ၁၇၀၂၅ အဆင့်သို့မြှင့်တင်ပေးရန်၊ ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလေ့အကျင့် ကောင်းများကို လိုက်နာကျင့်သုံးခြင်းအား အားပေးရန်၊ နှင့် ပြည်ပသို့ တင်ပို့နိုင်ချေရှိသော ရေလုပ်ငန်းထွက်ကုန်များအတွက် ဘေးအန္တရာယ် ရှိနိုင်ချေ သုံးသပ်ခြင်းနှင့် ထိန်းချုပ်ခြင်းအမှတ်များ (Hazard Analysis Critical Control Points – HACCP)အရ လိုက်နာဆောင်ရွက်ရန်<br>• GAP ဆိုင်ရာ ပြိုင်ပွဲများ၊ ပြပွဲများ နှင့် အခမ်းအနားများ ကျင်းပပြုလုပ်ရန်။<br>၂၊၈၊၃။ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များတွင် 'မြန်မာအမှတ်တံဆိပ်' ရိုက်နှိပ်ထားသော (GAP) နှင့် (OA) ဆိုင်ရာ ထွက်ကုန်များအား တင်ပို့နိုင်ရန်နှင့် အသုံးပြုလာကြစေရန်။<br>• (GAP)နှင့်(OA)ဆိုင်ရာ ဈေးကွက်သတင်းအချက်အလက် အခြေခံတည် ဆောက်ရန်။<br>• အနည်းဆုံး အသိအမှတ်ပြု စီမံခန့်ခွဲမှု စံချိန်နှစ်ခုရရှိရန် ။<br>ဈေးကွက်ရှာဖွေရေး စီမံကိန်းများကို သုံးသပ်အကဲဖြတ်ရန်၊ လေ့လာရန်၊ ရေးဆွဲရန်၊ မျှတသောကုန်သွယ်ရေး (Fair Trade - FT) အုပ်စုများ/ ဈေးကွက်များနှင့် ဆက်သွယ်ခြင်း အပါအဝင် ဈေးကွက်အလား အလာများကို အသုံးချရန် အတွက် (GAP) နှင့် (OA) ဆိုင်ရာ ထုတ်လုပ်သူများနှင့် ရောင်းဝယ်သူများကို အကူအညီပေးရန် |

## ၈.၄.၉။ ထပ်ဆင့်ရလဒ် ၂.၁၅ – ကြံ့ကြံ့ခံနိုင်မှု

၁၇၀။ **ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝ ဘေးအန္တရာယ်များကို တောင်သူတို့ ကြံ့ကြံ့ခံနိုင်စေရန်အတွက် နိုင်ငံတော်အဆင့်၊ ရပ်ရွာအဆင့်၊ အိမ်ထောင်စုအဆင့်တို့တွင် အပြောင်းအလဲများ၊ အန္တရာယ်ကျရောက်မှု လျော့ပါးစေရေး လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်မည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် ရာသီဥတု ပြောင်းလဲမှု၊ ဆားငန်ပေါက်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသောဒဏ်များကို ခံနိုင်ရည်ရှိသည့် သီးနှံမျိုးများ၊ တိရစ္ဆာန်နှင့် ငါးပုစွန်မျိုးများကို သုတေသနပြုနိုင်အောင်ကူညီမည်။**

၁၇၁။ ရပ်ရွာသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး(CBDRM)ကို ဖြစ်ထွန်းအောင် ကူညီခြင်းဖြင့် လယ်ယာစိုက်ပျိုးသည့် ရပ်ရွာများက ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသော သဘာဝဘေးတို့ကို တုံ့ပြန်နိုင်ရန်အတွက်အဆောက်အအုံများ (ရေကြီးခြင်းကို ကာကွယ်နိုင်သည့် အခြေခံအဆောက်အအုံများ၊ ရေလှောင်ကန်များ၊ ရေနုတ်မြောင်းများ၊ ခိုလှုံရာ နေရာများ)ဖြင့် လည်းကောင်း၊ အဆောက်အအုံမဟုတ်သော ဆောင်ရွက်ချက်များ (မိုးရေစုဆောင်းခြင်း၊ သီးနှံအမယ်စုံစိုက်ပျိုးခြင်း၊ ကြိုတင်သတိပေးစနစ်၊ အရေးပေါ်အသုံးအဆောင်များ)ဖြင့်လည်းကောင်း ကောင်းစွာပြင်ဆင်နိုင်စေမည်။ မိုးခေါင်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်း၊ ရေကာတာကျိုးပေါက်မှု မဖြစ်စေရန်၊ ရေလျှံခြင်းနှင့် ရေကြီးခြင်းတို့ကို ထိရောက်စွာ တုန့်ပြန်နိုင်စေမည့် အချိန်အလုံအလောက် ရရှိစေရန် ရပ်ရွာများသို့ ကြိုတင်သတိပေးစနစ်ကို အားဖြည့်ရမည်။ ရပ်ရွာအဆင့် သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ် အဆင့်တို့ရှိ အသင့်ပြင်ဆင်ရေး စနစ်တွင် စားနပ်ရိက္ခာနှင့် အရန်မျိုးစေ့ထားခြင်းလည်း ပါဝင်နိုင်သည်။ သီးနှံနှင့် မွေးမြူရေး အာမခံဖြင့် တောင်သူတို့အား ပိုမိုကာကွယ်ပေးနိုင်ပေမည်။ (မဏ္ဍိုင် ၃၊ ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီမှု ဆိုင်ရာ ထပ်ဆင့်ရလဒ်ကိုလည်း ကြည့်ပါ)။ မိုးလေဝသမှတ်တမ်းဌာနများ တိုးချဲ့ရန် နှင့်အားဖြည့်ရန် လိုအပ်မည်။

ဇယား ၂၃။ ထပ်ဆင့်ရလဒ် ၂.၉ - ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား<br>ထပ်ဆင့်ရလဒ် - ၂.၉။ | ချက်ချင်းရလဒ်များ |
|---|---|
| ရာသီဥတု ပြောင်းလဲမှု နှင့် ဘေးအန္တရာယ်တို့ကို တောင်သူများမှ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း တိုးတက်လာခြင်း | ၂.၉.၁။ ဒဏ်ခံနိုင်သည့်အပြင် အထွက်ကောင်းသော သီးနှံ၊ မွေးမြူရေးမျိုး၊ ငါးမျိုးများကို သုတေသနလုပ်ခြင်းဖြင့် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်သော စိုက်ပျိုးရေးကို ဖြစ်ထွန်းစေရန်။<br>၂.၉.၂။စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံမှုတို့တွင် ရာသီဥတုပြောင်းလဲမှု၏ ဘေးအန္တရာယ်ကို စီမံခန့်ခွဲနိုင်ရန် ကြိုတင်သတိပေးစနစ်ကို ထူထောင်ကာ ကြိုတင်သတိပေးသည့် သတင်းအချက်အလက်တို့ကို လိုက်နာကျင့်သုံးရန်။<br>၂.၉.၃။တောင်သူများကို သတင်းပေးရန် ဒီဇိုင်းထုတ်ထားသော ရာသီဥတု သတင်းနှင့် မိုးလေဝသကြိုတင် သတင်း အစီအစဉ်တစ်ခုကို တည်ထောင်ရန်။ ယင်းတွင် ဒေသခံအဆင့်တွင် မိုးလေဝသဘေးရန် အညွှန်း (စိုက်ပျိုးရေးအာမခံအတွက် လိုအပ်ချက်)ကို ထုတ်ပြန်ပေးနိုင်မည့် မိုးလေဝသဌာနကို စွမ်းဆောင်ရည် တည်ဆောက်ပေးရန်နှင့် ယင်းကို အခြေခံကာ သီးနှံအထွက်နှုန်းကို ခန့်မှန်းနိုင်စွမ်းကို တည်ဆောက်ပေးရန်။<br>၂.၉.၄။ အရေးပေါ်အခြေအနေကို ရင်ဆိုင်နိုင်ရန် နှင့် စားနပ်ရိက္ခာ ဖူလုံရန် ဦးတည် တောင်သူအိမ်ထောင်စုများသို့ ဝေငှပေးမည့် အရန်ရိက္ခာစနစ်ကို အားဖြည့်ပေးရန်။<br>၂.၉.၅။ သဘာဝဘေးများဖြစ်သော ရေကြီးခြင်း၊ မိုးခေါင်ခြင်းတို့ကို ရင်ဆိုင်ကျော်လွှား နိုင်ရန် မျိုးစေ့နှင့် အစားအစာ/ မြက်ခြောက် အရန်စနစ်ကို အားဖြည့်ပေးရန်။ |

| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ထပ်ဆင့်ရလဒ် - ၂.၉။ | ချက်ချင်းရလဒ်များ |
|---|---|
| | ၂.၉.၆။ သင်တန်းပို့ချခြင်း၊ တောင်သူသင်တန်းကျောင်းများ (Farmer Field Schools) နှင့် သရုပ်ပြခြင်းတို့ဖြင့် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေး နည်းစနစ်ဆိုင်ရာ တိုးချဲ့ပညာပေးရေးဝန်ထမ်းများနှင့် တောင်သူတို့၏ စွမ်းဆောင်ရည် တိုးမြှင့်ပေးရန်။<br>၂.၉.၇။ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်၊ အခြားမရေရာမှုများကို မွေးမြူရေးတောင်သူများမှ ကြံ့ကြံ့ခံနိုင်ရန်နှင့် လျော့ပါးသက်သာရေး အချက်အလက်များ ထည့်သွင်းနိုင်ရန် စီမံကိန်းကို အကောင်အထည် ဖော်ခြင်း။<br>၂.၉.၈။ ရာသီဥတုနှင့်ကိုက်ညီသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးတည်သော မွေးမြူရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးတည်သော လယ်ယာ လုပ်ငန်း။<br>၂.၉.၉။ ကျေးလက်ဒေသများနှင့် စိုက်ပျိုးရေးအာမခံ မထားရှိနိုင်သော တောင်သူတို့ကို ထိခိုက်စေသည့် မိုးခေါင်မှု၊ ရေကြီးမှု၊ ကပ်ရောဂါများ နှင့် အရေးပေါ် အခြေအနေများအတွက် ပြင်ဆင်ထားရန်နှင့် တုန့်ပြန်နိုင်ရန် ရန်ပုံငွေ တစ်ရပ်ကို ထူထောင်ရန်။<br>၂.၉.၁၀။ လူထုအခြေပြု ဘေးအန္တရာယ်ကျရောက်နိုင်ချေ စီမံခန့်ခွဲမှု (CBDRM) ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်။ |

## ၈.၅။ မဏ္ဍိုင် (၃) – ဈေးကွက်အချိတ်အဆက်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းအား

၁၇၂။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) မဏ္ဍိုင် (၃) ဈေးကွက်အချိတ်အဆက်များ၊ ယှဉ်ပြိုင်နိုင်စွမ်းအား၏ ထပ်ဆင့်ရလဒ်မှာ– မြန်မာနိုင်ငံရှိ တောင်သူများ၊ စိုက်ပျိုး–စီးပွားရေးလုပ်ငန်းများကို ထိရောက်သော တန်ဖိုးကွင်းဆက်အတွင်းသို့ ပေါင်းစည်းလိုက်ပြီး ဒေသတွင်းနှင့် တစ်ကမ္ဘာလုံး ဈေးကွက်တို့တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိလာခြင်းပင်ဖြစ်သည်။ ယင်းတို့ဖြစ်စေရန်မှာ စိုက်ပျိုးရေးကဏ္ဍကို ဝမ်းစာဖူလုံရုံ သို့မဟုတ် နယ်မြေခံဈေးကွက်သို့ တင်ပို့ရန် အများစုက ဆောင်ရွက်နေသော အခြေအနေမှ အကျိုးအမြတ်ရရှိသော စီးပွားရေး ဆန်ဆန် ဆောင်ရွက်ကာဒေသ၊ နိုင်ငံတော်၊ နိုင်ငံတကာဈေးကွက်တို့နှင့် ချိတ်ဆက်ထားသည့် အခြေအနေသို့ ပြောင်းလဲခြင်းဖြင့် အထမြောက်နိုင်သည်။

၁၇၃။ လက်ရှိစိုက်ပျိုးရေးကဏ္ဍကို ပိုမို၍ ပြိုင်ဆိုင်မှု အားကောင်းသော စိုက်ပျိုးစီးပွားရေး စနစ်သို့ ကူးပြောင်းရန် တောင်သူလယ်သမားများကိုသာမက စိုက်ပျိုးစီးပွားရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသော သွင်းအားစု ဖြန့်ဖြူးသူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ဝန်ဆောင်မှု ပေးသူများ အားလုံးကို ဦးတည်၍ ပြောင်းလဲမှုကို ဖော်ဆောင်ပေးရမည်။ ယင်းစီးပွားရေး လုပ်ငန်းများတွင် သွင်းအားစု ပေးသွင်းသူ၊ ထုတ်လုပ်သူ ကုမ္ပဏီများ၊ ဈေးကွက်တင်သော သမဝါယမအသင်းများ၊ သိုလှောင်ရုံ လုပ်ငန်းလုပ်ကိုင်သူများ၊ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများ၊ ကြိတ်ခွဲပြုပြင်သူများ၊ စိုက်ပျိုး– စားသောက်ကုန် တင်သွင်းသူ၊ တင်ပို့သူများ၊ လက်လီလက်ကား ဖြန့်ဖြူးသူကုန်သည်များ၊ ငွေကြေး ဝန်ဆောင်မှု၊ သီးနှံ အာမခံ၊ စီးပွားရေး ဝန်ဆောင်မှုပေးသူများအားလုံး ပါဝင်သည်။ အကျိုးအမြတ်ရှိသော စီးပွားရေးဆန်ဆန် ဆောင်ရွက်ရန်မှာ– စွမ်းဆောင်နိုင်သောစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံရေးပတ်ဝန်းကျင်၊ ထိရောက်၍ စီးပွားရေးဆန်သော စိုက်ပျိုးရေးကို ဖြစ်ထွန်းစေမည့် ကန်ထရိုက်လုပ်ငန်းများ၊ ငွေကြေးဝန်ဆောင်မှုများကို အားဖြည့်ပေးမည့် ပြုပြင်ပြောင်းလဲမှုများနှင့် ရုပ်ပိုင်းရော ICT နည်းပညာပါ အခြေခံ အဆောက်အအုံများပါ လိုအပ်သည်။

၁၇၄။ ဆက်သွယ်နိုင်မှုကို ဖြစ်စေသော အခြေခံအဆောက်အအုံများ (ပို့ဆောင်/ဆက်သွယ်ရေး အခြေခံအ

ဆောက်အအုံ)၊ အားကိုးရ၍ ဈေးသက်သာသော စွမ်းအင်ကို လက်လှမ်းမီမှု၊ ထိရောက်သော ထောက်ပံ့ရေးကွင်းဆက်(သိုလှောင်ရုံ၊ ထုပ်ပိုးရုံ၊ ဒိုင်၊ ဈေးကွက်ပို့ဆောင်ရေးဌာနစသော တန်ဖိုးကွင်းဆက် အခြေခံ အဆောက်အအုံများ)စသည်တို့၏ အဓိကတာဝန်ကို စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) က အသိအမှတ်ပြုပါသည်။ ထိရောက်သော ဈေးကွက်သတင်းနှင့် သတင်းဝန်ဆောင်မှုတို့ မှတစ်ဆင့် စီးပွားဖြစ် စိုက်ပျိုးရေးကို ဖြစ်ထွန်းစေရန် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) က အသိပညာ အခြေခံအဆောက်အအုံကို တိုးတက် ကောင်းမွန်လာစေရန် ထောက်ပံ့ပေးမည်ဖြစ်သည်။

၁၇၅။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ ဤမဏ္ဍိုင် (၃)သည် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုကို ဦးတည်ထားသည်။ ယှဉ်ပြိုင်နိုင်စွမ်းသည်–(က) အရည်အချင်းရှိပြီး အလုပ်ကြိုးစားသည့် ထိရောက်သော အလုပ်သမားအင်အားထု၊ (ခ) ကမ္ဘာ့ဈေးကွက်တွင် မြန်မာ၏ ထူးခြားချက်မှာ မည့်သည့်အရာဖြစ်သည်ကို ရှင်းလင်းစွာ သဘောပေါက်ခြင်း၊ (ဂ) ကုန်ထုတ်တိုးမှု အများဆုံး ဖြစ်စေရန်နှင့် နိုင်ငံ၏သဘာဝက ပေးအပ်ထားသော အရည်အသွေးတို့ကို အခြေခံသည့် ထုတ်ကုန်သစ်၊ နည်းစဉ်အသစ်တို့ဖြင့် တီထွင်ဆန်းသစ်ရန် သန္နိဋ္ဌာန်စိတ်နှင့် စွန့်စားဆောင်ရွက်လိုသူများ စသည်တို့အပေါ်တွင် အခြေခံသည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုဆိုသည်မှာ စားသုံးသူအား တန်ဖိုးကိုပေးအပ်ပြီး ဈေးကွက်ဝေစုကို သိမ်းယူခြင်းပင် ဖြစ်သည်။ မြန်မာ့စိုက်ပျိုးရေးသည် လယ်တော အဆင့်တွင်မှု အချို့ထွက်ကုန်များသည် နှိုင်းယှဉ်နိုင်စွမ်း ရှိနိုင်သည်။ သို့သော် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်မှာ တန်ဖိုး ကွင်းဆက်အဆင့်တိုင်းတွင် ကုန်ကျစရိတ် လျော့ချ စေမည့် တီထွင်ဆန်းသစ်မှုများ၊ စားသုံးသူများ လိုလားသည့် ဂုဏ်ပုဒ်များကို ဖြစ်စေသည့် တီထွင်ဆန်းသစ်မှုများ (ဥပမာ– အစားအသောက် ဘေးကင်းလုံခြုံစိတ်ချရမှု၊ ထုပ်ပိုးမှု ကောင်းမွန်ခြင်း၊ ချက်ပြုတ်ရန် အဆင်ပြေခြင်း၊ အရသာတာရှည်အထားခံမှု)၊ ကုန်ထုတ်စရိတ်အသက်သာဆုံးဖြစ်စေမည့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များဖြင့် ထောက်ပံ့ရေးကွင်းဆက် တစ်ခုလုံးကို ကောင်းမွန်အောင် ပြုပြင်ရန် လိုအပ်သည်။

၁၇၆။ ယှဉ်ပြိုင်နိုင်စွမ်းကောင်းမွန်စေရန်အတွက် တောင်သူတို့နှင့် ပုဂ္ဂလိက ကဏ္ဍတို့၏ ထကြွလုံ့လနှင့်တီထွင်နိုင်စွမ်းမှာ မရှိမဖြစ် လိုအပ်သည်။ ဤအပြောင်းအလဲများသည် စိုက်ပျိုးရေး ဖြစ်ထွန်းခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို ဦးတည်ဆောင်ရွက်ရန် နည်းလမ်းတို့ကို တောင်းဆိုသည်။ ယင်းသည် ပုဂ္ဂလိက ကဏ္ဍနှင့် တောင်သူအဖွဲ့အစည်းတို့၏ ပါဝင်ဆောင်ရွက်မှုသည် အချက်အချာကျကြောင်း အသိအမှတ်ပြုသော်လည်း ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရေးနှင့်အတူ ဆင်းရဲနွမ်းပါးသူတို့၏ အကျိုးကိုဦးတည်ရန်အတွက် ကြိုးကြပ်ရမည့်၊ ထိန်းသိမ်းရမည့်၊ အထမြောက်စေရန် လုပ်ပေးရမည့် အစိုးရ၏ အဓိကကျသော တာဝန် ဟုလည်း ဝန်ခံရပေမည်။ ပုဂ္ဂလိက ကဏ္ဍနှင့် တောင်သူတို့၏ တက်ကြွမှု၊ ဇွဲ၊ လုံ့လ၊ တီထွင်နိုင်စွမ်း တို့နှင့် ပြည်သူလူထု၏ အကျိုးရလဒ်ကောင်းထွက်ပေါ်စေရန်အတွက်အစိုးရ၏ဆောင်ရွက်မှုတို့ကိုပေါင်းစပ် လိုက်သောအခါ အစိုးရနှင့် ပုဂ္ဂလိက မိတ်ဖက်ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လာသည်။

၁၇၇။ ဤမိတ်ဖက်ပြုမှု၏ အနှစ်သာရမှာ ကျန်မိတ်ဖက်တစ်ဦးက မပါဝင်မဆောင်ရွက်ပါက ကောင်းကျိုးများ မရနိုင်သဖြင့် မိတ်ဖက်ပြုခြင်းသည် ဖြည့်ဆည်းနိုင်စွမ်း တစ်မျိုးကိုဖန်တီးနိုင်ရေးဖြစ်သည်။ အစိုးရ၏ အမြင်တွင် ရန်ပုံငွေများကို အသုံးပြုပြီး အကျိုးရလဒ်များ ဖြစ်ပေါ်ကာ လမ်းကြောင်းဖော်ဆောင်ယူနိုင်သည်ဟု မြင်နိုင်သည်။ သို့ရာတွင် ပြည်သူ့ရန်ပုံငွေများ ပါဝင်ပေါင်းစပ်လာခြင်းဖြင့် အလားအလာကောင်းသော်လည်း ဆုံးရှုံးမှုအန္တရာယ်ကြီးသော စီမံကိန်းကြီးများအတွက် ရင်းနှီးမြှုပ်နှံရန် စိတ်ကူးများလျော့ပါးသွားစေနိုင်သည်ဟု ပုဂ္ဂလိကနှင့် တောင်သူတို့က မြင်ကြသည်။

၁၇၈။ စီးပွားရေးဆိုင်ရာ ရလဒ်ကောင်းများ ရရှိပြီး ကဏ္ဍအလိုက် ဝင်ငွေတိုးရန်နှင့် အလုပ်အကိုင်ရရှိရေးတွင် အကျိုးသက်ရောက်မှုရှိစေရန် တန်ဖိုးကွင်းဆက်များကို ဦးစားပေးသတ်မှတ်ရန် လိုအပ်ကြောင်း ဤမဟာဗျူဟာ မဏ္ဍိုင်တွင်အလေးပေးဖော်ပြထားသည်။ မဏ္ဍိုင် (၃)၏ ထပ်ဆင့်ရလဒ်များနှင့် ချက်ချင်းရလဒ်များကိုအောက်တွင်ဖော်ပြထားပါသည်။

### ၈.၅.၁။ ထပ်ဆင့်ရလဒ် ၃.၁ – စီးပွားရေးပတ်ဝန်းကျင်

#### ၈.၅.၁–က။ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်

၁၇၉။ ပုဂ္ဂလိက စိုက်ပျိုး–စီးပွားရေးလုပ်ငန်းတို့၏ လုပ်ဆောင်ချက်များကို ဟန့်တားနေသည်မှာလုပ်ငန်းစရိတ်ကို ပိုကုန်ကျစေသောဥပဒေ၊ လုပ်ထုံးလုပ်နည်း ကိစ္စရပ်များနှင့် ရုံးကိစ္စများ ဖြစ်သည်။ (မှတ်ချက်– ကုန်သွယ်မှု အဟန့်အတားဖြေလျှော့ခြင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်စေခြင်းတို့အတွက် သက်ဆိုင်ရာ အစိုးရဌာနများလည်း ဆောင်ရွက်နေကြသည်။) သို့ရာတွင် မလိုလားအပ်သော ပြည်တွင်းအခွန်များ၊ လမ်းတံတားအကောက်များနှင့် ခွင့်ပြုစာများသည် တစ်ပြည်လုံးတွင် ကုန်စည်စီးဆင်းမှုကို ပို၍ခက်ခဲ ကြန့်ကြာစေမှုများလည်းရှိနေသေးသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)သည် ကုန်သွယ်ရေးနှင့် လုပ်အားကန်ထရိုက်များအတွက် ဥပဒေအဖွဲ့အစည်းများ ပိုကောင်းစေရန် ထောက်ပံ့မည်။ အထူးသဖြင့် ကန်ထရိုက် လယ်ယာများအတွက် ဖြစ်သည်။ ထို့ပြင် ကျေးလက်ဒေသများတွင် ဖြစ်နိုင်သော ကန်ထရိုက်ဆိုင်ရာ ပဋိပက္ခများ ဖြေရှင်းရန် အနုညာတဝန်ဆောင်မှုများဖြင့်လည်း ထောက်ပံ့မည်။ ကန်ထရိုက်လယ်ယာနှင့် ပတ်သက်၍ ပုံစံများ၊ သင်ခန်းစာများကို ဖော်ထုတ်ပြီး ထိရောက်သော ကန်ထရိုက် လယ်ယာအကောင်အထည်ဖော်ရေးအတွက် ဥပဒေတစ်ရပ်နှင့် လမ်းညွှန်ချက်များကို ရေးဆွဲမည်။

၁၈၀။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား တိုက်တွန်းအားပေးရန်အတွက် မြန်မာနိုင်ငံတော်အစိုးရသည် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင် ထုတ်ပြန်ခဲ့ပါသည်။ ပိုမိုတိုးတက်ကောင်းမွန်သော စီးပွားရေး ပတ်ဝန်းကျင်တစ်ခု ရရှိရန်အတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာနှင့် စီမံကိန်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အား ထောက်ပံ့ပေးမည်ဖြစ်သည်။

#### ၈.၅.၁–ခ။ ဈေးကွက် သတင်းအချက်အလက်

၁၈၁။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)သည် တောင်သူများနှင့် စိုက်ပျိုး–စီးပွားရေး လုပ်ငန်းများသို့ ဈေးကွက်သတင်းပေးမည့် အစိုးရနှင့် ပုဂ္ဂလိကဝန်ဆောင်မှုများကို အားဖြည့်ပေးရန် ကူညီနိုင်မည်။ ယင်းတွင် ICT နည်းပညာကို အသုံးပြု၍ အင်တာနက်နှင့် မိုဘိုင်းဖုန်းများမှတစ်ဆင့် မြန်မာဘာသာဖြင့် ဈေးကွက်သတင်းများ (ဥပမာ။ ဈေးနှုန်း၊ ဈေးကွက်အလားအလာ၊ ပမာဏ၊ အဆင့်၊ အရည်အသွေး)နှင့် ဈေးကွက်အသိပညာ (သက်ဆိုင်ရာ လုပ်ဆောင်သူတို့၏ ဝယ်လိုအားနှင့် ရောင်းလိုအား၊ ဈေးကွက်ဝေစု) များကို ထုတ်လွှင့်နိုင်ရန် ပြုစုခြင်း ပါဝင်မည်။

ဇယား ၂၄။ ထပ်ဆင့်ရလဒ် ၃.၁။ စီးပွားရေးပတ်ဝန်းကျင်ဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၃ - "ဈေးကွက် ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု ထပ်ဆင့်ရလဒ် ၃.၁။ | ချက်ချင်းရလဒ်များ |
|---|---|
| စိုက်ပျိုး-စားသောက်ကုန် ထောက်ပံ့ဖြည့်ဆည်းရေး ကွင်းဆက်တစ်လျှောက်ရှိ စီးပွားဝန်းကျင်၊ သတင်း အချက်အလက်နှင့် ရင်းနှီးမြှုပ်နှံမှုတို့ တိုးတက်လာခြင်း | ၃၊၁၊၁။ ကုန်သွယ်ရေးနှင့် လုပ်အားကန်ထရိုက်များအတွက် ဥပဒေအဖွဲ့အစည်းများကို ပိုမို ကောင်းမွန်စေရန်၊ အထူးသဖြင့် ကန်ထရိုက်လယ်ယာအမျိုးမျိုး အတွက် ဖြစ်သည်။<br>ကျေးလက်ဒေသများတွင် ဖြစ်နိုင်သော ကန်ထရိုက်ဆိုင်ရာ ပဋိပက္ခများ ဖြေရှင်းရန် အနုညာတဝန်ဆောင်မှု တည်ဆောက်ရန်၊ ကုန်သွယ်ရေး ပဋိပက္ခအမျိုးမျိုးကို ဖြေရှင်းရန် တရားရုံးစနစ်ကို ပိုမိုကောင်းမွန်စေရန်။<br>- အမျိုးမျိုးသော ကန်ထရိုက်လယ်ယာစနစ်များ၊ စီးပွားရေးလုပ်ငန်းများ အပါအဝင် စီးပွားဖြစ်နှင့် လုပ်သား သဘောတူစာချုပ်များ ချုပ်ဆိုခြင်းအား ချောမွေ့စေရန်။ |

| မဏ္ဍိုင် ၃ - "ဈေးကွက် ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု ထပ်ဆင့်ရလဒ် ၃.၁။ | ချက်ချင်းရလဒ်များ |
| --- | --- |
| | - ဆက်လက်ဖြေလျှော့ပေးရန် သင့်လျော်သော ပြည်တွင်းအခွန်များ၊ လမ်း-တံတားအကောက်များ၊ ခွင့်ပြုစာများကို ဖယ်ရှားနိုင်ရေးကို ကူညီပံ့ပိုးကာ ပြည်တွင်း ကုန်စည်စီးဆင်းမှုကို ပိုမိုလွယ်ကူစေရန်။<br>- စီးပွားရေးလုပ်ငန်းတစ်ခုတွင် စတင်ဝင်ရောက်ကာ ဆောင်ရွက်နိုင်မှုတို့နှင့် စပ်လျဉ်း သော လုပ်ဆောင်ချက်များ၏ ကန့်သတ်ချက်အချို့ကို ဖယ်ရှားနိုင်ရေးအတွက် ကူညီပံ့ပိုးကာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် ပွင့်လင်းမြင်သာပြီး အချိန်မီ ဆောင်ရွက်နိုင်ပြီး လုပ်ငန်းစရိတ်ကို လျှော့ချနိုင်ရေး ကူညီရန်။<br>၃.၁.၂။ စားသုံးသူကာကွယ်ရေးဥပဒေ၏ လုပ်ထုံးလုပ်နည်းတို့ကို ပြုစုရေး ကူညီပံ့ပိုးရန် စားသုံးသူများ အထူးသဖြင့် လုပ်ကွက်ငယ် တောင်သူများ၏ တိုင်ကြားမှုကို ဖြေရှင်းမည့် ပုဂ္ဂလိကနှင့် အစိုးရ လုပ်ငန်းစဉ် များကို အသက်ဝင်စေရန်။<br>၃.၁.၃။ထိရောက်သော ကန်ထရိုက်လယ်ယာနှင့် ပတ်သက်၍ ပုံစံများ၊ သင်ခန်းစာများ၊ လမ်းညွှန်ချက်များကို ဖော်ထုတ်ရန် နှင့် ကန်ထရိုက်လယ်ယာအတွက် စံသတ်မှတ်ထားသော လုပ်ငန်းလည်ပတ်မှုဆိုင်ရာ  လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရန်။<br>၃.၁.၄။ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး မဟာဗျူဟာနှင့် စီမံကိန်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း။<br>၃.၁.၅။ စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လျှောက်ထားချက် များအား အမြန်ကိုင်တွယ်ဆောင်ရွက်နိုင်ရန် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ စွမ်းဆောင်ရည်အား အားဖြည့်ပေးရန် နှင့် တစ်ချိန်တည်းမှာပင် သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဆန်းစစ်လေ့လာမှုများ ထိရောက်စွာ ပြုလုပ်သွားရန်။<br>၃.၁.၆။ စိုက်ပျိုးရေး ကဏ္ဍတွင် ပြည်တွင်းနှင့် နိုင်ငံခြား (နိုင်ငံခြားပိုင် ကုမ္ပဏီများ အပါအဝင်) ရင်းနှီးမြှုပ်နှံသူများအား အားပေးတိုက်တွန်းမည့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ရေးသားပြုစုရန် နှင့် အောက်ပါတို့ကို အာမခံချက်ပေးနိုင်ရန် -<br>- ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံသူများအား ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ အလားတူ တူညီသော အခွင့်အရေးများ နှင့် ပံ့ပိုးမှုများ ပေးခြင်း။<br>- ပွင့်လင်းမြင်သာမှုရှိပြီး ကန့်သတ်ထားသော ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ မှတစ်ဆင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းကို တားဆီးထားသည့် ကဏ္ဍအလိုက် ကန့်သတ်မှုများအား လျှော့ချရန်။<br>၃.၁.၇။ ဈေးကွက်သတင်းနှင့်ဈေးကွက်ပညာအတွက် သင့်လျော် သော စာရွက်စာတမ်းများ ရေးဆွဲခြင်း ပြုလုပ်နိုင်ရန်။<br>၃.၁.၈။ စိုက်၊မွေး၊ဆည်နှင့်စီးပွားကူးသန်းဝန်ကြီးဌာနတို့မှ သက်ဆိုင်သော ဝန်ထမ်းများကို ဈေးကွက်ပညာနှင့် သတင်းစနစ်များဆိုင်ရာ လေ့ကျင့်ပေးရန်၊ နည်းပညာ အထောက်အကူပေးရန်အတွက် နိုင်ငံတကာ သင်တန်းနှင့် အစည်းအဝေးများတက်ရောက်ခြင်းအပါအဝင် ငွေကြေး၊ သယ်ယူပို့ဆောင်ရေး နှင့် အခြား အထောက်အပံ့များပေးရန် ။<br>၃.၁.၉။ အင်တာနက်နှင့် မိုဘိုင်းဖုန်းအပါအဝင် (ITC)နည်းပညာကို သုံး၍စိုက်ပျိုး-စားသောက်ကုန် ကဏ္ဍအဆင့်တိုင်းတွင် မြန်မာ ဘာသာဖြင့် ဈေးကွက်သတင်းကို ရရှိစေရန် - |

| မဏ္ဍိုင် ၃ - "ဈေးကွက် ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု ထပ်ဆင့်ရလဒ် ၃.၁။ | ချက်ချင်းရလဒ်များ |
|---|---|
| | - စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန၊ မိုး/ဇလဌာန၊ အခြားဌာနများပူးပေါင်းလျက်ကဏ္ဍ အလိုက် သတင်းများ၊ ဈေးကွက်စံနှုန်းများ၊ အဆင့်သတ်မှတ်ချက်များ၊ အမျိုးအစားသတ်မှတ်ချက်များ၊ ရာသီဥတု၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးဆိုင်ရာစသော စိုက်ပျိုးရေး နည်းပညာ/ အသိအမြင်များ၊ မြေဆီလွှာနှင့်မြေအသုံး ချပုံမြေပုံများ စသည်တို့ကို စုဆောင်းပေါင်းစပ်လျက် အသုံးချနိုင်ရေး ဆောင်ရွက်ရန်။<br>- ပုဂ္ဂလိက သတင်းများကိုလည်း ဆဲလ်ဖုန်း၊ အင်တာနက်၊ သတင်းဌာနစသည်တို့ဖြင့် သတင်းကွန်ရက်များတည်ဆောက်စေရန်။<br>- သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှုများနှင့် ဝန်ထမ်းများအား (ICT) ကွန်ရက်များနှင့် ချိတ်ဆက်ရန်နှင့် အထောက်အပံ့ပေးရန် လုပ်ဆောင်ခြင်း။ |

### ၈.၅.၂။ ထပ်ဆင့်ရလဒ် ၃.၂ –ဉာဏပစ္စည်းမူပိုင်ခွင့်

၁၈၂။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)သည် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကဏ္ဍအတွက် ဉာဏပစ္စည်းမူပိုင်ခွင့်ကို ကာကွယ်မည်။ အဓိက ဆောင်ရွက်ချက်များတွင် – အပင်မျိုးစိတ် ကာကွယ်ရေးဥပဒေ (နိုင်ငံတကာ အပင်မျိုးစိတ်သစ်များ ကာကွယ်ရေးအဖွဲ့ချုပ် (UPOV)၊ စိုက်ပျိုးရေးနှင့် စားသောက် ကုန်ဆိုင်ရာ ပထဝီဝင်အညွှန်းများ Geographic Indicator(GI) နှင့် ကုန်အမှတ်တံဆိပ်များကို ကာကွယ်နိုင်မည့်လုပ်ထုံး လုပ်နည်းများ၊ စိုက်ပျိုးရေးသွင်းအားစု အထူးသဖြင့် ပိုးသတ်ဆေးအတုအပများကိုတားဆီး ကာကွယ်မှုများ၊ ကုန်ပစ္စည်းအတု တင်သွင်းမှုကို လျှော့ချမည့် ခိုင်မာသော နယ်စပ်ထိန်းချုပ်မှုများ ပါဝင်သည်။ စိုက်ပျိုးရေး သုတေသနဦးစီးဌာနသည် အပင်မျိုးစိတ်ကာကွယ်ရေးဥပဒေကြမ်းကို UPOV မူဘောင်အတွင်းမှ ပြုစုပြင်ဆင်လျက် လွှတ်တော်သို့ ဥပဒေပြဌာန်းနိုင်ရန်လည်း ပြင်ဆင်လျက်ရှိသည်။

ဇယား ၂၅။ ထပ်ဆင့်ရလဒ် ၃.၂။ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၃ - "ဈေးကွက် ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု ထပ်ဆင့်ရလဒ် ၃.၂။ | ချက်ချင်းရလဒ်များ |
|---|---|
| စိုက်ပျိုးရေးနှင့် စားသောက်ကုန် ကဏ္ဍအတွက် ဉာဏပစ္စည်း မူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးခြင်း။ | ၃၊၂၊၁။နိုင်ငံတကာ အပင်မျိုးစိတ်သစ်များ ကာကွယ်ရေးအဖွဲ့ချုပ် (UPOV)၏ လိုအပ်ချက်များနှင့်အညီ အပင် မျိုးစိတ် ကာကွယ်ရေးဥပဒေတစ်ရပ်ကို ရေးဆွဲရန်၊ အတည်ပြုရန် နှင့် အကောင်အထည်ဖော်ရန်၊ ၁၉၉၁ ခုနှစ် UPOV ကွန်ဗင်းရှင်း အက်ဥပဒေကို အတည်ပြုရန်။ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်ပြနိုင်သော အဆင့်တွင် ရှိနေပြီး။<br>၃၊၂၊၂။ စိုက်ပျိုးရေးထွက်ကုန်များနှင့် စားသောက်ကုန်များအတွက် ပထဝီဝင်အညွှန်းများ၊ အသိအမှတ်ပြု အမှတ်အသားများ၊ ကုန်အမှတ်တံဆိပ်များကို ကာကွယ်နိုင်မည့် ကုန်အမှတ်တံဆိပ် ဥပဒေမူကြမ်းနှင့် လုပ်ထုံးလုပ်နည်းများကို အတည်ပြု ရန်။<br>၃၊၂၊၃။ ကုန်ပစ္စည်း အတုအပ တင်သွင်းမှုကို လျှော့ချမည့် ခိုင်မာသော နယ်စပ်ထိန်းချုပ်မှုများ အပါအဝင် စိုက်ပျိုးရေးသွင်းအားစုများ အထူးသဖြင့် ပိုးသတ်ဆေး အတုအပများကို ကာကွယ်ရန် IPR ကို အားဖြည့်ရန်။<br>၃၊၂၊၄။ စိုက်ပျိုးရေးနှင့် စားသောက်ကုန် ကဏ္ဍတွင် ပြည်တွင်းသုတေသီများ တီထွင်ဆန်းသစ်သူများကို အကာအကွယ်ပေးမည့် မူပိုင်ခွင့်ဥပဒေကို အတည်ပြုရန်။ |

### ၈.၅.၃။ ထပ်ဆင့်ရလဒ် ၃.၃ – အရည်အသွေးစနစ်

၁၈၃။ ထုတ်ကုန်အရည်အသွေး ကောင်းမွန်မှုကြောင့် တောင်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုဈေးကောင်းရရန် ကူညီနိုင်မည်ဟု စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)က အသိအမှတ်ပြုသည်။ အရည်အသွေး ပိုမိုကောင်းမွန်ရန် အရည်အသွေးကို ထိန်းချုပ်သည့် အာမခံသည့် စနစ်တစ်ရပ် လိုအပ်သည်။ ယင်းစနစ်သည် ကုန်ပစ္စည်းစံချိန်များနှင့် အသိအမှတ်ပြုမှုများကို ရေးဆွဲခြင်း၊ အရည် အသွေးအဆင့်သတ်မှတ်ခြင်း၊ အရည်အသွေးထိန်းချုပ်အရေးယူမှုများ၊ စံအလေးချိန်များနှင့် အတိုင်းအတာများအား အသုံးပြုခြင်း၊ လိုက်နာမှုရှိ မရှိစစ်ဆေးသည့် အားထားယုံကြည်ရသော လုပ်ထုံးလုပ်နည်းများကို ရည်ရွယ်သော အရေးယူဆောင်ရွက်ချက်များကို အခြေခံကာ တည်ဆောက်ထားသည်။

၁၈၄။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် စံချိန်စံညွှန်းသတ်မှတ်ရေးဥပဒေ (Law on Standardization) နှင့် သိပ္ပံပညာနည်းကျ တိုင်းတာရေးဥပဒေ (Law on Metrology)တို့ကို ပြန်လည်မွမ်းမံရေးဆွဲခြင်းအား ပံ့ပိုးပေးမည်။ ထို့ပြင် စစ်ဆေးခြင်းလုပ်ငန်းရပ်များအတွက် အမျိုးသားအဆင့် အသိအမှတ်ပြုရေးရုံး (National Accreditation Bureau) နှင့် တိုင်းတာခြင်းများအတွက် အမျိုးသားအဆင့် သိပ္ပံနည်းကျတိုင်းတာရေးဌာန (National Metrology Institute) တို့ကို ထူထောင်ရာတွင် ထောက်ပံ့ပေးမည်။ အမျိုးသားစံချိန်စံညွှန်း ကောင်စီမှ စိုက်ပျိုးရေး(သားငါးအပါအဝင်)နှင့် ရိက္ခာကြိတ်ခွဲပြုပြင်ရေး ကဏ္ဍဆိုင်ရာ အဓိကစံချိန်များကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသော နိုင်ငံတကာစံချိန်များ (အစားအစာအတွက် CODEX စံနှုန်းများနှင့် (HACCP) စံချိန်များ၊ ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများဆိုင်ရာ (GAP) စံချိန်များနှင့် (International Standard Office – ISO) တို့အပါအဝင်) အပေါ်တွင် အခြေခံလျက် ဆောလျင်စွာ အတည်ပြုပေးခြင်းအား ထောက်ပံ့ကူညီသွားမည် ဖြစ်သည်။ ဤကိစ္စရပ်များသည် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန လုပ်ပိုင်ခွင့်ဘောင်အတွင်း၌ မရှိသော်လည်း လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုနေခြင်းကြောင့်သက်ဆိုင်ရာ ပြင်ပဌာန များအား ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ခြင်းသည် လုပ်သင့်လုပ်ထိုက်သော အစီအစဉ် တစ်ခုဖြစ်ပါသည်။

ဇယား ၂၆။ ထပ်ဆင့်ရလဒ်၃.၃။ အရည်အသွေးစနစ်ဆိုင်ရာ ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ

| မဏ္ဍိုင် ၃ - "ဈေးကွက်ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု ထပ်ဆင့်ရလဒ် ၃.၃။ | ချက်ချင်းရလဒ်များ |
|---|---|
| တောင်သူများ နှင့်အစားအစာကြိတ်ခွဲပြင်ဆင်သူများသည် အဆင့်မြင့် ထွက်ကုန်များ အရည်အသွေး မြင့်တင် ထုတ်လုပ်ပြီး ဈေးကောင်းရရှိ စေသော မက်လုံးနှင့် အားထား ယုံကြည်ရသော အရည်အသွေး စနစ် တစ်ခု ထူထောင်ပေးခြင်း။ | ၃၊၃၊၁။ထုတ်ကုန်စံချိန်များ၊ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း၊ အရည်အသွေးအဆင့် သတ်မှတ်ခြင်း၊ အရည်အသွေး ထိန်းချုပ် အရေးယူဆောင်ရွက်မှုများ၊ စိတ်ချရသော စစ်ဆေးမှု လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာရေးကို ပါဝင်ကူညီရန်<br>၃၊၃၊၂။စံနှုန်းသတ်မှတ်ချက်များ၊ စစ်ဆေးရေးလုပ်ငန်းစဉ်များ၊ နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရန်အတွက် အဓိကကျသော နိုင်ငံတကာ အကောင်းဆုံးနည်းစနစ်များ နှင့် ပွင့်လင်းမြင်သာမှု လိုအပ်ချက်များကို သွတ်သွင်းသုံးစွဲရန်၊ စံချိန် စံညွှန်းသတ်မှတ်မှုဥပဒေကို ပြန်လည်သုံးသပ်ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ရန်<br>၃၊၃၊၃။လုပ်ငန်းစဉ်များကို စစ်ဆေးမည့် အမျိုးသားလုပ်ငန်းစဉ်များ အသိအမှတ်ပြုရေးရုံးနှင့် အမျိုးသားအဆင့် အတိုင်း အတာ သတ်မှတ်ရေးရုံးတို့ကို ထူထောင်ရေးကို ဖြစ်ပေါ်စေရန်။ |

| မဏ္ဍိုင် ၃ - "ဈေးကွက် ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု ထပ်ဆင့်ရလဒ် ၃.၃။ | ချက်ချင်းရလဒ်များ |
|---|---|
| | ၃.၃.၄။ ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသော နိုင်ငံတကာစံချိန်များ (အစားအစာနှင့် HACCP စံချိန်များ၊ ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေး နည်းစနစ်ကောင်း စံချိန်များ အပါအဝင်)ကို အခြေခံလျက် စိုက်ပျိုးရေး (သားငါး အပါအဝင်)နှင့် ရိက္ခာကြိတ်ခွဲပြုပြင်ရေးကဏ္ဍ ဆိုင်ရာ စံချိန်များကို အမျိုးသား စံချိန်စံညွှန်း ကောင်စီက ဆောလျင်စွာ အတည်ပြုရန် ကိစ္စရပ်များကို ထောက်ပံ့မည်။<br>၃.၃.၅။ နိုင်ငံတကာမှ အကောင်းဆုံးနည်းစနစ်များ၊ ဖြစ်နိုင်ပါက ထုတ်ကုန်များကို တင်သွင်းသည့် အဓိကနိုင်ငံများ တွင် သုံးစွဲနေသည်များတို့ နှင့် ကိုက်ညီစေရန် စိုက်ပျိုးရေးနှင့် ကြိတ်ခွဲပြီးကုန်များ၏ အရည်အသွေးစံများ၊ စမ်းသပ်သည့် ဓာတ်ခွဲခန်းများ၊ ကျွမ်းကျင်မှုများ၊ အသိအမြင်တို့ကို တိုးတက်ကောင်းမွန်စေရန်။<br>၃.၃.၆။ အတိုင်းအတာများဥပဒေကို ပြန်လည်မွမ်းမံရေးဆွဲသည့် ဥပဒေမူကြမ်းကို အတည်ပြုရေးတွင် ဆက်စပ်ပေါင်းစည်းရန်၊ ပိုမိုလွယ်ကူ ရှင်းလင်းပြီး စိတ်ချရသည့် အတိုင်းအတာစနစ် တစ်ရပ်ကို မြန်မာနိုင်ငံတွင် ထူထောင်ရေးကိစ္စရပ်များတွင် ဆက်စပ်ပေါင်းစည်းရန် ၂၀၁၁ ခုနှစ်က စတင်ခဲ့သော မက်ထရစ်စနစ် ပြောင်းလဲမှုလုပ်ငန်းစဉ်ကို အပြီးသတ်ရန် (ရိုးရာ အစားအသောက် ဈေးကွက် အပါအဝင်)။<br>၃.၃.၇။ တိကျသော စစ်ဆေးရေး တိုင်းတာရေး ကိရိယာများကို အသုံးပြုစေရန်အတွက် စံကိုက် ချိန်ညှိမှု စွမ်းဆောင်ရည်ကို အစိုးရရော ပုဂ္ဂလိက ကပါ တည်ထောင်နိုင်ရေး ထောက်ပံ့ရန်။ |

## ၈.၅.၄။ ချက်ချင်းရလဒ် ၃.၄ – ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပါဝင် စီမံကိန်းရေးဆွဲခြင်း

၁၈၅။ စိုက်ပျိုးရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနတို့ကို စိုက်၊မွေး၊ဆည် ဝန်ကြီးဌာနတွင် ပေါင်းစည်းခဲ့သဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အားလုံး ပူးပေါင်းပါဝင်မှုဖြင့် စီမံကိန်း ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်အတွက် ဌာနဆိုင်ရာ မူဘောင်တစ်ခုကို မွမ်းမံရန် လိုအပ်သည်။

၁၈၆။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)သည် ကျေးရွာအဆင့်ရပ်ရွာဖွံ့ဖြိုးရေး၊ မြို့နယ်အဆင့် ရပ်ရွာဖွံ့ဖြိုးရေး၊ လုပ်ငန်းစီမံချက်များနှင့် ကျေးလက်ဒေသ စွန့်ဦးတီထွင်စီးပွား ရေးလုပ်ငန်းများကို ရေးဆွဲနိုင်ရန်အတွက် ရပ်ရွာ၏စွမ်းဆောင်ရည် တည်ဆောက်ပေးရေးတို့နှင့် သက်ဆိုင်သောလုပ်ငန်း ဆောင်ရွက်မှုများဖြင့် ပံ့ပိုး လုပ်ဆောင်သွားမည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများတွင် ကျားမရေးရာ တန်းတူညီမျှမှုရှိစေရန်ပါထည့် သွင်းလုပ်ဆောင် သွားမည်ဖြစ်သည်။

ဇယား ၂၇။ ထပ်ဆင့်ရလဒ်၃.၄။ ပူးပေါင်းပါဝင်သော စီမံကိန်းရေးဆွဲခြင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ

| မဏ္ဍိုင် ၃ ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ထပ်ဆင့်ရလဒ် ၃.၄ | ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ |
|---|---|
| ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များ စီမံကိန်း ရေးဆွဲ၊ အကောင်အထည်ဖော် သော အဖွဲ့အစည်း များ တွင် ပူးပေါင်းပါဝင်ခြင်း နှင့် ကျား၊ မ တန်းတူညီရေး မူဘောင်များ တိုးမြှင့်လာခြင်း | ၃၊၄၊၁။ ကျေးလက်ဦးစီးဌာနတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနစိတ်ကို ရှေ့လာလတ္တံ့သော ဌာနများ ပြန်လည်ဖွဲ့စည်းရေး အစီအစဉ်များနှင့် တပြေးညီ ဖွဲ့စည်းမည့်၊ မူဝါဒနှင့် မဟာဗျူဟာ ဌာန၏ ယူနစ်တစ်ခုအဖြစ် ပေါင်းစပ်ဖွဲ့စည်းရန်<br>၃၊၄၊၂။ ကျေးလက် အဆောက်အဦ ဒီဇိုင်းဌာနအား အဆင့်မြှင့်တင်ရန်<br>၃၊၄၊၃။ကျေးရွာအဆင့်ရပ်ရွာဖွံ့ဖြိုးရေးအစီအမံများ။ (ဥပမာ-ကျေးလက်ဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်း)<br>၃၊၄၊၄။ မြို့နယ်အဆင့်ရပ်ရွာဖွံ့ဖြိုးရေးအစီအမံများ။<br>၃၊၄၊၅။လုပ်ငန်းစီမံချက်ရေးဆွဲရန် စွမ်းဆောင်ရည်တည်ဆောက်ခြင်း။<br>၃၊၄၊၆။ ကျေးလက်ဒေသ စီးပွားရေးလုပ်ငန်းဆိုင်ရာ သင်တန်းပေးခြင်း။ |

## ၈.၅.၅။ ထပ်ဆင့်ရလဒ် ၃.၅– ကျေးလက်ဒေသအခြေခံအဆောက်အအုံ


၁၈၇။ လယ်ယာကုန်ထုတ်လမ်းများ–လယ်ယာကုန်ထုတ်လမ်းများသည် တောင်သူများနှင့် ဈေးကွက်တို့ကို ချိတ်ဆက်ရာတွင်ပထမခြေလှမ်းဖြစ်သည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)သည် သယ်ယူပို့ဆောင်ရေး ပင်မစီမံကိန်း (Master Plan for Transportation) နှင့် ကျေးလက်လမ်းမဟာဗျူဟာ (Rural Road Strategy) နှင့်အညီ ကျေးလက်လမ်းအခြေခံ အဆောက်အအုံကို ကောင်းမွန်ရေးကို အရေးကြီးသော လုပ်ငန်း ရပ်အဖြစ် ရှုမြင်ရန်လိုအပ်သည်။ ကျေးလက်လမ်း တည်ဆောက်ရေး ပြင်ပြင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သီးခြားရန်ပုံငွေပေးအပ်မည်။ ကျေးလက်လမ်းများ၏ သက်ရောက်မှုကို အကြီးမားဆုံး ဖြစ်စေရန်အတွက် ပြည်နယ်နှင့်တိုင်းများအတွင်း စိုက်ပျိုးရေးထွက်ကုန်များ ရွှေ့ပြောင်းခြင်းကို ဟန့်တားချက်အားလုံးနှင့် ထိုကန့်သတ်ချက်များကြောင့် ဖြစ်ပေါ်လာသော အခွန်အခ အားလုံးတို့ကို ဖယ်ရှားရန် အရေးကြီးသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် သယ်ပို့စရိတ်နှင့် အချိန်ကိုလျှော့ရန်ဟူသော အမြင်ဖြင့် လမ်းအသုံးပြုခ မူဝါဒကို ပြန်လည်သုံးသပ်ရာ၌ ဆက်စပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါမည်။ သယ်ပို့ခနှင့် အချိန်တို့ကို ထောက်လှမ်း၍ သတင်းအချက်အလက်များကို တန်ဖိုးကွင်းဆက်နှင့် အကျိုးသက်ဆိုင်သူ အားလုံးသို့ ကျယ်ပြန့်စွာ မျှဝေသင့်ပါသည်။

၁၈၈။ ကျေးလက်စွမ်းအင် – လျှပ်စစ်နှင့် အင်တာနက်ကို ကျေးလက်အိမ်ထောင်စုများ ပိုမိုလက်လှမ်းမီစေရန် အစိုးရ၏ လက်ရှိအားထုတ်မှုကို စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)က ထောက်ပံ့ပေးမည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် နေရောင်ခြည်စွမ်းအင် အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အချို့နှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည်။ လယ်ယာစနစ်များ၊ စိုက်ပျိုး–ဂေဟအခြေအနေများကို လိုက်၍ ဈေးသက်သာသောအခြား ပြည့်ဖြိုးမြဲစွမ်းအင်များ (ဥပမာ၊ ရေအား လျှပ်စစ် အသေးစား၊ဇီဝ ဓာတ်ငွေ့၊ အပင်ပစ္စည်းမှ ဓာတ်ငွေ့ထုတ်စက်)ကို တွင်ကျယ်အောင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ADS က ကြိုးစားမည်။ အစိုးရ–ပုဂ္ဂလိက မိတ်ဖက်ပြုကာ စွမ်းအင်ထုတ်လုပ်ပြီး လယ်ယာစိုက်ပျိုးသူ၊ တောင်သူများအား ဖြန့်ဖြူးခြင်းသည် အရေးကြီးသော ချဉ်းကပ်မှုနည်းလမ်းတစ်ခု ဖြစ်သည်။

၁၈၉။ သန့်ရှင်းသောသောက်သုံးရေ – ကျေးလက်ရေရရှိရေး အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေလက်လှမ်းမီရေးဆိုင်ရာ အသိအမြင်မျှဝေရေးတို့ဖြင့် ကျေးလက်အိမ်ထောင်စုများ သောက်သုံးရေ ပိုမိုလက်လှမ်းမီရန် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) က ဆောင်ရွက်မည်။

၁၉၀။ ဈေးကွက်များနှင့် ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံ – ယှဉ်ပြိုင်နိုင်စွမ်းရှိသော တန်ဖိုးကွင်းဆက်သည် စိတ်ချရသော ဈေးကွက်နှင့်ပို့ဆောင်ရေး အခြေခံအဆောက်အအုံကို မှီခိုလျက်ရှိသည်။ ယင်းသည်အစိုးရကလက်ရှိမျှော်မှန်းနေသော ပို့ဆောင်ရေးစင်္ကြံလမ်းမကြီးတို့ အပေါ်တွင်တည်ဆောက်ထားသော စီးပွားရေး စင်္ကြံလမ်းမကြီးတို့ကို မှီခိုလျက်ရှိသည်။ စက်မှုဝန်ကြီးဌာနသည် စင်္ကြံလမ်းမကြီးလေးခုကိုထုတ်ဖော်ထားပြီး (ပုံ ၅ ကို ကြည့်ပါ) ယင်းတို့မှာ – မြောက်–တောင် စင်္ကြံလမ်းမကြီး၊ အရှေ့–အနောက် စင်္ကြံလမ်းမကြီး၊ အရှေ့မြောက်–အနောက်တောင် စင်္ကြံလမ်းမကြီးနှင့် ရန်ကုန်–မြဝတီ စင်္ကြံလမ်းမကြီးတို့ဖြစ်သည်။ ဤစင်္ကြံလမ်းမကြီးလေးခုသည် စက်မှုမူဝါဒ၏ အုတ်မြစ်ပင်ဖြစ်သည်။ ဤနယ်မြေတို့သည် မြန်မာနိုင်ငံ၏ လူနေအထူထပ်ဆုံး နှင့် ကုန်ထုတ်လုပ်မှု အများဆုံး နယ်မြေများဖြစ်သည်။ ဥပမာအားဖြင့် မြောက်–တောင်စင်္ကြံလမ်းမကြီးသည် ရန်ကုန်သီလဝါမှ မြစ်ကြီးနားသို့၊ ပဲခူး၊ နေပြည်တော်၊ မိတ္ထီလာ၊ မန္တလေးတို့မှတစ်ဆင့် သွားသည်။ ယင်းသည် လက်ရှိမြန်မာ လူဦးရေ ၄၈%ကို လွှမ်းခြုံထားပြီး စုစုပေါင်း ပြည်တွင်းထုတ်ကုန် တန်ဖိုး၏ ၅၅% ကိုပေးအပ်လျက် ရှိသည်။ ယင်းစင်္ကြံလမ်းမကြီးတွင် သီလဝါ၌ အထူးစီးပွားရေးဇုန်တစ်ခုနှင့် စက်မှုဇုန် ၂၄– ခု၊ စက်မှုဇုန် ခွဲ ၇ ခုတို့လည်း ပါဝင်သည်။

၁၉၁။ စက်မှုလုပ်ငန်းမူဝါဒတွင် နိုင်ငံတော် အစိုးရသည် ရေနက်ဆိပ်ကမ်းနှစ်ခုကို ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့နှင့် မွန်ပြည်နယ် ရေးမြို့တို့တွင် တည်ဆောက်ရန် စီမံထားကြောင်းဖော်ပြထားပါသည်။ပုသိမ်ဆိပ်ကမ်းကိုတိုင်းမြို့တော်၏တောင်ဘက်ရှိ ငရုတ်ကောင်း ဒေသတွင် အာဖရိကနှင့် အနောက်အာဖရိကမှ လာသော သင်္ဘောများဆိုက်ကပ်ရန် တည်ဆောက် မည်။ ရေးဆိပ်ကမ်း (သံဖြူဇရပ်မြို့နယ်အနီး)ကို ကုလားဂုတ်ကျွန်းတွင် တည်ဆောက်ကာ ထိုင်းနိုင်ငံ မဲဆောက်၊ မော်လမြိုင်၊ မြဝတီတို့သို့ သွားမည့် ကုန်စည်များ တစ်ထောက်နားရပ် အဖြစ် တည်ဆောက်မည်။ ဤစင်္ကြံများ ပတ်ဝန်းကျင်တွင် ပြည်တွင်းပြည်ပ ဈေးကွက်များအတွက် ရည်မှန်းသော စက်မှုလုပ်ငန်းများ တည်ထောင်ရန် မျှော်မှန်းထားသည်။ စက်မှု မူဝါဒတွင် စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အထူးစီးပွားရေးဇုန်များကို တည်ဆောက်ရန် ဖော်ပြထားသည်။



ပုံ - ၅ ။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစင်္ကြံများ

၁၉၂။ ဤစက်မှုလုပ်ငန်းမူဝါဒအရ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် စိုက်ပျိုးရေးဈေးကွက်ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာနေရာများကို ဖော်ထုတ်ကာ ဖြစ်နိုင်ခြေစစ်တမ်းများကို ကောက်ယူမည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)သည် ဖွံ့ဖြိုးမှုအားနည်းသောမြို့များတွင် သိုလှောင်ရုံများ၊ အအေးခန်းသိုလှောင်ရုံများ၊ ကုန်တင်ကားစီမံခန့်ခွဲမှုများ အပါအဝင်ဈေးကွက်နှင့် ပို့ဆောင်ရေးအခြေခံအဆောက်အအုံများကိုသာမက ဖြန့်ဖြူးမှုကို ခြေရာကောက်ရန် (ICT)ဆက်သွယ်မှုတို့ကိုပါ ပုဂ္ဂလိက ကဏ္ဍအဓိကထည့်ဝင်မှုဖြင့် တိုးတက်စေရန် အလေးပေးမည်။ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုမဟာဗျူဟာ (ADS)သည် ဈေးကွက် အခြေခံအဆောက်အအုံ စီမံခန့်ခွဲမှု ပိုကောင်းစေရန် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံလုပ်ငန်းဆောင်ရွက်နည်းများရေးဆွဲပြုစုရာတွင်လည်းကောင်း၊ တောင်သူဈေးကွက်များ၊ ဒိုင်များအပါအဝင် ဈေးကွက်အခြေခံအဆောက်အအုံ စီမံခန့်ခွဲမှုအတွက် စွမ်းဆောင်ရည်တည်ဆောက်ရာတွင်လည်းကောင်း အထောက်အကူပြုမည်။

၁၉၃။ မဟာမဲခေါင်ဒေသခွဲ (GMS) အဓိက စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ကူညီမှု စီမံချက်အဆင့်(၂)တွင် စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနသည် ဘေးကင်းလုံခြုံ၍ ပတ်ဝန်းကျင် ထိခိုက်မှုမရှိသော စိုက်ပျိုးရေးအခြေခံထွက်ကုန်များ ထုတ်လုပ်ခြင်း၊ ကုန်ချော ထုတ်လုပ်ခြင်းဆိုင်ရာ စိုက်ပျိုးရေးဇုန်များ သတ်မှတ်နိုင်ခဲ့ပါသည်။ အဆိုပါ စိုက်ပျိုးရေး ဇုံများအတွင်း ဈေးကွက်လုပ်ငန်းများကို ထောက်ပံ့ခြင်းဖြင့် လယ်သမားများစိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများအတွက် တီထွင်ဆန်းသစ်မှုများ၊ နည်းပညာများ၊ ပစ္စည်းကိရိယာများအထွက်ကောင်းသီးနှံဖြန့်ဝေခြင်း၊ စိုက်ပျိုးနည်း စနစ်ဖြန့်ဝေခြင်းနှင့် သီးသန့်ထုတ်ကုန်များ စံချိန်မီထုတ်လုပ်ခြင်းတို့ကို စနစ်တကျပြုလုပ်လာနိုင်ပါသည်။ အထူးလုပ်ငန်းများအပြင် ကျစ်ကျစ်လျစ်လျစ် လုပ်ဆောင်လာနိုင်ပါမည်။ ကျွမ်းကျင် လုပ်သားအပြင် ထုတ်လုပ်သူများ အရည်အသွေးမြင့်မားလာမည်။ တည်ငြိမ်သော စိုက်ပျိုးလုပ်ကိုင်သူများဖြစ်လာမည်။ လေလွင့်ဆုံးရှုံးမှု နည်းလာမည်။အရင်းအနှီးများများ မြှုပ်နှံလာနိုင်မည်။ ဇီဝဓာတ်ငွေ့များ ထုတ်လာနိုင်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်လာနိုင်မည်။ လယ်ယာထွက်ကုန်အလေအလွင့်များကိုလည်း ပြန်လည်အသုံးချနိုင်လာမည်။ ရေဆိုးများကို ရေသန့်ပြုလုပ်နိုင်သော စက်ရုံများပါဝင်လာမည်။ အပင်ထွက်စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍မြေဆွေးနှင့် မီးသွေးတောင့်များ ရရှိလာမည်။ ပထမဦးစားပေးဒေသအနေဖြင့် နယ်စပ်ဒေသစီးပွားရေး ဖွံ့ဖြိုးမှု စီမံကိန်းများရှိသော တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ် ဒေသများတွင် ဦးစားပေးဆောင်ရွက်သင့်သည်။ဒုတိယဦးစားပေး ဒေသအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ လက္ကားဈေးကွက်ထား၍ ဆောင်ရွက်သင့်ပါသည်။ လက္ကား ဈေးကွက်တစ်ခုကို မန္တလေးမြို့တွင် တည်ဆောက်နေပြီး၊ တစ်ခုကို နေပြည်တော်တွင် တည်ဆောက်ရန် စီမံကိန်း ရေးဆွဲနေပါသည်။

ဇယား ၂၈။ ထပ်ဆင့်ရလဒ်၃.၅။ ကျေးလက် အခြေခံအဆောက်အအုံဆိုင်ရာ ချက်ချင်းရလဒ်များ

| မဏ္ဍိုင် ၃ ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ထပ်ဆင့်ရလဒ် ၃.၄ | ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ |
|---|---|
| ကျေးလက်အခြေခံ အဆောက်အဦးများ ပိုမို ကောင်းမွန်လာပြီး လုပ်ကွက်ငယ် တောင်သူများ ပိုမိုအကျိုး ရှိလာစေခြင်းနှင့် အမြတ်ပို မိုရရှိလာခြင်း | ၃.၅.၁။ ပို့ဆောင်ရေးပင်မစီမံချက်နှင့် ကိုက်ညီသော ကျေးလက်ဒေသ လမ်းကွန်ရက်ကို ကောင်းမွန်အောင် ပြုပြင်ရန်-<br>- ကျေးရွာပြင်ပမှ ထွက်ကုန်စုစည်းရာ နေရာသို့ ဆက်သွယ်မှု ချောမွေ့စေခြင်း<br>- ကုန်စည်ဒိုင်သို့သယ်ပို့သော အချိန်ကာလ တိုတောင်းစေရန် ကျေးလက်ကုန်ထုတ်လမ်းများကို တည်ဆောက်ပြုပြင်ထိန်းသိမ်း ခြင်း၊<br>- ပျက်စီးလွယ်သော သီးနှံထုတ်ကုန်များ အပျက်အစီး လျော့နည်းခြင်း<br>၃.၅.၂။ ပြည်နယ် နှင့် တိုင်းဒေသကြီးများအတွင်း စိုက်ပျိုးရေးထွက်ကုန်များ ရွှေ့ပြောင်းခြင်းကို ဟန့်တားချက်အားလုံး၊ ထိုကန့်သတ်ချက်များကြောင့် ဖြစ်ပေါ်လာသော အခွန်အခအားလုံးတို့ကို ဖယ်ရှားနိုင်ရေး အတွက် ဆက်စပ်ပါဝင်ဆောင်ရွက်ရန်။ |

| မဏ္ဍိုင် ၃ ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ထပ်ဆင့်ရလဒ် ၃.၄ | ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ |
|---|---|
| | - လက်ရှိသယ်/ပို့ လုပ်ထုံးလုပ်နည်းကို ပြန်လည် သုံးသပ်ရန်၊ အကြံပြုရန် ။<br>- စိုက်ပျိုးကုန်များ သယ်/ပို့ရေးအတွက် လိုအပ်သော ဥပဒေပြုရေး။<br>၃၊၅၊၃။ သယ်ပို့ခနှင့် အချိန်တို့ကို ထောက်လှမ်းကာ ယင်း သတင်းအချက်အလက်ကို ကျယ်ပြန့်စွာ ဝေမျှရန်။<br>၃၊၅၊၁။ ကျေးလက်ဒေသတွင် လျှပ်စစ်စီမံချက်များ<br>- ကျေးလက်ဒေသ အိမ်ထောင်စုများကို မဟာ ဓာတ်အားစနစ်နှင့် ချိတ်ဆက်နိုင်ရေး ပေါင်းစည်းပေးရန်။<br>- ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်ထွန်းအောင် ကူညီရန်(နေရောင်ခြည်၊ ရေအားလျှပ်စစ်အသေးစား၊ ဇီဝဓာတ်ငွေ့၊ အပင်ပစ္စည်းဓာတ်ငွေ့)။<br>- အစိုးရပုဂ္ဂလိကမိတ်ဖက်ပြုကာ ဓာတ်အားထုတ်လုပ်ကာ တောင်သူရပ်ရွာတို့သို့ ဖြန့်ဖြူးရန်။<br>၃၊၅၊၁ ကျေးလက်ဒေသ ရေရရှိရေး အခြေခံ အဆောက်အအုံ ဆောက်လုပ်ရန်။<br>၃၊၅၊၂။ သန့်ရှင်းသော သောက်သုံးရေ လက်လှမ်းမီရေး အသိပညာမျှ ဝေရန်။ |

## ၈.၅.၆။ ချက်ချင်းရလဒ် ၃.၆– စိုက်ပျိုးစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း

### ၈.၅.၆–က။ ဦးစားပေး တန်ဖိုးကွင်းဆက်များ

၁၉၄။ တန်ဖိုးကွင်းဆက်ဆိုသည်မှာ စားသုံးသူအတွက် တန်ဖိုးဖြစ်ထွန်းစေရန် အပြန်အလှန် အမှီသဟဲပြုနေကြသော လူပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းများအကြား မဟာဗျူဟာမြောက် မိတ်ဖက်ပြုဆောင်ရွက်ခြင်းဖြင့် စုပေါင်းယှဉ်ပြိုင်နိုင်စွမ်းရရှိခြင်းဖြစ်သည်။ အောင်မြင်သောတန်ဖိုးကွင်းဆက်များသည် ထုတ်ကုန်တန်ဖိုးမြှင့်ခြင်း(သို့မဟုတ်) စားသုံးသူများက လိုလိုလားလား ဝယ်ယူအသုံးပြုခြင်း၊ အခြားလုပ်ငန်းများက ပုံတူလုပ်ကိုင်ရန်ခက်ခဲသည့် မတူကွဲပြားသော ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် ရေရှည်တည်တံ့မည့်ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း စသောအားသာချက်ကို ပေးနိုင်ပါသည်။ ထိုအားသာချက်များသည် လုပ်ငန်းစုံပါဝင်မှုနှင့် ရေရှည်လုပ်ဆောင်ရမှုတို့ကြောင့် ရေရှည်တည်တံ့မည့် ယှဉ်ပြိုင်နိုင်စွမ်း အားသာချက်ကိုပေးနိုင်မည့် အလားအလာရှိပါသည်။ ထို့ကြောင့် တန်ဖိုးကွင်းဆက်များအား ရှင်သန်နေသော စီးပွားရေးလုပ်ငန်းများအဖြစ် ယူဆနိုင်သည်။ လုပ်ကွက်ငယ်တောင်သူများသည် စိုက်ပျိုး–စီးပွားရေး လုပ်ငန်းများနှင့် အကျိုး အစွန့်ရှည်မည့်စီးပွားရေးလုပ်ငန်းများအဖြစ် မိတ်ဖက်ပြုလုပ်ခြင်းဖြင့် တန်ဖိုးကွင်းဆက်မှ အကျိုးကျေးဇူးခံစားနိုင်သည်။ ထိုမိတ်ဖက်ပြုမှုများတွင် တောင်သူများသည် ထိရောက်သော တောင်သူလယ်သမား အဖွဲ့အစည်းများဖွဲ့၍၊ အရည်အသွေး တစ်သမတ်တည်းရှိပြီး ထုထည်ပမာဏ ပိုမိုကြီးမားသောထုတ်ကုန်များကို ထုတ်လုပ်စုဆောင်းရရှိနိုင်သော အကျိုးကျေးဇူးများရရှိလာပါမည်။ တန်ဖိုးကွင်းဆက် အတွင်းတွင် ၎င်းတို့၏ အရေးပါမှုနှင့်ညှိနှိုင်းနိုင်မှုစွမ်းရည်များ မြင့်တက်လာနိုင်ပါသည်။ တောင်သူများနှင့် ၎င်းတို့၏ ခေါင်းဆောင်များသည် စိုက်ပျိုးစားသောက်ကုန် တန်ဖိုးကွင်းဆက်တွင် ယှဉ်ပြိုင်နိုင်စွမ်း ရှိစေရန်အတွက် စည်းရုံးခြင်း၊ စီမံခြင်း၊ စာရင်းကိုင်ခြင်း၊ ညှိနှိုင်းခြင်း၊ ဈေးကွက်ရှာဖွေခြင်း တို့ဆိုင်ရာ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန် လိုအပ်ပါသည်။

၁၉၅။ ဤပူးပေါင်းအားထုတ်မှုသည် ယင်း၏ အလားအလာများကို အကောင်အထည်ဖော်လိုပါက ပထမဦးစွာ တန်ဖိုးကွင်းဆက်အချို့ကိုသာ ကန့်သတ်၍ ဦးတည်နိုင်မည့် ရွေးချယ်မှုဖြစ်စဉ်ကို လုပ်ဆောင်သင့်သည်။ ထိုဖြစ်စဉ်တွင် (က) ငွေကြေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူး၊ (ခ) ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်သည့် အလားအလာ၊ (ဂ) ဖွံ့ဖြိုးရေးအလားအလာ၊ (ဃ) ပြည်ပသို့ တင်ပို့နိုင်သည့်အလား အလာနှင့် (င) အကြောင်းအရာအားလုံးနှင့်သက်ဆိုင်သော ကိစ္စရပ်များ (အားလုံးပါဝင်စေရေး၊ ကျား၊ မ ရေးရာ၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ အမျိုးသားအဆင့်နှင့် နယ်မြေဒေသအဆင့် မဟာဗျူဟာမြောက် ဦးစားပေးများနှင့် ကိုက်

ညီမှုနှင့် ပထဝီဝင် အနေအထားအရ လွှမ်းခြုံပုံ့နှံ့မှု) တို့ကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။ ဆန်၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်များ၊ ဆီထွက်သီးနှံများ၊ကော်ဖီ၊ ရာဘာ၊ ဝါ၊ ကြံ၊ ကျွဲ၊ နွား နှင့် ငါးလုပ်ငန်း ကဏ္ဍခွဲများရှိ တန်ဖိုးကွင်းဆက်များအား ဦးစားပေး လုပ်ဆောင်မည်ဖြစ်သည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပတ်သက်ဆက်နွှယ်နေသူများ (တောင်သူအုပ်စုများနှင့် စိုက်ပျိုး စီးပွားရေးလုပ်ငန်း တန်ဖိုးကွင်းဆက် အသင်းအဖွဲ့များ)၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ သင့်လျော်သော ငွေရေးကြေးရေး ဝန်ဆောင်မှုများ နှင့် ပထမဆုံးပြောင်းရွှေ့လုပ်ကိုင်သူများ၏ (first mover) ဆုံးရှုံးနိုင်ချေကို လျှော့ချနိုင်မည့် အစီအမံနှင့် အစိုးရ-ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများအား လက်လှမ်းမီမှု တိုးတက်စေခြင်းနှင့် ဆန်းသစ်တီထွင်မှုနှင့် လုပ်ကွက်ငယ်တောင်သူများ ပူးပေါင်းပါဝင်မှုတို့ကို အားပေးချီးမြှောက်ခြင်း တို့ဖြင့်ပံ့ပိုးဆောင်ရွက်သွားမည်။

၁၉၆။ စိုက်ပျိုးစီးပွားရေးနှင့် တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးရန်အတွက် ADS သည် တောင်သူလယ်သမားများနှင့် စိုက်ပျိုး-စီးပွားလုပ်ငန်းများသို့ ဈေးကွက်သတင်း အချက်အလက်များပေးနေသော အစိုးရနှင့် ပုဂ္ဂလိက ဝန်ဆောင်မှုများ အားကောင်းလာစေရန် လုပ်ဆောင်သွားမည်။ ထိုအထဲတွင် ဈေးကွက်သတင်းများ (ဥပမာ – ဈေးနှုန်း၊ ဈေးကွက် အလားအလာ၊ ပမာဏ၊ အဆင့်၊ အရည်အသွေး) နှင့် ဈေးကွက်အသိပညာ (သက်ဆိုင်ရာ လုပ်ဆောင်သူတို့၏ ဝယ်လိုအားနှင့် ရောင်းလိုအား၊ ဈေးကွက် ဝေစုများ)တို့ကို ICT နည်းပညာကို အသုံးပြု၍ အင်တာနက်နှင့် မိုဘိုင်းဖုန်းများမှတစ်ဆင့် မြန်မာ ဘာသာဖြင့် အသုံးပြုသူများထံသို့ ထုတ်လွှင့်ဖြန့်ဝေနိုင်ရန် ဆောက်ရွက်သွားမည်။

### ၈.၅.၆–၁။ အသေးစားနှင့် အလတ်စား စိုက်ပျိုးစီးပွားရေးလုပ်ငန်းများ

၁၉၇။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် တီထွင်ဆန်းသစ်သော အသေးစားနှင့် အလတ်စား စိုက်ပျိုး-စီးပွားရေး လုပ်ငန်းများကို တိုးပွားစေရန် ကူညီသည်။ ယင်းဆောင်ရွက်ချက်တို့တွင် စိုက်ပျိုး-စီးပွားရေးလုပ်ငန်း အလေ့အထ ပျိုးထောင်ပေးမှု အစီအစဉ်များ ၊ အသေးစားနှင့် အလတ်စား စိုက်ပျိုး- စီးပွားရေး လုပ်ငန်းတို့တီထွင်ဆန်းသစ်မှုကို ဖြစ်ထွန်းစေမည့်အထောက်အပံ့ ရန်ပုံငွေတို့ကို ကိုက်ညီစေခြင်း၊ စိုက်ပျိုး-စီးပွားရေး လုပ်ငန်းများ၊ သမဝါယမများအတွက် တီထွင်ဆန်းသစ်မှု ယှဉ်ပြိုင်ရေး ရန်ပုံငွေများ ပါဝင်သည်။ ထို့ပြင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ADS သည် အမျိုးသမီးများ၊ လူငယ်များ၊ အားနည်းချို့တဲ့သော အုပ်စုများနှင့် ဒေသများအတွက် သီးခြား စိုက်ပျိုး-စီးပွားရေးလုပ်ငန်း အစီအစဉ်များကို ဖြစ်ထွန်းအောင် ကူညီမည်။

ဇယား ၂၉။ ထပ်ဆင့်ရလဒ်၃.၆။ စိုက်ပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း ဆိုင်ရာ ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ

| မဏ္ဍိုင် ၃ ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ထပ်ဆင့်ရလဒ် ၃.၆ | ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ |
|---|---|
| ဦးစားပေး ကုန်ပစ္စည်းများ ၏ တန်ဖိုးမြှင့် ကွင်းဆက်များတွင် ပတ်သက် ဆက်နွှယ် သူ တို့ ပိုမိုပါဝင်လာခြင်း နှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာခြင်း | ၃၊၆၊၁။ အမျိုးသား ဦးစားပေး တန်ဖိုးကွင်းဆက်အစီအစဉ် ၇ ခုကို ထူထောင်ရန် (သီးနှံ၊ မွေးမြူရေး၊ ငါးပုစွန်မွေးမြူ ရေး အပါအဝင်)၊ ဥပမာ။ ဆန်၊ ဟင်းသီးဟင်းရွက်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ကြံ၊ ရာဘာ၊ ကော်ဖီ၊ ကျွဲ၊နွား၊ ငါး၊ ပုစွန်မွေးမြူရေး။<br>၃၊၆၊၂။ ဦးစားပေး တန်ဖိုးကွင်းဆက်တိုင်းအတွက် တန်ဖိုး ကွင်းဆက် စစ်တမ်းကောက်ယူကာ အဟန့်အတား များကို ဖော်ထုတ်ရန်။<br>၃၊၆၊၃။ တန်ဖိုးကွင်းဆက် မူဝါဒ၊ မဟာဗျူဟာ၊ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးမှု အစီအစဉ် ရေးဆွဲရန်။<br>၃၊၆၊၄။ ထုတ်လုပ်မှုစရိတ်၊ ဈေးကွက်သတင်းနှင့် သုံးသပ်ချက် တို့ကိုထောက်လှမ်းနိုင်ရန် တန်ဖိုး ကွင်းဆက် ပြန်ကြားရေး ဌာနများ ကို တည်ထောင်ရန်။ |

| မဏ္ဍိုင် ၃ ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ထပ်ဆင့်ရလဒ် ၃.၆ | ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ |
|---|---|
| | ၃၊၆၊၅။ သီးခြား တန်ဖိုးကွင်းဆက် တစ်ခုတည်းကို အထူးပြုသော တောင်သူအဖွဲ့အစည်းများ ဖွဲ့စည်းရေးကို ထောက်ပံ့ရန်။<br>၃၊၆၊၆။ သီးခြား တန်ဖိုးကွင်းဆက် တစ်ခုတည်းကို အထူးပြုသော ကုန်သွယ်သော အဖွဲ့များ ဖွဲ့စည်းရေးကို ထောက်ပံ့ရန်။<br>၃၊၆၊၇။ သီးခြား တန်ဖိုးကွင်းဆက် တစ်ခုတည်းကိုသာ အထူးပြုသော လုပ်ငန်းအဖွဲ့များ( တောင်သူများ၊ ကြိတ်ခွဲသူများ၊ ပို့ဆောင်သူများ၊ ဝန်ဆောင်မှုပေးသူများ) ဖွဲ့စည်းရေးကို ထောက်ပံ့ရန်။ စက်မှုအခြေခံ တန်ဖိုးမြင့် စိုက်ပျိုးရေးထုတ်ကုန်များ ဖွံ့ဖြိုးစေမည့် ဥပဒေ၊ နည်းဥပဒေများ (ဥပမာ- ကြံသကြားဥပဒေ၊ ရာဘာဥပဒေစသည်) ထွက်ပေါ်ရေးကို သက်ဆိုင်ရာ ဥပဒေပြု လွှတ်တော်များထံ ချဉ်းကပ် တင်ပြခြင်း၊ အရေးဆိုခြင်း စသောလုပ်ငန်းများ ဆောင်ရွက်ရန်။<br>၃၊၆၊၈။ တန်ဖိုးကွင်းဆက်လုပ်ငန်းရှင်များ နှင့် အစိုးရတို့ ပုံမှန်(သုံးလတစ်ကြိမ်)တွေ့ဆုံရန်။<br>၃၊၆၊၉။ တန်ဖိုးကွင်းဆက် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု အညွှန်းကို တည်ထောင်ကာ ယင်း၏ စွမ်းဆောင်မှုကို စောင့်ကြပ်ကြည့်ရှုရန်၊ ယင်းအညွှန်းတွင် တိုးတက်မှုရှိပါက တန်ဖိုးကွင်းဆက် အစီအမံများကို ငွေကြေးထောက်ပံ့ရန်။<br>၃၊၆၊၁၀။ တောင်သူ- စီးပွားရေးလုပ်ငန်း မိတ်ဖက်ပြုမှု ဖြစ်ထွန်း အောင် ကူညီရန်၊ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးရေးရန်ပုံငွေများ ထူထောင်ရန်။<br>၃၊၆၊၁၁။ နှစ်စဉ် တန်ဖိုးကွင်းဆက် တီထွင်ဆန်းသစ်မှု ပြိုင်ပွဲကျင်းပရန် အတွက် တန်ဖိုးကွင်းဆက် တီထွင်ဆန်းသစ်မှု ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရန်။ ပညာရေးဆုံးခန်းတိုင် သင်ကြားခြင်း မပြုနိုင်သော လူငယ်၊ လူရွယ်များအတွက် စားသောက်ကုန်သင်တန်း၊ အလှကုန် သင်တန်း၊ လူသုံးကုန်ဆိုင်ရာသင်တန်း၊ ပါးလက်မှုပညာသင်တန်း၊ မော်တော် ဆိုင်ကယ် ပြုပြင်ခြင်း သင်တန်း၊ ဂဟေ(ဂရိန်) ဆော်သင်တန်း၊ တွင်ခုံ သင်တန်း၊ ပရိဘောဂသင်တန်း အသက်မွေး ဝမ်းကြောင်း ဆိုင်ရာ သင်တန်းပေးနိုင်ရေး ရန်ပုံငွေ တစ်ရပ် ထူထောင်ရန်။<br>၃၊၆၊၁၂။ မြန်မာ့စိုက်ပျိုး-စားသောက်ကုန်များ ဈေးကွက် လက်လှမ်းမီရေးကို ရည်ရွယ်လျက် ပြည်တွင်းတွင် ရော ပြည်ပတွင်ပါ နှစ်စဉ်တန်ဖိုးကွင်းဆက်ပြပွဲများ၊ ပြခန်းများ၊ နီးနှောပွဲများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများကို ကျင်းပရန်။<br>၃၊၆၊၁၃။ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းပါဝင်သော PPPကို ဖြစ်ထွန်းစေရန်။<br>၃၊၆၊၁၄။ ရာသီဥတုနှင့်လိုက်လျောသော စိုက်ပျိုး- စီးပွား လုပ်ငန်း တန်ဖိုးကွင်းဆက်အတွက် နည်းပြသင်တန်း ပေးရန်။<br>၃၊၆၊၁၅။ အခွန်ကင်းလွတ်ခွင့် မက်လုံးများ အရေးဆိုတောင်းခံပေး၍ စိုက်ပျိုးရေးအခြေခံ စီးပွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံစေရေး လှုံ့ဆော်ပေးရန်။<br>၃၊၆၊၁၆။ စိုက်ပျိုးစီးပွားလုပ်ငန်းပျိုးထောင်ပေးမှုများ မြှင့်တင်ရန်<br>၃၊၆၊၁၇။ ထောက်ပံ့ရန်ပုံငွေများ ပံ့ပိုးပေးခြင်းဖြင့် စိုက်ပျိုးစီးပွားလုပ်ငန်း ဆန်းသစ်တီထွင်မှု မြှင့်တင်ပေးရန်<br>၃၊၆၊၁၈ ။ စိုက်ပျိုးစီးပွားလုပ်ငန်းများနှင့် သမဝါယမ အသင်းများအား ဆန်းသစ်တီထွင်ပြိုင်ပွဲများကျင်းပနိုင်ရေး ရန်ပုံငွေတစ်ရပ် ထူထောင်ရန်<br>၃၊၆၊၁၉။ အမျိုးသမီးများ၊ လူငယ်များ၊ အချို့ငဲ့ဆုံး အုပ်စုများနှင့် ဒေသများအတွက် သီးခြား စိုက်ပျိုး-စီးပွားရေးလုပ်ငန်း အစီအစဉ်များကို ဖြစ်ထွန်းစေရေး ဆောင်ရွက်ရန် |

## ၈.၅.၇။ ထပ်ဆင့်ရလဒ် ၃.၇ – စားသောက်ကုန်အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှု

၁၉၈။ မြန်မာနိုင်ငံသည် စားသောက်ကုန် အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှု အာမခံစနစ်ကို စတင်တည်ထောင်ကာစဖြစ်သည်။ ဒေသတွင်းမှ စံချိန်များကို လိုက်နာစေရန် စည်းမျဉ်းစည်းကမ်းပိုင်း၊ အဖွဲ့ အစည်းပိုင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်မှု ဆိုင်ရာတို့တွင် ဆောင်ရွက်ရန် ရှိနေသေးသည်။ တိကျသော အရေးယူ ဆောင်ရွက်ချက်အချို့တွင် အောက်ပါတို့ ပါဝင်သည် – (က) အစားအသောက်ဥပဒေ ခေတ်မီရေးအတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် ထိရောက်သောနည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းတို့ကို အဆောလျင်ဆုံး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းရေးသားရန်၊ ဘေးအန္တရာယ် အခြေပြုဥပဒေ အတည်ဖြစ်စေခြင်းနှင့် နိုင်ငံတကာ စံချိန်များကို သုံးစွဲရန်၊ (ခ) မြန်မာ နိုင်ငံရှိ သီးနှံနှင့် တိရစ္ဆာန်တို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံတကာအလေ့အကျင့်များနှင့်အညီသန့်ရှင်းရေးနှင့် ရောဂါပိုးမွှားကင်းစင်ရေး (sanitary and phytosanitary -SPS) လုပ်ထုံး လုပ်နည်းများအား ရေးသားပြုစုရန်၊ (ဂ) ဦးစားပေး တန်ဖိုးကွင်းဆက်များမှ စတင်ကာ အစားအသောက် လုံခြုံရေးနှင့် အရည်အသွေးစံများကို ရေးဆွဲ ပြဋ္ဌာန်းရန်၊ (ဃ) စံချိန်စံညွှန်းများ အသိအမှတ်ပြုရေး အဖွဲ့အစည်းများနှင့် အမျိုးသားအစားအသောက် ဘေးကင်းလုံခြုံရေးနှင့် အရည်အချင်း အသိအမှတ်ပြု ဓာတ်ခွဲခန်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းရန်၊ (င) နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဓာတ်ခွဲခန်းများကို အားဖြည့်ရန်နှင့် အဆင့်မြှင့်တင်ရန်၊ (စ) အစားအစာ ဘေးကင်းလုံခြုံရေးဆိုင်ရာ စမ်းသပ်မှုများ (မြေဆီလွှာစမ်းသပ်ခြင်း၊ ဓာတ်ကြွင်းအမြင့်ဆုံးအဆင့်၊ ရေစစ်ဆေးခြင်း၊ ပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာများ စသည်)အတွက် ဒေသအဆင့် ဓာတ်ခွဲခန်းများနှင့် ခရိုင်ရုံးများ ထူထောင်ရန်၊ (ဆ) ဘေးအန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်ခြင်း (အပင်၊ တိရစ္ဆာန်နှစ်မျိုးလုံးအတွက်)၊ SPS စီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်ခြင်းဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ရန်၊ (ဇ) အစားအစာဘေးကင်းမှု အသိပညာပေး ဆောင်ရွက်ရန်၊ (ဈ) ကျန်းမာရေးတစ်ခုချဉ်းကပ်မှုနည်းလမ်းကို စွဲကိုင်၍တိရစ္ဆာန်ကျန်းမာရေး စောင့်ကြည့်မှု၊ ရောဂါရှာဖွေရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ စွမ်းဆောင်ရည်တို့ကို အားဖြည့်ရန်။(ည)အစားအစာဘေးကင်း လုံခြုံမှုစစ်ဆေးခြင်းကို အားဖြည့်ဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ် တွေ့ရှိချက်များအား ပုံနှိပ်ဖြန့်ဝေ၍ စားသုံးသူများသိရှိစေရန်၊ (ဋ) ထုတ်ကုန်တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေရန်အဓိကကုန်သွယ်ဖက်များနှင့် SPS ကျင့်ဝတ်များကို ညှိနှိုင်းစေ့စပ်ရန်၊ (ဌ) တတ်နိုင်သမျှ စရိတ်သက်သာရန်နှင့် ကုန်သွယ်ရေးတွင် ဆိုးကျိုး မသက်ရောက်စေရန်အတွက် နိုင်ငံတကာစံချိန်များကို အခြေခံကာ တရားဥပဒေနှင့် ကိုက်ညီသော မူဝါဒ ရည်မှန်းချက်တို့ကိုသာ ကျင့်သုံးရန်၊ (ဍ) လုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ နိုင်ငံတကာစံချိန်များကို လိုက်နာခြင်း ပိုမိုအသိအမှတ်ပြုမှု ခံရစေရန် ပုဂ္ဂလိက ကဏ္ဍရော အစိုးရကဏ္ဍပါ စစ်ဆေးရေးနှင့် စမ်းသပ်ရေး လုပ်ငန်းစဉ်များကို ထူထောင်ရေးအတွက် ထောက်ပံ့ရန်၊ (ဎ) ပြည်တွင်း စားသောက်ကုန် ဘေး ကင်းမှု၊ သီးနှံနှင့် တိရစ္ဆာန် ကျန်းမာရေး အရေးယူဆောင်ရွက်မှုအတွက် သာမက၊ မြန်မာ့ စိုက်ပျိုးရေးနှင့် စားသောက်ကုန်များကို တင်သွင်းနေသော နိုင်ငံများမှ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့၏ လိုအပ်ချက်များကိုပါ ပြည့်မီစေရန် ဓာတ်ကြွင်း စစ်ဆေးရေး လုပ်ငန်းစဉ်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးရန် – တို့ဖြစ်ပါသည်။

ဇယား ၃၀။ ထပ်ဆင့်ရလဒ်၃.၇။ စားသောက်ကုန် အရည်အသွေး နှင့် ဘေးကင်းစိတ်ချရမှုဆိုင်ရာ ချက်ချင်းရလဒ်များ နှင့် လုပ်ဆောင်မှုများ

| မဏ္ဍိုင် ၃ ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ထပ်ဆင့်ရလဒ် ၃.၇ | ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ |
|---|---|
| စားသောက်ကုန် အရည်အသွေး ပိုမို ကောင်းမွန် လာခြင်း နှင့် ပိုမို ဘေးကင်းလာခြင်း | ၃၊၇၊၁။ စားသောက်ကုန် ဥပဒေကို ခေတ်မီအောင် ဆောင်ရွက်ရန်နှင့် ထိရောက်သော နည်းဥပဒေ လုပ်ထုံး လုပ်နည်းတို့ကို အဆောလျင်ဆုံး ရေးသားရန်၊ ဘေးအန္တရာယ်အခြေပြု ဥပဒေ အတည်ဖြစ်စေခြင်းနှင့် နိုင်ငံတကာစံချိန်များကို သုံးစွဲရန်။<br>၃၊၇၊၂။ မြန်မာနိုင်ငံရှိ သီးနှံနှင့် တိရစ္ဆာန်ကျန်းမာရေးကို ကာကွယ်ရန်၊ နိုင်ငံတကာနည်းစနစ် နှင့်အညီ ကျန်းမာရေးနှင့် သီးနှံကျန်းမာရေး လုပ်ထုံးလုပ်နည်းတို့ကို ရေးဆွဲရန်။<br>၃၊၇၊၃။ ဦးစားပေး တန်ဖိုးကွင်းဆက်တို့မှ စတင်ကာ စားသောက်ကုန် လုံခြုံရေးနှင့် အရည်အသွေးဆိုင်ရာ စံများကို ရေးဆွဲပြဋ္ဌာန်းရန်။<br>၃၊၇၊၄။ စံချိန်စံညွှန်း အသိအမှတ်ပြုရေး အဖွဲ့အစည်းများနှင့် အမျိုးသား စားသောက်ကုန် ဘေးကင်းလုံခြုံရေးနှင့် အရည်အချင်း အသိအမှတ်ပြု ဓာတ်ခွဲခန်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းရန်။<br>၃၊၇၊၅။ နိုင်ငံတကာ စံချိန်စံညွှန်းများ နှင့်အညီ ဓာတ်ခွဲခန်းများကို အားဖြည့်ရန်၊ အဆင့်မြှင့်ရန်။<br>၃၊၇၊၆။ စားသောက်ကုန် စိတ်ချလုံခြုံရေး ဆိုင်ရာ စမ်းသပ်မှုများ (မြေသြဇာစမ်းသပ်ခြင်း၊ အမြင့်ဆုံးဓာတ်ကြွင်းအဆင့်၊ ရေ၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာစမ်းသပ်ခြင်း စသည်) အတွက် ဒေသအဆင့် ဓာတ်ခွဲခန်းများ၊ ခရိုင်ရုံးများ ထူထောင်ရန် ။<br>၃၊၇၊၇။ ဘေးအန္တရာယ် ရှိမှုဆန်းစစ်ခြင်း(သီးနှံနှင့် တိရစ္ဆာန်)၊ SPS စီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်ခြင်းဆိုင်ရာ စွမ်းဆောင်ရည် ထူထောင်ရန်။<br>၃၊၇၊၈။ စားသောက်ကုန် ဘေးကင်းမှု အသိပညာပေးဆောင်ရွက်ရန် ။<br>၃၊၇၊၉။ ကျန်းမာရေး တစ်ခု ချဉ်းကပ်မှုနည်းလမ်းကို လိုက်နာရန်နှင့် တိရစ္ဆာန် ကျန်းမာရေးစောင့်ကြည့်မှု၊ ရောဂါရှာဖွေရေး၊ တုန့်ပြန်ရေးဆိုင်ရာ စွမ်းဆောင်ရည်ကို အားဖြည့်ရန်။<br>၃၊၇၊၁၀။ထုတ်ကုန်တင်ပို့ရာတွင် အဆင်ပြေစေရန် အဓိကကုန်သွယ်ဖက်နိုင်ငံများ နှင့် SPSကျင့်ဝတ်များကို ညှိနှိုင်းပေးရန်။<br>၃၊၇၊၁၁။ တတ်နိုင်သမျှ စရိတ်သက်သာစေရန်နှင့် ကုန်သွယ်ရေး တွင် ဆိုးပြစ်မသက်ရောက်စေရန် နိုင်ငံတကာစံချိန်များကို အခြေခံကာ တရားဥပဒေနှင့် ကိုက်ညီသော မူဝါဒ၊ ရည်မှန်းချက်တို့ကိုသာ ကျင့်သုံးရန်။<br>၃၊၇၊၁၂။လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ နိုင်ငံတကာစံချိန်များကို လိုက်နာသည်ဟု အသိအမှတ်ပြုမှု ပိုမိုခံရအောင် ပုဂ္ဂလိက ကဏ္ဍရော အစိုးရကဏ္ဍပါ စစ်ဆေးရေးနှင့် စမ်းသပ်ရေးလုပ်ငန်းစဉ်များကို ထူထောင်ရေး ထောက်ပံ့ရန်။<br>၃၊၇၊၁၃။ပြည်တွင်း စားသောက်ကုန် ဘေးကင်းမှု၊ သီးနှံနှင့် တိရ္ဆစာန်ကျန်းမာရေး အရေးယူဆောင်ရွက်မှုအတွက် သာမက မြန်မာ့စိုက်ပျိုးရေးနှင့် စားသောက်ကုန် ထုတ်ကုန်များကို တင်ပို့နေသော နိုင်ငံများမှ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ တို့၏ လိုအပ်ချက်များကိုပါ ပြည့်မီစေရန် ဓာတ်ကြွင်း စစ်ဆေးရေး လုပ်ငန်းစဉ်ဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ရန်။<br>၃၊ ၇၊ ၁၄။ဇီဝလုံခြုံမှုနယ်မြေအပါအဝင်ရောဂါထိန်းချုပ်သောဇုန် ထူထောင်ရန် နယ်စပ်ဒေသများသတ်မှတ်ခြင်း။ |

## ၈.၅.၈။ ထပ်ဆင့်ရလဒ် ၃.၈ – ငွေရေးကြေးရေးဝန်ဆောင်မှုများ

၁၉၉။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)သည် အထူးသဖြင့် တောင်သူများနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs) အပါအဝင် ကျေးလက်နေပြည်သူများ လိုအပ်နေသည့် ဝန်ဆောင်မှုများကို ပေးသည့်ဘဏ်များ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ (MFIs) ဘဏ်မဟုတ်သော ငွေကြေးအဖွဲ့အစည်းများဖြစ်သည့် ငွေချေးငှားသည့် ကုမ္ပဏီများနှင့် အာမခံကုမ္ပဏီများကို အားပေးသည့်စိုက်ပျိုးရေးဆိုင်ရာဘဏ္ဍာရေးမူဝါဒတစ်ရပ် ထွက်ပေါ်ရေးကို ထောက်ခံပေးသည်။ ထိုသို့လုပ်ဆောင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်သည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)သည် မကြာသေးမီက ပြဋ္ဌာန်းခဲ့သော ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (Financial Institutions Law) အတွက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့် ဤလုပ်ငန်းစဉ်တွင် စိုက်ပျိုးရေးနှင့် စားသောက်ကုန်ကဏ္ဍဝန်ကြီး ဌာနများနှင့် ပုဂ္ဂလိက ပတ်သက်ဆက်နွယ်နေသူများမှ အလေးအနက် ပါဝင်ဆောင်ရွက်ခြင်းကိုထောက်ခံသည်။ ဘဏ်များက တိုးချဲ့ငွေချေးရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ အချက်အချာကျသော ပြုပြင်ပြောင်းလဲမှုတို့တွင်(က) ချေးငွေများအတွက် အပ်နှံရသည့် အပေါင်ပစ္စည်း ဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ရှိမှု (ရွှေ့ပြောင်းနိုင်သော ပစ္စည်းကို အပေါင်ပစ္စည်းအဖြစ် လက်ခံခြင်း (သို့) အချို့သော အခြေအနေများတွင် စီးပွားရေး လုပ်ငန်းအစီအစဉ်များ၏ ဖြစ်နိုင်စွမ်းရှိမှုနှင့် ငွေချေးယူသူ၏ နောက်ကြောင်း မှတ်တမ်းစသည်တို့ကိုအခြေခံ၍ ငွေချေးခြင်း)၊ (ခ) တစ်နှစ်ထက်ပိုသော သက်တမ်းဖြင့် ငွေချေးရန် ခွင့်ပြုခြင်းနှင့် အတိုးနှုန်းကို အလျှော့အတင်း လုပ်ခွင့်ပြုခြင်းတို့ ပါဝင်ပါသည်။

၂၀၀။ အချိန်အခါသင့်သောအခါ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေကို ပြန်လည်သုံးသပ် ပြင်ဆင်ရန် ဖြစ်သော်လည်း ရေတိုကာလတွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအတွက် အဓိကကျသော လုပ်ထုံးလုပ်နည်း ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်သွားမည်။ ကျေးလက်ငွေစုငွေ ချေးလုပ်ငန်းကို တိုးချဲ့နိုင်ရန်–(က) စုငွေလက်ခံမှု တိုးချဲ့ခြင်း၊ ပြည်တွင်း၊ နိုင်ငံခြားဘဏ်များနှင့် အခြား ရန်ပုံငွေရင်းမြစ်များထံမှ ပို၍ပြောင်းလဲပြင်လွယ်ရှိသော ငွေချေးယူခြင်း တို့ဖြင့် MFI များ၏ ရန်ပုံငွေ ရင်းမြစ်များကို တိုးချဲ့ခြင်း၊ (ခ) အတိုးနှုန်း အလျှော့အတင်းပြုလုပ်နိုင်မှု တိုးတက်လာခြင်း နှင့် (ဂ) MFI များမှ ဆောင်ရွက်နေသော ငွေရေးကြေးရေးဝန်ဆောင်မှု နယ်ပယ်ကို တိုးချဲ့ခြင်းတို့ လုပ်ဆောင်သွားမည်။

၂၀၁။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) သည် အထူးသဖြင့် တောင်သူလယ်သမားများနှင့် အခြားကျေးလက်ဒေသတွင် နေထိုင်သူများအား စရိတ်နည်း ငွေရေးကြေးရေး ဝန်ဆောင်မှုများသို့ လက်လှမ်းမီမှု တိုးမြှင့်လာစေရန် ဒစ်ဂျစ်တယ် (digital) နည်းပညာသုံး ငွေရေးကြေးရေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်မှုအား အားပေးမြှင့်တင်မည်။ ပုဂ္ဂလိက ဘဏ်များ၏ ချေးငွေတိုးတက်လာစေရန်၊ ရာသီအလိုက်သီးနှံအတွက် ချေးငွေများပေးခြင်းနှင့် စီးပွားဖြစ် လုပ်ကွက်ငယ်တောင်သူများအတွက် နှစ်လတ် ရင်းနှီးမြှုပ်နှံမှုငွေကြေးအထောက်အပံ့ (ဥပမာ – စက်ရေတွင်းများ၊ မွေးမြူရေး၊ လယ်ယာသုံး စက်ကိရိယာ) ပေးခြင်းတို့တွင် ပထမဆုံး စွန့်ထွင်လုပ်ကိုင်သူများ (first movers) အတွက် ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ရန် တို့အတွက် ADS သည် ရန်ပုံငွေများ၊ ချေးငွေ ဆုံးရှုံးမှုကာကွယ်ရေး ရန်ပုံငွေများ လျော်ကြေးရှင်းတမ်း (Compensation Balance) ထောက်ပံ့ငွေများကို အာမခံချက် ပေးရန်အတွက် အရေးပါသောအခန်းကဏ္ဍကို သုံးသပ်တွေ့မြင်ထားသည်။ ADS သည် တန်ဖိုးကွင်းဆက် ငွေကြေး ထောက်ပံ့မှု အတွက်ပို၍အမယ်စုံသော ထုတ်ကုန်များဖြင့် ဘဏ္ဍာရေးဖွံ့ဖြိုးရေးကို ပံ့ပိုးပေးမည်။ ထို့အပြင် အလားအလာကောင်းသော တောင်သူများ၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ကို အပေါင်ပစ္စည်းမဲ့ ချေးငွေများပေးခြင်းအား ပိုမိုလွယ်ကူစေမည့် ငွေချေးရန်စိတ်ချရသည့် (credit worthiness) သတင်းအချက်အလက်စနစ် ထူထောင်ခြင်းအား ထောက်ပံ့ပေးမည်။

## ဇယား ၃၁။ ထပ်ဆင့်ရလဒ်၃.၈။ ငွေကြေးဝန်ဆောင်မှုများဆိုင်ရာ ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ

| မဏ္ဍိုင် ၃ ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ထပ်ဆင့်ရလဒ် ၃.၈ | ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ |
|---|---|
| တောင်သူများနှင့် စိုက်ပျိုး-စီးပွားရေး လုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှု အမျိုးမျိုးကို ပိုမိုလက်လှမ်းမီခြင်း။ | ၃၊၈၊၁။ အထူးသဖြင့် တောင်သူများ SMEများ အပါအဝင် ကျေးလက်ရပ်ရွာများက လိုအပ်နေသည့် ဝန်ဆောင်မှု ကို ပေးသည့်ဘဏ်များ၊ အသေးစားငွေကြေးဌာနများ (MFI)၊ ဘဏ်မဟုတ်သော ငွေကြေးအဖွဲ့အစည်းများ ဖြစ်သည့် ငွေချေးငှားသည့် ကုမ္ပဏီများ၊ အာမခံကုမ္ပဏီများကို အားအပေးသည့် စိုက်ပျိုးရေး မူဝါဒ တစ်ရပ်ကို ရေးဆွဲရန်၊ ဤကိစ္စကို မြန်မာနိုင်ငံဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့်စီမံရေး ဝန်ကြီးဌာနတို့နှင့် နီးကပ်စွာ ဆောင် ရွက်ရန်။<br>၃၊၈၊၂။ မကြာမီက ပြဌာန်းခဲ့သော ငွေကြေးဌာနများဥပဒေကို အကောင်အထည်ဖော်သည့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်နှင့် ဤလုပ်ငန်းစဉ်တွင် စိုက်ပျိုးရေးနှင့် စားသောက်ကုန် ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက ပတ်သက်ဆက်နွယ်သူများက အလေးအနက် ပါဝင်ဆောင်ရွက်စေရန်။ ဘဏ်များက တိုးချဲ့ငွေချေး ငှားရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ အချက်အချာကျသော ပြုပြင်ပြောင်းလဲမှုတို့မှာ (က) အပေါင်ပစ္စည်းဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ရှိမှု (ရွှေ့ပြောင်းနိုင်သောပစ္စည်းကို အပေါင်ပစ္စည်းအဖြစ် လက်ခံခြင်း၊ စီးပွားရေး စီမံချက်၏ ဖြစ်နိုင်စွမ်းရှိမှု၊ ငွေချေးယူသူ၏ နောက်ကြောင်းမှတ်တမ်း စသည်တို့ကို အခြေခံကာ ငွေချေး ခြင်း)၊ (ခ) တစ်နှစ်ထက်ပို၍ ငွေချေးခြင်းနှင့် အတိုးနှုန်းကို အလျှော့အတင်း လုပ်ခွင့်ပြုခြင်း ။<br>၃၊၈၊၃။အချိန်အခါသင့်သောအခါ အသေးစားငွေကြေးဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် ဖြစ်သော်လည်း ရေတိုအနေဖြင့် အဓိကကျသော အောက်ပါလုပ်ထုံးလုပ်နည်းအချို့ကို ပြင်ဆင်ကာ (MFI)များက ကျေးလက်ငွေစုငွေချေးလုပ်ငန်းကို တိုးချဲ့ရန် - (က) စုငွေလက်ခံခြင်း၊ ပြည်တွင်းပြည်ပမှ ဘဏ်များ၊ အခြား ငွေကြေးအရင်းအမြစ်များမှ ပို၍ အဆင်ပြေသော ငွေကြေး အရင်းအမြစ်များမှ ငွေချေးခြင်း တို့ဖြင့် (MFI)များ၏ ရန်ပုံငွေကို တိုးချဲ့ရန်၊ (ခ) (MFI)များက ဆောင်ရွက်နေသော ငွေကြေးဝန်ဆောင်မှု နယ်ပယ်ကို တိုးချဲ့ရေးကူညီဖြည့်ဆည်းရန်။<br>၃၊၈၊၄။ ဝေးလံသည့်ကျေးလက်ဒေသများတွင် ငွေကြေးဝန်ဆောင်မှု ရုံးကဲ့သို့ ရုပ်ဝတ္ထု အဆောက်အအုံဖြင့် ဝန်ဆောင်မှုပေးခြင်းသည် စရိတ်အကုန် အကျများသည်။ ကျေးလက်ဒေသများရှိ တောင်သူများနှင့် အခြားသူများထံသို့ စရိတ်သက်သာသော ငွေကြေးဝန်ဆောင်မှု ရောက်ရှိစေမည်။ အီလက်ထရွန်နစ်ငွေကြေး သို့မဟုတ် မိုဘိုင်း ငွေကြေး (စရိတ်သက်သာသော ငွေကြေးဝန်ဆောင်မှုများအတွက် မိုဘိုင်းလ်ဖုန်း ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံစေမည်)နှင့် အီလက်ထရွန်နစ်-ဘဏ်လုပ်ငန်းများ တိုးပွားလာစေမည့် အဓိကကျသော လုပ်ထုံးလုပ်နည်းများကို အကြံပြုရန်။<br>၃၊၈၊၅။ ဖြစ်နိုင်စွမ်းရှိသော တောင်သူများ၊ SMEများကို အပေါင်ပစ္စည်း မပါဘဲ ငွေချေးရန် လွယ်ကူစေမည့် ငွေချေးရန် စိတ်ချရသည့် သတင်းစနစ်များကို ထူထောင်ရေး အတွက် ဆက်စပ်ပေါင်းစည်း ရန်။<br>၃၊၈၊၆။ တောင်သူများ ကူးသန်းရောင်းဝယ်ရေး ငွေကြေးနည်းလမ်း များတိုးချဲ့နိုင်ရေးကို ထည့်သွင်းစဉ်းစား ပေးသည့်အပြင် ထောက်ပံ့ကြေးရရန် ရှိ၊ မရှိ သေချာစွာ ရှင်းပြသည့် စီးပွားရေးပုံစံတစ်ခု ရေးဆွဲရန် ။<br>၃၊၈၊၇။ (MADB) လယ်ယာဘဏ်၏ စီးပွားစီမံအုပ်ချုပ်မှုကို ပြောင်းလဲကိစ္စတွင် ဒါရိုက်တာဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း အပါအဝင် ဆက်စပ် ညှိနှိုင်း အကြံပြုရန်<br>၃၊၈၊၈။ (MADB)ဘဏ်ကို နှစ်ရှည်ချေးငွေများ၊ အချို့သီးနှံများ အတွက် ရာသီကျော်လွန်ချေးငွေများ ထုတ်ချေးခွင့်ပြုရေး ဆက်စပ်ညှိနှိုင်းရန် ။<br>၃၊၈၊၉။ တောင်သူများကို ငွေကြေးစီမံခန့်ခွဲရေး သင်တန်းပေးရန်။<br>၃၊၈၊၁၀။ (MADB)ဘတ်ဂျက်ကို ငွေရင်းငွေနှီးထည့်ဝင်ရန်။ စိုက်၊မွေး၊ ဆည်ဝန်ကြီးဌာန ဖွံ့ဖြိုးရေးအထောက်ပံ့အပါအဝင်။ |

| မဏ္ဍိုင် ၃ ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ထပ်ဆင့်ရလဒ် ၃.၈ | ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ |
| --- | --- |
| | ၃၊၈၊၁၁။ ဂျပန်နှင့် ကိုရီးယားဘဏ်တို့မှ ငွေကြေးတို့ဖြင့် သမဝါယမများအတွက် အသေးစားငွေကြေးထောက်ပံ့ရန် ။<br>၃၊၈၊၁၂။ စိုက်ပျိုးရေး အာမခံဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများကို ဖြစ်နိုင်ချေစူးစမ်းလေ့လာမှုများ ပြုလုပ် ရေးဆွဲရန်။<br>၃၊၈၊၁၃။ တောင်သူများ စိုက်ပျိုးရေးအာမခံ ထားရှိရေး လှုံ့ဆော်ရန် ။<br>၃၊၈၊၁၄။ နယ်ခံအဆင့် မိုးလေဝသအညွှန်းအာမခံစနစ်(WIIS) တစ်ခုကို ရွေ့ပြေးစမ်းသပ်ရန်။<br>၃၊၈၊၁၅။ သီးနှံဆိုင်ရာခန့်မှန်းခြင်း စွမ်းဆောင်ရည် အားဖြည့်ပေးရန်။<br>၃၊၈၊၁၆။ မွေးမြူရေးအာမခံစနစ် ချမှတ်နိုင်ရေး ဖြစ်နိုင်ချေ စူးစမ်းလေ့လာမှုများပေါ် မူတည်၍ ရွေ့ပြေးစမ်းသပ်ရန်။ |

### ၈.၅.၉။ ထပ်ဆင့်ရလဒ် ၃.၉ – ကုန်သွယ်မှုချောမွေ့စေရေးနှင့် ပို့ကုန်တိုးမြင့်လာစေရေး

၂၀၂။ ကုန်သွယ်မှုချောမွေ့စေခြင်း–စိုက်ပျိုးရေးနှင့် စားသောက်ကုန်များယှဉ်ပြိုင်နိုင်စွမ်း ပိုမိုကောင်းမွန်ရေးမှာ သွင်းကုန်ထုတ် ကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကောင်းမွန်စေခြင်းနှင့် ကုန်သွယ်ရေး ညှိနှိုင်းဆွေးနွေးပွဲများစသည့် ကုန်သွယ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များကို မှီနေသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)မှ အရေးယူဆောင်ရွက်မည့် အပိုင်းများတွင် (က) သွင်းကုန်နှင့်စိုက်ပျိုးရေးနှင့် စားသောက်ကုန် ထုတ်ကုန်လိုင်စင်ဆိုင်ရာ လိုအပ်ချက်များကိုများစွာလျှော့ချရန်အတွက် – (က–၁) စိုက်ပျိုးရေးထွက်ကုန်တိုင်းကို ထုတ်ကုန်လိုင်စင်ပယ်ဖျက်ရန်နှင့် (က–၂) ကဏ္ဍအလိုက်သွင်းကုန်လိုင်စင်လိုအပ်သော ကုန်ပစ္စည်းစာရင်း အပါအဝင် ဖြစ်သော စိုက်ပျိုးရေး ထွက်ကုန်များ၊ စိုက်ပျိုးရေးနှင့်စားသောက်ကုန်လုပ်ငန်းအတွက်၊ သွင်းအားစုများအတွက် သွင်းကုန်လိုင်စင် လိုအပ်ချက်များ လျှော့ချခြင်း တို့လုပ်ဆောင်ရန်၊ (ခ) ပိုမိုထိရောက်သော ကုန်သွယ်မှုချောမွေ့စေရေး စွမ်းဆောင်ရည်များကို တည်ဆောက်နိုင်ရန်နယ်စပ်ထိန်းချုပ်ခြင်းနှင့် အကောက်ခွန်ရှင်းလင်းရေး စရိတ်များကို လျှော့ချရေးအတွက် – (ခ–၁) SPS ဆောင်ရွက်ချက်များ အပါအဝင် သွင်းကုန်အခွန် မဟုတ်သော လုပ်ငန်းစဉ်များကို ချောမွေ့စေပြီး အလိုအလျောက် စနစ်ဖြင့် ဆောင်ရွက်စေရန်၊ (ခ–၂) အလိုအလျောက် အကောက်ခွန် စနစ်ကို ပြီးစီးအောင်ဆောင်ရွက်ခြင်းနှင့် သွင်းကုန်အခွန် မကောက်ခံမှု သဘောတူညီချက်ကို အကောက်ခွန် ရှင်းလင်းရေး၊ အမျိုးသား ပြတင်းတစ်ပေါက်စနစ် (National Single Window) ထူထောင်၍ ယင်းကို အာဆီယံ ပြတင်းတစ်ပေါက်စနစ် (ASEAN Single Window) နှင့် ပေါင်းစည်း ချိတ်ဆက်ခြင်းတို့ကိုဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာနှင့်ပေါင်းစပ်ညှိနှိုင်းရန်၊ (ဂ) အဓိက ကုန်းတွင်း နယ်စပ်ဖြတ်ကျော်စခန်းများတွင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို အဆင့်မြင့်ရေးကို ပေါင်းစပ်ညှိနှိုင်းရန်၊ (ဃ) ကုန်းတွင်းနယ်စပ် ကုန်သွယ်ရေး စနစ်များကို ကောင်းမွန်စေရန် အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးရန်၊ (င) အာဆီယံအကောက်ခွန် အကူးအပြောင်းစနစ် (ASEAN Customs Transit System) အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံကို ဖြတ်ကျော်ကာ၊ အထူးသဖြင့် ရန်ကုန်မှ မူဆယ်သို့၊ ကုန်စည်သယ်ပို့ခြင်းကို ကောင်းမွန်အောင်ပြုပြင်ခြင်းတွင် ပါဝင်ဆောင်ရွက်ကြရန်နှင့် (စ) ကြီးထွားနေသော တရုတ်ပြည် အနောက်ပိုင်းဈေးကွက် များသို့ သွင်းကုန်များကို တစ်ဆင့်ခံ တင်ပို့ရာတွင် ရန်ကုန်ဆိပ်ကမ်းကို ဝင်ပေါက်အဖြစ် တရုတ်ပြည်က အသုံးပြုမှုတိုးတက်လာသဖြင့် တစ်ဆင့်ခံပေးပို့သည့် ကုန်စည်များပြားလာမှုကို ကိုင်တွယ်ရန် စီမံချက်များ ရေးဆွဲရန်တို့ပါဝင်ပါသည်။

၂၀၃။ ပို့ကုန်တိုးမြှင့်ခြင်း–ပို့ကုန်ကိုဦးတည်ကာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)သည် ပို့ကုန်များတိုးမြင့်လာရန် စီမံကိန်းများနှင့် သံတမန်နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်။ ယင်းတို့တွင် အောက်ပါဆောင်ရွက်ချက်များ ပါဝင်သည် – (က) တောင်သူလယ်သမားများနှင့် ကြိတ်ခွဲပြုပြင်သူများကို ဈေး

ကွက် အခွင့်အလမ်းများနှင့် လိုအပ်ချက်များကို သတင်းပေးခြင်း၊ ထိုးဖောက်လိုသည့် နိုင်ငံခြား ဈေးကွက်များတွင် မြန်မာ့ထုတ်ကုန်များကို ကြော်ငြာခြင်းတို့ဖြင့် စိုက်ပျိုးရေး ပို့ကုန်မြှင့်တင်ရေးစီမံကိန်း (Agricultural Export Promotion Program) ကို အကောင်အထည်ဖော်ရန်၊ (ခ) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization - WTO) နှင့် အာဆီယံ စီးပွားရေးအသိုက်အဝန်း အပါအဝင် စိုက်ပျိုးရေး ထုတ်ကုန်များအတွက် အရေးကြီးသော နိုင်ငံတကာ ကုန်သွယ်ရေးအဖွဲ့အစည်းများတွင် အမျိုးသားအကျိုး စီးပွားကို ကာကွယ်နိုင်ရန် ပိုထိရောက်သော ကုန်သွယ်မှု သံတမန်ရေးရာအတွက် ပါဝင်ဆောင်ရွက်မည့် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍကို စွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ (ဂ) အထူးသဖြင့် အိမ်နီးချင်း နိုင်ငံများတွင် မြန်မာ့ပို့ကုန် ကန့်သတ်မှု အခြေအနေများကို လျှော့ချပေးရန်အတွက်ပို၍ ထိရောက်စွာ ညှိနှိုင်းစေ့စပ်နိုင်ရေး စွမ်းဆောင်ရည်တည်ဆောက်ရန်၊ (ဃ) ပို့ကုန် ဝင်ငွေတိုးမြင့်လာစေရန် ထုတ်ကုန် အရည်အသွေးကို မြှင့်တင်ရန်။

ဇယား ၃၂။ ထပ်ဆင့်ရလဒ်၃.၉။ ကုန်သွယ်မှုချောမွေ့စေခြင်းနှင့် ပို့ကုန်တိုးမြှင့်ခြင်းဆိုင်ရာ ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ

| မဏ္ဍိုင် ၃ ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ထပ်ဆင့်ရလဒ် ၃.၉ | ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ |
|---|---|
| စိုက်ပျိုး-စားသောက်ကုန် ကုန်သွယ် မှု ချောမွေ့စေခြင်း နှင့် ပို့ကုန်တိုးမြင့်လာခြင်း။ | ၃၊၉၊၁။သွင်းကုန်နှင့် စိုက်ပျိုးရေးနှင့် စားသောက်ကုန် လိုင်စင်ဆိုင်ရာ လိုအပ်ချက်များကို အောက်ပါတို့ဖြင့် လျှော့ချရန် - (က) စိုက်ပျိုးရေးထွက်ကုန်တိုင်းကို ထုတ်ကုန်လိုင်စင်ပယ်ဖျက်ရန်၊ (ခ) ကဏ္ဍအလိုက် သွင်းကုန်လိုင်စင်လိုအပ်သော ကုန်ပစ္စည်းစာရင်း အပါအဝင်ဖြစ်သော စိုက်ပျိုးရေးထွက်ကုန်များ၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန် လုပ်ငန်းအတွက်၊ သွင်းအားစုများအတွက် သွင်းကုန်လိုင်စင် လိုအပ်ချက်များကို လျှော့ချခြင်းကိစ္စရပ်များတွင် ပေါင်းစပ်ညှိနှိုင်းရန်။<br>၃၊၉၊၂။နယ်စပ်ထိန်းချုပ်ခြင်းနှင့်အကောက်ခွန်ရှင်းလင်းရေးစရိတ်များလျှော့ချရေးကို အောက်ပါအချက်များဖြင့် ဆောင်ရွက်ပြီး ကုန်သွယ်ရေးလုပ်ငန်း စွမ်းဆောင်ရည်ကို တည်ဆောက်ရန်- (က) SPS ဆောင်ရွက်ချက်များ အပါအဝင် သွင်းကုန်အခွန် မဟုတ်သော လုပ်ငန်းစဉ်များကို အလိုအလျောက် စနစ်ဖြင့် ဆောင်ရွက်စေခြင်း၊ ချောမွေ့စေခြင်း၊ (ခ) အလိုအလျောက် အကောက်ခွန်စနစ်ကို ပြီးစီးအောင် ဆောင်ရွက်ခြင်းနှင့် သွင်းကုန်အခွန် မကောက်ခံမှုသဘောတူညီချက်ကို အကောက်ခွန်ရှင်းလင်းရေး၊ အမျိုးသားအဆင့် ပြတင်းတစ်ပေါက်စနစ်ထူထောင်၍ ယင်းကို အာဆီယံ ပြတင်းတစ်ပေါက်စနစ်နှင့် ပေါင်းစည်း ချိတ်ဆက်ခြင်းတို့ဖြစ်ထွန်းရန်။<br>၃၊၉၊၃။ အဓိက ကုန်းတွင်း နယ်စပ်ဖြတ်ကျော်စခန်းများတွင် အကောက်ခွန် ရှင်းလင်းရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို အဆင့်မြှင့်တင်ရေး ညှိနှိုင်းရန်။<br>၃၊၉၊၄။ ကုန်းတွင်း နယ်စပ်ကုန်သွယ်ရေးစနစ်များကို ကောင်းမွန်စေရန် အိမ်နီးချင်း နိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးခြင်းတွင် ပါဝင်ဆောင်ရွက်ရန်<br>၃၊၉၊၅။ အာဆီယံအကောက်ခွန် အကူးအပြောင်းစနစ်ကို အကောင်အထည်ဖော်ခြင်းဖြင့် (အထူးသဖြင့် ရန်ကုန်မှ မူဆယ်သို့) မြန်မာနိုင်ငံကို ဖြတ်ကျော်ကာ ကုန်စည် သယ်ပို့ခြင်းကို ကောင်းမွန်အောင် ပြုပြင်ရေးတွင် ပါဝင်ဆောင်ရွက်ရန်<br>၃၊၉၊၆။ ကြီးထွားနေသော တရုတ်ပြည် အနောက်ပိုင်းဈေးကွက်များသို့ သွင်းကုန်များကို တစ်ဆင့်ခံ တင်ပို့ရာတွင် ရန်ကုန်ဆိပ်ကမ်းကို ဝင်ပေါက်အဖြစ် တရုတ်ပြည်က အသုံးပြုမှုတိုးတက်လာသဖြင့် တစ်ဆင့်ခံပေးပို့သည့် ကုန်စည် များပြားလာမှုကို ကိုင်တွယ်ရန် စီမံချက်များ ရေးဆွဲရန်။ |

| မဏ္ဍိုင် ၃ ၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ထပ်ဆင့်ရလဒ် ၃.၉ | ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်မှုများ |
| --- | --- |
| | ပြည်ပသို့တင်ပို့ခြင်း<br>၃၊၉၊၇။အမျိုးသား ပို့ကုန်မဟာဗျူဟာနှင့် စိုက်ပျိုးရေးပို့ကုန် တိုးမြှင့်ရေး အစီအစဉ်ကို ပြင်ဆင်ခြင်း။<br>၃၊၉၊၈။အစိုးရနှင့် ပုဂ္ဂလိကအပါအဝင် ကုန်သွယ်မှုများ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အစိုးရဌာနများတွင် တည်ဆောက်ဖြည့်ဆည်းခြင်း။<br>၃၊၉၊၉။ စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန၏ အပြည်ပြည်ဆိုင်ရာ ဈေးငွေထောက်ပံ့မှု စီမံကိန်းများတွင် ပူးပေါင်းညှိနှိုင်းခြင်း။<br>၃၊၉၊၁၀။ ကုန်သွယ်မှုရေးရာ ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေးတွင် အကျိုးမဝင်သော လုပ်ငန်းဆောင်တာများအတွက် လမ်းညွှန်ချက်များ သတင်းအချက်များ ထုထောင်ရန်။ |



# အခန်း ၉။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) အကောင်အထည်ဖော်ခြင်း

## ၉.၁။ အကောင်အထည်ဖော်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းအတွက် အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းယန္တရားများ

၂၀၄။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) အကောင်အထည်ဖော်ရန်အတွက် စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနမှာ အဓိကကျပြီး အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ အဖွဲ့အစည်းအမျိုးမျိုး၊ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ စုပေါင်းအားထုတ် ဆောင်ရွက်မှုများ လိုအပ်ပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) တွင် စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန၏ လုပ်ငန်းအစီအစဉ်များနှင့် ဘတ်ဂျက်ကို ရေးဆွဲဖော်ပြပေးမည်ဖြစ်သည်။ အမျိုးသား စီမံကိန်း ရေးဆွဲရေး ကော်မရှင် (National Planning Commission - NPC) သို့မဟုတ် အလားတူနိုင်ငံတော် စီးပွားရေး ကော်မတီ ဖွဲ့စည်းလျှင် ၎င်းသည် မူဝါဒနှင့် စီမံကိန်း ရေးဆွဲမှုဆိုင်ရာ အလုံးစုံပေါင်းစပ် ညှိနှိုင်းမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး လုပ်ငန်းအကောင်အထည်ဖော်မှုတွင် စိုက်၊မွေး၊ဆည် ဝန်ကြီးဌာနမှ ဦးဆောင်သွားမည် ဖြစ်ပါသည်။

၂၀၅။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)ကို စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် လက်ရှိအစိုးရ၏ ဖွဲ့စည်းခွင့်ပြုအင်အားအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ယင်းသို့ အကောင်အထည်ဖော်ရန်အတွက် ခက်ခဲရှုပ်ထွေးမှု၊ အဖွဲ့အစည်းပေါင်းစုံ ပါဝင်ရန်လိုအပ်မှုတို့ကြောင့် လက်ရှိအဖွဲ့အစည်းများအား စီမံကိန်းရေးဆွဲမှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်လေ့လာမှုတို့တွင် အားကောင်းလာစေရန် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။


၂၀၆။ မူဝါဒများ ပေါင်းစပ်ညှိနှိုင်းခြင်းကို အမျိုးသား စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (NADSCC) ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ အစိုးရကိုယ်စားလှယ်များ [၂၇]၊ ပုဂ္ဂလိကနှင့် တောင်သူလယ်သမား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်ပါသည်။ အမျိုးသားစီမံကိန်းကော်မရှင် (NPC) ၏ ဆပ်ကော်မတီတစ်ခုအနေဖြင့် အမျိုးသားစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (NADSCC)သည် အလွှာအသီးသီးတွင် ADS ကိုအကောင်အထည်ဖော်နေသော ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့် ချိတ်ဆက်ရမည် ဖြစ်ပါသည်။ ADS ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအစဉ်များနှင့် စီမံချက်များသည် ပြည်ထောင်စုအဆင့် ADS အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ယေဘုယျ ဦးဆောင်မှုဖြင့် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန၏ အမှုဆောင် ကော်မတီဝင်များနှင့်အတူ၊ ပုဂ္ဂလိက ကဏ္ဍ၊ တောင်သူလယ်သမား အဖွဲ့အစည်းတို့၏ ကိုယ်စားလှယ် များပါဝင်သော စုံညီစည်းဝေးပွဲများ ကျင်းပ

---

၂၇ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (သို့မဟုတ်) ရာသီဥတု ပြောင်းလဲမှုအပေါ်လိုက်လျောညီထွေရှိစေရေး၊ အမျိုးသားလုပ်ရှားမှု အစီအစဉ် (NAPA), စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနစသည်တို့အပါအဝင်

ခြင်းအားဖြင့် ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ (NADSIC) သည် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) အကောင်အထည်ဖော်ရေး ပံ့ပိုးမှုယူနစ် (ADSISU)၏ ဦးဆောင် ကော်မတီအဖြစ် ဆောင်ရွက်မည်။ (ADISU) ကို စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန၏ စီမံကိန်း ဦးစီးဌာနတွင် ဖွင့်လှစ်ထားပြီး ကနဦး ၅-နှစ်အတွင်း စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) အကောင်အထည်ဖော်ရေးတွင် အထောက်အကူပြုရန် တာဝန်ရှိမည်။

ပုံ - ၆ ။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) အကောင်အထည်ဖော်ရေးအစီအစဉ်




### ၉.၁.၁။ အမျိုးသား စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) ပေါင်းစပ် ညှိနှိုင်းရေး ကော်မတီ (NADSCC) နှင့် ဆပ်ကော်မတီများ

၂၀၇။ အမျိုးသား ADS ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NADSCC) ကို စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)အကောင်အထည်ဖော်ရေး ပံ့ပိုးမှုယူနစ် (ADSISU) ၏ အတွင်းရေးမှူးအဖွဲ့က ပံ့ပိုးဝန်ဆောင်မှုပေးမည်ဖြစ်သလို (NADSCC)၏ ဆပ်ကော်မတီများကလည်း လုပ်ငန်းလည်ပတ်အောင် ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ အဆိုပါကော်မတီများ၊ ဆပ်ကော်မတီများ အားလုံးကို ဝန်ကြီးဌာနအတွင်း ရှိရင်းစွဲကော်မတီများ (သို့) အဖွဲ့အစည်းများမှဖြစ်စေ၊ ပြုပြင်တိုးချဲ့၍ဖြစ်စေ၊ ဖွဲ့စည်းဆောင်ရွက်စေမည် ဖြစ်ပါသည်။ ဤနည်းဖြင့် သက်ဆိုင်ရာ တာဝန်ရှိသောနယ်ပယ် အသီးသီး၌ ADS အတွက် ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုတိုးတက် ကောင်းမွန်လာစေပါမည်။

**(က) ပုဂ္ဂလိက ကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းရေး ဆပ်ကော်မတီ။**

အစိုးရကဏ္ဍ ၊ ပုဂ္ဂလိက ကဏ္ဍ (UMFCCI ၊ ကုန်သွယ်ရေး/ စက်မှုလက်မှု လုပ်ငန်း/ ကုန်စည်အသင်းအဖွဲ့များ)၊ သမဝါယမကဏ္ဍ (ဥပမာ-ဗဟိုသမဝါယမအသင်း)၊ တောင်သူ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) က အဆိုပါ ဆပ်ကော်မတီ၏ အစည်းအဝေးများကို ကျင်းပနိုင်သည်။

**(ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) ကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းရေး ဆပ်ကော်မတီ။**

အစိုးရဌာနဆိုင်ရာများနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO/INGO) ကို ပေါင်းစပ်ညှိနှိုင်းခြင်း။ ရှိရင်းစွဲ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပေါင်းစပ် ညှိနှိုင်းရေးအရင်းအမြစ်စီမံခန့်ခွဲမှု ကော်မတီမှ အဆိုပါ ဆပ်ကော်မတီ၏ အစည်းအဝေးများကို ကျင်းပနိုင်သည်။

**(ဂ) ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပေါင်းစပ်ညှိနှိုင်းရေး ဆပ်ကော်မတီ။**

ဤဆပ်ကော်မတီသည် ရှိရင်းစွဲ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဖြစ်ပါသည်။

**(ဃ) စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး ပေါင်းစပ်ညှိနှိုင်းရေး ဆပ်ကော်မတီ။**

ဤဆပ်ကော်မတီသည်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့ အလှူရှင်များ အစုအဖွဲ့ အမှုဆောင်အဖွဲ့ဝင်များ ပူးပေါင်းပါဝင်တာဝန် ယူနိုင်သည်။

**(င) စားနပ်ရိက္ခာဘေးကင်းမှု ပေါင်းစပ်ညှိနှိုင်းရေး ဆပ်ကော်မတီ။**

တန်ဖိုးကွင်းဆက် တလျှောက် ပေါ်ပေါက်သည့် စားနပ်ရိက္ခာဘေးကင်းမှုဆိုင်ရာ ကိစ္စရပ်များကို ဤဆပ်ကော်မတီက ပေါင်းစပ်ညှိနှိုင်းမည်။ ဓာတုပစ္စည်းများ၊ တိရစ္ဆာန်နှင့် အပင်ရောဂါဆိုင်ရာ ကိစ္စရပ်များမှာ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏လုပ်ပိုင်ခွင့်ဖြစ်သည်။ ကုန်သွယ် ရေး၊ ကြိတ်ခွဲ ပြင်ဆင်ခြင်းနှင့် စားသောက်ကုန် ဘေးကင်းမှုတို့မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနတို့နှင့် အသီးသီး သက်ဆိုင်ကြမည်။ ပုဂ္ဂလိကကဏ္ဍ၊ စားသုံးသူအဖွဲ့အစည်း၊ (NGO) များသည် စားနပ်ရိက္ခာဘေးကင်းရေး အဖွဲ့အစည်းတွင် အချက်အချာနေရာမှ ပါဝင်ကြသည်။ ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီ၏ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော(FDA)က ယခုဆပ်ကော်မတီ၏ အစည်းအဝေးများကို ကျင်းပနိုင်ပါသည်။

**(စ) တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်း ပေါင်းစပ်ညှိနှိုင်းရေး ဆပ်ကော်မတီ။**

နိုင်ငံတော် စီးပွားရေးကော်မတီ (သို့) အလားတူအမျိုးသား စီမံကိန်းရေးဆွဲရေး ကော်မရှင်မှ တစ်ဆင့် ညှိနှိုင်း၍ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီး ဌာနများမှ ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ကြမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို သေချာစွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ယင်းဆပ်ကော်မတီ၏ အစည်းအဝေးများကို နိုင်ငံတော် စီးပွားရေးကော်မတီ သို့မဟုတ် အမျိုးသား စီမံကိန်းရေးဆွဲရေး ကော်မရှင် (NPC)မှ ဦးဆောင်၍ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) အကောင်အထည်ဖော်ရေး ပံ့ပိုးမှုယူနစ် (ADSISU) ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၉.၁.၂။ အမျိုးသားစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) အကောင်အထည်ဖော်ရေး ကော်မတီ (NADSIC) နှင့် ဆပ်ကော်မတီများ

၂၀၈။ စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ဦးဆောင်မည့် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ အလုပ်အမှုဆောင် စည်းဝေးပွဲများမှတစ်ဆင့် အကောင်အထည်ဖော်သွားမည့် အမျိုးသားစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) အကောင်အထည်ဖော်ရေးကော်မတီ (NADSIC)တွင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနရှိ ပြည်ထောင်စုအဆင့်အစိုးရကိုယ်စားလှယ်များ၊ တောင်သူအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ကိုယ်စားလှယ်များပါဝင်သည်။ ဤကော်မတီသည် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS) အကောင်အထည်ဖော်ရေးအတွက် တာဝန်ရှိပြီး စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုမဟာဗျူဟာ (ADS) အကောင်အထည်ဖော် ဆောင်ရွက်မှုအစည်းအဝေးများကို (ဥပမာ–သုံးလ တစ်ကြိမ်) ပုံမှန်တွေ့ဆုံသင့်သည်။ ကော်မတီ၏လုပ်ငန်းတာဝန်များတွင် အောက်ပါတို့ ပါဝင်မည် –

(က) သက်ဆိုင်ရာအဖွဲ့အစည်းများအတွင်း မူဝါဒ၊ အုပ်ချုပ်မှု၊ ဥပဒေရေးရာ အပြောင်းအလဲများကို အလျင်အမြန်ဖြစ်စေခြင်းဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS) အကောင်

အထည်ဖော်မှုကို ဖြစ်မြောက်စေရေး ထောက်ပံ့ပေးရန်၊

(ခ) ပြည်တွင်း(အစိုးရနှင့်ပုဂ္ဂလိက)နှင့် ပြည်ပရင်းမြစ်များထံမှ အရင်းအမြစ်များ စည်းရုံးမှုကို ဖြစ်မြောက်အောင် ကူညီရန်။

(ဂ) အောက်ခြေမှ နိုင်ငံတော်အဆင့်အထိ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS) အစီအစဉ်များ၊ စီမံချက်များ အကောင်အထည်ဖော်ရာတွင် အဆင်ပြေချောမွေ့စေရန် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနနှင့် အဓိကပတ်သက်ဆက်နွယ်သူများကို လမ်းညွှန်ပေးရန်။

(ဃ) စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS) အကောင်အထည်ဖော်ရေးတွင် ပံ့ပိုးမှုပေးမည့် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနရှိ စီမံကိန်းဦးစီးဌာနကို အခြေပြုသော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ အကောင်အထည်ဖော်ရေး ပံ့ပိုးမှုယူနစ်(ADSISU)သည် စီမံချက် ဦးဆောင်ကော်မတီအဖြစ် ဆောင်ရွက်ရန်။

(င) (NADSCC) နှင့်အတူ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) အကောင်အထည် ဖော်နိုင်မှုကို အချိန်မှန်ကောက်ယူဆန်းစစ်ကာ ပြင်ဆင်ညှိနှိုင်းမှုအတွက် အချက်အလက်များထောက်ခံတင်ပြရန်။

### ၉.၁.၃။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရေး ပံ့ပိုးမှုယူနစ် (ADSISU)

၂၀၉။ ADS ကိုအကောင်အထည်ဖော်ရာတွင် မတူကွဲပြားသောအဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ် သူများကြား ပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ပြီးမူဝါဒ၊ဥပဒေရေးရာ၊စီမံကိန်းရေးဆွဲခြင်း၊ စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်းဆိုင်ရာ အရည်အသွေးများ လိုအပ်သည်။ လက်ရှိအခြေအနေတွင် အကန့်အသတ်ရှိကာ ပြန့်ကျဲလျက်ရှိသည်။

၂၁၀။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ အကောင်အထည်ဖော်ရေး ပံ့ပိုးမှုယူနစ် (ADSISU) သည် မူဝါဒရေးဆွဲခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ စီမံကိန်းချမှတ်ခြင်း၊ စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့အတွက် လူသားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်များကိုဖြည့်ဆည်း ပံ့ပိုးပါမည်။ ဤယူနစ်သည် ကနဦးငါးနှစ်တာကာလတွင် ADS အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး မူဝါဒနှင့် အကောင်အထည်ဖော်ရေးတွင် လိုအပ်ချက် ကွက်လပ်များ ပေါင်းကူး ဆက်စပ်ပေးသွားပါမည်။

၂၁၁။ ဤယူနစ်အား စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနတွင်း စီမံကိန်းဦးစီးဌာန၌ ဖွဲ့စည်းထားမည်ဖြစ်ပြီး ADS အကောင်အထည်ဖော်ရေးကို ပံ့ပိုးကူညီခြင်း၊ ပတ်သက်ဆက်နွယ်သူများနှင့် ADS အကောင်အထည်ဖော်ဆောင် ရွက်သော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ခြင်းတို့ ဆောင်ရွက်ပါမည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအကောင်အထည်ဖော်ရေး ပံ့ပိုးမှု ယူနစ် (ADSISU) ၏ လုပ်ငန်းတာဝန်များမှာ –

(က) စီမံချက်စတင်အကောင်အထည်ဖော်ချိန်တွင် ပတ်သက်ဆက်နွယ်သူအားလုံး ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ADS အဓိကဦးစားပေးကိစ္စရပ်များ ချမှတ်ရန်၊ အထူးအားဖြင့် ၂၀၁၈–၁၉ ခုနှစ် နှင့် ၂၀၁၉–၂၀ ခုနှစ် နှစ်နှစ်တာ လုပ်ငန်းအစီအစဉ်များနှင့် ရန်ပုံငွေ သတ်မှတ်နိုင်ရန်။

(ခ) မူဝါဒရေးရာ ဆန်းစစ်လေ့လာခြင်း နှင့်စောင့်ကြည့်ထိန်းကျောင်းခြင်း ၊ ပေါင်းစည်းပါဝင်သော စီမံကိန်းရေးဆွဲခြင်း တို့အတွက် သက်ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရန်။

(ဂ) ADS စောင့်ကြည့်ထိန်းကျောင်းရေးအတွက် သတင်းအချက်အလက်များအား အခြေခံသောစနစ်တစ်ခု ထူထောင်ရေးပံ့ပိုးရန်။

(ဃ) ADS အကောင်အထည်ဖော်ရေးအတွက် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့်

လက်စွဲလမ်းညွှန်ချက်များ ရေးဆွဲခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်း၊

(င) ပေါင်းစပ်ပါဝင်သော ကာလအလိုက် စီမံကိန်းများရေးဆွဲနိုင်ရေး ပံ့ပိုးရန်။ (နှစ်နှစ်တာနှင့် ငါးနှစ်တာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များနှင့် ADS စီမံကိန်းများ ပြင်ဆင်ဖြည့်စွက်ခြင်း)

(စ) အမျိုးသား ADS ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NADSCC)နှင့် ဆပ်ကော်မတီများအား ဆန်းစစ်လေ့လာမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးစီမံခန့်ခွဲမှုတို့ပံ့ပိုးပေးရန်။

(ဆ) ADS အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်ထိန်းကျောင်းရေးနှင့် ပတ်သက်ဆက်နွယ်သော မူဝါဒများ စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်း အပါအဝင် အဖွဲ့အစည်းများဖွဲ့စည်းမှု ပံ့ပိုးရန်။

(ဇ) ADS တန်ဖိုးကွင်းဆက် အစီအစဉ်များတွင် စီမံချက်မန်နေဂျာများအား အကြံဉာဏ်ပေးခြင်း ဝန်ဆောင်မှုများနှင့် နိုင်ငံတော်အဆင့် အကောင်အထည်ဖော်မှုအစီအစဉ်များတွင် ပံ့ပိုးကူညီရန်။

(ဈ) ကဏ္ဍအလိုက် မူဝါဒများ၊ နိုင်ငံတကာ ကတိကဝတ်များနှင့် လမ်းညွှန်ချက်များအား သဟဇာတဖြစ်စေရေးပံ့ပိုးပေးရန်။

(ည) ADS အကောင်အထည်ဖော်ရာတွင် ရှိရင်းစွဲအချက်အလက်များနှင့် စုစည်းညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် အကျိုးရလဒ်များ ရရှိစေရန်လိုအပ်သည့် မဟာဗျူဟာမြောက် အရေးပါသော အချက်အလက်များကို စုစည်း၊ ဆန်းစစ်ပံ့ပိုးရန်။

(ဋ) ဖွံ့ဖြိုးရေး မိတ်ဖက်များ၏ ရင်းနှီးမြှုပ်နှံမှုနှင့် အစီအစဉ်များအား ADS အကောင်အထည် ဖော်ရေးအစီအစဉ်များနှင့် လိုက်လျောညီထွေဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းရန်။

(ဌ) အမျိုးသား ADS ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NADSCC)၏ အတွင်းရေးမှူးအဖွဲ့အဖြစ် ဆောင်ရွက်ရန် စသည်တို့ဖြစ်ပါသည်။

## ၉.၂။ မဟာဗျူဟာမဏ္ဍိုင်အလိုက် အဓိကရလဒ်များ

၂၁၂။ ADS ကို အကောင်အထည်ဖော်ရာ၌ မဏ္ဍိုင်တစ်ခုချင်းစီအောက်တွင် ဆောင်ရွက်ရမည့် ခက်ခဲရှုပ်ထွေးသော လုပ်ငန်းများရှိပါသည်။ အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီများအား စူးစိုက်လုပ်ဆောင်ရမည့်လုပ်ငန်းများကို လမ်းညွှန်ပေးရန် မဟာဗျူဟာမဏ္ဍိုင် တစ်ခုချင်းစီအောက်၌ အဓိကရလဒ်များကို သတ်မှတ်ပေးထားပါက အထောက်အကူဖြစ်ပါလိမ့်မည်။

၂၁၃။ စောင့်ကြည့်လေ့လာခြင်းမူဘောင်တွင် ပါဝင်သောရလဒ်များအားလုံးကို အချိန်မီ ပြီးစီးအောင် မဆောင်ရွက်နိုင်ခဲ့သည့်တိုင်အောင် ADS ၏ အဓိကရလဒ်များသည် အောင်မြင်မှုအတွက် သေချာပေါက် ဦးတည်ဆောင်ရွက်ရမည့် ရလဒ်များဖြစ်ပါသည်။ အဓိကရလဒ်များသည် ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးနှင့် စောင့်ကြည့်လေ့လာမှု အစီရင်ခံစာများတွင် မည်သည့်ကိစ္စရပ်ကိုမျှ ကိုင်တွယ်ဖြေရှင်းခြင်းမပြုမီ ပထမဆုံးဦးစားပေးကိုင်တွယ် ဖြေရှင်းသင့်သည့်ကိစ္စရပ်များ အဓိကရလဒ်များကို သတ်မှတ်ရေးဖြစ်ပါသည်။ အောက်ပါဇယား(၃၃)တွင် အဓိကရလဒ်တို့ကို ဖော်ပြထားသည်။

ဇယား ၃၃။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)၏ အဓိကရလဒ်များ

| စဉ် | မဏ္ဍိုင် ၁ -ကောင်းမွန်သောစီမံ အုပ်ချုပ်ရေးလုပ်ငန်းစဉ် ရှိ အဓိကရလဒ်များ | မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား အောက်ရှိ အဓိကရလဒ်များ | မဏ္ဍိုင် ၃ - ယှဉ်ပြိုင်နိုင်စွမ်းအား အောက်ရှိ အဓိကရလဒ်များ |
|---|---|---|---|
| ၁။ | စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန၊ လယ်သမားများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများမှ ပတ်သက် ဆက်နွယ်နေသူများ၏ ၇၀% သည် စိုက်မွေးဆည် ဝန်ကြီးဌာန၏ ဘက်စုံဆက်စပ်ထားပြီး အားလုံးပူးပေါင်း ပါဝင်သော စီမံကိန်း ရေးဆွဲခြင်း လုပ်ငန်းစဉ်အပေါ် ကျေနပ်မှုရှိခြင်း။ | အမျိုးသားအဆင့် စိုက်ပျိုးရေး သုတေသနဌာနစနစ် တည်ထောင်ပြီးစီး ခဲ့ပြီး (၅) နှစ်တာကာလ သုတေသန မဟာဗျူဟာတစ်ခုကို အတည်ပြုကာ မြန်မာနိုင်ငံတွင် လယ်ယာ သား၊ငါး၊ ထုတ်လုပ်မှု စနစ် အခြေပြု အသုံးချသုတေသန စီမံကိန်းအား ညှိနှိုင်းဆောင်ရွက်လျက် ရှိခြင်း။ | ဦးစားပေးသတ်မှတ်ထားသော တန်ဖိုးကွင်းဆက် ၇ ခုတွင် ပတ်သက်ဆက်နွယ်နေသူ တောင်သူများ ရရှိသော အမြတ်အစွန်းမှာ အနည်းဆုံး ၂၀% တိုးတက်လာခြင်း။ |
| ၂။ | စိုက်၊မွေး၊ဆည် ဝန်ကြီးဌာနအဆင့်နှင့် ဦးစီးဌာန အဆင့်များရှိ စောင့်ကြည့် ထိန်းကျောင်း စိစစ် သုံးသပ်ခြင်း (M&E) လုပ်ငန်းမှ နှစ်စဉ် အစီရင်ခံစာများတင်ပြခြင်း နှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်ထဲသို့ သုံးလတစ်ကြိမ် သတင်းပို့ခြင်း။ | အစိုးရနှင့် ပုဂ္ဂလိကတို့၏ အခန်းကဏ္ဍ များနှင့် တာဝန်ဝတ္တရား များအား ရှင်းလင်းစွာ ခွဲခြားဖော်ပြ ထားသည့် စိုက်ပျိုးရေး တိုးချဲ့ ပညာပေးရေး မူဝါဒ ပြဋ္ဌာန်းခြင်း။ | ဆန်စပါး၊ ပဲအမျိုးမျိုး၊ ဟင်းသီး ဟင်းရွက်များ၊ ဆီထွက်သီးနှံများ၊ ကြက်၊ ကျွဲနွား၊ နှင့် ငါးလုပ်ငန်း ကဏ္ဍခွဲများအတွက် အစားအစာ ဘေးကင်းလုံခြုံမှု နှင့် အရည်အသွေး ဆိုင်ရာ စံချိန် စံနှုန်းများ အား ရေးသားပြုစုခြင်း။ |
| ၃။ | အမျိုးသားမြေအသုံးချမှုကောင်စီ ၏ လုပ်ငန်းအဖွဲ့တွင် ပါဝင်၍ အားလုံးကို လွှမ်းခြုံသော မြေဥပဒေတစ်ရပ် ပြဋ္ဌာန်းရေးကို ပါဝင်ဆောင်ရွက်ခြင်း။ | အမျိုးသားအဆင့် ရေမူဝါဒဆိုင်ရာ မူဘောင်အတွင်းတွင် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု (Integrated Water Resources Management - IWRM) မူဝါဒအား ထည့်သွင်း ရေးသားခြင်း။ | ဂေဟစနစ် အခြေပြုအားလုံး ပူးပေါင်းပါဝင်သော လိုက်လျော ညီထွေ ပြင်ဆင်မှု (ecosystems-based participatory adaptation) နှင့် ဘေးအန္တရာယ် ကျရောက်နိုင်ခြေ လျော့ချခြင်း စီမံကိန်းများအား အဓိက ရေဝေရေလဲဒေသ ၁၀ခုတွင် အကောင်အထည်ဖော်ခြင်း။ |

## ၉.၃။ အချိန်တိုတွင်း ရရှိနိုင်သည့် အောင်မြင်မှုများ (Quick wins)

၂၁၄။ ADS ကို အကောင်အထည်ဖော်သည့် ပထမနှစ်တွင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနအတွင်းနှင့် အဓိက ပတ်သက်ဆက်နွယ်နေသူများထံမှ ADS အား ထောက်ခံအားပေးကူညီမှုများ ကျယ်ကျယ်ပြန့်ပြန့် ရရှိရန် အရေးကြီးပါသည်။ ထိုကဲ့သို့သော အားပေးကူညီမှုမျိုးရရှိရန်မှာ အချိန်တိုအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုအချို့ (quick wins) ပြသနိုင်ရန်လိုအပ်ပြီး ADS အကောင်အထည်ဖော်မှု ပထမနှစ်အတွင်း ရရှိနိုင်မည့်အောင်မြင်မှုများ (quick wins) ကို ဇယား (၃၄)တွင် ဖော်ပြထားပါသည်။

ဇယား ၃၄။ ADS ဆောင်ရွက်ရန် ပထမနှစ်အတွင်း အလျင်အမြန် အောင်မြင်စေရေး အကောင်အထည်ဖော်ရမည့် အချက်များ

| စဉ် | မဏ္ဍိုင် ၁ - ကောင်းမွန်သော စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ် ရှိ Quick Win များ | မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား ရှိ Quick Win များ | မဏ္ဍိုင် ၃ - ယှဉ်ပြိုင်နိုင်စွမ်းအား ရှိ Quick Win များ |
|---|---|---|---|
| ၁။ | အမျိုးသား ADS ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (NAD-SCC)၊ အမျိုးသား ADS အကောင်အထည်ဖော် ရေး ကော်မတီ (NADSIC)၊ နှင့် ADS အကောင်အထည် ဖော်ရေး ပံ့ပိုးမှု ကော်မတီ တို့၏ လုပ်ငန်းများ လည်ပတ်လျက်ရှိခြင်း။ | အမျိုးသားအဆင့် စိုက်ပျိုးရေး သုတေသနကောင်စီ တည်ထောင်ခြင်း နှင့် သက်ဝင် လှုပ်ရှားမှုအတွက် မြန်မာ့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း သိပ္ပံ အကယ်ဒမီကို ဖွဲ့စည်းတာဝန်ပေးခြင်း၊ သုတေသနလုပ်ငန်းများအတွက် ပင်မစီမံကိန်း ရေးဆွဲ ပြီးစီးခြင်း။ | ဦးစားပေး တန်ဖိုးကွင်းဆက် ကုန်စည် (၇)ခု ရှိ တန်ဖိုးကွင်းဆက်များ ဆိုင်ရာ ငွေကြေး နှင့် စီးပွားရေး သုံးသပ်ချက် ဆောင်ရွက် ပြီးစီးခြင်း နှင့် အနည်းဆုံး ဦးစားပေး တန်ဖိုးကွင်းဆက် (၂) ခုအတွက် လုံလောက်သော အရင်းအမြစ်များ ရရှိသည့် တန်ဖိုးကွင်းဆက် စီမံကိန်းများ (ဥပမာ - ဆန်နှင့် ပဲအမျိုးမျိုး) တည်ထောင်ပြီးစီးခြင်း။ |
| ၂။ | စိုက်/မွေး/ဆည် ဝန်ကြီးဌာန တွင် မူဝါဒရေးရာ နှင့် စောင့်ကြည့် ထိန်းကျောင်း စိစစ် သုံးသပ်ခြင်း (M&E) ဌာနခွဲများ ဖွင့်လှစ်ပြီးစီးခြင်း။ | လုပ်ဆောင်မှု သုတေသန (Action Research) ရန်ပုံငွေ တစ်ရပ်ထူထောင်ခြင်း။ | စိုက်ပျိုး စီးပွားရေးလုပ်ငန်း အတွေ့အကြုံယူရေး အစပျိုးချိန်တွင် လက်တွဲခေါ်ယူမှု တည်ထောင်ပြီးစီးခြင်း။ |
| ၃။ | စိုက်/မွေး/ဆည် ဝန်ကြီးဌာနရှိ တောင်သူလယ်သမား အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်း ဌာနစိတ် လုပ်ငန်းလည်ပတ် လျက်ရှိခြင်း။ | တိုးချဲ့ပညာပေးရေးဥပဒေ မူကြမ်းအား ပတ်သက် ဆက်နွယ်နေသူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲပြီးစီးခြင်း။ | စိုက်ပျိုးစီးပွားနှင့် ဈေးကွက်သတင်း ဦးစီးဌာန တည်ထောင်ပြီးစီခြင်း |
| ၄။ | ပတ်သက်ဆက်နွယ်နေသူများ၏ ပူးပေါင်းပါဝင်မှုဖြင့် စိုက်/မွေး/ဆည် ဝန်ကြီးဌာန၏ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေး စီမံကိန်းမူကြမ်း ရေးဆွဲပြီးစီးခြင်း။ | စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) မှ အနည်းဆုံး စံနှုန်း ၂ခုအား ရေးဆွဲခြင်း၊ အတည်ပြုခြင်းနှင့် ဖြန့်ဝေခြင်း။ | မူရင်းထွက်ရှိရာနေရာဒေသကြောင့် ထူးခြားသည့် အရည်အသွေး ရှိမှုကို ညွှန်ပြသည့် Geographical Indi-cations အနည်းဆုံး ၂ ခုအတွက် ခွင့်ပြုချက်ရရှိခြင်း။ |
| ၅။ | အမျိုးသားအဆင့် မြေအသုံးချကောင်စီ လုပ်ငန်း လည်ပတ် လျက်ရှိခြင်း နှင့် ပတ်သက် ဆက်နွယ်နေသူများ၏ ပူးပေါင်း ပါဝင်မှုဖြင့် အားလုံးကို လွှမ်းခြုံသော မြေဥပဒေတစ်ရပ် ပြဌာန်းခြင်း။ | စက်မှုလယ်ယာစခန်း(၃)ခုရှိ ပုံသေပိုင်ပစ္စည်းအချို့ကို ပုဂ္ဂလိက သို့လွှဲပြောင်းခြင်း အစီအစဉ် အဖြစ် စက်ကိရိယာ များအား တန်ဖိုးသင့် ရောင်းချခြင်း | စိုက်ပျိုးရေးထွက်ကုန်လုပ်ငန်းဆိုင် ရာ တီထွင်မှုနှင့် ပြိုင်ပွဲများ ကျင်းပ၍ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အောင်နိုင်သူများကို ဆုချီးမြှင့်ရေး၊ |

# အပိုင်း ၂

## မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ (၂၀၁၈–၁၉ ခုနှစ် မှ ၂၀၂၂–၂၃ ခုနှစ်ထိ)





# အခန်း ၁။ ဌာနအသီးသီး၏ တာဝန်များ

၂၁၅။ နောက်ဆက်တွဲ(၁)[၂၈] တွင် တင်ပြထားသည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)၏ ဇယားတွင် လုပ်ဆောင်ချက် တစ်ခုချင်းစီအတွက် တာဝန်ရှိသည့် ဦးစီးဌာန၊ ဌာနခွဲ၊ ဌာနစိတ်အလိုက် ရင်းနှီးမြှုပ်နှံမှု အသေးစိတ်စာရင်းများကို ယခုပင်မစာအုပ်နှင့်တွဲဖက်ကြည့်ရှုရန် ရုံးသုံးလက်ကိုင်အဖြစ် ပုံနှိပ်ထားပါသည်။



---

၂၈ နောက်ဆက်တွဲ (၁)တွင်တင်ပြထားသည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS)၏ ဇယားတွင် လုပ်ဆောင်ချက်တစ်ခုချင်းဆီအတွက် တာဝန်ရှိ သည့် ဦးစီးဌာန၊ ဌာနခွဲ၊ ဌာနစိတ်အလိုက် ရင်းနှီးမြှုပ်နှံမှုအသေးစိတ်စာရင်းများကို ဦးစီးဌာန သို့မဟုတ် ၎င်း၏ဌာနခွဲ၊ ဌာနစိတ်တို့ ကပေးပို့လာသည့် ရန်ပုံငွေခန့်မှန်း လိုအပ်ချက်စာရင်းများကို အခြေခံ၍ ADS ၏ မူများနှင့်ညှိနှိုင်းကာ တွက်ချက်ပြုစုထားသည်။ ဘဏ္ဍာရေးစီမံချက်များ ရေးရာတွင် မှီငြမ်းပြုစုနိုင်ရန်ဖြစ်ပါသည်။ ယခုပင်မစာအုပ်နှင့် တွဲဖက်ကြည့်ရှုရန် ရုံးသုံးလက်ကိုင်အဖြစ် ပုံနှိပ်ထားပါသည်။







# အခန်း ၂။ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်

## ၂.၁။ နိဒါန်း

၂၁၆။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)သည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍရေရှည် ဖွံ့ဖြိုးရေးအတွက် (၂၀၃၀)ခုနှစ်ထိ မဟာဗျူဟာဦးစားပေးများ၊ ပန်းတိုင်များအတွက် အနာဂတ်လားရာ မျှော်မှန်းချက်နှင့် မူဘောင်ကိုပေးသည်။ စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးမှုနှင့် ဝင်ငွေတိုးတက်မှုတို့သည် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)၏ ပင်မရည်မှန်းချက်များ ဖြစ်ကြသည်။ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်(IP)သည် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ ယင်းသည် (၂၀၁၈–၁၉ မှ ၂၀၂၂–၂၃) အထိ ၅–နှစ်တာအတွက်ဖြစ်သည်။ ယင်းသည် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)၏ (က) အနာဂတ်လားရာမျှော်မှန်းချက်၊ သက်ရောက်မှုများ၊ ထပ်ဆင့်ရလဒ်များ၊ ချက်ချင်းရလဒ်များနှင့် အကြံပြုထားသည့် လုပ်ဆောင်ချက်များ (ခ) မူဝါဒရေးဆွဲမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် (ဂ)ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်အခြားနှစ်လတ်၊ နှစ်ရှည် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များအတွက် အကြံပြုချက်များ စသည်တို့ကိုအခြေခံထားသည်။

၂၁၇။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ပြည်သူအတွက်အသုံးစရိတ် ပြန်လည်သုံးသပ်မှု (Public Expenditure Review – PER) (ကမ္ဘာ့ဘဏ်၊ LIFT ၂၀၁၇ ခုနှစ်)၊ နှစ်လတ်အသုံးစရိတ်မူဘောင် (Mid-term Expenditure Framework (MTEF) နှင့် အလှူရှင်များ၏ ရန်ပုံငွေထည့်ဝင်မှု ဆန်းစစ်လေ့လာချက်များကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။ ထို့ပြင် စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံတွင် မကြာသေးမီက ပြောင်းလဲသွားသော အပြောင်းအလဲနှစ်ခုနှင့်လည်း သင့်လျော်အောင် ရေးဆွဲခဲ့ပါသည်။ ပထမအပြောင်းအလဲမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာနအောက်မထားဘဲ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်တွင် ရွှေ့ပြောင်းလိုက်ခြင်းဖြစ်သည်။ ဒုတိယအပြောင်းအလဲမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနတွင်ရှိသော လမ်းတံတားဌာနကို ယခုအခါဆောက်လုပ်ရေးဝန်ကြီးဌာနသို့လွှဲပြောင်း ပေးလိုက်ခြင်း တို့ဖြစ်သည်။

၂၁၈။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်(IP)တို့ကို ပတ်သက်ဆက်နွှယ်သူ အမျိုးမျိုးတို့နှင့် တိုင်ပင်ဆွေးနွေးကာ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် မြန်မာ စိုက်ပျိုးရေးမူဝါဒမူကြမ်းသည် ဤတိုင်ပင်ဆွေးနွေးမှုတွင် လမ်းညွှန်မူဝါဒအဖြစ် ပါဝင်နေသည်။ ထို့ပြင် ဤလုပ်ငန်းစဉ်တွင် အခြားမူဝါဒများ၊ မဟာဗျူဟာများ၊ စီမံချက်များသာမက ယခင်/ လက်ရှိ/ ရည်ရွယ် မျှော်မှန်းထားသည့် စီမံကိန်းများ၊ စီမံချက်များနှင့် အသုံးစရိတ်များကိုလည်း သေချာစွာ ပြန်လည်သုံးသပ် ထားသည်။ ADS ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအပြင်၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့၊ တောင်သူ လယ်သမားများ၊ ပုဂ္ဂလိက ကဏ္ဍမှ လုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးအုပ်စုများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း(CSO) များနှင့် တိုင်ပင်ဆွေးနွေးမှုပြုလုပ်ခြင်းများလည်း ပါဝင်ပါသည်။

၂၁၉။ ဤပြန်လည်သုံးသပ်ချက်၊ ဆန်းစစ်ချက်၊ အကြံပြုချက်တို့ကို အခြေခံကာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်

မှုမဟာဗျူဟာ(ADS) သည် စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် လူမှုစီးပွား၊ စိုက်ပျိုး–နည်းပညာ၊ စိုက်ပျိုး–ပတ်ဝန်းကျင်၊ ဌာနဆိုင်ရာစသည့် အခြေအနေအရပ်ရပ်ကို အကဲဖြတ်ကာတင်ပြထားသည်။ ထို့နောက်စီမံကိန်းဆိုင်ရာ ချဉ်းကပ်မှုကိုသုံးကာသတ်မှတ်ထားသည့် ထပ်ဆင့်ရလဒ်များ၊ ချက်ချင်းရလဒ်များ၊ လုပ်ဆောင်ချက်များမှ တစ်ဆင့်စိုက်ပျိုးရေးကဏ္ဍ၏ အနာဂတ်လားရာမျှော်မှန်းချက်၊ ပန်းတိုင်များနှင့် ရည်မှန်းချက်များသို့ အောင်မြင်စွာရောက်ရှိနိုင်မည့် နည်းလမ်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းတည်ဆောက် ခဲ့သည်။ ဤစီမံကိန်းဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများသည် ဝန်ကြီးဌာနရှိ သက်ဆိုင်ရာ ဦးစီးဌာနများအကြား နှစ်စဉ်လုပ်ငန်းစီမံချက်နှင့် ဘတ်ဂျက်ခွဲဝေမှုတို့အပါအဝင် အကောင်အထည်ဖော်ခြင်းဆိုင်ရာ တာဝန်ဝတ္တရားများအား ဖော်ထုတ်သတ်မှတ်နိုင်ရန် ပံ့ပိုးပေးပါမည်။ ဤစီမံကိန်း ချဉ်းကပ်နည်းသည် ADS ၏ ချက်ချင်းရလဒ်များ၊ ထပ်ဆင့်ရလဒ်များ၊ မဏ္ဍိုင်များအောက်ရှိ ထောက်ခံအကြံပြုထားသည့် စီမံကိန်းများ၊ စီမံချက်များနှင့် လုပ်ဆောင်ချက်များအတွက် ရန်ပုံငွေပေးအပ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်နိုင်ရန် အစိုးရ၊ လယ်သမားများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်တို့အကြား တာဝန်ခွဲဝေသတ် မှတ်ရာတွင် လွယ်ကူချောမွေ့စေပါသည်။

၂၂၀။ ဤအခန်းတွင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)၏ ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(IP)ကို အကျဉ်းချုပ်တင်ပြထားပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးမူဝါဒ၏ ရည်မှန်းချက်များကိုပါ ပြည့်မီအောင် ဆောင်ရွက်သွားမည်။ ထိုသို့တင်ပြထားရာတွင် လက်ရှိနှင့်ယခင် ဘတ်ဂျက်များနှင့် စီမံကိန်းများအား ပြန်လည်သုံးသပ်ထားမှုများ၊ စိုက်ပျိုးရေးဘတ်ဂျတ်အတွက် နှစ်လတ်မျှော်မှန်းချက်အား ဆန်းစစ်ချက်၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်၏ဦးစားပေးများ ဖော်ပြချက်နှင့် (၂၀၁၈–၁၉ခုနှစ် မှ ၂၀၂၂–၂၃ခုနှစ်) ကာလအတွက် ADS IP အကျဉ်းချုပ်တို့ ပါဝင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အားအကောင်အထည်ဖော်ရန်အတွက် ပင်မတာဝန်ဝတ္တရားများကို နောက်ဆက်တွဲ (၁)တွင်ဖော်ပြထားပါသည်။ နောက်ဆက်တွဲ(၂)တွင် သတင်းအချက်အလက်များ၊ ADS မဏ္ဍိုင်တစ်ခုချင်းစီနှင့်ယင်းတို့၏ သက်ဆိုင်ရာထပ်ဆင့်ရလဒ်များ၊ ချက်ချင်းရလဒ်များအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များကို ဘတ်ဂျက်တွက်ချက်ထားမှုများအား အကျဉ်းချုပ်ဖော်ပြထားပါသည်။ [၂၉] ရင်းနှီးမြှုပ်နှံမှု အစီအစဉ်သည် ဖြည့်စွက်ပြုပြင်နိုင်သော စာတမ်းအရှင်တစ်ခုဖြစ်ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ စောင့်ကြည့် ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း (M&E) မှတစ်ဆင့် သတင်းအချက်အလက်အသစ်များ ရရှိလာပါက၊ မူဝါဒဆိုင်ရာ ဒေတာဘေ့စ်တိုးတက်ပြောင်းလဲလာပါက မွမ်းမံပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ စီမံကိန်းဦးစီးဌာနမှ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ရေးဆွဲနိုင်ရန်အတွက် အသုံးပြုထားသော တွက်ချက်မှု ဇယားများပါဝင်သည့် ဒေတာဘေ့စ်ကိုထိန်းသိမ်းပြီး ဆက်လက်ဖြည့်သွင်း သွားမည်ဖြစ်သည်။ အကယ်၍ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ပြောင်းလဲမှုတစ်ခုခုရှိပါက ပထမဦးစွာ စီမံကိန်းဦးစီးဌာနရှိ ဒေတာဘေ့စ်တွင် ထည့်သွင်းပြင်ဆင်ရမည်ဖြစ်ပါသည်။

## ၂.၂။ စိုက်ပျိုးရေးဆိုင်ရာ ဘဏ္ဍာငွေများတွင် ပြောင်းလဲလာမှုများ

၂၂၁။ ကိန်းဂဏန်း ဖော်ပြချက်အရ (၂၀၁၂–၁၃ မှ ၂၀၁၇–၁၈) အထိ နိုင်ငံတော် ဘတ်ဂျက်သည် စိုက်ပျိုးရေးအသုံးစရိတ်တွင် နှစ်ဆတိုးလာသည်။ (ဇယား–၃၅) ဦးစီးဌာနသုံးခု၏ (စက်မှုလယ်ယာ၊ ဆည်ရေဦးစီး၊ ကျေးလက်ဦးစီး) ဘတ်ဂျက်သည် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန စုစုပေါင်းစိုက်ပျိုးရေး ဘတ်ဂျက်ရန်ပုံငွေ၏ ၈၆% ရှိနေပြီး အဓိကအားဖြင့် ကျေးလက်ဒေသအခြေခံအဆောက်အအုံများ (ဆည်မြောင်း၊ ကျေးလက်လမ်းများ၊ ကျေး

---

၂၉ ထပ်ဆင့်ရလဒ်တစ်ခုစီအတွက် ဘတ်ဂျက်အား ချက်ချင်းရလဒ်/လုပ်ဆောင်ချက် တစ်ခုချင်းစီအတွက် ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်မှ အခြေခံ၍ တွက်ချက်ထား ခြင်းဖြစ်သည်။ နောက်ဆက်တွဲ ၁ နှင့် ၂ အတွက် သီးသန့်အတွဲတစ်တွဲအဖြစ် ဌာနလက်ကိုင် မှီငြမ်းအသုံးပြုရန် ပုံနှိပ်ထားသည်။

လက်ဒေသ ရေရရှိရေး၊ ကျေးလက်စွမ်းအင်) နှင့် စက်ကိရိယာများ (ထွန်စက်များနှင့် အခြားစက်ပစ္စည်းများ) တွင် အသုံးပြုထားခြင်းဖြစ်သည်။

၂၂၂။ အထက်ပါရာခိုင်နှုန်းသည် အချိန်အတော်ကြာ တပြေးတည်းရှိနေခဲ့သော်လည်း အဆိုပါ ဦးစီးဌာနသုံးခုကြား ဘဏ္ဍာငွေခွဲဝေမှုမှာ သိသာစွာပြောင်းလဲလာခဲ့သည်။ လွန်ခဲ့သော(၅)နှစ်အတွင်း စက်မှုလယ်ယာဦးစီးဌာန(AMD)နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ခွဲဝေမှုမှာ လျင်မြန်စွာကြီးထွားလာခဲ့ပြီး (AMD)၏ ခွဲဝေမှုမှာ ၄.၉% မှ ၁၄.၄% သို့၊ DRD ၏ ခွဲဝေမှုမှာ ၁၁.၂% မှ ၄၃.၈% သို့) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(IWUMD)၏ ခွဲတမ်းမှာစုစုပေါင်းဘတ်ဂျက်၏ ၆၇% မှ ၂၇% သို့လျော့ကျသွားခဲ့သည်။ (ပုံ–၇)

၂၂၃။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန ဘတ်ဂျက်၏ခွဲဝေမှုအများစုမှာ အဆိုပါဦးစီးဌာနသုံးခုတွင်သာ ရှိနေခဲ့ခြင်းကြောင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် အရေးပါသည့် အခြားအဓိကကျသော လုပ်ငန်းများနှင့် ကဏ္ဍခွဲများတွင် အလေးပေးမှု အားနည်းလျက်ရှိသည်။ အောက်ဖော်ပြပါ ဘဏ္ဍာငွေခွဲတမ်းကိစ္စရပ်များ (ဇယား ၃၅)ကို အလေးပေးရန် လိုအပ်ပါသည် –


- ကမ္ဘာတစ်ဝှမ်းတွင် စိုက်ပျိုးရေးသုတေသန၌ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကျိုးအမြတ်ရရှိမှုမြင့်မားကြောင်း တွေ့ရှိထားသော်လည်း စိုက်ပျိုးရေး သုတေသနလုပ်ငန်းများတွင် အရင်းအမြစ်များ အလွန်နည်းပါးနေခြင်း (ပျှမ်းမျှအားဖြင့် စုစုပေါင်း ဘတ်ဂျက်၏ ၀.၇%)။
- စိုက်ပျိုးရေး GDP ၏ ၃၀% ရှိပြီး သီးနှံကဏ္ဍခွဲထက် ၂ဆပိုမို ကြီးထွားလျက် ရှိနေသော်လည်း မွေးမြူရေးနှင့်ရေလုပ်ငန်းတို့တွင် အရင်းအမြစ်များ အလွန်နည်းပါးနေခြင်း (နှစ်ခုပေါင်း ၂.၀%)။
- စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းတွင် ပမာဏနည်းပါးသော အရင်းအမြစ်သာ (၀.၂%) ခွဲဝေပေးထားခြင်း၊ ယင်းသည်အရေးကြီးသောလုပ်ငန်းတာဝန်ဖြစ်သည့် စိုက်ပျိုးရေး နှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်မှထည့်သွင်းစဉ်းစားသည့် ပိုမိုကြီးမားလာသော ဝန်ကြီးဌာနအား ဦးဆောင်ညှိနှိုင်းရန်၊ ဗဟိုထိန်းချုပ်စနစ် လျှော့ချရန်အတွက် ပြည်နယ်များ/တိုင်းဒေသကြီးများ၊ ပုဂ္ဂလိက ကဏ္ဍ၊ တောင်သူလယ်သမားများ၊ လူထုအခြေပြု အဖွဲ့အစည်းများ (CBOs)၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်တို့ကို လုပ်ဆောင်နေပါသော်လည်း ၀.၂ရာခိုင်နှုန်းသာ ရှိနေသည်။



ဇယား ၃၅။ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာန၏ ၂၀၁၂-၁၃ မှ ၂၀၁၇-၁၈ ခုနှစ်ဘဏ္ဍာရေးရန်ပုံငွေ (ကျပ်ငွေသန်းပေါင်း)

| ဌာနများ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ |
|---|---|---|---|---|---|---|
| ဝန်ကြီးရုံး | ၈၃၅ | ၈၇၆ | ၁၄၂၁ | ၂၄၇၈ | ၂၄၉၃ | ၁၅၅၇ |
| စီမံကိန်းဦးစီးဌာန | ၃၇၇၁ | ၆၄၁ | ၉၀၄ | ၈၁၈ | ၇၆၄ | ၇၉၂ |
| စိုက်ပျိုးရေးဦးစီးဌာန | ၃၄၄၉၀ | ၃၅၀၇၈ | ၄၀၈၅၆ | ၆၅၂၂၀ | ၈၃၇၆၁ | ၅၂၇၆၅ |
| ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | ၃၂၂၄၁၃ | ၄၀၇၈၂၃ | ၄၂၃၂၂၁ | ၄၂၀၃၇၈ | ၃၃၃၈၉၈ | ၂၉၇၀၈၇ |
| လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန | ၂၂၉၁၉ | ၂၄၆၅၃ | ၂၅၈၁၉ | ၂၈၄၃၁ | ၃၂၁၃၈ | ၃၂၄၃၁ |
| စက်မှုလယ်ယာဦးစီးဌာန | ၂၃၃၉၁ | ၂၂၉၇၆ | ၄၁၁၇၁ | ၁၂၆၁၅၈ | ၁၁၃၁၈၂ | ၁၅၂၅၅၃ |
| ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် | ၆၈၀၆ | ၁၅၃၈၁ | ၉၀၈၄ | ၁၄၇၈၃ | ၅၆၈၈ | ၉၂၂၆ |
| စိုက်ပျိုးရေးသုတေသန ဦးစီးဌာန | ၃၆၂၅ | ၂၉၀၃ | ၇၄၂၈ | ၉၂၈၉ | ၁၀၀၇၃ | ၈၄၇၄ |
| မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန | ၂၄၅၀ | ၂၇၈၅ | ၂၁၀၂၇ | ၁၄၈၇၄ | ၁၈၇၁၂ | ၂၁၂၄၀ |
| ငါးလုပ်ငန်းဦးစီးဌာန | ၁၈၀၃ | ၂၀၄၇ | ၉၈၃၅ | ၉၂၆၂ | ၅၅၆၅ | ၁၂၅၃၆ |
| ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန | ၅၃၈၅၂ | ၈၅၁၆၂ | ၄၀၂၅၁၆ | ၅၀၀၀၄၁ | ၅၄၀၈၉၁ | ၄၆၄၀၄၇ |
| မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် | ၅၇၉ | ၁၂၉၉ | ၄၁၂၈ | ၂၉၄၁ | ၂၁၀၅ | ၁၄၈၅ |
| သမဝါယမဦးစီးဌာန | ၁၄၇၀ | ၃၂၆၈ | ၅၃၈၄ | ၆၁၃၀ | ၃၉၇၇ | ၄၇၇၄ |
| အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီး ဌာန | ၃၅၇ | ၅၈၁ | ၄၁၈၇ | ၁၇၂၆ | ၁၃၂၅ | ၁၄၃၄ |
| စုစုပေါင်း | ၄၇၈၇၇၉ | ၆၀၅၄၇၃ | ၉၉၆၉၈၃ | ၁၂၀၂၅၂၉ | ၁၁၅၄၅၇၂ | ၁၀၆၀၄၀၁ |

ပုံ -၇ ။ စိုက်ပျိုးရေးဘဏ္ဍာငွေ၏ ဝေစုများ (၂၀၁၂-၁၃ ခုနှစ်မှ ၂၀၁၇-၁၈ ခုနှစ်)



ဇယား ၃၆။ စိုက်၊မွေး၊ဆည်ဝန်ကြီးဌာနရှိ ဌာနများအလိုက်ဘဏ္ဍာငွေဝေစုများ၏ စုစုပေါင်းနှင့် ဖွံ့ဖြိုးမှု အခြေပြဇယား ၂၀၁၂-၁၃ခုနှစ် မှ ၂၀၁၇-၁၈ ခုနှစ်

| ဌာနများ | စုစုပေါင်းရန်ပုံငွေ၏ ပျမ်းမျှခွဲတမ်း ရာခိုင်နှုန်း | စုစုပေါင်းရန်ပုံငွေ၏ ပျမ်းမျှတိုးတက်မှု ရာခိုင်နှုန်း |
|---|---|---|
| ဝန်ကြီးရုံး | ၀.၂% | ၁၃.၃% |
| စီမံကိန်းဦးစီးဌာန | ၀.၂% | -၂၆.၈% |
| စိုက်ပျိုးရေးဦးစီးဌာန | ၅.၈% | ၈.၉% |
| ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | ၄၄.၈% | -၁.၆% |
| လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန | ၃.၃% | ၇.၂% |
| စက်မှုလယ်ယာဦးစီးဌာန | ၇.၉% | ၄၅.၅% |
| ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | ၁.၂% | ၆.၃% |
| စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ၀.၇% | ၁၈.၅% |
| မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၁.၃% | ၅၄.၀% |
| ငါးလုပ်ငန်းဦးစီးဌာန | ၀.၇% | ၄၇.၄% |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၃၃.၀% | ၅၃.၈% |
| မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် | ၀.၂% | ၂၀.၀% |
| သမဝါယမဦးစီးဌာန | ၀.၄% | ၂၆.၆% |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာန | ၀.၂% | ၃၂.၁% |
| စုစုပေါင်း | ၁၀၀.၀၀% | ၁၇.၂% |
| စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဌာန(၃)ခုပေါင်း ရာခိုင်နှုန်း | ၈၅.၇% | ၁၈.၀% |

## ၂.၃။ လက်ရှိကာလ ဘဏ္ဍာရေးဖွံ့ဖြိုးမှု (၂၀၁၆-၁၇ ခုနှစ် မှ ၂၀၁၇-၁၈ခုနှစ်)

၂၂၄။ ၂၀၁၆-၁၇ နှင့် ၂၀၁၇-၁၈ ခုနှစ်အတွက် စိုက်ပျိုးရေးဘတ်ဂျက်တွင် (ဇယား ၃၇) မကြာသေးမီက ပြုလုပ်ခဲ့သော ပြင်ဆင်ရေးဆွဲမှုများ၌ ပြီးခဲ့သည့်အခန်းတွင် ဆွေးနွေးသွားခဲ့သော ပြောင်းလဲမှုများအား အနည်းငယ်သာ ပြုပြင်ခဲ့သည်။ ထိုဘတ်ဂျက်တွင် ဦးစီးဌာနသုံးခုအား(စက်မှုလယ်ယာ၊ ဆည်ရေဦးစီးနှင့် ကျေးလက်ဦးစီး) အလေးသာသော ဘတ်ဂျက်ခွဲဝေမှုများ ဆက်လက်ရှိနေပြီး စုစုပေါင်းဘတ်ဂျက်၏ ၇၇% မှ ၇၁% သို့ အနည်းငယ်သာ လျော့နည်းသွားခဲ့သည်။ အခြားဦးစီးဌာနများ၏ခွဲတမ်းမှာ အလွန်နည်းလျက်ပင်ရှိနေသည်။ သို့သော်ထူးခြားမှုအနေဖြင့် သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်ခွဲတမ်း၏ ပြောင်းလဲလာမှုအချိုးမှာ ၂၀၁၇-၁၈ တွင် အညီအမျှနီးပါး ဖြစ်လာခဲ့သည် (သာမန်အသုံးစရိတ်အတွက် ၄၈% နှင့် ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ၅၂%) ။

ဇယား ၁၇။ စိုက်ပျိုးရေး ကဏ္ဍ ဘဏ္ဍာ ရေးဆိုင်ရာ ပြင်ဆင်သတ်မှတ်ချက်များ

| | ၂၀၁၆-၁၇ (ကျပ်ငွေသန်းပေါင်း) | | | ၂၀၁၇-၁၈ (ကျပ်ငွေသန်းပေါင်း) | | | စုစုပေါင်းဘတ်ဂျက်၏ ဘဏ္ဍာငွေခွဲတမ်း | |
|---|---|---|---|---|---|---|---|---|
| ဦးစီးဌာနများ/ အဖွဲ့အစည်းများ | သာမန် ရန်ပုံငွေ | ငွေလုံး ငွေရင်း | စုစုပေါင်း | သာမန် ရန်ပုံငွေ | ငွေလုံး ငွေရင်း | စုစုပေါင်း | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ |
| ဝန်ကြီးရုံး | ၁၅၅၂ | ၂၈၄ | ၁၈၃၆ | ၁၄၃၆ | ၁၀၆ | ၁၅၄၂ | ၀.၂% | ၀.၁% |
| စီမံကိန်းဦးစီးဌာန | ၅၅၂ | ၂၁၂ | ၇၆၄ | ၇၇၁ | ၂၁ | ၇၉၂ | ၀.၁% | ၀.၁% |
| စိုက်ပျိုးရေးဦးစီးဌာန | ၃၉၈၇၆ | ၄၃၈၈၆ | ၈၃၇၆၁ | ၄၁၀၀၄ | ၁၁၈၃၅ | ၅၂၈၃၉ | ၈.၂% | ၄.၇% |
| ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | ၁၂၁၃၃၇ | ၂၁၂၅၆၁ | ၃၃၃၈၉၈ | ၁၁၉၅၆၀ | ၁၆၇၁၉၆ | ၂၈၆၇၅၇ | ၃၂.၈% | ၂၅.၆% |
| လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန | ၃၀၇၉၅ | ၁၃၄၃ | ၃၂၁၃၈ | ၃၁၁၂၅ | ၁၂၄၂ | ၃၂၃၆၇ | ၃.၂% | ၂.၉% |
| စက်မှုလယ်ယာ ဦးစီးဌာန | ၄၁၃၂၃ | ၇၁၀၄၆ | ၁၁၂၃၆၉ | ၄၄၃၅၈ | ၁၁၈၄၀ | ၅၆၁၉၈ | ၁၁% | ၅% |
| ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် | ၂၇၄၄ | ၂၉၄၄ | ၅၆၈၈ | ၂၆၀၅ | ၆၄၇၃ | ၉၀၇၈ | ၀.၆% | ၀.၈% |
| စိုက်ပျိုးရေးသုတေသန ဦးစီးဌာန | ၅၅၄၀ | ၄၅၃၃ | ၁၀၀၇၂ | ၅၂၇၀ | ၂၇၄၈ | ၈၀၁၇ | ၁% | ၀.၇% |
| မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၁၂၅၉၀ | ၆၁၂၂ | ၁၈၇၁၂ | ၁၄၅၉၈ | ၅၉၁၂ | ၂၀၅၁၀ | ၁.၈% | ၁.၈% |
| ငါးလုပ်ငန်းဦးစီးဌာန | ၂၈၅၂ | ၁၆၆၀ | ၄၅၁၂ | ၉၇၀၈ | ၂၇၀၄ | ၁၂၄၁၂ | ၀.၄% | ၁.၁% |
| ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန | ၂၃၁၄၀ | ၃၂၀၂၉၉ | ၃၄၃၄၄၀ | ၁၈၄၄၆၇ | ၂၆၆၂၉၈ | ၄၅၀၇၆၅ | ၃၃.၇% | ၄၀.၃% |
| မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် | ၁၀၂၃ | ၁၀၈၂ | ၂၁၀၅ | ၁၀၄၃ | ၄၄၀ | ၁၄၈၃ | ၀.၂% | ၀.၁% |
| သမဝါယမဦးစီးဌာန | ၃၄၇၄ | ၅၀၃ | ၃၉၇၇ | ၂၅၄၉၇ | ၇၆၄၁၃ | ၁၀၁၉၁၀ | ၀.၄% | ၉.၁% |
| အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီး ဌာန | ၁၁၀၅ | ၂၂၀ | ၁၃၂၅ | ၁၂၁၀ | ၂၃၄ | ၁၄၄၃ | ၀.၁% | ၀.၁% |
| မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုး မှုဘဏ် | ၆၄၄၀၈ | ၂၀ | ၆၄၄၂၈ | ၅၅၂၉၇ | ၂၇၂၁၃ | ၈၂၅၁၀ | ၆.၃% | ၇.၄% |
| စုစုပေါင်း | ၃၅၂၁၁၂ | ၆၆၆၇၁၃ | ၁၀၁၉၀၂၄ | ၅၃၇၉၄၉ | ၅၈၀၆၇၅ | ၁၁၁၈၆၂၅ | ၁၀၀% | ၁၀၀% |
| စုစုပေါင်းဘတ်ဂျက်၏ ဘဏ္ဍာငွေခွဲတမ်းများ | ၃၅% | ၆၅% | ၁၀၀% | ၄၈% | ၅၂% | ၁၀၀% | | |

| | ၂၀၁၆-၁၇ (ကျပ်ငွေသန်းပေါင်း) | | | ၂၀၁၇-၁၈ (ကျပ်ငွေသန်းပေါင်း) | | | စုစုပေါင်းဘတ်ဂျက်၏ ဘဏ္ဍာငွေခွဲတမ်း | |
|---|---|---|---|---|---|---|---|---|
| စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဌာန(၃)ခုပေါင်း ခွဲတမ်း ရာခိုင်နှုန်း | ၅၃% | ၉၁% | ၇၇% | ၆၅% | ၇၇% | ၇၁% | | |

ဖစ်မြစ် - စီမံကိန်းဦးစီးဌာန စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန

၂၂၅။ ယေဘုယျအားဖြင့် ရန်ပုံငွေခွဲဝေသုံးစွဲခြင်းသည် လုပ်ငန်းခေါင်းစဉ်တစ်ခုချင်းရှိ ဖော်ပြချက်များအပေါ်မူတည်၍ ပြုလုပ်ထားခြင်းဖြစ်ပြီး စီစဉ်ရေးဆွဲထားသည့် ချက်ချင်းရလဒ်များ၊ ထပ်ဆင့်ရလဒ်များ၊ ရည် မှန်းချက်များနှင့် သေချာချိတ်ဆက်ထားခြင်းမရှိပဲဖြစ်နေပါသည်။ ယင်းတွင်ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) အကောင်အထည်ဖော်ခြင်းနှင့်ရလဒ်များအား စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်းတို့အား စနစ်တကျ (သို့မဟုတ်)တိကျခိုင်မာစွာ မတိုင်မီ/ပြီးနောက် သုံးသပ်မှုများပြုလုပ်ခဲ့သည်ဟူသော သက်သေအထောက် အထားအနည်းငယ်သာ တွေ့ရသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)သည် ထိုကဲ့သို့ ဘတ်ဂျက် များနှင့် မူဝါဒများအကြား မကိုက်ညီမှုများကို ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်သည်။

၂၂၆။ ဘတ်ဂျက်သည် စိုက်ပျိုးရေးဆိုင်ရာ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး(GDP)နှင့်လည်းကိုက်ညီမှု မရှိပေ။ ၂၀၀၅-၀၆ခုနှစ် မှ ၂၀၁၅-၁၆ ခုနှစ်အတွင်း စိုက်ပျိုးရေးဆိုင်ရာ စုစုပေါင်းပြည်တွင်းထုတ်ကုန် တန်ဖိုး တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍခွဲတမ်း၌ လျင်မြန်စွာတိုးတက်လာမှုကို တွေ့ရှိနိုင်ပြီး (ဇယား ၃၈) (၂၀၀၅-၀၆) ခုနှစ်တွင် ၁၆% သာရှိရာမှ (၂၀၁၅-၁၆) ခုနှစ်တွင် ၃၀% သို့ နှစ်ဆမျှတိုးတက် လာခဲ့ကာသီးနှံများ၏ တိုးတက်မှုနှုန်းထက် နှစ်ဆပိုများလာပါသည်။

ဇယား ၃၈။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ နှင့် ကဏ္ဍ ခွဲများ၏ ဂျီဒီပီ ဖွံ့ဖြိုးမှု

| ကဏ္ဍများ | ၂၀၀၅-၀၆ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | နှစ်စဉ် အမည်ခံ တိုးတက် မှုနှုန်း |
|---|---|---|---|---|---|---|---|---|
| | ကျပ်ငွေ (ဘီလျံဖြင့်) | | | | | | | |
| စိုက်ပျိုးရေး | ၅၇၃၆ | ၁၄၆၅၉ | ၁၄၈၇၂ | ၁၅၆၈၀ | ၁၇၁၃၃ | ၁၈၁၆၂ | ၁၉၄၆၈ | ၁၃% |
| သီးနှံ | ၄၇၁၈ | ၁၁၁၀၈ | ၁၁၁၁၃ | ၁၁၃၅၀ | ၁၂၃၁၆ | ၁၂၇၈၁ | ၁၃၄၁၈ | ၁၁% |
| သား+ငါး | ၉၄၁ | ၃၃၉၂ | ၃၇၅၉ | ၄၁၄၁ | ၄၆၃၂ | ၅၂၄၃ | ၅၉၀၇ | ၂၀% |
| | စိုက်ပျိုးရေးဂျီဒီပီ၏ ရာခိုင်နှုန်း | | | | | | | |
| စိုက်ပျိုးရေး | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | |
| သီးနှံ | ၈၂% | ၇၆% | ၇၅% | ၇၂% | ၇၂% | ၇၀% | ၆၉% | -၂% |
| သား+ငါး | ၁၆% | ၂၃% | ၂၅% | ၂၆% | ၂၇% | ၂၉% | ၃၀% | ၆% |

ဖစ်မြစ် - စာရင်းအင်းအချက်အလက်များ နှစ်ချုပ်စာအုပ်၊ စီမံကိန်းဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂၂၇။ တစ်ချိန်တည်းမှာပင် စိုက်ပျိုးရေးဘတ်ဂျက်မှ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍသို့ ဘဏ္ဍာငွေခွဲဝေပေးမှုသည် နည်းနေဆဲပင်ဖြစ်ပြီး ၂၀၁၇–၂၀၁၈ ခုနှစ်တွင် စုစုပေါင်းဘတ်ဂျက်၏၃% သာရှိသည်။

ဇယား ၃၉။ စုစုပေါင်းစိုက်ပျိုးရေးဘတ်ဂျက်မှ မွေးမြူရေးနှင့်ရေလုပ်ငန်းများသို့ ခွဲဝေပေးမှု ရာခိုင်နှုန်း

| | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ |
|---|---|---|---|---|---|---|---|---|---|
| မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၁.၄% | ၁.၄% | ၀.၄% | ၀.၅% | ၀.၅% | ၂.၁% | ၁.၂% | ၁.၆% | ၂.၀% |
| ငါးလုပ်ငန်းဦးစီးဌာန | ၁.၁% | ၁.၁% | ၀.၄% | ၀.၄% | ၀.၃% | ၁.၀% | ၀.၈% | ၀.၅% | ၁.၂% |
| မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် | ၀.၀% | ၀.၀% | ၀.၁% | ၀.၁% | ၀.၂% | ၀.၄% | ၀.၂% | ၀.၂% | ၀.၁% |
| မွေးမြူရေးနှင့် ရေလုပ်ငန်း စုစုပေါင်း | ၂.၄% | ၂.၅% | ၀.၉% | ၁.၀% | ၁.၀% | ၃.၅% | ၂.၃% | ၂.၃% | ၃.၃% |

ဇစ်မြစ် -မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ပြည်သူ့အသုံးစရိတ် ပြန်လည်သုံးသပ်မှု စာတမ်း၊ (ကမ္ဘာဘဏ် နှင့် LIFT – ၂၀၁၇ ခုနှစ်)

၂၂၈။ အခြားကြီးမားသော မမျှတမှုတစ်ခုမှာ စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု (R&D) တွင် သုံးစွဲမှုနည်းနေခြင်းဖြစ်သည်။ စိုက်ပျိုးရေးGDPနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသုံးစရိတ်သည် အရှေ့တောင်အာရှဒေသအတွင်း အနည်းဆုံးဖြစ်နေသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သောဗီယက်နမ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ကိုကြည့်လျှင် မြန်မာနိုင်ငံထက် ငါးဆမှဆယ်ဆအထိ ပိုများလျက်ရှိနေသည်။

ဇယား ၄၀။ စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ဘဏ္ဍာငွေအသုံးပြုမှု နှင့် စိုက်ပျိုးရေး GDP တို့အချိုးကျ အခြေပြဇယား

| နိုင်ငံ | စိုက်ပျိုးရေး သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုတွင် ဘဏ္ဍာငွေအသုံးပြုမှု နှင့် စိုက်ပျိုးရေး GDP တို့ အချိုး | မြန်မာ နိုင်ငံနှင့် အချိုးအစား |
|---|---|---|
| မြန်မာ (၂၀၁၆-၁၇) | ၀.၀၄ | ၁ |
| အရှေ့အာရှနှင့် ပစိဖိတ်ဒေသ (၂၀၀၀-၂၀၁၁) | ၀.၆၀ | ၁၅.၀ |
| တရုတ်(၂၀၁၀) | ၀.၆၂ | ၁၅.၅ |
| လာအို(၂၀၁၃) | ၀.၄၂ | ၁၀.၅ |
| အင်ဒိုနီးရှား (၂၀၀၈) | ၀.၃၁ | ၇.၇၅ |
| ထိုင်း (၂၀၀၈) | ၀.၃၂ | ၈ |
| ဗီယက်နမ် (၂၀၁၅) | ၀.၁၉ | ၄.၇၅ |
| တောင်အာရှ (၂၀၀၀-၂၀၁၁) | ၀.၉၀ | ၂၂.၅ |
| အိန္ဒိယ | ၀.၃၀ | ၇.၅ |
| ဘင်္ဂလားဒေ့ရှ် | ၀.၃၈ | ၉.၅ |
| လက်တင်အမေရိကနှင့် ကာရေဗီယန်း(၂၀၀၀-၂၀၁၁) | ၁.၃၂ | ၃၃.၀ |
| ဖွံ့ဖြိုးပြီးနိုင်ငံများ | ၂.၅၁ | ၆၂.၇၅ |

ဇစ်မြစ် -မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ပြည်သူ့အသုံးစရိတ် ပြန်လည်သုံးသပ်မှု စာတမ်း၊ (ကမ္ဘာဘဏ် နှင့် LIFT – ၂၀၁၇ ခုနှစ်)


၂၂၉။ ငွေကြေးခွဲဝေသုံးစွဲမှုတွင် ပြဿနာများရှိနေသည့်အပြင် လက်ရှိစိုက်ပျိုးရေးဘတ်ဂျက်တွင် အဓိက ကွာဟချက်တစ်ခုလည်းရှိနေပါသည်။ ထိုကွာဟချက်မှာ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနအတွင်းတောင်သူများ နှင့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းများအကြား အကျိုးဖြစ်ထွန်းဖွယ်ရှိသော မိတ်ဖက်ပြုမှုကို အားပေးမြှင့်တင်ရန် နှင့်ယေဘုယျအားဖြင့် စိုက်ပျိုး–စားသောက်ကုန်တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရန် အတွက် စီမံကိန်းများနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ထားမှုများ မရှိခြင်းနှင့် ဆက်စပ်လျက် ရှိသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)သည် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်း ရှိမှုကို တိုးတက်အောင်ပြုလုပ်ရန် ရည်ရွယ်ထားပါသည်။ ထိုအတွက် လုပ်ကွက်ငယ်တောင်သူများအား ပေါင်းစည်းထားပြီး ထုတ်ကုန်တန်ဖိုး မြှင့်တင်ပေးနိုင်မည့် ထိရောက်သော တန်ဖိုးကွင်းဆက်များ ဖြစ်ထွန်း ပေါ်ပေါက်လာစေရန် လိုအပ်ပါသည်။ လက်ရှိ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် ဘတ်ဂျက်အတွင်း တွင် ဤရည်ရွယ်ချက်အတွက် အရင်းအမြစ်များခွဲဝေပေးထားမှုမရှိပါ။ ထိုကွာဟချက်ကိုစိုက်ပျိုးရေး ဖွံ့ဖြိုးတိုး တက်မှုမဟာဗျူဟာ(ADS)နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(IP)မှ ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်သည်။

## ၂.၄။ စိုက်ပျိုးရေးဘတ်ဂျက်အတွက် နှစ်လတ်ရှုမြင်သုံးသပ်ချက်


၂၃၀။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS) ၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်သည် စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန (MOPF) မှ ထုတ်ပြန်ထားသော နှစ်လတ်ရသုံးငွေမူဘောင် (MTEF)နှင့် ကိုက်ညီရမည်ဖြစ် သည်။ နှစ်လတ်ကာလ (၅ နှစ်)အတွင်း စိုက်ပျိုးရေးကဏ္ဍသို့ ဘတ်ဂျက်ခွဲဝေချထားမှု ပိုမိုရရှိနိုင်မည့်အခွင့် အရေးသည် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှစ်ဝင်ငွေများ တိုးမြှင့်လာနိုင်ချေရှိမှု၊ မြန်မာ့စီးပွားရေးတွင် စုစု ပေါင်းပြည်တွင်းစုစုပေါင်းထုတ်ကုန်တန်ဖိုး(GDP)တိုးတက်လာမှုနှင့် အလှူရှင်များ ၏ ရန်ပုံငွေပံ့ပိုးမှုများ အပေါ် တွင်မှီတည်လျက်ရှိသည်ဟု နှစ်လတ်ရသုံးငွေမူဘောင်(MTEF)တွင် ဖော်ပြထားပါသည်။

၂၃၁။ မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်ထောင်စုဘဏ္ဍာငွေသည် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်နည်းပါး ပြီး (GDP ၏ ၁၀–၁၂% ခန့်) (ပုံ–၈) နှစ်လတ်ကာလတွင်လည်း ဆက်၍နည်းပါးနေဦးမည် ဖြစ်ကြောင်းခန့် မှန်းထားပါသည်။ (ပုံ–၉)

ပုံ – ၈ ။ အခွန်ငွေရရှိမှုနှင့် GDP ရာခိုင်နှုန်း




ပုံ – ၉ ။ ပြည်ထောင်စုဘဏ္ဍာငွေရရှိမှုနှင့်GDPရာခိုင်နှုန်း




ဇစ်မြစ် -မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ပြည်သူ့အသုံးစရိတ် ပြန်လည်သုံးသပ်မှု စာတမ်း၊ (ကမ္ဘာ့ဘဏ် နှင့် LIFT – ၂၀၁၇ ခုနှစ်)

၂၃၂။ နှစ်လတ်ရသုံးငွေမူဘောင်(MTEF)တွင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ဘတ်ဂျက်(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အပါအဝင်)သည် (၂၀၁၆–၁၇) ခုနှစ်တွင် GDP ၏ ၁.၃% ရှိရာမှ (၂၀၂၀–၂၁) ခုနှစ်တွင် ၁.၄% အထိ တိုးမြင့်လာမည်ဟု မျှော်မှန်းထားပါသည် (ဇယား ၄၂)။ ဘတ်ဂျက် တိုးမြင့်မှုများရှိနေသည့် ဝန်ကြီးဌာနအနည်းစုဖြစ်သည့် စွမ်းအင်၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနများ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနလည်းပါဝင်မည်ဟု မျှော်မှန်းထားပါသည်။ အခြားသော ဝန်ကြီးဌာနအများစုသည် နောင်အနာဂတ်ကာလတွင် ရန်ပုံငွေရရှိမှုလျော့နည်းလာမည်ဟု ခန့်မှန်းထားသော်လည်း စီစဉ်ထားသကဲ့သို့ မြန်မြန်ဆန်ဆန် အတည်ပြုနိုင်ချေမရှိသေးပဲ စိုက်ပျိုးရေးကဏ္ဍအတွက် နိုင်ငံ့ဘဏ္ဍာငွေအနည်းငယ်မျှ တိုးပေးခြင်းသည်ပင်လျှင် အကျပ်အတည်းဖြစ်လာနိုင်သည်။

ဇယား ၄၁။ စိုက်ပျိုးရေးကဏ္ဍ ဘတ်ဂျက်အား GDP ၏ ရာခိုင်နှုန်းအဖြစ် အခြေပြဇယား

| ကဏ္ဍ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ |
|---|---|---|---|---|---|---|
| စိုက်ပျိုးရေး | ၁.၅ | ၁.၃ | ၁.၂ | ၁.၁ | ၁.၂ | ၁.၄ |
| စွမ်းအင် | ၀.၂ | ၀.၃ | ၀.၆ | ၀.၆ | ၀.၈ | ၁.၂ |
| ပညာရေး | ၂.၁ | ၁.၉ | ၁.၉ | ၂.၁ | ၂.၅ | ၂.၉ |
| ကျန်းမာရေး | ၁.၁ | ၁.၀ | ၁.၀ | ၁.၂ | ၁.၄ | ၁.၆ |
| အခြားဝန်ကြီးဌာနများ | ၈.၀ | ၇.၂ | ၆.၈ | ၆.၄ | ၅.၉ | ၅.၅ |
| စုစုပေါင်း | ၁၂.၉ | ၁၁.၇ | ၁၁.၅ | ၁၁.၄ | ၁၁.၈ | ၁၂.၆ |

၂၃၃။ မြန်မာနိုင်ငံ၏ GDP သည် ၂၀၁၈–၁၉ မှ ၂၀၂၂–၂၃ ကာလအတွင်းတွင် ပျမ်းမျှ ၇% အထိ အခိုင်အမာကြီးထွားတိုးတက်လာမည်ဟု မျှော်မှန်းထားပါသည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ဘတ်ဂျက်တိုးတက်မှု အခြေအနေသုံးသပ်ချက်မှာ အောက်ပါကောက်နုတ်ချက်များအပေါ်တွင် မူတည်ပါသည်။

(က) စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနအတွက် အသုံးပြုနိုင်သာ ဘတ်ဂျက်ကို GDP ၏ ရာခိုင်နှုန်း အဖြစ်သတ်မှတ် ပြသထားပြီး ထိုရာခိုင်နှုန်းများသည် နှစ်လတ်ရသုံးငွေမူဘောင်(MTEF) အပေါ်တွင် အခြေခံထားပါသည်။ ၂၀၁၈–၁၉ မှ ၂၀၂၂–၂၃ ခုနှစ်ကာလ၏ နောက်ဆုံး (၂)နှစ်တာကာလအတွက် ရာခိုင်နှုန်းအား နှစ်လတ်ရသုံးငွေမူဘောင် (MTEF)၏ ၂၀၂၀–၂၁ ခုနှစ်တွင် ရှိသောရာခိုင်နှုန်းနှင့် အတူတူပင် (၁.၄%) သတ်မှတ်ထားရှိပါသည်။

(ခ) GDP တိုးတက်မှုနှုန်း ၇% ရှိမည်ဟု ယူဆထားသည်။





(ဂ) ငွေလဲလှယ်နှုန်းမှာ ကန်တစ်ဒေါ်လာကို မြန်မာငွေ ၁၃၆၅ ကျပ်ခန့် မှန်းထားသည်။

(ဃ) စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကျေးလက်လမ်းများ လုပ်ငန်းစီမံချက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပြီးနောက်တွင်ကျေးလက်လမ်းများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအား စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနဘတ်ဂျက်မှ ထုတ်ပယ်ထားသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ၂၀၁၇–၁၈ ခုနှစ် တန်ဖိုးပေါ်တွင် မူတည်ထားပြီး ရင်းနှီးမြှုပ်နှံမှုအစီအစဉ်၏ (၅)နှစ်တာကာလအတွင်း(၁)နှစ် လျှင် ၇% တိုးတက် လာမည်ဟု ယူဆထားပါသည်။

(င) ၂၀၁၇–၁၈ တွင်ရှိနေသောအခြေအနေကိုအခြေခံပြီး စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ငွေလုံး ငွေရင်းဘတ် ဂျက်ကို စုစုပေါင်း စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနဘတ်ဂျက်၏ ၅၆% ရှိမည်ဟု မျှော်မှန်းထားပါသည်။

(စ) အလှူရှင်များ၏ ရန်ပုံငွေပံ့ပိုးမှု တိုးတက်မှုနှုန်းအား ကမ္ဘာ့ဘဏ်မှ ၂၀၁၉–၂၀ ခုနှစ်အထိ ရရှိထားသော ဒေတာအချက်အလက်များပေါ်တွင် အခြေပြုတွက်ချက်ထားခြင်းဖြစ်ပြီး ထိုမှ နောက်နှစ်များတွင် ၅% အထိ တိုးတက်လာမည်ဟု ကောက်ချက်ချထားပါသည်။

ဇယား ၄၂။ ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ ခုနှစ်အထိ စိုက်၊မွေး၊ဆည် ဝန်ကြီးဌာနဘတ်ဂျက်အတွက် ရန်ပုံငွေရရှိနိုင်မှုခန့်မှန်း တွက်ချက်ခြင်း။

| | ယူနစ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | စုစုပေါင်း (၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ ထိ) |
|---|---|---|---|---|---|---|---|
| ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၇% | ၇% | ၇% | ၇% | ၇% | |
| ၂၀၁၆-၁၇ ဈေးနှုန်းအရ ဂျီဒီပီ | ကျပ်သန်း ပေါင်း | ၂၉၁၂၅၄၇၀ | ၉၈၅၇၄၂၅၂ | ၁၀၅၄၇၄၄၅၀ | ၁၁၂၈၅၇၆၆၂ | ၁၂၀၇၅၇၆၉၈ | ၅၂၉၇၈၉၅၃၂ |
| ငွေလဲလှယ်နှုန်း | ကျပ်/ ကန်ဒေါ်လာ | ၁၃၆၅ | ၁၃၆၅ | ၁၃၆၅ | ၁၃၆၅ | ၁၃၆၅ | |
| ဂျီဒီပီရာခိုင်နှုန်းအရ စိုက်မွေးဆည်ဘတ်ဂျက် (MTEF အရ) | ရာခိုင်နှုန်း (%) | ၁.၁ % | ၁.၂% | ၁.၄% | ၁.၄% | ၁.၄% | |
| စိုက်မွေးဆည်ဘတ်ဂျက်အတွက် ရန်ပုံငွေရရှိနိုင်မှု | ကျပ်သန်း ပေါင်း | ၁၀၁၃၃၈၀ | ၁၁၈၂၈၉၁ | ၁၄၇၆၆၄၂ | ၁၅၈၀၀၀၇ | ၁၆၉၀၆၀၈ | ၆၉၄၃၅၂၈ |
| | ကန်ဒေါ်လာ သန်းပေါင်း | ၇၄၂ | ၈၆၇ | ၁၀၈၂ | ၁၁၅၈ | ၁၂၃၉ | ၅၀၈၈ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်လမ်းများ အသုံးစရိတ် | ကျပ်သန်း ပေါင်း | ၁၃၇၄၆၀ | ၁၄၇၀၈၃ | ၁၅၇၃၇၉ | ၁၆၈၃၉၆ | ၁၈၀၁၈၃ | ၇၉၀၅၀၂ |
| စိုက်မွေးဆည်ဘတ်ဂျက်မှ ကျေးလက်လမ်းများ ရန်ပုံငွေအသားတင်ရရှိနိုင်မှု | ကျပ်သန်း ပေါင်း | ၈၇၅၉၁၉ | ၁၀၃၅၈၀၈ | ၁၃၁၉၂၆၃ | ၁၄၁၁၆၁၂ | ၁၅၁၀၄၂၅ | ၆၁၅၃၀၂၇ |
| | ကန်ဒေါ်လာ သန်းပေါင်း | ၆၄၂ | ၇၅၉ | ၉၆၆ | ၁၀၃၄ | ၁၁၀၇ | ၄၅၀၈ |

| | ယူနစ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | စုစုပေါင်း (၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ ထိ) |
|---|---|---|---|---|---|---|---|
| စိုက်မွေးဆည်ဘတ်ဂျက်မှ ငွေလုံးငွေရင်း ဘတ်ဂျက်ရာခိုင်နှုန်း | | ၅၆% | ၅၆% | ၅၆% | ၅၆% | ၅၆% | |
| စိုက်မွေးဆည်ဘတ်ဂျက်မှ ငွေလုံးငွေရင်း ဘတ်ဂျက်ရရှိနိုင်မှု | ကျပ်သန်းပေါင်း | ၄၉၀၅၁၅ | ၅၈၀၀၅၂ | ၇၃၈၇၈၇ | ၇၉၀၅၀၃ | ၈၄၅၈၃၈ | ၃၄၄၅၆၉၅ |
| စိုက်မွေးဆည်ဘတ်ဂျက်မှ သာမန်ဘတ်ဂျက်ရရှိနိုင်မှု | ကျပ်သန်းပေါင်း | ၃၈၅၄၀၄ | ၄၅၅၇၅၅ | ၅၈၀၄၇၆ | ၆၂၁၁၀၉ | ၆၆၄၅၈၇ | ၂၇၀၇၃၃၀ |
| | | | | | | | |
| စိုက်ပျိုးရေးအတွက် အလှူရှင်ရန်ပုံငွေ တိုးတက်မှု ရာခိုင်နှုန်း | | ၅% | ၅% | ၅% | ၅% | ၅% | |
| စိုက်ပျိုးရေးအတွက် အလှူငွေရန်ပုံငွေ | ကျပ်သန်းပေါင်း | ၂၀၀၆၅၅ | ၂၁၀၆၈၈ | ၂၂၁၂၂၂ | ၂၃၂၂၈၃ | ၂၄၃၈၉၇ | ၁၁၀၈၇၄၅ |
| | ကန်ဒေါ်လာသန်းပေါင်း | ၁၄၇ | ၁၅၄ | ၁၆၂ | ၁၇၀ | ၁၇၉ | ၈၁၂ |
| စိုက်ပျိုးဆည်ဘတ်ဂျက်၏ အလှူရှင်ရန်ပုံငွေ ရာခိုင်နှုန်း | ရာခိုင်နှုန်း (%) | ၂၀% | ၁၈% | ၁၅% | ၁၅% | ၁၄% | |
| စိုက်ပျိုးဆည်ငွေလုံးငွေရင်း ဘတ်ဂျက်၏ အလှူရှင် ရန်ပုံငွေ | ရာခိုင်နှုန်း (%) | ၄၁% | ၃၆% | ၃၀% | ၂၉% | ၂၉% | |
| | | | | | | | |
| စိုက်မွေဆည်ဘတ်ဂျက်နှင့် အလှူရှင်ရန်ပုံငွေအပါအဝင် စိုက်ပျိုးရေးအတွက် စုစုပေါင်းရန်ပုံငွေရရှိနိုင်မှု | ကျပ်သန်းပေါင်း | ၁၂၀၄၀၁၅ | ၁၃၉၃၅၇၉ | ၁၆၉၇၈၆၄ | ၁၈၁၂၂၉၈ | ၁၉၃၄၅၀၅ | ၈၀၅၂၂၇၄ |
| | ကန်ဒေါ်လာသန်းပေါင်း | ၈၈၉ | ၁၀၂၁ | ၁၂၄၄ | ၁၃၂၈ | ၁၄၁၇ | ၅၈၉၉ |

မှတ်ချက်။ စိုက်၊မွေး၊ဆည်ဘတ်ဂျက်အပေါ် MTEF မှ ခန့်မှန်းချက်များကို GDP ၏ ရာခိုင်နှုန်းဖြင့် ပြခြင်း (PER တွင်ကြည့်ပါ။)

၂၃၄။ အဆိုပါခန့်မှန်းချက်များအပေါ် အခြေခံ၍ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ အကောင်အထည်ဖော်ခြင်းကာလ(၂၀၁၈–၁၉ မှ ၂၀၂၂–၂၃ ခုနှစ်အထိ)အတွင်း စိုက်ပျိုးရေးကဏ္ဍအတွက် အသုံးပြု နိုင်မည့် စိုက်၊မွေး၊ ဆည်ဝန်ကြီးဌာနဘတ်ဂျက်မှာ(ကျေးလက်လမ်း ရင်းနှီးမြှုပ်နှံမှုကိုနုတ်၍) ဘီလီယံကျပ် ၆၁၅၃ (သို့မဟုတ် အမေရိကန်ဒေါ်လာ ၄.၅ ဘီလီယံ) ရှိမည်ဖြစ်ပါသည်။ ဤကိန်းဂဏာန်းများသည် ၂၀၁၆–၁၇ခုနှစ်ရှိ ဈေးနှုန်းများအတိုင်း တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂၃၅။ ဤကာလအတွင်း၌ပင် ဖော်ပြပါပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေများအပြင် စိုက်ပျိုးရေးကဏ္ဍသို့ အလှူရှင်များ၏ ရန်ပုံငွေပံ့ပိုးမှုမှ ဘီလီယံကျပ် ၁၁၀၈ (သို့မဟုတ် အမေရိကန်ဒေါ်လာ ၈၁၂ သန်း) ရရှိမည်ဟု မျှော်မှန်းထားပါသည်။ အလှူရှင်များ၏ ရန်ပုံငွေများမှအချို့မှာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (သို့မဟုတ်)အစိုးရ၏ အခြားစီမံကိန်းများသို့ တိုက်ရိုက်ရောက်ရှိမည်ဖြစ်ပြီး အချို့သည် NGOများနှင့် ပုဂ္ဂလိက ကဏ္ဍသို့ရောက်ရှိနိုင်ပါသည်။

၂၃၆။ ဤခန့်မှန်းတွက်ချက်မှုများအား နောင်လာမည့်(၅)နှစ်တာကာလအတွင်း အတည်ပြုသွားမည့် အမှန်တကယ်အသုံးပြုမည့်ဘတ်ဂျက်နှင့် မရောထွေးရန် လိုအပ်ပါသည်။ သို့သော်ထိုခန့်မှန်းချက်များတွင် နှစ်လတ်ရသုံးငွေမှုဘောင်နှင့်ကိုက်ညီသောအသုံးစရိတ်များကို ဖော်ပြထားပါသည်။ ထို့ပြင်ခန့်မှန်းချက်များ သည် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနနှင့် ADS နှင့် IP ဘတ်ဂျက်များ၏ အမြင့်ဆုံးခန့်မှန်းထားသော သတ်မှတ်ချက်ဖြစ်သည်။

## ၂.၅။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)အတွက်ငါးနှစ်တာရင်းနှီးမြှုပ်နှံမှု အစီအစဉ်

၂၃၇။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)အတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (IP) သည် လက်ရှိဆောင်ရွက်နေသည့် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ခွဲဝေပေးမှုများနှင့် ကိုက်ညီလျက်ရှိပါသည်။ ADS တွင် အဆိုပြုထားသော လုပ်ငန်းစီမံချက်များကို အကောင်အထည် ဖော်နိုင်ရန် IP သည် မူဝါဒဆိုင်ရာမူဘောင်၊ ဖွဲ့စည်းပုံအခြေအနေ၊ စီမံခန့်ခွဲအုပ်ချုပ်ပုံ၊ ကဏ္ဍအတွင်းရှိ ကျွမ်းကျင်မှုနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်တို့ကို သင့်လျော်အောင်ပြုပြင်မည်ဟု အဆိုပြုထားပါသည်။

၂၃၈။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာရေးဆွဲစဉ်ကာလတွင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနရှိ ဦးစီးဌာနများအားလုံးနှင့် တွေ့ဆုံ၍ ADS တွင် စီစဉ်ရေးဆွဲထားသည့် လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ရန်အတွက် လိုအပ်မည့်အရင်းအမြစ်များနှင့်စပ်လျဉ်းပြီး ၎င်းတို့၏အမြင်များနှင့် ထောက်ခံ အကြံပြုချက်များကို သိရှိနားလည်နိုင်ရန် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ADS မူဘောင်နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက်များနှင့် အကြံဉာဏ်များရယူနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုင်ပင်ဆွေးနွေးမှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၂၃၉။ ထိုသို့တိုင်ပင်ဆွေးနွေးမှုများမှရရှိလာသော ထောက်ခံအကြံပြုချက်များကို ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အတွင်းသို့ ပေါင်းစည်းခဲ့ပါသည်။ ယင်းသည် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနအား လယ်သမားများ၊ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့်ပူးပေါင်း၍ ADS ၏ အနာဂတ်လားရာ မျှော်မှန်းချက်နှင့် ထပ်ဆင့်ရလဒ်များဆီသို့အောင်မြင်စွာ ရောက်ရှိစေနိုင်ပါသည်။ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုမဟာဗျူဟာ(ADS)အတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (IP) သည် ၂၀၁၈–၁၉ မှ ၂၀၂၂–၂၃ ခုနှစ် အထိ (၅)နှစ်တာကာလအတွက် စုစည်းတင်ပြထားခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(IP)၏ အသေးစိတ်အချက် အလက်များကို (ထပ်ဆင့်ရလဒ်၊ ချက်ချင်းရလဒ်နှင့် လုပ်ဆောင်ချက်အလိုက်) နောက် ဆက်တွဲ (၁)တွင် ဖော်ပြထားပါသည်။ အောက်ပါဇယားတွင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(IP)အား မဏ္ဍိုင်အလိုက်၊ ဦးစီးဌာနအလိုက်အကျဉ်းချုပ် ဖော်ပြထားပါသည်။ (ဇယား ၄၃)

ဇယား ၄၃။ ADS ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအား မဏ္ဍိုင်အလိုက် အကျဉ်းချုပ်တင်ပြခြင်း

| မဏ္ဍိုင် | ရင်းနှီးမြှုပ်နှံမှု - ကျပ်သန်းပေါင်း | | | | | | |
|---|---|---|---|---|---|---|---|
| | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | စုစုပေါင်း | % |
| မဏ္ဍိုင် ၁ -ကောင်းမွန်သော စီမံအုပ်ချုပ်မှု | ၃၈၅၅၈ | ၆၇၂၈၄ | ၈၁၀၃၉ | ၇၉၂၈၃ | ၆၅၄၅၃ | ၃၃၁၆၁၇ | ၁၀.၆% |
| မဏ္ဍိုင် ၂ - ကုန်ထုတ်စွမ်းအား | ၂၇၇၅၂၇ | ၃၂၃၇၉၃ | ၃၅၁၇၁၈ | ၃၄၇၅၇၅ | ၃၄၉၉၆၀ | ၁၆၅၀၅၇၄ | ၅၂.၇% |
| မဏ္ဍိုင် ၃ - ယှဉ်ပြိုင်နိုင်စွမ်းအား | ၁၇၃၄၄၆ | ၁၈၈၀၉၆ | ၂၃၉၄၃၁ | ၂၈၀၆၅၂ | ၂၇၀၅၂၆ | ၁၁၅၂၂၅၃ | ၃၆.၈% |
| စုစုပေါင်း-ရင်းနှီးမြှုပ်နှံမှုစီမံကိန်း | ၄၈၉၅၃၁ | ၅၇၉၂၇၄ | ၆၇၂၁၈၈ | ၇၀၇၅၁၁ | ၆၈၅၉၄၀ | ၃၁၃၄၄၄၄ | ၁၀၀.၀% |

၂၄၀။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(IP)သည် ရရှိနိုင်သောအရင်းအမြစ်များအတွင်းတွင်သာရှိပြီးနှစ်လတ်ရသုံးငွေမှုဘောင်(MTEF)အရ ရေးဆွဲထားခြင်းဖြစ်သည်။ (ဇယား ၄၂ တွင်ကြည့်ပါ။) ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၅) နှစ်တာကာလ စုစုပေါင်းဘတ်ဂျက် (၃.၁၃၄ ဘီလီယံကျပ်) (ကန်ဒေါ်လာ ၂၂၉၆ သန်း)သည် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန စုစုပေါင်းဘတ်ဂျက် ၆၁၅၃ ဘီလီယံကျပ်နှင့် စုစုပေါင်းအရင်းအနှီးဘတ်ဂျက် ၃.၄၄၅ ဘီလီယံကျပ် နှစ်ခုလုံးထက်နည်းသည်။ အမှန်တွင် IP သည် စုစုပေါင်းနှင့် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု ပမာဏများအရ ဖြစ်နိုင်ချေရှိပါသည်။ (ဇယား ၄၄)

ဇယား ၄၄။ ADS ရင်းနှီးမြှုပ်နှံမှုအစီအစဉ် နှင့် ရရှိနိုင်သော ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်တို့အကြား ကွာဟချက်

| မဏ္ဍိုင် | ရင်းနှီးမြှုပ်နှံမှု - ကျပ်သန်းပေါင်း | | | | | |
|---|---|---|---|---|---|---|
| | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | စုစုပေါင်း |
| ADS ရင်းနှီးမြှုပ်နှံမှု အစီအစဉ် | ၄၈၉၅၃၁ | ၅၇၉၂၇၄ | ၆၇၂၁၈၈ | ၇၀၇၅၁၁ | ၆၈၅၉၄၀ | ၃၁၃၄၄၄၄ |
| စိုက်မွေးဆည်ဝန်ကြီးဌာန၏ ရရှိနိုင်သော ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက် | ၄၉၀၅၁၅ | ၅၈၀၀၅၂ | ၇၃၈၇၈၇ | ၇၉၀၅၀၃ | ၈၄၅၈၃၈ | ၃၄၄၅၆၉၅ |
| ADS ရင်းနှီးမြှုပ်နှံမှုအစီအစဉ် နှင့် ရရှိနိုင်သော ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက်တို့အကြား ကွာဟချက် | ၉၈၄ | ၇၇၈ | ၆၆၅၉၉ | ၈၂၉၉၂ | ၁၅၉၈၉၈ | ၃၁၁၂၅၁ |

၂၄၁။ ADS – ရင်းနှီးမြှုပ်နှံမှုအစီအစဉ်၏ အခြားထူးခြားချက်မှာ ဇယား (၄၃) တွင်ဖော်ပြထားသကဲ့သို့ မဏ္ဍိုင်သုံးခု (ကောင်းမွန်သောစီမံအုပ်ချုပ်မှု၊ ကုန်ထုတ်စွမ်းအား၊ယှဉ်ပြိုင်နိုင်စွမ်းရှိမှု)အကြားနှင့် နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုများခွဲဝေပေးမှုကို ထည့်သွင်းစဉ်းစားထားသည်။ မဏ္ဍိုင်အလိုက်ကြည့်လျှင် ကုန်ထုတ်စွမ်းအား မဏ္ဍိုင်သည် အရင်းအမြစ်အများစုကို (စုစုပေါင်း၏ ၅၂.၇%ခန့်) သုံးစွဲသွားမည်ဖြစ်သည်။ အကြောင်းမှာ ဆည်မြောင်းနှင့် ရေအရင်းအမြစ်များ၊ သုတေသန၊ တိုးချဲ့ပညာပေးရေး၊ သီးနှံစိုက်ပျိုးရေး၊မွေးမြူရေးနှင့် ရေလုပ်ငန်းတို့အတွက် သီးခြားစီမံကိန်းများ၊ ရေရှည်တည်တံ့မှု အလေ့အကျင့်များ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း စသည်တို့အတွက် ရင်းနှီးမြှုပ်နှံရမည့်ပမာဏမှာ ကြီးမားသောကြောင့်ဖြစ်သည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုမဏ္ဍိုင်သည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၃၃% ခန့်ကို သုံးစွဲမည်ဖြစ်ပြီး ကျေးလက်ဒေသအခြေခံအဆောက်အအုံ၊ ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်မှု၊ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေး၊ အစားအစာဘေးကင်းမှု၊ လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများ၏ ဆန်းသစ်တီထွင်နိုင်မှုများတိုးတက်စေရန် ဆောင်ရွက်ချက်များအတွက် ဦးတည်သုံးစွဲမည် ဖြစ်ပါသည်။ နောက်ဆုံးမဏ္ဍိုင်ဖြစ်သော ကောင်းမွန်သောစီမံအုပ်ချုပ်မှု မဏ္ဍိုင်တွင်စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၀% ကို သုံးစွဲသွားပါမည်။



သုံးစွဲမည့်ပမာဏမှာ အခြားမဏ္ဍိုင်များနှင့်နှိုင်းယှဉ်လျှင်ပိုမိုနည်းပါးသော်လည်း ADS ၏ အောင်မြင်မှုတစ်ခုလုံးအတွက် ဤရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုမှာ ကြီးမားပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် ကောင်းမွန်သောစီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်၏ အခြေခံလိုအပ်ချက်များ (စီမံကိန်းရေးဆွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆက်သွယ်ခြင်း၊ မူဝါဒရေးဆွဲခြင်းနှင့်ပြန်လည်သုံးသပ်ခြင်း၊ စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း၊ ပတ်သက်ဆက်နွယ်နေသူများမှ ပူးပေါင်းပါဝင်မှု၊ စာရင်းအင်းများ) ကို ဖြည့်ဆည်းပေးနိုင်ပြီး မြေယာကိစ္စရပ်များ၊ လတ်တလောစားနပ်ရိက္ခာမဖူလုံမှုများ၊ အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် တိုးတက်မှုများ ရရှိစေသောကြောင့် ဖြစ်ပါသည်။

၂၄၂။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား နှစ်အလိုက်စောင့်ကြည့်လေ့လာပါက ပျမ်းမျှရင်းနှီးမြှုပ်နှံမှု တိုးတက်မှုနှုန်းမှာ တစ်နှစ်လျှင် ၁၀% ရှိပြီး စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနအတွက် ရရှိနိုင်သော ဘတ်ဂျက်တိုးမြင့်မှု (တိုးတက်မှုနှုန်း ၁၅% ရှိမည်ဟု မျှော်မှန်းထားသည်)နှင့် နှိုင်းယှဉ်ပါက ပိုနည်းလျက်ရှိသည်။ ယင်းသည် မျှော်မှန်းရေးဆွဲထားခြင်းသာဖြစ်ပြီး နောင်လာမည့်နှစ်များတွင် ဦးစားပေးများအဖြစ်ပေါ်ပေါက်လာနိုင်ဖွယ်ရှိသော ထပ်တိုးရင်းနှီးမြှုပ်နှံမှုများလည်း ရှိနိုင်သေးသည်။

၂၄၃။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)အတွက် ရင်းနှီးမြှုပ်နှံမှုများခွဲဝေထားမှုကို ဇယား (၄၅) တွင် အသေးစိတ်ဖော်ပြထားပါသည်။ ယင်းအားဇယား(၃၇)နှင့် နှိုင်းယှဉ်ကြည့်ပါက ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးသတ်မှတ်ရာတွင် ပြောင်းလဲလာမှုများကို မီးမောင်းထိုးပြသကဲ့သို့ ဖြစ်နေပါသည်။ အဆိုပါ ပြောင်းလဲမှုများကို ပုံ–၁၀ နှင့် ပုံ–၁၁ တွင် ပုံဖြင့်ဖော်ပြထားပါသည်။

ဇယား ၄၅။ ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ အထိ ဌာနအလိုက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် - (ကျပ်သန်းပေါင်း)


| စဉ် | ဌာနများ/ ဦးစီး ဌာနများ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | စုစုပေါင်း | % |
|---|---|---|---|---|---|---|---|---|
| ၁ | ဝန်ကြီးရုံး | ၃၀၄၀ | ၂၀၉၇၁ | ၃၁၁၅၉ | ၃၁၂၂၀ | ၂၁၃၂၀ | ၁၀၇၇၁၀ | ၃.၄% |
| ၂ | စီမံကိန်း ဦးစီးဌာန | ၁၂၄၉၀ | ၁၇၈၀၈ | ၁၆၂၀၃ | ၁၆၈၉၃ | ၁၆၃၄၈ | ၇၉၇၄၀ | ၂.၅% |
| ၃ | စိုက်ပျိုးရေး ဦးစီးဌာန | ၆၃၂၇၇ | ၆၇၅၀၀ | ၈၀၂၀၆ | ၈၁၅၈၀ | ၈၆၂၁၁ | ၃၇၈၇၇၄ | ၁၂.၁% |
| ၄ | ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | ၁၄၈၅၅၀ | ၁၆၅၆၅၀ | ၁၈၇၁၅၀ | ၁၉၇၁၀၀ | ၂၀၁၈၅၈ | ၉၀၀၃၀၈ | ၂၈.၈% |
| ၅ | လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန | ၅၆၀၀ | ၁၂၅၂၀ | ၁၆၇၉၀ | ၁၃၂၉၀ | ၈၈၃၀ | ၅၇၀၃၀ | ၁.၈% |
| ၆ | စက်မှုလယ်ယာ ဦးစီးဌာန | ၄၇၈၂၈ | ၃၇၉၅၄ | ၃၄၅၉၁ | ၃၄၉၃၄ | ၃၂၆၈၉ | ၁၈၇၉၉၄ | ၆.၀% |
| ၇ | ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် | ၁၆၅၀ | ၂၇၅၀ | ၂၀၅၀ | ၂၅၀၀ | ၇၅၀ | ၉၇၀၀[၃၀] | ၀.၃% |
| ၈ | စိုက်ပျိုးရေးသုတေသန ဦးစီးဌာန | ၉၃၂၅ | ၁၇၂၂၀ | ၁၉၃၄၀ | ၁၅၈၁၀ | ၁၂၄၅၀ | ၇၄၁၄၅ | ၂.၄% |

၃၀ စိုက်တက္ကသိုလ်၏နှစ်အလိုက် ၂၀၁၈–၂၀၂၁ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ပထမ(၄)နှစ်ကာလ၌ ရန်ပုံငွေတိုးထားပြီး ပဥ္စမနှစ်ကို ချန်လှပ်၍တိုးတက်မှုနှုန်း ကိုတွက်ချက်လျှင် ၁၃ ရာခိုင်နှုန်းခန့်ရှိပါသည်။ သို့ရာတွင် အဆိုပါ ပထမ(၄)နှစ်၏ရင်းနှီးမြှုပ်နှံမှုပမာဏပျမ်းမျှရန်ပုံငွေ ကျပ်သန်း ၂၂၃၇.၅ သာရှိရာ ဘာသာရပ်ဌာနသစ် (၄)ဌာနတိုးချဲ့ခြင်းနှင့် မူလဌာန(၂)ခု အဆင့်တိုးမြှင့်ခြင်းတို့ကြောင့် နှစ်စဉ်ပျမ်းမျှကျပ်သိန်း ၅၀၀၀ခန့် တိုးမြှင့်လျာထားသင့်ပါသည်။


| စဉ် | ဌာနများ/ ဦးစီး ဌာနများ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | စုစုပေါင်း | % |
|---|---|---|---|---|---|---|---|---|
| ၉ | မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန | ၂၇၈၂၇ | ၄၆၀၈၆ | ၄၃၁၁၂ | ၃၄၈၇၇ | ၃၉၅၃၇ | ၁၉၁၄၃၉ | ၆.၁% |
| ၁၀ | ငါးလုပ်ငန်း ဦးစီးဌာန | ၅၆၀၀ | ၁၂၅၅၀ | ၁၅၅၅၀ | ၁၀၅၀၀ | ၇၂၀၀ | ၅၁၄၀၀ | ၁.၆% |
| ၁၁ | ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန | ၁၂၅၀၃၅ | ၁၂၆၀၂၅ | ၁၂၆၃၅၈ | ၁၂၇၂၀၈ | ၁၂၉၁၅၃ | ၆၃၃၇၇၈ | ၂၀.၂% |
| ၁၂ | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် | ၂၁၅၈ | ၂၄၈၂ | ၂၈၅၅ | ၃၂၈၃ | ၃၇၇၅ | ၁၄၅၅၃ | ၀.၅% |
| ၁၃ | သမဝါယမ ဦးစီးဌာန | ၆၃၀၀ | ၆၃၆၅ | ၃၇၀၂၀ | ၆၈၈၆၀ | ၆၈၅၄၀ | ၁၈၇၀၈၅ | ၆.၀% |
| ၁၄ | အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာန | ၃၀၀၇ | ၆၅၀၉ | ၁၁၅၁၁ | ၁၁၅၁၂ | ၁၀၀၁၄ | ၄၂၅၅၃ | ၁.၄% |
| ၁၅ | စိုက်ပျိုးစီးပွားရေးနှင့် ဈေးကွက်သတင်းဦးစီးဌာန ** | ၂၇၈၄၅ | ၃၆၈၈၅ | ၄၈၂၉၅ | ၅၇၉၄၅ | ၄၇၂၆၅ | ၂၁၈၂၃၅ | ၇.၀% |
| | စုစုပေါင်း | ၄၈၉၆၃၄ | ၅၇၉၃၈၉ | ၆၇၂၁၉၈ | ၇၀၈၁၀၀ | ၆၈၅၁၂၅ | ၃၁၃၄၄၄၄ | ၁၀၀% |

မှတ်ချက် ။ စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာနတွင် စိုက်ပျိုးစီးပွားရေးနှင့် ဈေးကွက်သတင်းဦးစီးဌာန မရှိသေးသော်လည်း ADS မှ ယင်းဌာနဖြစ်ပေါ်လာစေရေး အကြံပြုထားပါသည်။

ပုံ - ၁၀ ။ ၂၀၁၆ -၁၇ ခုနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ခွဲခြမ်းစိတ်ဖြာမှု



ပုံ - ၁၁ ။ ADS ရန်ပုံငွေ ခွဲခြမ်းစိတ်ဖြာမှု




၂၄၄။ ဘတ်ဂျက်တွင် အထင်ရှားဆုံးသော ကွဲပြားခြားနားချက်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လျော့နည်းသွားသော ခွဲတမ်းပမာဏဖြစ်ပြီး ၂၀၁၆–၁၇ ငွေလုံးငွေရင်းဘတ်ဂျတ်တွင် ၄၈% ရှိရာမှ ADSဘတ်ဂျတ်တွင် ၂၀.၂%သို့ လျော့ကျသွားပါသည်။ ယင်းသည် အချက်နှစ်ချက်ကြောင့်ဖြစ်ပြီး ၎င်းတို့မှာ – (က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်ရှိ လမ်း၊ တံတားဌာနအား ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ပြီး ထိုအချက်အားADS၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ထည့်သွင်းထားပါသည်၊ (ခ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အဓိကအလေးပေး ဆောင်ရွက်မှုအား ကျေးလက်ဒေသအခြေခံအဆောက်အအုံ (ဥပမာ – ရေ၊ စွမ်းအင်) မှ လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုသို့ ပြန်လည်ဦးတည်ရန် ADS မှ ဖော်ပြထားပါသည်။

၂၄၅။ ဒုတိယအဓိကကွာခြားချက်မှာ စက်မှုလယ်ယာဦးစီးဌာန (AMD) လက်ရှိလုပ်ဆောင်နေသော လယ်ယာဝန်ဆောင်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုနှင့်ပတ်သက်သော အရင်းအနှီးပစ္စည်းများကို တဖြည်းဖြည်းချင်း ပုဂ္ဂလိကပိုင်အဖြစ်လွှဲပြောင်းပေးခြင်းဖြစ်သည်။ ထိုသို့ပြင်ဆင်ဖွဲ့စည်းမှု၏နောက်ဆက်တွဲ အကျိုးဆက်မှာ ADS ဘတ်ဂျက်တွင် စက်မှုလယ်ယာဦးစီးဌာန၏ခွဲတမ်းမှာ သိသာထင်ရှားစွာကျဆင်းလာပြီး ၂၀၁၆–၁၇ ခုနှစ် ငွေလုံးငွေရင်းဘတ်ဂျက်တွင် ၁၀.၇% ရှိရာမှ ADS IP ဘတ်ဂျက်အောက်တွင် ၆% သာရှိတော့သည်။

၂၄၆။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်စက်မှုလယ်ယာဦးစီးဌာနတို့၏ ဘတ်ဂျက်ခွဲတမ်းကို လျှော့ချလိုက်ခြင်းကြောင့် (၂၀၁၆–၁၇ ခုနှစ် ငွေလုံးငွေရင်း ဘတ်ဂျက်တွင် ၄၄.၇% ရှိရာမှ ADS ရင်းနှီးမြှုပ်နှံမှုအစီအစဉ် IP ဘတ်ဂျက်အောက်တွင် ၂၆.၂% သို့) စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြားနယ်ပယ်များသို့ အရင်းအမြစ်များ ပြန်လည်ခွဲဝေချထားပေးနိုင်လာမည်ဖြစ်သည်။ ၂၀၁၆–၁၇ ခုနှစ် ငွေလုံးငွေရင်းဘတ်ဂျက်အား ADS ရင်းနှီးမြှုပ်နှံမှုအစီအစဉ် IP ဘတ်ဂျက်နှင့် နှိုင်းယှဉ် ကြည့်ခြင်းဖြင့် အဓိကဘတ်ဂျက်ပြန်လည်ခွဲဝေထားမှုများကို အောက်ပါအတိုင်း တွေ့ရပါသည်။

က – သုတေသနဘတ်ဂျက်တွင် ၀.၇%မှ ၆% သို့ တိုးတက်သည်။

ခ – စိုက်ပျိုးရေးဦးစီးဌာနတွင် ၆.၆%မှ ၁၂.၁% သို့ တိုးတက်သည်။

ဂ – ငါးလုပ်ငန်းနှင့် မွေးမြူရေးဦးစီးဌာနများတွင် ၁.၁%မှ ၈%သို့ တိုးတက်သည်။

ဃ – စီမံကိန်းဦးစီးဌာနတွင် ၀.၀၃%မှ ၂.၅% သို့ တိုးတက်သည်။

င – ဝန်ကြီးရုံးတွင် ၀.၀၄%မှ ၃.၄% သို့ တိုးတက်သည်။

စ – လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန တွင် ၀.၂%မှ ၁.၈% သို့ တိုးတက်သည်။

ဆ – သမဝါယမဦးစီးဌာနတွင် ၀.၀၈%မှ ၆% သို့ တိုးတက်သည်။

ဇ – အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ၀.၀၃%မှ ၁.၄% သို့ တိုးတက်သည်။

၂၄၇။ ဤသို့ ရင်းနှီးမြှုပ်နှံမှုများအား ခွဲဝေချထားပေးခြင်းသည် ADS ၏ ရည်ရွယ်ချက်များ၊ မဏ္ဍိုင်များ၊ စိုက်ပျိုးရေးအတွက် ပြည်သူ့အတွက်အသုံးစရိတ် ပြန်လည်ဆန်းစစ်မှု (ကမ္ဘာ့ဘဏ်နှင့် LIFT ၂၀၁၇မှ တွေ့ရှိချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်သည်။ တွေ့ရှိချက်များမှ အောက်ပါအချက်များကို အခြေခံပါသည်။

(က) စိုက်ပျိုးရေးသုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအမြတ်ပြန်လည် ရရှိမှုနှုန်းအလွန်မြင့်မားပြီး ကုန်ထုတ်စွမ်းအားနှင့်ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

(ခ) ပိုမိုတိုးတက်ကောင်းမွန်ပြီး ပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်သည့် နည်းပညာများနှင့် ကောင်းမွန်သောအလေ့အထများကို လယ်သမားများလက်ခံကျင့်သုံးရေးတွင် တိုးချဲ့ပညာပေး ဝန်ဆောင်မှုသည် (အစိုးရနှင့် ပုဂ္ဂလိကနှစ်ဖက်လုံးမှ) အဓိက အခန်းကဏ္ဍမှ ပါဝင်နေပါ သည်။

(ဂ) မွေးမြူရေးနှင့် ရေလုပ်ငန်းသည် လျှင်မြန်စွာတိုးတက်ဖွံ့ဖြိုးနေသော်လည်း လုံလောက်သော အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ သုတေသနနှင့် တိုးချဲ့ပညာပေးဝန်ဆောင်မှုစီမံကိန်းများ စသည်တို့မရှိသေးပါ။

(ဃ) ဝန်ကြီးဌာနသုံးခုအား တစ်ခုတည်းအဖြစ် ပေါင်းစည်းလိုက်ခြင်း၊ စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာနအတွင်းတွင် သာမကပြင်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်စီမံကိန်းရေး ဆွဲမှုများကို ပြည်ထောင်စုအဆင့် စီမံကိန်းရေးဆွဲမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှု၊ အထူးသဖြင့် တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော နယ်ပယ်များတွင် အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု၊ ပတ်သက်ဆက်နွယ် နေသူများဖြစ်သော တောင်သူလယ်သမားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ NGOများ၊ လူ ထုအခြေပြုအဖွဲ့အစည်း (CBO)များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ဆက်သွယ်ဆောင်ရွက်ရန်နှင့် ပူးပေါင်းပါဝင်စေ ရန် လိုအပ်မှုစသည်တို့ကဲ့သို့သော စိန်ခေါ်မှုအသစ်များပေါ်ထွက်လာနေသည့်တိုင် စိုက်၊ မွေး၊ ဆည်ဝန်ကြီး ဌာနအတွင်းတွင် စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်းသည် အလေးမပေးနိုင်သော အခြေအနေဖြစ်နေပါ သည်။

(င) ဝန်ကြီးရုံးအနေဖြင့်လည်း ဦးစီးဌာနများနှင့် ဌာနခွဲအသစ်များ ထူထောင်ခြင်း၊ ဌာနခွဲများအား ပြန်လည်ဖွဲ့စည်းခြင်းနှင့် ပြန်လည်လေ့ကျင့်ပေးခြင်း၊ ထိုသို့ပြင်ဆင်မှုများကြောင့် လူသားအရင်းအမြစ်အတွက် ကုန်ကျ စရိတ်များ စသည်တို့အပါအဝင် ပြန်လည်ပြင်ဆင် ဖွဲ့စည်းခြင်းဆိုင်ရာ ရှုပ်ထွေးသော ကိစ္စရပ်များကို ဦးဆောင် လုပ်ကိုင်ရမည်ဖြစ်ပါသည်။

(စ) မြေယာကိစ္စရပ်များကို ဖြေရှင်းပေးရန် အရေးတကြီးလိုအပ်နေပါသည်။ အကြောင်းမှာ ဤနယ်ပယ်တွင် တိုးတက်မှုများရရှိရန် မျှော်လင့်ချက်များ အလွန်မြင့်မားနေပြီး ယင်းသည် ဝန်ကြီးဌာနအပေါ် ယုံကြည်အားထားမှုအား စမ်းသပ်နေသကဲ့သို့ဖြစ်သည်။

(ဆ) ဆုံးဖြတ်ချက် ချမှတ်မှုများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ယုံကြည်စိတ်ချရသော အခြေခံ အ

ချက်အလက်ရရှိစေရန်အလို့ငှာစာရင်းအင်းနှင့် သတင်းအချက်အလက်လက်လှမ်းမီမှုများ တိုးတက်လာဖို့ လိုအပ်နေပါသည်။

(ဓ) လယ်သမားများသည် ပုဂ္ဂလိက ကဏ္ဍနှင့် အကျိုးရှိစွာဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်၊ ထုတ်ကုန်များကို စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ရန်၊ သွင်းအားစုများကို ပိုမိုလက်လှမ်းမီ ရရှိနိုင်ရန်အတွက် သမဝါယမ အသင်းများအပါအဝင် တောင်သူလယ်သမားအဖွဲ့အစည်း များကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

(ဈ) အသေးစားစိုက်ပျိုးစီးပွားလုပ်ငန်းများသည် ကျေးလက်ဒေသတွင် လယ်ယာပြင်ပ အလုပ်အကိုင်အခွင့်အလမ်း များကိုပေးနိုင်ပြီး စိုက်ပျိုးရေးကဏ္ဍ၏ ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင် နိုင်စွမ်းတို့ကို တိုးတက်စေရန်အတွက် အထောက်အကူပြုပါသည်။

၂၄၈။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)တွင် အများဆုံးဘတ်ဂျက်ခွဲတမ်းမှာ ဆည်မြောင်းနှင့်ရေ အရင်းအမြစ်များအတွက်ဖြစ်ပြီး ဘတ်ဂျက်တစ်ခုလုံး၏ ၂၈.၈% အသုံးပြုထားကာ ၂၀၁၆–၁၇ ခုနှစ် ဘတ်ဂျက်နှင့် အတူတူပင်ဖြစ်သည်။ ထိုအထဲတွင် လတ်တလောဖွဲ့စည်းပုံပြောင်းလဲမှုများကိုလည်းထည့်သွင်းထား၍ ရေကာတာများ၊ ဆည်မြောင်းစနစ်များ အသစ်တည်ဆောက်ခြင်းကို ဆိုင်းငံ့ထားပြီး လက်ရှိစနစ်များကို ပြန်လည်မွမ်းမံရန်၊ ရေနုတ်မြောင်းစနစ်များ၊ မြေအောက်ရေဖော်ထုတ်အသုံးပြုခြင်းနှင့် အခြားအစဉ်အလာမဟုတ်သည့် ရေသွင်းစနစ်များဖွံ့ဖြိုးလာစေရန်၊ အကျိုးဖြစ်ထွန်းစေသော ရေစီမံခန့်ခွဲမှု၊ အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းစနစ်များ စသည်တို့ကို ပိုမိုအလေးထား လုပ်ဆောင်သွားမည်။

၂၄၉။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS) ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(IP)၏ ဆန်းသစ်တီထွင်မှုတစ်ခုမှာ တန်ဖိုးကွင်းဆက် အခြေခံအဆောက်အအုံ၊ ဈေးကွက်သတင်း အချက်အလက်များနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများအပါအဝင် တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှုနှင့် စိုက်ပျိုးစီးပွားရေးလုပ်ငန်း တိုးတက်မှုကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများအတွက် အရင်းအမြစ်များ ခွဲဝေချထားပေးခြင်း ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများသည် ထိရောက်သောတန်ဖိုးကွင်းဆက်များအတွင်းသို့ လုပ်ကွက်ငယ် တောင်သူများအားပေါင်းစည်းထည့်သွင်းပေးခြင်းကို ပိုမိုမြန်ဆန်စေကာ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည် (ထပ်ဆင့်ရလဒ်၃)။စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနအတွင်း အဖွဲ့အစည်းဆိုင်ရာပံ့ပိုးမှုများပေးမည့် သင့်လျော်သောဌာနများမရှိခြင်းကြောင့် ဤရင်းနှီးမြှုပ်နှံမှုတွင် ဝန်ကြီးရုံးမှ တိုက်ရိုက်တာဝန်ယူ ဆောင်ရွက်မည့် စိုက်ပျိုးစီးပွားရေးနှင့် ဈေးကွက်သတင်းဦးစီးဌာနတစ်ခုတည်ထောင်ရန် လိုအပ်ပေလိမ့်မည်။

### ၂.၅.၁။ ထပ်ဆင့်ရလဒ်များအလိုက် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်

၂၅၀။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)၏ မဏ္ဍိုင်သုံးခုဖြစ်သော – ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားရှိမှုတို့သည် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (IP) ရှိ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုများ၏ ၁၀.၆%၊ ၅၂.၇% နှင့် ၃၆.၈% စီ အသီးသီးရှိကြောင်းကို တွေ့ရှိခဲ့ပြီး ဖြစ်သည်။

၂၅၁။ ADS ၏ ပထမ မဏ္ဍိုင်ကောင်းမွန်သောစီမံအုပ်ချုပ်မှုအရ၊ ဇယား (၄၆)၌ ထပ်ဆင့်ရလဒ်များတွင် ရင်းနှီးမြှုပ်နှံမှုအသေးစိတ်အချက်အလက်များကို ဖော်ပြထားသည်။


ဇယား ၄၆။ မဏ္ဍိုင် (၁)၏ ထပ်ဆင့်ရလဒ်များတွင် နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု (ကျပ် သန်းပေါင်း)

| ထပ်ဆင့်ရလဒ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ အထိ စုစုပေါင်း | မဏ္ဍိုင်၏ ရာခိုင်နှုန်း | စုစုပေါင်း ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| မဏ္ဍိုင် (၁) ကောင်းမွန်သော စီမံအုပ်ချုပ်မှု၏ စုစုပေါင်း | ၃၈,၅၅၈ | ၆၇,၂၈၄ | ၈၁,၀၃၉ | ၇၉,၂၈၃ | ၆၅,၄၅၃ | ၃၃၁,၆၁၇ | ၁၀၀.၀% | ၁၀.၆% |
| ထပ်ဆင့်ရလဒ် ၁.၁။ စီမံကိန်းရေးဆွဲခြင်း - ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသ ကြီး အဆင့်တို့တွင် လူထု ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအပေါ် အခြေခံသည့် ထိရောက်၍ ပေါင်းစည်းမှုရှိသော စီမံကိန်း ရေးဆွဲခြင်း။ | ၁၉၇၀ | ၃၁၇၀ | ၃၃၁၀ | ၃၂၉၀ | ၃၃၄၀ | ၁၅၀၈၀ | ၅% | ၀.၅% |
| ထပ်ဆင့်ရလဒ် ၁.၂။ မူဝါဒစွမ်းဆောင်ရည် - မူဝါဒရေးဆွဲနိုင်မှုနှင့် သုံးသပ်နိုင်မှု စွမ်းရည်များ တိုးတက်လာခြင်း။ | ၁၇၀၀ | ၃၉၅၀ | ၂၇၅၅ | ၃၃၃၀ | ၃၅၀၀ | ၁၅၂၃၅ | ၅% | ၀.၅% |
| ထပ်ဆင့်ရလဒ် ၁.၃။ M&E - ဝက်ဘ် အခြေခံသော သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်အား တည်ဆောက်နိုင်မည့် အချိန်နှင့် တပြေးညီဖြစ်ပြီး ထိရောက်သော စောင့်ကြည့်ထိန်း ကျောင်းစိစစ်သုံးသပ်ခြင်းလုပ်ငန်း စဉ်များ။ | ၁၃၄၀ | ၁၅၉၀ | ၁၉၆၀ | ၂၀၈၀ | ၂၂၅၀ | ၉၂၂၀ | ၃% | ၀.၃% |
| ထပ်ဆင့်ရလဒ် ၁.၄။ စာရင်းအင်းအချက်အလက်များ - အထောက်အထား အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းအတွက် ခိုင်မာသော စာရင်းအင်းအချက်အလက် စနစ်များ။ | ၁၁၃၅ | ၂၀၆၀ | ၂၆၁၀ | ၃၅၁၀ | ၂၃၆၀ | ၁၁၆၇၅ | ၄% | ၀.၄% |
| ထပ်ဆင့်ရလဒ် ၁.၅။ အသင်းအဖွဲ့များ - ခိုင်မာအားကောင်းသော တောင်သူနှင့် စက်မှုလုပ်ငန်း ဆိုင်ရာ အသင်းအဖွဲ့များနှင့် အဖွဲ့ချုပ်များ။ | ၁၀၁၄၀ | ၁၀၅၁၀ | ၁၀၆၁၀ | ၁၀၉၀၀ | ၁၀၉၉၀ | ၅၃၁၇၀ | ၁၆% | ၁.၇% |

| ထပ်ဆင့်ရလဒ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ အထိ စုစုပေါင်း | မဏ္ဍိုင်၏ ရာနိုင်နှုန်း | စုစုပေါင်း ရာနိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ထပ်ဆင့်ရလဒ် ၁၊၆။ မြေယာ - တောင်သူများ၏ မြေပိုင်ဆိုင်ခွင့် ခိုင်မာလာခြင်းနှင့် လယ်ယာမြေနှင့် ပတ်သက်ပါဝင်နေသော ဌာနများ၏ စွမ်းဆောင်ရည် တိုးမြင့်လာခြင်း။ | ၅၁၉၀ | ၁၀၇၆၀ | ၁၄၅၃၀ | ၁၀၆၈၀ | ၇၄၇၀ | ၄၈၆၃၀ | ၁၅% | ၁.၆% |
| ထပ်ဆင့်ရလဒ် ၁၊၇။ ညှိနှိုင်းဆောင်ရွက်မှု - စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ညှိနှိုင်းဆောင်ရွက်မှု နှင့် အကောင်အထည် ဖော်မှုတို့ အတွက် စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန၏ စွမ်းဆောင်ရည် မြင့်မားလာခြင်း | ၂၄၀၆ | ၂၄၈၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၁၂၂၉၆ | ၄% | ၀.၄% |
| ထပ်ဆင့်ရလဒ် ၁၊၈။ ပူးပေါင်းပါဝင်မှု - ADS စီမံကိန်း ရေးဆွဲခြင်း၊ အကောင်အထည် ဖော်ခြင်း၊ နှင့် စောင့်ကြည့်လေ့လာ ခြင်းတို့တွင် အရပ်ဘက်လူမှု အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အတွက် ယန္တရားများ တည်ဆောက်ခြင်း။ | ၁၂၉၅ | ၁၄၅၁ | ၁၄၆၄ | ၁၆၀၀ | ၁၆၀၀ | ၇၄၁၀ | ၂% | ၀.၂% |
| ထပ်ဆင့်ရလဒ် ၁၊၉။ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု - အကျိုးခံစားခွင့် အနည်းဆုံး အုပ်စုများ၏ စားနပ်ရိက္ခာနှင့် အာဟာရ ပိုမိုဖူလုံလာခြင်း။ | ၁၀၈၈၀ | ၁၁၀၄၅ | ၁၁၀၄၅ | ၁၁၀၉၅ | ၁၁၀၉၅ | ၅၅၁၆၀ | ၁၇% | ၁.၈% |
| ထပ်ဆင့်ရလဒ် ၁၊၁၀။ ပြန်လည်ဖွဲ့စည်းခြင်း - တောင်သူများ၊ စီးပွားရေး လုပ်ငန်းများ၊ အရပ်ဘက် လူမှုအဖွဲ့ အစည်းများကို ပို၍ထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက် လက်ရှိဌာနများကို ကောင်းစွာ ပေါင်းစည်းကာ စိုက်၊မွေး၊ဆည် ဝန်ကြီးဌာနအား ပြင်ဆင်ဖွဲ့စည်းခြင်း။ | ၂၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၁၀၂၅၀၀ | ၃၁% | ၃.၃% |

| ထပ်ဆင့်ရလဒ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ အထိ စုစုပေါင်း | မဏ္ဍိုင်၏ ရာခိုင်နှုန်း | စုစုပေါင်း ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ထပ်ဆင့်ရလဒ် ၁.၁၁။ မွေးဆေး တက္ကသိုလ် သင်ကြားရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့် တင်ပေးခြင်း။ | ၃ | ၂၄၈ | ၂၈၅ | ၃၂၈ | ၃၇၈ | ၁၂၄၂ | ၀% | ၀% |

ပုံ - ၁၂ ။ မဏ္ဍိုင် (၁) တွင် ထပ်ဆင့်ရလဒ်များအလိုက် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေထားရှိမှု (ကျပ်သန်းပေါင်း)




၂၅၂။ မဏ္ဍိုင် (၁)တွင် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေထားရှိမှုကို ပုံ–၁၂ဖြင့်ပြသထားပါသည်။ အကြီးဆုံးအစိတ်အပိုင်းများမှာ ပြန်လည်ဖွဲ့စည်းခြင်း (၃၁%)၊ တောင်သူလယ်သမားနှင့် ကုန်သွယ်ရေးအသင်းအဖွဲ့များ (၁၆%)၊ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု (၁၇%) နှင့် မြေယာ (၁၅%) တို့ဖြစ်သည်။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန ပြန်လည်ဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့တွင် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့သည် ကောင်းမွန်သောစီမံအုပ်ချုပ်မှုမဏ္ဍိုင်ရှိ အခြားသောထပ်ဆင့်ရလဒ်များကို အောင်မြင်စွာရရှိနိုင်စေမည့် အရေးကြီးသောအဆင့်တစ်ခုဖြစ်ပါသည်။

ထုတ်လုပ်မှုစွမ်းအားမဏ္ဍိုင်–၂ နှင့်စပ်လျဉ်း၍ ပုံ–၁၃ ဖြင့်သရုပ်ဖော်ထားပါသည်။ ရင်းနှီးမြှုပ်နှံမှု အများဆုံး အစိတ်အပိုင်းမှာ ဆည်မြောင်းနှင့်ရေစီမံခန့်ခွဲခြင်းဖြစ်၍ ၎င်းသည် စုစုပေါင်း၏၅၅% ဖြစ်၍သွင်းအားစု အတွက် ၁၄%၊ တိရစ္ဆာန်မွေးမြူရေးနှင့်ငါးမွေးမြူရေး၁၃%နှင့်သုတေသန ၆%တို့ဖြစ်သည်။ ဆည်မြောင်း နှင့်ရေစီမံခန့်ခွဲမှုအတွက် ဘတ်ဂျက်ခွဲဝေမှုအများဆုံးဖြစ်သော်လည်း ယခင်နှစ်များထက်စာလျှင်ဆည်မြောင်း နှင့်သီးနှံ၊ သား၊ ငါး၊ သုတေသနတို့၏ ရန်ပုံငွေအချိုးအဆမှာ ပိုမိုကောင်းမွန်လာသည်ကို ဇယား–၄၇ တွင် တွေ့နိုင်ပါသည်။

၂၅၃။ ADS၏ ဒုတိယမဏ္ဍိုင်ကုန်ထုတ်စွမ်းအားအရ၊ ဇယား(၄၇)၌ ထပ်ဆင့်ရလဒ်များတွင် ရင်းနှီးမြှုပ်နှံမှု အသေးစိတ်အချက်အလက်များကိုဖော်ပြထားသည်။

ဇယား ၄၇။ မဏ္ဍိုင် (၂)၏ ထပ်ဆင့်ရလဒ်များတွင် နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု (ကျပ် သန်းပေါင်း)

| ထပ်ဆင့်ရလဒ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ အထိ စုစုပေါင်း | မဏ္ဍိုင်၏ ရာခိုင်နှုန်း | စုစုပေါင်း ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| မဏ္ဍိုင် (၂) ကုန်ထုတ်စွမ်းအား၏ စုစုပေါင်း | ၂၇၇၅၂၇ | ၃၂၃၇၉၃ | ၃၅၁၇၁၈ | ၃၄၇၅၇၅ | ၃၄၉၉၆၁ | ၁၆၅၀၅၇၄ | ၁၀၀.၀% | ၅၂.၇% |
| ထပ်ဆင့်ရလဒ် ၂၊၁။ စိုက်ပျိုးရေး သုတေသန - သီးနှံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ အတွက် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေး သုတေသနစနစ် | ၁၂၉၂၅ | ၂၅၇၈၅ | ၂၇၉၉၅ | ၁၉၁၆၅ | ၁၄၅၀၅ | ၁၀၀၃၇၅ | ၆.၁% | ၃.၂% |
| ထပ်ဆင့်ရလဒ် ၂၊၂။ စိုက်ပျိုးရေး တိုးချဲ့ပညာပေး လုပ်ငန်း - ပိုကောင်းသော ထုတ် ကုန်များ (သီးနှံ၊ မွေးမြူရေး၊ ရေလုပ်ငန်း) နှင့် လိုက်နာပြောင်းလဲပြုပြင်ကျင့်သုံးရန် နည်းပညာများ ပေးနိုင်မည့် အသွင်ပြောင်း လဲလာသော စိုက်ပျိုးရေး တိုးချဲ့ ပညာပေးရေးစနစ်။ | ၅၇၀၀ | ၆၅၀၀ | ၈၅၀၀ | ၇၅၀၀ | ၇၅၅၆ | ၃၅၇၅၆ | ၂.၂% | ၁.၁% |


| ထပ်ဆင့်ရလဒ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ အထိ စုစုပေါင်း | မဏ္ဍိုင် ၏ ရာခိုင် နှုန်း | စုစု ပေါင်း ရာခိုင် နှုန်း |
|---|---|---|---|---|---|---|---|---|
| ထပ်ဆင့်ရလဒ် ၂၊၃။ သုတေသန-တိုးချဲ့ ပညာပေးရေး ညှိနှိုင်း ဆောင်ရွက်မှု - တောင် သူများနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ပူးပေါင်းပါဝင်သော သုတေသန-တိုးချဲ့ ပညာ ပေးရေး ညှိနှိုင်း ဆောင်ရွက်မှု စနစ် များ | ၂၅၀၉ | ၃၂၈၅ | ၃၁၉၅ | ၃၂၄၅ | ၃၂၄၅ | ၁၅၄၇၉ | ၀.၉% | ၀.၅% |
| ထပ်ဆင့်ရလဒ် ၂၊၄။ ပညာရေးနှင့် လေ့ ကျင့် သင်ကြားရေး - ကျေး လက် ဒေသရှိ တောင်သူများနှင့် ကျေးလက်ဒေသ ပုဂ္ဂလိကကဏ္ဍတို့၏ ပြောင်းလဲလာသော လိုအင်တို့ကိုတုံ့ပြန် ပေးမည့် "လူသားအ ရင်းအနှီး" ကို စိုက် ပျိုးရေးနှင့် စား သောက် ကုန်ကဏ္ဍ တွင် တည်ဆောက် နိုင်ရန် အတွက် ထိ ရောက်သောပညာ သင်ကြားရေးနှင့် လေ့ကျင့်ပေးရေးအား ဖွံ့ဖြိုးစေခြင်း (သို့ မဟုတ်) ပြန်လည် အသက်သွင်းခြင်း | ၄၄၇၃ | ၆၂၅၀ | ၅၅၅၆ | ၆၅၀၀ | ၄၈၀၀ | ၂၇၅၇၉ | ၁.၇% | ၀.၉% |
| ထပ်ဆင့်ရလဒ် ၂၊၅။ ဆည်မြောင်းနှင့် ရေ အသုံးချမှု စီမံခန့်ခွဲရေး - ပိုမို တုန့်ပြန်မှုအား ကောင်းပြီး အားထား ရသော ဆည်မြောင်း နှင့် ရေနုတ်မြောင်း ဝန်ဆောင်မှုများနှင့် ပိုမိုထိရောက်မှုရှိပြီး ရေရှည်ခံသော ရေအ သုံးချမှု စီမံခန့်ခွဲရေး စနစ်များ။ | ၁၄၈၅၅၀ | ၁၆၅၆၅၀ | ၁၈၇၁၅၀ | ၁၉၇၁၀၀ | ၂၀၁၈၅၈ | ၉၀၀၃၀၈ | ၅၄.၅% | ၂၈.၇% |

| ထပ်ဆင့်ရလဒ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ အထိ စုစုပေါင်း | မဏ္ဍိုင် ၏ ရာခိုင်နှုန်း | စုစုပေါင်း ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ထပ်ဆင့်ရလဒ် ၂၆။ သီးနှံသွင်းအားစုများ - ပိုမိုတိုးတက်ကောင်းမွန်သော သီးနှံကုန်ထုတ်လုပ်မှု သွင်းအားစုများနှင့် နည်းပညာများအား သီးနှံစိုက်ပျိုးသူတို့က ပိုမိုသုံးစွဲလာခြင်း။ | ၂၀၇၆၀ | ၂၂၉၀၀ | ၂၇၉၀၀ | ၃၀၁၀၀ | ၃၂၄၂၆ | ၁၃၄၀၈၆ | ၈.၁% | ၄.၃% |
| ထပ်ဆင့်ရလဒ် ၂၇။ စက်မှုလယ်ယာလုပ်ငန်း - စိုက်ပျိုးရေးတန်ဖိုးကွင်းဆက်တွင် သင့်လျော်သော စက်မှုလယ်ယာ စနစ်သို့ ပြောင်းလဲခြင်း အား တိုးချဲ့လုပ်ဆောင်ရန်။ | ၄၇၈၂၈ | ၃၇၉၅၄ | ၃၄၅၉၁ | ၃၄၉၃၄ | ၃၂၆၈၉ | ၁၈၇၉၉၄ | ၁၁.၄% | ၆.၀% |
| ထပ်ဆင့်ရလဒ် ၂၈။ မွေးမြူရေးနှင့် ငါးလုပ်ငန်း - ပိုမိုတိုးတက်ကောင်းမွန်လာသော တိရစ္ဆာန်နှင့် ငါးမွေးမြူရေး၊ ကျန်းမာရေးနှင့် ကုသစောင့်ရှောက်မှုပေးရေး ဝန်ဆောင်မှုများနှင့် နည်းပညာများကို မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများမှ ပိုမိုအသုံးပြုလာနိုင်ခြင်း။ | ၂၉၆၂၇ | ၄၉၅၃၆ | ၄၉၅၆၂ | ၄၀၉၇၇ | ၄၃၆၃၇ | ၂၁၃၃၃၉ | ၁၂.၉% | ၆.၈% |
| ထပ်ဆင့်ရလဒ် ၂၉။ ရေရှည်တည်တံ့သော အလေ့အကျင့်များ - ရေရှည်တည်တံ့သော လယ်ယာ စိုက်ပျိုးရေး လုပ်ငန်း၊ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (GAP)၊ မွေးမြူရေးဆိုင်ရာ ကောင်းမွန်သော ကျင့်စဉ်များ (GAHP) အား ထုထောင်ကာ လိုက်နာကျင့်သုံးခြင်း။ | ၂၀၀၀ | ၂၀၀၀ | ၃၀၀၀ | ၃၁၀၀ | ၃၅၄၃ | ၁၃၆၄၃ | ၀.၈% | ၀.၄% |

| ထပ်ဆင့်ရလဒ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ အထိ စုစုပေါင်း | မဏ္ဍိုင်၏ ရာခိုင်နှုန်း | စုစုပေါင်း ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ထပ်ဆင့်ရလဒ် ၂.၁၀။ ကြံ့ကြံ့ခံနိုင်မှု - ရာသီဥတု ပြောင်းလဲမှုနှင့် ဘေးအန္တရာယ်တို့ကို တောင်သူများမှ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း တိုးတက်လာခြင်း | ၁၀၀၀ | ၁၇၀၀ | ၁၇၀၀ | ၂၀၀၀ | ၂၃၀၄ | ၈၇၀၄ | ၀.၅% | ၀.၃% |
| ထပ်ဆင့်ရလဒ် ၂.၁၁။ မွေးဆေးတက္ကသိုလ် စွမ်းဆောင်ရည်ပိုမို တိုးတက်လာခြင်း။ | ၂၁၅၆ | ၂၂၃၄ | ၂၅၆၉ | ၂၉၅၄ | ၃၃၉၈ | ၁၃၃၁၁ | ၀.၈% | ၀.၄% |

၂၅၄။ မဏ္ဍိုင် (၂)တွင် ရင်းနှီးမြှုပ်နှံမှု ခွဲဝေထားရှိမှုကို ပုံ–၁၃ဖြင့် ပြသထားပါသည်။ ရင်းနှီးမြှုပ်နှံမှု အများဆုံးလုပ်ငန်းများမှာဆည်မြောင်းနှင့်ရေ စီမံခန့်ခွဲခြင်း (၅၅%)၊ သီးနှံသွင်းအားစု (၈%)၊ မွေးမြူရေးနှင့်ငါးလုပ်ငန်း(၁၃%)နှင့် သုတေသန(၆%) တို့ဖြစ်သည်။ ဆည်မြောင်းနှင့်ရေဆိုင်ရာ ထပ်ဆင့်ရလဒ်သည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် ကြီးမားသောခွဲဝေမှုကို ရရှိထားသော်လည်း သီးနှံများ၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းတို့အကြားတွင် ယခင်ကနှင့်စာလျှင် ပိုမိုမျှတစွာခွဲဝေမှုများရှိနေပြီး သုတေသန၊ တိုးချဲ့ပညာပေးရေးနှင့် ပညာရေးစနစ် အားလုံးပေါင်းလျှင် မဏ္ဍိုင် (၂)၏ ၁၂.၄% ရာခိုင်နှုန်းရှိပါသည်။

ပုံ - ၁၃ ။ မဏ္ဍိုင် (၂) တွင် ထပ်ဆင့်ရလဒ်များအလိုက် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေထားရှိမှု (ကျပ်သန်းပေါင်း)



၂၅၅။ ADS ၏ ယှဉ်ပြိုင်နိုင်စွမ်းအား တတိယမဏ္ဍိုင်အရ၊ ဇယား (၄၈)၌ ထပ်ဆင့်ရလဒ်များတွင် ရင်းနှီးမြှုပ်နှံမှု အသေးစိတ်အချက်အလက်များကို ဖော်ပြထားသည်။


ဇယား ၄၈။ မဏ္ဍိုင် (၃)၏ ထပ်ဆင့်ရလဒ်များတွင် နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု (ကျပ်သန်းပေါင်း)

| ထပ်ဆင့်ရလဒ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ အထိ စုစုပေါင်း | မဏ္ဍိုင်၏ ရာခိုင်နှုန်း | စုစုပေါင်း ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| မဏ္ဍိုင် (၃) ယှဉ်ပြိုင်နိုင်စွမ်းအား၏ စုစုပေါင်း | ၁၇၃၄၄၆ | ၁၈၈၁၉၆ | ၂၃၉၄၃၁ | ၂၈၀၆၅၂ | ၂၇၀၅၂၆ | ၁၁၅၂၂၅၃ | ၁၀၀.၀% | ၃၆.၈% |
| ထပ်ဆင့်ရလဒ် ၃.၁။ စီးပွားရေး ပတ်ဝန်းကျင် - စိုက်ပျိုး-စားသောက်ကုန် ထောက်ပံ့ ဖြည့်ဆည်းရေး ကွင်းဆက်တစ်လျှောက်ရှိ စီးပွားဝန်းကျင်၊ သတင်း အချက်အလက်နှင့် ရင်းနှီးမြှုပ်နှံမှုတို့ တိုးတက်လာခြင်း | ၁၉၅၀ | ၂၄၀၀ | ၂၇၁၅ | ၂၈၆၀ | ၃၁၁၇ | ၁၃၀၄၂ | ၁.၁% | ၀.၄% |
| ထပ်ဆင့်ရလဒ် ၃.၂။ ဉာဏပစ္စည်းမူပိုင်ခွင့် - စိုက်ပျိုးရေးနှင့် စားသောက်ကုန် ကဏ္ဍအတွက် ဉာဏပစ္စည်း မူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးခြင်း။ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၇၀၀ | ၁၇၅၄ | ၇၉၅၄ | ၀.၇% | ၀.၃% |
| ထပ်ဆင့်ရလဒ် ၃.၃။ အရည်အသွေး - တောင်သူများနှင့် အစားအစာကြိတ်ခွဲ ပြင်ဆင်သူများအနေဖြင့် အရည်အသွေးမီ ထွက်ကုန်များအတွက် ဈေးကောင်းရရှိစေရန် နှင့် အရည်အသွေး မြင့်စေရန် ပံ့ပိုးမှုပေးနိုင်မည့် အားထားယုံကြည်ရသော အရည်အသွေးထိန်းစနစ် ထူထောင်ပေးခြင်း။ | ၆၉၆၀ | ၆၅၆၀ | ၇၅၂၅ | ၆၇၉၅ | ၆၉၉၁ | ၃၄၈၃၁ | ၃% | ၁.၁% |
| ထပ်ဆင့်ရလဒ် ၃.၄။ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းရေးဆွဲမှု - ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် ကျားမ တန်းတူညီမျှမှုရှိပြီး အားလုံး ပူးပေါင်း ပါဝင်မှုဖြင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် ဌာနဆိုင်ရာ မူဘောင် အားကောင်းလာခြင်း။ | ၁၀၉၅၉၁ | ၁၁၀၁၃၀ | ၁၁၀၁၆၀ | ၁၁၀၂၁၃ | ၁၁၀၃၁၈ | ၅၅၀၄၁၁ | ၄၇.၈% | ၁၇.၆% |
| ထပ်ဆင့်ရလဒ် ၃.၅။ ကျေးလက်ဒေသ အခြေခံ အဆောက်အအုံ - ကျေးလက်ဒေသအခြေခံ အဆောက်အအုံများဖြင့် လုပ်ကွက်ငယ် စိုက်ပျိုး ရေး၏ ထိရောက်မှု နှင့် အမြတ်အစွန်း ရရှိနိုင်မှုကို တိုးတက်လာစေခြင်း။ | ၁၁၁၉၄ | ၂၀၆၅၀ | ၃၂၄၈၃ | ၄၃၁၃၀ | ၃၄၄၅၆ | ၁၄၁၉၁၃ | ၁၂.၃% | ၄.၅% |

| ထပ်ဆင့်ရလဒ် | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ အထိ စုစုပေါင်း | မဏ္ဍိုင် ၏ ရာခိုင်နှုန်း | စုစုပေါင်း ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ထပ်ဆင့်ရလဒ် ၃.၆။ တန်ဖိုးကွင်းဆက်များ - ဦးစားပေး ကုန်စည်များနှင့် ချိတ်ဆက်ထားသည့် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက်တို့တွင် ပတ်သက်ဆက် နွယ်သူများ ပိုမို ပါဝင်လာခြင်း နှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာခြင်း။ | ၃၀၂၇၂ | ၃၂၇၈၄ | ၃၉၉၂၆ | ၃၈၉၃၂ | ၃၇၈၁၉ | ၁၇၉၇၃၃ | ၁၅.၆% | ၅.၇% |
| ထပ်ဆင့်ရလဒ် ၃.၇။ စားသောက်ကုန် ဘေးကင်းမှု - စားသောက်ကုန် အရည်အသွေးနှင့် ဘေးကင်းမှုတိုးမြင့်လာခြင်း | ၄၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၇၂၆ | ၂၂၇၂၆ | ၂% | ၀.၇% |
| ထပ်ဆင့်ရလဒ် ၃.၈။ ငွေရေးကြေးရေး ဝန်ဆောင်မှုများ - တောင်သူများနှင့် စိုက်ပျိုး-စီးပွားရေး လုပ်ငန်းများ အတွက် ငွေကြေးဝန်ဆောင်မှုအမျိုးမျိုးကို ပိုမို လက်လှမ်း မီခြင်း။ | ၁၀၀၀ | ၁၂၀၀ | ၁၄၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၆၀၀ | ၀.၈% | ၀.၃% |
| ထပ်ဆင့်ရလဒ် ၃.၉။ ကုန်သွယ်ရေးနှင့် ပို့ကုန်များ - စိုက်ပျိုး-စားသောက်ကုန် နှင့် စိုက်ပျိုးရေး ထွက်ကုန်များ၏ ကုန်သွယ်မှု ချောမွေ့စေခြင်းဖြင့် ပို့ကုန်တိုး မြင့် တင်ပို့နိုင်ခြင်း။ | ၅၈၈၀ | ၈၃၇၃ | ၇၅၂၃ | ၆၃၂၃ | ၅၅၃၆ | ၃၃၆၃၃ | ၂.၉% | ၁.၁% |
| ထပ်ဆင့်ရလဒ် ၃.၁၀။ တောင်သူလယ်သမားများနှင့် စိုက်ပျိုး စီးပွားလုပ်ငန်းများအတွက် ငွေကြေး ဝန်ဆောင်မှုများကိုပိုမိုတိုးတက်လက် လှမ်းမီလာခြင်း။ | ၆၀၀ | ၆၀၀ | ၃၁၂၀၀ | ၆၃၂၀၀ | ၆၂၈၀၉ | ၁၅၈၄၀၉ | ၁၃.၇% | ၅.၁% |

၂၅၆။ မဏ္ဍိုင်(၃)တွင် ရင်းနှီးမြှုပ်နှံမှု ခွဲဝေထားရှိမှုကို ပုံ–၁၄ဖြင့် ပြသထားပါသည်။ ရင်းနှီးမြှုပ်နှံမှုမှာ အများဆုံးမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လူထုပူးပေါင်းပါဝင်မှုဖြင့် စီမံကိန်းရေးဆွဲခြင်း (၆၀%)၊ တန်ဖိုးကွင်းဆက်များ (၁၇%) နှင့် ကျေးလက်ဒေသအခြေခံအဆောက်အအုံ (၁၄%) တို့ဖြစ်ပါသည်။

ပုံ - ၁၄ ။ မဏ္ဍိုင် (၃) တွင် ထပ်ဆင့်ရလဒ်များအလိုက် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေထားရှိမှု (ကျပ်သန်းပေါင်း)




## ၂.၆။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စီမံကိန်းနှင့် အခြားသောငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်များ

၂၅၇။ အကောင်အထည်ဖော်ဆောင်ရွက်မှု ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (IP)တွင် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)၏ ရည်မှန်းချက်များ၊ ထပ်ဆင့်ရလဒ်များ၊ ချက်ချင်းရလဒ်များနှင့် လုပ်ဆောင်ချက်များနှင့် ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှုများ ပါဝင်ပါသည်။ ပြီးခဲ့သောဆောင်ရွက်မှုများနှင့် မတူညီသောအချက်မှာရင်းနှီး မြှုပ်နှံမှု အစီအစဉ်သည် ဘတ်ဂျက်ရေးဆွဲမှု တစ်ခုတည်းသာမကပဲ စီမံကိန်းချမှတ်ရေးဆွဲခြင်းပါ ပါဝင်ပြီး ယင်းမှတစ်ဆင့် စိုက်ပျိုးရေးမူဝါဒ၏ ရည်မှန်းချက်များနှင့် လျာထားချက်များ အောင်မြင်အောင် ဆောင်ရွက်နေမှု၏တိုးတက်မှုကိုစောင့်ကြည့်လေ့လာနိုင်မည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင်ရင်းနှီးမြှုပ်နှံမှု အစီအစဉ် ဘဏ္ဍာရေးအသုံးစရိတ်လျာထားချက်များသည် လိုအပ်ချက်ကိုသာ ဖော်ပြခြင်းမျိုးမဟုတ်ပဲ ဘဏ္ဍာရေးနှစ် မူဘောင်ကို လက်တွေ့ကျကျ အကဲဖြတ်ထားသည့် နှစ်လတ်ရသုံးငွေမူဘောင် (MTEF) အပေါ်တွင် အခြေတည်ထားခြင်းဖြစ် သည်။

၂၅၈။ ၂၀၁၈–၁၉ မှ ၂၀၂၂–၂၃ ခုနှစ် ကာလအတွက် ADS ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံကိန်းကိုခြုံ၍ကြည့်လျှင်၃.၁၃၄ဘီလီယံကျပ်ခန့်ရှိပါသည်။ ယင်းသည် စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာနမှ ရရှိနိုင်သော ဘတ်ဂျက်အတွက်ဘဏ္ဍာရေးနှစ်၏ကြိုတင်လျာထားသော ဘဏ္ဍာငွေပမာဏနှင့် ကိုက်ညီသည့် အပြင် MTEF ၌ ဖော်ပြထားသည့် ၆၁၅၃ ဘီလီယံကျပ်နှင့်လည်းကိုက်ညီပါသည် (ဇယား ၄၉)။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနသည် ADS အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံကိန်းအပြင် ထိုစီမံကိန်းထဲတွင် မပါဝင်သေး သော သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကိုပါ ရရှိမည်ဖြစ်သည်။ အဆိုပါ အသုံးစရိတ်တွက်ချက်မှုများကို ဇယား(၄၉)ဖြင့် တင်ပြထားပြီး–(က) ADS အတွက် မဟုတ်သောသာမန်အသုံးစရိတ် ဘတ်ဂျက်သည် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန စုစုပေါင်းဘတ်ဂျက်၏ ၄၄% ရှိမည်ဟု ခန့်မှန်းထားခြင်း နှင့် (ခ) ADSအတွက် မဟုတ်သော

ငွေလုံးငွေရင်း အသုံးစရိတ်သည် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန ဘတ်ဂျက်တစ်ခုလုံးမှ လက်ကျန်ဘတ်ဂျက်ဖြစ်ပြီး၊ ယင်းတွင် ADS အကောင်အထည်ဖော်မှု စီမံကိန်းနှင့် ADS အတွက် မဟုတ်သော သာမန်အသုံးစရိတ်ဘတ်ဂျက် စသည့်အချက်များကို အခြေခံ၍တွက်ချက် ထည့်သွင်းဖော်ပြထားပါသည်။


၂၅၉။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS) အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံကိန်းတွင် ပါဝင်သော လက်ရှိကျင့်သုံးနေသည့် ဘတ်ဂျက်ရေးဆွဲခြင်းစနစ်မှ (လိုအပ်ချက်နှင့်အညီ ပြင်ဆင်ထားသော) ရလဒ်အခြေပြုဘတ်ဂျက်ရေးဆွဲခြင်းစနစ်သို့ ပြောင်းလဲရာတွင် ဝန်ထမ်းများအားပြန်လည်လေ့ကျင့်ပေးရန်၊ ပြန်လည်နေရာချထားပေးရန်နှင့် အဖွဲ့အစည်းဆိုင်ရာ ပြန်လည်ဖွဲ့စည်းရန်တို့အတွက် အချိန်နှင့် ပြောင်းလဲမှုကုန်ကျစရိတ်များ လိုအပ်လာမည်ဖြစ်သည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ADS ဘတ်ဂျက်နှင့် ADS အတွက် မဟုတ်သော ဘတ်ဂျက်ဟူ၍ မရှိတော့ပဲ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ အသုံးစရိတ်များအားလုံးသည် ADS နှင့် အညီသာ ဖြစ်လာပေလိမ့်မည်။

၂၆၀။ စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ဘတ်ဂျက်သည် ADS နှင့် ကိုက်ညီမည့် တသမတ်တည်းကျသောစနစ်တစ်ခုသို့ တဖြည်းဖြည်းပြောင်းလဲလာမှုအသေးစိတ်ကို စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် စီမံကိန်းဦးစီးဌာနမှ ရေးဆွဲသွားမည်ဖြစ်သည်။ အဆိုပါပြောင်းလဲပြင်ဆင်မှု အောင်မြင်စေရန်အတွက် ADS တွင် နည်းလမ်းများနှင့် အရင်းအမြစ်များပါဝင်ပြီး ထိုနည်းလမ်းများတွင် စီမံကိန်းဦးစီးဌာန၏ တာဝန်ဝတ္တရားများတိကျခိုင်မာစေခြင်း၊အရင်းအမြစ်များရရှိစေခြင်း၊ ဝန်ကြီးဌာနပြန်လည်ဖွဲ့စည်းခြင်း လုပ်ငန်းစဉ် တစ်ခုလုံးအား လမ်းညွှန်ချက်ပေးမည့်ဝန်ကြီးရုံး၏ တာဝန်များကို ချမှတ်ပေးခြင်းစသည်တို့လည်း အပါအဝင်ဖြစ်သည်။

ဇယား ၄၉။ ADS အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစီမံကိန်းနှင့် စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန၏ ဘဏ္ဍာငွေ အခြေပြုဇယား

| | ကျပ်ငွေသန်းပေါင်း | | | | | |
|---|---|---|---|---|---|---|
| | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | စုစုပေါင်း (၂၀၁၈-၁၉ မှ ၂၀၂၂-၂၃) |
| (MTEF) အရ စိုက်မွေးဆည် ဝန်ကြီးဌာန ၏ ဘတ်ဂျက် ရရှိနိုင်မှုနှင့် ကျေးလက်လမ်း ၏ အသားတင် ရန်ပုံငွေ | ၈၇၅၉၁၉ | ၁၀၃၅၈၀၈ | ၁၃၁၉၂၆၃ | ၁၄၁၁၆၁၂ | ၁၅၁၀၄၂၅ | ၆၁၅၃၀၂၇ |
| ၁။ ADS အကောင်အထည်ဖော်ရေး စီမံကိန်း | ၄၈၉၅၃၁ | ၅၇၉၂၇၄ | ၆၇၂၁၈၈ | ၇၀၇၅၁၁ | ၆၈၅၉၄၀ | ၃၁၃၄၄၄၄ |
| ၂။ ADS မဟုတ်သော (မူရင်း စိုက်မွေးဆည်၏) သာမန်ရန်ပုံငွေ | ၃၈၅၄၀၄ | ၄၅၅၇၅၅ | ၅၈၀၄၇၆ | ၆၂၁၁၀၉ | ၆၆၄၅၈၇ | ၂၇၀၇၃၃၂ |
| ၃။ ADS မဟုတ်သော (မူရင်း စိုက်မွေးဆည်၏) ငွေလုံးငွေရင်းရန်ပုံငွေ | ၉၈၄ | ၇၇၈ | ၆၆၅၉၉ | ၈၂၉၉၂ | ၁၅၉၈၉၈ | ၃၁၁၂၅၁ |

ပုံ - ၁၅ ။ စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန ဘဏ္ဍာငွေ၊ ADS နှင့် ADS မဟုတ်သော ရန်ပုံငွေလမ်းကြောင်းများ ခန့်မှန်းတွက်ချက်မှု




၂၆၁။ ပုံ–၁၆တွင် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ဘဏ္ဍာငွေခန့်မှန်းတွက်ချက်မှုများကို အောက်ပါလမ်းကြောင်းသုံးသွယ်အရ ဖော်ပြထားပါသည်။


**လမ်းကြောင်း (၁)။** ADS အကောင်အထည်ဖော်မှုစီမံကိန်းတွင် ပါဝင်သော အသုံးစရိတ်များ။

**လမ်းကြောင်း (၂)။** ADS အကောင်အထည်ဖော်မှုစီမံကိန်းတွင် မပါဝင်သော သာမန်အသုံးစရိတ်များ။

**လမ်းကြောင်း (၃)။** ADS အကောင်အထည်ဖော်မှုစီမံကိန်းတွင်မပါဝင်သောငွေလုံးငွေရင်းအသုံးစရိတ်များ။

၂၆၂။ အချိန်ကြာလာသည်နှင့်အမျှ လမ်းကြောင်း(၃)သည် လမ်းကြောင်း(၁)နှင့် ပေါင်းစပ်သွားနိုင်မည်ဖြစ်သည်။ လမ်းကြောင်း (၂)ရှိ သာမန်အသုံးစရိတ်များသည်ပင်လျှင် စုစုပေါင်းဘဏ္ဍာငွေ၏ ၄၄% ရှိသည်ဟူသော ခန့်မှန်းချက်မှ အနည်းငယ်သွေဖီနိုင်ပါသည်။ ပုံ–၁၆ တွင် လမ်းကြောင်း (၁)နှင့် လမ်းကြောင်း (၃) ပေါင်းစပ်သွားခဲ့ပါက စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ ဘဏ္ဍာငွေပြောင်းလဲလာနိုင်ပုံ ကို ဖော်ပြထားပါသည်။

ပုံ - ၁၆ ။ စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန ဘဏ္ဍာငွေ၊ ADS နှင့် ADS မဟုတ်သော အပိုင်းများအား ပေါင်းစပ်ပြီးသော ခန့်မှန်းတွက်ချက်မှု



## ၂.၇။ အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံကိန်းအတွက် ရန်ပုံငွေရင်းမြစ်များ

၂၆၃။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS) ရင်းနှီးမြှုပ်နှံမှု အစီအစဉ်၏ ၆၆.၆% (စုစုပေါင်း ၂.၀၃၁ ဘီလီယံကျပ်ခန့်(အမေရိကန်ဒေါ်လာ ၁၄၈၈ သန်း)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ဘဏ္ဍာငွေချထားပေးမှုများမှတစ်ဆင့် ပံ့ပိုးပေးသွားမည်ဟု မျှော်မှန်းထားပြီး ကျန် ၃၃% အား ပုဂ္ဂလိကကဏ္ဍ၊ တောင်သူလယ်သမားများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ အပါအဝင်အခြားသော ပတ်သက်ဆက်နွယ်သူများမှ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ (ဇယား၅၀) ပုဂ္ဂလိက ကဏ္ဍမှပစ္စည်းကိရိယာများ ထောက်ပံ့ခြင်းနှင့် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှုတွင်ရင်းနှီးမြှုပ်နှံများပြုလုပ်ခြင်း စသည်တို့မှတစ်ဆင့် ၃% ထည့်ဝင်သွားမည်ဖြစ်သည်။ တောင်သူလယ်သမားများနှင့်၎င်းတို့၏အဖွဲ့အစည်းများသည်ရင်းနှီးမြှုပ်နှံမှု အစီအစဉ်၏ ၀.၆% ခန့်အား ပံ့ပိုးပေးသွားမည်ဟု မျှော်မှန်းထားပြီး အများအားဖြင့်ပစ္စည်းကိရိယာ ထောက်ပံ့မှုများ ပြုလုပ်ကြမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများသည် ကျန်ရှိသော၃၁% အား ADS ရင်းနှီး မြှုပ်နှံမှု အစီအစဉ်အတွက် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ဇယား ၅၀။ ADS ရင်းနှီးမြှုပ်နှံမှု စီမံကိန်း - ရန်ပုံငွေရင်းမြစ်များ

| ရန်ပုံငွေရင်းမြစ်များ | မဏ္ဍိုင် ၁ -ကောင်းမွန်သော စီမံ အုပ်ချုပ်မှု | မဏ္ဍိုင် ၂ - ကုန်ထုတ် စွမ်းအား | မဏ္ဍိုင် ၃ - ယှဉ်ပြိုင်နိုင်စွမ်းအား | စုစုပေါင်း |
|---|---|---|---|---|
| | ကျပ်သန်းပေါင်း | | | |
| အစိုးရ | ၁၁၂၈၁၉ | ၁၂၄၄၁၆၃ | ၆၇၄၇၉၁ | ၂၀၃၁၇၇၃ |
| ပုဂ္ဂလိက | ၂၂၉၉ | ၂၉၆၇၈ | ၆၃၆၂၉ | ၉၅၆၀၆ |
| တောင်သူလယ်သမား | ၉၆၃ | ၁၀၁၇၆ | ၈၆၃၂ | ၁၉၇၇၁ |
| အလှူရှင် | ၂၁၅၅၃၅ | ၃၆၆၅၅၇ | ၄၀၅၂၀၀ | ၉၈၇၂၉၃ |
| စုစုပေါင်း | ၃၃၁၆၁၇ | ၁၆၅၀၅၇၄ | ၁၁၅၂၂၅၃ | ၃၁၃၄၄၄၄ |
| | အမေရိကန်ဒေါ်လာသန်းပေါင်း | | | |
| အစိုးရ | ၈၃ | ၉၁၁ | ၄၇၄ | ၁၄၈၈ |
| ပုဂ္ဂလိက | ၂ | ၂၂ | ၄၇ | ၇၀ |
| တောင်သူလယ်သမား | ၁ | ၇ | ၆ | ၁၄ |
| အလှူရှင် | ၁၅၈ | ၂၆၉ | ၂၉၇ | ၇၂၃ |
| စုစုပေါင်း | ၂၄၃ | ၁၂၀၉ | ၈၄၄.၁ | ၂၂၉၆ |
| | % မဏ္ဍိုင် ၁ | % မဏ္ဍိုင် ၂ | % မဏ္ဍိုင် ၃ | % စုစုပေါင်း |
| အစိုးရ | ၃၄% | ၇၅% | ၅၉% | ၆၅% |
| ပုဂ္ဂလိက | ၁% | ၂% | ၆% | ၃% |
| တောင်သူလယ်သမား | ၀% | ၁% | ၁% | ၀.၆% |
| အလှူရှင် | ၆၅% | ၂၂% | ၃၅% | ၃၁% |
| စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

၂၆၄။ ဖွံ့ဖြိုးရေးမိတ်ဖက်များမှ ADS အတွက် ထည့်ဝင်မည်ဟုခန့်မှန်းထားသော ထောက်ပံ့ငွေသည် စိုက်ပျိုးရေးကဏ္ဍတစ်ခုလုံးအတွက် ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ ခန့်မှန်းရန်ပုံငွေပမာဏအတွင်း ရှိနေပါသည် (စုစုပေါင်း ADSအတွက် ထည့်ဝင်ငွေကန်ဒေါ်လာ ၄၆၈ သန်းနှင့် စိုက်ပျိုးရေးကဏ္ဍအတွက် စုစုပေါင်း မျှော်မှန်းထည့်ဝင်ငွေ ကန်ဒေါ်လာ ၈၁၂ သန်း)။

ဇယား ၅၁။ စိုက်ပျိုးရေးကဏ္ဍနှင့် ADS အကောင်အထည်ဖော်ခြင်းအတွက် အလှူရှင်များ၏ ထည့်ဝင်ပံ့ပိုးငွေ ခန့်မှန်းဇယား (အမေရိကန်ဒေါ်လာ သန်းပေါင်း)

| | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၁၁-၂၃ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ADS ရင်းနှီးမြှုပ်နှံမှု အစီအစဉ် | ၃၅၉ | ၄၂၄ | ၄၉၂ | ၅၁၈ | ၅၀၃ | ၂၂၉၆ |
| ADS အကောင်အထည်ဖော်မှု စီမံကိန်းအတွက် အလှူရှင်များ၏ ထည့်ဝင်ငွေ ခန့်မှန်းချက် | ၁၁၃ | ၁၃၄ | ၁၅၅ | ၁၆၃ | ၁၅၈ | ၇၂၃ |
| စိုက်ပျိုးရေးကဏ္ဍအတွက် အလှူရှင်များ၏ ထည့်ဝင်ငွေ ခန့်မှန်းချက် | ၁၄၇ | ၁၅၄ | ၁၆၂ | ၁၇၀ | ၁၇၉ | ၈၁၂ |

## ၂.၈။ ဘဏ္ဍာငွေ စနစ်တကျအသုံးပြုနိုင်စွမ်းရည်

၂၆၅။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍပြည်သူအတွက်အသုံးစရိတ် ပြန်လည်သုံးသပ်မှုအစီရင်ခံစာ (ကမ္ဘာ့ဘဏ်၊ ၂၀၁၇ခုနှစ်)တွင် လက်ရှိအလှူရှင်များ၏ရန်ပုံငွေများအား အစိုးရမှစနစ်တကျ အသုံးပြုနိုင်စွမ်းရည်နည်းပါးနေခြင်းဆိုင်ရာကိစ္စရပ်များအား မီးမောင်းထိုးဖော်ပြထားပါသည်။ ထိုသို့နည်းရခြင်း၏ အဓိကအကြောင်းမှာ (က) အစိုးရဝန်ထမ်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုစွမ်းဆောင်ရည်အားနည်းခြင်း၊ (ခ)အလှူရှင်များမှထောက်ပံ့ထားသော စီမံချက်များနှင့်ပူးပေါင်းလုပ်ဆောင်ရန်အတွက် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန အတွင်း၌ ရှင်းလင်းတိကျသောဌာနတွင်း လုပ်ထုံးလုပ်နည်းများမရှိခြင်းနှင့် (ဂ) အလှူရှင်များမှ ပံ့ပိုးထားသည့် စီမံချက်များအကောင်အထည်ဖော်ရာတွင် ယာယီအကူအညီနှင့် နည်းပညာပံ့ပိုးမှုများ ရရှိရန်အတွက် အကြံပေးပုဂ္ဂိုလ်များခန့်ထားရာ၌ ဈေးငွေရန်ပုံငွေအားအသုံးပြုရန် ဝန်ကြီးဌာနမှတုန့်ဆိုင်း နှောင့်နှေးနေခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဤသည်မှာ အစိုးရတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်ဖြစ်ပါသည်။

၂၆၆။ အဆိုပါ ဘဏ္ဍာငွေအသုံးပြုနိုင်မှုစွမ်းရည် နည်းပါးခြင်းကို များသောအားဖြင့် အလှူရှင်များ၏ ရန်ပုံငွေများအသုံးပြုရာတွင်တွေ့ရပြီး ပြည်ထောင်စုဘဏ္ဍာငွေ စနစ်တကျအသုံးပြုနိုင်မှုစွမ်းရည်မှာသင့်လျော်သည်ဟုထင်ရပါသည်။ ၂၀၁၆–၁၇ဘဏ္ဍာရေးနှစ်အတွက် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနမှ ရေးဆွဲခဲ့သည့် ဘဏ္ဍာငွေနှင့် အမှန်တကယ်ကုန်ကျသည့် အသုံးစရိတ်များအား နှိုင်းယှဉ်ကြည့်ပါက (ဇယား ၅၂) ဘဏ္ဍာငွေအသုံးပြုနိုင်မှုစွမ်းရည်သည် ခြုံ၍ကြည့်လျှင် ၁၀၀% နီးပါးရှိနေပြီး သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်များတွင် ကြီးမားသောကွာခြားမှုများ ရှိနေပါသည်။

၂၆၇။ ADS သည် အလှူရှင်များ၏ ရန်ပုံငွေကို စနစ်တကျအသုံးပြုနိုင်မှုစွမ်းရည်အား အလျင်အမြန် မြှင့်တင်ရန်အတွက်ရည်ရွယ်၍ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။ ၎င်းတို့တွင် – (က)စီမံကိန်းရေးဆွဲမှုစွမ်းဆောင်ရည် တိုးတက်လာစေခြင်း၊ (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မှု အားကောင်းလာစေခြင်းနှင့် (ဂ)စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ အကောင်အထည်ဖော်ရေးပံ့ပိုးမှုယူနစ် (ADSISU)နှင့် သက်ဆိုင်ရာနည်းပညာအကူအညီများကို ပံ့ပိုးပေးခြင်းတို့ပါဝင်ပါသည်။

ဇယား ၅၂။ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန၏ ဘတ်ဂျက်နှင့် အမှန်တကယ် ကုန်ကျစရိတ်များ

| ဌာနများ / အဖွဲ့အစည်းများ | ၂၀၁၆ – ၁၇ ခုနှစ် အသုံးစရိတ်များ (ကျပ် သန်းပေါင်း) | | | ၂၀၁၆ – ၁၇ ခုနှစ် ပြင်ဆင်ရေးဆွဲထား သည့် ဘဏ္ဍာငွေ (ကျပ် သန်းပေါင်း) | | | ဘဏ္ဍာငွေ စနစ်တကျ အသုံးပြုနိုင်မှု စွမ်းရည် (ဘတ်ဂျက် နှင့် အသုံးစား ရိတ် ၏ ရာခိုင်နှုန်း အချိုးအစား) | | |
|---|---|---|---|---|---|---|---|---|---|
| | သာမန် | ငွေလုံး ငွေရင်း | စုစုပေါင်း | သာမန် | ငွေလုံး ငွေရင်း | စုစုပေါင်း | သာမန် | ငွေလုံး ငွေရင်း | စုစုပေါင်း |
| ဝန်ကြီးရုံး | ၁၅၅၂.၂ | ၂၈၃.၉ | ၁၈၃၆.၁ | ၁၃၇၈.၈ | ၂၁၀.၂ | ၁၅၈၉.၀ | ၈၈.၈၀% | ၇၄.၀၀% | ၈၆.၅၀% |
| စီမံကိန်း ဦးစီးဌာန | ၆၇၂.၁ | ၂၁၁.၆ | ၈၈၃.၇ | ၆၄၄.၇ | ၁၇၂.၀ | ၈၁၆.၈ | ၉၅.၉% | ၈၁.၃၀% | ၉၂.၄% |
| စိုက်ပျိုးရေးဦးစီးဌာန | ၄၀၅၄၉.၈ | ၄၃၈၈၅.၅ | ၈၄၄၃၅.၃ | ၄၀၄၁၉.၉ | ၂၁၆၄၇.၉ | ၆၂၀၆၇.၇ | ၉၉.၇% | ၄၉.၃၀% | ၇၃.၅% |
| ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | ၁၂၂၇၂၅.၀ | ၂၁၂၅၆၁.၀ | ၃၃၅၂၈၆.၀ | ၁၂၁၂၁၉.၉ | ၁၆၅၃၈၄.၅ | ၂၈၆၆၀၄.၄ | ၉၈.၈% | ၇၇.၈၀% | ၈၅.၅၀% |
| လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန | ၃၀၇၉၅.၄ | ၁၃၄၂.၅ | ၃၂၁၃၇.၉ | ၂၉၄၃၃.၂ | ၈၃၃.၇ | ၃၀၂၆၆.၉ | ၉၅.၆၀% | ၆၂.၁၀% | ၉၄.၂၀% |
| စက်မှုလယ်ယာ ဦးစီးဌာန | ၄၂၁၃၃.၉ | ၇၁၀၄၆.၄ | ၁၁၃၁၈၀.၃ | ၄၁၁၆၄.၁ | ၂၄၈၃၉.၁ | ၆၆၀၀၃.၂ | ၉၇.၇% | ၃၅.၀၀% | ၅၈.၃% |
| ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | ၂၇၄၃.၉ | ၂၉၄၄.၂ | ၅၆၈၈.၁ | ၂၆၄၉.၅ | ၁၆၅၀.၂ | ၄၂၉၉.၇ | ၉၆.၆၀% | ၅၆.၀% | ၇၅.၆% |
| စိုက်ပျိုးရေးသုတေသန ဦးစီးဌာန | ၅၅၄၀.၅ | ၄၅၃၂.၆ | ၁၀၀၇၃.၁ | ၅၃၂၀.၅ | ၄၃၂၈.၀ | ၉၆၄၈.၅ | ၉၆.၀% | ၉၅.၅၀% | ၉၅.၈၀% |
| မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန | ၁၅၂၀၃.၅ | ၆၁၂၁.၇ | ၂၁၃၂၅.၂ | ၁၂၄၈၆.၄ | ၁၆၄၉.၅ | ၁၄၁၃၅.၉ | ၈၂.၁% | ၂၆.၉% | ၆၆.၃% |
| ငါးလုပ်ငန်း ဦးစီးဌာန | ၃၉၀၀.၉ | ၁၆၅၉.၈ | ၅၅၆၀.၇ | ၃၄၁၇.၀ | ၁၄၈၃.၂ | ၄၉၀၀.၁ | ၈၇.၆% | ၈၉.၄၀% | ၈၈.၁% |
| ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | ၂၁၂၃၆၄.၈ | ၃၂၀၂၉၉.၅ | ၅၃၂၆၆၄.၂ | ၁၈၆၉၆၇.၀ | ၂၇၅၃၅၃.၂ | ၄၆၂၃၂၀.၃ | ၈၈.၀% | ၈၆.၀၀% | ၈၆.၈% |
| မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | ၁၀၂၃.၀ | ၁၀၈၂.၀ | ၂၁၀၅.၁ | ၉၈၁.၈ | ၁၀၃၇.၇ | ၂၀၁၉.၆ | ၉၆.၀၀% | ၉၅.၉၀% | ၉၅.၉၀% |
| သမဝါယမ ဦးစီးဌာန * | ၂၇၇၈၉.၂ | ၅၀၂.၆ | ၂၈၂၉၁.၈ | ၂၈၄၀၅.၉ | ၅၀၁.၁ | ၂၈၉၀၇.၀ | * ၁၀၂.၂% | ၉၉.၇၀% | ၁၀၂.၂% |
| အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာန | ၁၁၁၅.၃ | ၂၁၉.၅ | ၁၃၃၄.၈ | ၁၀၀၁.၅ | ၂၀၁.၂ | ၁၂၀၂.၇ | ၈၉.၈% | ၉၁.၇၀% | ၉၀.၁% |
| မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် * | ၆၄၄၀၇.၉ | ၁၉.၉ | ၆၄၄၂၇.၈ | ၇၄၇၃၅.၉ | ၁၉.၄ | ၇၄၇၅၅.၃ | * ၁၁၆% ၀ | ၉၇.၅% | ၁၁၆% |
| စုစုပေါင်း | ၅၇၂၅၁၇.၃ | ၆၆၆၇၁၂.၇ | ၁၂၃၉၂၃၀ | ၃၅၅၀၂၂၆.၁ | ၄၉၉၃၁၀.၉ | ၁၀၄၉၅၃၇ | ၉၆.၁% | ၇၄.၉% | ၈၄.၇% |

ဇစ်မြစ် - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဂန်ကြီးဌာန -
* လိုငွေကို အထွေထွေပိုလျှံရန်ပုံငွေ မှ လွှဲပြောင်းသုံးစွဲခဲ့ပါသည်။

## ၂.၉။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် အခြေခံမှုများ

၂၆၈။ ဆက်လက်၍ ADS ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ပါရှိသောလုပ်ငန်းများအား ရန်ပုံငွေပံ့ပိုးရန် အတွက် အောက်ပါအခြေခံမှုများကို သတ်မှတ်ထားပါသည်။

အားလုံးခြုံ၍ – မဏ္ဍိုင်အလိုက်မဟုတ်ပဲ ရင်းနှီးမြှုပ်နှံမှု အားလုံးအတွက် အသုံးပြုနိုင်ပါသည်။

(က) စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ရေရှည်တည်တံ့သော အသက် မွေးဝမ်းကျောင်းမှု တည်ဆောက်ရေး၊ ကျေးလက်ဒေသများနှင့် တစ်နိုင်ငံလုံးရှိ ပြည်သူများ၏ ဘဝသာယာဝပြောရေးတို့ကို အောင်မြင်စွာဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများ အားလုံး၏ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများကို သုံးသပ်အကဲဖြတ်ရန်။

(ခ) နယ်မြေဒေသအလိုက် ဦးစားပေးကုန်စည်များ၏ တန်ဖိုးကွင်းဆက်ကိုင်တွယ်မှု လိုအပ်ချက်များ အားထည့်သွင်းစဉ်းစား၍ စိုက်ပျိုး–ဂေဟဇုန်အမျိုးမျိုးနှင့် တိုင်းပြည်အတွင်းရှိ ဒေသများ၏ ပထဝီအနေအထားကွာခြားချက်များအလိုက်ရင်းနှီးမြှုပ်နှံမှုများကို ထိန်းညှိပြုလုပ်သွားရန်။

(ဂ) ရင်းနှီးမြှုပ်နှံမှုများသည် လူမှုရေးအရ အားလုံးပါဝင်စေမှုကို မြှင့်တင်ပေးနိုင်ရန်၊ အထူးသဖြင့် အမျိုးသမီးများနှင့် လုပ်ကွက်ငယ်တောင်သူများ၏ ဘဝမြင့်မားစေရေးကိုဆောင်ရွက်နိုင်ရန်။

(ဃ) ကူးသန်းရောင်းဝယ်ရေး တိုးတက်ကောင်းမွန်စေမည့် မူဝါဒများအားထောက်ခံခြင်း၊ တန်ဖိုးမြှင့် တင်ခြင်း၊ အစိုးရ–ပုဂ္ဂလိကမိတ်ဖက်ပြုမှုအား ပံ့ပိုးပေးခြင်းတို့ဖြင့် ပုဂ္ဂလိက ကဏ္ဍ၏ လုပ်ရှား ဆောင်ရွက်မှုများကို အားပေးမြှင့်တင်နိုင်ရန်။

## မဏ္ဍိုင် (၁)

(က) မြေယာကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အရင်းအမြစ်များ အလုံအလောက်ရရှိစေ ရန်၊ အထူးသဖြင့်အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ လုံလောက်မှုရှိစေရန်။

(ခ) စီမံကိန်းရေးဆွဲခြင်း၊ မူဝါဒပြန်လည်သုံးသပ်ခြင်းနှင့် ရေးဆွဲခြင်း၊ စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း (M&E)၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း တို့အား အကောင်အထည်ဖော်ရန် အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ အလုံအ လောက်ရရှိစေရန်။

(ဂ) စားနပ်ရိက္ခာနှင့် အာဟာရဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်။

(ဃ) စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းအား ဆောင်ရွက်နိုင်ရန်။

## မဏ္ဍိုင် (၂)

(က) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရန်အတွက် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာန၏ စက်မှုလယ်ယာစခန်းများရှိ ပုံသေပိုင်ပစ္စည်းများအား ကနဦးလွှဲ ပြောင်း ရောင်းချခြင်းမှအစပြု၍ ပုဂ္ဂလိကပိုင်အဖြစ် အဆင့်အလိုက်လွှဲပြောင်းပေးခြင်း အပါအဝင် စက်မှုလယ်ယာကဏ္ဍအား ပြန်လည်ဖွဲ့စည်းနိုင်ရန်။

(ခ) သုတေသန၊ တိုးချဲ့ပညာပေးလုပ်ငန်းနှင့် ပညာရေးတို့တွင် ရင်းနှီးမြှုပ်နှံမှု၏အရွယ်အစား၊ အ ကျိုးဖြစ်ထွန်းမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုတို့တိုးမြှင့်လာစေရန်။

(ဂ) ဦးစားပေးသတ်မှတ်ထားသည့် ကုန်စည်များကိုဦးတည်၍ သုတေသနနှင့် တိုးချဲ့ပညာပေးလုပ် ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်။

(ဃ) ဆည်မြောင်းတာတမံဆိုင်ရာ အခြေခံအဆောက်အအုံများအား အသုံးချခြင်းနှင့် ပြုပြင်ထိန်းသိမ်း ခြင်း(O&M) များ ပြုလုပ်ရန်။

## မဏ္ဍိုင် (၃)

(က) ဦးစားပေးသတ်မှတ်ထားသော ကုန်စည်များတွင် တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်များ အလုံအလောက်ရှိစေရန်။

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ဆန်းသစ်တီထွင်မှု၊ ပြိုင်ဆိုင်မှုနှင့် သင့်လျော်သည့် ထောက်ပံ့ငွေပံ့ပိုးမှုများ ပေါ်ပေါက်လာစေရန်။

(ဂ) အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုအာမခံစနစ်များအတွက် ရန်ပုံငွေအလုံအလောက် ရရှိနိုင်ရန်။

(ဃ) ကျေးလက်လမ်းနှင့် အခြားသောကျေးလက်ဒေသ အခြေခံအဆောက်အအုံများအားအသုံးပြုရန်နှင့် ပြုပြင်ထိန်းသိမ်းရန် (O&M)အတွက် ပံ့ပိုးမှုများ ရရှိနိုင်ရန်။

(င) စီးပွားရေးစင်္ကြံလမ်းမကြီး လေးခုတွင် (မြောက်–တောင်၊ အရှေ့–အနောက်၊ အရှေ့မြောက်–အနောက်တောင်နှင့် ရန်ကုန်–မြဝတီ)စိုက်ပျိုး–စက်မှုဇုန်များ ထူထောင်ရန်အတွက် ဖြစ်နိုင်ခြေ ဆန်းစစ်သည့် စစ်တမ်းများ ကောက်ယူနိုင်ရန်။







# အခန်း ၃။ အန္တရာယ်ကျရောက်နိုင်ခြေများနှင့် လျော့ပါးစေရေးဆောင်ရွက်ချက်များ

ဇယား ၅၃။ အန္တရာယ်ကျရောက်နိုင်ခြေများ နှင့် လျော့ပါးစေရေးဆောင်ရွက်ချက်များ

| စဉ် | အန္တရာယ်ကျရောက်နိုင်ခြေများ | ADS ၏ လျော့ပါးသက်သာစေနိုင်မှု | ဆုံးရှုံးနိုင်မှု အဆင့် (နိမ့်၊ အလယ် အလတ်၊ မြင့်) |
|---|---|---|---|
| ၁။ | သဘာဝဘေးအန္တရာယ်များ (ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်း၊ ရုတ်တရက် ရေကြီးခြင်း) တို့ကြောင့် ထိခိုက်လွယ်မှု အမြင့်မားဆုံး ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးမှု အရင်းမြစ်များကို ဖျက်စီးနိုင်မည့်အပြင် စီမံကိန်းများကိုလည်း ပြတ်တောက်စေနိုင်ပြီး အတော်အသင့် ဆုံးရှုံးပျက်စီးစေနိုင်သည်။ | တောင်သူများနှင့် ရပ်ရွာတို့က ရာသီ ဥတု အပြောင်းအလဲ နှင့် ကပ်ဘေးတို့ ကို ပိုမို ကြံ့ကြံ့ခံနိုင်စေရန် မဏ္ဍိုင် ၂ ၏ ရလဒ်၂.၁ က ဦးတည်သည်။ | အလယ်အလတ် |
| ၂။ | ပိုးမွှားများ နှင့် ရောဂါများ | ရလဒ်၂.၆က အပင်ရောဂါနှင့် ပိုးမွှား စီမံ ခန့်ခွဲမှု ကို ကောင်းမွန်စေသည်၊ ရလဒ် ၂.၉သည် တိရစ္ဆာန် ကျန်းမာရေးနှင့်သက်ဆိုင်သည်။ ရလဒ်၂.၁၂သည် သီးနှံ စိုက်ပျိုးရေးနှင့် မွေးမြူရေး နည်းစနစ်ကောင်း တို့ကို မိတ်ဆက်ပေးသည်။ | နိမ့် |
| ၃။ | အစိုးရအဆင့်ဆင့်တို့ ပေါင်းစပ်ညှိနှိုင်းမှု မရှိသောကြောင့် ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်အဆင့် စီမံကိန်းများ သဟဇာတ မဖြစ်ခြင်း။ | သဟဇာတမဖြစ်မှုကို အနည်းဆုံး ဖြစ် စေရန် နှင့် ပိုမို ပေါင်းစပ်ညှိနှိုင်းထား သော စီမံကိန်းများ ဖြစ်စေရန် ပြည်ထောင်စု ပေါင်းစပ်ညှိနှိုင်းမှု ကော်မတီ နှင့် ပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ် ပေါင်းစပ် ညှိနှိုင်းမှု ကော်မတီတို့ကို (ADS)က စတင်ခဲ့သည်။ | အလယ်အလတ် |
| ၄။ | တရားမဝင် နယ်စပ်ကုန်သွယ်မှု ပြတ် တောက်သဖြင့် အလွန်အကျူး "ဈေးနှုန်း မတည်ငြိမ်မှုကို ဖြစ်စေသည်။ | ရလဒ်၃.၁၄သည် "ဈေးကွက်သတင်းများကို ပေးသဖြင့် "ဈေးကွက်၏ အလားအလာ ကို သိနိုင်မည်၊ ဦးစားပေး တန်ဖိုး ကွင်း ဆက်ဆိုင်ရာ ရလဒ်၃.၁၁သည် လုပ်ကွက် ငယ်တောင်သူတို့နှင့် စီးပွားရေး လုပ်ငန်း များကို ခိုင်မာစွာ ချိတ်ဆက်ပေး သဖြင့် ဝယ်လိုအား အပြောင်းအလဲကို တုန့်ပြန်နိုင်မည့် မဟာဗျူဟာများကို ရရှိစေမည် ။ | မြင့် |

| စဉ် | အန္တရာယ်ကျရောက်နိုင်ခြေများ | ADS ၏ လျော့ပါးသက်သာစေနိုင်မှု | ဆုံးရှုံးနိုင်မှု အဆင့် (နိမ့်၊ အလယ် အလတ်၊ မြင့်) |
|---|---|---|---|
| ၅။ | အတုအပ အရောအနှော မမှန်မကန် ပစ္စည်းနှင့် စိုက်ပျိုးရေး သွင်းအားစုများ ဖြန့်ဖြူးခြင်း ။ | စားသောက်ကုန် အရည်အသွေးနှင့် ဘေးကင်းမှု ဆိုင်ရာ ရလဒ်၃.၁၂နှင့် အရည်အသွေး စနစ်ဆိုင်ရာ ရလဒ်၃.၄တို့သည် စစ်ဆေး ရေးစနစ်များကို အားဖြည့်ပေးမည် ။ | နိမ့် |
| ၆။ | မြေယာသိမ်းဆည်းမှုများ တာရှည်နေခြင်းနှင့် သိမ်း ဆည်းမြေကို လျော်ကြေးပေးမှု မတိုးတက် ခြင်း ။ | မြေယာလုပ်ပိုင်ခွင့် ဆိုင်ရာ ရလဒ်၁.၆က သိမ်းဆည်းမြေ ကိစ္စများကို ထိရောက်စွာ ကိုင်တွယ်မည်။ | မြင့် |
| ၇။ | အကျင့် ပျက်မှု ။ | စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း ဆိုင်ရာ အရေး ယူမှုများ (ရလဒ်၁.၃)၊ လုပ်ငန်း အသင်းများ၊ (ရလဒ်၁.၅)၊ လူမှုအဖွဲ့အစည်းများ ၏ ပါဝင်ဆောင်ရွက်မှု (ရလဒ်၁.၈) တို့သည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံယူမှုတို့ ဖြစ်ထွန်းအောင်ကူညီမည်။ | အလယ်အလတ် |
| ၈။ | စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ် ခြင်း နှင့် ပြုပြင်ထိန်းသိမ်းမှုအတွက် ရန်ပုံငွေ မလုံလောက်ခြင်း။ | ဆည်မြောင်း နှင့် ရေဆိုင်ရာ ရလဒ်၂.၅ ၊ ကျေးလက်လမ်းဆိုင်ရာ ရလဒ်၃.၅ တို့ သည် စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း အတွက် လုံလောက်သော ရန်ပုံငွေ နှင့် ဌာနဆိုင်ရာယန္တရား တို့ကို အလေးပေး ပြောကြားထားသည်။ | မြင့် |
| ၉။ | မြေယာကိစ္စရပ်များကြောင့် ပဋိပက္ခ ပေါ်ပေါက်လာခြင်း။ | ရှေ့လုပ်ငန်းများ၊ ဥပဒေပြုရေး၊ ဌာနများ၊ ရင်းနှီးမှုများ၊ စွမ်းဆောင်ရည်တည်ဆောက် မှုများကို ရလဒ်၁၆တွင် ဖော်ပြထားသည်။ | မြင့် |
| ၁၀။ | ADS အကောင်အထည်ရန် စီမံခန့်ခွဲမှု အားနည်းခြင်း။ | အဓိက ပတ်သက်ဆက်နွယ်သူတို့၏ အားကောင်း ခိုင်မာသော တာဝန်ယူမှု တည်ဆောက်နိုင်ခြင်း ဖြစ်ပါသည်။ | အလယ်အလတ် |





# အခန်း ၄။ စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း

## ၄.၁။ နိဒါန်း

၂၆၉။ စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်းသည် ကောင်းမွန်သောစီမံအုပ်ချုပ်မှု၏ထပ်ဆင့်ရလဒ်များအနက် အဓိကရလဒ်တစ်ခုဖြစ်သည် (ထပ်ဆင့်ရလဒ် ၁၊၃)၊ စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်းနှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များကို ကောင်းမွန်သော စီမံအုပ်ချုပ်မှုအပိုင်းတွင် တင်ပြထားသည်။ ပြည်ထောင်စုအဆင့်နှင့် ဒေသအဆင့်တို့တွင်စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်းအတွက်သီးခြားစနစ် တစ်ခုကို စိုက်ပျိုး ရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)၏ လုပ်ငန်းအစတွင်ရေးဆွဲသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းတို့၏ စောင့်ကြည့်လေ့လာမှု စွမ်းဆောင်ရည်ကို မြှင့်တင်သွားမည်။

## ၄.၂။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)အား စောင့်ကြည့်ထိန်းကျောင်းစိစစ်သုံးသပ်ခြင်း

၂၇၀။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)အား အားလုံးပူးပေါင်းပါဝင်စေသော နည်းလမ်းကို သုံး၍ ကျွမ်းကျင်စွာဖြင့် ပုံမှန်စောင့်ကြည့်လေ့လာရန် လိုအပ်ပါသည်။ ဝန်ကြီးဌာနနှင့် ဦးစီးဌာနအဆင့်တို့တွင်ရှိသော စောင့်ကြည့်လေ့လာရေးဌာနခွဲနှင့် ရုံးများကို အားဖြည့်ပေးသွားမည်ဖြစ်သည်။ (ချက်ချင်း ရလဒ်၁၊၃။ တွင် ကြည့်ပါ။) စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအကောင်အထည်ဖော်ရေး ပံ့ပိုးမှုယူနစ် (ADSISU) မှ အထောက်အပံ့များနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုများကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။

၂၇၁။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(ADS)၏ စီမံချက်နှင့် စီမံကိန်းဆိုင်ရာစောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်းကိုသာမက မူဝါဒဆိုင်ရာစောင့်ကြည့်လေ့လာခြင်းကိုလည်း (ADSISU) က ထောက်ပံ့ထားသော မူဝါဒအကောင်အထည်ဖော်ရေးပံ့ပိုးမှုယူနစ်က ပုံမှန်ဆောင်ရွက်ရန်လိုအပ်ပါသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)အား စောင့်ကြည့်ရာတွင် သွင်းအားစုများနှင့် ချက်ချင်းရလဒ်များကို စောင့်ကြည့်လေ့လာခြင်းသာမကပဲ လျာထားချက်များအလိုက် ထပ်ဆင့်ရလဒ်များနှင့် အကျိုးသက်ရောက်မှုများကိုပါစောင့်ကြည့် လေ့လာခြင်းတို့အပြင် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) စီမံကိန်းများ၏ စောင့်ကြည့်ထိန်းကျောင်းခြင်းဆိုင်ရာ မူဘောင်ရေးဆွဲခြင်းလည်း ပါဝင်ပါသည်။ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာများကို အများပြည်သူသို့ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တို့တွင်ပုံမှန်ဆွေးနွေးမှု များပြုလုပ်သွားမည်။

## ၄.၃။ ထပ်ဆင့်ရလဒ်များနှင့် ချက်ချင်းရလဒ်များကို စောင့်ကြည့်လေ့လာခြင်း

၂၇၂။ ADS ၏ အနာဂတ်လားရာ မျှော်မှန်းချက်နှင့်အကျိုးသက်ရောက်မှုပြ အညွှန်းကိန်း လျာထားချက်များကိုဇယား(၃)နှင့် ထပ်ဆင့်ရလဒ်များအတွက် လျာထားချက်အညွှန်းကိန်းများကို ဇယား(၄)တွင်အသီးသီးဖော်ပြထားပါသည်။ ထပ်ဆင့်ရလဒ်များအတွက် လျာထားချက်အညွှန်းကိန်းများကို ဖော်ပြပါဇယား (ဇယား ၅၄၊၅၅၊၅၆) တို့တွင် တင်ပြထားပါသည်။



ဇယား ၅၄။ ရည်မှန်းချက် (၁) ကောင်းမွန်သောစီမံအုပ်ချုပ်မှုအတွက် ထပ်ဆင့်ရလဒ် အညွှန်းကိန်းများ

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၁.၁။ စီမံကိန်းရေးဆွဲခြင်း - ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်တို့တွင် လူထုပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအပေါ် အခြေခံသည့် ထိရောက်၍ ပေါင်းစည်းမှုရှိသော စီမံကိန်းရေးဆွဲခြင်း။ | • နှစ်စဉ် စီမံကိန်းများ<br>• ၅နှစ် စီမံကိန်းများ ရရှိခြင်း။ | • အွန်လိုင်းတွင် စီမံကိန်းမရှိ။ | • ပြည်ထောင်စုနှင့် ပြည် နယ်/ တိုင်းဒေသကြီး စီမံကိန်းများ အွန်လိုင်းတွင် ရရှိခြင်း ။ |
| ၁.၂။ မူဝါဒစွမ်းဆောင်ရည် - မူဝါဒရေးဆွဲနိုင်မှုနှင့် သုံးသပ်နိုင်မှု စွမ်းရည်များ တိုးတက်လာခြင်း။ | • မူဝါဒဌာနခွဲ လုပ်ငန်း လည်ပတ်နေခြင်း<br>• မူဝါဒ ပြန်လည်သုံးသပ်မှုများ<br>• ADS မူဝါဒအား လွတ်လပ်စွာ ပြန်လည်သုံးသပ်မှု | • မူဝါဒဌာနခွဲ မရှိ။<br>• မူဝါဒ သုံးသပ်ခြင်း မရှိ။<br>• (ADS) မူဝါဒ သုံးသပ်ခြင်း မရှိ။ | • မူဝါဒဌာနခွဲ ထူထောင်ပြီး။<br>• တစ်နှစ် အနည်းဆုံး မူဝါဒ သုံးသပ်ခြင်း သုံးကြိမ်။<br>• ADS မူဝါဒအား လွတ်လပ်စွာ ပြန်လည်သုံးသပ်ခြင်း တစ်နှစ် တကြိမ်။ |
| ၁.၃။ စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း (M&E) - ဝက်ဘ် အခြေခံသော သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်(MIS) အား တည်ဆောက်နိုင် မည့် အချိန်နှင့် တပြေးညီဖြစ်ပြီး ထိရောက်သော စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်များ။ | • စောင့်ကြည့်ထိန်း ကျောင်းစိစစ်သုံး သပ်ခြင်း ဆိုင်ရာ အစီရင်ခံစာများ။ | • စောင့်ကြည့်ထိန်း ကျောင်းစိစစ် သုံးသပ်ခြင်း အစီရင်ခံစာ မရှိ ။ | • အွန်လိုင်းပေါ်တွင် သုံးလတစ်ကြိမ် မြန်မာ အင်္ဂလိပ် နှစ်ဘာသာဖြင့် စောင့်ကြည့်ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း အစီရင်ခံစာရယူနိုင်ခြင်း။ |
| ၁.၄။ စာရင်းအင်း အချက်အလက်များ - အထောက်အထား အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း အတွက် ခိုင်မာသော စာရင်းအင်း အချက်အလက် စနစ်များ။ | • သန်းခေါင်စာရင်း။<br>• ICT ကို အသုံးချ၍ အချက် အလက်များ စုဆောင်းရန် နှင့် ဖြန့်ဝေရန်။<br>• မူဂါဒကိစ္စရပ်များအပေါ် နှစ်စဉ် စစ်တမ်းများ ကောက်ယူရန်။ | • သီးနှံများ၊ မွေးမြူရေး နှင့်ရေလုပ်ငန်း တို့ပါဝင်သည့် သန်းခေါင်စာရင်း မရှိ<br>• ICT ကို အကန့်အသတ်ဖြင့်သာ အသုံးပြုနိုင်ခြင်း။<br>• မူဂါဒဆိုင်ရာ ဆုံးဖြတ်ချက် များအတွက် စစ်တမ်းအနည်း ငယ်သာ ရှိခြင်း။ | • သန်းခေါင်စာရင်း အချက်အလက်များ စုဆောင်းခြင်း နှင့် ပြုစု ဖြန့်ဝေခြင်း။<br>• စိုက်ပျိုးရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များ online တွင် လွယ်ကူစွာ ရယူနိုင်ခြင်း<br>• စိုက်ပျိုးရေးဆိုင်ရာ စစ်တမ်းကောက်ယူထား သော သတင်းအချက် အလက်များ ကို online မှ မျှဝေခြင်း |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၁၅။ အသင်းအဖွဲ့များ - ခိုင်မာအားကောင်းသော တောင်သူနှင့် စက်မှုလုပ်ငန်း ဆိုင်ရာ အသင်းအဖွဲ့များနှင့် အဖွဲ့ချုပ်များ။ | • စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန နှင့် တောင်သူများ၊ စက်မှု လုပ်ငန်း အသင်းအဖွဲ့များ အဆင့်အသီးသီး၌ (ပြည်ထောင်စုအဆင့်၊ ပြည်နယ်/ တိုင်းဒေသကြီး အဆင့်) တွေ့ဆုံ ဆွေးနွေးရန် | • ပြည်နယ်၊တိုင်း ဒေသကြီးအဆင့်မှ ပြည်ထောင်စု အဆင့်အထိ တောင်သူ လယ်သမား အဖွဲ့အစည်း များ ဖွဲ့စည်းထားခြင်း မရှိ။<br>• ပြည်နယ်/တိုင်း ဒေသကြီး အဆင့်တွင် စိုက်၊မွေး၊ဆည် ဝန်ကြီး ဌာန နှင့် တောင်သူ လယ်သမားများနှင့် စက်မှု လုပ်ငန်း အသင်းအဖွဲ့များ အကြား အပြန်အလှန် ဆက်သွယ် ဆောင်ရွက်မှု တွင် အကန့် အသတ်ရှိခြင်း။<br>• တောင်သူလယ်သမား အဖွဲ့အစည်း များ၏ စွမ်းဆောင်ရည်တွင် အကန့်အသတ်ရှိခြင်း။ | • စိုက်၊ မွေး၊ ဆည် ဝန်ကြီး ဌာန နှင့် တောင်သူ လယ်သမား အသင်းအဖွဲ့များ ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့်တို့တွင် နှစ်ပတ်လည် ညီလာခံများ ကျင်းပ ဆွေးနွေးရန်<br>• စိုက်၊ မွေး၊ ဆည် ဝန်ကြီး ဌာန နှင့် စက်မှုလုပ်ငန်း အသင်း အဖွဲ့များ ပြည်ထောင်စုအဆင့်တွင် နှစ်ပတ်လည် ညီလာခံများ ကျင်းပ ဆွေးနွေးရန်<br>• စိုက်၊ မွေး၊ ဆည် ဝန်ကြီး ဌာန၊ တောင်သူ လယ်သမား အသင်း အဖွဲ့ များ နှင့် စက်မှုလုပ်ငန်း အသင်းအဖွဲ့များ ပြည်ထောင်စုအဆင့်တွင် နှစ်ပတ်လည် ညီလာခံများ ကျင်းပ ဆွေးနွေးရန် |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၁၆။ မြေယာ - တောင်သူများ၏ မြေယာပိုင်ဆိုင်ခွင့် ခိုင်မာလာခြင်းနှင့် လယ်ယာမြေနှင့် ပတ်သက်ပါဝင်နေသော ဌာနများ၏ စွမ်းဆောင်ရည် တိုးမြင့်လာခြင်း။ | • ရိုးရာဓလေ့ထုံးတမ်း မြေယာ ပိုင်ဆိုင်လုပ်ကိုင်ခွင့်။<br>• ကြေးတိုင် သတင်းအချက် အလက် များကို အချိန်နှင့် တပြေးညီ ကိုက်ညီမှုရှိစေရန်<br>• မြေယာဥပဒေနှင့် လုပ်ထုံးလုပ် နည်းများကို အမျိုးသား မြေအသုံးချမှု မူဝါဒအတိုင်း ရေးဆွဲရန်။<br>• မြေယာပဋိပက္ခ များ<br>• သတင်းအချက် အလက်များ လက်လှမ်းမီစေရန်<br>• စိုက်ပျိုးရေး ဂေဟဇုန် ခွဲခြား သတ်မှတ်ခြင်း | • အမျိုးသား မြေအသုံးချ မှု မူဝါဒ အကောင်အထည် ဖော်ရန်နှင့် ပြင်ဆင် ခြင်းများ ဆောင်ရွက်ရန် အတွက် တိကျသော စည်းမျဉ်းများ<br>• အမျိုးသား မြေအသုံးချ မှု ကောင်စီ မရှိ<br>• မြေယာလုပ်ပိုင်ခွင့် ကန့်သတ်ချက်များ<br>• လယ်သမားများ သီးနှံ နှင့် မြေအသုံးချမှုကို ကန့်သတ်ထားချက်<br>• မြေလွတ်၊မြေလပ်၊ မြေရိုင်းများကို စာရင်း ကောက်ယူရန်နှင့် တိုက်ဆိုင်စစ်ဆေးရန်<br>• ကြေးတိုင်သတင်း အချက် အလက် များ အချိန်နှင့် တပြေးညီ မရှိခြင်း<br>• ရိုးရာဓလေ့ထုံးတမ်း မြေယာပိုင် ဆိုင်ခွင့် များကို အသိအမှတ် မပြုခြင်း<br>• မြေယာ အငြင်းပွားမှု များကို ဖြေရှင်းရန် မူဘောင်များ ရှင်းလင်း တိကျမှု မရှိခြင်း<br>• ကမ္ဘာ့ စိုက်ပျိုးရေး ဂေဟဇုန် စည်းမျဉ်း စည်းကမ်းများပေါ် အခြေခံသော စိုက်ပျိုး ရေး ဂေဟဇုန် ခွဲခြား သတ်မှတ်မှုမရှိခြင်း။ | • အမျိုးသား မြေအသုံးချမှု ကောင်စီ ဖွဲ့စည်း တည်ထောင်ခြင်း<br>• မြေဥပဒေ ပြဌာန်းရန်<br>• ကြေးတိုင် သတင်းအချက် အလက်များအား အချိန်နှင့် တပြေးညီ မှတ်တမ်းတင်ရန်<br>• အငြင်းပွား မြေယာကိစ္စ ရပ်များ ဖြေရှင်းရာတွင် တိကျသော ဥပဒေသများ၊ လုပ်ငန်းစဉ်များ ချမှတ်ရန်<br>• ဓလေ့ထုံးတမ်းအရ မြေယာ ပိုင်ဆိုင်လုပ်ကိုင်ခွင့်များကို အသိအမှတ်ပြုခြင်း နှင့် မှတ်တမ်းတင်ရန်<br>• ကမ္ဘာ့ စိုက်ပျိုးရေး ဂေဟဇုန် စည်းမျဉ်း စည်းကမ်းများပေါ် အခြေခံသော စိုက်ပျိုး ရေး ဂေဟဇုန် များ ခွဲခြား သတ်မှတ်ရန်<br>• မြေယာ သတင်းအချက် အလက်များကို လက်လှမ်းမီမှု သိသိသာသာ တိုးတက် လာစေရန်။<br>• မြေအသုံးချခွင့် မှတ်ပုံတင်ရေး အာမခံချက် ပေးနိုင်ရန်။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၁၇။ ADS ညှိနှိုင်းဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မှုတို့ အတွက် စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန၏ စွမ်းဆောင်ရည် မြင့်မားလာခြင်း | • အကောင်အထည်ဖော်ရေး ပံ့ပိုးမှုယူနစ်။<br>• ပြန်ကြားရေးဌာနများ<br>• စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း အစီရင်ခံစာများကို တင်ပြခြင်း။<br>• ADS ဝက်ဘ်ဆိုဒ် (ADS Website) လွှင့်တင်ခြင်း။ | • စိုက်၊မွေး၊ဆည် ဝန်ကြီး ဌာနအတွင်း၊ ဝန်ကြီဌာနနှင့် အခြား အဖွဲ့အစည်းများ အကြား၊ ဝန်ကြီးဌာနနှင့် ပြည်နယ်/ တိုင်းဒေသကြီးများ အကြား၊ ဝန်ကြီးဌာန နှင့် ပတ်သက်ဆက်နွယ် နေသူများ အကြား ညှိနှိုင်းဆောင်ရွက် ရာတွင် အကန့်အသတ်ရှိခြင်း။<br>• အရပ်ဘက်လူမှုအဖွဲ့ အစည်းများသည် စိုက်၊ မွေး၊ဆည် ဝန်ကြီးဌာန၏ စီမံကိန်းများ ရေးဆွဲမှုနှင့် အကောင်အထည် ဖော်မှု တို့ကို အများအားဖြင့် မသိရှိခြင်း။<br>• အရပ်ဘက်လူမှုအဖွဲ့ အစည်းများမှ စိုက်၊ မွေး၊ ဆည် ဝန်ကြီး ဌာနထံသို့တုန့်ပြန် အကြံပြုချက်များ ပံ့မှန်ပေးပို့နိုင်သော နည်းစနစ်များမရှိခြင်း | • စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက် မှု မဟာဗျူဟာ ညှိနှိုင်း ဆောင်ရွက်ရေး ယူနစ် တည်ထောင်ရန်<br>• စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက် မှု မဟာဗျူဟာ အကောင်အထည်ဖော် ရေးအထောက်အကူပြုဌာန တည်ထောင်ရန်။<br>• ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့်များတွင် ADS ပြန်ကြားရေးဌာနများ ထူထောင်ရန်။<br>• အရပ်ဘက်လူမှုအဖွဲ့အစည်း များအား ADS စောင့်ကြည့် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း အစီရင်ခံစာ များကို ကာလပတ်အလိုက် တင်ပြရန်။<br>• ADS ဝက်ဘ်ဆိုဒ် (ADS Website) လွှင့်တင်ရန်၊ အချိန်နှင့်တပြေးညီ သတင်း ပေးရန် နှင့် မှတ်ချက်ပေးခြင်း ကို ခွင့်ပြုထားရန်။ |
| ၁၈။ စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံမှု - အားနည်းချို့တဲ့သော အနည်းဆုံး အုပ်စုများ၏ စားနပ်ရိက္ခာနှင့် အာဟာရ ပိုမိုဖူလုံလာခြင်း။ | • စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံရေး စီမံကိန်း | • စိုက်၊မွေး၊ဆည် ဝန်ကြီး ဌာနသည် အာဟာရ ဖူလုံစေရေး လှုပ်ရှား ဆောင်ရွက်မှုများတွင် အလေးပေးမှု နည်းပါးခြင်း။ | • ဦးတည်ရည်ရွယ်ထားသော စားနပ်ရိက္ခာနှင့်အာဟာရ ဖူလုံရေး စီမံကိန်းများအား လူထုအခြေပြု ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစဉ်များမှ တစ်ဆင့် ဆောင်ရွက်သွား ရန်။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၁၊၉။ ပြန်လည်ဖွဲ့စည်းခြင်း - တောင်သူများ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများကို ပို၍ထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက် လက်ရှိဌာန များကို ကောင်းစွာ ပေါင်းစည်းကာ စိုက်၊မွေး၊ဆည် ဝန်ကြီးဌာနအား ပြင်ဆင်ဖွဲ့စည်းခြင်း။ | • စောင့်ကြည့် ထိန်းကျောင်းစိစစ် သုံးသပ် ခြင်း မူဝါဒ နှင့် ADS ညှိနှိုင်းဆောင်ရွက် ရေး၊ စိုက်ပျိုး စီးပွားရေး တို့အတွက် ဌာနခွဲများ။<br>• လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်။ | • စိုက်၊မွေး၊ဆည်ဝန်ကြီး ဌာနတွင် ထိန်းကျောင်း စိစစ်သုံးသပ်ခြင်း မူဝါဒ နှင့် ADS ညှိနှိုင်း ဆောင်ရွက်ရေး၊ စိုက်ပျိုး စီးပွားရေး တို့ကို ဦးတည်လုပ် ဆောင်သော ဌာနခွဲ မရှိခြင်း။<br>• ဌာန နှင့် ဌာနခွဲအချို့ တို့တွင် အရည်အသွေး တိုးတက်ကောင်းမွန် လာစေရန် နှင့် သင်တန်းများ ပြန်လည် ပို့ချရန် လိုအပ်ခြင်း<br>• လုပ်ငန်းစွမ်း ဆောင်ရည် အညွှန်းကိန်းများအပေါ် အခြေခံသော လုပ်ငန်းစွမ်း ဆောင်ရည် အကဲဖြတ်စနစ် တစ်ခု တည်ထောင်ရန် လိုအပ်နေခြင်း | • မူဝါဒ နှင့် ADS ညှိနှိုင်း ဆောင်ရွက်ရေး၊ စောင့်ကြည့် ထိန်းကျောင်းစိစစ်သုံးသပ် ခြင်း တို့အတွက် ဌာနခွဲများ ဖွဲ့စည်းတည်ထောင် ရန်။<br>• မဏ္ဍိုင် (၂) အောက်တွင် အသစ် ပြန်လည်ဖွဲ့စည်းမည့် နည်းလမ်းများနှင့် (NARC နှင့် NARES) ညှိနှိုင်း ဆောင်ရွက်ရန်<br>• စိုက်ပျိုးစီးပွားရေးနှင့် ဈေးကွက်သတင်းဦးစီးဌာန ထူထောင်ရန်<br>• တာဝန်များနှင့် လုပ်ငန်းစွမ်းဆောင်ရည် အညွှန်းကိန်းများ ဖော်ထုတ်သတ်မှတ်ရန်<br>• လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဝန်ထမ်းများ၏ စွမ်းဆောင် ရည် ပိုမိုတိုးတက်ကောင်း မွန်စေရန် |



ဇယား၅၅။ ရည်မှန်းချက်၂ ကုန်ထုတ်တိုးခြင်း ဆိုင်ရာ ထပ်ဆင့်ရလဒ် ရလဒ်အညွှန်းကိန်းများ

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၂.၁။ စိုက်ပျိုးရေး သုတေသန - သီးနှံစိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်း များအတွက် ပိုမို ကောင်းမွန်သော စိုက်ပျိုး ရေး သုတေသနစနစ် | • အမျိုးသား စိုက်ပျိုးရေး သုတေသနနှင့် တိုးချဲ့ ပညာပေးရေး ကော်မတီ (National Agricultural Research and Extension Committee - NARES) နှင့် စိုက်ပျိုးရေးသိပ္ပံ အကယ်ဒမီအဖွဲ့၏ လုပ်ငန်းများအကောင် အထည်ဖော်မှု အစီအစဉ်<br>• သုတေသီများနှင့် တိုးချဲ့ပညာပေးလုပ်သား များအကြား လုပ်ငန်းများ ပူးတွဲဆောင်ရွက်ခြင်း။ | • သုတေသနနှင့် တိုးချဲ့ ပညာပေးလုပ်ငန်းများ အကြား ညှိနှိုင်း ဆောင်ရွက်မှု မရှိခြင်း။ | • အမျိုးသားစိုက်ပျိုးရေး သုတေ သနနှင့် တိုးချဲ့ပညာပေးရေး ကော်မတီ (NARES) ဖွဲ့စည်း တည်ထောင်ရန်<br>• သုတေသနနှင့် စိုက်ပျိုးရေးသိပ္ပံ အကယ်ဒမီဖွဲ့၍ လုပ်ငန်း အ ကောင်အထည်ဖော်ခြင်း၊ တိုးချဲ့ ပညာပေးရေး နှစ်ပတ်လည် အစည်းအဝေးပွဲများ ကျင်းပရန်။<br>• သင်တန်းများနှင့် သုတေ သန ဌာနများတွင် ပူးတွဲသရုပ်ပြခြင်း များ။<br>• ပင်မစိုက်ပျိုးရေးထုတ်ကုန် ဆိုင်ရာလက်စွဲစာအုပ်များကို ပူးတွဲရေးသားပြုစုရန်။ |
| ၂.၂။ စိုက်ပျိုးရေး တိုးချဲ့ပညာပေး ရေး- ပိုမိုကောင်းမွန်သော ထုတ် ကုန်များ (သီးနှံ၊ မွေး မြူရေး၊ ရေလုပ်ငန်း)နှင့် လိုက်နာပြောင်းလဲ ပြုပြင်ကျင့်သုံးရန် နည်း ပညာများပေးနိုင် မည့် အသွင် ပြောင်းလဲလာသော စိုက်ပျိုးရေးတိုးချဲ့ ပညာပေး ရေးစနစ်။ | • မူဝါဒနှင့် မဟာဗျူဟာ စာတမ်းများ<br>• တိုးချဲ့ပညာပေးဆိုင်ရာ စီမံကိန်းများ<br>• တိုးချဲ့ပညာပေး ဝန်ထမ်း များ၏ စွမ်းဆောင်ရည်<br>• တိုးချဲ့ပညာပေး စီမံကိန်း များ ရေးဆွဲရာတွင်တောင် သူ လယ်သမားများ ပါဝင် လာစေခြင်း<br>• အစိုးရမှ ထောက်ပံ့ပေး သည့် ပုဂ္ဂလိကကဏ္ဍ ဝန်ဆောင်မှု ပေးခြင်း အပါအဝင် တိုးချဲ့ပညာ ပေး ဝန်ဆောင်မှုများပေး ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်လာစေခြင်း။ | • တိုးချဲ့ပညာပေး လုပ်ငန်း များတွင် ပူးပေါင်းဆောင် ရွက်မှု နည်းလမ်းများ ပါဝင်မှု မရှိခြင်း<br>• အချို့သော တိုးချဲ့ပညာ ပေး ဝန်ဆောင်မှုများတွင် လယ်သမားများ၏၊ အထူးသဖြင့် အမျိုးသမီး တောင်သူများ၏ တောင်းဆိုမှုကို အလေး ထားမှု နည်းပါးခြင်း<br>• တိုးချဲ့ပညာပေး စီမံကိန်း များရေးဆွဲရာတွင် တောင် သူလယ်သမားများ ပါဝင်မှု မရှိခြင်း<br>• ITC အသုံးချ နိုင်စွမ်းနည်း ပါးခြင်း<br>• F2F နှင့် E2F တိုးချဲ့ ပညာပေး ဝန်ဆောင်မှုများ အသုံးပြုမှု နည်းပါးခြင်း။<br>• သုတေသနနှင့် တိုးချဲ့ ပညာပေး လုပ်ငန်းများ အကြား ညှိနှိုင်း ဆောင် ရွက်မှု မရှိခြင်း။ | • အစိုးရနှင့် ပုဂ္ဂလိက အခန်းကဏ္ဍ များကို သတ်မှတ်ပေးထားပြီး ကျားမရေးရာ ထည့်သွင်း စဉ်းစားမှုရှိသည့် အမျိုးသား အဆင့် တိုးချဲ့ပညာပေး မူဝါဒနှင့် မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော် ရန်<br>• ကျေးရွာပူးပေါင်းပါဝင်မှုဖြင့် တိုး ချဲ့ပညာပေး စီမံကိန်းများ ရေး ဆွဲခြင်းနှင့် အကောင်အထည် ဖော်ရန်<br>• တိုးချဲ့ပညာပေးဝန်ထမ်းများ၏ စွမ်း ဆောင်ရည်တိုးတက် လာ စေရန်<br>• ပညာရပ်အလိုက် အထူးပြု ပညာ ရှင် အရေအတွက် တိုးတက်လာ စေရန်<br>• တောင်သူလယ်သမား အဖွဲ့အ စည်းများ အင်အားတောင့်တင်း လာစေရန်<br>• F2F နှင့် E2F တိုးချဲ့ ပညာပေး ရေးအပါအဝင် ဆန်းသစ်ထား သော တိုးချဲ့ပညာပေးစနစ်များ စတင် လုပ်ဆောင်နိုင်ရန်။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| | | | • တိုးချဲ့ပညာပေး ကဏ္ဍတွင် ICT ကို ပိုမိုအသုံးပြုနိုင်စေရန်<br>• ကုန်ထုတ်စွမ်းအားနှင့် အားလုံးပူးပေါင်းပါဝင်နိုင်မှု တို့ အပေါ် မူတည်၍ တိုးချဲ့ပညာပေး လုပ်ငန်း ဆောင်ရွက်ချက်များကို ပုံမှန် အကဲဖြတ်ရန်<br>• အမျိုးသားစိုက်ပျိုးရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေး ကော်မတီ (NARES) ဖွဲ့စည်းတည်ထောင်ရန်<br>• သုတေသနနှင့် တိုးချဲ့ပညာပေး ရေး နှစ်ပတ်လည် အစည်းအဝေး ပွဲများ ကျင်းပရန်။<br>• သင်တန်းများနှင့် သုတေသနဌာန များတွင် ပူးတွဲသရုပ်ပြခြင်းများ။<br>• ပင်မစိုက်ပျိုးရေးထုတ်ကုန် ဆိုင်ရာ လက်စွဲစာအုပ်များ ကို ပူးတွဲရေး သားပြုစုရန်။ |
| ၂၊၃။ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး - ကျေးလက်ဒေသရှိတောင်သူများနှင့်ကျေးလက်ဒေသ ပုဂ္ဂလိက ကဏ္ဍတို့၏ ပြောင်းလဲလာသောလိုအင်တို့ကို တုံ့ပြန်ပေးမည့် "လူသားအရင်းအနှီး" ကို စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ကဏ္ဍတွင် တည်ဆောက်နိုင်ရန် အတွက် ထိရောက်သောပညာသင်ကြားရေးနှင့် လေ့ကျင့်ပေးရေးအား ဖွံ့ဖြိုးစေခြင်း(သို့) ပြန်လည် အသက်သွင်းခြင်း။ | • တစ်စုတစ်စည်းတည်း ရှိသော တက္ကသိုလ် စနစ်<br>• ၃နှစ်တာ သင်ယူမှုဖြင့် ပြည်နယ်/တိုင်းဒေသကြီး စိုက်ပျိုးရေးသိပ္ပံများ တွင် ဒီပလိုမာ ရယူနိုင်ခြင်း<br>• စိုက်ပျိုးရေး အထက်တန်းကျောင်း များ နှင့် အသက်မွေး ဝမ်းကျောင်းမှု သင်တန်း များ | • ရန်ပုံငွေ လုံလောက်မှု မရှိခြင်း နှင့် ကျိုးပျက်နေသော စနစ် | • ရေဆင်းတက္ကသိုလ်အား စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်းကောလိပ်များ ပေါင်းစည်းထားသော တက္ကသိုလ် ဖြစ်လာစေရန်<br>• ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် စိုက်ပျိုးရေး သိပ္ပံများဖွင့်လှစ်နိုင်စေရန်<br>• စိုက်ပျိုးရေး အထက်တန်းကျောင်းများနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်နိုင်စေခြင်း |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၂၄။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး - ပိုမို တုန့်ပြန်မှုအားကောင်းပြီး အားထားရသော ဆည်မြောင်း နှင့် ရေနုတ်မြောင်း ဝန်ဆောင်မှု များနှင့် ပိုမိုထိရောက်မှုရှိပြီး ရေရှည်ခံသော ရေအသုံးချမှု စီမံခန့်ခွဲရေး စနစ်များ။ | • သက်ဆိုင်သော မူဝါဒ စာတမ်းများ<br>• စနစ်အမျိုးမျိုးတွင် ရေစီမံ ခန့်ခွဲရေး နည်းလမ်းများ<br>• လက်ရှိစနစ်များကို ပြန် လည် ပြုပြင်ထိန်းသိမ်း ရန်<br>• မြေအောက်ရေနှင့် သမ ရိုးကျ မဟုတ်သော ရေသွင်းအစီအစဉ်များ<br>• လုပ်ငန်းဆောင်ရွက်ခြင်း နှင့် ပြင်ဆင်ထိန်း သိမ်းမှု (O&M) အဆင့်အတန်း<br>• ရေအသုံးချနိုင် စွမ်းနှင့် ထိရောက်မှု | • ဒီဇိုင်းရေးဆွဲမှု မပြည့်စုံ ခြင်း၊ လုပ်ငန်း လည်ပတ် မှု နှင့် ထိန်းသိမ်းမှု မလုံ လောက်ခြင်းကြောင့် ဆည်မြောင်းစနစ်၏ ကုန်ကျစရိတ်နှင့် အကျိုးအမြတ် အချိုးနိမ့် ကျခြင်း။<br>• စပါးသီးနှံ အပေါ်တွင်သာ အရေးထားမှု များခြင်း<br>• ရေအရင်းအမြစ် ဘက်စုံ စီမံခန့်ခွဲမှု မူဂါဒ မရှိခြင်း<br>• မြေအောက်ရေ၊ သမရိုး ကျမဟုတ်သော ရေသွင်း စနစ်၊ မိုးကောင်း သောက် စိုက်ပျိုးရေနှင့် ရေနုတ် မြောင်း စနစ်တို့တွင် အ လေးထား ဆောင်ရွက်မှု မလုံလောက်ခြင်း။ | • မြန်မာ့ အမျိုးသားအဆင့် ရေ မူဂါဒ ရေးဆွဲနိုင်စေရန်<br>• မိုးကောင်းသောက် စိုက်ပျိုးရေး အတွက် သင့်လျော်သောရေ စီမံ ခန့်ခွဲမှု နည်းလမ်းများ ပြုစုနိုင်စေ ရန်<br>• မြေအောက်ရေ ဖော်ထုတ်အသုံး ပြုမှု ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းများ ရေးဆွဲ ချမှတ်ရေး<br>• အစီအစဉ်များကို ပြန်လည်ပြုပြင် ထိန်းသိမ်းရန်<br>• လုပ်ငန်းဆောင်ရွက်မှု နှင့် ပြုပြင် ထိန်းသိမ်းရေးရံပုံငွေ စနစ်နှင့် လမ်းညွှန်ချက်များ ဖော်ထုတ် သတ်မှတ်ရန်<br>• ရေအသုံးချနိုင်စွမ်းနှင့် ထိရောက် မှုအတွက် အခြားရွေးချယ်ရန် နည်းလမ်းများ |
| ၂၅။ သီးနှံသွင်းအားစုများ - ပိုမိုတိုးတက်ကောင်းမွန်သော သီးနှံ ကုန်ထုတ်လုပ်မှု သွင်းအားစုများ နှင့် နည်းပညာ များအား သီးနှံ စိုက်ပျိုးသူတို့က ပိုမိုသုံးစွဲလာခြင်း။ | • အရည်အသွေးကောင်း မျိုးစေ့များကို အသုံးပြုခြင်း<br>• မျိုးစေ့ ဥပဒေနှင့် လုပ်ထုံး လုပ်နည်းများ<br>• မြေဆီလွှာ အမျိုးအစား မှတ်တမ်းပြုသတ်မှတ်ခြင်း<br>• မြေသြဇာ ထုတ်လုပ်မှု စွမ်းအားနှင့် အသုံးပြုနိုင် စွမ်းရည်<br>• မြေသြဇာ ဥပဒေနှင့် ပိုး သတ်ဆေး၊ ပေါင်းသတ် ဆေး ဥပဒေတို့အားသက် ဝင် အားကောင်း စေခြင်း | • ၁၀%သော တောင်သူ လယ်သမားတို့သာ အရည်အသွေးကောင်း မျိုးစေ့များကို အသုံးပြုခြင်း<br>• နိုက်ထရိုဂျင် အကျိုးရှိ စွာ အသုံးချမှု စပါး (၃၀) ကီလိုဂရမ်/နိုက်ထရိုဂျင် (၁) ကီလိုဂရမ်<br>• အရည်အသွေးနိမ့်ကျ သော၊ အစစ်အမှန်မဟုတ် သော၊ ဓာတုပစ္စည်းများ လွန်ကဲစွာပါဝင်သော (အချိုးအစားမမှန်ကန်) ဓါတ်မြေသြဇာများ ကြောင့် မြောက်များစွာ သော တိုင်ကြားမှုများ | • ၅၀% သော တောင်သူလယ် သမားတို့ အရည်အသွေးကောင်း မျိုးစေ့ များကို အသုံးပြုနိုင်စေရန်<br>• တောင်သူလယ်သမားများ နှင့် ပုဂ္ဂလိက ကဏ္ဍ၏ အကြံ ပြုချက်များ အရ မျိုးစေ့ ဥပဒေကို ပြန်လည် ပြုပြင်ရန်<br>• မြေဆီလွှာအမျိုးအစား စစ်တမ်း ကောက်ယူခြင်း နှင့် မြေဆီလွှာ အမျိုးအစား ခွဲခြားမှတ်တမ်းပြုရန်<br>• မျိုးစေ့နှင့် ဓါတ်မြေသြဇာများ အတွက် အရည်အသွေး သတ်မှတ် ထိန်းသိမ်းသောစနစ် သက်ဝင်လာစေရန်<br>• နိုက်ထရိုဂျင် အကျိုးရှိစွာ အသုံး ချမှု စပါး (၄၀) ကီလို ဂရမ်/နိုက် ထရိုဂျင် (၁) ကီလိုဂရမ် ဖြစ်လာ စေရန်<br>• ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး ဥပဒေ တို့ ပြဌာန်းနိုင်ရန်။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၂၆။ စက်မှုလယ်ယာလုပ်ငန်း - စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်တွင် သင့်လျော်သော စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းအား တိုးချဲ့လုပ်ဆောင်ရန်။ | • ပုဂ္ဂလိက စက်မှုလယ်ယာ စခန်းများ<br>• ကျေးရွာ ပုဂ္ဂလိက စက်ပြင် အလုပ် ရုံများ<br>• စက်အပိုပစ္စည်းများ ရရှိနိုင်မှု | • စက်မှုလယ်ယာဦးစီးဌာန သည် စက်ကိရိယာများ စွာကို ပိုင်ဆိုင်လျက်ရှိပြီး၊ ပုဂ္ဂလိကနှင့် တောင်သူ လယ်သမားများသို့ တွင်တွင် ကျယ်ကျယ် ရောင်းချ ဌားရမ်းပေးရန် လိုအပ်နေခြင်း<br>• စက်ကိရိယာများ အတွက် ငွေကြေး ဝန်ဆောင်မှု အကန့် အသတ်ဖြင့် သာ ရှိခြင်း | • စက်မှုလယ်ယာဦးစီးဌာန ရှိ စက်မှုလယ်ယာစခန်းများမှ ပုံသေပိုင်ပစ္စည်းများ ကို ပုဂ္ဂလိက ကဏ္ဍသို့ ရောင်းချဌားရမ်းရန်<br>• ပြင်ဆင်ထိန်းသိမ်းရန် အတွက် ကျေးရွာ စက်ပြင် အလုပ် ရုံများ ပေါ်ပေါက်လာစေရန်<br>• စက်အပိုပစ္စည်းများ ရရှိနိုင်စေရန်<br>• စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းအား ဘဏ်များမှ ငွေကြေး ထောက်ပံ့ခြင်း။ |
| ၂၇။ မွေးမြူရေးနှင့် ငါးလုပ်ငန်း - ပိုမို တိုးတက်ကောင်းမွန်လာသော တိရစ္ဆာန်နှင့် ငါးမွေးမြူရေး၊ ကျန်းမာရေး နှင့်ကုသ စောင့်ရှောက်မှုပေးရေး ဝန်ဆောင်မှုများနှင့် နည်းပညာများကို မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများမှ ပိုမိုအသုံး ပြုလာ နိုင်ခြင်း။ | • ပုဂ္ဂလိက ကဏ္ဍမှတိရစ္ဆာန် နှင့် ငါး သားဖောက်ခြင်း၊ ကျန်းမာရေးနှင့် မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု များ ပေးခြင်းကို တိုးမြှင့် နိုင်ရန် | • အခမဲ့ (သို့) ဈေးလျှော့ ထားသော အစိုးရကဏ္ဍမှ ဝန်ဆောင်မှုများကြောင့် ပုဂ္ဂလိက ကဏ္ဍဝန်ဆောင် မှု နှင့် နည်းပညာပံ့ပိုးမှု အတွက် အလားအလာ နည်းပါးနေခြင်း | • အမျိုးသားအဆင့် မူဝါဒ၌မွေး မြူရေးနှင့် ငါးလုပ်ငန်း နည်း ပညာ နှင့် ဝန်ဆောင်မှုပေး ခြင်းတို့တွင် အစိုးရနှင့် ပုဂ္ဂလိက အခန်းကဏ္ဍများကို ရှင်းလင်း တိကျစွာ သတ်မှတ်ပေး ထားခြင်း။<br>• တိရစ္ဆာန်နှင့်ငါး သားဖောက်ခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုပေးခြင်း နှင့် မွေးမြူရေး တို့အတွက် အစိုး ရပိုင် ပစ္စည်းအချို့အား ပုဂ္ဂလိက ပိုင်အဖြစ် လွှဲပြောင်းပေးခြင်း။ |
| (က) တိရစ္ဆာန်မွေးမြူရေး - ပိုမို အထွက်နှုန်းကောင်းပြီး အမြတ် အစွန်းရနိုင်ခြေများသော မျိုး ဗီဇ ကောင်းသည့် တိရစ္ဆာန် များ။ | • မဟာဗျူဟာ မှတ်တမ်း<br>• ပုဂ္ဂလိမွေးမြူရေးခြံများ<br>• AI ဖြန့်ဖြူးခြင်း<br>• မွေးမြူရေးအာမခံ | • တိရစ္ဆာန် မွေးမြူရေး အတွက် လူသားအရင်း အမြစ်များ အသုံး အဆောင်များ၊ ငွေကြေး အရင်းအနှီးများ အကန့် အသတ်ဖြင့်သာ ရှိခြင်း<br>• တိရစ္ဆာန်မွေးမြူရေးလုပ် ငန်းတွင် ပုဂ္ဂလိကကဏ္ဍ မှ ပါဝင်မှု အကန့်အသတ် ရှိခြင်း။<br>• မွေးမြူရေး အာမခံ စနစ် များ မရှိခြင်း။ | • တိရစ္ဆာန်မျိုးဗီဇ အရင်းအမြစ် များအတွက် မဟာဗျူဟာ နှင့် လုပ်ငန်း စီမံကိန်းများ ချမှတ် အကောင်အထည်ဖော်ဆောင် ရွက်ရန်<br>• ပုဂ္ဂလိက မွေးမြူရေး ခြံများပေါ် ပေါက်လာစေရန်<br>• AI များ တိုးချဲ့ဆောင်ရွက်ရန်<br>• မွေးမြူရေး အာမခံစနစ်များ လုပ်ငန်း လည်ပတ်စေရန်။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| (ခ) တိရစ္ဆာန်ကျန်းမာရေး- ပိုမိုကျန်းမာပြီး အထွက်နှုန်းကောင်းသော တိရစ္ဆာန်များ။ | • တိရစ္ဆာန် ကျန်းမာရေး သတင်းအချက် အလက်များစနစ်<br>• ရပ်ရွာအတွက် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများ<br>• ကာကွယ်ဆေးများ ဖြန့်ဖြူးရေး<br>• ဖြစ်ပေါ်လာနိုင်သော တိရစ္ဆာန်ရောဂါ အန္တရာယ်များအတွက် အရေးပေါ် စီမံကိန်း ရေးဆွဲခြင်း။ | • တိရစ္ဆာန်ကျန်းမာရေး အတွက် သတင်းအချက်အလက်စနစ်နှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ လုံလောက်မှု မရှိခြင်း<br>• အအေးထိန်းစနစ် မလုံလောက်မှုကြောင့် ကာကွယ်ဆေးများကို အကန့်အသတ်ဖြင့်သာ ဖြန့်ဝေ နိုင်ခြင်း | • တိရစ္ဆာန် ကျန်းမာရေးသတင်း အချက်အလက်များစနစ် ခိုင်မာအားကောင်း လာစေရန်<br>• ရပ်ရွာအတွက် တိရိစ္ဆာန်ကျန်းမာရေးလုပ်သား စီမံကိန်းအား မြှင့်တင်ပေးရန်<br>• ဖြစ်ပေါ်လာနိုင်သော တိရစ္ဆာန်ရောဂါ အန္တရာယ်များအတွက် အရေးပေါ် စီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်ရန်<br>• အအေးထိန်းစနစ် စီမံခန့်ခွဲမှုနှင့် ကာကွယ်ဆေးများ ဖြန့်ဝေမှုတို့ တိုးမြှင့်လာစေရန်။ |
| (ဂ) တိရစ္ဆာန်အာဟာရ - အစာကောင်းကောင်း ကျွေးထားသည့် အထွက်နှုန်းကောင်းသော  တိရစ္ဆာန်များ။ | • စားကျက်ခင်း၊ တိရစ္ဆာန်အစာနှင့် လွှတ်ကျောင်းစနစ်များ ဆိုင်ရာ သတင်းအချက်အလက်များ<br>• တိရစ္ဆာန်အစာဓာတ်ခွဲခန်း<br>• သရုပ်ပြခြင်း<br>• သုတသနစီမံကိန်း | • စားကျက်ခင်း၊ တိရစ္ဆာန်အစာနှင့် လွှတ်ကျောင်းစနစ်များ ဆိုင်ရာ အမျိုးသားအဆင့် သတင်းအချက်အလက်များ နည်းပါးခြင်း။<br>• တိရစ္ဆာန်အစာ စမ်းသပ်စစ်ဆေးခြင်းသည့်ဓာတ်ခွဲခန်းများ အားနည်းခြင်းနှင့် တိရစ္ဆာန် အာဟာရ သုတေသနစီမံ ကိန်း မရှိခြင်း။ | • စားကျက်ခင်း၊ တိရ္ဆစာန်အစာနှင့် လွှတ်ကျောင်းစနစ်များ ဆိုင်ရာ သတင်း အချက်အလက်များကို အမျိုးသားအဆင့် ဒေတာဘေ့စ်တွင် စုဆောင်ခြင်းနှင့် ထိန်းသိမ်းထားရှိခြင်း။<br>• တိရစ္ဆာန်အစာ စမ်းသပ်စစ်ဆေးခြင်းသည့် ဓာတ်ခွဲခန်းများ အားကောင်းလာခြင်း။<br>• တိရ္ဆစာန်အစာနှင့် လွှတ်ကျောင်းစနစ်များ သရုပ်ပြခြင်း။<br>• တိရ္ဆစာန်အာဟာရဆိုင်ရာ အသုံးချသုတေသနစီမံကိန်း အကောင်အထည် ဖော်ခြင်း။ |
| (ဃ) အသေးစားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ရေး - အသေးစား တိရိစ္ဆာန် မွေးမြူသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်။ | • အသေးစားမွေးမြူရေး ကုန်ထုတ်လုပ်မှု ဌာနများ။ | • လုပ်ကွက်ငယ် တောင်သူများတွင် ရေရှည် တည်တံ့မည့် မွေးမြူရေး ကုန်ထုတ်လုပ်မှု စံနှုန်းများနှင့်အညီ အသေးစား မွေးမြူရေး ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည် အားနည်းခြင်း။ | • အသေးစား မွေးမြူရေးကုန်ထုတ်လုပ်ငန်းအား အမျိုးသားအဆင့် စံနှုန်းများနှင့်အညီ တိုးချဲ့ ဆောင်ရွက်နိုင်ခြင်း။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| (ဂ) ပျားမွေးမြူရေး - အသေးစား ထုတ်လုပ်သူများ၏ ပင်မ/ဘေး ဝင်ငွေရလုပ် ငန်းအဖြစ် ပျားမွေးမြူရေး လုပ်ငန်းအား တိုးချဲ့ရန်နှင့် ၎င်း၏အရေးပါမှု တိုးတက်လာစေရန်။ | • ငါးသားဖောက်ခြင်းနှင့် မွေးမြူရေးအတွက် နေရာများ။<br>• ဥပဒေနှင့်စည်းမျဉ်းများ။<br>• ငါးစာထုတ်လုပ်ရေး။ | • ရေလုပ်ငန်းတိုးတတ်ရေး နှင့် အဆင့် မြှင့်ရေး အတွက် အရေးပါသော အကူအညီများ။<br>• ငါးမွေးမြူခြင်း၊ငါးဖမ်း ခြင်းနှင့် ငါးစာထုတ်လုပ် ခြင်းတို့ အတွက် စည်းမျဉ်းထုတ်ပြန်မှုများ မလုံလောက်ခြင်းနှင့် အခြေခံအဆောက်အအုံ အားနည်းခြင်း အခက်အခဲ များ။ | • ငါးသားဖောက် အခြေခံအ ဆောက်အအုံများကို တိုးချဲ့ရန်။<br>• ရေလုပ်ငန်းနှင့် ငါးမွေးမြူရေး လုပ်ငန်းများအတွက်ဥပဒေ ရေးရာနှင့် စည်းမျဉ်းဆိုင်ရာ မူဘောင်များ ချမှတ်အကောင် အထည်ဖော်ရန်။<br>• ငါးစာထုတ်လုပ်ရေး တိုးမြှင့်လုပ် ဆောင်ရန်။<br>• ငါးမျိုးစိတ်များ၊ အဏ္ဏဝါနှင့် ရေ ထွက်ကုန်အရင်းအမြစ်များအား ထိန်းသိမ်း စောင့်ရှောက်ခြင်း။ |
| ၂၈။ ရေရှည်တည်တံ့သော အလေ့အကျင့်ကောင်းများ - ရေရှည်တည်တံ့သော လယ်ယာ လုပ်ငန်း၊ စိုက်ပျိုးရေး အလေ့ အကျင့်ကောင်းများ (GAP)၊ မွေးမြူရေးဆိုင်ရာ ကောင်းမွန် သော ကျင့်စဉ်များ (GAHP)၊ ငါးလုပ်ငန်းဆိုင်ရာ အလေ့ အကျင့်ကောင်းများ (GAqP) နှင့် ဓာတုကင်းလွတ် စိုက်ပျိုးရေး (OA) အလေ့ အကျင့်ကောင်းများအား ထူထောင်ကာ လိုက်နာ ကျင့်သုံးခြင်း။ | • သီးနှံများ (GAP)၊ တိရစ္ဆာန်များ (GAHP)၊ ငါးမွေး မြူရေး (GAqP)၊ အော်ဂဲနစ် စိုက်ပျိုးရေး (OA) တို့အတွက် အလေ့အကျင့်ကောင်းများ ဆိုင်ရာ စည်း မျဉ်းများ။<br>• အလေ့အကျင့်ကောင်းများ နှင့်အညီ ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း။ | • အလေ့အကျင့် ကောင်းများ နှင့်အညီ ထုတ်လုပ်ထား သည့် စိုက်ပျိုး-စားသောက်ကုန် ကုန်ပစ္စည်းများဆိုင်ရာ အသိပညာ၊ သရုပ်ပြခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ နှင့် ထုတ်လုပ်ခြင်းတို့တွင် ကန့်သတ်မှုများရှိခြင်း။ | • အလေ့အကျင့်ကောင်းများ (GAP, GAHP, GAqP နှင့် OA) အတွက် လုပ်ထုံးလုပ် နည်းများနှင့် စည်းမျဉ်းများ ကို ချမှတ်ရန်နှင့် ဖြန့်ဝေပေးရန်။<br>• GAP နှင့် OA နည်းပညာ သုံး စားသောက်ကုန်များ ထုတ်လုပ်မှုနှင့် ရောင်းချမှု တိုးမြှင့်ခြင်း။ |
| ၂၉။ ကြံ့ကြံ့ခံနိုင်မှု - ရာသီဥ တု ပြောင်းလဲမှုနှင့် ဘေးအန္တရာယ် တို့ကို တောင်သူများမှ ရင်ဆိုင် တုန့်ပြန်နိုင်စွမ်း တိုးတက် လာခြင်း။ | • လူထုအခြေပြု ဘေး အန္တရာယ် စီမံခန့်ခွဲမှု စီမံ ကိန်းများ (CBDRM)<br>• ခံနိုင်ရည်ရှိသော မျိုးစိတ် များဆိုင်ရာ သုတေသန။<br>• ကြိုတင်သတိ ပေးစနစ် များ။<br>• အရန်သီးသန့်ထားရှိမှု (အစားအစာ၊ မျိုးစေ့၊ တိရစ္ဆာန်အစာ) | • စွမ်းဆောင်ရည် မပြည့်ဝ ခြင်း၊ ကြိုတင်သတိပေး စနစ်များ မလုံလောက် ခြင်း၊ အရန်မထားရှိခြင်း နှင့် ခံနိုင်ရည်ရှိသော မျိုးစိတ်များ အပေါ် သုတေ သနမပြု လုပ်ထားခြင်း တို့ကြောင့် အလျင်အမြန် ရင်ဆိုင် တုန့်ပြန်နိုင်စွမ်း မရှိခြင်း စသည့် အခက် အခဲ များကြောင့် လယ် ယာစိုက်ပျိုးသူများမှ ရာသီဥတုပြောင်းလဲမှု နှင့် ဘေးအန္တရာယ်ကျ ရောက်မှုကို ကြံ့ကြံ့ခံနိုင်မှု အားနည်းခြင်း။ | • ခံနိုင်ရည်ရှိသော မျိုးစိတ်များ ဆိုင်ရာ သုတေသန ပြုလုပ်မှု အား ပံ့ပိုးပေးရန် ( သီးနှံများ၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း)<br>• ကြိုတင်သတိပေးစနစ်များ တိုးတက်ကောင်းမွန်လာခြင်း၊<br>• အစားအစာ၊ မျိုးစေ့၊ နှင့် တိရစ္ဆာန်အစာများ သီးသန့်ထား သော စနစ်များ ထူထောင်ရန်။<br>• လူထုအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှု စီမံကိန်း များ (CBDRM) အား နိုင်ငံနှင့်အဝှမ်း အကောင်အထည်ဖော်ရန်။ |

ဇယား ၅၆။ ရည်မှန်းချက် (၃) ယှဉ်ပြိုင်နိုင်စွမ်းအား ဆိုင်ရာ ထပ်ဆင့်ရလဒ် အညွှန်းကိန်းများ

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၃၊၁။ စိုက်ပျိုး-စားသောက်ကုန် ထောက်ပံ့ ဖြည့်ဆည်းရေး ကွင်းဆက်တစ်လျှောက်ရှိ စီးပွားဝန်းကျင်၊ သတင်း အချက်အလက်နှင့် ရင်းနှီးမြှုပ်နှံမှုတို့ တိုးတက်လာခြင်း။ | • လုပ်ငန်းကုန်ကျစရိတ်များ (ဥပမာ - လုပ်ငန်းစတင်ရန် ကြာချိန်၊ လုပ်ငန်းလုပ်ရန်အတွက် အထောက်အထား စာရွက်စာတမ်းယူရန် ကြာချိန်၊ သွားလာစရိတ်၊ လမ်းပိတ်ဆို့မှုများ၊ စသည်)<br>• အကျိုးတူလယ် ယာလုပ်ငန်း၏ အောင်မြင်မှု ဖြစ်ရပ်များ။<br>• စိုက်ပျိုးရေး စားသောက်ကုန် ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ။<br>• စိုက်ပျိုးရေးဆိုင်ရာ ဈေးကွက်သတင်းနှင့် ဈေးကွက်အသိပညာများကို လက်လှမ်းမီမှု။ | • ကုန်ကျစရိတ် အရေအတွက်နှင့် အဆင့်များကြောင့် စီးပွားရေး လုပ်ငန်း စတင်ရန်နှင့် လည်ပတ်ရန် ခက်ခဲခြင်း။<br>• ဒီဇိုင်းရေးဆွဲမှု အားနည်းခြင်း နှင့် ပြင်ဆင်မှုမလုံလောက် ခြင်းတို့ ကြောင့် အကျိုးတူ လယ်ယာလုပ်ငန်းမှာ အလုပ်မဖြစ်သေးခြင်း။<br>• ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအကြား တန်းတူလုပ် ကိုင်နေသော အခွင့်အရေးဖန်တီးပေးရန် လိုအပ်ခြင်း။<br>• ဈေးကွက်သတင်းနှင့် အခြား ဈေးကွက်အသိပညာများကို လက်လှမ်းမီနိုင်မှု အလွန် ကန့်သတ်လျက်ရှိခြင်း။<br>• စိုက်ပျိုးရေး ကဏ္ဍတွင် ICT သည် အလွန်ဖွံ့ဖြိုးမှု နောက်ကျနေခြင်း။ | • ပြည်တွင်းပြည်ပကုန်သွယ်ရေးတွင် လုပ်ငန်းစရိတ်များ လျှော့ချရန်။<br>• လုပ်ငန်းများ စတင်ခြင်းနှင့် လည်ပတ်ခြင်းတွင် ကုန်ကျစရိတ်များ လျှော့ချခြင်း။<br>• အကျိုးတူလယ်ယာ စည်မျဉ်းများနှင့် အလေ့အကျင့်ကောင်းများ ကို ချမှတ်ရန်နှင့် ဖြန့်ဝေ သွားရန်။<br>• အကျိုးတူလယ်ယာ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များ သိမ်းထားရှိခြင်း (ဒေတာဘေ့စ်)။<br>• စိုက်ပျိုးရေး စားသောက်ကုန် ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏများပြားလာခြင်း။<br>• ဈေးကွက်သတင်းအချက်အလက်များအား တောင်သူများနှင့် ပုဂ္ဂလိက ကဏ္ဍသို့ အွန်လိုင်းဝန်ဆောင်မှုများနှင့် ICT နည်းလမ်းများဖြင့် ဖြန့်ဝေပေးခြင်း။ |
| ၃၊၂။ စိုက်ပျိုးရေးနှင့် စားသောက်ကုန် ကဏ္ဍအတွက် ဉာဏပစ္စည်း မူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးခြင်း။ | • ဥပဒေများ(စီမံကိန်း၊ အကာအကွယ်ပေး ခြင်း၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့် ဥပဒေ)<br>• နယ်စပ်အရေးယူမှုများ။ | • ဥပဒေမူကြမ်းများမှာ ရေးဆွဲနေဆဲ အဆင့်အမျိုးမျိုးတွင် ရှိနေခြင်း။<br>• ပြည်ပမှ တင်သွင်းလာသော ထုတ်ကုန်များတွင်၊ အထူးသဖြင့် ပိုးသတ်ဆေးများတွင် အတုအပ ပါဝင်မှု ပြဿနာ ဆက်လက်ဖြစ်ပွားနေခြင်း။ | • UPOV နှင့် ကိုက်ညီသည့် အပင်မျိုးစိတ်ကာကွယ်ရေး ဥပဒေ အတည်ပြုရန်<br>• ပထဝီဝင်အညွှန်းများ (Geolog-ical Indicator)ကို ခွင့်ပြုသည့် ကုန်အမှတ် တံဆိပ် ဥပဒေများ။<br>• စိုက်ပျိုးရေး ကုန်ပစ္စည်း အတုအပများမှ ကာကွယ် နိုင်ရန် နယ်စပ်အရေးယူမှု များအား ပြဋ္ဌာန်းခြင်း။<br>• စိုက်ပျိုးရေး -စားသောက်ကုန် ကဏ္ဍတွင် ပြည်တွင်း သုတေသနများ၊ တီထွင် ဆန်းသစ်မှုများ ကို ကာကွယ်မည့် မူပိုင်ခွင့် ဥပဒေကို အတည်ပြုရန်။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၃.၃။ တောင်သူများနှင့် အစားအစာကြိတ်ခွဲ ပြင်ဆင်သူများ အနေဖြင့် အရည်အသွေးမီ ထွက်ကုန်များအတွက် ဈေးကောင်းရရှိစေရန် နှင့် အရည်အသွေးမြင့်စေရန် ပံ့ပိုးမှုပေးနိုင်မည့် အားထား ယုံကြည်ရသော အရည်အသွေးထိန်းစနစ် ထူထောင်ပေးခြင်း။ | • ဥပဒေများ (စံချိန်စံညွှန်းသတ်မှတ်ရေး (Standardization) နှင့် သိပ္ပံပညာနည်းကျ တိုင်းတာရေး (Metrology))။<br>• အဖွဲ့အစည်းများ (အမျိုးသားအဆင့် အသိအမှတ်ပြုရေးရုံး (National Accreditation Bureau)၊ အမျိုးသားအဆင့် သိပ္ပံနည်းကျ တိုင်းတာရေးဌာန (National Metrology Institute))<br>• အမျိုးသားအဆင့် စံချိန်စံညွှန်းများ | • အားထားရသော အရည်အသွေးထိန်းစနစ်များ ဖွံ့ဖြိုး တိုးတက်စေရေး အတွက် ဥပဒေများနှင့် ဖွဲ့စည်းမှုများ မှာ အစပျိုးအဆင့်တွင် ရှိနေခြင်း။ | • စံချိန်စံညွှန်းသတ်မှတ်ရေး ဥပဒေ (Law on Standardization) ပြန် လည်ပြင်ဆင်ရေးဆွဲခြင်း။<br>• သိပ္ပံပညာနည်းကျ တိုင်းတာ ရေး ဥပဒေ (Law on Metrology) ပြင်ဆင် ဆွဲပြီး အတည်ပြုခြင်း။<br>• အမျိုးသားအဆင့် အသိအမှတ်ပြုရေးရုံး နှင့် အမျိုးသား အဆင့် သိပ္ပံ နည်းကျတိုင်းတာရေးဌာန ထူထောင်ခြင်း။<br>• အစားအစာနှင့် အစားအစာကြိတ်ခွဲပြင်ဆင်ခြင်းတို့ အတွက် အမျိုးသားအဆင့် စံချိန်စံညွှန်းများ အတည်ပြုခြင်း။ |
| ၃.၄။ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းများတွင် ကျား၊မ တန်းတူညီမျှမှုရှိပြီး အားလုံးပူးပေါင်းပါဝင်မှုဖြင့် စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်နိုင်ရန် အတွက် ဌာနဆိုင်ရာ မူဘောင် အား ကောင်းလာခြင်း။ | • ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန (DRD) အတွင်းရှိ ဌာနခွဲများ<br>• လူထုအခြေပြု ဖွံ့ဖြိုး တိုးတက်ရေး လှုပ်ရှား ဆောင်ရွက်မှုများ။ | • နည်းပညာနှင့် သုတေသန ပံ့ပိုးမှုများ မရှိပဲ လုပ်ငန်း ဆောင်ရွက်နေသော ကျေးလက်ဖွံ့ ဖြိုးရေး ဦးစီးဌာန (DRD) သည် ၎င်း၏ လုပ်ငန်းတာဝန် များကို ပိုမိုထိရောက်စွာ လုပ်ဆောင်ရန် လိုအပ် ခြင်း။<br>• လူထုအခြေပြု ဖွံ့ဖြိုး တိုးတက်ရေး လှုပ်ရှား ဆောင်ရွက်မှုများ ၏ လွှမ်းခြုံမှုနှင့် ရပ်ရွာလူထု နှင့် အမျိုးသမီးများ ပူးပေါင်း ပါဝင်မှုတို့တွင် အကန့်အသတ်များရှိခြင်း။ | • ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန (DRD) အတွင်း သုတေသန လုပ်ငန်းများဖွံ့ဖြိုးတိုးတက် ရေး ဌာနခွဲ (R&D) ထူထောင်ခြင်း။<br>• ကျေးလက်ဒေသ အခြေခံ အဆောက်အအုံ အတွက် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန (DRD) အတွင်း အခြေခံ အဆောက်အအုံဒီဇိုင်း ရေးဆွဲ ရေး ဌာနခွဲ အသစ်အား ထူ ထောင်ခြင်း။<br>• လူထုအခြေပြု ဖွံ့ဖြိုး တိုးတက် ရေးလှုပ်ရှား ဆောင်ရွက်မှုများ အား အရှိန်အဟုန်မြှင့် တင်ခြင်း။<br>• အားလုံးပူးပေါင်းပါဝင်ပြီး ကျားမ ရေးရာ ထည့်သွင်းစဉ်းစားမှု ရှိသည့် ကျေးရွာအဆင့်နှင့် မြို့နယ် အဆင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေး စီမံကိန်းများ ရေးဆွဲခြင်း။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၃.၅။ ကျေးလက်ဒေသအခြေခံ အဆောက်အအုံများဖြင့် လုပ်ကွက်ငယ် စိုက်ပျိုးရေး၏ ထိရောက်မှုနှင့် အမြတ်အစွန်း ရရှိနိုင်မှုကို တိုးတက်လာစေခြင်း။ | • ကျေးလက်ဒေသ အခြေခံ အဆောက် အအုံများ စီမံကိန်း ရေးဆွဲခြင်း၊ ဆောက် လုပ်ခြင်း၊ လုပ်ငန်း လည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်း ခြင်းတို့တွင် ရပ်ရွာ လူထုနှင့် ပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်းပါဝင် ခြင်း။ | • ကျေးလက်ဒေသ အခြေခံ အဆောက်အအုံများ စီမံကိန်း ရေးဆွဲခြင်း၊ လုပ်ငန်း လည်ပတ်ခြင်း နှင့် ပြုပြင် ထိန်း သိမ်း ခြင်းတို့တွင် ရပ်ရွာလူထု ပူးပေါင်းပါဝင်မှု မလုံ လောက်ခြင်း။<br>• ကျေးလက်ဒေသ အခြေခံ အဆောက်အအုံ များ တွင် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြု ခြင်းမှ ရင်းနှီးမြှုပ်နှံမှုများ အနည်းငယ်သာ ရှိခြင်း။ | • ရပ်ရွာလူထုနှင့် ပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်းပါဝင်မှု အားကောင်းသော ကျေးလက် ဒေသ အခြေခံ အဆောက်အအုံ များတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက် လာခြင်း။ |
| (က) ကျေးလက်လမ်း ကွန်ရက်ကို တိုးချဲ့၍ ပိုမို ကောင်းမွန်စေပြီး အမျိုးသား ပို့ဆောင်ရေး စီမံကိန်းများနှင့် ပေါင်းစည်းခြင်း။ | • ကျေးလက်လမ်းနှင့် တံတားများ၏ အလျား။<br>• ထောက်ပံ့ပို့ဆောင်ရေး စရိတ် များ။ | • ကျေးလက်လမ်း ကွန် ရက်များ ဆောက် လုပ်နေဆဲ ဖြစ်ခြင်း။<br>• စိုက်ပျိုးထုတ်ကုန် များအား ဒေသတွင်း သယ်ယူမှုများကို တားမြစ်ထားခြင်းများအား ပယ်ဖျက်ရန် လိုအပ်ခြင်း။ | • ကျေးလက်လမ်းတံတား များ၏ ကွန်ရက်အား ချဲ့ထွင်ခြင်း။<br>• ကျေးလက်လမ်းများတွင် သယ်ယူပို့ဆောင်ရေး စရိတ်များ လျှော့ချခြင်း။ |
| (ခ) ကျေးလက်ဒေသ လျှပ်စစ် ဓာတ်အားနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို ပိုမို လက်လှမ်းမီလာခြင်း။ | • ကျေးလက်နေပြည်သူ များနှင့် အိမ်ထောင်စုများ လျှပ်စစ် ဓာတ်အား အသုံးပြုနိုင်ရန်။ | • အစိုးရ-ပုဂ္ဂလိက မိတ်ဖက် ပြုမှုများ (PPP) မှတစ်ဆင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်း အင်များ (အသေးစား ရေအားလျှပ်စစ်၊ နေရောင် ခြည်စွမ်းအင်သုံး(ဆိုလာ)၊ ဇီဝလောင်စာ၊ ဇီဝဓာတ် ငွေ့)ဖြင့် လျှပ်စစ် ဓာတ် အား ရရှိမှုကို တိုးမြှင့်ပေး ရန် အတွက် ရွေးချယ် ဆောင်ရွက် နိုင်မည့်နည်း လမ်း အမျိုးမျိုး။ | • ကျေးလက်နေ ပြည်သူများ မှ နိုင်ငံတော် ဓာတ်အားပေး စနစ် နှင့် ချိတ်ဆက်နိုင်မှုကို တိုးချဲ့ခြင်း။<br>• အစိုးရ-ပုဂ္ဂလိက မိတ်ဖက် ပြုမှုများ (PPP) မှတစ်ဆင့် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင် စီမံချက်များကို တိုးချဲ့ ဆောင် ရွက်ရန်။<br>• လက်လှမ်းမမီသော ဒေသ များတွင် ဓာတ်အားပေးစနစ် နှင့် ချိတ်ဆက်ထားမှု မရှိသော ကျေးလက် စွမ်းအင် အသုံးပြုမှု တိုးချဲ့ရန်။ |
| (ဂ) ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ လက်လှမ်းမီရေး။ | • ကျေးလက်ဒေသရေ ရရှိရေး။ | • ကျေးလက်ဒေသ ရေရရှိရေး အခြေခံ အဆောက်အအုံများ ချဲ့ထွင်လျက်ရှိခြင်း။ | • ကျေးလက်ဒေသရေရရှိမှု တိုးချဲ့လာခြင်း။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| (ယ) ဈေးကွက်နှင့် ထောက်ပံ့ ပို့ဆောင်ရေး အခြေခံ အဆောက် အအုံများ တည်ဆောက်ခြင်း နှင့် ထိန်းသိမ်းခြင်း။ | • ဈေးကွက်နှင့် ထောက်ပံ့ ပို့ဆောင်ရေး အခြေခံ အဆောက်အအုံများ အတွက် အဖွဲ့ အစည်းများ။<br>• ဈေးကွက်နှင့် ထောက် ပံ့ ပို့ဆောင်ရေး အခြေခံ အဆောက်အအုံများ | • စိုက်ပျိုး- စားသောက်ကုန် ကဏ္ဍနှင့် စပ်လျဉ်းသည့် ဈေးကွက်နှင့် ထောက်ပံ့ ပို့ ဆောင်ရေး အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အစည်းမရှိခြင်း။ | • စိုက်ပျိုးစီးပွားရေးနှင့် ဈေးကွက် သတင်း ဦးစီးဌာန တည်ထောင် ခြင်း။<br>• ဈေးကွက်များ၊ သိုလှောင်ရုံများ၊ အအေးခန်း ထိန်းသိမ်းမှု အခြေ ခံအဆောက်အအုံများအား PPP နည်းဖြင့် တည်ဆောက်ခြင်း။<br>• စိုက်ပျိုး စက်မှုဇုန်များ ဖွံ့ဖြိုး လာခြင်း။ |
| ၃၊၆။ ဦးစားပေး ကုန်စည်များနှင့် ချိတ်ဆက်ထားသည့် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုး ကွင်းဆက်တို့တွင် ပတ်သက် ဆက်နွယ်သူများ ပိုမိုပါဝင် လာခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာခြင်း။ | • တန်ဖိုးကွင်းဆက်စီမံ ကိန်း။<br>• ယှဉ်ပြိုင်နိုင်စွမ်းမြင့်သော တန်ဖိုးကွင်းဆက်နှင့် အသေးစားနှင့် အလတ် စား စီးပွားရေးလုပ်ငန်းများ (SME) ဆန်းသစ်တီထွင်မှု ရန်ပုံငွေ။<br>• တန်ဖိုးကွင်းဆက် အသင်း အဖွဲ့များ<br>• ဦးစားပေးတန်ဖိုးကွင်း ဆက်တွင် တန်ဖိုးမြှင့် တင်ခြင်း။<br>• စိုက်ပျိုး စီးပွားရေးလုပ်ငန်း အစပျိုးချိန်တွင် လက်တွဲ ဆောင်ရွက်မှု အခြေ အနေ။<br>• ယှဉ်ပြိုင်လျှောက်ထားရ မည့် ရန်ပုံငွေများ။ | • ဆုံးဖြတ်ချက်ချသည့် ဘုတ်အဖွဲ့တွင် ပတ်သက်ဆက်နွယ် နေသူများ (တောင်သူ များ၊ စက်မှုလုပ်ငန်းနှင့် အစိုးရ) ပါဝင်သည့်တန်ဖိုး ကွင်းဆက် စီမံကိန်းများ မရှိခြင်း။<br>• တန်ဖိုးကွင်းဆက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အများအပြားလုပ်ကိုင်နေ သော်လည်း ညှိနှိုင်း ဆောင် ရွက်မှု မရှိခြင်းနှင့် ချဲ့ထွင်နိုင်မှု မရှိခြင်း။<br>• တန်ဖိုးကွင်းဆက်တစ်ခု၏ တန်ဖိုးနှင့် စပ်လျဉ်း၍ ထုတ်လုပ်မှုနှင့် တရားဝင် တင်ပို့မှု ဆိုင်ရာ သတင်းအချက်အလက် များသာ ရနိုင်ခြင်း။ ကြီးမားသောနမူနာအပေါ် တွင် စစ်တမ်းကောက်ယူ ရန် လိုအပ်ခြင်း။<br>• စတင်ဆောင်ရွက်ကာစ စိုက်ပျိုး-စီးပွားလုပ်ငန်းများ ကြီးထွားစေရေးနှင့် တီထွင်ဆန်းသစ်မှု ရှိစေ ရေးတွင် အကူအညီပေး ရန်အတွက်၊ အထူး သဖြင့်၊ လူငယ်များ၊ အမျိုး သမီးများ၊ နှင့် ဝမ်းစာ မလုံ လောက်သူ အုပ်စုများ အတွက်၊ ဖွဲ့စည်းထား သော စနစ်မရှိခြင်း။ | • ဦးစားပေး ပင်မစိုက်ပျိုးရေးထုတ် ကုန် ၇ မျိုးအတွက် ယှဉ်ပြိုင် နိုင် စွမ်းရှိသော တန်ဖိုးကွက်ဆက် စီမံကိန်းများ ထူထောင်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်း။<br>• ယှဉ်ပြိုင်နိုင်စွမ်းမြင့်သော တန်ဖိုး ကွင်းဆက်နှင့် SME ဆန်းသစ်တီထွင်မှု ပူးတွဲ ငွေကြေးထောက်ပံ့ခြင်း ရန်ပုံ ငွေများ ထူထောင်ခြင်း။<br>• တန်ဖိုးကွက်ဆက် ဖွံ့ဖြိုး တိုးတက် မှုအတွက် တောင်သူ လယ်သမားများ၊ ကုန်သည် များနှင့် စက်မှု လက်မှုလုပ်ငန်း အသင်း အဖွဲ့များ ထူထောင် ခြင်း။<br>• အဓိက ထုတ်ကုန်များအတွက် တန်ဖိုးကွင်းဆက် တန်ဖိုးမြှင့် တင်မှု ၄၀% အထိ တိုးမြင့် လာခြင်း။<br>• စိုက်ပျိုးစီးပွားရေးလုပ်ငန်း လက်တွဲ ဆောင်ရွက်မှု အစီ အစဉ်များ ပြုလုပ်ခြင်း။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၃.၇။ စားသောက်ကုန် အရည်အသွေးနှင့် ဘေးကင်းမှု တိုးမြင့်လာခြင်း။ | • ဥပဒေများ။<br>• စားသောက်ကုန် အရည်အသွေးနှင့် ဘေးကင်းစိတ်ချရမှု။<br>• နိုင်ငံတော် အသိအမှတ်ပြု ဓာတ်ခွဲ ခန်းများ။<br>• ဘေးအန္တရာယ်ရှိနိုင်ခြေ ဆန်းစစ်ခြင်းအတွက် စွမ်းဆောင်ရည်။ | • စားသောက်ကုန် ဘေးကင်းမှုမှာ နိုင်ငံတကာ စံချိန်စံညွှန်းများ နှင့် ညီညွတ်မှု မရှိခြင်း။<br>• အမျိုးသားအဆင့် ဓာတ်ခွဲခန်း အနည်းငယ်သာရှိပြီး စားသောက်ကုန် ဘေးကင်းလုံခြုံမှု အတွက် လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန် မလုံလောက်ခြင်း။<br>• ဘေးအန္တရာယ်ရှိနိုင်ခြေ ဆန်းစစ်ခြင်းအတွက် စွမ်းဆောင်ရည်မှာ အစပျိုးသော အဆင့်သာရှိခြင်း။ | • စားသောက်ကုန် ဥပဒေ နှင့် စည်းမျဉ်းများ ပြင်ဆင်ရေးဆွဲခြင်း။<br>• စားသောက်ကုန် ဘေးကင်းမှုနှင့် အရည်အသွေးဆိုင်ရာ စံနှုန်း များ ပြဌာန်းခြင်း။<br>• စားသောက်ကုန် ဘေးကင်းမှု စမ်းသပ်စစ်ဆေးရန် အတွက် ဓာတ်ခွဲခန်းများ အား အသိအမှတ်ပြုခြင်း။<br>• ဘေးအန္တရာယ်ရှိနိုင်ခြေ ဆန်းစစ်ခြင်းအတွက် စွမ်းဆောင်ရည် (အပင်များ နှင့် တိရစ္ဆာန်ထုတ်ကုန်များ နှစ်မျိုးလုံးအတွက်) တိုးမြင့်လာခြင်း။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၃.၈။ တောင်သူများနှင့် စိုက်ပျိုး- စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှု အမျိုးမျိုးကို ပိုမိုလက်လှမ်းမီလာခြင်း။ | • ဥပဒေများနှင့် မူဝါဒများ။<br>• စိုက်ပျိုးရေးအာမခံ ရွေ့ပြေးစီမံချက်များ။ | • မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) အား စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (MOPF) သို့ လွှဲပြောင်း လိုက်သဖြင့် စိုက်ပျိုးရေးငွေကြေးဆိုင်ရာ တာဝန်တော်တော်များများသည် MOPF အောက်သို့ ရောက်ရှိသွားခြင်း။<br>• လုပ်ငန်းတာဝန်များ ချဲ့ထွင် ခြင်းကို ခွင့်ပြုနိုင်ရန် အသေးစားငွေ ရေးကြေးရေး ဥပဒေအား ပြင်ဆင်ရေးဆွဲ ရန်။<br>• ချေးငွေပေးခြင်း တိုးချဲ့နိုင်ရန် ချေးငွေ ဆိုင်ရာ သတင်း အချက် အလက်စနစ် ထူထောင် ရန်။<br>• သီးနှံစိုက်ပျိုးရေး နှင့် မွေးမြူ ရေး အာမခံ အပါ အဝင် စိုက်ပျိုးရေး အာမခံ လုပ်ငန်းသည် အစိုးရနှင့် ပုဂ္ဂလိကတို့က အာရုံစိုက်ကာစ အဆင့်၌ပင် ရှိနေသေး ခြင်း။<br>• ဒစ်ဂျစ်တယ် (digital) နည်း ပညာသုံး ငွေရေးကြေးရေး ဝန်ဆောင်မှုများ ပေးနိုင်ရန် ဥပဒေဆိုင်ရာ ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိခြင်း။ | • စိုက်ပျိုးရေးအာမခံလုပ်ငန်းအတွက် ငွေကြေးအရနှင့် စီးပွားရေး အရ ရေရှည် တည်တံ့မည့် နည်းလမ်း များကို ဖြစ်နိုင်ချေ စူးစမ်းလေ့လာ၍ ရွေ့ပြေးစမ်းသပ်ဆောင်ရွက်ရန်နှင့် သင့်လျော်သော မူဝါဒ၊ ဥပဒေ နှင့် စည်းမျဉ်းများ ရေးဆွဲရန်။<br>• သီးနှံအထွက်နှုန်း ကြိုတင်ခန့်မှန်း ခြင်းအတွက် စွမ်းဆောင်ရည် တိုးတက်စေခြင်း။<br>• ချေးငွေဆိုင်ရာ သတင်း အချက်အလက်စနစ် ထူထောင်ခြင်း။<br>• အသေးစားငွေရေးကြေးရေး ဥပဒေအား ပြင်ဆင်ရေးဆွဲခြင်း။<br>• ဒစ်ဂျစ်တယ် (digital) နည်းပညာသုံးဘဏ္ဍာရေး ဥပဒေအား ပြင်ဆင်ရေးဆွဲ ခြင်း။<br>• စိုက်ပျိုးရေးဆိုင်ရာ ဘဏ္ဍာရေး မူဝါဒ ရေးဆွဲခြင်း။<br>• အနည်းဆုံး ဘဏ် (၄)ခုမှ ဒစ်ဂျစ် တယ် နည်းပညာသုံး ငွေရေးကြေးရေး ဝန်ဆောင်မှုများအား တိုက်ရိုက်ဖြစ်စေ၊ မှတ်ပုံတင်သော အသေးစား ငွေရေး ကြေးရေးလုပ်ငန်းများ (MFIs) မှ တစ်ဆင့်ဖြစ်စေ ကျေးလက်ဒေသ ရှိ အမျိုးသားနှင့် အမျိုးသမီး ဝယ်ယူသူ အနည်းဆုံး (၅) သန်းထံသို့ ပေးခြင်း။ |

| ထပ်ဆင့်ရလဒ် | အညွှန်းကိန်းများ | ကနဦး/အခြေခံ တိုင်းတာချက်များ | လျာထားချက် |
|---|---|---|---|
| ၃.၉။ စိုက်ပျိုး-စားသောက်ကုန် နှင့် စိုက်ပျိုးရေး ထွက်ကုန်များ၏ ကုန်သွယ်မှု ချောမွေ့စေခြင်းဖြင့် ပို့ကုန်တိုးမြင့် တင်ပို့နိုင်ခြင်း။ | • ပို့ကုန်နှင့် သွင်းကုန် လုပ်ငန်းစဉ် များ ဆောင်ရွက် ရန်အတွက် အချိန်နှင့် ကုန်ကျစရိတ်။<br>• ကုန်စည်များ အကူးအပြောင်း လုပ်ရာတွင် ဈေးနှုန်းပြောင်းလဲမှုများအား ဖြေရှင်းခြင်း<br>• မဟာဗျူဟာ | • နယ်စပ်စခန်းများတွင် တရားမဝင် ကုန်သွယ်မှု အရေအတွက် အထိုက်အလျောက်ရှိခြင်း<br>• ပို့ကုန်နှင့် သွင်းကုန် လုပ် ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် ကုန်ကျစရိတ်မြင့်မားခြင်း နှင့် အချိန်များစွာကုန်ခြင်း။<br>• ကုန်သွယ်ရေးနှင့် ဆက်စပ် သည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည့် စီးပွားရေး လုပ်ငန်းများ အတွက် ကုန်သွယ်မှု သံတမန် ရေးရာ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့များ နှင့် စေ့စပ်ညှိနှိုင်းမှုနှင့် မှတ်တမ်းတင်မှုတို့ တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ခြင်း။ | • စိုက်ပျိုး-စားသောက်ကုန်ထုတ်ကုန်များ အတွက် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်း များ တိုးတက် ကောင်းမွန်စေခြင်း<br>• ကုန်းတွင်းနယ်စပ်စခန်းများ၌ အကောက်ခွန် ရှင်းလင်း ရေးလုပ်ငန်းစဉ်များ  အဆင့်မြှင့်တင်ခြင်း။<br>• မြန်မာနိုင်ငံကို ဖြတ်ကျော်ကာ၊ (အထူးသဖြင့် ရန်ကုန်မှ မူဆယ်သို့ ) ကုန်စည် သယ်ပို့ခြင်း လုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်လာစေခြင်း။<br>• အမျိုးသားအဆင့် စိုက်ပျိုးရေး ပို့ကုန် မဟာဗျူဟာအား (National Agricultural Export Strategy) အတည်ပြု ခြင်းနှင့် အကောင် အထည်ဖော်ခြင်း။ |

# REFERENCES


ADB 1995, Governance: Sound Development Management, Asian Development Bank, October 1995.

ADB 2012. Myanmar, Interim Country Partnership Strategy 2012-2014, Asian Development Bank Manila, October 2012

Dapice D. O., Vallely T. J. ,Wilkinson B. and Montesano M. J. 2010. Revitalizing Agriculture in Myanmar: Breaking Down Barriers, Building a Framework for Growth, ASH Center for Democratic Governance and Innovation, Harvard Kennedy School, Cambridge, 2010;

GIZ 2016. Myanmar's Financial Sector. A Challenging Environment for Banks, Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

Goletti, F. (2011). International Experience in Agricultural Transformation and Implications for the Agricultural Development Strategy in Nepal. Paper presented at the Nepal ADS Conference, Kathmandu, 29 November 2011.

GORUM 2011. National Comprehensive Development Plan. Government of the Republic of the Union of Myanmar

GORUM 2012. Framework for Economic and Social Reforms. Policy Priorities for 2012-15 towards the Long-Term Goals of the National Comprehensive Development Plan. Government of the Republic of the Union of Myanmar

GORUM 2014. National Water Policy. Government of the Republic of the Union of Myanmar.

GORUM 2016. National Economic Policy, Government of the Republic of the Union of Myanmar

GORUM 2017. Foreign Investment Law, Government of the Republic of the Union of Myanmar

IRRI 2015. Myanmar Rice Sector Development Strategy. International Rice Research Institute.

IRRI 2016. Myanmar Climate Smart Agricultural Strategy. International Rice Research Institute.

MOC 2015. National Export Strategy (NES). Ministry of Commerce, Government of the Republic of the Union of Myanmar

MOH 2016. Myanmar National Action Plan for Food and Nutrition Security. Ministry of Health. Government of the Republic of the Union of Myanmar.

Sönke Kreft, David Eckstein, Lukas Dorsch & Livia Fischer, 2015. GLOBAL CLIMATE RISK INDEX 2016. Who Suffers Most From Extreme Weather Events? Weather-related Loss Events in 2014 and 1995 to 2014. Germanwath, Bonn.

Steinberg, D.I., Burma/Myanmar: What Everyone Needs to Know, Oxford University Press, New York, 2010;

Timmer, C. Peter 2007. The Structural Transformation and the Changing Role of Agriculture in Economic Development: Empirics and Implications

UNDP 2004, Agricultural Sector Review and Investment Strategy. C. Peter Timmer1 Wendt Lecture, October 30, 2007 American Enterprise Institute Washington, DC , http://www.mm.undp.org/content/myanmar/en/home/library/poverty/agrisectorreview.html

Vokes, R. W.A. 2013. 'The Ageing of Agriculture in Asia and Deagrarianisation: Implications for Poverty, Productivity and Policy', forthcoming in Current Imperatives in Understanding Poverty: Proceedings of the 10th Anniversary Colloquim, Centre for Poverty Analysis, Colombo, Sri Lanka, 2013.

WHO. 2014. Country Cooperation Strategy Myanmar 2014–2018

World Bank 1992. "Governance and Development", the World Bank

World Bank 2017. Myanmar Public Expenditure Review: Realigning Budgets to Development Priorities. World Bank and LIFT.

World Bank. 2016. Myanmar Economic Monitor, December 2016, The World Bank

Ye Sun, Nithya Neelakantan, Yi Wu, Rashmi Lote-Oke, An Pan, and Rob M van Dam, Journal of Nutrition 2015. Palm Oil Consumption Increases LDL Cholesterol Compared with Vegetable Oils Low in Saturated Fat in a Meta-Analysis of Clinical Trials1,2,3. J. Nutr. July 1, 2015, vol. 145 no. 7, 1549-1558